LIVING COLOR

No. 142, MAY, 2007

www.foreverspace.com.mm

ဒစ်ဂျစ်တယ်လိုင်းများ လာနေပြီ

www.foreverspace.com.mm

ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး	ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး	ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး	ဒို့အရေး

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* စျေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး၊

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.foreverspace.com.mm

LIVING COLOR

HOLLYWOOD
SINGAPORE
YANGON

This magazine is founded and managed by
board of directors of Myanmar Partners Think Tank Group
in june, 1995 underlicensed of Living Color.

RECYCLE
KEEP THE WORLD GREEN.

၁။ ဤစာအုပ်တွင် ဖော်ပြထားသော သတင်း ဆောင်းပါးများ ဓာတ်ပုံများနှင့် အခြား ဖော်ပြမှုအားလုံး
သဘောထားအမြင် ဖော်ပြထားသည်ဖြစ်စေ၊ ကဖော်အမြင် မဖော်ပြသဘောထားသည်ဖြစ်စေ၊ LIVING COLOR
အယ်ဒီတာအဖွဲ့၏ အာဘော်ဖြစ်သည်။

၂။ ဤစာစုစာတမ်းတွင် ဖော်ပြထားသော သတင်းဆောင်းပါးများကို LIVING COLOR မဂ္ဂဇင်းမှ ရရှိခြင်း၊
ဖော်ပြပြီး လွတ်လပ်စွာ ကိုးကားနိုင်ပါသည်။

၃။ ဤစာအုပ်၏ မြန်မာဘုံးဘွားရေးသတင်းကဏ္ဍတွင် ဖော်ပြထားသော သတင်းများ (အထူးသဖြင့် ဘောင်ဘော်
ဖော်ပြထားသော သတင်းများ) ကို ဝိုင်းမြားဘာသာပြန် ထုတ်ဝေနေသော ပီဒီအက်ဖ်ရုပ်မြင်သံကြား အစီအစဉ်လိုက်
သော်လည်းကောင်း၊ တစ်ပုဒ်လုံးသော်လည်းကောင်း ဘာသာပြန်ဆိုဖော်ပြခြင်းကို လုံးဝ (လုံးဝ) တားမြစ်သည်။
ဘာသာပြန်ဆိုခဲ့ဖော်ပြလိုပါက LIVING COLOR ၏ ခွင့်ပြုချက် ရယူရမည် ဖြစ်ပါသည်။

www.foreverspace.com.mm

စတုတ္ထလှိုင်း

ကမ္ဘာကြီး၏ အပြောင်းအလဲသည် အင်တာနက်နှင့် ဒစ်ဂျစ်တယ်လှိုင်းများကြောင့် Globalization ခေါ် ကမ္ဘာပြုမှုဖြစ်စဉ်နှင့်အတူ အရှိန်အဟုန်မြန်သည်ထက် မြန်လျက်ရှိနေပြီဖြစ်သည်။ ထိုအပြောင်းအလဲကို အယ်လ်ဗင်းတော်ဖလာ၏ စကားနှင့် 'စတုတ္ထလှိုင်း' ဟုဆိုလျှင် ရကောင်း၏။

လူဦးရေ၏ ရာနှုန်းအများစု အင်တာနက်နှင့် ဒစ်ဂျစ်တယ်ပစ္စည်းများ အသုံးပြုနေသောနိုင်ငံတို့တွင် သိသာထင်ရှားသော ပြောင်းလဲမှုကို မြင်တွေ့ရသော်လည်း လူဦးရေ၏ ရာနှုန်းအနည်းငယ်ခန့်သာ အသုံးပြုနိုင်သေးသော နိုင်ငံငယ်တို့တွင်မူ သတိပြုမိသူ နည်းလှ၏။ စတုတ္ထလှိုင်းသည် ၂၁ ရာစု လူသားတို့၏ သမားရိုးကျလုပ်ငန်းအားလုံးကို ထင်မှတ်မထားသည့်အရှိန်နှုန်းဖြင့် ရိုက်ပုတ်ဝါးမျိုကာ လူတစ်ဦးချင်းအလိုက် စွမ်းအားနှင့်အရည်အချင်းရှိသလောက် မိမိကိုယ်ကိုယ်မြှင့်တင်နိုင်မည့်အခြေအနေသို့ တွန်းတင်ပေးလျက်ရှိပါသည်။ သို့သော် ထိုလှိုင်းထိပ်တွင် လိုက်ပါနိုင်ရန်မှာမူ တော်ရုံအစွမ်းအစ အရည်အချင်းဖြင့်မဖြစ်နိုင်ဘဲ ခေတ်ပေါ်နည်းပညာများနှင့် ယဉ်ပါးသူ၊ ကမ္ဘာလုံးဆိုင်ရာဖြစ်စဉ်ကြီး၏ အပြောင်းအလဲကိုသိသူ၊ အနာဂတ်တွင် ရှင်သန်ရပ်တည်ရန် မည်သို့ပြင်ဆင်ထားရမည်ကိုသိသူများသာ လှိုင်းစီးသူများ ဖြစ်နိုင်ပါသည်။ ဤအခြေအနေရှိသူ (၀၁) လှိုင်းစီးနိုင်သူမှာ မြန်မာနိုင်ငံတွင် မပြောပလောက်သေးသည့်အရေအတွက်သာ ရှိနေပါသေးသည်။ မကြာမတင် မဖြစ်မနေကြုံတွေ့ရင်ဆိုင်ရမည့် ထိုလှိုင်းအဟုန်ပေါ်တွင် နိုင်ငံသားအားလုံး သက်သောင့်သက်သာ လှိုင်းစီးနိုင်ရန်မှာမူ လက်ရှိအခြေခံအဆောက်အဦများအရ မဖြစ်နိုင်သေးသော်ငြား လှိုင်းအောက်တွင် တလိမ့်ခေါက်ကွေး ကျန်ရစ်မနေစေရန်၊ လှိုင်း၏ ရိုက်ပုတ်မှုဒဏ်မခံရစေရန် တတ်နိုင်သရွေ့ ပြင်ဆင်ထားဖို့ လိုပေမည်။

ဤနေရာတွင် သက်ဆိုင်ရာနယ်ပယ်တစ်ခုတည်းအတွက်သာမက နိုင်ငံသားအားလုံး၏အကျိုးအလို့ငှာ ကျွမ်းကျင်ရာနယ်ပယ်အလိုက် ဖွဲ့စည်းတည်ထောင်ထားသော အသင်းအဖွဲ့များ၏ ခံယူချက်၊ ရည်မှန်းချက်နှင့် အကောင်အထည်ဖော်လုပ်ဆောင်မှုတို့ များစွာအခရာကျလာပါသည်။ အချို့နေရာများတွင် ကိန်းသေကဲ့သို့ သဘောထားရမည့်နယ်ပယ်ကို ထည့်မစဉ်းစားဘဲ ကိန်းရှင်ဖြစ်သည့်နေရာကနေ၍ ချက်ချင်းလုပ်နိုင်သည်များကို အချိန်မဆိုင်း စတင်ကြရန် လိုပါသည်။

ဥပမာအားဖြင့်ဆိုရပါမူ မြန်မာနိုင်ငံတွင်သာမက ယနေ့ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတွင်ပါ ရင်ဆိုင်နေရသည်မှာ Digital Divide ခေါ် အင်တာနက်၊ အိုင်တီအပါအဝင် ဒစ်ဂျစ်တယ်နည်းပညာသုံးပစ္စည်းများနှင့်ယဉ်ပါးမှု ကွာဟချက်ဖြစ်ပါသည်။ ယင်းကို ပုစ္ဆာတစ်ပုဒ်ဟုဆိုရလျှင် ထိုပုစ္ဆာကို မည်သို့မည်ပုံ မည်သည့်နည်းလမ်းဖြင့် အဖြေထွက်စေရန် ဖြေရှင်းမည်နည်း၊ မည်သည့်အရေးကိစ္စမဆို ဖြစ်ချင်သောအရာ၊ ဖြစ်သင့်သောအရေးနှင့် ဖြစ်နိုင်သောကိစ္စရပ်များအနက် မည်သည့်အချက်သည် လက်တွေ့ကျ၍ အချိန်မဆိုင်းဆောင်ရွက်၍ ရသနည်းဆိုသောမေးခွန်းတို့ကို ဦးစားပေး၍ ရွေးချယ်ကြရမည်ဆိုခြင်း ဖြစ်ပါသည်။ များစွာသေချာသည်မှာ ဖြစ်ချင်သောအရာနှင့် ဖြစ်သင့်သောအရေးတို့ကို ပုစ္ဆာ၏ပေးထားချက် (၀၁) အခြေအနေမှန်အားလုံးအပေါ် အရှိအတိုင်း မထောက်မညာသုံးသပ်ပါက ဖြစ်နိုင်ခြေနည်းသော အိပ်မက်များသာဖြစ်နေခြင်းပင်။ သို့အတွက် ဖြစ်နိုင်သော တစ်နည်းအားဖြင့် လက်တွေ့ကျ၍ ချက်ချင်းအကောင်အထည်ဖော်နိုင်သောကိစ္စရပ်များကိုသာ ဦးတည်လုပ်ဆောင်ရမည်မဟုတ်ပါလော။

Digital Divide ကျဉ်းမြောင်းသွားစေရေး (၀၁) စတုတ္ထလှိုင်းတွင် အနိမ့်ဆုံးအဆင့် ဟန်မပျက်လိုက်ပါနိုင်ရေးအတွက် အခြေခံပညာကျောင်းများတွင် ကွန်ပျူတာ၊ အိုင်တီ၊ အင်တာနက်ဆိုင်ရာ သင်ခန်းစာများ သင်ရိုးညွှန်းတမ်းအတွင်း ထည့်သွင်းပေးရေး၊ မီဒီယာများမှတစ်ဆင့် လူထုတစ်ရပ်လုံးကို အသိပညာဖြန့်ဝေရေး၊ တစ်ခေတ်တစ်ခါက 'အ'သုံးလုံးစီမံချက်ကဲ့သို့ ၂၁ ရာစု 'အ'သုံးလုံးစီမံချက်တစ်ရပ် အမြန်ဆုံးဖော်ထုတ်ရေး၊ အိုင်တီလောကမှ အသင်းအဖွဲ့များက နိုင်သလောက် အိုင်တီဟောပြောဆွေးနွေးပွဲများ ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်ပေးရေး စသဖြင့် ဖြစ်နိုင်၊ လုပ်နိုင်သော Solution ခေါ် ဖြေရှင်းနည်းများကို အိုင်တီပညာရှင်လူငယ်အချို့၏ စကားဝိုင်းဆွေးနွေးပွဲက ဖော်ထုတ်မိကြသည်။

Digital Divide ကျဉ်းမြောင်းသွားစေရန်၊ စတုတ္ထလှိုင်းကို မစီးနိုင်လျှင်တောင် အလိုက်သင့်မျောပါနိုင်ရန် ပေးထားချက်များအပေါ်မူတည်ကာ ဤသို့ စုစည်းဆွေးနွေးခြင်းအားဖြင့် ဖြေရှင်းနည်းနှင့် အဖြေထွက်နိုင်သကဲ့သို့ ကျွန်ုပ်တို့ ပတ်ဝန်းကျင်လူ့အဖွဲ့အစည်းရှိ ကျန်နယ်ပယ်အားလုံး၏ပုစ္ဆာများကိုလည်း ဤသို့ဖြေရှင်းနိုင်ကြောင်း ဤနေရာမှ မီးမောင်းထိုး ဖော်ပြလိုပါသည်။ အရေးအကြီးဆုံးအချက်မှာ ကျွန်ုပ်တို့၏ စိတ်ပြတင်း၊ အတွေးအခေါ်ပြတင်းများကို တစ်ဖက်နှင့်တစ်ဖက် မြင်သာထင်သာရှိစေရန် ကျယ်ကျယ်ဖွင့်ထားဖို့ပင် ဖြစ်ပါသည်။

အယ်ဒီတာ

၁-၄-၂၀၀၇

www.foreverspace.com.mm

EDITORIAL

ဝယ်လိုအား

ဈေးကွက်တစ်ခု၏ဝယ်လိုအားအကြောင်းကိုပြောခြင်းသည် ထိုဈေးကွက်အတွင်းရှိ စားသုံးသူများ၏ သုံးစွဲနိုင်စွမ်းအား (Spending Power)ကို ဆိုလိုခြင်းဖြစ်သည်။ စားသုံးသူများ၏ သုံးစွဲနိုင်စွမ်းအားဆိုသည်မှာ စားသုံးသူတို့၏ဝင်ငွေကို ဆိုလိုခြင်းလည်း ဖြစ်ပါသည်။

ထိုကြောင့် ဈေးကွက်တစ်ခုတွင် ဝယ်လိုအားမရှိဟုဆိုသည်မှာ သုံးစွဲနိုင်စွမ်းအား (Spending Power)မရှိဟုဆိုလိုပြီး ထိုသို့သုံးစွဲနိုင်စွမ်းအားနည်းခြင်းသည် ဝင်ငွေနည်းသည်ဟူသော သဘောလည်း ဖြစ်ပါသည်။

နိုင်ငံတစ်ခု၏ GDP သို့မဟုတ် GDP ကို လူဦးရေဖြင့်စားထားသော လူတစ်ဦးချင်းဝင်ငွေဆိုသည်များမှာ တစ်နည်းအားဖြင့် Spending Power ခေါ် ဝယ်လိုအားကိုတိုင်းတာခြင်းဖြစ်သည်။ သို့တိုင်အောင် GDP တက်ခြင်းသက်သက်ဖြင့် ဈေးကွက်၏ ဝယ်လိုအားအမှန် တကယ်မြင့်တက်မည်ဟု ပြောဆိုရန်ခက်ခဲသည့်သဘောကိုလည်း တစ်ခါတစ်ရံ မြင်တွေ့နိုင်ပါသည်။ တစ်နည်းအားဖြင့် GDP တက်သော်လည်း ဝယ်လိုအားမတက်ဟုဆိုခဲ့လျှင် တက်လာသောစီးပွားရေးသည် ဝယ်မည့်သူများထံမရောက်ဘဲ မဝယ်မည့်သူများထံ ရောက်နေသည်ဟု ယူဆစရာဖြစ်ပါသည်။ ငွေမလိုသူများထံ ငွေရောက်နေသည်ဟူသော သဘောဖြစ်သည်။ ဤအချက်ကို ဘောဂဗေဒပညာရှင်များက ဓနဥစ္စာခွဲဝေမှု (Wealth Distribution)ဟု သုံးနှုန်းပါသည်။

ဝင်ငွေမလျော့သွားသော်လည်း ဝယ်လိုအားလျော့နည်းနေသည်ဆိုသောအခြေအနေမျိုးလည်း ရှိတတ်ရာ ထိုအခြေအနေမျိုးကို Inflation ဟု ခေါ်ပါသည်။ ဝင်ငွေမလျော့သော်လည်း ဈေးနှုန်းများလျော့သွားခြင်းကြောင့် ဝယ်လိုအားကျသွားသည့်သဘောကို ဆိုလိုခြင်းဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ ဝယ်လိုအားလျော့ကျသည်ဆိုသောဖြစ်စဉ်သည် ကာလတစ်ခု ကြာရှည်သွားလျှင် စီးပွားရေးအင်ဂျင်မောင်းနှင်ရန် ဆီအလုံအလောက်မရရှိသည့်သဘောမျိုးဖြစ်ရာ စနစ်တကျမကုစားနိုင်ခဲ့ပါလျှင် ဈေးကွက်အတွင်းရှိ မည်သူကိုမဆို ထိခိုက်စေတတ်ကြောင်း သတိပြုရန် လိုအပ်လှပေသည်။

အယ်ဒီတာ

၂-၄-၂၀၀၇

www.foreverspace.com.mm

Board of Editors

Chief Editor – ကျော်မင်းဆွေ

Editor In Charge (Production) – မင်းဇင်

Editor In Charge (On Duty) – ကျော်နိုင်

Editor In Charge (News) – မျိုးညွှန့်မောင်

Senior Executive Editors – ကျော်နိုင်၊ အောင်ကျော်မင်း၊ ဘုန်းမြင့်ဦး၊ အောင်ကျော်စိုး၊ ရဲမင်းဦး၊ ညဏ်လင်း

Executive Editors – နွေးအိမြိဳ့၊ ခိုင်ချိုဇော်ဝင်းတင်၊ ဇင်ဇင်သော်၊ နွဲ့ကေခိုင်၊ ခင်စပယ်

Research & Development Editor – သီရိဇော်

Editors – မိုးကျော်လွင်၊ စန်းမော်အောင်၊ သီဂီထိုက်၊ မြနှင်းအေး

Chief Reporter – သောင်းထိုက်

Staff Reporters – တင်လင်း၊ စိုးယုဝေ၊ သစ်ထွဋ်၊ ကေခိုင်ကျော်၊ သာမိုးကြည်အောင်၊ ကျော်ဆန်းမင်း၊ ကျော်ကျော်မင်း၊ နိုင်မင်းဝေ၊ ဇာလီကျော်

DTP Department

Supervisor – မခိုင်

Staff Operators – မင်းမင်းသူ၊ ငဝါခိုင်၊ ကျော်လင်းဇော်၊ အေးမို့မို့အောင်

Finance Department

General Manager – ဖေအောင်ဇင်

Manager (Admin and Finance) – စန်းသီတာ

Manager (Account) – အေးအေးဆင့်

Deputy Manager (Account) – ပြည့်ပြည့်ဝန်းအေး

Assistant Manager – ခိုင်ရတနာထိုက်

(Marketing/Distribution Accounts)

Marketing Department

Manager – ကျော်သန်း

Assistant Manager – ဖြူဖြူသီ

Marketing Executive – စောမောင်မောင်လေး

Designer – စောဂေးနေထူး၊

Marketing Assistants – ဖြူဖြူဆန်း၊ စန္ဒာလှိုင်၊ ဆွေငြိမ်းအေး၊ ငဝါစိုး

Receptionist – ဆုအိန္ဒြေဦး

Printing Department

Manager – စောမိုးဇော်

Production Department

Manager (Production) – အောင်ကျော်ဆန်း

Manager (External Relation) – တင်ဝင်းထွဋ်

Assistants – ဟန်မြင့်၊ ပြည့်ဖြိုးအောင်

Distribution Department

General Manager – မင်းဇင်

Assistant Manager – ထက်ခေါင်

Creation Department

Art Director – စိုးသော်တာ

Cover Design – ဇေယျာဝင်း

Cover Logo – အောင်မင်း၊ ဘဒ္ဒေးကြည်၊ မြင့်မောင်ကျော်

Illustrator – စိုးသော်တာ၊ ဖေသစ်တည်

Publisher

ဒေါ်ဝင်းကလျာဆွေ (ယာယီမှတ်ပုံတင်အမှတ်–၁၁၅၉)
အမှတ် ၁၄၈–B ၊ အေဝမ်းလမ်း၊ ရှစ်မိုင်ခွဲ၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

Press

Living Color ပုံနှိပ်တိုက် (မြ–၀၆၃၄၈)
အမှတ် ၂၇၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်။

Office

သမ္မတဟိုတယ် (Business Suite)
အမှတ် (၅)၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၉–၅၀၀၀၉၉၇၊ ၀၉–၅၁၄၇၁၄၂၊ ၂၄၃၆၃၉၊ ၂၄၃၆၄၀၊ ၂၄၃၆၄၁၊ ၂၄၃၆၄၂၊ ၂၄၃၆၄၃ (Ext–၂၈၀၁)

E-mail

Chief Editor - c-editor@myanmarpartners.com.mm
News Room - myanfo@myanmarpartners.com.mm
Marketing - paz@myanmarpartners.com.mm

Web Site - www.foreverspace.com.mm

Photographers – K.M.S (Super King), P.A.Z, မိုးကျော်လွင်
B/W Film – PERFECT
Binding – သစ္စာ စာအုပ်ချုပ်

Upper Myanmar Distributor

ထွန်းဦးစာပေ၊ မန္တလေး။

Cover Permission – ၅၄၀၃၅၁၀၃၀၇
Circulation – ၁၀၀၀
Price – ၁၅၀၀ ကျပ်
Copyright – Living Color

(ကြော်ငြာနှင့်စျေးဝယ်လမ်းညွှန်)

ကျေးဇူးတင်လွှာ

ဤမဂ္ဂဇင်းပါ သတင်း၊ ဆောင်းပါးနှင့် ကုန်စျေးနှုန်းများအတွက် အကူအညီပေးခဲ့ကြသော OK အီလက်ထရောနစ်၊ ဂမုန်းပွင့်ကုန်တိုက်၊ ကျောက်မြောင်းစတိုး၊ ဘုရင့်နောင်ကုန်စည်ဒိုင်၊ ရွှေအိုးဆန်ဆိုင် (သင်္ကန်းကျွန်း)၊ ဦးဘစိန် အဆင့်မြင့်လျှပ်စစ်၊ ဒေါ်အေး အဆင့်မြင့်လျှပ်စစ်၊ Mr.Slim, Ever Fine, KMD Computer Center, Client Focus Technology Group, စာပေလောက (၃) တို့နှင့် ညောင်ပင်လေးစျေး၊ မင်္ဂလာစျေးမှ မိတ်ဆွေများ၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ကာတွန်းဆရာ၊ ဒီဇိုင်းဆရာနှင့် မိတ်ဆွေသင်္ဂဟများ၊ ပုံနှိပ်၊ ဖလင်၊ စာအုပ်ချုပ်အဖွဲ့၊ ရောင်းဝယ်သူများ၊ ဌားရမ်းသူများ၊ ဖတ်ရှုအားပေးသူများနှင့် စာအုပ်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ပါဝင်ကူညီသူအားလုံးကို Myanmar Partners Think Tank Group မှ ကျေးဇူးတင်ရှိပါသည်။

www.foreverspace.com.mm

၃ အယ်ဒီတာ့အာဘော်

၆ ယခုလ အကြိုက်ဆုံးကြော်ငြာ

၈ ယခုလ အကြိုက်ဆုံးကုန်ပစ္စည်း

၁၀ သတင်းအညွှန်း

၁၂ ဈေးကွက်စီးပွားရေးသတင်း

၃၂ မျက်နှာပုံးဆောင်းပါး

ဒစ်ဂျစ်တယ်လှိုင်းများလာနေပြီ အယ်ဒီတာအဖွဲ့

၄၆(L) ယနေ့စီးပွားရေးမြင်ကွင်း

ချွေးစက်စွန်းနေသော ပညာတတ်လူငယ်များ တင်အောင်ကျော်

၅၂ ဒစ်ဂျစ်တယ်လှိုင်း၊ ဒဗလျူသုံးလုံးနှင့် စီးပွားရေးဖွံ့ဖြိုးမှု ကျော်မျိုးညွှန့်

၅၆ မိန်းမလှကျွန်းသဘာဝအခြေခံရီးသွားအလားအလာ ကျော်နိုင်

၆၃ ဈေးကွက်သဘောနားလည်သူနည်းနေသော လယ်ယာစိုက်ပျိုးရေး နိုင်မင်းဝေ

၆၈ ခိုးကူးခွေနှင့် မြန်မာ့တေးဂီတထုတ်လုပ်ရေးဈေးကွက် သစ်ထွဋ်

၇၄ သဘောထားခံယူချက်ဟောင်းများနှင့်မြန်မာ့ရုပ်ရှင်စီးပွားဖွံ့ဖြိုးရေး သီဂီထိုက်

၈၀ အစီအစဉ်တင်ဆက်သူများအဖြစ် ပျော်မွေ့ကြသူများ ထားထားမြင့်

၈၄ Blog များနှင့် စီးပွားရေးခြေလှမ်းသစ် စန်းမော်အောင်

၉၀ ဝန်ထမ်းရွေးချယ်မှုနှင့် လုပ်ငန်းခွင်အဝင်ခွင်ကျဖြစ်ရေး ဇင်ဇင်သော်

၉၄ ရန်ကုန် ကုန်စည်ဈေးကွက် ဇော်ထွဋ်မောင်၊ သစ်ထွဋ်

၉၈ မြန်မာ့စီးပွားရေးအမြင်

အမြန်ကမ္ဘာနှင့် ဒစ်ဂျစ်တယ်လှိုင်းစီးသူများ အောင်ထွဋ်

၁၀၂ အခြေခံပြည်သူ့ရေးရာဝန်ဆောင်မှု N & Gp

www.foreverspace.com.mm



၁၀၆ တွေ့ဆုံခြင်း

"အစစ်အမှန်တွေ စစ်မှန်နေနိုင်ဖို့ပဲ အရေးကြီးတယ် ထင်ပါတယ်" "အခုထက်ပိုပြီး တည်ငြိမ်အေးချမ်းလာတာနဲ့အမျှ ဒီထက်ပိုပြီး မျက်စိပွင့်၊ နားပွင့်လာမယ်လို့ ထင်ပါတယ်" ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) ကထိက ဦးမြင့်ဦး (ပန်းချီ)၊ လက်ထောက်ကထိက ဦးဇေယျာအေး (ပန်းချီ) တို့နှင့် တွေ့ဆုံခြင်း

ဉာဏ်လင်းကို (YUOC)

၁၁၀ ဈေးဝယ်လမ်းညွှန်

၁၁၂ ကာတွန်း

ဒါရိုက်တာအောင်ကြူကြူ — စိုးသော်တာ

၁၂၀ ကုန်ဈေးနှုန်း

၁၃၆ ရက်စွဲမှတ်တမ်း

၁၃၈ တွေ့ဆုံဆွေးနွေးမှုများ

၁၃၉ တစ်ဦးတည်း ကိုယ်စားလှယ်

၁၄၀ ထင်ရှားကျော်ကြား မြန်မာ့စီးပွား

၁၄၄ မြန်မာပြည်တွင်လုပ်သည်

၁၄၆ ဘယ်ပစ္စည်းဘာ့ကြောင့်

၁၅၀ အတွေးအမြင်

ပညာကိုဦးကာဖွဲ့ခြင်း (၂) — ကျော်ဝင်း

၁၅၄ မြတ်ထမ်းလုလင်ကို အသက်သွင်းခြင်း — ကြည်မင်း

၁၅၆ ချစ်သောမုံရွာ — အံ့မောင်

၁၆၀ နှိုင်းယှဉ်မှုများ နှစ်သက်ပါသလား — မောင်မင်း

၁၆၂ ရုန်ကုန်စိန်ဈေးကွက် — ဦးလှဝင်း (လေသူရဲတစ်ဦး)

www.foreverspace.com.mm

ADVERTISEMENT OF THE MONTH

ယခုလ အကြိုက်ဆုံးကြော်ငြာ

ယခုလအကြိုက်ဆုံးကြော်ငြာအဖြစ် မြန်မာ့ရုပ်မြင်သံကြားတွင် TV Spots အဖြစ် ကြိုကြားထုတ်လွှင့်နေသော 'ရောရော နှောနှောမနေပါနှင့်' အမည်ရှိ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေးပညာပေးဓာတ်လမ်းတိုကို ရွေးချယ်လိုက်ပါသည်။ ညနေ ၆ နာရီ ပြည်တွင်းသတင်းအပြီး ထုတ်လွှင့်လေ့ရှိသော အဆိုပါအစီအစဉ်ကို ၂၀၀၆ ခုနှစ် နိုဝင်ဘာလ ၆ ရက်မှ ၂၀၀၇ ခုနှစ် နိုဝင်ဘာလ ၅ ရက်အထိ တစ်နှစ်တာကာလအတွင်း ထုတ်လွှင့်ခြင်းဖြစ်ပြီး ကြက်၊ ဝက်၊ ဘဲများကို သီးခြားမွေးမြူခြင်းဖြင့် ကြက်ငှက်တုပ်ကွေးရောဂါကို ကာကွယ်ရန် အသိပညာပေးသောအစီအစဉ်ဖြစ်ခြင်း၊ နောက်ခံတေးဂီတနှင့် သရုပ်ဖော်ကာတွန်းရုပ်များ သွက်လက်ကောင်းမွန်ခြင်း၊ ဆိုလိုရင်းကို ရှင်းလင်းထိမိစွာ ဖော်ပြနိုင်ခြင်းနှင့် မြန်မာနိုင်ငံအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ဒုတိယအကြိမ်ဖြစ်ပွားသည့်ကာလနှင့် တိုက်ဆိုင်ထုတ်လွှင့်သည်ကို တွေ့ရှိရခြင်းနှင့် ပြည်သူလူထုအား ကြက်ငှက်တုပ်ကွေးအန္တရာယ်မှကင်းဝေးစေလိုသော သက်ဆိုင်ရာဌာနများ၏ စေတနာကို အသိအမှတ်ပြုလိုခြင်းတို့ကြောင့် ယခုကဲ့သို့ ရွေးချယ်ရခြင်း ဖြစ်ပါသည်။

စီစဉ်သူ – ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF)

ကြာမြင့်ချိန် – ၁ မိနစ် ၅ စက္ကန့်

စိတ်ကူး Idea နှင့်ဖန်တီးသူ – ကာတွန်းအောင်မင်းမင်း

အယ်ဒီတာ

www.foreverspace.com.mm

ADVERTISEMENT OF THE MONTH

ယခုလ အကြိုက်ဆုံးကြော်ငြာ

ယခုလအကြိုက်ဆုံးကြော်ငြာအဖြစ် ၂၀၀၇ ခုနှစ် ဧပြီလ ၃ ရက်နေ့ထုတ် မြန်မာတိုင်းမ်ဂျာနယ်တွင် စာမျက်နှာ တပ်မထားဘဲ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံရုံးက ထည့်သွင်းထားသည့် ၃၆ နှစ်မြောက် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ လွတ်လပ်ရေးနေ့နှင့် အမျိုးသားနေ့အထိမ်းအမှတ် အထူးထုတ်အချပ်ပိုကို ရွေးချယ်လိုက်ပါသည်။ အဆိုပါ ကြော်ငြာတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏သမ္မတအပါအဝင် အကြီးတန်းအရာရှိကြီးသုံးဦး၏ သဝဏ်လွှာအပါအဝင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ဖြစ်ပေါ်တိုးတက်မှုများကို ဖော်ပြထားခြင်း၊ 'အခက်အခဲများကြားမှ ဖွံ့ဖြိုးတိုးတက်လာမှု' ခေါင်းစဉ်အောက်တွင် ဒီမိုကရေစီ နည်းလမ်းအရ ရွေးချယ်တင်မြှောက်သည့် အစိုးရသုံးဆက်သက်တမ်းပြည့်တာဝန်ထမ်းနိုင်ခဲ့မှုမှာ တိုင်းသူပြည်သူသားများက ဒီမိုကရေစီနှစ်အား လေးစားလိုက်နာကြကြောင်း သက်သေထူလိုက်ခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံရေးမတည်ငြိမ်မှုအပြင် လူဦးရေများပြားမှု၊ သဘာဝဘေးအန္တရာယ် မကြာခဏကျရောက်မှုမှာလည်း ဘင်္ဂလားဒေ့ရှ်၏ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်တွင် စိန်ခေါ်မှုတစ်ရပ်အနေဖြင့် တည်ရှိကြောင်း အစရှိသဖြင့် ၎င်းတို့နိုင်ငံ၏အခြေအနေကို အမှန်အတိုင်း ပွင့်လင်းစွာထုတ်ဖော်ထားခြင်းတို့ကြောင့် ယခုကဲ့သို့ ရွေးချယ်ဖော်ပြရခြင်း ဖြစ်ပါသည်။

အယ်ဒီတာ

၃၆ နှစ်မြောက် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ
လွတ်လပ်ရေးနေ့နှင့် အမျိုးသားနေ့

ဘင်္ဂလားဒေ့ရှ်သံရုံး (ရန်ကုန်) မှ စီစဉ်သည်။ မတ်လ ၂၆ ရက်၊ ၂၀၀၇

သမ္မတ
ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ
ဒါကာမြို့
မတ်လ ၂၆ ရက်၊ ၂၀၀၇

ဝန်ကြီးချုပ်
ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ
ဒါကာမြို့
၁၂ နှစ်ကြာ ၁၄၁၃
မတ်လ ၂၆ ရက်၊ ၂၀၀၇

www.foreverspace.com.mm

PRODUCT OF THE MONTH

ယခုလ အကြိုက်ဆုံးကုန်ပစ္စည်း

ယခုလအကြိုက်ကုန်ပစ္စည်းအဖြစ် Flash Memory များမှ အရုပ်အသံများကို ကြည့်ရှုနားဆင်နိုင်သည့် USB Port နှင့် Card Reader ပါရှိလာသော အိမ်တွင်းသုံး DVD Player အမှတ်တံဆိပ်အမျိုးမျိုးကို ခြုံငုံရွေးချယ်လိုက်ပါသည်။ အဆိုပါ DVD Player များမှာ ဒစ်ဂျစ်တယ်လှိုင်းကြောင့် လူသုံးများလာသော Memory Stick, MP3, MP4 Player, 5D Memory Card များမှ အရုပ်အသံအချက်အလက်များကို ဖွင့်လှစ်နိုင်စေမည့် Supporting ပါဝင်လာခြင်း၊ ကွန်ပျူတာမော်နီတာနှင့် တွဲဖက်ကြည့်ရှုနိုင်ခြင်း၊ Digital Format အတော်များများကို သိနားလည်ခြင်း၊ ဈေးနှုန်းသင့်တင့်မှုရှိခြင်း စသော အားသာချက်များကြောင့် လူသုံးများတွင်ကျယ်လာသည့်အတွက် ယခုကဲ့သို့ ရွေးချယ်ရခြင်းဖြစ်ပါသည်။

အယ်ဒီတာ

www.foreverspace.com.mm

NEWSPAPER OF THE MONTH

ယခုလသတင်းအညွှန်း

'ယခုလ သတင်းအညွှန်း' ကဏ္ဍကို တစ်လအတွင်း ဖြစ်ပေါ်ခဲ့သည့် ထူးခြားသည့် သတင်းတစ်ရပ်ကို ရည်ညွှန်းမှတ်တမ်းတင်သည့်ကဏ္ဍအဖြစ် ဖွင့်လှစ်ထားခြင်း ဖြစ်ပါသည်။ ဤကဏ္ဍကို လစဉ် ဖောင်ပိတ်ရက်ဖြစ်သော လ၏ ၂၅ ရက်ကို မူတည်၍ ရက်ပေါင်း ၃၀ အတွင်း မီဒီယာမျိုးစုံမှ ဖော်ပြခဲ့သော သတင်းများအနက်မှ အထူးခြားဆုံးသတင်းကို အယ်ဒီတာက စာဖတ်သူများအား သတိပြုမိစေလိုရှု ဖော်ပြခြင်း ဖြစ်ပါသည်။ **အကြောင်းအရာ ရွေးချယ်သည့်မူဝါဒမှာ အယ်ဒီတာအဖွဲ့၏အာဘော်ဖြစ်ပြီး ဖော်ပြချက်များသည် မူလသတင်းစာစ်မြစ်၏ အာဘော်အတိုင်း ဖြစ်ပါသည်။**

"၂၀၀၇ ခုနှစ် (ဖေ၂) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်၍ သတင်းရယူကြသော ပြည်တွင်းပြည်ပ သတင်းစာဆရာများမှာ ပြည်ပသတင်းဌာနများဖြစ်ကြသော BBC၊ CNN၊ Kyoto News၊ AFP၊ Tokyo Broadcasting System၊ AP၊ NHK၊ Fuji TV၊ Reters၊ TV Asahi၊ Ji Ji Press၊ EPA၊ Deutsche Press Agentur (dpa) သတင်းဌာနများနှင့် Mainichi Shimbun၊ Tokyo Shimbun၊ Asahi Shimbun၊ Sankei Shimbun၊ Yomiuri Shimbun၊ Hokkaido Shimbun၊ Nihonkeizai Shimbun သတင်းစာများမှ ဗျူရိုအကြီးအကဲများနှင့် သတင်းထောက်များ ၃၂ ဦး၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ သတင်းထောက် ၁၈ ဦးနှင့် ပြည်တွင်းရှိ ဂျာနယ်၊ မဂ္ဂဇင်းတို့မှ အယ်ဒီတာချုပ်များ၊ အယ်ဒီတာအဖွဲ့ဝင်များနှင့် သတင်းထောက်များ ၂၆ ဦး စုစုပေါင်း ၇၆ဦး တို့ ဖြစ်ကြသည်။"

၂၀၀၇ ခုနှစ် မတ်လ ၂၈ ရက်နေ့ထုတ် နိုင်ငံပိုင်မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၃ ရှိ '(ဖေ၂) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ ပြည်တွင်းပြည်ပသတင်းဌာနများမှ သတင်းထောက်များ၊ ဂျာနယ်၊ မဂ္ဂဇင်းများမှ သတင်းထောက်များ တက်ရောက်သတင်းရယူ' သတင်းမှ ကောက်နုတ်ဖော်ပြထားခြင်း ဖြစ်ပါသည်။

www.foreverspace.com.mm

NEWSPAPER OF THE MONTH

ယခုလသတင်းအညွှန်း

'ယခုလ သတင်းအညွှန်း' ကဏ္ဍကို တစ်လအတွင်း ဖြစ်ပေါ်ခဲ့သည့် ထူးခြားသည့် သတင်းတစ်ရပ်ကို ရည်ညွှန်းမှတ်တမ်းတင်သည့်ကဏ္ဍအဖြစ် ဖွင့်လှစ်ထားခြင်း ဖြစ်ပါသည်။ ဤကဏ္ဍကို လစဉ် ဖောင်ပိတ်ရက်ဖြစ်သော လ၏ ၂၅ ရက်ကို မူတည်၍ ရက်ပေါင်း ၃၀ အတွင်း မီဒီယာမျိုးစုံမှ ဖော်ပြခဲ့သော သတင်းများအနက်မှ အထူးခြားဆုံးသတင်းကို အယ်ဒီတာက စာဖတ်သူများအား သတိပြုမိစေလိုရှိ၍ ဖော်ပြခြင်း ဖြစ်ပါသည်။ **အကြောင်းအရာ ရွေးချယ်သည့်မူဝါဒမှာ အယ်ဒီတာအဖွဲ့၏အာဘော်ဖြစ်ပြီး ဖော်ပြချက်များသည် မူလသတင်းစာစ်မြစ်၏ အာဘော်အတိုင်း ဖြစ်ပါသည်။**

"နိုင်ငံတော်သည် အများပြည်သူ ယုံကြည်အားကိုးသည့် တရားရေးမဏ္ဍိုင် ခိုင်မာစေရေးအတွက် အဘက်ဘက်မှ စိစစ်ကြပ်မတ်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ တရားရုံးချုပ်ရှေ့နေများကောင်စီအနေဖြင့်လည်း ရှေ့နေရှေ့ရပ်များကို အများပြည်သူအတွက် ကောင်းမွန်မှန်ကန်သော ဝန်ဆောင်မှုပေးနိုင်ကြရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်ရာတွင် တရားရုံးချုပ်ရှေ့နေတစ်ဦးဦးသည် ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာနှင့်တာဝန်ကို ဖောက်ဖျက်သည့်အပြုအမူ တစ်စုံတစ်ရာကျူးလွန်ပါက နစ်နာသူများသည် ကိုယ်တိုင်စာဖြင့်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ၊ ဖက်(စ်)ဖြင့်ဖြစ်စေ ဖော်ပြပါလိပ်စာများနှင့် ဖုန်းနံပါတ်များသို့ ဆက်သွယ်တိုင်ကြားနိုင်သည်။ ယင်းတို့မှာ ဥက္ကဋ္ဌ ဖုန်း–၀၆၇–၄၀၄၀၈၈၊ အတွင်းရေးမှူး ဖုန်း–၀၆၇–၄၀၄၀၉၇၊ ဖက်(စ်)၀၆၇–၄၀၄၁၄၆၊ မြန်မာနိုင်ငံတရားရုံးချုပ်ရှေ့နေများကောင်စီတို့ ဖြစ်သည်။"

၂၀၀၇ ခုနှစ် မတ်လ ၁၄ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပါရှိသော 'မြန်မာနိုင်ငံ တရားရုံးချုပ်ရှေ့နေများကောင်စီဝန်ထမ်းများ မမှန်မကန်ဆောင်ရွက်မှု ရှိပါက မည်သူမဆို တိုက်ရိုက်တိုင်ကြားနိုင်' သတင်းမှ ကောက်နုတ်ဖော်ပြထားခြင်း ဖြစ်ပါသည်။

www.foreverspace.com.mm

မြန်မာ့စီးပွားရေးသတင်း

B U S I N E S S N E W S

အမှတ် ၁၄၂ ၂၀၀၇ ခုနှစ်၊ မေ

မာတိကာ

- ကုမ္ပဏီများ ကနဦးထည့်ဝင်ငြီး မတည်ငွေရင်းပြင်ဆင်
- A-1 နှင့် A-3 လုပ်ကွက်မှ ဓာတ်ငွေ့များ တရုတ်နိုင်ငံသို့ ရောင်းချမည်
- ကုမ္ပဏီများကို ကူညီဆောင်ရွက်ရန် သက်ဆိုင်ရာမှ တွေ့ဆုံဆွေးနွေး
- အခြားယာဉ်လိုင်းများ အသင်းဖွဲ့စည်းမည်
- ပုစွန်လုပ်ငန်းရှင်အသင်း အများပိုင်ကုမ္ပဏီထူထောင်မည်
- မြန်မာ–အိန္ဒိယနှစ်နိုင်ငံ မွေးမြူရေးအထူးဧရိယာတည်ထောင်ရန် မြန်မာအဆိုပြု
- ပြည်ပသွားရောက်အလုပ်လုပ်သူများ နိုင်ငံခြားငွေစာရင်းဖွင့်ရမည်
- မြန်မာ–အိန္ဒိယ ပို့ဆောင်ရေးပူးတွဲစီမံကိန်း အပြီးသတ်ဆွေးနွေးမည်

မြန်မာနိုင်ငံရှိ ကျေးလက်ဒေသများ၏ နည်းပညာကွာဟမှု ကျော်လွှားနိုင်ရေးအတွက် Cyber Village အစီအစဉ် MCPA စီစဉ်

ရန်ကုန်၊ မတ် ၂၀

မြန်မာနိုင်ငံ၌ ရင်ဆိုင်ကြုံတွေ့နေရသော နည်းပညာကွာဟမှု (Digital Divide) ကျော်လွှားနိုင်ရေးအတွက် ကျေးလက်ဒေသများအားလုံးတွင် အင်တာနက်အသုံးပြုနိုင်မည့် Cyber Village အစီအစဉ်ကို မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း (MCPA) က အကောင်အထည်ဖော်ဆောင်ရွက်သွားရန် စီမံချက်ရေးဆွဲကာ သက်ဆိုင်ရာသို့ တင်ပြထားကြောင်း အဆိုပါအသင်းမှ အမှုဆောင်တစ်ဦးက Living Color သို့ ပြောကြားသည်။

အဆိုပါအစီအစဉ်တွင် ကဏ္ဍငါးခုပါရှိရာ ယင်းတို့မှာ ဝေးလံခေါင်းပါးသောဒေသများပါမကျန် ကွန်ပျူတာသုံးစွဲနိုင်လောက်မည့် လျှပ်စစ်ဓာတ်အား ရရှိနိုင်ရန် လူအားဖြင့် ထုတ်လုပ်နိုင်သည့်စနစ်နှင့် ကိရိယာများ တီထွင်တပ်ဆင်မည့် လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ဓာတ်အားသုံးစွဲမှုနည်းပါးပြီး မီးပျက်သော်လည်း အသုံးပြုနိုင်သည့် ကွန်ပျူတာနှင့် ဆက်စပ်ကိရိယာများကဏ္ဍ၊ ဂြိုဟ်တုမှတစ်ဆင့် အင်တာနက် ဆက်သွယ်ချိတ်ဆက်မည့် ကွန်ရက်နှင့် ဆက်သွယ်ရေးချိတ်ဆက်မှုကဏ္ဍ၊ မြို့ကြီးများတွင် သက်ဆိုင်ရာအသင်းအဖွဲ့များက ကြီးမှူး၍ Train the Trainers ဆင့်ပွားသင်တန်းများ ဖွင့်လှစ်သင်ကြားပြီး ၎င်းတို့မှတစ်ဆင့် တစ်နိုင်ငံလုံးသို့ ပညာပြန်လည်ပြန့်ပွားစေမည့် လေ့ကျင့်သင်ကြားရေးကဏ္ဍနှင့် နိုင်ငံတစ်ဝန်းလုံးနှင့် သက်ဆိုင်သည့် အစိုးရဌာနများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ၏ Online ဝန်ဆောင်မှုများ Contents နှင့် Applications များကို ရယူသုံးစွဲနိုင်မည့် အသုံးချစနစ်များကဏ္ဍတို့ဖြစ်ကြောင်း ၎င်းကရှင်းပြသည်။

အဆိုပါ Cyber Village အစီအစဉ်အရ ကျေးရွာတစ်ရွာအတွက် ကွန်ပျူတာသုံးလုံး၊ အင်တာနက်တစ်လုံး၊ ဖုန်းလိုင်း

www.foreverspace.com.mm

ပေးလိုင်းနှင့် လျှပ်စစ်ဓာတ်အားထုတ်စက်တစ်ခုတို့ ပါဝင်မည်ဖြစ်ပြီး ခန့်မှန်းကုန်ကျစရိတ် ကျပ် ရှစ်သန်းခန့် ခန့်မှန်းထားကြောင်း၊ အိမ်ခြေ ၂၀၀ ရှိသော ကျေးရွာတစ်ရွာတွင် အိမ်တစ်အိမ်လျှင် ၄၀၀၀ ကျပ်စီ ကုန်ကျမည်ဖြစ်ကြောင်း၊ ယင်းမတည်စရိတ်ကို အစိုးရက ချေးငွေအဖြစ် သတ်မှတ်ပေးပါက လစဉ် အိမ်ထောင်စုတစ်စုလျှင် ၄၀၀ ကျပ်သာ ကောက်ခံသွားပြီး ၁၀ လ အကြာတွင် အရင်းကျေကာ တစ်နှစ် (၁၂ လ) အကြာတွင် အတိုးပါ ပေးဆပ်နိုင်မည်ဖြစ်ကြောင်း၊ ထိုကျပ်ရှစ်သန်းကို နောက်တစ်နှစ်တွင် နောက်ထပ်ကျေးရွာတစ်ရွာသို့ တိုးချဲ့ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အစိုးရက ကျပ်သန်း ၈၀၀ မတည်ပေးပါက ယင်းမတည်ငွေမျက်ဘဲ ၁၀ နှစ်အတွင်း ကျေးရွာ ၁၀၀၀ ကို Cyber Village အဖြစ် ပြောင်းလဲပေးနိုင်မည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းအနေဖြင့် နည်းပညာပံ့ပိုးမှုနှင့် အခြေခံအဆောက်အဦများ တပ်ဆင်ဖြည့်ဆည်းမှုကို တာဝန်ယူသွားမည်ဖြစ်ပြီး ရေရှည်အကောင်အထည်ဖော်ဆောင်ရွက်သွားမှုကို သက်ဆိုင်ရာကျေးရွာများက ကော်မတီများဖွဲ့စည်း၍ တာဝန်ယူဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် အသင်းမှ တာဝန်ရှိသူများ အနေဖြင့် ကျေးရွာများသို့သွားရောက်ကာ ဒေသခံပြည်သူတို့၏ လိုအပ်မှုများကို ကွင်းဆင်းစစ်တမ်းကောက်ခံရယူမည် ဖြစ်ကြောင်း ၎င်းက ဖြည့်စွက်ရှင်းပြသည်။

မြန်မာနိုင်ငံ၌ အင်တာနက်နှင့် Online အသုံးချနိုင်မှုအသီးအပွင့်များကို ရန်ကုန်မြို့တော်၊ မန္တလေးမြို့တော်နှင့် အခြားမြို့ကြီးအချို့တွင်သာ ရရှိခံစားနိုင်ကြကြောင်း၊ အဆိုပါ Cyber Village အစီအစဉ် အကောင်အထည်ဖော်နိုင်ပါက e-D Form လျှောက်ထားခြင်း၊ Online မှ ပညာသင်ယူခြင်း(e-Education) တို့ကဲ့သို့သော အင်တာနက်နှင့် Online အသုံးချနိုင်မှုအသီးအပွင့်များကို ကျေးလက်ဒေသအထိပါ ခံစားနိုင်ကြမည်ဖြစ်ပြီး ကျေးလက်နေပြည်သူများ၏ ပညာရေး ကဏ္ဍအတွက်သာမကဘဲ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးကိစ္စရပ်များပါ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်ရှိ Myanmar Info-Tech မှ ကွန်ပျူတာလုပ်ငန်းရှင်တစ်ဦးက သုံးသပ်သည်။

UMFCCI အဖွဲ့ဝင်ကုမ္ပဏီ ၃၅၀ ယမန်နှစ်တွင်း စာရင်းရှင်းလင်းပျက်သိမ်း

ရန်ကုန်၊ မတ် ၁၅

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) အသင်းဝင်ကုမ္ပဏီများအနက် ကုမ္ပဏီ ၃၅၀ ကို ပြီးခဲ့သည့်နှစ်အတွင်း မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခဲ့ကြောင်း UMFCCI အလုပ်အမှုဆောင်အဖွဲ့၏ ၂၀၀၆–၂၀၀၇ ခုနှစ်အတွက် တင်သွင်းသည့် နှစ်ပတ်လည်အစီရင်ခံစာတွင် ဖော်ပြပါရှိသည်။

အဆိုပါမှတ်ပုံတင်စာရင်း ပယ်ဖျက်ခဲ့သည့် ကုမ္ပဏီ ၃၅၀ နှင့်အတူ နာမည်ပျက်စာရင်းထည့်သွင်းထားသော ကုမ္ပဏီမှာ ၁၀ ခုရှိကြောင်းလည်း ယင်းအစီရင်ခံစာတွင် ဆက်လက်ရေးသားထားသည်။

ကုမ္ပဏီများကို တရားဝင်မှတ်ပုံတင်ခွင့်ပြုလျက်ရှိသည့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအနေဖြင့် လစဉ်နီးပါး ကုမ္ပဏီရာဂဏန်းခန့်ကို စာရင်းပယ်ဖျက်လေ့ရှိပြီး အချို့မှာ ကုမ္ပဏီလိပ်စာပါ လမ်းအမည်၊ နံပါတ်များကို လွဲမှားစွာ ဖော်ပြထားကြောင်းလည်း ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

မင်းရဲကျော်စွာလမ်းရှိ UMFCCI ရုံးချုပ်တွင် မတ်လ ၁၀ ရက်နေ့က ကျင်းပပြုလုပ်သည့် (၁၆)ကြိမ်မြောက် နှစ်ပတ်လည်အခမ်းအနားတွင် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်က ပြီးခဲ့သည့်နှစ်အတွင်း အသင်းဝင်ကုမ္ပဏီပေါင်း ၁၀၈၅၄ ခုထိ ရှိနေပြီဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

ဖေဖော်ဝါရီလ ၁၅ ရက်နေ့ထိ စာရင်းများအရ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) တွင် မြန်မာကုမ္ပဏီ ၁၀၈၅၄ ခု၊ အင်တာပရိုက်စ် ၁၆၅၆ ခု၊ နိုင်ငံခြားကုမ္ပဏီ ၇၇၀ ခုထိရှိနေပြီး အသင်းဝင်အရေအတွက် စုစုပေါင်းမှာ ၁၆၃၆၃ ဦးအထိရှိနေပြီဖြစ်ကြောင်း သိရှိရသည်။

Associated News

www.foreverspace.com.mm

ကုမ္ပဏီများ ကနဦးထည့်ဝင်ပြီး မတည်ငွေရင်းပြင်ဆင်

ရန်ကုန်၊ မတ် ၁၉

မြန်မာနိုင်ငံအတွင်းရှိ ကဏ္ဍနယ်ပယ်အသီးသီးတွင် တရားဝင်ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိကြသည့် ပုဂ္ဂလိကကုမ္ပဏီများ၏ ကနဦးထည့်ဝင်ပြီး မတည်ငွေရင်း (Paid-Up Capital)ကို တိုးမြှင့်ထည့်ဝင်ကြရန် အမျိုးသားစီမံကိန်းနှင့် စီးပွားဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက ဖေဖော်ဝါရီလ ၂၂ ရက်နေ့စွဲဖြင့် ကြေညာချက်တစ်ရပ်ထုတ်ပြန်ကာ ကုမ္ပဏီအားလုံးသို့ အကြောင်းကြားစာပေးပို့ခဲ့သည်။

၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့က နေပြည်တော်၌ ပြုလုပ်ခဲ့သော အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၏ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးအမှတ်စဉ် ၃/၂၀၀၇ အပြီး ယင်းကဲ့သို့တိုးမြှင့်ရန် အတည်ပြုဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း တရားဝင်အကြောင်းကြားစာတွင် ဖော်ပြထားသည်။ ကျောက်တံတားမြို့နယ်အတွင်း ရုံးစိုက်သည့် သွင်းကုန်ထုတ်ကုန်လုပ်ငန်းကုမ္ပဏီတစ်ခု၏ အဆိုအရ ရောင်းဝယ်ရေးကုမ္ပဏီဆိုပါက အစုရှယ်ရာရင်းနှီးငွေ (Share Capital) ကျပ် ၅ သန်း၊ ဝန်ဆောင်မှုနှင့် ခရီးသွားလုပ်ငန်းကုမ္ပဏီဆိုပါက Share Capital ကျပ်နှစ်သန်းသတ်မှတ်ထားပြီး ခွင့်ပြုမတည်ငွေရင်း (Authorized Share Capital) အနည်းဆုံး ကျပ်သန်း ၁၀၀ သတ်မှတ်ထားကြောင်း သိရသည်။

မြန်မာတစ်နိုင်ငံလုံးရှိ ကုမ္ပဏီများအနေဖြင့် ထိုသို့တိုးမြှင့်ပြင်ဆင်သည့်ကိစ္စရပ်နှင့်စပ်လျဉ်း၍ ပုံစံ (၆) နှင့် Form E တို့တွင် ပြင်ဆင်ရန်လိုအပ်နေသည့်အတွက် ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နိုင်သူ (သို့မဟုတ်) ကိုယ်စားလှယ်ကိုယ်တိုင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသို့ အမြန်ဆုံးလာရောက်ဆောင်ရွက်ရန် အသိပေးအကြောင်းကြားစာ လက်ခံရရှိထားကြပြီး လိုအပ်ချက်များ သိရှိလိုပါက နေပြည်တော်ရှိ အဆိုပါဦးစီးဌာန တယ်လီဖုန်းနံပါတ် ၀၆၇-၄၀၆၃၄၃ သို့ ဆက်သွယ်မေးမြန်းနိုင်သည်ဟု အဆိုပါသွင်းကုန်ထုတ်ကုန်ကုမ္ပဏီက ရှင်းပြသည်။

၄င်္ဂပျားကာကွယ်ရေးလုပ်ငန်းသို့ အမေရိကန်ဒေါ်လာ တစ်သိန်းကျော် ကျပန်လှူဒါန်း

ရန်ကုန်၊ ဖေဖော်ဝါရီ ၂၄

ပဲခူးတိုင်းအတွင်း ၄င်္ဂပျားရောဂါကာကွယ်ထိန်းချုပ်မှုလုပ်ငန်းစီမံချက်နှစ်ရပ်အကောင်အထည်ဖော်ရန်အတွက် မြန်မာနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၁၇၈,၈၂၂ ကို ကျပန်နိုင်ငံက ပေးအပ်ခဲ့ကြောင်း ကျပန်သံရုံး၏ တရားဝင်သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါတိုင်းအတွင်းရှိ အရှေ့ပိုင်းနှင့် အနောက်ပိုင်းဒေသများတွင် ၄င်္ဂပျားရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကျပန်နိုင်ငံအစိုးရ၏ အခြေခံပြည်သူများအတွက် ကူညီထောက်ပံ့ရေးအစီအစဉ် (GGA) အရ ယခုကဲ့သို့ ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ ယင်းထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ရန်ကုန်မြို့တော် ကျပန်နိုင်ငံသံရုံးတွင် ဖေဖော်ဝါရီလ ၂၁ ရက်နေ့က ကျင်းပခဲ့ရာ ကျပန်သံရုံးမှ သံရုံးဒုတိယအကြီးအကဲ မစ္စတာ တက်ဆူရိုအာမန်ဒိုနှင့် ပဲခူးတိုင်းမှ ကူးစက်ရောဂါထိန်းချုပ်ရေးကိုယ်စားလှယ်နှစ်ဦးတို့ လုပ်ငန်းဆောင်ရွက်ရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးခဲ့ပြီး ယင်းတိုင်းအတွင်း ဒေသခံပြည်သူများ ၄င်္ဂပျားရောဂါ တွေ့ကြုံခံစားရမှုကင်းဝေးစေရန် ခြင်ထောင်များ အလုံအလောက် ဖြန့်ဖြူးပေးခြင်းနှင့် အသုံးပြုစေခြင်းကဲ့သို့ ရောဂါကြိုတင်ကာကွယ်မှုနှင့် ၄င်္ဂပျားရောဂါဆိုင်ရာ ဗဟုသုတများ ကျယ်ကျယ်ပြန့်ပြန့် ပညာပေးခြင်းတို့ ဆောင်ရွက်မည်ဖြစ်ကြောင်း သံရုံးမှ စုံစမ်းသိရှိရသည်။

ကျန်းမာရေးဝန်ကြီးဌာနမှ တရားဝင်စာရင်းဇယားများအရ မြန်မာနိုင်ငံတွင် ၁၉၈၈–၁၉၈၉ ခုနှစ်တွင် ၄င်္ဂပျားရောဂါရှိသူမှာ လူတစ်ထောင်လျှင် ၂၄ ဒသမ ၅ ရာခိုင်နှုန်းရှိသော်လည်း ၂၀၀၅–၂၀၀၆ ခုနှစ်တွင်မူ လူတစ်ထောင်လျှင် ၉ ဒသမ ၄ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ပြီး ၄င်္ဂပျားရောဂါကြောင့် သေဆုံးရမှုနှုန်းမှာလည်း လူတစ်ထောင်လျှင် ၁၀ ဒသမ ၄ ရာခိုင်နှုန်းမှ ၃ ဒသမ ၁ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း သိရှိရသည်။ မြန်မာနိုင်ငံတွင် ၄င်္ဂပျားရောဂါ၊ တီဘီရောဂါ၊ ခုခံအားကျဆင်းမှုရောဂါတို့ကို ကာကွယ်ထိန်းချုပ်ကိုက်ဖျက်ရမည့် အဓိကရောဂါကြီးသုံးခုအဖြစ် သတ်မှတ်၍ စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

LIVING COLOR MEDIA
ဖုန်း - ၂၄၃၆၃၃၉ ၊ ၂၄၃၆၄၀ ၊ ၂၄၃၆၄၁
၂၄၃၆၄၂ ၊ ၂၄၃၆၄၃ (Ext-၂၀၀၁)

www.foreverspace.com.mm

ကြက် ၊ ဘဲ သယ်ဆောင်ခြင်း တင်းကျပ်စွာ ထပ်မံတားမြစ်

ရန်ကုန်၊ မတ် ၆

မြန်မာနိုင်ငံတွင် တစ်ကျော့ပြန်ဖြစ်လာသော ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်ရေးအတွက် ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် ကြက်ဘဲစျေး၌ လာရောက်ရောင်းဝယ်သူများအနေဖြင့် ကြက်၊ ဘဲများကို သယ်ဆောင်ရာ၌ အလွတ်သယ်ဆောင်ခြင်းမပြုရန် စျေးသာယာရေးအဖွဲ့က စျေးအဝင်ဝ၌ ထပ်မံသတိပေးချက်ထုတ်ပြန်ထားသည်။

အဆိုပါစျေး၌ လာရောက်ရောင်းဝယ်သူများအနေဖြင့် ကြက်၊ ဘဲ အရှင်များကို ခြေထောက်နှစ်ချောင်း ကြိုးချည်သယ်ဆောင်ခြင်း၊ ခွင့်မပြုကြောင်း၊ ထို့ပြင် အမွေးနုတ်ထားပြီးသော ကြက်၊ ဘဲများကိုလည်း အိတ်များအတွင်း လုံခြုံစွာထည့်သွင်းပြီး သယ်ဆောင်ရန် သတိပေးထားကြောင်း၊ လိုက်နာခြင်းမရှိပါက ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း ဆက်လက်ဖော်ပြထားသည်။

အဆိုပါ စည်းကမ်းချက်သည် စျေးသာယာရေးအဖွဲ့က ယခင်ကတည်းက ထုတ်ပြန်ထားပြီးဖြစ်သော်လည်း ပိုမိုလေးနက်စေရန် ထပ်မံထုတ်ပြန်ခြင်းဖြစ်နိုင်ကြောင်း ပုဇွန်တောင်မြို့နယ်မှ ကြက်၊ ဘဲလာရောက်ဝယ်ယူသူတစ်ဦးက သုံးသပ်ပြောကြားသည်။

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်ရှိ ဥစား ကြက်မွေးမြူရေးခြံတစ်ခြံ၌ လွန်ခဲ့သော လကုန်ပိုင်းက သေဆုံးခဲ့သော ကြက်များသည် ကြက်ငှက်တုပ်ကွေးရောဂါ မိုင်းရပ်စ်ပိုး (H5N1) ကြောင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက တရားဝင် သတင်းထုတ်ပြန်ထားသည်။

A-1 နှင့် A-3 လုပ်ကွက်မှ ဓာတ်ငွေ့များ တရုတ်နိုင်ငံသို့ ရောင်းချမည်

နယူးဒေလီ၊ မတ် ၂၁

မြန်မာနိုင်ငံ ရခိုင်ကမ်းလွန်ရှိ A-1 နှင့် A-3 လုပ်ကွက်ကြီးများမှ ထွက်ရှိမည့် သဘာဝဓာတ်ငွေ့များကို တရုတ်နိုင်ငံက ဝယ်ယူခွင့်ရရှိကြောင်း အိန္ဒိယနှင့် တောင်ကိုရီးယားမှလာသောသတင်းများအရ သိရသည်။

တရုတ်နှင့်အိန္ဒိယ နှစ်နိုင်ငံလုံးမှာ ယင်းလုပ်ကွက်နှစ်ကွက်စလုံးမှ ဓာတ်ငွေ့များ ဝယ်ယူခွင့်ရရှိရန်အဆိုပြုထားရာ တရုတ်နိုင်ငံမှ မိုင် ၅၆၀ အရှည်ရှိ ပိုက်လိုင်းနှင့် အိန္ဒိယနိုင်ငံမှ ၁၅၇၃ ကီလိုမီတာ အရှည်ရှိ ပိုက်လိုင်းများ တည်ဆောက်ရန် လျာထားကြသည်။ သို့ရာတွင် အဆိုပါလုပ်ကွက်များမှ ဓာတ်ငွေ့များကို ဓာတ်ငွေ့ရည် (LNG) အဖြစ် ပြောင်းလဲဝယ်ယူခွင့်နှင့်ပတ်သက်၍ မည်သည့်နိုင်ငံသို့ ရောင်းချမည်ဆိုသည်ကိုမူ မဆုံးဖြတ်ရသေးကြောင်း Daewoo International မှ ပြောရေးဆိုခွင့်ရှိသူ ချိုဆောင်ယွန်က ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံအနေနှင့် A-1 နှင့် A-3 လုပ်ကွက်များမှ တစ်နှစ်လျှင် ဓာတ်ငွေ့ရည် မက်ထရစ်တန် ၂.၇ သန်း ဝယ်ယူတင်သွင်းခွင့်ပြုရန် မြန်မာနိုင်ငံသို့ အဆိုပြုထားသည်။ A-1 လုပ်ကွက်၌ ရွှေနှင့် ရွှေဖြူလုပ်ကွက်များပါဝင်ပြီး ဓာတ်ငွေ့ကုဗပေ ၆၃၅ သန်း နေ့စဉ်ထုတ်ယူနိုင်မည် ဖြစ်သည်။ မြန်မာနိုင်ငံအနေနှင့် ယင်းလုပ်ကွက်များမှ ဓာတ်ငွေ့ကုဗမီတာခြောက်သန်း ပြည်တွင်းသို့ နေ့စဉ်ထုတ်ယူသုံးစွဲမည်ဖြစ်ပြီး ပိုလျှံဓာတ်ငွေ့များကိုသာ တရုတ်သို့ ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

Ref: Press Trust

ကြက်ငှက်တုပ်ကွေးကြိုတင်သတိပေးစနစ်ထူထောင်ရန် လုပ်ငန်းရှင်များ အဆိုပြု

ရန်ကုန်၊ မတ် ၃

မြန်မာနိုင်ငံအတွင်းရှိ မွေးမြူရေးလုပ်ငန်းရှင်များနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအကြား ကြက်ငှက်တုပ်ကွေး ရောဂါဆိုင်ရာ ကြိုတင်သတိပေးစနစ်တစ်ရပ် (Early Warnning System) ထူထောင်ရန် မွေးမြူရေးလုပ်ငန်းရှင်များက ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ အထူးအစည်းအဝေးတွင် အဆိုပြုပြောကြားသည်။

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးတွင် မတ်လ ၃ ရက်နေ့က ကျင်းပသော ယင်းအစည်းအဝေးသို့ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းအပါအဝင် ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မွေးမြူရေးနှင့်သက်ဆိုင်သော အသင်းအဖွဲ့များနှင့် လုပ်ငန်းရှင်ကြီးများ တက်ရောက်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် မွေးမြူရေးဆိုင်ရာလှည့်ပတ်ရန်ပုံငွေတစ်ရပ် ထူထောင်ထားရှိသင့်ကြောင်း၊ ယင်းအပြင် ပိုးသတ်ဆေးသုံးစွဲမှုများ စနစ်တကျရှိရေးဆောင်ရွက်ရန် အချက်များကိုလည်း မွေးမြူရေးလုပ်ငန်းရှင်ကြီးများက အဆိုပြုပြောကြားခဲ့ကြောင်း ၎င်းတို့ထံမှ စုံစမ်းသိရှိရသည်။

Mass Peafowl News

www.forestspace.com.mm

မိဘမဲ့ကလေးငယ်များ သိမ်ငယ်စိတ်မဝင်စေရန်၊ ကိုယ့်အားကိုယ်ကိုးတတ်စေရန် ဗီဒီယာများ ဂရုပြုသင့်

သတင်းဆောင်းပါး - သီဂီထိုက် ၊ ၁၁-၃-၂၀၀၇

အနယ်နယ်အရပ်ရပ်မှ စရိုက်သဘာဝကွဲပြားသော မိဘမဲ့ကလေးများကို သိမ်ငယ်စိတ်မဝင်စေရန်နှင့် ကိုယ့်အားကိုယ်ကိုးတတ်လာစေရန်အတွက် စောင့်ရှောက်မှုပေးနေသော အဖွဲ့အစည်းများသာမက မီဒီယာများအနေဖြင့်လည်း အဆိုပါကလေးငယ်များကို လူထုအတွင်းသတင်းပေးမှုများပြုလုပ်ရာတွင် လက်ရှိအခြေအနေထက်ပိုမိုစနစ်ကျရန်၊ ဂရုပြုရန် လိုအပ်ကြောင်း ကလေးအထူးကုဆရာဝန်တစ်ဦးက တိုက်တွန်းပြောကြားသည်။

လက်ရှိအနေအထားအရ ရန်ကုန်မြို့တော်တွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ လူငယ်စောင့်ရှောက်ရေးဂေဟာများ အများအပြားရှိနေပြီး အများစုသော ကလေးများမှာ တောင်ပေါ်ဒေသများနှင့် နယ်စပ်ဒေသများမှ ရောက်ရှိလာကြခြင်းဖြစ်သည်။ ၎င်းတို့အနေဖြင့် ယခုကဲ့သို့သော ကျောင်းများ၊ ဂေဟာများတွင် လာရောက်နေထိုင်ရသည့် အဓိကအကြောင်းရင်းမှာ အခြေခံပညာတတ်မြောက်ရုံသာမက ဘွဲ့ရပညာတတ်ဖြစ်ရေးပင်ဖြစ်သည်။ အများစုမှာ ဖခင် သို့မဟုတ် မိခင်တစ်ဦးဦးမရှိတော့သူများ၊ မိဘအိမ်ထောင်ရေးပြိုကွဲသူများ၊ မိဘနှစ်ပါးစလုံးမရှိတော့သူများဖြစ်ကြပြီး မိဘအစုံအလင်ရှိသော်လည်း ကျောင်းတက်ရန် ခက်ခဲသူများလည်း အနည်းငယ်ပါဝင်သည်ကို တွေ့ရသည်။ မည်သို့ပင်ဆိုစေ ယင်းကလေးငယ်များမှာ စောင့်ရှောက်မှုပေးရန် လိုအပ်နေပေသည်။

သို့သော် ယင်းဂေဟာများသို့ ရောက်ရှိလာသည့် ကလေးငယ်များအနေဖြင့် မေတ္တာနှင့် တာဝန်ယူမှုဟူသည့် ဘဝပေးအသိရရှိနိုင်မည့် သွေးသားရင်းမိသားစုကို အရွယ်၊ အသိ မပြည့်မီ ခွဲခွာလာရသည့်အတွက် မိသားစုတွင်း ခွင့်လွှတ်သည်းခံမှု၊ တာဝန်ယူမှုအစား ဂေဟာ၏ စည်းကမ်းစနစ် ပုံစံခွက်အတွင်းသို့သာ ဝင်ရောက်လာကြရသည်။ ယင်းပုံစံဖြင့်သာ ကြီးပြင်းလာပါက ကလေးများအနေဖြင့် စည်းကမ်းစနစ် (Rule)များကို စွဲမြဲသွားစေပြီး စိတ်ခံစားမှု (Emotion) နည်းလာနိုင်သည်ကို တွေ့ ရသည်။

"Emotion နည်းလာမယ်။ ပုံစံတစ်မျိုးတည်းသာ ရိုက်သွင်းခံရမယ်ဆိုရင် ကလေးရဲ့ အနာဂတ်အတွက်သိပ်အကောင်းကြီးမဖြစ်နိုင်ဘူး။ အတန်းပညာတတ်ဖို့ လိုအပ်ပါတယ်။ ဒါ့အပြင် စဉ်းစားဉာဏ် ပြည့်ဝပြီး မေတ္တာတရားရှိတဲ့၊ ကိုယ့်အားကိုယ်ကိုးတတ်တဲ့ လူမှုပတ်ဝန်းကျင်ကို ကောင်းကျိုးပြုမယ့် မျိုးဆက်တွေလည်း ဖြစ်ဖို့လိုပါတယ်"ဟု မေတ္တာအေးရိပ်မြုံ လူငယ်ဖွံ့ဖြိုးရေးဂေဟာ၏ အုပ်ချုပ်ရေးမှူး ဒေါ်နုနုက ဆိုသည်။

ယင်းအပြင် ကလေးငယ်များအနေဖြင့် ပြင်ပမှလှုံ့ဆါန်းသော အဝတ်အထည်အသုံးအဆောင်ပစ္စည်းများကို အဓိကအားထားသုံးစွဲနေကြပြီး ကိုယ်ပိုင်ပစ္စည်းဟူ၍ သတ်သတ်မှတ်မှတ်မရှိသည်ကို တွေ့ရသည်။ ပစ္စည်းများအား စုပေါင်းသုံးစွဲနေကြပြီး တစ်ခါတစ်ရံအဝတ်အစားများ မသန့်ရှင်းသည့်အတွက် အရေပြားရောဂါ

ကုမ္ပဏီများကို ကူညီဆောင်ရွက်ရန် သက်ဆိုင်ရာက တွေ့ဆုံဆွေးနွေး

ရန်ကုန်၊ မတ် ၇

ပြည်တွင်းကုမ္ပဏီများ၏ လုပ်ငန်းကိစ္စရပ်များနှင့်ပတ်သက်၍ ကူညီဆောင်ရွက်ပေးရေး ကုမ္ပဏီတာဝန်ရှိသူများကို သက်ဆိုင်ရာမှ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သွင်းကုန်ထုတ်ကုန်ကုမ္ပဏီများနှင့် ကျောက်မျက်ရတနာကုမ္ပဏီများထံမှ စုံစမ်းသိရှိရသည်။

ယင်းဆွေးနွေးပွဲတွင် ကုမ္ပဏီတာဝန်ရှိသူများအား ကိုယ်ရေးရာဇဝင်ပုံစံစာရွက်များဝေ၍ ကိုယ်ရေးအချက်အလက်များ ဖော်ပြစေပြီး ပုံစံ 6/26 နှင့် ကုမ္ပဏီမှတ်ပုံတင်မိတ္တူကို ပူးတွဲ၍ တင်ပြရမည်ဖြစ်ကြောင်း၊ တင်ပြလာသော စာရွက်စာတမ်းများအရ မသမာမှုကင်းရှင်းသောကုမ္ပဏီများ၏ ဌာနဆိုင်ရာ လုပ်ငန်းများနှင့် ဆက်သွယ်ဆောင်ရွက်ရသော ကိစ္စရပ်များတွင် ထိရောက်စွာ အကူအညီပေးသွားရန်ပြောကြားကြောင်း ကျောက်မျက်ကုမ္ပဏီတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ပြည်တွင်း၌ ကုမ္ပဏီပေါင်း ၃၀၀၀ နှင့်အထက်တွင်ရှိရာ ယင်းကုမ္ပဏီအားလုံးနီးပါးကို တွေ့ဆုံမေးမြန်းခြင်းဖြစ်ကြောင်း၊ သက်ဆိုင်ရာက ကုမ္ပဏီများကို တွေ့ဆုံမေးမြန်းခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း ကျောက်မျက်ရတနာကုမ္ပဏီတစ်ခုမှ မန်နေဂျင်းဒါရိုက်တာတစ်ဦးက ပြောကြားသည်။

နိုင်လင်း

www.foreverspace.com.mm

အခြားယာဉ်လိုင်းများ အသင်းဖွဲ့စည်းမည်

ရန်ကုန်၊ ဖေဖော်ဝါရီ ၂၇

အသစ်ဖွဲ့စည်းထားသည့် ကုန်တင်ယာဉ်၊ ရေယာဉ်နှင့် အခြားယာဉ်လိုင်းများကော်မတီတွင် အငှားယာဉ်များ၊ ဘုရားဖူးယာဉ်များနှင့် ဌာနဆိုင်ရာယာဉ်များပါဝင်သည့် အဖွဲ့တစ်ခုကို အခြားယာဉ်လိုင်းများအသင်းအဖြစ် ဖွဲ့စည်းဆောင်ရွက်မည်ဖြစ်ကြောင်း အဆိုပါကော်မတီ၏ အဖွဲ့ဝင်အသင်းတစ်ခုမှ ဖေဖော်ဝါရီလကုန်ပိုင်းတွင် စုံစမ်းသိရှိရသည်။

အဆိုပါအခြားယာဉ်လိုင်းများအသင်းကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့နှင့်ညှိနှိုင်း၍ အရေအတွက်စာရင်းကောက်ယူခြင်း၊ စည်းကမ်းချက်များ သတ်မှတ်ခြင်း၊ အသိပေးအကြောင်းကြားခြင်းများဆောင်ရွက်မည်ဖြစ်ပြီး ကုန်တင်မော်တော်ယာဉ်၊ ရေယာဉ်နှင့်အခြားယာဉ်လိုင်းများကြီးကြပ်မှုကော်မတီ၏ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ရမည်ဖြစ်သည်။

ယင်းကော်မတီကို ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက ရန်ကုန်တိုင်းအတွင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး လုပ်ငန်းများဆောင်ရွက်ရာတွင် ထိရောက်အောင်မြင်မှုများရရှိစေရန် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ကုန်တင်မော်တော်ယာဉ်အသင်း၊ ရေယာဉ်အသင်းနှင့် အခြားယာဉ်လိုင်းများအသင်းအဖြစ် ဖွဲ့စည်းပါ ဝင်လျက်ရှိသည်။

များဖြစ်ပွားသည့်အပြင် ပစ္စည်းပျောက်ရှမှုများလည်း အများအပြားဖြစ်ပေါ်သည်ကို တွေ့ရသည်။

"ကျွန်တော်တို့က စနစ်တကျလုပ်ပေးလည်း ခဏပဲ။ ပြီးတော့ ကလေးတွေအနေနဲ့လည်း အသားကျပြီးသား အလေ့အကျင့်ကို ပြန်ပြုပြင်ဖို့က တကယ်မလွယ်တာ။ တစ်ကိုယ်ရေသန့်ရှင်းရေးဆိုတာလည်း ထမင်းမစားခင် လက်ကို ဆပ်ပြာနဲ့ဆေးဖို့တုတ်ကိုင်ပြီး ပြောနေရတယ်။ ကြောက်လည်းမကြောက်ကြဘူး" ဟု မိဘမဲ့ဂေဟာတစ်ခုတွင် စေတနာ့ဝန်ထမ်းလုပ်ဆောင်ပေးနေသူ ဦးလပြည့်ဇင်က ဆိုသည်။

ဂေဟာအုပ်ချုပ်ရေးအဖွဲ့ကို စနစ်တကျနှင့် အချိန်ပြည့်ဆောင်ရွက်ပေးနိုင်မည့်သူရှားပါးခြင်း၊ အများစုသော အဖွဲ့အစည်းများမှာ ရန်ပုံငွေနည်းပါးခြင်းကြောင့် လိုအပ်သည်များမလုပ်ဆောင်နိုင်ကြခြင်းများလည်းရှိသည်။ အများစုမှာ ယင်းလုပ်ငန်းများတွင် စနစ်တကျလေ့လာခဲ့မှုမရှိခြင်းနှင့် အတွေ့အကြုံနည်းပါးခြင်းတို့ကြောင့်ဖြစ်သည်။

လူငယ်စောင့်ရှောက်ရေးဂေဟာများအနေဖြင့် ၎င်းတို့ရန်ပုံငွေဖြင့် စီးပွားရေးလုပ်ငန်းတစ်ခု မဖြစ်မနေရှိရမည်ဖြစ်သည်။ သို့မှသာ ဂေဟာရှေ့ညီရပ်တည်ရေး အတွက် ပြင်ပမှ အကူအညီနည်းနိုင်သမျှ နည်းနည်းလိုအပ်မည်ဖြစ်သည်။ ထို့ပြင် ကလေးငယ်များကို အရွယ်နှင့်လိုက်ဖက်ညီသည့် တာဝန်ပေးအပ်ထားရမည် ဖြစ်သည်။ ကလေးငယ်တစ်ဦးချင်းစီအတွက် ကိုယ်ပိုင်အိပ်ရာ၊ အသုံးအဆောင်၊ အဝတ်အစား၊ လေ့လာသင်ယူမှုနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးစသည်တို့ကို မဖြစ်မနေ လုပ်ဆောင်လေ့ကျင့်ပေးရမည် ဖြစ်သည်။ သို့မှသာ ကလေးငယ်များအနေဖြင့် တာဝန်၊ ဝတ္တရားကို နားလည်လာမည့်အပြင် စနစ်ကျနသော အကျင့်စရိုက်ကောင်းများကိုလည်း ပိုင်ဆိုင်နိုင်လာမည်ဖြစ်သည်။

လူငယ်စောင့်ရှောက်ရေးဂေဟာတစ်ခုကမူ ကလေးများအား အုပ်စုများခွဲ၍ သီးခြားအိမ်ကလေးများနှင့် ၎င်းတို့ကိုယ်ပိုင်လုပ်ငန်းလေးများခွဲ၍ လုပ်ဆောင်ပေးနေသည်ကိုတွေ့ရသည်။ "ဒီလိုလုပ်ရတာ ကလေးတွေအနေနဲ့ Sence of Ownership (ပိုင်ရှင်) ဆိုတဲ့ခံစားမှုလေးရစေချင်တာပါ။ ငါတို့ပိုင်တဲ့ဟာကို ငါတို့လုပ်ရမယ်။ ငါတို့စောင့်ရှောက်ရမယ်ဆိုတာလေးပေါ့။ ဒါလေးတွေကို သူတို့ရသွားရင် ကျွန်မတို့လုပ်ရကျိုးနပ်ပါတယ်" ဟု မေတ္တာအေးရိပ်မြုံလူငယ်ဖွံ့ဖြိုးရေးဂေဟာမှ အုပ်ချုပ်ရေးမှူး ဒေါ်နုနုက ဆိုသည်။

လှုဒါန်းသူများ အုပ်ချုပ်သူများအနေဖြင့်လည်း ကလေးငယ်များစောင့်ရှောက်လှုဒါန်းကြရာတွင်လည်းကောင်း၊

www.foreverspace.com.mm

မီဒီယာများအနေဖြင့် ရေးသားကြရာတွင် လည်းကောင်း၊ ကလေးငယ်များအား ခိုကိုးရာမဲ့ အကူအညီလိုနေသူ သနားစဖွယ် ကလေးများအဖြစ် လုပ်ဆောင်ဖော်ပြနေကြသည်မှာ များစွာစဉ်းစားဖွယ်ကိစ္စရပ်တစ်ခုဖြစ်နေသည်ကို တွေ့ရသည်။ ယင်းသနားစိတ်မှာ အသနားခံရသူကို သိမ်ငယ်စိတ်ဖြစ်ပေါ်စေသည်။ နှိမ့်ချရာရောက်စေသည်ကိုမူ အများစု သတိမမူမိကြပေ။ ထို့ကြောင့် ယင်းကလေးငယ်များနှင့်ပတ်သက်၍ တဒဂ်ဖြစ်ပေါ်သည့် စိတ်ခံစားမှုကို ယထာဘူတကျကျ သုံးသပ်သင့်ကြပေသည်။

"လူမှုရေးလုပ်ငန်းတွေလုပ်တာ လို အပ်နေတဲ့သူတွေကို သနားလို့လုပ်နေတာ မဟုတ်ဘူး။ ကိုယ့်မှာ ပိုနေတဲ့ဟာကို လိုနေသူတွေကို မျှဝေပေးတာဖြစ်တယ်။ အဲဒီအတွက် ဆရာ့ကျေးဇူးတွေဆပ်လို့မကုန်ပါဘူးလို့ပြောကြတယ်။ ကျွန်တော် အဲဒါကို မကြိုက်ဘူးဗျ။ သူတို့ပြောတဲ့စကားတွေက ကြားရတာတော့ချိုတယ်ဗျာ။ ဆရာ့ကျေးဇူးတွေဆပ်လို့မကုန်ရင် နိဗ္ဗာန်တောင်မသွားချင်ဘူးတဲ့။ အဲဒါ သူတို့ကိုယ်သူတို့ နှိမ့်ချကြတာ။ ဒါအန္တရာယ်ကြီးပါတယ်။ နှိမ့်ချတတ်တဲ့သူဟာ အားငယ်စိတ်တော့ ရှိနေပြီဗျ။ အားငယ်စိတ်ဟာ လူတစ်ယောက်ကို အခက်အခဲတွေထဲက ဆွဲမထုတ်နိုင်တာ ကတော့ သေချာတယ်" ဟု မေတ္တာအားမာန်ပရဟိတအဖွဲ့မှ ဒေါက်တာတင်မြင့်က ဆိုသည်။

"အခုဖြစ်နေတာက စာစောင်တွေမှာပါတဲ့ ဒီကလေးတွေနဲ့ ပတ်သက်ပြီး ရေးကြရင် သနားစရာအဖြစ်ရေးကြတာ။ အစားအသောက်၊ အနေအထိုင်ဆင်းရဲတယ်ဆိုတာ အဲဒီကျောင်းက ကလေးတွေပဲတော့မဟုတ်ပါဘူး။ ဆင်းရဲတဲ့မိသားစုက ကလေးတွေအများကြီးပါ။ အဲဒါကို ဒီကလေးတွေကို လူမှုရေးဝင်ဆံ့အောင် ရေးပေးရင်ကောင်းမယ်။ ဘာဖြစ်လို့လဲ ဆိုရင် ဘယ်ကလေးတွေမဆို၊ ဘယ်လူကြီးတွေမဆို လိုအပ်နေသူတွေအတွက် ဖြေရှင်းပေးဖို့ရာက အားလုံးမှာ တာဝန်ရှိကြတာလေ။ အထူးသဖြင့် ကလေးတွေကို သနားစိတ်နဲ့ သိမ်ငယ်အောင်မလုပ်စေချင်ပါဘူး" ဟု လူငယ်စောင့် ရှောက်ရေးဂေဟာတည်ထောင်ထားသူတစ်ဦးက ဆိုသည်။

လူမှုရေးအဖွဲ့အစည်းများအနေဖြင့် လိုအပ်နေသည့် လူများကို အကူအညီပေးရခြင်းမှာ ၎င်းတို့ခံစားနေရသော လူမှုဒုက္ခများမှ ကင်းလွတ်စေရန်မှာ အဓိကအကြောင်းရင်းပင်ဖြစ်သည်။ ယင်းသို့ဆောင်ရွက်ရာတွင်လည်း 'ဘယ်နည်းနဲ့ လုပ်လုပ် ဘဲရုပ်ဖြစ်ပြီးရော' ဆိုသည့် ပန်းတိုင်ကို အရောက်သွားရန်မှာ ရာနှုန်းပြည့် ကောင်းမွန်သော နည်းလမ်းမဟုတ်ပေ။ အစောင့် ရှောက်ခံကလေးငယ်များသည် အနာဂတ်တွင် နိုင်ငံ့တာဝန်ကို ယူကြရမည့် သူများ ဖြစ်သည်။ အရေးအတွက်မနည်းလှသော မိဘမဲ့လူငယ်စောင့် ရှောက်ရေးကျောင်းများနှင့် ကလေးငယ်များအတွက် သတင်းထုတ်ပြန်၍ ပြည်သူ့အကြား ဖြန့်ဝေပေးနေသည့် မီဒီယာများသာမက စောင့်ရှောက်မှုပေးသူ (Care Giver) များသည် ကလေးများကို သနားစဖွယ်ပုံရိပ်များ မဖြစ်ပေါ်စေရန် အထူးဂရုပြုကြရမည် ဖြစ်သည်။ သို့မှသာ စိတ်ဓာတ်ခွန်အား ပြည့်ဝသောကလေးများမှသည် ထူးချွန်ထက်မြက်သော၊ ယုံကြည်မှုအပြည့်ရှိသော လူကြီးများအဖြစ်သို့ တက်လှမ်းနိုင်ကြမည် ဖြစ်သည်။ ■

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းဖွဲ့

ရန်ကုန်၊ မတ် ၂၁

မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း (Myanmar Gems & Jewellery Entrepreneurs Association) ကို မတ်လ ၇ ရက်နေ့တွင် ပဏာမစတင်ဖွဲ့စည်းလိုက်ပြီဖြစ်ကြောင်း အဆိုပါအသင်းအမှုဆောင်အဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

အဆိုပါအသင်းသစ်တွင် ဥက္ကဋ္ဌအဖြစ် ဦးတေဇ (ထူးထရေးဒင်း) အပါအဝင် ဗဟို အလုပ်အမှုဆောင် ၃၀ ဦး၊ ရိုးရိုးအမှုဆောင် ၁၀ ဦး၊ စုစုပေါင်း ၄၀ ဦးဖြင့် ပဏာမဖွဲ့စည်းထားသည်။ အဆိုပါအသင်းသစ်ပေါ်ပေါက်ရန် ၂၀၀၆ ခုနှစ်နှစ်ဆန်းပိုင်းကတည်းက စတင်စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောကြားသည်။

လက်ရှိတွင် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းအတွက် အမှုဆောင်အဖွဲ့ကိုသာ ပဏာမဖွဲ့စည်းလိုက်ခြင်းဖြစ်ပြီး အသင်းဝင်များလက်ခံခြင်း၊ အသင်းအား တရားဝင်ဖွဲ့စည်းတည်ထောင်ခွင့်တို့ကို သက်ဆိုင်ရာသို့ ထပ်မံတင်ပြရဦးမည်ဖြစ်၍ အချိန်ယူဆောင်ရွက်ရမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

Associated News

www.foreverspace.com.mm

ဇီယာသစ် ဈေးကောင်းရ

ရန်ကုန်၊ မတ် ၂၂

ရန်ကုန်မြို့တော် ဆန်ဈေးကွက်သို့ မတ်လဆန်းအတွင်း ဝင်ရောက်လာသော အလတ်စားဆန်ဇီယာမှာ ယခင်နှစ် ပေါက်ဈေးများနှင့် နှိုင်းယှဉ်ပါက ဈေးကောင်းရရှိကြောင်း လုပ်သက်ရင့်ဆန်ကုန်သည်အချို့ထံမှ မတ်လ ၂၂ ရက်နေ့တွင် သတင်းရရှိသည်။

တစ်အိတ်ဈေး ၁၅၈၀၀ ကျပ်မှာ ဆိပ်ကမ်းတွင် ရောင်းချသည့်ဒိုင်ပေါက်ဈေးဖြစ်ရာ ယခင်နှစ်ကာလတူအချိန်တွင် ၁၃၀၀၀ ကျပ်အထိ ဈေးအမြင့်ဆုံးရရှိခဲ့၍ စိုက်ပျိုးထုတ်လုပ်သူများ ဈေးကောင်းရရှိနိုင်ကြောင်း ဘုရင့်နောင်ပွဲရုံလုပ်ငန်းရှင် ဆန်ကုန်သည်တစ်ဦးက သုံးသပ်သည်။ မန္တလေးမြို့တော်အခြေစိုက် ဆန်ကုန်သည်တစ်ဦးကလည်း ဇီယာဆန်ဈေးကိုချိန်ဆ၍ အခြားဆန်အမျိုးအစားများ ပေါက်ဈေးကို ဆုံးဖြတ်ရောင်းဝယ်ရမည်ဖြစ်၍ ဘုရင့်နောင်ကုန်သည်ပြန်ဖွင့်ဈေးကို စောင့်မျှော်နေကြောင်း၊ ယခုအခါ ဆိပ်ကမ်းပေါက်ဈေးကိုသာ သိရှိရသေးကြောင်း Living Color မဂ္ဂဇင်း၏ Online မှ မေးမြန်းမှုကို ပြန်လည်ဖြေကြားသည်။

ပုစွန်လုပ်ငန်းရှင်အသင်း အများပိုင်ကုမ္ပဏီထူထောင်မည်

ရန်ကုန်၊ မတ် ၁

မြန်မာရေငန်ပုစွန်များ ပြည်ပတင်ပို့ရာတွင် စနစ်တကျတိုးတက်တင်ပို့နိုင်ရန် အတွက် ပုစွန်ပို့ကုန်လုပ်ငန်းရှင်များပါဝင်မည့် အများပိုင်ကုမ္ပဏီတစ်ခုကို မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်အသင်း၏ ဦးဆောင်မှုဖြင့် မတ်လအတွင်း ဖွဲ့စည်းဆောင်ရွက်မည် ဖြစ်ကြောင်း ယင်းအသင်းအဖွဲ့ဝင် ဒါရိုက်တာတစ်ဦး၏ အဆိုအရ သိရသည်။

လက်ရှိတွင် မြန်မာရေငန်ပုစွန်များကို မောင်တောနယ်စပ်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အများဆုံးတင်ပို့လျက်ရှိရာ စနစ်တကျနှင့် ပို့ကုန်တင်ပို့မှုပမာဏ မြင့်တက်လာစေရန် အများပိုင်ကုမ္ပဏီထူထောင်၍ တင်ပို့နိုင်ရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပုစွန်ပို့ကုန်လုပ်ငန်းရှင်တစ်ဦးကဆိုသည်။ မြန်မာ့ထွတ်ကုန်များ ပြည်ပတင်ပို့မှု စနစ်တကျတိုးတက်စေရန် အများပိုင်ကုမ္ပဏီများ ထူထောင်ဆောင်ရွက်မှုကို ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)က တရုတ်ပြည်သူ့သမ္မတနိုင်ငံဈေးကွက်ထိုးဖောက်ရန် Golden Land East Asia Development Co., Ltd. နှင့် အိန္ဒိယနိုင်ငံဈေးကွက် ထိုးဖောက်နိုင်ရန် Golden Land South Asia Development Co., Ltd. အမည်ဖြင့် ထူထောင်ဆောင်ရွက်လျက်ရှိကြောင်း UMFCCI ထံမှ စုံစမ်းသိရှိရ (The Voice Weekly Vol.3/No.21 တွင် သတင်းဖော်ပြပြီး) သည်။

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်စပ်ရှိ မောင်တောနယ်စပ်ကုန်သွယ်ရေးဇုန်ကိုလည်း လာမည့်မတ်လအတွင်း ဖွင့်လှစ်မည်ဖြစ်ပြီး ကုန်သွယ်ဇုန်ဖွင့်လှစ်ပြီးပါက နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများ တိုးတက်လာမည်ဖြစ်ကြောင်း မောင်တောအခြေစိုက် ကုန်သည်လုပ်ငန်းရှင်အသိုင်းအဝိုင်းထံမှ သိရှိရသည်။ ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ် စာရင်းဇယားများအရ နှစ်နိုင်ငံကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ သန်း ၆၀ ကျော်ရှိကြောင်း သိရှိရသည်။

ထားထားမြင့်

အများပိုင်ကုမ္ပဏီများတွင် နိုင်ငံသားတိုင်း ပါဝင်ရင်းနှီးမြှုပ်နှံနိုင်ရန် အရေးကြီး

သတင်းဆောင်းပါး – သစ်ထွဋ် ၊ ၃၀–၃–၂၀၀၇

ရင်းနှီးမြှုပ်နှံမှုစွေးကွက်ဖွံ့ဖြိုးရေးနှင့် နိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို ဖော်ဆောင်ပေးနိုင်မည့် အစုရှယ်ယာရောင်းချခွင့်ရှိသော အများပိုင်ကုမ္ပဏီများထူထောင်မှု တိုးတက်လာသည်ကို တွေ့မြင်ရပြီဖြစ်ရာ အများပြည်သူပါဝင်နိုင်ရေးကို ဦးစားပေးဆောင်ရွက်ပါက မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေနိုင်ကြောင်း စီးပွားရေးပညာရှင်တစ်ဦးက ပြောကြားသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းရှင်များအများစု ပါဝင်လျက်ရှိသည့် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)မှ စီးပွားရေးလုပ်ငန်းများ ပိုမိုတိုးချဲ့လုပ်ကိုင်နိုင်ရန်အလို့ငှာ Gold Land South Asia Development Co., Ltd. အမည်ဖြင့် အများပိုင်ကုမ္ပဏီတစ်ခုကို မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေနှင့်အညီ မှတ်ပုံတင်ခွင့်ရရှိပြီး မကြာမီ ယင်းကုမ္ပဏီ၏ အစုရှယ်ယာများကို စတင်ရောင်းချမည်ဖြစ်ကြောင်း မြန်မာနိုင်ငံတွင် အင်အားအကြီးဆုံးအစိုးရမဟုတ်သည့် အဖွဲ့အစည်း UMFCCI ၏ သက်တမ်းရှည် ဥက္ကဋ္ဌ ဦးဝင်းမြင့်က ပြောကြားခဲ့ရာ (The

www.foreverspace.com.mm



Voice Weekly Vol.3 No.24 တွင် သတင်းဖော်ပြပြီး) အများပြည်သူအကြား ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ပေါ်ပေါက်လာဖွယ်ရှိသည်။

အများပိုင်ကုမ္ပဏီများ ထူထောင်၍ အစုရှယ်ယာရောင်းချခြင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတွင် အစုရှယ်ယာရောင်းဝယ်နိုင်သည့် ဈေးကွက်တစ်ခုဟု ဆိုနိုင်သော်မြန်မာ့ငွေဈေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးကုမ္ပဏီလီမိတက် (MSEC) မှ ဒါရိုက်တာ ဦးကျော်စိန်၏ အဆိုအရ အများပိုင်ကုမ္ပဏီများ ထူထောင်ရာတွင် အများပြည်သူများ အရင်းအနှီး ငွေကြေးအများအပြား ထည့်ဝင်ရင်းနှီးနိုင်သော အခြေအနေမျိုးကို ဖော်ဆောင်ပေးရန် လိုအပ်ကြောင်း၊ ထိုသို့ဖော်ဆောင်ရာတွင် ရှယ်ယာဈေးနှုန်းဈေးမှာ အများပြည်သူများ ထည့်ဝင်နိုင်သော ဈေးနှုန်းများဖြစ်ရန် လိုအပ်ကြောင်း၊ ရောင်းချမည့် ရှယ်ယာဈေးနှုန်းများသည် ပြည်သူအများစု လက်လှမ်းမမီနိုင်သည့် ငွေကြေးပမာဏတစ်ခု ဥပမာ– ရှယ်ယာတစ်ခုလျှင် ကျပ် ၁၀ သိန်းခန့် ရှိနေမည်ဆိုပါက ကုမ္ပဏီအနေဖြင့် အများပြည်သူများ၏ ကျယ်ကျယ်ပြန့်ပြန့် ရင်းနှီးမြှုပ်နှံမှုအနေအထားကို ရရှိရန် မလွယ်ကြောင်း အစုရှယ်ယာများ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းကို ရှင်းပြသည်။

"ပြည်ပနိုင်ငံတွေမှာဆိုရင် သူတို့ကများများဝင်လေကြိုက်လေပဲ။ ဘာဖြစ်လို့လဲဆိုတော့ အများပြည်သူအစုရှယ်ယာများများဝယ်လေ လုပ်ငန်းအတွက် အရင်းအနှီးတောင့်တင်းလေပေါ့။ နောက်တစ်ချက်လည်း အစုရှယ်ယာများလေ ကုမ္ပဏီခိုင်မာလေပဲ။ ဥပမာ–ကုမ္ပဏီတစ်ခုကို အစုရှယ်ယာ ၅၀ ခုနဲ့ ထူထောင်ထားတယ်ဆိုပါစို့၊ အဲဒီအထဲက ၃၀ ယောက်က ဆက်မလုပ်တော့ဘူး။ ရှယ်ယာတွေရောင်းမယ်ဆိုရင် ဒီကုမ္ပဏီရေရှည်ရပ်တည်ဖို့ မလွယ်

သံတိုသံစနှင့် ဘက်ထရီအိုးဟောင်းများ တစ်ဖက်နိုင်ငံသို့ မှောင်ခိုတင်ပို့

ရန်ကုန်၊ မတ် ၈

မြန်မာနိုင်ငံအတွင်း စက်မှုကုန်ကြမ်းအဖြစ်အသုံးပြုနိုင်သည့် ဘက်ထရီအိုးဟောင်းနှင့်သံတိုသံစများကို မှောင်ခိုလမ်းကြောင်းများမှတစ်ဆင့် တစ်ဖက်နိုင်ငံများသို့ တင်ပို့လျက်ရှိသည်ကို တွေ့ရှိရကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ် တင်နိုင်သိန်းက စက်မှုကုန်ထုတ်လုပ်ငန်းရှင်များသို့ ပြောကြားသည်။

ယင်းကဲ့သို့ တရားမဝင်တင်ပို့နေမှုများသည် ရေရှည်တွင် ပြည်တွင်းစက်မှုကုန်ထုတ်လုပ်ငန်းရှင်များ၏ ကုန်ကြမ်းလိုအပ်ချက်ကို ထိခိုက်မှုရှိလာနိုင်ကြောင်းလည်း ဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။

မြန်မာနိုင်ငံအတွင်းမှ အီလက်ထရွန်နစ် Crcuit အပျက်များကို ကုန်ကြမ်းလိုအပ်ချက်မရှိသည့်အတွက် ရေကြောင်း(Oversea) ဖြင့် အစိုးရက တရားဝင်တင်ပို့ခွင့်ပြုလျက်ရှိကြောင်း ဝန်ကြီးက ယင်းနေ့က ဆက်လက်ပြောကြားခဲ့သည်။

Associated News

www.foreverspace.com.mm

မြန်မာ-အိန္ဒိယနှစ်နိုင်ငံ မွေးမြူရေးအထူးဇုန် တည်ထောင်ရန် မြန်မာအဆိုပြု

ရန်ကုန်၊ မတ် ၂၄

မြန်မာနိုင်ငံနှင့် အိမ်နီးနားချင်း အိန္ဒိယနိုင်ငံအကြား မွေးမြူရေးဖွံ့ဖြိုးမှုဆိုင်ရာ အထူးဇုန်တည်ထောင်ရန် မြန်မာနိုင်ငံက အဆိုပြုထားကြောင်း ဘင်းမ်စတက် လယ်ယာစိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပထမအကြိမ် ကျွမ်းကျင်သူများ အစည်းအဝေးအပြီး ထုတ်ပြန်သော ကြေညာချက်အရ သိရသည်။

မတ်လ ၁၅ ရက်နှင့် ၁၆ ရက်နေ့က နေပြည်တော်တွင်ကျင်းပခဲ့သော ယင်း အစည်းအဝေးသို့ မြန်မာအပါအဝင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အကြီးတန်း အရာရှိများတက်ရောက်ခဲ့ကြပြီး မြန်မာနှင့် အိန္ဒိယနှစ်နိုင်ငံအကြား မွေးမြူရေး ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအပြင် သီးနှံမျိုးစေ့ဖွံ့ဖြိုးရေးနှင့် ထုတ်လုပ်မှုဆိုင်ရာ များပူးပေါင်းဆောင်ရွက်ရန်၊ အော်ဂဲနစ်စိုက်ပျိုးနည်းပညာဖွံ့ဖြိုးရေးဆောင်ရွက် ရန်၊ အမျိုးသားအဆင့် သက်ဘေးထုတ်လုပ်ရေးဆိုင်ရာ ဥပဒေပေါ်လစီများချမှတ် ရန်၊ နှစ်နိုင်ငံ အလုပ်ရုံဆွေးနွေးပွဲများကျင်းပရန်၊ ကော်ဖီထုတ်လုပ်မှုဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရန်၊ ဂုန်လျှော်စိုက်ပျိုးခြင်းဆိုင်ရာများ ပူးပေါင်းဆောင်ရွက် ရန်၊ ဘိုင်အိုဒီဇယ်ထုတ်လုပ်ခြင်းနှင့် စက်ပစ္စည်းထုတ်လုပ်ရေးများ ပူးပေါင်းဆောင် ရွက်ရန်၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆက်စပ်သောစက်ပစ္စည်းများ ပြင်ဆင်ထိန်း သိမ်းရေး နည်းပညာသင်တန်းများ နှစ်နိုင်ငံအကြား အပြန်အလှန်ပေးအပ်ရန်၊ တိရစ္ဆာန်ရောဂါရာဖွေရေးဓာတ်ခွဲခန်းများ ပိုမိုဖွံ့ဖြိုးလာစေရန် ပူးပေါင်းဆောင် ရွက်ရန်ဟူသော ဆွေးနွေးချက်များ ကြေညာချက်တွင် ဖော်ပြပါရှိသည်။

ဘင်းမ်စတက် (BIMSTEC) အဖွဲ့သည် တောင်အာရှနိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ သီရိလင်္ကာ၊ ဘူတန်၊ နီပေါတို့နှင့် အရှေ့တောင်အာရှမှ မြန်မာနှင့် ထိုင်းနိုင်ငံတို့ စီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းများ ပူးပေါင်းလုပ် ဆောင်ရန် ၁၉၉၇ ခုနှစ်က ဖွဲ့စည်းထားသောအဖွဲ့ဖြစ်သည်။

Mass Peafowl News

တော့ဘူး။ ဈေးကွက်မှာက ရှယ်ယာရောင်းချင်တဲ့သူ ဝယ်ချင်တဲ့လူဆိုတာရှိမှာပဲ။ အဲဒီတော့ အများပြည်သူတွေက လက်လမ်းမီတဲ့ တန်ဖိုးတစ်ခုနဲ့ အစုရှယ်ယာများများရောင်းထားတယ်။ အဲဒီအတွက် အစုရှယ်ယာပိုင်ရှင်ဦးရေ ၁၀၀၀ ရှိတယ်ဆိုရင် အဲဒီအထဲက အစုရှယ်ယာ ၃၀ ခုလောက် ရောင်းသွားတာ ကုမ္ပဏီရဲ့ လုပ်ငန်းတွေကို မထိခိုက်နိုင်ဘူး။ ဒါကြောင့် သူတို့ဆီက လုပ်ငန်းတွေမှာ အစုရှယ်ယာတွေမှာ အများပြည်သူတွေ များများမြှုပ်နှံနိုင်ဖို့ လမ်းဖွင့်ပေးတာပါ" ဟု အစုရှယ်ယာအရေအတွက်နှင့် ကုမ္ပဏီ၏ လုပ်ငန်းဆိုင်ရာ ဆက်စပ်မှုကို ဦးကျော်စိန်က ဆက်လက်ရှင်းပြသည်။

အများပိုင်ကုမ္ပဏီများ၏ အားသာချက်မှာ အစုရှယ်ယာရှင် အရေအတွက်များစွာ၏ ရင်းနှီးထည့်ဝင်ငွေရရှိထားသဖြင့် အခြားစီးပွားရေးလုပ်ငန်းကုမ္ပဏီများနှင့် ရေရှည်ယှဉ်ပြိုင်နိုင်စွမ်းရှိသကဲ့သို့ အများပြည်သူများတွင် သုံးစွဲမှုတန်ဖိုးမရှိသည့် စုဆောင်းငွေများကို အစုရှယ်ယာအဖြစ် ဝယ်ယူရင်းနှီးမြှုပ်နှံခွင့်ရှိစေရန် ဖော်ဆောင်ပေးခြင်းဖြင့် ဈေးကွက်ရှိ ဝယ်လိုအား (Demand) ကို လျှော့ချနိုင်ပြီး ဆက်လက်၍ Inflation (ငွေကြေးဖောင်းပွမှု) ကိုပါ ထိန်းချုပ်စေနိုင်မည်ဖြစ်သည်။ ထို့အပြင် အစုရှယ်ယာ ရောင်းချခြင်းဖြင့် ရရှိလာသည့် ရင်းနှီးထည့်ဝင်ငွေများကို နိုင်ငံ၏ ကုန်ထုတ်လုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်း အစရှိသည့် စီးပွားရေးလုပ်ငန်းများတွင် သုံးစွဲနိုင်ခြင်းဖြင့် အများပြည်သူများ၏ စုဆောင်းငွေများကို လုပ်ငန်းအသီးသီးတွင် လည်ပတ်စေခြင်းဖြင့် နိုင်ငံ၏ ကုန်ထုတ်နိုင်မှု စွမ်းအားကို တိုးမြှင့်နိုင်မည်ဖြစ်သည်။

အများပိုင်ကုမ္ပဏီများအနေဖြင့် အများပြည်သူများ ထည့်ဝင်ရင်းနှီးလိုသည့် ယုံကြည်မှုကို ရရှိရန်မှာ များစွာအရေးပါပြီး သင့်လျော်သည့် စည်းမျဉ်းစည်းကမ်းများနှင့် ဖွဲ့စည်းတည်ထောင်ခြင်းဖြင့် အစုရှယ်ယာရှင် ဝယ်ယူလိုသူများကို ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း စီးပွားရေးဆန်းစစ်သူတို့က အကြံပြုသုံးသပ်သည်။

"ကျွန်တော်တို့ဆီမှာရှယ်ယာအရောင်းအဝယ်လက်ခံဆောင်ရွက်ပေးမယ်ဆိုရင် သတ်မှတ်ထားတဲ့ စည်းမျဉ်းတွေနဲ့အညီ လက်ခံဆောင်ရွက်ပေးပါတယ်။ အဲဒီမှာ အချက်အလက်တွေပါပါတယ်။ ဥပမာဆိုရင် ကုမ္ပဏီရဲ့ လုပ်ငန်းရပ်တွေကို ဩဇာသက်ရောက်စေမယ့်၊ အကျိုးသက်ရောက်စေမယ့် လုပ်ငန်းမျိုးလုပ်မယ်ဆိုရင် အစုရှယ်ယာရှင်တွေရဲ့ သဘောတူညီချက်ရရှိတဲ့စနစ် ကျင့်သုံးမှသာ ရှယ်ယာအရောင်းအဝယ် လက်ခံဆောင်ရွက်ပေးတာပါ။ အစုရှယ်ယာရှင် အချို့က အများကို အသိမပေးဘဲ ရုံးမယ့် လုပ်ငန်းကြီးကို ဆောင်ရွက်မယ်။ ဒါမှမဟုတ် အခုဆောက်လုပ်ရေးလုပ်ငန်းလုပ်နေရာက ပို့ဆောင်ရေးလုပ်ငန်းပြောင်းလုပ်မယ်ဆိုရင် အစုရှယ်ယာရှင်တွေရဲ့ ယုံကြည်မှုကို လက်ခံရရှိနိုင်မှာ မဟုတ်ဘူး" ဟု ဦးကျော်စိန်က ဆိုသည်။

အများပိုင်ကုမ္ပဏီများ ထူထောင်ခြင်းအားဖြင့် နိုင်ငံ၏ ကုန်ထုတ်စွမ်းအားကို အများပြည်သူများ၏ စုဆောင်းငွေများမှ အစုရှယ်ယာအဖြစ် ပြောင်းလဲအသုံးပြုလည်ပတ်နိုင်မည်ဖြစ်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် များစွာအရေးပါသည့်လုပ်ငန်းတစ်ရပ် ဖြစ်သည်။ ■

www.foreverspace.com.mm

ပြည်ပသွားရောက်အလုပ်လုပ်သူများ နိုင်ငံခြားငွေစာရင်းဖွင့်ရမည်

ရန်ကုန်၊ မတ် ၃

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများသည် မတ်လ ၁ ရက်နေ့မှစတင်၍ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် (MFTB)တွင် FEC ၁၀၀ ပေးသွင်း၍ ယင်း MFTB သို့မဟုတ် မြန်မာ့စီးပွားရေးဘဏ်တို့တွင် နိုင်ငံခြားငွေစာရင်းဖွင့်လှစ်ရမည်ဖြစ်ကြောင်း ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီအချို့ထံမှ သိရသည်။

ပြည်ပတွင် အလုပ်လုပ်ကိုင်သူများအနေဖြင့် နိုင်ငံကူးလက်မှတ်၊ အလုပ်လုပ်ကိုင်ခွင့်လက်မှတ်နှင့် အလုပ်ခေါ်စာများရရှိသည့်အခါ အထက်ပါအတိုင်း FEC ၁၀၀ ပေးသွင်းရမည်ဖြစ်ပြီး အလုပ်သမားညွှန်ကြားမှုဦးစီးဌာနတွင် အသေးစိတ်မှတ်ပုံတင်၍ ယင်းသို့ နိုင်ငံခြားငွေစာရင်းဖွင့်လှစ်ရမည်ဖြစ်သည်ဟု အဆိုပါအေဂျင်စီများမှ တာဝန်ရှိသူအချို့က ပြောကြားသည်။

ယင်းသို့ ဘဏ်စာရင်းဖွင့်လှစ်ပြီးမှ ပြည်ပအလုပ်အကိုင်ဆိုင်ရာ အလုပ်သမားသက်သေခံလက်မှတ် (Overseas Worker Identification Card) ရရှိမည်ဖြစ်ကြောင်း၊ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများ သဘော်ဆိပ်၊ လေဆိပ်နှင့် နယ်စပ်ထွက်ပေါက်များမှ ထွက်ခွာကြသည့်အခါတွင် အဆိုပါလက်မှတ်ကို စစ်ဆေးမည်ဖြစ်ကြောင်းနှင့် ယင်းလက်မှတ်တွင် ပြည့်စုံစွာပါရှိမှသာ ပြည်ပထွက်ခွာခွင့်ပြုမည်ဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

ပြည်ပနိုင်ငံများတွင် အလုပ်လုပ်ကိုင်စဉ်တွင်လည်း ယင်းကတ်ကို ကိုယ်နှင့်အတူထားရှိရမည်ဖြစ်ပြီး ပြည်ပအလုပ်အကိုင်မှအပြီးပြန်လာသူများသည် ယင်းကတ်ကို အလုပ်သမားညွှန်ကြားမှုဦးစီးဌာနသို့ ပြန်လည်အပ်နှံရမည်ဖြစ်ကြောင်း၊ ယင်းကတ်များကို မရမ်းကုန်းမြို့နယ် ရှစ်မိုင်ရှိ အလုပ်သမားညွှန်ကြားမှုဦးစီးဌာနတွင် နေ့ချင်းပြီးလုပ်ဆောင်ပေးနေသည်ဟုသိရကြောင်း ၎င်းတို့က ဆိုသည်။ မလေးရှားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများမှာ ကျပ် ၆၀,၀၀၀ သာ MFTB သို့ ပေးသွင်းရပြီး အခြားနိုင်ငံများသို့ သွားရောက်မည့်သူများမှာ FEC ၁၀၀ ပေးသွင်းရကြောင်း၊ ယင်းပုဂ္ဂိုလ်များက ရှင်းလင်းပြောကြားသည်။ မတ်လ ၁ ရက်နေ့မှ စတင်ပြီး အဆိုပါစနစ်ကို အတိအကျကျင့်သုံးခဲ့၍ MFTB ဘဏ်တွင် ငွေသွင်းသူများ၊ ငွေစာရင်းဖွင့်သူများဖြင့် ယခင်ကထက် ပိုမိုစည်ကားလာကြောင်း ကိုယ်တိုင်မြင်တွေ့ရသူများက ဆိုသည်။

ယင်းလုပ်ငန်းစဉ်များမှာ ယခင်ကပင်ရှိခဲ့ပြီးဖြစ်သော်လည်း အေဂျင်စီအချို့က လုပ်ငန်းစဉ်အတိုင်းမလုပ်ကိုင်၍ ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများထံသို့ အလုပ်သမားညွှန်ကြားမှုဦးစီးဌာနက ယခုနှစ် ဖေဖော်ဝါရီလဆန်းပိုင်းတွင် အသိပေးခဲ့ပြီး မတ်လ ၁ ရက်နေ့မှ စတင်၍ ယင်းစနစ်ကို ကျင့်သုံးနေပြီဖြစ်ကြောင်း အဆိုပါအေဂျင်စီများထံမှ သိရသည်။

ပြည်ပသို့ အလုပ်သမားစေလွှတ်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များကို ၁၉၉၉ ခုနှစ် ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေပုဒ်မ ၉(က)၊ (ခ)၊ (ဂ) တို့နှင့်အညီ မတ်လ ၁ ရက်နေ့မှ စတင်၍ ပြင်ဆင်သွားမည်ဖြစ်ကြောင်း၊ ယင်းသို့ ပြင်ဆင်ဆောင်ရွက်ခြင်းမှာ နိုင်ငံအတွက် ရသင့်ရထိုက်သောဝင်ငွေများ အပြည့်အဝရရှိစေရေး၊ ပြည်ပအလုပ်အကိုင်မှတ်ပုံတင်ထားသော အလုပ်သမားများ၏ အခွင့်အရေးများအပေါ် ပိုမိုထိရောက်စွာ ကာကွယ်ရေးနှင့် ပြည်ပအလုပ်အကိုင်လုပ်ငန်းလိုင်စင်မရှိဘဲ တရားမဝင်နည်းဖြင့် ငွေများလွှဲပြောင်းပေးပို့နေသော ကုမ္ပဏီများအား ထိရောက်စွာအရေးယူနိုင်ရေးအတွက်ဖြစ်ကြောင်း အလုပ်သမားညွှန်ကြားမှုဦးစီးဌာနက ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများထံသို့ ပေးပို့ထားသော အသိပေးချက်တွင် ဖော်ပြပါရှိသည်။

ပြည်ပတွင် အလုပ်လုပ်ကိုင်ရာ၌ အခက်အခဲတစ်စုံတစ်ရာရှိခဲ့လျှင် အလုပ်သမားများမှာ ၎င်းတို့၏ အမည်၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာ အလုပ်သမားသက်သေခံလက်မှတ်၊ မှတ်ပုံတင်အမှတ်၊ စေလွှတ်သည့် အေဂျင်စီအမည်တို့ကို ဖော်ပြ၍ ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ နေပြည်တော်သို့တိုင်ကြားနိုင်ပြီး ဖက်စ်ဖြင့်တိုင်ကြားပါက ၀၆၇-၄၀၄၃၄၅၅၊ e-mail / လိပ်စာ-dol@mptmail.net.mm ဖြစ်သည်။

Associated News

www.foreverspace.com.mm

e-Shopping မြန်မာ Blog များ လွှင့်တင်

ရန်ကုန်၊ မတ် ၁၄

မြန်မာနိုင်ငံရှိ အင်တာနက်အသုံးပြုသူများအကြား တွင်ကျယ်လာသည့် Blog များတွင် e-Shopping ကဲ့သို့ ဈေးရောင်းချသည့် မြန်မာ Blog များ လွှင့်တင်ထားပြီး ဖြစ်ကြောင်း အင်တာနက်သင်တန်းများ ဖွင့်လှစ်ထားသည့် Service+ အဖွဲ့အစည်းမှ သင်တန်းနည်းပြ ဦးမျိုးမင်းဦးက Living Color မဂ္ဂဇင်းသို့ ပြောကြားသည်။

အဆိုပါ Blog များတွင် လူငယ်ကြိုက်အီလက်ထရွန်နစ်ပစ္စည်းများဖြစ်သည့် MP3 ၊ MP4 ၊ Memory Stick များကို Myanmar Oline MP3 Boutique အမည်ဖြင့် မတ်လပထမပတ်မှစတင်၍ လွှင့်တင်ထားကြောင်း ၎င်းက ဆိုသည်။ MP3 ၊ MP4 ၊ Memory Stick များကို ဓာတ်ပုံနှင့်တကွ Blog တွင် တင်ထားပြီး ပစ္စည်းအမှတ်တံဆိပ်၊ ပါဝင်သည့် Function များ၊ ဈေးနှုန်းနှင့်တကွ ဝယ်ယူရမည့် လိပ်စာကိုပါ ဖော်ပြပေးထားကြောင်း ၎င်းက ရှင်းလင်းပြောကြားသည်။

အခြား Blog တစ်ခုတွင် လူငယ်ကြိုက် အက်ဖီဒိုင်းများကို ဖော်ပြထား၍ ရရှိနိုင်သည့် ဆိုင်လိပ်စာများကို ဖော်ပြထားကြောင်း Service+ မှ သင်တန်းနည်းပြ ဦးဇော်ဇော်မျိုးလွင်ကဆိုသည်။

ယခုကဲ့သို့ Blog မှနေ၍ ရောင်းချခြင်းသည် ဆိုင်သို့ကိုယ်တိုင်သွားရောက်ဝယ်ယူရန် မလိုတော့သဖြင့် အခြားဌေကုန်ကြေးကျမရှိကြောင်းနှင့် လူငယ်များ Blog ကို ပိုမိုစိတ်ဝင်စားလာနိုင်ကြောင်း ဦးမျိုးမင်းဦးက ပြောကြားသည်။ MP3 များ ရောင်းချသည့် Blog မှာ http://mp3digitalmart.blogspot.com နှင့် အက်ဖီဒိုင်းများဖော်ပြထားသည့် Blog မှာ http://buyingkid.blogspot.com တို့ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ယခုကဲ့သို့ Blog မှနေ၍ ပစ္စည်းများကို ရောင်းချသည့်အတွက် အလိုရှိရာပုံစံကို ကြိုတင်ရွေးချယ်နိုင်၍ အဆင်ပြေနိုင်ကြောင်း Blog များကို အမြဖတ်ရှုလေ့ရှိသူတစ်ဦးက ပြောကြားသည်။

ပြည်ပအလုပ်အကိုင်အတွက် အကျိုးဆောင်များနှင့် ဆက်သွယ်ဆောင်ရွက်သူဦးရေတိုး

သတင်းဆောင်းပါး – Phoenix News၊ ၂၈-၃-၂၀၀၇

ရန်ကုန်အခြေစိုက် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီအချို့၏ အားနည်းချက်များနှင့် မရိုးသားမှုများကြောင့် နိုင်ငံရပ်ခြားသို့သွားရောက်၍ အလုပ်လုပ်ကိုင်စီးပွားရှာလိုသူအများစုမှာ အဆိုပါအေဂျင်စီအချို့အပေါ် ယုံကြည်မှုများလျော့ပါးလာပြီး ယင်းအေဂျင်စီများကဲ့သို့ပင် ပြည်ပအလုပ်အကိုင်များကို ရှာဖွေပေးနိုင်သည်ဟုဆိုသော အကျိုးဆောင်ပုဂ္ဂိုလ်များနှင့် ဆက်သွယ်လုပ်ကိုင်ကြသူ လုပ်သားအရေအတွက်မှာ သိသိသာသာပင် တိုးလာကြောင်း ပြည်ပသို့ထွက်ခွာရန် ကြိုးပမ်းနေကြသည့် မြန်မာလုပ်သားများအသိုင်းအဝိုင်းထဲမှ သတင်းရရှိသည်။

အဆိုပါအကျိုးဆောင်ပုဂ္ဂိုလ်များမှာ ပြည်ပအတွင်းရှိ မည်သည့်အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီနှင့်မှ ချိတ်ဆက်ထားခြင်းမရှိသော်လည်း ပြည်ပနိုင်ငံအချို့တွင်မူ ၎င်းတို့နှင့် အကျိုးတူဆောင်ရွက်နေသော အကျိုးဆောင်ပုဂ္ဂိုလ်များနှင့် ချိတ်ဆက်ဆောင်ရွက်ကာ ပြည်တွင်းရှိ အလုပ်သမားများအား ပြည်ပနိုင်ငံများတွင် အလုပ်အကိုင်ရရှိရန် ဆောင်ရွက်ပေးနေကြခြင်းဖြစ်ကြောင်း မြန်မာလုပ်သားအသိုင်းအဝိုင်းကဆိုသည်။

ပြည်တွင်းရှိ အကျိုးဆောင်ပုဂ္ဂိုလ်အများစုသည် တစ်ချိန်က ၎င်းတို့ကိုယ်တိုင် ပြည်ပတွင် အလုပ်လုပ်ကိုင်ခဲ့ကြသူများဖြစ်ကြောင်း၊ အချို့အကျိုးဆောင်ပုဂ္ဂိုလ်များမှာ ပြည်ပတွင် ကျန်ခဲ့သည့်၎င်းတို့၏လုပ်ဖော်ကိုင်ဖက်များနှင့် ချိတ်ဆက်၍ အလုပ်အကိုင်ရှာဖွေပေးခြင်းဖြစ်ကြောင်း၊ အချို့မှာ ပြည်ပရှိ ဆွေမျိုးသားချင်းများနှင့် ချိတ်ဆက်ပြီး လုပ်ကိုင်ဆောင်ရွက်ကြခြင်း ဖြစ်ကြောင်း၊ ပြည်တွင်းရှိ အကျိုးဆောင်ပုဂ္ဂိုလ်များနှင့် ချိတ်ဆက်ဆောင်ရွက်နေသော ပြည်ပရှိ အကျိုးဆောင်ပုဂ္ဂိုလ်များမှာ မြန်မာနိုင်ငံသားအများစု ဖြစ်ကြောင်း၊ စင်ကာပူနှင့် မလေးရှားနိုင်ငံများ

www.foreverspace.com.mm

တွင် ခုနစ်နှစ်နီးပါး သွားရောက်အလုပ်လုပ်ကိုင်ခဲ့ဖူးသည့် မြန်မာလုပ်သားဟောင်းတစ်ဦးဖြစ်သူ ဦးခင်မောင်သိန်းက ပြောကြားသည်။

"ကျွန်တော်တို့လည်း အကျိုးဆောင်ပုဂ္ဂိုလ်နဲ့လုပ်တာ အားလုံးရှစ်ယောက်။ ဓပြီလလယ်လောက် ထွက်မယ်။ သွေးစစ်တာတို့၊ ဘာတို့ အားလုံးလုပ်ပြီးပြီ။ မလေးကို သွားမှာ။ ဒီမှာကုန်ကျတဲ့စရိတ်မပါဘူး။ တစ်ယောက်ကို ၁၂ သိန်း အကျိုးဆောင်ခပေးရတယ်။ အဆင်ပြေအောင်တော့ လုပ်ရမှာပဲ" ဟု ဧရာဝတီတိုင်း ဓနုဖြူမြို့နယ် အနီးကျေးရွာတစ်ခုမှ အမည်မဖော်လိုသူ တစ်ဦးက ပြောကြားသည်။

အဆိုပါအကျိုးဆောင်ပုဂ္ဂိုလ်နှင့် ဆက်သွယ်မိပုံကို ၎င်းကပြောကြားရာတွင် ထူးထူးခြားခြားဆက်သွယ်မိခြင်းမျိုးမဟုတ်ကြောင်း၊ ယင်းအကျိုးဆောင်ပုဂ္ဂိုလ်မှာ ၎င်းတို့ဒေသမှဖြစ်ပြီး ရန်ကုန်တွင် လွန်ခဲ့သော နှစ်အတန်ကြာကပင် အခြေချနေထိုင်လျက်ရှိသူဖြစ်ကြောင်း၊ လွန်ခဲ့သောတစ်နှစ်ခန့်က နေရပ်ဒေသသို့ ပြန်လည်ရောက်ရှိလာပြီး နိုင်ငံရပ်ခြားသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသူများကို ပို့ဆောင်ပေးနေသည်ဟု ပြောဆိုစကားစပ်မိရာမှ သိရသဖြင့် ယခုကဲ့သို့ မလေးရှားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ရန် စီစဉ်ခဲ့ခြင်း ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

၎င်းအကျိုးဆောင်ပုဂ္ဂိုလ်များသည် လွန်ခဲ့သည့် နှစ်အတန်ကြာ ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများ မပေါ်ပေါက်မီက ပေါ်ပေါက်ခဲ့ဖူးပြီး အေဂျင်စီများ ပေါ်ပေါက်လာသောအခါတွင် ၎င်းတို့၏ဝန်ဆောင်မှုလုပ်ငန်းများမှာ မှေးမှိန်သွားခဲ့ခြင်းဖြစ်သည်ဟု မြန်မာအလုပ်သမားများအသိုင်းအဝိုင်းက ဆိုသည်။ ထိုစဉ်က ပင်လျှင် အကျိုးဆောင်ပုဂ္ဂိုလ်များကြား အမှန်တကယ် အလုပ်အကိုင်ရှာဖွေပေးနိုင်သောသူများနှင့် အမှန်တကယ်အလုပ်အကိုင်ရှာဖွေမပေးနိုင်သောသူများရှိနေခဲ့သည်ဟု ယင်းအချိန်က ပြည်ပသို့ သွားရောက်ရန် အားထုတ်ခဲ့ကြသည့် မြန်မာအလုပ်သမားများဖြစ်သော ဦးဝင်းဌေး၊ ဦးအောင်ဇင်နှင့် ဦးခင်စိုးတို့က ဆိုပါသည်။

"အဲဒီအချိန်တုန်းကဆို အရမ်းသတိထားရတယ်။ ဘယ်သူက အမှန်ဆိုတာ မသိရဘူးလေ။ အလိမ်ခံလိုက်ရတဲ့သူတွေလည်း ရှိတာပဲ။ တချို့က ဒီမှာတင် အလိမ်ခံရတယ်။ တချို့က ဟိုရောက်မှ အလိမ်ခံရမှန်းသိတယ်။ ဘယ်မှာပဲ အလိမ်ခံရခံရ အလိမ်ခံလိုက်ရတဲ့သူကတော့ အဲဒီအချိန်က ဘဝပျက်မတတ်ဘဲ" ဟု ဦးခင်စိုးက ပြောကြားသည်။

"အခု ဒီအကျိုးဆောင်ပုဂ္ဂိုလ်တွေ ပြန်ပေါ်လာပြီဆိုတော့ သတိထားရမယ်၊ လူသိရှင်ကြားလုပ်နေတဲ့ အေဂျင်စီတွေတောင် မရိုးမသားလုပ်ကြသေးတာဆိုတော့ ဒီလူတွေလည်း မလုပ်ဘူးလို့ မပြောနိုင်ဘူး။ နောက်ပြီး တရားဝင်မှတ်ပုံတင်ပြီး အလုပ်လုပ်ကြတာလည်းမဟုတ်တော့ ပို ပြီး သတိထားရမယ်။ ကျွန်တော်တို့အတွေ့အကြုံနဲ့ဆိုရင်တော့ အဲဒီလူ ဘယ်လိုလူလဲ၊ ဘယ်မှာနေလဲ၊ တကယ်နိုင်ငံခြားကို ပို့ပြီး အလုပ်ရှာပေးနိုင်တဲ့အနေအထားရှိသလား၊ အာမခံချက် ဘယ်လောက်ရှိသလဲ စသဖြင့် ပေါ့ဗျာ လေ့လာစုံစမ်းပြီးမှ လုပ်သင့်တယ်" ဟု ဦးဝင်းဌေးက ဆိုသည်။

ပြည်ပနိုင်ငံများသို့ထွက်၍ အတွေ့အကြုံနှင့် အကျိုးစီးပွားကို ရှာဖွေလိုသော ဆန္ဒများ မြန်မာလူငယ်များကြား အထင်အရှားပေါ်လွင်နေသည့်အတွက် ယင်းကို အကြောင်းပြုကာ ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီအချို့နှင့် အကျိုးဆောင်ပုဂ္ဂိုလ်အချို့က မရိုးမသားလုပ်ဆောင်လာနိုင်ကြောင်း၊ လုပ်ဆောင်မှုများလည်း ရှိနေ

www.forevergreenspace.com.mm

ကြောင်း၊ ၎င်းတို့ကို ဖော်ထုတ်သွားရန်လို ကြောင်း၊ လေးရှားနိုင်ငံတွင် တစ်နှစ်ခန့် သွားရောက်လုပ်ကိုင်ခဲ့ပြီး အကြောင်း ကြောင်းကြောင့် ပြန်လည်ရောက်ရှိလာ သော မြန်မာလုပ်သားတစ်ဦး၏ဖခင်ဖြစ်သူ ဦးကိုကိုကြီးက သုံးသပ်ပြောကြားသည်။

လက်ရှိတွင် ပြည်ပအလုပ်အကိုင်ရှာ ဖွေပေးနိုင်သည်ဟုဆိုသော အကျိုးဆောင် ပုဂ္ဂိုလ်များသည် မြန်မာလုပ်သားများကို စင်ကာပူနှင့် မလေးရှားနိုင်ငံများသို့ အများ ဆုံးပို့ဆောင်ကာ အလုပ်အကိုင်များရှာဖွေ ပေးလျက်ရှိနေပြီး နောက်ပိုင်းတွင် မြန်မာ အလုပ်သမားများ သွားရောက်မှုအရေအတွက် များလာသော ဆော်ဒီ၊ ကာတာ အစရှိသည့် အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံများ (UAE) ပို့ဆောင်ရန် လုပ်ကိုင်လာနိုင် ကြောင်း အလုပ်အကိုင်ရှာဖွေရေးနှင့် အလုပ်သမားများအသိုင်းအဝိုင်းက ခန့်မှန်း လျက်ရှိသည်။

သစ်တောကြိုးဝိုင်း ခြောက်ခုရှိ ကျွန်းပင်များ၏ သက်တမ်းနှင့် စာရင်းပြုစုမည်

ရန်ကုန်၊ ဖေဖော်ဝါရီ ၁၄

မြန်မာနိုင်ငံရှိ သစ်တောကြိုးဝိုင်း ခြောက်ခုတွင် အကောင်အထည်ဖော်မည့် Seed Production Area (SPA) Project အရ ကျွန်းပင်များ၏ သက်တမ်းနှင့်စာရင်း များ ပြုစုဆောင်ရွက်မည်ဖြစ်ကြောင်း သစ် တောသယံဇာတပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက် ရေးနှင့်ထိန်းသိမ်းရေးအသင်း (FREDA)မှ အထွေထွေအတွင်းရေးမှူး ဦးအုန်းက ဖေဖော်ဝါရီလ ဒုတိယပတ်အတွင်း ပြော ကြားသည်။

အဆိုပါ SPA Project ကို FREDA နှင့် International Tropical Timber Organization (ITTO) တို့ ပူးပေါင်း၍ ပြီးခဲ့ သည့် ဇန်နဝါရီလမှ စတင်၍ ဆောင်ရွက်ခဲ့

မြန်မာ - အိန္ဒိယ ပို့ဆောင်ရေးပူးတွဲစီမံကိန်း အပြီးသတ်ဆွေးနွေးမည်

ချန်နိုင်း၊ မတ် ၁၄

အိန္ဒိယနိုင်ငံ၏ မဟာဗျူဟာရည်မှန်းချက်တစ်ရပ်ဖြစ်သည့် အရှေ့တောင် အာရှနိုင်ငံများနှင့် တိုက်ရိုက်ရေကြောင်းကုန်သွယ်မှုပြုလုပ်ရေးအတွက် အချက် အချာစီမံကိန်းတစ်ရပ်ဖြစ်သည့် မြန်မာနိုင်ငံ ကုလားတန်မြစ် ဘက်စုံပို့ဆောင်ရေး စီမံချက်ဆိုင်ရာ အပြီးသတ်ဆွေးနွေးမှုကို မတ်လနောက်ဆုံးပတ်အတွင်း ပြုလုပ် မည်ဖြစ်ကြောင်း အိန္ဒိယမှလာသောသတင်းများအရ သိရသည်။

နယူးဒေလီမြို့တွင်ပြုလုပ်မည့် အဆိုပါဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ၊ ပို့ ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တက် ရောက်မည်ဖြစ်သည်။ အဆိုပါစီမံကိန်းအကောင်အထည်ဖော်ရေးအတွက် အိန္ဒိယမှ ကန်ဒေါလာ ၁၀၃ သန်းနှင့် မြန်မာနိုင်ငံမှ ဒေါ်လာ ၁၀ သန်း၊ ရင်းနှီး မြှုပ်နှံမည့် နိုင်ငံတကာရေနက်ဆိပ်ကမ်းတစ်ခု တည်ဆောက်ရန် စီမံထားပြီး ယင်းစီမံကိန်းနှင့်ဆက်စပ်၍ စစ်တွေမှ ကီလိုမီတာ ၁၆၀ ကွာဝေးသည့် မိဇိုရမ် ပြည်နယ်သို့ ကုလားတန်မြစ်ကိုအသုံးပြု၍ ပို့ဆောင်ရေးလုပ်ငန်းများ ဖော်ဆောင် မည်ဖြစ်သည်။

ကုလားတန်ဘက်စုံစီမံကိန်းတွင် ကုလားတန်မြစ်ကမ်းဘေးရှိ ပလက်ဝမြို့ တွင် ဆိပ်ကမ်းတစ်ခုတည်ဆောက်မည်ဖြစ်ပြီး ယင်းမြို့မှ မိဇိုရမ်ပြည်နယ်သို့ တိုက်ရိုက်ကားလမ်းဖောက်လုပ်မည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံ အရှေ့မြောက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနဝန်ကြီး မန်နီရှန်ကာအီက ပြောကြားသည်။ အဆိုပါစီမံကိန်းကြောင့် အိန္ဒိယအနေဖြင့် မြန်မာနိုင်ငံကို အခြေပြုကုန်သွယ်နိုင် မည်ဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်ပိုင်နက်များကို အသုံးပြုရန်လိုအပ်တော့မည်မဟုတ် ကြောင်း ၎င်းကဆိုသည်။

မြန်မာ–အိန္ဒိယဓာတ်ငွေ့ပိုက်လိုင်းတည်ဆောက်ရေးစီမံကိန်းမှာမူ ဆွေး နွေးညှိနှိုင်းမှုများ ပြုလုပ်နေဆဲဖြစ်ကြောင်း အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်းက ပြောကြားသည်။ ကုလားတန်မြစ်မှာ ကီလိုမီတာ ၂၂၀ ခန့်ရှည်သည်။

ခြင်းဖြစ်ပြီး ယင်းစီမံချက်အရ ရွှေဘို၊ ဂန့်ဂေါ၊ ကြွံခင်းဒေသများရှိ သစ်တောကြိုး ဝိုင်းများတွင် ၂၀၀၇ ခုနှစ်အတွင်း၌လည်း ကောင်း၊ ပျဉ်းမနားဒေသရှိ ငလိုက်သစ် တောကြိုးဝိုင်း၊ ပြည်ဒေသရှိ ပေါက်ခေါင်း သစ်တောကြိုးဝိုင်းနှင့် နတ်တလင်းဒေသရှိ ဘော်တင်ကြိုးဝိုင်းတို့တွင် လာမည့် ၂၀၀၈ ခုနှစ်အတွင်း၌လည်းကောင်း ဆောင်ရွက် မည်ဖြစ်ကြောင်း၊ စီမံချက်အရ သစ်တော ကြိုးဝိုင်းများအတွင်း ကျွန်းပင်များဖြစ်ထွန်း အောင်မြင်မှုအခြေအနေနှင့် ပေါက်ရောက် နေသည့် ကျွန်းပင်များ၏ သက်တမ်းနှင့် စာရင်းများကို ပြုစုသွားရန်နှင့် ပေါက် ရောက်နေသည့် ကျွန်းပင်များကိုမျိုးကောင်း မျိုးသန့်ရွေးချယ်စိစစ်ပြီး မျိုးကောင်းမျိုး သန့်မဟုတ်သော ကျွန်းပင်များကို ခုတ်လှဲကာ အစားထိုးစိုက်ပျိုးမည်ဖြစ်ကြောင်း ဦးအုန်းက ဆောင်ရွက်မည့်အခြေအနေကို ရှင်းလင်း ပြောကြားသည်။

■

www.forumersspace.com.mm

ပညာရေးတွင်ရင်းနှီးမြှုပ်နှံခြင်းသည် အခြားလုပ်ငန်းနယ်ပယ်တွင် ရင်းနှီးမြှုပ်နှံရခြင်းထက် စွန့်စားရမှုပိုများ

သတင်းဆောင်းပါး – ကျော်နိုင် ၊ ၃၁-၃-၂၀၀၇

ပြည် ပတက္ကသိုလ်ကောလိပ်များတွင် သွားရောက်ဆည်းပူးလိုသူ မြန်မာလူငယ်များအဖို့ ပညာရေးအတွက် ရင်းနှီးမြှုပ်နှံရခြင်းသည် အခြားသော လုပ်ငန်းနယ်ပယ်တစ်ခုခုတွင် ရင်းနှီးမြှုပ်နှံရသည်ထက် Risk(စွန့်စားရမှု) ပိုမိုများပြားသဖြင့် သတိပြုရန် အထူးလိုအပ်ကြောင်း မြန်မာနိုင်ငံ၌ နိုင်ငံတကာပညာရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေသော Management & Accountancy Training (MAT) မှ အုပ်ချုပ်မှုဒါရိုက်တာ ဒေါက်တာတင်လတ်က မတ်လ ၃၁ ရက်နေ့တွင် ပြောကြားသည်။

Service+ Co., Ltd. နှင့် Creative Web Studio တို့ ပူးပေါင်းစီစဉ်မှုဖြင့် ထို့နေ့က ရန်ကုန်မြို့ လှိုင်မြို့နယ် Myanmar Info-Tech ခန်းမတွင် ကျင်းပသော ယနေ့ မြန်မာအင်တာနက်နှင့် ပညာရပ်ဆိုင်ရာ အခွင့်အလမ်းများ ဟောပြောပွဲတွင် ၎င်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ယင်းကဲ့သို့ ရင်းနှီးမြှုပ်နှံ၍ ပညာသွားရောက်ဆည်းပူးခြင်းဖြင့် အမှန်တကယ် ထိုက်တန်သည့် အကျိုးရလဒ်ကို ရရှိခဲ့ပါက ငွေကုန်ကျစရိတ်များသည် ထိုက်တန်သည့်

ရင်းနှီးမြှုပ်နှံမှုပင်ဖြစ်ကြောင်း၊ ပညာရေးအတွက် ရင်းနှီးမြှုပ်နှံခြင်းသည် ဘဝတစ်ခုလုံးနှင့် သက်ဆိုင်နေကြောင်း၊ ထိုကဲ့သို့ ရင်းနှီးမြှုပ်နှံမှုမပြုမီ မိမိသွားရောက်ပညာဆည်းပူးမည့် တက္ကသိုလ် ကောလိပ်နှင့်စပ်လျဉ်းသည့် သိသင့်သိထိုက်သော သတင်းအချက်အလက်အပြည့် အစုံကို သက်ဆိုင်ရာ အင်တာနက် Website များမှကြိုတင်ရယူထားရန် လိုအပ်ကြောင်း၊ ယင်းသတင်းအချက်အလက်များအပေါ်မူတည်ပြီး ရင်းနှီးမြှုပ်နှံရန်သင့်မသင့် ဆုံးဖြတ်သင့်ကြောင်း၊ ဆုံးဖြတ်ချက်မှားသွားပါက နောက်ပြန် ဆုတ်၍ရတော့မည်မဟုတ်ကြောင်း ၎င်းကဆိုသည်။

"မြန်မာနိုင်ငံကနေ နိုင်ငံခြားကို ကျောင်းသွားတက်ဖို့ ကျောင်းလျှောက်ကြတဲ့သူတွေရဲ့ ၉၉ ရာခိုင်နှုန်းလောက်ဟာ ကိုယ်လျှောက်တဲ့ တက္ကသိုလ်ကို ခိုင်မာမှုရှိမရှိ သေချာမစစ်ဆေးမစုံစမ်းဘဲ လျှောက်နေကြတယ်။ အဲဒီလို လျှောက်မိကြလို့ ကြုံရတဲ့ နောက်ဆက်တွဲဆိုးကျိုးတွေက အများကြီးပဲ" ဟု Myanmar Human Resource

လာဘ်ပေးလာဘ်ယူမှု စုံစမ်းဖော်ထုတ်ရန် ညွှန်ကြား

ရန်ကုန်၊ ဖေဖော်ဝါရီ ၂၀

ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ဝန်ထမ်းများအနေဖြင့် အစိုးရဝန်ထမ်းများ၏ လာဘ်ပေးလာဘ်ယူမှုများ လျော့ကျစေရေးအတွက် စုံစမ်းဖော်ထုတ်ရန်လိုအပ်ကြောင်း အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးအောင်စောဝင်းက ပြောကြားသည်။

ဖေဖော်ဝါရီလ ၁၉ ရက်နေ့ ရန်ကုန်မြို့ ဆိပ်ကမ်းသာလမ်းရှိ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနအဆောက်အအုံတွင် ကျင်းပသော အထူးစုံစမ်းစစ်ရေးဦးစီးဌာန၏ လေးလပတ်အစည်းအဝေးတွင် ၎င်းက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

အစိုးရဝန်ကြီးဌာနများအနေဖြင့် ဝန်ကြီးဌာနလုပ်ငန်းစဉ်များတွင် လာဘ်ပေးလာဘ်ယူမှုများရှိပါက နေပြည်တော်ရှိ ဝန်ကြီးဌာနများသို့ ဆက်သွယ်တိုင်ကြားရန် နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ကြေညာထားသည့်အပြင် ယခုကဲ့သို့ အထူးစုံစမ်းစစ်ဆေးရေး ညွှန်ကြားရေးမှူးချုပ်က လာဘ်ပေးလာဘ်ယူမှုများ စုံစမ်းဖော်ထုတ်ရန် ညွှန်ကြားချက်မှာ နိုင်ငံတွင်းဥပဒေနှင့်အညီ ဆောင်ရွက်ရေးအတွက် အပြုသဘောဆောင်သော ပြောကြားချက်ဖြစ်သောကြောင့် ကြိုဆိုကြောင်း၊ ဝန်ထမ်းများအနေနှင့်လည်း အစိုးရက ချမှတ်ထားသော ဥပဒေစည်းမျဉ်းများအတိုင်း လိုက်နာဆောင်ရွက်ရန် အလွန်အရေးကြီးကြောင်း ရန်ကုန်မြို့တော်မှ ဝါရင့်အထက်တန်းရှေ့နေကြီးတစ်ဦးက သုံးသပ်ပြောကြားသည်။

Mass Peafowl News

www.foreverspace.com.mm

(MHR) မှ ကျောင်းအုပ် ဦးအေးကျော်က ဆိုသည်။

"ကိုယ်လျှောက်ခဲ့တဲ့ တက္ကသိုလ်ဟာ နိုင်ငံတကာအသိအမှတ်ပြုတက္ကသိုလ်တစ်ခု ခုမဟုတ်ခဲ့ရင် အဲဒီကနေ နောက်ထပ် Furthur Study (ဘွဲ့လွန်ပညာ) ဆက်သွားရင် အသိအမှတ်ပြုခံရမှာ မဟုတ်ဘူး။ အဲဒီ တက္ကသိုလ်ကပေးခဲ့တဲ့ Credit တို့၊ Exemption တို့ကို အခြားတက္ကသိုလ်တွေက လက်ခံစဉ်းစားမှာ မဟုတ်ဘူး။ နောက် အဲဒီကရခဲ့တဲ့ Bachelor ဘွဲ့ကိုလည်း Master ဘွဲ့ပေးတဲ့ တက္ကသိုလ်တိုင်းက လက်ခံမှာ မဟုတ်ဘူး" ဟု ၎င်းက ထောက် ပြပြောကြားသွားသည်။

ပြည်ပတွင် အလုပ်လျှောက်ရာ၌ အလုပ်ခန့်သည့် ကုမ္ပဏီအဖွဲ့အစည်းများသည် အလုပ်လျှောက်ထားသူ တက်ရောက် အောင်မြင်ခဲ့သော တက္ကသိုလ်နှင့် ဘွဲ့ဒီဂရီကို ကြည့်ကာ စဉ်းစားဆုံးဖြတ်ကြကြောင်း၊ နာမည်ကြီးသော တက္ကသိုလ်တစ်ခုခုမှ အောင်မြင်ခဲ့ပါက ယင်းကဲ့သို့ ကုမ္ပဏီအဖွဲ့ အစည်းများတွင် အလုပ်အကိုင်ရရှိရန် မသေချာကြောင်း၊ ရရှိပါကလည်း လစာများရန် မသေချာကြောင်း ၎င်းကဆိုသည်။

"ပြည်ပမှာသွားတက်ရတဲ့ တက္ကသိုလ်တိုင်း နိုင်ငံတကာတက္ကသိုလ်မဟုတ်ဘူး။ တက္ကသိုလ်ရဲ့ Rank (အဆင့်) ကို သေချာလေ့လာထားဖို့လိုတယ်။ တက္ကသိုလ်ရဲ့ Rank မြင့်လေလေ ကုန်ကျစရိတ် ကြီးလေလေပဲ" ဟု ဦးအေးကျော်က သတိပေးပြောကြားသွားသည်။

"ကမ္ဘာပေါ်မှာ ပညာရေးနဲ့ ပတ်သက်လို့ ခေတ်အစားဆုံးနိုင်ငံက အင်္ဂလန်ပဲ။ အင်္ဂလန်က တက္ကသိုလ်တွေရဲ့ သက်တမ်းက ရှည်ခဲ့သလို နိုင်ငံတကာအသိအမှတ်ပြုလည်းခံရတယ်။ အမေရိကန် တက္ကသိုလ်တွေက ကွန်ပျူတာနည်းပညာနဲ့ အင်ဂျင်နီယာဘာသာရပ်တွေမှာ ထင်ရှားတယ်" ဟု ပညာရေးအတိုင်ပင်ခံ လုပ်ငန်းတစ်ခုမှ အကြီးအကဲဖြစ်သူတစ်ဦးက ဖြည့်စွက်ရှင်းပြသည်။

"Oversea (ပြည်ပ) ကို ကျောင်းသွားမတက်ခင်မှာ ငွေကြေးတောင့်တင်းမှုရှိမရှိ၊ ကိုယ့်ဘက်က Perfect (ကျွမ်းကျင်မှု) ဖြစ်မဖြစ် သေချာစစ်သင့်တယ်။ အခု အဲဒီ Oversea Education တွေကို ပြည်တွင်းမှာပဲ ဖြေလို့ရအောင် စီစဉ်ပေးနေတာတွေ ရှိတယ်။ ကုန်ကျစရိတ်သက်သက်သာသာနဲ့ ကိုယ့်အိုးကိုယ့်အိမ်မကွာ အေးအေးဆေးဆေး ဖြေလို့ရတယ်။ ပြည်တွင်းမှာ အဆင့်ဆင့်တက်ပြီးမှ ငွေကြေးလည်း ပြည့်စုံပြီဆိုတော့မှ Oversea ကို သွားသင့်တယ်" ဟု ဒေါက်တာတင်လတ်က အကြံပြုပြောကြားသွားသည်။

ထိုနေ့က ကျင်းပသော ဟောပြောပွဲ၌

ပဲခူးဒေသ နှစ် ၇၀ ကျော် လျင်ငြိမ်သက်

ရန်ကုန်၊ ဧပြေ ၀၊ ရီ ၂၆

မြန်မာနိုင်ငံ မြေလျင်ကော်မတီက လျင်ပြင်းအားပေါ်မူတည်၍ ခွဲခြားထားသည့် လျင်ဇုန် ငါးဇုန်အနက် ပျက်စီးမှုများသောဇုန်တွင်ပါရှိသည့် ပဲခူးတိုင်း ဖြူးဒေသသည် နှစ် ၇၀ ကျော်ကြာအထိ လျင်ငြိမ်သက်ဇုန် (Earthquake Quiet Zone) အဖြစ် တည်ရှိနေကြောင်း အဆိုပါကော်မတီ၏ အထွေထွေအတွင်းရေးမှူး ဦးတင့်လွင်ဆွေက Living Color သို့ ပြောကြားသည်။

ပဲခူး–ဖြူးဒေသသည် ၁၉၃၀ ခုနှစ် မေလ ၅ ရက်နေ့တွင် လျင်ပြင်းအား ၆ ဒသမ ၉ အတိုင်း အတာယူနစ် မာကယ်လီစကေး M 7.3 ရှိ ပဲခူးမြေလျင်ကြီးလှုပ်ခတ်မှုကြောင့် ပျက်စီးသေ ပျောက်မှုများပြားခဲ့ကြောင်း၊ သို့ရာတွင် ယနေ့အချိန်အထိ အဆိုပါဒေသတွင် လျင်များ လှုပ်ခတ်မှုမရှိဘဲ ငြိမ်သက်နေခဲ့သဖြင့် အနည်းဆုံး လျင်လတ်တစ်ခုလှုပ်ရန် အားစုနေဖွယ် ရှိသည်ဟု ယူဆနိုင်ကြောင်း မြန်မာနိုင်ငံ မြေလျင်ကော်မတီနှင့် မြန်မာနိုင်ငံ ဘူမိသိပ္ပံ အသင်းတို့က ရေးသားပြုစုထားသော စာတမ်းတစ်စောင်အရ သိရသည်။

မြန်မာနိုင်ငံ၏ လျင်ကြောများပေါ်မူတည်၍ ဖြစ်နိုင်ခြေရှိသော လျင်ပြင်းထန်အားကိုခန့်မှန်းပြီး ဇုန်ငါးဇုန် ခွဲခြားထားကြောင်း၊ ဇုန်(၁) အားနည်း ဇုန် M ၆ အောက်၊ ဇုန်(၂) အားလတ်ဇုန် M ၆–၇၊ ဇုန်(၃) အားပြင်းဇုန် M ၇–၈၊ ဇုန်(၄) ပြင်းထန်ဇုန် M ၈–၉၊ ဇုန်(၅) ပျက်စီးမှုများ ဇုန် M ၉ အထက်တို့ဖြစ်ပြီး ပဲခူး–ဖြူးဒေသသည် ဇုန်ငါးတွင်ပါဝင်ကြောင်း ယင်းစာတမ်းတွင် ဖော်ပြထားသည်။



www.foreverspace.com.mm

'ဒစ်ဂျစ်တယ်လိုင်းများ' ခေါင်းစဉ်ဖြင့် The Voice Weekly မှ ဒေါက်တာနေဝင်းမောင် ကလည်းကောင်း၊ 'ဒစ်ဂျစ်တယ်ခေတ်နှင့် အင်တာနက်ခေတ်အကူး မြန်မာနိုင်ငံ၊ မြန်မာခရိုနီကယ်နှင့် မြန်မာ Website များ၊ မြန်မာအင်တာနက်သက်ိန်နှင့် အင်တာနက် Blog များ' ခေါင်းစဉ်များဖြင့် Service+မှ ဦးရဲထွန်းအောင်ကလည်းကောင်း၊ 'အင်တာနက်ကိုအသုံးပြု၍ ပြည်ပတက္ကသိုလ်များကိုရွေးချယ်ခြင်း' ခေါင်းစဉ်ဖြင့် Myanmar Human Resource မှ ဦးအေးကျော်က လည်းကောင်း၊ 'နိုင်ငံတကာစီးပွားရေးပညာနှင့် စီမံခန့်ခွဲမှုသင်တန်းများ' ခေါင်းစဉ်ဖြင့် Management & Accountancy Training မှ ဒေါက်တာတင်လတ်ကလည်းကောင်း၊ အင်တာနက်ကုန်စည်ဈေးကွက်နှင့် planet.com.mm ခေါင်းစဉ်ဖြင့် Planet Team မှ ဒေါ်ချိုဇင်အေးကလည်းကောင်း၊ 'SONY ဒစ်ဂျစ်တယ်နှင့် အင်တာနက်နည်းပညာများ' ခေါင်းစဉ်ဖြင့် SONY မှ ဦးကျော်ဝင်းထွန်းကလည်းကောင်း၊ ICDL Online Exam များ ခေါင်းစဉ်ဖြင့် Ocean Gate Training Centre မှ ဦးသိန်းစိုးကလည်းကောင်း၊ 'မြန်မာသင်တန်းကျောင်းများကို အင်တာနက်မှ အပ်နှံခြင်း၊ Web နှင့် အင်တာနက်အနာဂတ်ခရီး Web 2.0' ခေါင်းစဉ်များဖြင့် Creative Web Studio မှ ဦးအောင်ဖြိုးကလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

နံနက် ၉:၀၀ နာရီမှ ညနေ ၅:၃၀ နာရီအထိ ဆက်တိုက်ကျင်းပခဲ့သော အဆိုပါ ဟောပြောပွဲတွင် မြန်မာနိုင်ငံ၌ ကြုံတွေ့နေရသော ဒစ်ဂျစ်တယ်နှင့် အင်တာနက် အပြောင်းအလဲများနှင့် ပညာရပ်ဆိုင်ရာ အခွင့်အလမ်းများကို လက်တွေ့လုပ်ကိုင်လျက်ရှိသော ပညာရှင်များက သက်ဆိုင်ရာ နယ်ပယ်အလိုက် ရှုထောင့်ပေါင်းစုံမှ ဆွေးနွေးဟောပြောခဲ့ကြပြီး တတ်ရောက်လာသူများကလည်း စိတ်ဝင်တစား ပြန်လည်ဆွေးနွေးမေးမြန်းခဲ့ကြကာ ရန်ကုန်မြို့ရှိ ကွန်ပျူတာသင်တန်းကျောင်းများ၌ အထူးနှုန်းဖြင့် အပ်နှံနိုင်ခြင်း၊ ကံစမ်းမဲဖောက်ပေးခြင်း၊ အင်တာနက်ကဖီးများတွင် အင်တာနက်အခမဲ့အသုံးပြုခွင့်ကတ်များ စီစဉ်ပေးခြင်း စသည်တို့ကိုပါ စီစဉ်ဆောင်ရွက်ပေးခဲ့ကြသည်။

ကြက်မွေးမြူရေး လုပ်ငန်းရှင်အချို့ ဆင့်ပွားပညာပေးမှုအားနည်း

ရန်ကုန်၊ မတ် ၂၁

ရန်ကုန်တိုင်းအတွင်းရှိ စီးပွားဖြစ် ကြက်မွေးမြူရေးလုပ်ငန်းအချို့ရှိ ဝန်ထမ်းများသည် အဆိုပါလုပ်ငန်းရှင်တို့၏ ကြက်ငှက်တုပ်ကွေး ဆင့်ပွားပညာပေးမှု အားနည်းကြောင်း မှော်ဘီမြို့နယ် ကြက်မွေးမြူရေးလုပ်ငန်းများထံမှ စုံစမ်းသိရှိရသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ၂၀၀၆ ခုနှစ်ကုန်ပင် ကြက်မွေးမြူရေးလုပ်ငန်းရှင်များကို ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ သင်တန်းများ ပေးခဲ့ပြီးဖြစ်ကြောင်း၊ ခြံဝန်ထမ်းများအထိ ပညာပေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက်မူ ၎င်းတို့အတွက် အခက်အခဲရှိကြောင်း၊ သို့ဖြစ်ရာ ခြံဝန်ထမ်းများအတွက် နိုင်ငံတကာ NGO အဖွဲ့အစည်းတစ်ခုဖြစ်သော Care Myanmar က ပညာပေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ အကြီးတန်းအရာရှိ တစ်ဦးက ပြောကြားသည်။

ကြက်၊ ဘဲမွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့၏ ခြံဝန်ထမ်းများကို ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ အသိပညာဖြန့်ဝေပေးရန် လိုအပ်ပြီး ရောဂါကာကွယ်ရေးသုံးပစ္စည်းများ၊ တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် အသုံးပြုသည့်ပစ္စည်းများ ပေးအပ်ထားရန် လိုအပ်ကြောင်းလည်း ၎င်းက ထပ်လောင်းပြောကြားသည်။

မြန်မာနိုင်ငံတွင် ၂၀၀၆ ခုနှစ် မတ်လနှင့် ဧပြီလ၌ စစ်ကိုင်းနှင့် မန္တလေးတိုင်းတို့တွင် ကြက်ငှက်တုပ်ကွေးရောဂါ စတင်ဖြစ်ပွားခဲ့ပြီး ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလတွင် ရန်ကုန်တိုင်းတွင် ထပ်မံဖြစ်ပွားသော်လည်း လူသို့ကူးစက်မှုမရှိကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှစုံစမ်းသိရှိရသည်။

■

နေပြည်တော်မွေးမြူရေးဇုန်(၂)မှ နို့ဆီချက်စက်ရုံများ ၂၀၀၇ အတွင်း အပြီးတည်ဆောက်မည်

ရန်ကုန်၊ ဖေဖော်ဝါရီ ၂၈

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် နို့ထွက်ပစ္စည်းထုတ်လုပ်ရောင်းချနေသည့် ယူနီစန်နှင့် စူပါကောင်းပုဂ္ဂလိကလုပ်ငန်းတို့က နေပြည်တော်မွေးမြူရေးဇုန်(၂)တွင် နို့ဆီချက်စက်ရုံများ ၂၀၀၇ အတွင်း အပြီးတည်ဆောက်ရန် စတင်လုပ်ဆောင်နေကြောင်း ယင်းဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာအောင်ကြီးက ပြောကြားသည်။

နေပြည်တော်ရှိ မွေးမြူရေးဇုန် ခုနစ်ခုတွင် အမှတ်(၂) မွေးမြူရေးဇုန်သည် နို့နှင့် နို့ထွက်ပစ္စည်းများနှင့်ဆက်နွယ်သည့်ဇုန်ဖြစ်ပြီး အမှတ်(၆)ဇုန်သည် အသားပြုပြင်ထုတ်လုပ်ရေးနှင့်ဆက်နွယ်သည့် စက်ရုံများကို တည်ထောင်မည့်ဇုန်ဖြစ်ကြောင်း၊ အမှတ်(၂)ဇုန်တွင် အထက်ပါပုဂ္ဂလိကလုပ်ငန်းရှင်နှစ်ဦးက နို့ဆီချက်စက်ရုံများကို တည်ဆောက်မည်ဖြစ်သဖြင့် ယခုအခါ စက်ရုံအဆောက်အအုံများတည်ဆောက်ရန် အတွက် အုတ်မြစ်ချခြင်းလုပ်ငန်း စတင်အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း၊ ယင်းစက်ရုံများမှ ထွက်ရှိလာသောပစ္စည်းများကို ပြည်တွင်းသာမက ပြည်ပဈေးကွက်အထိပါ ဖြန့်ဖြူးသွားရန် ရည်ရွယ်ထားကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

www.foreverspace.com.mm

မြန်မာနိုင်ငံမှ သဘာဝထိန်းသိမ်းရေးနယ်မြေခြောက်ခု အာဆီယံသဘာဝအမွေအနှစ်ဒေသအဖြစ်ရွေးချယ်

ရန်ကုန်၊ မတ် ၂၁

မြန်မာနိုင်ငံရှိ သစ်တောဦးစီးဌာနက ထိန်းသိမ်းကာကွယ်စောင့်ရှောက်ထားသော သဘာဝထိန်းသိမ်းရေးနယ်မြေခြောက်ခုကို အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) ၏ သဘာဝအမွေအနှစ်ဒေသ (ASEAN Natural Heritage Site) အဖြစ် ရွေးချယ်သတ်မှတ်ထားကြောင်း သစ်တောဦးစီးဌာန သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းအောင်က Living Color သို့ ပြောကြားသည်။

အဆိုပါအာဆီယံ သဘာဝအမွေအနှစ်ဒေသအဖြစ် ရွေးချယ်သတ်မှတ်ထားသည့် သဘာဝထိန်းသိမ်းရေးနယ်မြေခြောက်ခုမှာ ကချင်ပြည်နယ်ရှိ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်နှင့် အင်းတော်ကြီး တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော၊ ရှမ်းပြည်နယ်ရှိ အင်းလေးကန်ဘေးမဲ့တော၊ စစ်ကိုင်းတိုင်းရှိ အလောင်းတော်ကသဃပအမျိုးသားဥယျာဉ်၊ ပဲခူးတိုင်းရှိ မိုးယွန်းကြီးအင်းဘေးမဲ့တောနှင့် တနင်္သာရီတိုင်းရှိ လန်ပိကျွန်းအဏ္ဏဝါအမျိုးသားဥယျာဉ်တို့ဖြစ်ကြကြောင်း၊ အဆိုပါ သဘာဝထိန်းသိမ်းရေးနယ်မြေခြောက်ခုသည် သဘာဝပတ်ဝန်းကျင်ပျက်ယွင်းမှုနည်းပါးပြီး အာဆီယံကသတ်မှတ်ထားသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စံချိန်စံညွှန်းများနှင့်ကိုက်ညီမှုရှိသဖြင့် ၂၀၀၅ ခုနှစ်တွင် ယင်းကဲ့သို့ ရွေးချယ်သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့အတူ ထိုင်းနိုင်ငံ အမျိုးသားဥယျာဉ်၌ ၂၀၀၇ ခုနှစ် မတ် လ ၂၀ ရက်မှ ၂၃ ရက်နေ့အထိ ကျင်းပသော အာဆီယံသဘာဝ အမွေအနှစ်ဒေသ (ASEAN Natural Heritage Site) နိုင်ငံများ၏ အလုပ်ရုံဆွေးနွေးပွဲသို့ အဆိုပါသဘာဝထိန်းသိမ်းရေးနယ်မြေခြောက်ခုမှ အုပ်ချုပ်ရေးမှူးခြောက်ဦးသည် မြန်မာနိုင်ငံကိုယ်စားပြု တက်ရောက်ခဲ့ကြကြောင်း ၎င်းက ဆိုသည်။

မြန်မာနိုင်ငံ၏ စုစုပေါင်းဧရိယာ အကျယ်အဝန်း၏ ၅ ရာခိုင်နှုန်းကျော်ကို သစ်တောဦးစီးဌာန သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနက ကာကွယ်တောနှင့် ဘေးမဲ့တောများအဖြစ်သတ်မှတ်ပြီး သဘာဝထိန်းသိမ်းရေးနယ်မြေ ၄၂ ခုကို တည်ထောင်ဖွဲ့စည်းကာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။ ထို့အပြင် မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးကွန်ဗင်းရှင်း (Convention on Biological Diversity) အဖွဲ့ဝင်အဖြစ် ၁၉၉၄ ခုနှစ် နိုဝင်ဘာလ ၂၄ ရက်နေ့တွင်လည်းကောင်း၊ မျိုးတုံးရန် အန္တရာယ်ရှိနေသော တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ရောင်းဝယ်ဖောက်ကားမှုကို ထိန်းချုပ်သည့်အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း (Convention on International Trade in Endangered Species-CITES) အဖွဲ့ဝင်အဖြစ် ၁၉၉၇ ခုနှစ် စက်တင်ဘာ လ ၁၁ ရက်နေ့တွင်လည်းကောင်း၊ နိုင်ငံတကာအရေးကြီးသော ရေပျော်ငှက်များ ကျက်စားရာဒေသများ ထိန်းသိမ်းရေး သဘောတူညီမှုကွန်ဗင်းရှင်း (Convention on Wetland of International Importance Especially as Waterbird Habitat) (ရမ်ဆာ)အဖွဲ့ဝင်အဖြစ် ၂၀၀၄ ခုနှစ် နိုဝင်ဘာလတွင်လည်းကောင်း ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးလုပ်ငန်းများကို နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည်။

အာဆီယံသဘာဝအမွေအနှစ်ဒေသအဖြစ် သတ်မှတ်ခံရသော သဘာဝထိန်းသိမ်းရေးနယ်မြေများ

စဉ်	အမည်	တည်ထောင်သည့်ခုနှစ်	အကျယ်အဝန်း	တည်နေရာ
၁။	ခါကာဘိုရာဇီအမျိုးသားဥယျာဉ်	၁၉၉၆	၁၄၇၂.၀ စတုရန်းမိုင်	ကချင်ပြည်နယ် ပူတာအိုမြို့နယ်
၂။	အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော	၁၉၉၉	၂၉၉.၃၂ စတုရန်းမိုင်	ကချင်ပြည်နယ် မိုးညှင်းမြို့နယ်
၃။	အလောင်းတော်ကသဃပအမျိုးသားဥယျာဉ်	၁၉၈၉	၆၁၆.၈၄ စတုရန်းမိုင်	စစ်ကိုင်းတိုင်း ကနီမြို့နယ်နှင့် မင်းကင်းမြို့နယ်
၄။	အင်းလေးကန်ဘေးမဲ့တော	၁၉၈၅	၂၄၈.၀ စတုရန်းမိုင်	ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်
၅။	မိုးယွန်းကြီးအင်းဘေးမဲ့တော	၁၉၈၈	၄၀.၀ စတုရန်းမိုင်	ပဲခူးတိုင်း ပဲခူးမြို့နယ်နှင့် ဝေါမြို့နယ်
၆။	လန်ပိကျွန်း အဏ္ဏဝါအမျိုးသားဥယျာဉ်	၁၉၉၆	၇၉.၀၉ စတုရန်းမိုင်	တနင်္သာရီတိုင်း ကော့သောင်းမြို့နယ်

Source : သစ်တောဦးစီးဌာန

www.foreverspace.com.mm

မြို့သစ်များတွင် အိမ်ငှားရမ်းမှုပမာဏမြင့်တက်

သဖွင်းဆောင်းပါး – မောင်မိုးညို ၊ ၂၈-၃-၂၀၀၇

မြန်မာနိုင်ငံတွင် စီးပွားရေးအခွင့်အလမ်းအများဆုံးတည်ရှိရာ ရန်ကုန်မြို့တော်တွင် အသစ်ဖော်ထုတ်ထားသည့် မြို့သစ်များဖြစ်သော ရွှေပေါက် ကံမြို့သစ်၊ ဒဂုံမြို့သစ်၊ ရွှေပြည်သာမြို့သစ်နှင့် လှိုင်သာယာမြို့သစ်တို့တွင် လူနေထိုင်မှုပမာဏမြင့်မားလာပြီး အိမ်ငှားရမ်းမှု ပမာဏမှာလည်း ယခုနှစ်ဆန်းပိုင်းတွင် များစွာ မြင့်တက်လာကြောင်း အဆိုပါမြို့သစ်များရှိ အိမ်၊ ခြံ၊ မြေဝန်ဆောင်မှုလုပ်ငန်းများက တညီတညွတ်တည်း ပြောကြားသည်။

ယခင်က မြို့သစ်များတွင် နေထိုင်လိုသူ နည်းပါးသည့်အတွက် ငွေပိုငွေလျှံရှိသူများ ငွေမြုပ်နှံရာလုပ်ငန်းတစ်ခုအဖြစ်သာ ရပ်တည်နေသော်လည်း ယခုနောက်ပိုင်းတွင် နေထိုင်လိုသူများပြားလာခြင်းကြောင့် အိမ်ငှားရမ်းမှုပမာဏမြင့်တက်လာပြီး၊ ယမန်နှစ်ကထက် အိမ်ငှားခစျေးနှုန်းများ နှစ်ဆခန့်မြင့်တက်သွားကြောင်း အဆိုပါဝန်ဆောင်မှုလုပ်ငန်းများထံမှ သိရသည်။

မြို့သစ်များတွင်အိမ်အရောင်းအဝယ်လုပ်ငန်းများ အေးနေသော်လည်း အိမ်ငှားရမ်းလိုသူများ အထူးများပြားလာကြောင်း၊ မြို့သစ်များရှိ အိမ်ငှားရမ်းမှုနှုန်းထားမှာ မြို့လယ်ဝန်းကျင်ရှိ မြို့နယ်များနှင့် စျေးနှုန်းများစွာ မကွာခြားသော်လည်း မြို့ပြ၏ မွန်းကျပ်မှုမှ ရုန်းထွက်လိုသူများအနေဖြင့် သီးသန့်ခြံဝင်းများဖြင့် ဆောက်ထားသည့် လုံးချင်းအိမ်များတည်ရှိရာ မြို့သစ်များကိုသာ ရွေးချယ်လာကြောင်း တွေ့ရသည်။

ယခင်က သွားလာရခက်ခဲခြင်း၊ ရေရှိရှိရန် ခက်ခဲခြင်းတို့ကြောင့် စျေးနှုန်းချိုသာသော်လည်း နေထိုင်လိုသူနည်းပါးသည့် ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ တော်ဝင်၊ မဟာမြိုင်ကွဲသို့ အိမ်ရာများမှာ ကြိုပွဲငှဲ့ဖြင့် အခန်းလွတ်မရှိခင်ကပင် ကြိုတင်စရန်ပေး၍ ငှားရမ်းထားရကြောင်း၊ အခန်းငှားခနှုန်းထားမှာ လေးလွှာ(အပေါ်ဆုံးထပ်)တွင် သုံးသောင်းငါးထောင်ကျပ်၊ မြေညီထပ်တွင် ငါးသောင်းဝန်းကျင်ခန့် ပေါက်စျေးရှိသဖြင့် မြို့တွင်းအနီးဝန်းကျင်ရှိ တိုက်ခန်း စျေးနှုန်းများဖြင့် နှိုင်းယှဉ်ပါကများစွာ မကွာခြားတော့ကြောင်း မဟာမြိုင်ရှိ အကျိုးဆောင်လုပ်ငန်းများက ရှင်းပြသည်။

ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ကျောင်းလမ်းရှိ တိုက်ခန်းများမှာ စတင်ဆောက်လုပ်စဉ်က တန်ဖိုးနည်းအိမ်ရာအဖြစ် စျေးနှုန်းချိုသာစွာ ရောင်းချခဲ့သော်လည်း ယခုအခါ တိုက်ခန်းစျေးနှုန်းမှာ များစွာမြင့်တက်သွားကြောင်း၊ အပေါ်ဆုံး ထပ်(၅လွှာ)မှာ သိန်း ၆၀ ဝန်းကျင်ရှိပြီး မြေညီထပ်မှာ ကျပ်သိန်း ၁၀၀ ဝန်းကျင်တွင် ရှိကြောင်း၊ ငှားရမ်းခမှာ အပေါ်ဆုံးထပ် ကျပ်သိန်း ၂၀ ဝန်းကျင်ခန့်ဖြစ်ပြီး၊ မြေညီထပ်မှာ ခြောက်သောင်းဝန်းကျင်တွင်ရှိကြောင်း ဆောင်းပိုးစံအိမ်၊ ခြံ၊ မြေ၊ တိုက်ခန်း

လာမည့်ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံသို့ ဒေါ်လာ ၁၈ သန်း အိန္ဒိယကူညီမည်

နယူးဒေလီ၊ မတ် ၃

အိန္ဒိယသမ္မတနိုင်ငံအနေနှင့် လာမည့် ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေး တရားဝင်အကူအညီပေးမှု အစီအစဉ်အရ မြန်မာနိုင်ငံသို့ ရှိပြီး ၈၀.၄၁ ကုဋေ (ကန်ဒေါ်လာ ၁၈.၀၃) ပေးအပ်သွားမည်ဖြစ်ကြောင်း အိန္ဒိယဘဏ္ဍာရေးဝန်ကြီး ချီဒမ်ဘာရမ်က ထုတ်ဖော်ပြောကြားသည်။

အိန္ဒိယနိုင်ငံ၏ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာနိုင်ငံသို့ တရားဝင်ဖွံ့ဖြိုးရေးအကူအညီပေးအပ်မှုမှာ ရှိပြီး ၄၄.၅၇ ကုဋေ (ကန်ဒေါ်လာ ၁၀ သန်းခန့်)ရှိကြောင်း၊ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း အိန္ဒိယ၏ အခြားဖွံ့ဖြိုးဆဲနိုင်ငံများသို့ ဖွံ့ဖြိုးရေးကူညီမှု ဘတ်ဂျက်ငွေပမာဏ စုစုပေါင်းမှာ ရှိပြီး ၅၉၉.၅၁ ကုဋေ (ကန်ဒေါ်လာ ၁၃၄ သန်းကျော်)ရှိခဲ့ကြောင်း၊ လာမည့် ဘဏ္ဍာရေးနှစ်အတွက် လျာထားဘတ်ဂျက်ငွေပမာဏမှာ ရှိပြီး ၇၇၀.၉၁ ကုဋေ (ဒေါ်လာ ၁၇၂ သန်းကျော်)ဖြစ်ကြောင်း၊ ဘူတန်နိုင်ငံသို့ ဖွံ့ဖြိုးရေးအကူအညီ အမေရိကန် ဒေါ်လာ ၄၉ သန်းကျော် ပေးအပ်မည်ဖြစ်ကြောင်း အဆိုပါဝန်ကြီးက ဆိုသည်။ အိန္ဒိယနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုအခြေအနေကောင်းများကြောင့် ဘဏ္ဍာရေးနှစ်သစ်တွင် ဖွံ့ဖြိုးရေးအကူအညီများ ပိုမိုပေးအပ်နိုင်ခြင်းဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

အိန္ဒိယအစိုးရအနေဖြင့် လာမည့်ဘဏ္ဍာရေးနှစ်အတွင်း ပြည်ပရေးရာဝန်ကြီးဌာနအတွက် ဘတ်ဂျက် ရှိပြီး ၄၄၃၃.၆ ကုဋေ (ကန်ဒေါ်လာ ၉၉၄ သန်းခန့်) ခွဲပြုထားရာ နိုင်ငံတကာရှိ အိန္ဒိယသံရုံးနှင့် မစ်ရှင်ရုံး စုစုပေါင်း ၁၆၆ ရုံးအတွက် အထူးသံတမန် ကုန်ကျစရိတ် ဒေါ်လာ သန်း ၁၉၀ ကျော်ပါဝင်ကြောင်း IANS သတင်းဌာန ဖော်ပြထားသည်။

Ref : IANS

www.foreverpence.com.mm

ဝန်ဆောင်မှုလုပ်ငန်းက ဆိုသည်။

ကျောင်းလမ်းရှိ တိုက်ခန်းငှားရမ်းခနှုန်းထားများမှာ သဃ်နိုးကျွန်းမြို့နယ်ရှိ မလိခအဆင့်မြင့်အိမ်ရာများထက် ဈေးနှုန်းပိုမြင့်ကြောင်း တွေ့ရသည်။ မလိခ အဆင့်မြင့်အိမ်ရာမှာ အိပ်ခန်း သုံးခန်း၊ ရေချိုးခန်းနှစ်ခန်း၊ အိမ်သာနှစ်ခန်း ပါဝင်သည့် အဆင့်မြင့် တိုက်ခန်းကျယ်မျိုးဖြစ်သော်လည်း အပေါ်ဆုံးထပ် ငါးလွှာမှာ ဧလေသောင်း၊ အောက်ဆုံးထပ်(မြေညီ)မှာ ခြောက်သောင်း ဝန်းကျင်တွင်သာရှိသည်။

လှိုင်ယာသာနှင့် ရွှေပြည်သာမြို့သစ်များတွင်လည်း တိုက်ခန်းဈေးနှုန်းမှာ ဒဂုံမြို့ရှိ တိုက်ခန်းဈေးနှုန်းများနှင့် မကွာခြားဘဲ အပေါ်ဆုံးထပ်မှာ ကျပ် သုံးသောင်းခွဲမှ လေးသောင်းကျပ်နှင့် မြေညီထပ်တွင် ငါးသောင်းခွဲမှ ခြောက်သောင်းကျပ်ဝန်းကျင်တွင်ရှိကြောင်း၊ သို့သော် ရွှေပြည်သာနှင့် လှိုင်သာယာမြို့သစ်များမှာ လူနေသိပ်သည်းမှုကြောင့် ခြံဝင်းနှင့် အိမ်လုံးချင်းများ ရှားပါးပြီး အိမ်ခန်းတစ်ခန်းစာ ငှားရမ်းမှု ပိုမိုများပြားကြောင်းနှင့် အိမ်ခန်းတစ်ခန်းလျှင် တစ်သောင်းခွဲဝန်းကျင်ပေးရကြောင်း လှိုင်သာယာနှင့် ရွှေပြည်သာမြို့သစ်ရှိ အိမ်၊ ခြံ၊ မြေအကျိုးဆောင်များ၏ အဆိုအရ သိရသည်။

ရွှေပေါက်ကံမြို့သစ်မှာ ယခင်က လူနေထိုင်မှု ကျဲပါးသော်လည်း အခြားမြို့နယ်များထက် အိမ်ငှားရမ်းခဈေးနှုန်းပိုမိုချိုသာသည့်အတွက် ပြောင်းရွှေ့ငှားရမ်းနေထိုင်သူများ ပိုမိုများပြားလာပြီး ယခုအခါ အိမ်ငှားခနှုန်းထားများပင် မြင့်မားလာနေကြောင်း၊ အိမ်ငှားရမ်းခမှာ အိမ်အကျယ်အဝန်း၊ တည်နေရာနှင့် အိမ်အနေအထား ပေါ်မူတည်၍ အနိမ့်ဆုံးဈေးနှုန်း တစ်သောင်းခွဲဝန်းကျင်တွင်ရှိကြောင်း စုံစမ်းသိရှိရသည်။

ဒဂုံမြို့သစ် (တောင်ပိုင်း) မှာ ဒဂုံမြို့သစ် (မြောက်ပိုင်း) ကဲ့သို့ လူနေထူထပ်သော်လည်း ခြံဝင်းနှင့် လုံးချင်းအိမ်ငယ်များ ရှားပါးမှုကြောင့် အိမ်ငှားခနှုန်းထားမှာ ဒဂုံမြို့သစ် (မြောက်ပိုင်း) ထက် အနည်းငယ်လျော့နည်းကြောင်း၊ မြို့သစ်များဖွံ့ဖြိုးမှု၏ အဓိကအချက်မှာ ဆက်သွယ်ရေးကောင်းမွန်မှုပေါ်တွင် အခြေခံနေသော်လည်း ဒဂုံမြို့သစ်(မြောက်ပိုင်း) ကဲ့သို့ ခြံဝင်းနှင့် လုံးချင်းအိမ်များ ပေါများသည့် မြို့သစ်များမှာ လူနေမှုအဆင့်အတန်းတစ်ရပ်ရှိနေသည့်အတွက် လျင်မြန်စွာ ဖွံ့ဖြိုးလွယ်ကြောင်း တွေ့ရသည်။

မြို့သစ်အများစုမှာ အလုပ်အကိုင်အခွင့်အလမ်းပေါများသည့် စက်မှုဇုန်များတည်ရှိသည့် မြို့သစ်များတွင်သာ လူနေထိုင်မှု ထူထပ်သော်လည်း ဒဂုံမြို့သစ်

စင်ကာပူရောက် မြန်မာလုပ်သားတစ်ဦး သတ်ဖြတ်ခံရမှု အပြီနှံချမှတ်

စင်ကာပူ၊ မတ် ၁

စင်ကာပူနိုင်ငံတွင် အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာနိုင်ငံသားလုပ်သားတစ်ဦးထံမှ စင်ကာပူဒေါ်လာ ၄၀ (ကန်ဒေါ်လာ ၂၀) လုယက်ရယူ၍ သတ်ဖြတ်ခဲ့သည့် စင်ကာပူနိုင်ငံသား မလေးလူမျိုးသုံးဦးကို စင်ကာပူဗဟိုတရားရုံးက ကြိုးမိန့်ချမှတ်လိုက်ကြောင်း စင်ကာပူနိုင်ငံထုတ် The Straits Times သတင်းစာက ရေးသားဖော်ပြခဲ့သည်။

လုယက်သတ်ဖြတ်ခံခဲ့ရသည့် မြန်မာလုပ်သားမှာ အသက် ၄၁ နှစ်အရွယ်ရှိ လျှပ်စစ်မီးပြင်သူတစ်ဦးဖြစ်ပြီး ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်နေ့က စင်ကာပူလမ်းကြားတစ်ခုတွင် သတ်ဖြတ်ခံရခြင်းဖြစ်ကြောင်း၊ အဆိုပါပြစ်မှုကျူးလွန်သူများမှာ မလေးရှားလူမျိုးသန့်ရှင်းရေးလုပ်သားနှစ်ဦးဖြစ်သူ ကမားကူပလီ (၂၃ နှစ်)၊ အဗ္ဗာမာလစ် အပ်စ်မန် (၂၇ နှစ်) နှင့် ဥယျာဉ်လုပ်သားတစ်ဦးဖြစ်သူ ဟာမာမာက်ဆင် (၂၁ နှစ်) တို့ဖြစ်ပြီး သေဆုံးသူတွင် ဓားဒဏ်ရာခြောက်ချက်နှင့် ဦးခေါင်းဒဏ်ရာများတွေ့ရှိရကြောင်း စင်ကာပူရဲတပ်ဖွဲ့၏ ထုတ်ပြန်ချက်ကို ကိုးကား၍ The Straits Times သတင်းစာက ဖော်ပြသည်။ အခင်းဖြစ်ပွားနေစဉ် တရားခံများအနီးတွင် သန့်ရှင်းရေးလုပ်သားတစ်ဦးဖြစ်သူ ဘီနီဒစ်အင်းယန်အက်ရိုင်း (၂၀ နှစ်) ဆိုသူပါရှိနေပြီး လုယက်ရရှိသည့်ငွေများအနက်မှ ၎င်းအတွက်ဝေစု စင်ကာပူဒေါ်လာ ၁၀ ဒေါ်လာရယူခဲ့ကြောင်း၊ ပြစ်မှုကျူးလွန်ရခြင်းမှာ သေဆုံးသူထံမှ ငွေရယူလိုခြင်းသာ အဓိကဖြစ်ကြောင်း တရားခံများက ထွက်ဆိုခဲ့သော်လည်း ရက်ရက်စက်စက်သတ်ဖြတ်ခဲ့၍ ကြိုးမိန့်ပေးခံရခြင်းဖြစ်ကြောင်း The Straits Times သတင်းစာက ရေးသားဖော်ပြခဲ့သည်။

Source: The Straits Times

www.foreverspace.com.mm

ပျမ်းမျှတိုက်ခန်း(အငှား)ဈေးနှုန်းနှိုင်းယှဉ်ချက်

	အပေါ်ဆုံးထပ်	မြေညီထပ်
မင်္ဂလာတောင်ညွန့်	၃၅,၀၀၀	၈၀,၀၀၀
ဝွတ္တလစ်(ဗဟန်း)	၃၅,၀၀၀	၇၀,၀၀၀
သမိုင်း (လှိုင်)	၄၀,၀၀၀	၈၀,၀၀၀
ကျောက်မြောင်း (တာမွေ)	၄၅,၀၀၀	၈၀,၀၀၀
မြောက်/ဒဂုံ(ကျောင်းလမ်း)	၄၅,၀၀၀	၆၀,၀၀၀
မဟာမြိုင်၊ တော်ဝင် (မြောက်/ဒဂုံ)	၃၅,၀၀၀	၅၅,၀၀၀
မလိခ (သဃ်နန်းကျွန်း)	၄၀,၀၀၀	၇၀,၀၀၀
ရွှေပြည်သာ၊ လှိုင်သာယာ	၄၀,၀၀၀	၆၀,၀၀၀

(မြောက်ပိုင်း) ကဲ့သို့ အိမ်ခြေပြွတ်သိပ်မှုမရှိဘဲ ခြံဝင်းနှင့် လုံးချင်းအိမ်များ၊ ကျယ်ဝန်းသည့် တိုက်ခန်းများ တည်ရှိရာ မြို့သစ်များမှာလည်း ယခုနောက်ပိုင်းတွင် လူနေထူထပ်လာသည်ကို တွေ့ရသည်။

မြို့သစ်များရှိ တိုက်ခန်းနှင့် အိမ်ငှားခစျေးနှုန်းများ ပိုမိုမြင့်တက်လာသော်လည်း ကျောက်မြောင်း၊ မင်္ဂလာတောင်ညွန့်၊ ဝွတ္တလစ်၊ တာမွေ၊ လှည်းတန်း၊ သမိုင်း၊ အင်းစိန်ကဲ့သို့ မြို့လယ်ဝန်းကျင်ရှိ မြို့နယ်များ၏ အိမ်ငှားရမ်းမှုစျေးနှုန်းမှာ သိသာစွာမြင့်မားလာသည်ကို မတွေ့ရကြောင်း၊ ယင်းသို့ ဖြစ်ရခြင်းမှာ မြို့သစ်များတွင် ဆောက်လုပ်ထားသည့် တိုက်ခန်းများ၏ အခန်းကျယ်ဝန်းခြင်း၊ ငြိမ်သက်တိတ်ဆိတ်ခြင်းနှင့် မြို့ပြ၏မွန်းကျပ်မှုမှ ကင်းဝေးခြင်းတို့ကြောင့် အခြေခံလူတန်းစား အများစုမှာ မြို့သစ်များသို့ ပြောင်းရွှေ့နေထိုင်လာကြခြင်းကြောင့်ဖြစ်ကြောင်း အိမ်ရာမြေအကျိုးဆောင်များက သုံးသပ်ပြောကြားသည်။

မြန်မာနိုင်ငံ၏ ယခုနှစ်ကုန်သွယ်မှု ဒေါ်လာခုနစ်ဘီလီယံကျော် တိုးတက်ဟုဆို

ရန်ကုန်၊ မတ် ၁၃

မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများ၏ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်အစမှ မတ်လဆန်းအထိ ကုန်သွယ်မှုပမာဏသည် ယခုအခါအမေရိကန်ဒေါ်လာ ၇.၄ ဘီလီယံထိ ရောက်ရှိလာပြီဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် တင်နိုင်သိန်းက ပြောကြားသည်။

အစိုးရသတ်မှတ်သည့် ဘဏ္ဍာရေးနှစ်သတ်မှတ်ကာလမကုန်ဆုံးမီ ၂၁ ရက်အလို ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) တွင် ကျင်းပသည့် (၁၆) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးအခမ်းအနားတွင် ဝန်ကြီးက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်း ဖြစ်သည်။

ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်အတွင်း မြန်မာနိုင်ငံ၏ ကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ ၅.၅၄ ဘီလီယံသာရှိခဲ့ပြီး လက်ရှိအခြေအနေများအရ ယခုနှစ်ကုန်တွင် ယခုထက် ပမာဏတိုးတက်ရန်ရှိကြောင်းလည်း ဝန်ကြီးက ထပ်လောင်းပြောကြားခဲ့သည်။

၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ် နှစ်အစ ဧပြီလမှ နိုဝင်ဘာလကုန်အထိ ပုံမှန်ကုန်သွယ်ရေးနှင့် နယ်စပ်ကုန်သွယ်ရေး နှစ်ရပ်စလုံးမှ ပြည်ပတင်ပို့နိုင်မှု စုစုပေါင်း ရရှိသောဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၃.၃ ဘီလီယံကျော်ရှိခဲ့ပြီး၊ ယင်းကာလတွင်း မြန်မာနိုင်ငံသို့ တင်သွင်းမှုပမာဏမှာ ဒေါ်လာ ၁.၈ ဘီလီယံ ကျော်ရှိခဲ့သည့်အတွက် ဒေါ်လာ ၁.၅ ဘီလီယံခန့် ပိုငွေပြနေကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ဒီဇင်ဘာလအတွင်း ထုတ်ပြန်သောသတင်းများအရ သိရှိရသည်။

ယခုဘဏ္ဍာရေးနှစ်တွင် ပြည်ပပို့ကုန်မှ ရရှိသောဝင်ငွေ များစွာတိုးတက်လာရခြင်းမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့များမှ ပြည်ပနိုင်ငံများသို့ ရောင်းချရရှိသော ဝင်ငွေတိုးတက်လာခဲ့ခြင်းကြောင့်ဖြစ်ပြီး ပြီးခဲ့သည့် ဒီဇင်ဘာလကတည်းကပင် အဆိုပါကဏ္ဍမှ ဒေါ်လာသန်း ၅၀၀ ကျော်ရရှိခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ တရားဝင်စာရင်းများကို ကိုးကား၍ မြန်မာနိုင်ငံမှ စီးပွားရေးပညာရှင်တစ်ဦးက ပြောကြားသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ယခုဘဏ္ဍာရေးနှစ်စ မူလမျှော်မှန်းသည့် ကုန်သွယ်မှုပမာဏမှာ ဒေါ်လာ ၁

www.forestspace.com.mm

ဘီလီယံဖြစ်သော်လည်း ဘဏ္ဍာရေးနှစ်၏ ရှစ်လကာလအတွင်း ဒေါ်လာခုနစ်ဘီလီယံ ကျော်ယို ကုန်သွယ်နိုင်ခဲ့သည့်အတွက် ရှစ်ဘီလီယံသို့ ပြောင်းလဲသတ်မှတ်ခဲ့သည်ဟုလည်း အဆိုပါဝန်ကြီးဌာနမှ စုံစမ်းသိရှိရသည်။

အဓိုးရထုတ်ပြန်သော တရားဝင်စာရင်းများအရ မြန်မာနိုင်ငံသည် ၂၀၀၂–၂၀၀၃ ဘဏ္ဍာရေးနှစ်မှစတင်၍ ကုန်သွယ်မှု ပိုငွေ ဒေါ်လာသန်း ၇၆၃ ကျော် စတင်ရရှိခဲ့ပြီး ၂၀၀၃–၂၀၀၄ ခုနှစ်တွင် ၁၀၇ သန်း၊ ၂၀၀၄–၂၀၀၅ ခုနှစ်တွင် ၉၅၅ သန်း၊ ၂၀၀၅–၂၀၀၆ ခုနှစ်တွင် ၁၅၇၄ သန်း စသည်ဖြင့် ကုန်သွယ်မှု၌ နှစ်အလိုက် ပိုငွေများရှိခဲ့သည်ဟု စုံစမ်းသိရှိရသည်။

Associated News

မူးယစ်ဆေးဝါးဆက်စပ်ပြစ်မှု ၂၀၀ ကျော် ဇန်နဝါရီလအတွင်း ဖမ်းဆီးရမိ

ရန်ကုန်၊ ဖေဖော်ဝါရီ ၂၄

မြန်မာနိုင်ငံတွင် ၂၀၀၇ ခုနှစ် ဇန်နဝါရီလအတွင်း မူးယစ်ဆေးဝါးဆက်စပ်ပြစ်မှုပေါင်း ၂၂၉ မှု ဖော်ထုတ်ဖမ်းဆီးရမိကြောင်း ဖေဖော်ဝါရီ ၂၃ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

အဆိုပါကာလအတွင်း ဘိန်းဆက်စပ်ပြစ်မှု ၄၁ မှုနှင့် ဘိန်း ၁၆၄ ဒသမ ၅၇၃၂ ကီလို၊ ဘိန်းဖြူဆက်စပ်ပြစ်မှု ၇၉ မှုနှင့် ဘိန်းဖြူ ၇၀ ဒသမ ၉၄၀၅ ကီလို၊ မော်ဖင်းဆက်စပ်ပြစ်မှုတစ်မှုနှင့် မော်ဖင်း ၃ ဒသမ ၂၉၉ ကီလို၊ ဘိန်းဆီဆက်စပ်ပြစ်မှု ၁၅မှုနှင့် ဘိန်းဆီ ၅ ဒသမ ၅၈ ကီလို၊ ဘိန်းမည်းဆက်စပ်ပြစ်မှု ၁၁ မှုနှင့် ဘိန်းမည်း ၁ ဒသမ ၃၀၀၂ ကီလို၊ ဆေးခြောက် ဆက်စပ်ပြစ်မှု ၁၁ မှုနှင့် ဆေးခြောက် ၁၅ ဒသမ ၁၇၇၁ ကီလို၊ စိတ်ကြွဆေးဆက်စပ်ပြစ်မှု ၃၄ မှုနှင့် စိတ်ကြွဆေး ၁၁၇၃၄၅ လုံး၊ ဘိန်းခဲဆက်စပ်ပြစ်မှု ၇ မှုနှင့် ဘိန်းခဲ ၀ ဒသမ ၅၆၁ ကီလို၊ မူးယစ်ချောင်းဆိုးပျောက်ဆေးဆက်စပ်ပြစ်မှုတစ်မှုနှင့် ချောင်းဆိုးပျောက်ဆေး ၁ ဒသမ ၀၃ လီတာ၊ ice ဆက်စပ်ပြစ်မှုတစ်မှုနှင့် ice ၀ ဒသမ ၉၈ကီလို၊ အန်ဟိုက်ဒရိုက်ဆေးရည် ဆက်စပ်ပြစ်မှုနှင့် ယင်းဆေးရည် ၅၄ ဒသမ ၄၈ လီတာ၊ အခြားဓာတုဆေးရည်ဆက်စပ်ပြစ်မှု နှစ်မှုနှင့် ယင်းဆေးရည် ၁၇၆ ဒသမ ၆၇၆ လီတာ၊ ဓာတုပေါင်းဒါ ဆက်စပ်ပြစ်မှုတစ်မှုနှင့် ပေါင်းဒါ ၃၅ ဒသမ ၃၀၃ ကီလို အခြားမူးယစ်ဆေးဆက်စပ်ပြစ်မှု ၂၀ တို့ကို သက်ဆိုင်ရာတာဝန်ရှိ အဖွဲ့အစည်းများမှ ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခြင်းဖြစ်ကြောင်း သတင်းစာတွင် ဖော်ပြထားချက်အရ သိရသည်။

ယင်းမူးယစ်ဆေးဝါးပြစ်မှုများနှင့် ပတ်သက်၍ သက်ဆိုင်သူ အမျိုးသား ၂၂၇ ဦးနှင့် အမျိုးသမီး ၅၄ ဦး စုစုပေါင်း ၃၃၁ ဦးကို အရေးယူဆောင်ရွက်ပြီဖြစ်ကြောင်း သတင်းစာတွင် ဖော်ပြပါရှိသည်။

■

ပုဂ္ဂလိကသစ်စက်များ အစိုးရထံမှ လက်ငင်းငွေချေဝယ်ယူရမည်

ရန်ကုန်၊ ဖေဖော်ဝါရီလ ၁၇

နိုင်ငံတကာသို့ တင်ပို့ရောင်းချလျက်ရှိသည့် မြန်မာနိုင်ငံတွင်းရှိ သစ်စက်ရုံများသို့ ၂၀၀၃ ခုနှစ်မှစတင်၍ အစိုးရက ခွင့်ပြုရောင်းချပေးနေသည့် ကုန်ကြမ်းပေးကုန်ချောယူစနစ်ကို ယခုနှစ်မှစ၍ လက်ငင်းငွေချေစနစ်ဖြစ် ပြောင်းလဲသွားရန် ခွင့်ပြုချက်ရရှိပြီဖြစ်ကြောင်း မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်လွင်က ပြောကြားသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၁၆ ရက်နေ့က ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးအဆောက်အအုံတွင် ကျင်းပပြုလုပ်သည့် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း၏ (၁၃) ကြိမ်မြောက်အစည်းအဝေးတွင် ၎င်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

မသမာသော လုပ်ငန်းရှင်အချို့၏ သစ်ကုန်ကြမ်းဖိုးငွေများကို ဝန်ကြီးဌာနသို့ပေးသွင်းရန် ပျက်ကွက်မှုများကြောင့် ယင်းစနစ်မှာ မွေးမိုန်ခဲ့ရပြီး မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းမှ ဦးဆောင်၍ လက်ငင်းငွေချေစနစ် ပြောင်းလဲအသုံးပြုရန် တင်ပြခဲ့ခြင်းဖြစ်ကြောင်း ဦးအောင်လွင်က ဆက်လက်ပြောကြားသည်။

ပြည်တွင်းသစ်လုပ်ငန်းရှင်တစ်ဦး၏ အဆိုအရ မြန်မာ့သစ်လုပ်ငန်း၌ ယင်းကဲ့သို့ သစ်ကုန်ကြမ်းဖိုးပေးရန် ကြွေးကျန်သူများစာရင်းကို လစဉ်နီးပါး ထုတ်ပြန်ကြေညာခဲ့ပြီး မကြာမီက ၂၀၀၅–၂၀၀၆ အတွက် ကုန်ကြမ်းဖိုးပေးရန် ပျက်ကွက်သူများကို ၂၀၀၆–၂၀၀၇ ခုနှစ်ထွက် သစ်ကုန်ကြမ်းများ ရောင်းချပေးမည်မဟုတ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု သိရှိရသည်။

သစ်အခြေခံစက်မှုလုပ်ငန်းရှင်အများစုပါဝင်သော မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းသည် စတင်ဖွဲ့စည်းသည့် ၁၉၉၃ ခုနှစ်က အဖွဲ့ဝင် ၃၀၀ ကျော်ရှိခဲ့ရာမှ ယခုအခါ အသင်းသားဦးရေ ၁၁၂၂ ထိ ရှိလာပြီဖြစ်သည်ဟု အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာအရ သိရှိရသည်။

Associated News

www.foreverspace.com.mm

သင်တန်းဆင်း အကောက်ခွန်ဝန်ထမ်းသုံးရာနီးပါး ဒုတိယအကောက်ခွန်မှူးများအဖြစ် ခန့်အပ်

ရန်ကုန်၊ မတ် ၁

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာနက ပြီးခဲ့သည့်နှစ်ကုန်ပိုင်းတွင် နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ဝန်ထမ်းသစ်များခေါ်ယူ၍ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) တွင် အကောက်ခွန်ဦးစီးဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းသင်တန်းပို့ချပေးခဲ့ရာ ၎င်းတို့အနက်မှ ၂၈၇ ဦးကို ဒုတိယအကောက်ခွန်မှူးများအဖြစ် တာဝန်ပေးအပ်ခဲ့ကြောင်း သင်တန်းဆင်း အကောက်ခွန်ဝန်ထမ်းသစ်များက Living Color သို့ ပြောကြားသည်။

ရန်ကုန်မြို့တော်ရှိ အကောက်ခွန်ဦးစီးဌာနချုပ်ရုံးချုပ်သို့ တာဝန်ထမ်းဆောင်ရန် အသင့်ဖြစ်ကြောင်း မတ်လ ၅ ရက်နေ့က လာရောက်သတင်းပို့ကြသည့် အကောက်ခွန်ဝန်ထမ်းသစ်များက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

သင်တန်းဆင်းအကောက်ခွန်ဝန်ထမ်း ၄၀၅ ဦးရှိပြီး အကောက်ခွန်ဝန်ထမ်းသစ် ၂၈၇ ဦးမှာ ဒုတိယအကောက်ခွန်မှူးများအဖြစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ ကျန်အကောက်ခွန်ဝန်ထမ်းသစ်များအနက် ၁၀ ဦးမှာ လက်ထောက်အကောက်ခွန်မှူး၊ ၂၈ ဦးမှာ ဒုတိယလက်ထောက်အကောက်ခွန်မှူး၊ ၇၆ ဦးမှာ အကောက်ခွန်ထိန်းများအဖြစ် အသီးသီးတာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း ၎င်းတို့ကဆိုသည်။

အဆိုပါဝန်ထမ်းသစ်များ ရာထူးခွဲဝေချထားပုံနှင့်ပတ်သက်၍ Living Color မဂ္ဂဇင်းက ရန်ကုန်မြို့တော်ရှိ အကောက်ခွန်ဦးစီးဌာနသို့ ဆက်သွယ်မေးမြန်းရာ ဝန်ထမ်းသစ်များ၏ အကောက်ခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းသင်တန်းတက်ရောက်စဉ် အတွင်း စာမေးပွဲများ၊ လုပ်ငန်းဆိုင်ရာ အရည်အချင်းစစ်မေးမြန်းမှုများတွင် ရရှိသည့် အမှတ်များပေါ်မူတည်၍ ရာထူးများခွဲဝေချထားခြင်းဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ အကြီးတန်းအရာရှိတစ်ဦးက ဆိုသည်။

၎င်းအပြင် မကြာမီ နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် အကောက်ခွန်ဝန်ထမ်းသစ်များ ထပ်မံခေါ်ယူမည်ဖြစ်ပြီး ပညာအရည်အချင်း၊ အသက်နှင့် အခြားသောကန့်သတ်မှုများ ပါဝင်ဖွယ်ရှိကြောင်း၊ ခေါ်ယူမည့် ဝန်ထမ်းသစ်အရေအတွက်မှာ ၁၀၀ ဦးခန့်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

Mass Peafowl News

ဂေါ်ဖီထုပ်အစိမ်း သုပ်စားသူများ အစာအဆိပ်သင့်

ရန်ကုန်၊ မတ် ၃

စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ် ညောင်ကန်ကျေးရွာမှ ဂေါ်ဖီထုပ်အစိမ်း သုပ်စား၍ အစာအဆိပ်သင့်သည့် ဒေသခံသုံးဦး မုံရွာမြို့နယ်ဆေးရုံတွင် အတွင်းလူနာအဖြစ် ဆေးဝါးကုသမှုခံယူခဲ့ရကြောင်း ယင်းလူနာများနှင့်နီးစပ်သည့် မုံရွာမြို့ခံများထံမှ ဖေဖော်ဝါရီလကုန်ပိုင်းတွင် စုံစမ်းသိရှိရသည်။

အဆိုပါအစာအဆိပ်သင့်သူ သုံးဦးသည် ယင်းကဲ့သို့ စားသုံးရာမှ လုပ်ငန်းခွင်ဝင်နေသည့် စိုက်ခင်းအတွင်းမှာပင် အစာအဆိပ်သင့်ခဲ့ခြင်းဖြစ်ပြီး မုံရွာမြို့ဆေးရုံသို့ တက်ရောက်ကုသရခြင်းဖြစ်ကြောင်း၊ ယင်းသို့စားသုံးရာတွင် ပိုးသတ်ဆေးကဲ့သို့ အနံ့တစ်မျိုးရရှိခဲ့ကြောင်း အစာအဆိပ်သင့်သူများ၏ ပြောကြားချက်ကို ကိုးကား၍ မုံရွာမြို့ခံတစ်ဦးက ဆိုသည်။ အစာအဆိပ်သင့်မှုဖြစ်ပေါ်ရခြင်းမှာ ဂေါ်ဖီထုပ်အတွင်း ပိုးသတ်ဆေးပမာဏများစွာ ပါဝင်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများတွင် ဓာတုဆေးဝါးများကြွင်းကျန်ခြင်းနှင့် ပိုးသတ်ဆေးများ ကျန်ရှိနေခြင်းတို့ကြောင့် စားသုံးသူများ အစာအဆိပ်သင့်၍ ဆေးဝါးကုသပေးရခြင်းများ ကြုံတွေ့နေရပြီး တောင်သူများနှင့် စားသုံးသူများကို ပိုးသတ်ဆေးသုံးစွဲမှုနှင့်ပတ်သက်၍ ပညာပေးရန် လိုအပ်လျက်ရှိကြောင်း ယင်းလူနာသုံးဦးကို ကိုယ်တိုင်ဆေးဝါးကုသပေးခဲ့သူ တာဝန်ကျဆရာဝန်က ပြောကြားသည်။

ရန်ကုန်မြို့တော်ရှိ သီရိမင်္ဂလာဈေးသို့ ဒေသစုံမှ ရောက်ရှိလာသော ပန်းဂေါ်ဖီ ခေါ်ပန်းမုန်လာနှင့် ဂေါ်ဖီထုပ်အချို့တွင် လည်းပိုးသတ်ဆေးအာနိသင်များ ပါဝင်လျက်ရှိရာ မချက်ပြုတ်မီ သေချာစွာဆေးကြော၍ စားသုံးသင့်ကြောင်း ကျန်းမာရေးဦးစီးဌာန လုပ်ငန်းခွင်ကျန်းမာရေးဌာနခွဲမှ တာဝန်ရှိသူတစ်ဦးက အကြံပြုပြောကြားသည်။

Associated News

■

www.foreverspace.com.mm

ဆန်ကွဲစျေးပြန်ကျ

ရန်ကုန်၊ မတ် ၆

ဆန်ကြမ်းစျေးနှုန်းထက်ပင် စျေးကောင်းရှိနေသော ဆန်ကွဲစျေးနှုန်းသည် ဖေဖော်ဝါရီ ပထမပတ်အတွင်း တစ်အိတ်လျှင် ကျပ် ၁၀၀၀ ခန့် ပြန်လည်ကျဆင်းလာကြောင်း မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ပွဲရုံ ပိတောက်လမ်းရှိ ဆန်ကွဲအဓိက ရောင်းချသူလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ကြက်၊ ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုတွေ့ရှိရသည့် တရားဝင်သတင်းများ ထွက်ပေါ်ပြီးနောက် ကြက်စာဝယ်ယူသူလုပ်ငန်းရှင်များက အခြေအနေစောင့်ကြည့်၍ ဆန်ကွဲဝယ်ယူမှု ရပ်ထားကြကြောင်း၊ အရက်ချက်လုပ်ငန်းများ၌လည်း ဆန်ကွဲအစားသုံးစွဲနိုင်သည့် ပိလောကုန်ကြမ်းများ ဝင်ရောက်လာ၍ ဆန်ကွဲစျေးနှုန်းများ ကျဆင်းလာခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။

ပြီးခဲ့သော ဖေဖော်ဝါရီက ရှမ်းပြည်နယ်တောင်ပိုင်း ဒေသအနှံ့အပြားနှင့် မြန်မာနိုင်ငံအထက်ပိုင်းဒေသအချို့မှ ဆန်ကွဲအဝယ်လိုက်၍ တစ်ပတ်လျှင် တစ်ကြိမ်ခန့် စျေးနှုန်းပြောင်းလဲလေ့ရှိကြောင်း၊ နေ့စဉ် ကျပ် ၁၀၀ ခန့် ပြောင်းလဲပြီး စျေးနှုန်းတရိပ်ရိပ်တက်ခဲ့ကြောင်း၊ ယခုမတ်လ ပထမပတ်အတွင်းတွင်မူ တစ်အိတ်လျှင် ကျပ် ၁၀၀၀ ခန့် ပြန်လည်ကျဆင်းခြင်းဖြစ်ကြောင်းနှင့် 243 တစ်အိတ် ၁၁၅၀၀ မှ ၁၀၅၀၀ ကျပ်သို့လည်းကောင်း၊ ဝမ်းတူး ၁၂၀၀၀ မှ ၁၁၀၀၀ ကျပ်သို့လည်းကောင်း၊ ဆလတ်ကြီး ၁၂၅၀၀ မှ ၁၁၅၀၀ ကျပ်သို့လည်းကောင်း အသီးသီးကျဆင်းခဲ့ကြောင်း စျေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ဆန်ကွဲလက်လီစျေးနှုန်းမှာ တစ်ပြည်လျှင် ၅၈၀ မှ ၅၀၀ ကျပ်အထိ ပြန်လည်ကျဆင်းခဲ့ကြောင်း ရပ်ကွက်စျေးများအတွင်းရှိ ခေါက်မုန့်၊ ဘိန်းမုန့် စသည့် ဆန်ဖြင့်ပြုလုပ်သော အစားအစာရောင်းချသူများထံမှ စုံစမ်းသိရှိရသည်။

■

တက္ကသိုလ်များ သမိုင်းသုတေသနဦးစီးဌာန ယဉ်ကျေးမှုဝန်ကြီးဌာနသို့ လွှဲပြောင်း

ရန်ကုန်၊ မတ် ၁၄

ပညာရေးဝန်ကြီးဌာနတွင် ခုနစ်နှစ်ကျော်ကြာ ဦးစီးဌာနတစ်ခုအဖြစ် တည်ရှိခဲ့သော တက္ကသိုလ်များသမိုင်းသုတေသနဦးစီးဌာနသည် ယခုအခါ ယဉ်ကျေးမှုဝန်ကြီးဌာန၏ နိုင်ငံသမိုင်းသုတေသနဦးစီးဌာနအဖြစ် လွှဲပြောင်းရောက်ရှိခဲ့ကြောင်း မတ်လ ၆ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများ၏ ဖော်ပြချက်အရ သိရသည်။

၁၉၇၂ ခုနှစ်က စတင်ထူထောင်ဖွဲ့စည်းခဲ့သည့် အဆိုပါနိုင်ငံသမိုင်းသုတေသနဦးစီးဌာနသည် ယဉ်ကျေးမှုဝန်ကြီးဌာန လက်အောက်ခံဦးစီးဌာနအဖြစ် ၁၉၈၄ ခုနှစ်အထိရှိခဲ့ကြောင်း၊ ၁၉၈၄ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းခဲ့ပြီး အဆင့်မြင့်ပညာဦးစီးဌာန၏ လက်အောက်တွင် ထားရှိခဲ့ရာမှ ၁၉၉၉ ခုနှစ် နိုဝင်ဘာလမှစ၍ တက္ကသိုလ်များ သမိုင်းသုတေသနဦးစီးဌာနတစ်ခုအဖြစ် သီးခြားရပ်တည်လာခဲ့သည်ဟု ပညာရေးဝန်ကြီးဌာနမှ ထုတ်ဝေသော မြန်မာ့သမိုင်းရွေရတုစာစောင်တွင် ဖော်ပြထားသည်။

စစ်ကိုင်းတိုင်းရှိ လယ်မြို့ပင်များ အိန္ဒိယ နှစ်ကြိုစာချုပ်ဝယ်ယူ

ရန်ကုန်၊ မတ် ၁၇

မြန်မာနိုင်ငံအလယ်ပိုင်း စစ်ကိုင်းတိုင်းအတွင်းတွင် ယခင်က အလေ့ကျပေါက်ရောက်သော်လည်း ယခုနောက်ပိုင်း ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလာသော လယ်မြို့ပင်ထွက် လယ်မြို့များကို အိန္ဒိယနိုင်ငံမှ ကုန်သည်များက တစ်နှစ်ကြိုတင်၍ စာချုပ်ချုပ်ဆိုဝယ်ယူနေကြကြောင်း ဒေသခံတစ်ဦး၏ အဆိုအရ သိရသည်။

လယ်မြို့တစ်ပိသာလျှင် ကျပ်နှစ်ထောင်ဖြင့် ဝယ်ယူလျက်ရှိပြီး တစ်ပင်လျှင် လယ်မြို့ငါးပိသာကျော်ခန့် ထွက်ရှိနိုင်သဖြင့် တစ်ပင်လျှင် ကျပ်တစ်သောင်းနှုန်းဖြင့် ဝယ်ယူနေကြကြောင်း၊ ဆယ်ပေပတ်လည်မြေအကျယ်တွင် တစ်ပင်နှုန်းဖြင့်စိုက်ပါက တစ်ဧကလျှင် အပင် ၆၀ မှ ၇၀ ကြား စိုက်ပျိုးနိုင်ကြောင်း ၎င်း၏ အဆိုအရ သိရသည်။

စစ်ကိုင်းတိုင်း တန့်ဆည်မြို့နယ်တွင် လယ်မြို့ပင်များကို တစ်ဦးလျှင် အနည်းဆုံး ဆယ်ဧကနှုန်းဖြင့် တောင်သူများစိုက်ပျိုးထားကြောင်း၊ တစ်ဧကလျှင် လယ်မြို့ပိသာချိန် ၃၀၀ မှ ၅၀၀ ကြားထွက်ရှိကြောင်း၊ လယ်မြို့ပင်သည် နှစ်ရှည်ပင်မျိုးဖြစ်ပြီး သုံးနှစ်သားကျော်သည်နှင့် အသီးစတင်သီးနိုင်သဖြင့် တွက်ခြေကိုက်သော အပင်တစ်မျိုးဖြစ်ကြောင်း၊ ကြိုတင်ရောင်းချထားသည်ထက် တစ်နှစ်ပေါက်စျေးဖြင့် တစ်နှစ် ရောင်းချပါက အမြတ်အစွန်းပိုမိုရရှိနိုင်ကြောင်း ယင်းဒေသတွင်း လက်ရှိစိုက်ပျိုးနေသော တောင်သူတစ်ဦးက ဆိုသည်။

ထို့ပြင် လယ်မြို့ပင်များအကြားတွင် အခြားသီးနှံပင်ငယ်တစ်မျိုးကို ကြားညှပ်စိုက်ပျိုးနိုင်သဖြင့် ဝင်ငွေနှစ်မျိုးရရှိနိုင်သည့် စိုက်ပျိုးရေးလုပ်ငန်းတစ်ခုဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

www.foreverspace.com.mm

ယာဉ်ထိန်းရဲများ အစားထိုးလဲလှယ်

ရန်ကုန်၊ မတ် ၃

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေဖြင့် ယာဉ်ထိန်းရဲများအား စနစ်တကျလေ့ကျင့်ပေးထားသော တပ်ဖွဲ့ဝင်များဖြင့် အစားထိုးလဲလှယ်၍ လုပ်ငန်းကျွမ်းကျင်၍ စည်းစနစ်ကျနသော တာဝန်ထမ်းဆောင်သူများအဖြစ် ပြောင်းလဲစေရန် ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ထုတ်ပြန်ကြေညာခဲ့သည်။

ယခင် ပြည်နယ်နှင့်တိုင်းရဲတပ်ဖွဲ့များတွင် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များရှိသော်လည်း ပြောင်းလဲလာသောအခြေအနေများအရ လုပ်ငန်းလိုအပ်ချက်အဆင်ပြေစေရန် မူလဖွဲ့စည်းပုံထက် ပိုမိုခန့်အပ်တာဝန်ပေးခဲ့ကြောင်း၊ ထို့သို့ တာဝန်ပေးထားသူများမှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ ကျွမ်းကျင်အောင် စနစ်တကျလေ့ကျင့်ပေးထားခြင်းမရှိခြင်းကြောင့် လုပ်ထုံးလုပ်နည်းနှင့်မညီခြင်း၊ လုပ်ပိုင်ခွင့်ဘောင်ကျော်ဆောင်ရွက်ခြင်းနှင့် လူထုက အထင်အမြင်လွဲမှားဖွယ်ရာဖြစ်စေနိုင်သဖြင့် ဖွဲ့စည်းပုံမရှိဘဲ ခန့်အပ်တာဝန်ပေးထားသူများကို တာဝန်မှရုပ်သိမ်းခဲ့ပြီး မူလနယ်မြေရဲတာဝန်များကို ထမ်းဆောင်စေခဲ့ကြောင်း၊ သို့ဖြစ်၍ နောက်ပိုင်းတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် လမ်းကြောင်းအုပ်ချုပ်ထိန်းသိမ်းသည့် ပညာရပ်များ စနစ်တကျပို့ချလေ့ကျင့်ပေးထားသည့် တပ်ဖွဲ့ဝင်များဖြင့် အစားထိုးလဲလှယ်တာဝန်ပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးတစ်ဦးက ဆိုသည်။

လက်ရှိ ယာဉ်ထိန်းရဲများ လျော့ချရုပ်သိမ်းလိုက်သည့်နေရာများတွင် အဖွဲ့လိုက် ရောင်တခင်စစ်ဆေးခြင်းများ၊ လူထုအသိပညာပေးမှုများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အဆိုအရ သိရသည်။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေဖြင့် ၂၀၀၇ ခုနှစ်ကို စည်းကမ်းထိန်းသိမ်းရေးနှစ်အဖြစ် သတ်မှတ်ထားပြီး ရဲတပ်ဖွဲ့၏ ပုံရိပ်ကို ပြည်သူလူထုအမြင်တွင် သိသာထင်ရှားစွာ ပြောင်းလဲတိုးတက်ရေးအတွက် ပုံရိပ်စီမံချက်ကို အကောင်အထည်ဖော်လျက်ရှိသည်။

ကန့်သတ်ကုန်မတင်ရေး ရေယာဉ်အသင်းဆောင်ရွက်မည်

ရန်ကုန်၊ ဖေဖော်ဝါရီ ၂၇

ကုန်တင်မော်တော်ယာဉ်၊ ရေယာဉ်နှင့် အခြားယာဉ်လိုင်းများ ကြီးကြပ်မှုကော်မတီလက်အောက်ရှိ ရေယာဉ်အသင်းဌာနခွဲမှ အသင်းဝင် အဖွဲ့ဝင်ရေယာဉ်များတွင် ကန့်သတ်ကုန်ပစ္စည်းများမတင်ဆောင်ရေး ဆောင်ရွက်မည်ဖြစ်ကြောင်း အဆိုပါကော်မတီမှ ဖေဖော်ဝါရီလကုန်ပိုင်းတွင် စုံစမ်းသိရှိရသည်။

အဆိုပါရေယာဉ်အသင်းတွင် ကမ်းရိုးတန်းသွားစက်လှေအသင်း၊ တွဲဆွဲရေယာဉ်အသင်း၊ ခရီးသည်တင်ရေယာဉ်အသင်း၊ ပုံထောင်ရေယာဉ်အသင်းများ ပါဝင်မည်ဖြစ်ပြီး အသင်းဝင်ရေယာဉ်များ ကန့်သတ်ကုန်များ မတင်ဆောင်ရန်၊ သတ်မှတ်တန်ချိန်ထက် ပိုမိုမတင်ဆောင်ရန်၊ သတ်မှတ်ရေလမ်းကြောင်းမှသွားလာရန်၊ သတ်မှတ်ဆိပ်ကမ်းများတွင်သာ ဆိုက်ကပ်ရေးနှင့် ကုန်တင်ကုန်ချပြုလုပ်ရန်၊ နေ့စဉ် ဝင်ကုန်၊ ထွက်ကုန်ပစ္စည်းများ စာရင်းကောက်ယူရန်နှင့် နေ့စဉ် ရေယာဉ်ဝင်ထွက်မှတ်တမ်းများထားရှိစေရန် ကော်မတီ၏ ညွှန်ကြားချက်များအရ ရေယာဉ်အသင်းက ကြီးကြပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း အဆိုပါရေယာဉ်အသင်းဌာနခွဲ၏ အဖွဲ့ဝင်အသင်းတစ်ခုထံမှ စုံစမ်းသိရှိရသည်။ ■

စိုက်ပျိုးမြေ ၁၀ ရာခိုင်နှုန်း တိုးချဲ့ဖော်ထုတ်နိုင်ပါက ပဲမျိုးစုံ ပိုမိုထွက်ရှိမည်

ရန်ကုန်၊ မတ် ၇

မြန်မာနိုင်ငံတွင် စိုက်ပျိုးနိုင်သောမြေရိုင်းဧက ၁၅၂၂ သန်းရှိရာ ထိုပမာဏ၏ ၁၀ ရာခိုင်နှုန်း ဖော်ထုတ်စိုက်ပျိုးနိုင်ပါက ပဲမျိုးစုံတန်ချိန် ၅.၈ သိန်း ပိုမိုထွက်ရှိမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင်သိန်းက ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ပြောကြားသည်။

မြန်မာနိုင်ငံသည် အာဆီယံတွင် ပဲမျိုးစုံထုတ်လုပ်ရောင်းချတင်ပို့ရာ၌ ဦးဆောင်နိုင်ငံဖြစ်ရာ ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှုတိုးမြှင့်ရေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် မြေလွတ်မြေရိုင်းတိုးချဲ့စိုက်ပျိုးခြင်းများ ပြုလုပ်ရမည့်အပြင် တစ်ဧကအထွက်နှုန်း တိုးတက်ရေးဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံမှ ပြည်ပတင်ပို့လျက်ရှိသည့် ပဲမျိုးစုံ စိုက်ဧက ၂.၅ သန်းဝန်းကျင်၏ တစ်ဧက ပျမ်းမျှအထွက်နှုန်းမှာ ၁၂ တင်းသာရှိ၍ ကနေဒါကဲ့သို့ နိုင်ငံများနှင့်နှိုင်းယှဉ်လျှင် ထက်ဝက်သာရှိကြောင်း ၎င်းက ဆိုသည်။

သို့ဖြစ်ရာ တစ်ဧကအထွက်နှုန်းကို ၁၅ တင်းသို့ တိုးမြှင့်နိုင်ပါက ပဲတန်ချိန် ၂.၅ သိန်း ပိုမိုထွက်ရှိလာမည်ဖြစ်ကြောင်း၊ စိုက်ဧကနှင့် အထွက်နှုန်း တစ်ပြိုင်တည်း တိုးတက်ဆောင်ရွက်နိုင်ပါက စုစုပေါင်း ပဲမျိုးစုံတန်ချိန် ၈.၃ သိန်းထိ တိုးမြှင့်ထုတ်လုပ်လာနိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

www.foreverspace.com.mm

၂၀၂၀ တွင် အာရှသို့ ခရီးသွားဧည့်သည် ၄၁၇ သန်း လာရောက်လည်ပတ်နိုင်

ရန်ကုန်၊ မတ် ၁၂

ခရီးသွားလုပ်ငန်းသည် ကမ္ဘာပေါ်တွင် အကြီးဆုံးနှင့် အလျင်အမြန်ဆုံး တိုးတက်လျက်ရှိသော လုပ်ငန်းတစ်ခုဖြစ်ရာ WTO (World Tourism Organization) က သက္ကရာဇ် ၂၀၂၀ တွင် ကမ္ဘာပေါ်၌ ခရီးသွားဧည့်သည်ပေါင်း ၁.၆ ကုဋေအထိ တိုးတက်လာမည်ဟု ခန့်မှန်းထားပြီး အာရှဒေသသို့ ၄၁၇ သန်း လာရောက်လည်ပတ်မည်ဟု သိရှိရကြောင်း မတ်လ ၁၂ ရက်နေ့တွင် ကျင်းပခဲ့သော ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် UMFCCI ၏ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲတွင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ စာတမ်းရှင်များက ဖတ်ကြားသွားသည်။

၂၀၀၄ ခုနှစ်တွင် အာရှဒေသသို့ ခရီးသည်ပေါင်း ၁၅၄ သန်းရောက်ရှိခဲ့ပြီး အာဆီယံနိုင်ငံများသို့ စုစုပေါင်း ၄၈ သန်း ကျော်လည်ပတ်ခဲ့ကြကြောင်း၊ မြန်မာနိုင်ငံသို့လည်း ၂၀၀၄ ခုနှစ်တွင် ရန်ကုန်လေဆိပ်မှ ကမ္ဘာလှည့်ခရီးသည် စုစုပေါင်း ၂၃၆၃၇၀ ဦး လာရောက်ခဲ့ပြီး ၂၀၀၆ ခုနှစ်တွင် ၂၅၇၂၉၄ ဦးအထိ တိုးတက်လာသော်လည်း အခြားဒေသတွင်းရှိ အာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် လျော့နည်းနေသည်ကို တွေ့ရကြောင်း၊ သတင်းအချက်အလက်နည်းပညာများ ဖွံ့ဖြိုးတိုးတက်မှုသည် ခရီးသွားလုပ်ငန်းအတွက် ကြီးမားသော ပြောင်းလဲမှုကို ဖန်တီးလာနိုင်မည်ဖြစ်သည့် အလျောက် မြန်မာနိုင်ငံရှိ ခရီးသွားလုပ်ငန်းရှင်များ၊ ဟိုတယ်လုပ်ငန်းရှင်များနှင့် ခရီးသွားလုပ်ငန်းဖြင့် ဆက်စပ်၍ အသက်မွေးဝမ်းကျောင်းပြုနေသူအားလုံးသည် ဖွံ့ဖြိုးတိုးတက်လာသော နည်းပညာများကို မျက်ခြည်မပြတ်လေ့လာသင့်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် သတင်းအချက်အလက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုမှာ သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် အခြားဒေသနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် တန်းတူရှိသော်လည်း တယ်လီဖုန်း၊ မိုဘိုင်းဖုန်းနှင့်၊ အင်တာနက်အသုံးပြုနိုင်သူဦးရေနည်းပါးလျက်ရှိကြောင်းနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာပါက နိုင်ငံ၏ သဘာဝသယံဇာတပစ္စည်းများ ကုန်ခန်းသွားခြင်းမရှိသည့် အပြင် မီးခိုးမထွက်ဘဲ နိုင်ငံအတွက် နိုင်ငံခြားဝင်ငွေများ ပိုမိုရရှိဖွေးပေးနိုင်မည်ဖြစ်ကြောင်း စာတမ်းရှင်များက ဖတ်ကြားသွားသည်။

ကျော်ဇေယျထွန်း

နိုင်ငံခြားငွေ တရားမဝင်ရောင်းဝယ်မှု ဆက်စပ်တရားခံလေးဦး ဖမ်းဆီးရမိ

ရန်ကုန်၊ ဖေဖော်ဝါရီ ၁၉

ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ်အတွင်း နိုင်ငံခြားငွေ တရားမဝင်ရောင်းဝယ်မှုနှင့်ပတ်သက်၍ တရားခံလေးဦးကို ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် သက်သေနိုင်ငံခြားငွေခြောက်မျိုးဖြင့် ဖမ်းဆီးရမိကြောင်း ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံးမှ မြို့နယ်ရဲတပ်ဖွဲ့စခန်းများသို့ ပေးပို့သော အကြောင်းကြားချက်မှတ်တမ်းအရ သိရှိရသည်။

အဆိုပါဖြစ်စဉ်တွင် ကျောက်တံတားမြို့နယ် (၉) ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း အိုလံပစ်တာဝါ၊ အခန်းအမှတ် (၈၀၅) တွင် နိုင်ငံခြားငွေ တရားမဝင်ရောင်းဝယ်ဖောက်ကားနေကြောင်း သတင်းရရှိ၍ အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးနှင့် အဖွဲ့သည် ဖေဖော်ဝါရီလ ၁၆ ရက်နေ့ နံနက် ၁၀ နာရီ အချိန်ခန့်တွင် ဝင်ရောက်ရှာဖွေရာ ယင်းအမှုတွင် အဓိကတရားခံဟုယူဆရသူ အခန်းပိုင်ရှင် ဦးကျော်သိန်း (ခ) Thi Ya Gara Jan ဆိုသူမှာ ထွက်ပြေးလွတ်မြောက်သွားပြီး ယင်းအခန်းတွင် ကျန်ရှိသူ ဦးစိန်ဝင်း၊ ဦးအစ္စမန် (ခ) ဂျက်၊ ဦးစိုးမင်းနှင့် ဦးကျော်တင်စိုးတို့ လေးဦးကို တရားမဝင် အရောင်းအဝယ်ပြုလုပ်နေသည့် ယူရို ၁၀၉၆၅၅၊ အမေရိကန်ဒေါ်လာ ၃၁၈၃၄၊ ရူပီး ၃၂၅၊ စင်ကာပူဒေါ်လာ ၂၀၀၊ ဩစတြေးလျဒေါ်လာ ၃၀၀၊ သီရိလင်္ကာရူပီး ၃၀၀၊ အက်ဖ်အီးစီ ၂၆၀၊ မြန်မာငွေကျပ်သိန်း ၂၀၄၀ နှင့် ရွှေရုစ်ကျပ် နှစ်ပဲသုံးလွှားသားတို့ကို သိမ်းဆည်းရမိခြင်းဖြစ်ကြောင်း အဆိုပါ အကြောင်းကြားချက်မှတ်တမ်းတွင် ဖော်ပြပါရှိသည်။

ယင်းဖြစ်စဉ်ကို ကျောက်တံတားရဲစခန်း၌ (၀) အမှတ် ၁၁၂/ ၂၀၀၇ နိုင်ငံခြားငွေလဲလှယ်မှု အက်ဥပဒေပုဒ်မ–၂၄ (၁) ဖြင့် အမှုဖွင့်အရေးယူထားပြီး အမှုမှလွတ်မြောက် တရားခံ ကျော်သိန်း (ခ) Thi Ya Gara Jan ကို ဖမ်းဆီးရမိနိုင်ရေးအတွက် ဖေဖော်ဝါရီလ ၁၇ ရက်နေ့ နေ့လယ်ပိုင်းမှ စတင်၍ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ဟိုတယ်၊ အင်းနှင့် တည်းခိုခန်းမန်နေဂျာများ၊ ဆိပ်ကမ်း၊ လေဆိပ်နှင့် ကားဂိတ်များသို့ မြို့နယ်ရဲစခန်းအပိုင်နယ်မြေများအလိုက် တရားခံ၏ ဓာတ်ပုံမိတ္တူများ ဖြန့်ဝေစုံစမ်းစစ်ဆေးလျက်ရှိကြောင်း အဆိုပါအကြောင်းကြားချက်မှတ်တမ်းကို ကိုးကား၍ မြို့နယ်ရဲတပ်ဖွဲ့မှူးတစ်ဦးက အသိပေးပြောကြားသည်။

www.foreverspace.com.mm

သဘာဝဓာတ်ငွေ့အလွန်ကြွယ်ဝသောအဆင့် မြန်မာရောက်ရှိ

ရန်ကုန်၊ ဖေဖော်ဝါရီ ၂၀

မြန်မာနိုင်ငံ၏ တွင်းထွက်သယံဇာတများ ကြွယ်ဝမှုတွင် သဘာဝဓာတ်ငွေ့သည် အတော်အသင့်ကြွယ်ဝမှုမှ အလွန်ကြွယ်ဝသောအဆင့်သို့ ရောက်ရှိလျက်ရှိကြောင်း မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းဥက္ကဋ္ဌ ဒေါက်တာ ဦးသိန်းက ဖေဖော်ဝါရီလ တတိယပတ်အတွင်း ပြောကြားသည်။

ရန်ကုန်မြို့တော် ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးအဆောက်အအုံ (IBC) တွင်ကျင်းပသည့် အဆိုပါအသင်း၏ နှစ်ပတ်လည်အစည်းအဝေးတွင် 'မြန်မာနိုင်ငံ တွင်းထွက်သယံဇာတများနှင့် ဖြစ်တည်ရာ ရပ်ဝန်းများ' ခေါင်းစဉ်ဖြင့် ဖတ်ကြားသည့် စာတမ်းဖတ်ပွဲတွင် ယင်းသို့ပြောကြားခြင်း ဖြစ်သည်။ သဘာဝဓာတ်ငွေ့ကြွယ်ဝမှုမြင့် တက်လာသော်လည်း တွင်းထွက်သယံဇာတများဖြစ်သည့် ပတ္တမြား၊ နီလာကြွယ်ဝမှုအဆင့်မှာ ယခင်ထက်ကျဆင်းသွားကြောင်း ၎င်းကစာတမ်းတွင် ထည့်သွင်းပြောကြားသည်။ နိုင်ငံအတွက် အလွန်အားထားရသည့် ကမ်းလွန်ဓာတ်ငွေ့သိုက်နယ်မြေများဖြစ်သည့် ဧရာဝတီကမ်းလွန်ဓာတ်ငွေ့လုပ်ငန်း၊ မုတ္တမကမ်းလွန်ဓာတ်ငွေ့လုပ်ငန်း၊ ရခိုင်ကမ်းလွန်ဓာတ်ငွေ့လုပ်ငန်းတို့မှ သဘာဝဓာတ်ငွေ့ကုဗပေ ၁၄ ထရီလီယံပမာဏခန့် ထွက်ရှိနိုင်ကြောင်း၊ စီးပွားရေးနှင့် နိုင်ငံရေးအရ အရေးပါလာသော သဘာဝဓာတ်ငွေ့ကြွယ်ဝမှုမှာ နိုင်ငံအတွက် အင်အားကြီးတစ်ရပ်ဖြစ်လာကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

စက်မှုကုန်ထုတ်လုပ်ငန်းများအတွက် အရေးပါသည့် ကုန်ကြမ်းတွင်းထွက်ဖြစ်သည့်သံမှာ အတော်အသင့်ရှိရာ အရည်အသွေးကောင်း ကျောက်မီးသွေးမှာ အနည်းအကျဉ်းသာရှိသည်ဟု ၎င်း၏အဆိုအရ သိရသည်။

မြန်မာနိုင်ငံမှ သဘာဝဓာတ်ငွေ့ကို ထိုင်းနိုင်ငံမှ နှစ် ၃၀ ကြာ ဝယ်ယူခွင့်စာချုပ်နှင့် ၁၉၉၇ ခုနှစ် မတ်လမှ စတင်ချုပ်ဆို ဝယ်ယူလျက်ရှိပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံမှလည်း ရခိုင်ကမ်းလွန်ရှိ A-1 လုပ်ကွက်မှ ထွက်ရှိသော သဘာဝဓာတ်ငွေ့ကို ဝယ်ယူရန် နှစ်သုံးဆယ်ဝယ်ယူခွင့်စာချုပ်ဖြင့် ချုပ်ဆိုဝယ်ယူလျက်ရှိပြီး အိန္ဒိယနိုင်ငံမှလည်း ဝယ်ယူနိုင်ရန်ဆောင်ရွက်လျက်ရှိ (Living Color No.135 August 2006 တွင် သတင်းဖော်ပြပြီး) သည်။

မြန်မာနိုင်ငံ၏ တွင်းထွက်သယံဇာတများ ကြွယ်ဝမှုအခြေအနေပြဇယား

အလွန်ကြွယ်ဝ	ကြွယ်ဝ	အတော်အသင့်ကြွယ်ဝ	နည်းပါး
ကျောက်စိမ်း ပတ္တမြား နီလာ – – –	ခဲမဖြူ အဖြိုက်နက် ကြေး၊ ခဲ၊ သွပ် – – –	သံ၊ ခရိမီယမ်၊ နစ်ကယ်၊ ခနောက်စိမ်း၊ ကျောက်မီးသွေး၊ ရေနံ၊ သဘာဝဓာတ်ငွေ့ – –	မန်ဂနိ၊ ပြဒါး၊ ဗယ်ရ်လီယမ်၊ ရွှေဖြူ စိန်၊ မြေဩဇာတွင်းထွက်လရောင်း၊ ဖလူအိုရိုက်၊ ရေနံချေး၊ ယူနီယမ်ဆိုရီယမ်၊

မြေငလျင်ခန့်မှန်းတွက်ချက်မှု Software ရေးဆွဲရန်စီစဉ်

ရန်ကုန်၊ မတ် ၂၈

မြန်မာနိုင်ငံ၏ မြေငလျင်ခန့်မှန်းတွက်ချက်မှုဆိုင်ရာဗေဒင် (Earthquake Astrology) Software ကို နဒီနက္ခတ်ဗေဒင်သင်တန်းကျောင်းက ရေးဆွဲရန် စီစဉ်လျက်ရှိကြောင်း အဆိုပါသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီးဦးထွန်းလင်းက Living Color သို့ ပြောကြားသည်။

အဆိုပါ Software ဖြင့် မြန်မာနိုင်ငံ၌ ငလျင်လှုပ်မည့်နေရာနှင့် အချိန်ကိုတစ်နှစ်စာ ခန့်မှန်းတွက်ချက်ဟောကိန်းထုတ်နိုင်သည်အထိ ရေးဆွဲသွားမည်ဖြစ်ကြောင်း၊ မြေငလျင်ခန့်မှန်းတွက်ချက်မှုကို ဗေဒင်ဖြင့် နှစ် ၁၀၀ ဝန်းကျင်ထိ ဟောကိန်းထုတ်နိုင်ကြောင်း၊ သင်တန်းကျောင်းအနေဖြင့် လွန်ခဲ့သောနှစ်ပေါင်း ၅၀ အတွင်း လှုပ်ခတ်ခဲ့သည့် မြေငလျင်အကြိမ်ရေ ၃၀၀၀၀ ကျော်ကို သုတေသနပြုလုပ်ခဲ့ကြောင်း၊ အဆိုပါသုတေသနလုပ်ငန်းကို ၁၉၈၇ ခုနှစ်က တည်းက စတင်ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ဆိုသည်။

အဆိုပါသင်တန်းကျောင်းသည် ဓာတာဖွဲ့သည့် Program ကို ၂၀၀၇ နှစ်ဆန်းတွင် အပြီးသတ်ရေးဆွဲခဲ့ပြီး ယင်း Software ကို အစိုးရဆေးရုံများသို့ အခမဲ့လျှဒါန်းသွားမည်ဖြစ်ကြောင်း၊ မွေးဖွားလာသောကလေးငယ်များကို ယင်း Software ဖြင့် ဆေးရုံမှပင် အချက်အလက်များထည့်သွင်း၍ ဓာတာထုတ်ပေးနိုင်သည်အထိ စီစဉ်ပေးထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

■

www.foreverspace.com.mm

ကြေးနီအဟောင်းရောင်းဝယ်မှုရပ်ဆိုင်းပြီးနောက် သံတိုသံစအဟောင်းဆိုင်ဈေးကွက်အေး

ရန်ကုန်၊ ဖေဖော်ဝါရီ ၁၀

ကြေးထည်အဟောင်းပစ္စည်းရောင်းဝယ်မှုများ ၂၀၀၆ ခုနှစ်ကုန်ပိုင်းမှ စတင်ရပ်ဆိုင်းပြီးနောက် သံတိုသံစ အဟောင်းရောင်းဝယ်ရေးဆိုင်များ၏ ဈေးကွက်ကျဆင်းခဲ့ကြောင်း အဟောင်းဆိုင်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ပြောကြားသည်။

ကြေးနီ၊ ကြေးဝါအဟောင်းပစ္စည်းရောင်းဝယ်မှုများ ရပ်နားခဲ့ခြင်းနှင့်အတူ ပြည်တွင်း၌ ကြေးထည်အဟောင်းမှ အသစ်ပြန်လည်ထုတ်လုပ်သည့်လုပ်ငန်းများတွင်လည်း ကုန်ကြမ်းပြတ်လပ်မှုများ ကြုံတွေ့နေသည်ဟု ၎င်းက ဆိုသည်။

၂၀၀၆ ခုနှစ် နှစ်ကုန်ပိုင်းအတွင်း ရန်ကုန်မြို့တော်၏ မြို့နယ်နေရာအများအပြားတွင် ကောင်းကင်လျှပ်စစ်မီးကြိုးများ မကြာခဏပျောက်ဆုံးခဲ့ခြင်းကြောင့် သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့စခန်းများက သံတိုသံစ၊ ကြေးနီ၊ ကြေးဝါဝယ်ယူသူအများအပြားကို ခေါ်ယူစစ်ဆေးမှုများပြုလုပ်ပြီး နောက်ပိုင်း အဆိုပါ ကြေးအဟောင်းဈေးကွက်ရပ်ဆိုင်းခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ဆိုသည်။

လတ်တလောအခြေအနေတွင် ကြေးအဟောင်းဈေးကွက်အတွင်း၌ ကြေးအဟောင်းမှအသစ်ပြုပြင်ထုတ်လုပ်မှုများ ရပ်ဆိုင်းခြင်းကြောင့် ပြည်ပမှ ကြေးကုန်ကြမ်းများ ရယူအစားထိုးလုပ်ကိုင်နေကြသော်လည်း အဟောင်းဆိုင်များ၌ ကြေးနီ၊ ကြေးဝါဝယ်ယူမှုကိုမူ ကာလအတန်အကြာအထိ ဆက်လက်ရပ်ဆိုင်းထားမည်ဖြစ်ပြီး သက်ဆိုင်ရာ ဒေသအာဏာပိုင်များဘက်က ခွင့်ပြုချက်များ ပြန်လည်ထုတ်ပြန်ပေးမှသာ ဈေးကွက်ပြန်လည် အသက်ဝင်လာဖွယ်ရှိကြောင်း အဆိုပါလုပ်ငန်းရှင်က ထပ်လောင်းပြောကြားသည်။

ခရီးသည်တင်မှအပ ကျန်ယာဉ်အားလုံး CNG ယာဉ်အဖြစ်ပြောင်းလဲခြင်းခေတ္တရပ်နား

ရန်ကုန်၊ မတ် ၁၄



ရန်ကုန်မြို့တော်တွင် မတ်လအတွင်း သဘာဝဓာတ်ငွေ့အရောင်းဆိုင်တစ်ဆိုင် ထပ်မံဖွင့်လှစ်ခဲ့သော်လည်း ခရီးသည်တင်ယာဉ်မှအပ ကျန်ယာဉ်အားလုံးကို သဘာဝဓာတ်ငွေ့သုံးယာဉ် (CNG)အဖြစ် ပြောင်းလဲရန် ခွင့်ပြုဦးမည်မဟုတ်ကြောင်း မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထပ်မံဖွင့်လှစ်သည့် ဒဂုံဆိပ်ကမ်းဓာတ်ငွေ့အရောင်းဆိုင်မှ နေ့စဉ်ယာဉ်စီး ရေ ၃၀၀ ဝန်းကျင်ကို ဓာတ်ငွေ့ဖြည့်ပေးနေကြောင်းနှင့် ဓာတ်ငွေ့ဖြည့်ပေးရာတွင် NGV-1 ပိုက်ခေါင်းနှင့် ရိုးရိုးပိုက်ခေါင်းနှစ်မျိုးစလုံးဓာတ်ငွေ့ဖြည့်နိုင်သောယာဉ်များကိုသာ ဓာတ်ငွေ့ဖြည့်ပေးနေကြောင်း CNG ယာဉ်မောင်းများထံမှ သိရသည်။

NGV-1 ပိုက်ခေါင်းသည် ရိုးရိုးပိုက်ခေါင်းများထက် ဓာတ်ငွေ့ဖြည့်တင်းမှု ပိုမိုမြန်ဆန်ကာ လုပ်ငန်းခွင်အန္တရာယ် ပိုမိုနည်းပါးပြီး နိုင်ငံတကာဈေးကွက်တွင် NGV-1 ပိုက်ခေါင်းထက် ပိုမိုမြန်ဆန်၍ အန္တရာယ်ကင်းသော NGV-2 မော်ဒယ်လ် ထပ်မံထွက်ပေါ်နေပြီဖြစ်သည်။

သဘာဝဓာတ်ငွေ့သုံးယာဉ်စီးရေနှင့် သဘာဝဓာတ်ငွေ့အရောင်းဆိုင်အရေအတွက် မမျှတခြင်းကြောင့် စက်သုံးဆီယာဉ်အဖြစ်မှ CNG ယာဉ်အဖြစ် ပြောင်းလဲပေးမှုကို ၂၀၀၆ ခုနှစ် နှစ်ကုန်ပိုင်းမှစတင်၍ ခရီးသည်တင်ယာဉ်မှအပ ကျန်ယာဉ်အားလုံးကို ရပ်နားထားစေပြီး လက်ရှိတွင် အသစ်ထပ်မံဖွင့်လှစ်သည့်ဆိုင်အပါအဝင် ရန်ကုန်မြို့တော်၌ CNG သဘာဝဓာတ်ငွေ့အရောင်းဆိုင် ၂၁ ဆိုင်အထိရှိလာပြီဖြစ်သည်။

Associated News

www.foreverpeace.com.mm

မျဉ်းမနား မော်တော်ဆိုင်ကယ်ဈေးနှုန်းပြောင်းလဲ

ရန်ကုန်၊ ဖေဖော်ဝါရီ ၂၇

အစိုးရရုံးစိုက်ရာ နေပြည်တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း တည်ရှိသည့် ပျဉ်းမနားမြို့တွင် မော်တော်ဆိုင်ကယ်ဈေးနှုန်းများ ပြောင်းလဲလျက်ရှိကြောင်း ပျဉ်းမနားဒေသခံများထံမှ ဖေဖော်ဝါရီလကုန်ပိုင်းတွင် စုံစမ်းသိရှိရသည်။

လက်ရှိ ပျဉ်းမနားမြို့ရှိ မော်တော်ဆိုင်ကယ်ဈေးနှုန်းများမှာ တန့်ပြီး ကျရိပ်ပြနေရာ အဓိကအားဖြင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်ဈေးကွက် ဦးမော့လာခြင်းကြောင့်ဖြစ်ကြောင်း အဆိုပါဒေသခံများ၏ အဆိုအရ သိရသည်။

လွန်ခဲ့သည့် ရက်သတ္တပတ်နှစ်ပတ်ခန့်မှစတင်၍ ပျဉ်းမနားမြို့တွင် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များ စီးနင်းမှုများပြားလာရာ လိုင်စင်မဲ့တရုတ်ဆိုင်ကယ်တစ်စီးလျှင် ကျပ် ငါးသိန်းမှ ခုနစ်သိန်းအထိ ဈေးနှုန်းပြောင်းလဲခဲ့ရာ တရားဝင်မော်တော်ဆိုင်ကယ်ဈေးကွက်အပေါ် သက်ရောက်မှုရှိခဲ့ကြောင်း ယင်းမြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးတွင် နေထိုင်သူတစ်ဦးက ဆိုသည်။

အဆိုပါလိုင်စင်မဲ့ဆိုင်ကယ်စီးနင်းမှုအပြင် ယခင်က ကြေပမတ်အရေးယူနေသော ဆိုင်ကယ်တစ်စီးလျှင် လူသုံးယောက်ခန့် စီးနင်းမှု၊ ဦးထုပ်မပါဘဲ စီးနင်းမှုများ ပြန်လည်များပြားလာနေပြီး မော်တော်ဆိုင်ကယ်ယာဉ်တိုက်မှုများဖြစ်ပွားလျက်ရှိကြောင်း ဒေသခံများထံမှ စုံစမ်းသိရှိရသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလဆန်းမှ စတင်ကာ မြန်မာနိုင်ငံအနှံ့ရှိ လက်ရှိတာဝန်ထမ်းဆောင်နေသော ယာဉ်ထန်းရဲတပ်ဖွဲ့ဝင်များကို ဖွဲ့စည်းပုံအသစ်ဖြင့် ပြင်ဆင်ဖွဲ့စည်းရန် ဆောင်ရွက်ခဲ့ပြီးနောက် ယာဉ်ထိန်းရဲဝန်ထမ်းအပြောင်းအလဲကာလတွင် ယခုကဲ့သို့ လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းမှုများပြားလာခြင်းဖြစ်သည်။

ပျဉ်းမနားမြို့ပေါ်တွင် စီးနင်းနေသော ဆိုင်ကယ်များမှာ ပြီးခဲ့သည့် နှစ်အတွင်းမှ စတင်၍ တပ်ကုန်း၊ လယ်ဝေးမြို့နယ် လိုင်စင်များဖြင့်သာ ထုတ်ပေးစီးနင်းခွင့်ပြုထားသော ဆိုင်ကယ်များဖြစ်ကြောင်း ပျဉ်းမနားဒေသခံများ၏ အဆိုအရ သိရသည်။

Associated News

အာရှသတင်းစာဆရာများဆွေးနွေးပွဲသို့ မြန်မာသတင်းစာဆရာတစ်ဦးတက်ရောက်

ရန်ကုန်၊ မတ် ၁၃

ထိုင်းနိုင်ငံ ဘန်ကောက်မြို့တော်၌ မတ်လ ၈ ရက်နေ့မှ ၉ ရက်နေ့အထိ ကျင်းပပြုလုပ်သော ခြောက်ကြိမ်မြောက် အာရှသတင်းစာဆရာများဆွေးနွေးပွဲ (Asia Journalism Forum - AJF) သို့ မြန်မာနိုင်ငံမှ The Voice Weekly သတင်းစာ၏ အကြီးတန်းအမှုဆောင်အယ်ဒီတာတစ်ဦး တက်ရောက်ခဲ့ကြောင်း အဆိုပါဆွေးနွေးပွဲစီစဉ်ကျင်းပသည့်အဖွဲ့အစည်းက လွှင့်တင်ထားသော Website သတင်းများတွင် ဖော်ပြထားသည်။

SASAKAWA ဖောင်ဒေးရှင်း၏ ထောက်ပံ့မှုဖြင့် ကျင်းပသော အဆိုပါဆွေးနွေးပွဲ၌ တက်ရောက်လာကြသော အာရှသတင်းစာဆရာများက ၎င်းတို့၏ အတွေ့အကြုံအတွေးအမြင်များပေါ်အခြေခံ၍ စာတမ်းဖတ်ခြင်းများ၊ အပြန်အလှန်ဆွေးနွေးမှုများပြုလုပ်ခဲ့ကြကြောင်းလည်း ယင်းဆွေးနွေးပွဲ စီစဉ်သူများ၏ အဆိုအရ သိရသည်။

အာရှသတင်းစာဆရာများ တစ်ဦးနှင့်တစ်ဦး အချိတ်အဆက်ရှိရေး၊ သတင်းအချက်အလက်နှင့် အမြင်ချင်းအပြန်အလှန် ဖလှယ်နိုင်ရေးအတွက် အဓိကရည်ရွယ်ကျင်းပပြုလုပ်ခဲ့သည့် အဆိုပါဆွေးနွေးပွဲတွင် အာရှသတင်းစာဆရာ ၃၀ ဦးကျော်တက်ရောက်ဆွေးနွေးခဲ့သည်။ ■

ငါးမျိုးရိုးဗီဇမြှင့်တင်ရေးဆိုင်ရာ ပညာရှင်အဖွဲ့ ဖွဲ့စည်း

ရန်ကုန်၊ ဖေဖော်ဝါရီ ၁၅

ရေချိုမွေးမြူရေးငါးများ၏ မျိုးရိုးဗီဇအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုရှိစေရန်နှင့် ငါးမျိုးဗီဇမြှင့်တင်မှု စနစ်တကျလုပ်ကိုင်နိုင်စေရန် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ စီစဉ်မှုဖြင့် ငါးမျိုးရိုးဗီဇမြှင့်တင်ရေးဆိုင်ရာ ပညာရှင်အဖွဲ့တစ်ရပ် ဖွဲ့စည်းခဲ့ကြောင်း ငါးလုပ်ငန်းအဖွဲ့ချုပ်ထံမှ သိရသည်။

အဆိုပါအသင်းတွင် မျိုးဗီဇပညာရှင် ဒေါက်တာခင်မောင်ဆိုင်ခေါင်းဆောင်၍ အဖွဲ့ဝင်ကိုးဦး ပါဝင်ကြောင်း၊ ရေချိုမွေးမြူရေးငါးများ၏ မျိုးရိုးဗီဇနှင့်ပတ်သက်သည့် သုတေသနလုပ်ငန်းရပ်များ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မျိုးကောင်းသည့် ရေချိုငါးမွေးမြူရရှိစေရန် ဦးတည်ချက်ထားကြောင်း ငါးမွေးမြူရေးလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

မြန်မာ့ရေချိုငါးမျိုးများမှာ ငါးမွေးကန်ရှိ ငါးအုပ်စုအတွင်း သွေးနီးသောငါးများ မိတ်လိုက်ပွားများရာမှ သွေးနီးသားစပ်မှုများဖြစ်ပေါ်ပြီး ကန်အတွင်း မျိုးဗီဇညံ့ငါးများ နှစ်ဆခန့်တိုးစေခြင်းအထိ ဖြစ်စေနိုင်ကြောင်း၊ မျိုးငါးများအတွင်း၌ သိပ်ပံနည်းကျ မျိုးကောင်းများ ရွေးချယ်၍ သားစပ်ခြင်းမပြုဘဲ အလျဉ်းသင့်သလို သားဖောက်ပါက သွေးနီး သားစပ်မှုများဖြစ်ပေါ်စေနိုင်ကြောင်း၊ ယခုကဲ့သို့ ပညာရှင်အဖွဲ့ ဖွဲ့စည်းလိုက်ခြင်းကြောင့် ငါးမွေးမြူရေးနည်းစနစ်များ ဖွံ့ဖြိုးတိုးတက်လာနိုင်ကြောင်း ၎င်း ကဆက်လက်ရှင်းလင်းပြောကြားသည်။ ■

www.foreverspace.com.mm

လွယ်ကူချယ်နယ်စပ်စခန်း ဖေဖော်ဝါရီလတွင် သန်း ၂၀၀ ကျော် ပိုမိုကုန်သွယ်

ရန်ကုန်၊ ဖေဖော်ဝါရီ ၁၇

မြန်မာ–တရုတ်နှစ်နိုင်ငံကုန်စည်များ စီးဆင်းရာ နယ်စပ်ကုန်သွယ်ရေးစခန်းဖြစ်သည့် လွယ်ကူချယ်စခန်းမှ နှစ်နိုင်ငံကုန်သွယ်မှု ပမာဏတန်ဖိုးသည် ဖေဖော်ဝါရီလ ပထမပတ်အတွင်း ဇန်နဝါရီလ ပထမပတ်ထက် ကျပ်သန်း ၂၃၈.၂၆၆ သန်းခန့်ပိုမိုခဲ့ကြောင်း နယ်စပ်ကုန်စည်ဝင်ထွက်မှု မှတ်တမ်းများအရ သိရှိရသည်။

အဆိုပါနယ်စပ်စခန်းမှ ဖြတ်ကျော်၍ တစ်ဖက်နိုင်ငံသို့ သစ်တောထွက်ကုန်များဖြစ်သည့် ကြိမ်၊ ကြိမ်ခုံ၊ ဝဲခြောက်နှင့် ကြံများတင်ပို့ပြီး လူသုံးကုန်အထည်အလိပ်များ၊ ကြမ်းခင်းစများ၊ ကင်းဗတ်ဖိနပ်၊ မျက်နှာသုတ်ပဝါ၊ စောင်ချော၊ ဂွမ်းစောင်နှင့် နိုင်လွန်ပိတ်တို့ကို သွင်းကုန်အဖြစ် ပြန်လည်တင်သွင်းခဲ့ကြောင်း ဖော်ပြပါရှိသည်။

လွယ်ကူချယ်နယ်စပ်ကုန်သွယ်မှုစခန်းမှ ၂၀၀၇ ခုနှစ်ဇန်နဝါရီလ ပထမပတ်အတွင်း ပို့ကုန်ကျပ် ၁၁၈.၅၃၁ သန်း၊ သွင်းကုန် ကျပ် ၁၁၈.၁၀၁ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ ကျပ် ၂၃၇.၆၃၂ သန်း ကုန်သွယ်မှုပြုခဲ့ပြီး ဖေဖော်ဝါရီလ ပထမပတ်အတွင်း၌ ပို့ကုန် ကျပ် ၆၂၇.၈၃၉ သန်း၊ သွင်းကုန် ကျပ် ၂၃၈.၂၆၆ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ ၈၆၆.၁၀၅ သန်း ပိုမိုကုန်သွယ်မှုပြုနိုင်ခဲ့၍ ပို့ကုန်အရေအတွက်အများဆုံးဖြစ်သည့် ကြိမ်နှင့်ကြံများ တင်ပို့မှုအနက် ကြံဈေးနှုန်းမှာလည်း ၇၂,၂၅၀ ကျပ်မှ ၉၀,၀၀၀ ကျပ်အထိ ဈေးကောင်းရရှိလာခဲ့ကြောင်း အဆိုပါမှတ်တမ်း၌ ဆက်လက်ဖော်ပြပါရှိသည်။

LIVING COLOR MEDIA
ဖုန်း - ၂၄၃၆၃၉၉ ၊ ၂၄၃၆၄၀ ၊ ၂၄၃၆၄၁ ၊
၂၄၃၆၄၂ ၊ ၂၄၃၆၄၃ (Ext- ၂၀၀၁)

တရုတ်ဓာတ်မြေဩဇာတန်ချိန် ရာချီတင်သွင်း

ရန်ကုန်၊ ဖေဖော်ဝါရီ ၁၇

မြန်မာ–တရုတ် နယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခုဖြစ်သည့် ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ပုလဲဓာတ်မြေဩဇာများ တန်ချိန်ရာနှင့်ချီ၍ တင်သွင်းလျက်ရှိကြောင်း နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန၏ တရားဝင်စာရင်းများအရ သိရသည်။

လယ်ယာထွက်ကုန်များ ပြည်ပတင် ပို့မှုတိုးတက်လာသည်နှင့်အမျှ ဓာတ်မြေဩဇာလိုအပ်မှု မြင့်တက်လျက်ရှိရာ အိမ်နီးချင်းတရုတ်နှင့် အိန္ဒိယနိုင်ငံများမှ အများအပြား တင်သွင်းလျက်ရှိခြင်းဖြစ်ကြောင်း နယ်စပ်ဒေသခံကုန်သည်အသိုင်းအဝိုင်းမှ စုံစမ်းသိရှိရသည်။ ပြီးခဲ့သည့် ဇန်နဝါရီလ တစ်လအတွင်း ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပုလဲဓာတ်မြေဩဇာ တန် ၂၅၀ ကျော်ကို တင်သွင်းခဲ့ကြောင်း နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။

မြန်မာနိုင်ငံတွင် ဓာတ်မြေဩဇာစက်ရုံ ၁၁ ရုံရှိသည့်အနက် နိုင်ငံပိုင်စက်ရုံ ငါးရုံ၊ ပုဂ္ဂလိကပိုင်စက်ရုံလေးရုံနှင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်ပိုင် နှစ်ရုံရှိရာ ပြည်တွင်းစိုက်ပျိုးရေးကဏ္ဍ၏ လိုအပ်ချက်အရ အိမ်နီးချင်းနိုင်ငံများမှ နှစ်စဉ် အများအပြား တင်သွင်းရသည်။

ရန်ကုန်မြို့တော်တွင်း ခေါက်တိုပြေးဆွဲ ကုန်တင်ယာဉ်ဂိတ်များ သတ်မှတ်မည်

ရန်ကုန်၊ ဖေဖော်ဝါရီ ၂၈

ရန်ကုန်မြို့တော် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးလုပ်ငန်းများ ဆောင်ရွက်ရန် အသစ်ဖွဲ့စည်းထားသည့် ကုန်တင်မော်တော်ယာဉ်၊ ရေယာဉ်နှင့် အခြားယာဉ်လိုင်းများ ကြီးကြပ်မှုကော်မတီမှ ရန်ကုန်မြို့တော်တွင် ခေါက်တို ပြေးဆွဲလျက်ရှိသည့် ကုန်တင်မော်တော်ယာဉ်နှစ်တန်နှင့်အထက်ယာဉ်များကို ဂိတ်များသတ်မှတ်၍ ပြေးဆွဲဆောင်ရွက်မည်ဖြစ်ကြောင်း အဆိုပါကော်မတီမှ စုံစမ်းသိရှိရသည်။

အဆိုပါကော်မတီတွင် ပါဝင်ဖွဲ့စည်းဆောင်ရွက်မည့် ကုန်တင်မော်တော်ယာဉ်အသင်း (မြို့တွင်း) ဌာနခွဲမှ ရန်ကုန်မြို့တွင်းရှိ ပွဲရုံ၊ ဈေး၊ ဆိပ်ကမ်း၊ ကားဂိတ်၊ စက်ရုံအလုပ်ရုံများမှ ကုန်ပစ္စည်းများကို ခေါက်တိုပြေးဆွဲလျက်ရှိသည့် ကုန်တင်ယာဉ်နှစ်တန်နှင့်အထက် ယာဉ်များအား လုံးကို စာရင်းကောက်ယူခြင်း၊ ဂိတ်များသတ်မှတ်ဆောင်ရွက်ခြင်း၊ သတ်မှတ်နေရာများတွင် ကုန်တင်ကုန်ချပြုလုပ်ရေးနှင့် သတ်မှတ်ကုန်ချိန်ထက် ပိုမိုတင်ဆောင်ခြင်းမရှိစေရန်တို့ကို ကြပ်မတ်ဆောင်ရွက်မည်ဖြစ်ကြောင်း အဆိုပါကော်မတီ၏ အဖွဲ့ဝင်အသင်းတစ်ခုထံမှ စုံစမ်းသိရှိရသည်။ ကော်မတီတွင် ပါဝင်ဖွဲ့စည်းမည့် ကုန်တင်မော်တော်ယာဉ်အသင်း၏ ဌာနခွဲများဖြစ်သည့် ကုန်တင်မော်တော်ယာဉ်အသင်း (မြို့တွင်း)နှင့် ကုန်တင်မော်တော်ယာဉ်အသင်း(အဝေးပြေး)ကို ဖွဲ့စည်းဆောင်ရွက်မည်ဖြစ်ရာ ကုန်တင်မော်တော်ယာဉ်(မြို့တွင်း)၏ ဌာနခွဲအနေဖြင့် ဗဟကရာဆိပ်ကမ်းတွင် ရုံးခန်းဖွင့်လှစ်၍ စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နား စခန်း၊ ဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ် ရပ်နားစခန်း၊ သီရိမင်္ဂလာဈေးနှင့် ဆိပ်ကမ်းနေရာများတွင် ဌာနစိတ်များဖွင့်လှစ်၍ ကြပ်မတ်ဆောင်ရွက်မည်ဖြစ်ကြောင်း စုံစမ်းသိရှိရသည်။ ■

www.foreverspace.com.mm

စဉ့်အမိုးချပ် ၁၀၀၀၀ ကျော် စမ်းသပ်ထုတ်လုပ်

ရန်ကုန်၊ ဖေဖော်ဝါရီ ၁၄

အဆောက်အအုံအမိုးအဖြစ် အသုံးပြုနိုင်မည့် စဉ့်ဖြင့် ပြုလုပ်ထားသည့် အဖိုးချပ် ၁၀၀၀၀ ကျော်ကို စမ်းသပ်ထုတ်လုပ်မည် ဖြစ်ကြောင်း မြန်မာနိုင်ငံ စဉ့်အသင်း ဥက္ကဋ္ဌ ဒေါက်တာမျိုးသန့်တင်က ဖေဖော်ဝါရီလ ဒုတိယပတ်အတွင်း ပြောကြားသည်။

ယင်းစဉ့်အမိုးချပ်များကို ၁၀ လက်မ × ၁၂½လက်မအရွယ်အစားဖြင့် မြန်မာစဉ့် ပညာရှင် ဦးရွှန်းက စိတ်ကူးဒီဇိုင်းရေးဆွဲ၍ ထုတ်လုပ်ခြင်းဖြစ်ပြီး တွံတေးမြို့နယ် ညောင်တံခါးကျေးရွာ၌ ဂျပန်နိုင်ငံမှ လျှပ်ဒါန်းသော ဒေါ်လာ ဖိ၀၀၀၀ တန် စဉ့်ထည် သင်တန်းကျောင်းနှင့် မြန်မာမှုလက်ရာ စဉ့်ထည်ပြခန်းအဆောက်အအုံတွင် တပ်ဆင်အသုံးပြုရန် ရည်ရွယ်ထားကြောင်း စဉ့်အသင်းမှ စုံစမ်းသိရှိရသည်။

စဉ့်တစ်စိတ်တစ်ပိုင်းသုတ်အမိုးချပ်များကို တရုတ်ဘုံကျောင်းများ၌ အသုံးပြုမှုများရှိခဲ့ကြောင်း၊ အနီထည်ခေါ် အုတ်ကြွပ်မိုးများလည်း အဆောက်အအုံများတွင် အသုံးပြုခဲ့ရာ စဉ့်အမိုးချပ်သည့် အနီထည်အုတ်ကြွပ်မိုးထက် ရေစိမ့်ဝင်မှုနည်းပါးကာ သက်တမ်းပိုမိုကြာရှည်စွာ အသုံးပြုနိုင်ကြောင်း ဒေါက်တာမျိုးသန့်တင်က ပြောကြားသည်။

ကသာ-ဗန်းမော်ရထားလမ်း ဖောက်လုပ်မည်

ရန်ကုန်၊ မတ် ၂၄

ဧရာဝတီမြစ်အနောက်ဘက်ခြမ်းရှိ စစ်ကိုင်းတိုင်း ကသာမြို့မှ အရှေ့ဘက်ခြမ်း ကချင်ပြည်နယ်၊ ဗန်းမော်မြို့အထိ စုစုပေါင်း ခန့်မှန်းခရီးမိုင် ၉၇ မိုင် အရှည်ရှိသည့် ကသာ–ဗန်းမော်ရထားလမ်းကို ဖောက်လုပ်သွားရန် စီစဉ်လျက်ရှိကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ပြောကြားသည်။

နေပြည်တော်တွင် မတ်လ ၂၄ ရက် နေ့ကကျင်းပသော အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၀၇) ညှိနှိုင်းအစည်းအဝေးတွင် ၎င်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ ယင်းရထားလမ်းစီမံကိန်းတွင် ဧရာဝတီမြစ်ကူး တံတားကြီးတစ်စင်းနှင့် တံတားကြီး၊ တံတားငယ်ပေါင်း ၆၅ စင်းခန့် တည်ဆောက်ရမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

အဆိုပါရထားလမ်းဖောက်လုပ်ပြီးစီးသွားပါက ဗန်းမော်၊ ကသာ၊ မန္တလေး၊ နေပြည်တော်၊ ရန်ကုန်နှင့် ထားဝယ်မြို့တို့အထိ တစ်ဆက်တစ်စပ်တည်း သွားလာနိုင်မည်ဖြစ်သည်။

စစ်ကိုင်းတိုင်း အရှေ့မြောက်ဘက်ရှိ ခရိုင်မြို့ဖြစ်သော ကသာသို့ သွားရောက်လိုသူများအနေဖြင့် ယင်းမြို့မှ ကိုးမိုင်ခန့် ကွာဝေးသော မန္တလေး–မြစ်ကြီးနားရထားလမ်းပေါ်ရှိ နဘားမှတစ်ဆင့် လော်ကယ်ရထားများဖြင့် သာ သွားရောက်နေရကြောင်း၊ ထို့အတူ ကချင်ပြည်နယ်၏ တောင်ဘက်စွန်းမြို့ဖြစ်သော ဗန်းမော်မြို့သို့ သွားရောက်လိုသူများအနေဖြင့် ကသာမြို့မှတစ်ဆင့် မြစ်ကြောင်းခရီးဖြင့် အဓိကသွားလာခဲ့ရကြောင်း၊ ယခုရထားလမ်းသစ်ဖောက်လုပ်ပြီးစီးသွားပါက ဗန်းမော်မြို့မှ အချိန်တိုအတွင်း ကသာမြို့နှင့် နဘားသို့ ရထားဖြင့် သွားရောက်နိုင်ပြီး ယင်းမှတစ်ဆင့် မန္တလေး–မြစ်ကြီးနားရထားလမ်းသို့ ဆက်သွယ်သွားလာနိုင်ပြီဖြစ်ကြောင်း ဒေသခံတစ်ဦး၏အဆိုအရ သိရသည်။

■

စပါးခွံလောင်စာသုံး အင်ဂျင်များ အဆင့်မြှင့်ရန်လိုအပ်

ဦးစိုးမြင့်

ရန်ကုန်၊ မတ် ၃

သဘာဝပတ်ဝန်းကျင်လေထုညစ်ညမ်းမှုလျော့ချနိုင်ရေးအတွက် လက်ရှိသုံးစွဲလျက်ရှိသည့် စပါးခွံလောင်စာသုံး အင်ဂျင် (Gasifier)များကို အဆင့်မြှင့်တင်နိုင်ရန် လိုအပ်လျက်ရှိကြောင်း မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ စက်မှုကျွမ်းကျင်ပညာရှင်တစ်ဦးဖြစ်သူ ဦးစိုးမြင့်က ပြောကြားသည်။

မြန်မာနိုင်ငံတွင်သုံးစွဲလျက်ရှိသော Gasifier များသည် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့နှင့် မီသိန်းဓာတ်ငွေ့ထုတ်လုပ်မှုပမာဏများပြားလျက်ရှိကြောင်း၊ ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှင့်မှုပမာဏကို အနည်းဆုံးသို့ လျှော့ချနိုင်ရေးအတွက် ပညာရှင်များ ပူးပေါင်းကြိုးပမ်းဆောင်ရွက်ရန်လိုအပ်သကဲ့သို့ တစ်ချိန်တည်းမှာပင် Gasifier သုံးစွဲမှုကိုလည်း အလွန်အကျွံမဖြစ်စေရန် သတိပြုရမည်ဖြစ်ကြောင်း၊ ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှင့်မှုကို ထိန်းချုပ်နိုင်သည့် Gasifierတစ်မျိုးကို ဂျပန်နိုင်ငံတွင် တီထွင်ပြီးဖြစ်၍ လိုအပ်သော နည်းပညာအကူအညီရရှိရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တစ်မျိုးဖြစ်သည့် စပါးခွံလောင်စာများကို မြန်မာနိုင်ငံရှိ ကျေးလက်ဒေသများတွင် ထင်းအစားထိုးလောင်စာတစ်မျိုးအဖြစ် သုံးစွဲလျက်ရှိရာ သစ်များ စည်းကမ်းမဲ့ခုတ်လှဲခြင်းကို ကာကွယ်ပေးသဖြင့် သစ်တောပြန်းတီးမှုကိုလျော့ပါးစေကြောင်း၊ သို့ရာတွင် ဂျာမနီနိုင်ငံတွင်မူ ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှင့်မှုပမာဏများပြားသော ယင်း Gasifier များကို သုံးစွဲခြင်းမပြုရန် ကန့်သတ်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

■

www.foreverspace.com.mm

အသက် ၇၀ ကျော် ပန်းချီဆရာကြီးကိုးဦး၏ လက်စွမ်းပြပန်းချီပြပွဲကျင်းပမည်

ရန်ကုန်၊ မတ် ၂၄

မြန်မာနိုင်ငံတွင် ပထမဆုံး အသက် ၇၀ ကျော် လက်ရွေးစဉ် ပန်းချီဆရာကြီး ကိုးဦး၏ လက်စွမ်းပြမြန်မာ့အလှအနုပညာ ပန်းချီပြပွဲကို ၂၀၀၇ ခုနှစ် စက်တင်ဘာ ၉ ရက် စနေနေ့တွင် ရန်ကုန်မြို့တော် ဂရင်း မီးရထားဟိုတယ်၌ ကျင်းပပြုလုပ်ရန်ရည်ရွယ်ထားကြောင်း ယင်းအဖွဲ့ဝင်ပန်းချီဆရာကြီး စတားမြသန်းက Living Color သို့ ပြောကြားသည်။

ယင်းပြပွဲတွင်ပါဝင်သော ပန်းချီဆရာကြီးကိုးဦးမှာ ဦးသက်ညွန့်၊ ဦးတင်ဦး (ရော့ကီရှပ်ရှင်ရုံ)၊ ဦးရှိန်ထွန်း၊ ဦးဘဝင်း၊ ဦးလွန်းကြွယ်၊ ဦးမြဟန်၊ ဦးသောင်းဟန်၊ စတားဦးမြသန်း၊ ဦးကြည်ဝင်း(ရန်ကင်း)တို့ ဖြစ်ပြီး တစ်ဦးလျှင် အနည်းဆုံး ငါးကားနှင့် အများဆုံးကိုးကားအထိ ပြပွဲတွင် တင်သွင်းခွင့်ပြုထားကြောင်း ၎င်းက ဆိုသည်။

ပန်းချီကားချပ်အရွယ်အစားများကို အသေးဆုံး ၂ ပေ × ၁ ပေခွဲနှင့် အကြီးဆုံး ၃ ပေ × ၄ ပေ သတ်မှတ်ထားကြောင်း၊ ပန်းချီဆရာကြီးကိုးဦးစလုံး Impression ပန်းချီအမျိုးအစားများကိုသာဆွဲ၍ ပြသမည်ဖြစ်ကြောင်း၊ Modern ပန်းချီကားများ လုံးဝပါဝင်မည်မဟုတ်ကြောင်းနှင့် မြန်မာနိုင်ငံတွင် Realism ပန်းချီအမျိုးအစား လုံးဝမရှိကြောင်းလည်း စတားမြသန်းက ထပ်လောင်းရှင်းပြသည်။

ပြပွဲ၏ အဓိကရည်ရွယ်ချက်မှာ မိမိတို့ဖြတ်သန်းသိရှိလာခဲ့သော အတွေ့အကြုံများကို ပြန်လည်ဖြန့်ဝေလိုသောဆန္ဒနှင့် နောင်လာနောက်သားများအတွက် သင်ခန်းစာပေးလိုခြင်းဖြစ်ကြောင်း၊ ပြတိုက်နှင့် ထိုက်တန်သည့်ပန်းချီကားများကို ပန်းချီဆရာကြီးများအားလုံး ရေးဆွဲပြသကြမည်ဖြစ်ကြောင်း၊ သမိုင်းတွင်မည့် ပန်းချီကားတစ်ကားသည်သတ်မှတ်ချက်ဆါဒြမြောက်မြားစွာနှင့် ညီညွတ်မှသာလျှင် ထည်ထည်ဝါဝါခံ့ခံ့ညားညားပေါ်ပေါက်လာမည်ဖြစ်ကြောင်းလည်း ပန်းချီဆရာကြီးများအားလုံးက တညီတညွတ်တည်း ပြောကြားသည်။

ဘာသနာ (ပုဂံ)

ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်တားဆီးရေး ဇီဝလုံခြုံရေးဆွေးနွေးပွဲကျင်းပမည်

ရန်ကုန်၊ မတ် ၁၆

မြန်မာနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်တားဆီးနိုင်ရေးအတွက် ဇီဝလုံခြုံရေးအလုပ်ရုံဆွေးနွေး ပွဲတစ်ခုကို ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) မှ ဦးဆောင်၍ မတ်လ ၂၂ ရက်နေ့နှင့် ၂၃ ရက်နေ့တို့တွင် ရန်ကုန်မြို့တော်၌ ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ FAO ရုံးထံမှသိရသည်။

အဆိုပါဇီဝလုံခြုံရေးအလုပ်ရုံဆွေးနွေးပွဲသို့ FAO မှ ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာပညာရှင်များနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ပညာရှင်များတက်ရောက်ကြမည်ဖြစ်ပြီး ထိုအလုပ်ရုံဆွေးနွေးပွဲသည် USAID မှ မြန်မာနိုင်ငံသို့ ထောက်ပံ့ထားသည့် အမေရိကန်ဒေါ်လာ ခြောက်သိန်းတန် ကြက်ငှက်တုပ်ကွေးကာကွယ်ရေးစီမံကိန်းများ၏ တစ်စိတ်တစ်ဒေသဖြစ်သည်ဟု မြန်မာနိုင်ငံ FAO ရုံးမှ ဒေါက်တာ မောင်မောင်ကြင်က ပြောကြားသည်။

USAID မှ ထောက်ပံ့ထားသည့် အဆိုပါအမေရိကန်ဒေါ်လာခြောက်သိန်းကို ဇီဝလုံခြုံရေးအလုပ်ရုံဆွေးနွေးပွဲအပြင် ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်ရေးဆင့်ပွားသင်တန်းများပေးခြင်း၊ ရောဂါထိန်းချုပ်ရေးကိရိယာများနှင့် ဓာတ်ခွဲခန်းသုံးပစ္စည်းများဝယ်ယူခြင်း၊ အထူးကြပ်မတ်ဧရိယာများ၌ ရောဂါစစ်တမ်းကောက်ယူခြင်း၊ ကြက်များကို လုံခြုံစွာ သယ်ဆောင်နိုင်မည့်ကိရိယာများ ဝယ်ယူခြင်း စသည်တို့တွင် သုံးစွဲသွားမည်ဟု ၎င်းက ရှင်းပြသည်။

ထားထားမြင့်

www.foreverspace.com.mm

အဓမ္မစေခိုင်းမှုနှစ်ခု အရေးယူ

ရန်ကုန်၊ မတ် ၃၁

မကွေးတိုင်း အောင်လံမြို့နယ်အတွင်း ဖြစ်ပွားခဲ့သည့် အဓမ္မစေခိုင်းကြောင်း တိုင်ကြားမှုစစ်ဆေးရာတွင် ပြစ်မှုထင်ရှားစွာ ကျူးလွန်သူများကို သက်ဆိုင်ရာက အရေးယူဆောင်ရွက်ခဲ့ကြောင်း အလုပ်သမားဝန်ကြီးဌာနက တရားဝင်ထုတ်ပြန်ခဲ့သည်။

ယင်းအဓမ္မစေခိုင်းမှုဖြစ်စဉ်များမှာ ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်နေ့တွင် မကွေးတိုင်း အောင်လံမြို့နယ် အောင်လံ–သမ္ဘုလ ကားလမ်းနံဘေးရှိ သစ်တောမျော်စင်မှ စိမ်းစိုတဲ့တိုက်သို့ ဖောက်လုပ်ထားသည့် လမ်းဟောင်းပြုပြင်ရေးလုပ်ငန်းတွင် ကျေးရွာအုပ်စုဥက္ကဋ္ဌနှင့်အဖွဲ့က ရွာသူ၊ ရွာသားအချို့ကို အဓမ္မလုပ်အားပေးခိုင်းစေသောကြောင့် တိုင်ကြားခဲ့ရာ ယင်းအမှုကို အောင်လံမြို့နယ် တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့ပြီး စစ်ဆေးခဲ့ရာ အမှုတရားခံဦးညီတုတ်နှင့် ဦးမြလှိုင်တို့အား ပြစ်မှုထင်ရှားသဖြင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၄ အရ ထောင်ဒဏ်ခြောက်လစီကျခံရင် အမိန့်ချမှတ်ခဲ့ပြီး ကိုလတ်ကို ပုဒ်မ ၂၅၇(၁)အရ အမှုမှ တရားသေလွှတ်ခဲ့ကြောင်း ယင်းထုတ်ပြန်ချက်တွင် ပါရှိသည်။

အခြားဖြစ်စဉ်တစ်ခုတွင်မူ မကွေးတိုင်း အောင်လံမြို့နယ် စိမ်းစိုကျေးရွာနေရွာသူရွာသားအချို့ကို မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများက အဓမ္မထင်းခုတ်ခိုင်းခြင်း၊ လမ်းဖောက်ခိုင်းခြင်းများပြုလုပ်ခဲ့ကြောင်း တိုင်ကြားချက်နှင့် အောင်လံမြို့နယ် စမ်းကလေးကျေးရွာနေရွာသူရွာသားငါးဦး၏ မြေရာကိစ္စတိုင်ကြားချက်များကို အလုပ်သမားဝန်ကြီးဌာနမှ သစ်တောရေးရာဝန်ကြီးဌာနသို့ ဆက်လက်ပေးပို့၍ သစ်တောရေးရာဝန်ကြီးဌာနက ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့ဖွဲ့စည်း စုံစမ်းခဲ့ရာ အတိုင်းအတာတစ်ခုအထိ မှန်ကန်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် မြို့နယ်သစ်တောဦးစီးအရာရှိတစ်ဦး၊ တောအုပ်နှစ်ဦးနှင့် တောခေါင်းနှစ်ဦးတို့ကို ပြစ်ဒဏ်များချမှတ်ခဲ့ကြောင်း နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြခဲ့သည်။

ကျောင်းများကိုယ်တိုင် ဝင်ရေးနိုင်သော Website လွှင့်တင်

ရန်ကုန်၊ ဧပြီ ၁

မြန်မာနိုင်ငံရှိ ပညာရေးသင်တန်းကျောင်းများနှင့် သက်ဆိုင်သည့် www.myanmartraining.com Website တွင် အစီအစဉ်သစ်အဖြစ် မည်သည့်ပညာရေးသင်တန်းမဆို ၎င်းတို့ကျောင်းများအကြောင်းကို ကိုယ်တိုင်ရေးတင်၍ဖြစ်စေ သို့မဟုတ် အချက်အလက်လှမ်းပို့၍ဖြစ်စေ တစ်နိုင်ငံလုံးရှိ ကျောင်းများအကြောင်းကို ပြည်နယ်နှင့်တိုင်းခွဲ၍ လွှင့်တင်ပေးမည်ဖြစ်ကြောင်း အဆိုပါ Website ကို လွှင့်တင်ထားသည့် Creative Web Studio မှ ဒါရိုက်တာ ဦးအောင်ဖြိုးက Living Color သို့ ပြောကြားသည်။

ကျောင်းများအတွက် သီးသန့် Website လိပ်စာမှာ www. myanmartraining.com/mt/training ဖြစ်ပြီး စစဖွင့်ချိန်းတွင် Training Control Panel Log in သေတ္တာတွေ့ရမည် ဖြစ်၍ Username နှင့် Password အတွက် Web ပေါ်သို့တင်လိုသော ကျောင်းများသည် E-mail သို့မဟုတ် ဖုန်းမှတစ်ဆင့် Creative သို့ ဆက်သွယ်ရမည်ဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

Password ရရှိပါက မိမိတို့ကျောင်းအကြောင်းကို ကိုယ်တိုင်ဝင်ရေးခွင့်ရရှိမည်ဖြစ်ကြောင်း၊ ဤသို့ အမြဲတမ်း အချက်အလက်သစ်များကို ကျောင်းများက ဝင်ဖြည့်နိုင်၍ စုံစမ်းသူများအတွက်လည်း အမြင်သစ်များ ရရှိနိုင်သည့်အပြင် ၎င်းတို့နှင့် အမြဲထိတွေ့ခွင့်ရမည်ဖြစ်ကြောင်း၊ အင်တာနက်အသုံးမပြုတတ်ပါက ပိုကောင်းကြောင်း၊ အသုံးပြုတတ်သူများကိုလည်း ၎င်းတို့ကို အချက်အလက်ပို့ပေးပါက တင်ပေးကြောင်း ဒါရိုက်ဦးသူရိန်အောင်ကဆိုသည်။

သို့သော် သင်တန်းများအကြောင်းကို

www.foreignspace.com.mm

သိလိုသူများသည် www.myanmar training. com အမှတ်စဆင့် ဝင်ကြည့်ရမည်ဖြစ်ပြီး ဝင် ပြန်မာတစ်နိုင်ငံလုံးရှိ သင်တန်းကျောင်းများ၊ ပညာဒါနသင်တန်းကျောင်းများအကြောင်းကို ပြည်နယ်နှင့်တိုင်း ခွဲ၍မြင်တွေ့ရမည်ဟု အဆိုပါအဖွဲ့အစည်းမှ သိရသည်။

ယခုအခါ Website အတွင်း ဝင်ကြည့်သူများမှာ IT နှင့် နီးစပ်သူများသာဖြစ်၍ တစ်နိုင်ငံလုံးရှိ အင်တာနက်အသုံးပြုတတ်သော မည်သည့်ကျောင်းသူ၊ ကျောင်းသားမဆို ဝင်ကြည့်စေလိုကြောင်း၊ ကျောင်းများမှာလည်း အခမဲ့လွှင့်တင်ရ၍ အင်တာနက်တွင် မိမိတို့ကျောင်းအကြောင်း မြင်နိုင်သောကြောင့် ပါဝင်သင့်ကြောင်း၊ ယင်းဝက်ဘ်ဆိုက်ကို အခြားလုပ်ငန်းများမှရသော ဝင်ငွေဖြင့် လည်ပတ်နေခြင်းဖြစ်ပြီး မည်သည့်အကျိုးအမြတ်မှ မယူထားကြောင်း ဦးသူရိန်အောင်က ရှင်းပြသည်။

"အင်တာနက်ပေါ်မှာ မတင်လည်း ကျွန်တော်တို့ ကျောင်းက နာမည်ရှိပြီးသားပါ။ ပြီးတော့ အင်တာနက်ဆိုတာ ကျွန်တော်တို့နဲ့ မအပ်စပ်တဲ့ ပစ္စည်းလိုမျိုးဘဲ။ မသုံးတတ်ဘူး။ အင်တာနက်ပေါ်တင်ခြင်း မတင်ခြင်းက ကျွန်တော်တို့ကို ဘာမှ မထူးခြားစေဘူးလို့ ကျွန်တော်ထင်တယ်" ဟု ရေနံချောင်းမြို့မှ အင်္ဂလိပ်စာသင်တန်းဖွင့်ထားသူဆရာတစ်ဦးက ပြောကြားသည်။

"ကျွန်မတို့က စာစောင်ထဲမှာ ဖတ်ရကတည်းက ကျွန်မတို့အကျောင်းအကြောင်း တင်ချင်နေတာ။ ရန်ကုန်က ကျောင်းတွေပဲ တွေ့နေရပြီး အခုတင်လို့ရပြီဆိုတော့ ဝမ်းသာမိပါတယ်။ Online ကနေ ကျောင်းအပ်လက်ခံတာမျိုးထိလုပ်ဖို့ အစီအစဉ်ရှိပါတယ်" ဟု မန္တလေးမြို့ရှိ စာရင်းကိုင်သင်တန်းတစ်ခုမှ ဆရာမတစ်ဦးကဆိုသည်။

ပညာရေးတွင် Online မှ ဆက်သွယ်ဆောင်ရွက်သောကျောင်းများ ရှိလာ၍ ပညာရှာရန် လွယ်ကူလာသကဲ့သို့ Search Engine များကြောင့် သိလိုသမျှ သုတကို အလွယ်တကူရရှိလာပြီး တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသူ ကျောင်းသားများအနက်မှ အနာဂတ်မသေချာသောသူများ ရွေးချယ်မှုမှန်ကန်စေရန်အတွက် အရင်ကြိုတင်လေ့လာခွင့်ရရှိနိုင်သည့်အပြင် အချို့ကျောင်းများမှာ Online မှာ ကျောင်း အပ်လက်ခံသောကြောင့် နယ်မှလူများ ကြိုတင်ကျောင်းအပ်ထားနိုင်သည့် အားသာချက်များရှိသည်ဟု ကွန်ပျူတာပညာရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

ရန်ကုန်မြို့တော်တွင် အိမ်ခန်းငှားရမ်းမှု မြင့်တက်

ရန်ကုန်၊ မတ် ၃

ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြို့နယ်အချို့တွင် အိမ်ခန်းငှားရမ်းမှုများ မြင့်တက်လျက်ရှိပြီး ငှားရမ်းခများပါ လိုက်ပါမြင့်တက်လာသည်ဟု ပန်းဆိုးတန်းအခြေစိုက် အိမ်၊ ခြံ၊ မြေပွဲစားကြီးအချို့က ပြောကြားသည်။

အထူးသဖြင့် ရန်ကုန်မြို့တော်တွင်း မြို့နယ်များနှင့်နီးစပ်ပြီး သွားရေးလာရေးကောင်းမွန်သော မြို့နယ်များတွင် ငှားရမ်းမှုပမာဏမြင့်တက်လာကြောင်း၊ ငှားရမ်းမှုပမာဏမြင့်တက်လာသည့်အတွက် ဈေးနှုန်းပါ မြင့်လာကြောင်း၊ ငှားရမ်းမည့်မြို့နယ်၊ ပတ်ဝန်းကျင်အနေအထား၊ အခန်းအနေအထား၊ အထပ်အနိမ့်အမြင့်တို့အပေါ် မူတည်ကာ ငှားရမ်းခမှာ တစ်လလျှင် အနည်းဆုံး ကျပ်သောင်းခွဲမှ နှစ်သိန်းဝန်းကျင် အထိပင်ရှိလာကြောင်း သိရသည်။

အိမ်ခန်းငှားရမ်းသူများ သိသိသာသာပင်တိုးလာကြောင်း၊ အခန်းပေါ်ပါက တခဏအတွင်းမှာပင် ငါးရမ်းနေထိုင်မည်သူ လက်ခံရရှိကြကြောင်း၊ ဈေးနှုန်းမှာ ခုနှစ်လွှာတွင် ရှိသော အခန်းတစ်ခန်းကို ယခင်က ငှားရမ်းခတစ်လ ကျပ်သုံးသောင်းခွဲသာရှိသော်လည်း ယခု ကျပ်လေးသောင်းခွဲအထိ ဖြစ်လာကြောင်း ကျောက်မြောင်းမှ အိမ်ပွဲစားအချို့က ပြောကြားသည်။

အသေးစားချေးငွေ သိန်း ၄၀၀၀၀ ကျော် UNDP ထုတ်ချေး

ရန်ကုန်၊ မတ် ၃၁

သမဝါယမဝန်ကြီးဌာန အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) တို့ ပူးပေါင်းဆောင်ရွက်သည့် အသေးစားချေးငွေလုပ်ငန်းမှ ငွေကျပ် သိန်း ၄၀၀၀၀ ကျော် ထုတ်ချေးထားကြောင်း အဆိုပါဝန်ကြီးဌာနမှ စုံစမ်းသိရှိရသည်။

အဆိုပါအသေးစားချေးငွေလုပ်ငန်းကို မြစ်ဝကျွန်းပေါ်ဒေသ၊ အပူပိုင်းဒေသနှင့် ရှမ်းပြည်နယ်ဒေသအဖြစ် ဒေသခံများကို ချေးငွေထုတ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ၂၀၀၇ ခုနှစ် ဇန်နဝါရီလအထိ စုစုပေါင်း အိမ်ထောင်စု ၂၂၈၁၅ ခုကို ငွေကျပ် ၄၉၃၇၅ ဒသမ ၉၃၉ သိန်း ထုတ်ချေးခဲ့ရာ ငွေကျပ် ၃၈၈၃၅ ဒသမ ၇၇၂ သိန်း ပြန်လည်ကောက်ခံရရှိခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

ယင်းအသေးစားချေးငွေလုပ်ငန်းကို ၁၉၉၇ ခုနှစ် ဖေဖော်ဝါရီလမှ စတင်ဆောင်ရွက်ခဲ့ရာ ကျေးလက်ဒေသများရှိ ဒေသခံများကို အများဆုံးချေးငှားနိုင်ရန် ဆောင်ရွက်ပေးခဲ့သော်လည်း ချေးယူလိုသူအများစုအား လိုအပ်သည့်ငွေကြေး ထုတ်ချေးနိုင်သည့်အနေအထားမရှိကြောင်း ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ်မှ ဒေသခံတစ်ဦးက ဆိုသည်။

အိပ်ခန်းငှားရမ်းနေထိုင်ကြသူများမှာ ကျောင်းတက်ရန်၊ အလုပ်လုပ်ရန်၊ ပြည်ပသို့ ထွက်ခွာရန် အကြောင်းကိစ္စများဖြင့် နယ်မှ ရန်ကုန်သို့ လာရောက်ကြသူများပင် ဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

Phoenix News

www.foreverspace.com.mm

သဘာပမာတ်ငွေ့အခြေခံသော ထပ်ဆင့်ပြုပြင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဟုဆို

ရန်ကုန်၊ မတ် ၁၁

ပြည်တွင်းမှထွက်ရှိသော သဘာဝအရင်းအမြစ်များအနက် သဘာဝဓာတ်ငွေ့ကြွယ်ဝမှု အဆင့်မြင့်ဆုံးသို့ ရောက်ရှိနေသော မြန်မာနိုင်ငံ၌ ယင်းကို အခြေခံသော ထပ်ဆင့်ပြုပြင်လုပ်ငန်းများ ရေရှည်တွင် ဖွံ့ဖြိုးတိုးတက်လာနိုင်ကြောင်း ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) တွင် ကျင်းပသော ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲ၌ ကုန်သွယ်ရေးနှင့် ဒေသတွင်းယှဉ်ပြိုင်နိုင်မှုဆိုင်ရာ စာတမ်းဖတ်ကြားသော UMFCCI စီးပွားရေးလုပ်ငန်းသုတေသနပညာရှင် ဒေါက်တာဦးမောင်အောင်က ပြောကြားသည်။

မြန်မာနိုင်ငံ၏ လက်ရှိတူးဖော်လျက်ရှိသော သဘာဝဓာတ်ငွေ့ပမာဏမှာ ၁၂.၆ ထလီရီယံကုဗပေရှိပြီး အနာဂတ်တွင် သဘာဝဓာတ်ငွေ့ရရှိနိုင်မှု အလားအလာမှာ ၉၃.၇ ထလီရီယံကုဗပေရှိမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ရိုးရာအစဉ်အလာအရ လယ်ယာထွက်ကုန်များကို ပြည်ပသို့ အဓိကတင်ပို့နေရာမှ သဘာဝဓာတ်ငွေ့ပို့ကုန်သို့ ပြောင်းလဲလာခြင်းမှာလည်း လက်ရှိကုန်သွယ်မှုတွင် ထူးခြားသော အပြောင်းအလဲဖြစ်ကြောင်း၊ ပြည်ပပို့ကုန်အနေဖြင့် သဘာဝဓာတ်ငွေ့က အဓိကဖြစ်နေပြီး လယ်ယာထွက်ကုန်၊ အထည်အလိပ်မှာ ဒုတိယနှင့် တတိယကုန်စည်အဖြစ် ရှိနေကြောင်း ၎င်းကဆိုသည်။

ပြည်ပသို့တင်ပို့သော ကုန်စည်များမှ ရရှိသည့် နိုင်ငံခြားဝင်ငွေမှာလည်း ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်မည်ဆိုပါက လျော့နည်းနေသည်ကို တွေ့ရသောကြောင့် အနာဂတ်တွင် ဒေသတွင်း ယှဉ်ပြိုင်နိုင်မှုများ တိုးတက်လာစေရန် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍမှ ကျွမ်းကျင်သူများ ပူးပေါင်းပြီး ကုန်သွယ်မှုမြှင့်တင်ရေး ကော်မတီတစ်ရပ် ဖွဲ့စည်းကာ အစဉ်မပြတ် ကြီးကြပ်ခြင်းနှင့် ထိရောက်သော ပို့ကုန်မြှင့်တင်ရေး လုပ်ဆောင်မှုများ ပြုလုပ်သင့်ကြောင်းနှင့် ပုံမှန်အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲများသို့လည်း တိုးချဲ့ပြသနိုင်ရန် စီစဉ်ပေးသင့်ကြောင်းကို ၎င်းကဆက်လက်ပြောကြားသည်။

ကျော်ဇေယျာထွန်း

အိမ်ဆောက်ပစ္စည်းဈေးအပြောင်းအလဲကြောင့် အခန်းပေးအခန်းယူစနစ်များ ပြောင်းလဲဖွယ်ရှိ

ရန်ကုန်၊ မတ် ၃၀

အိမ်ဆောက်ပစ္စည်းဈေးကွက်အတွင်း ပြီးခဲ့သည့် မတ်လလယ်ပိုင်းခန့်မှစ၍ ဈေးနှုန်းများ တဖြည်းဖြည်းမြင့်တက်လာနေမှုကြောင့် ကန်ထရိုက်အဆောက်အအုံများ ဆောက်လုပ်ရာတွင် မြေရှင်နှင့် ကန်ထရိုက်တာများ အကြားရှိနေသော အခန်းပေး အခန်းယူစနစ်များမှာ ပြောင်းလဲဖွယ်ရှိကြောင်း ရန်ကုန်မြို့တော်၏ လူနေထူထပ်သော ရပ်ကွက်များထဲတွင် တစ်ခုအပါအဝင်ဖြစ်သည့် တာမွေမြို့နယ် ကျောက်မြောင်းတွင် အဆောက်အအုံများ ဆောက်လုပ်နေသော ကန်ထရိုက်တာအချို့က ပြောကြားသည်။

ပစ္စည်းဈေးနှုန်းများ အပြောင်းအလဲဖြစ်နေပြီး မတ်လကုန်ပိုင်းတွင် သံချောင်းဈေး ကျပ်ကိုးသိန်းဝန်းကျင်နှင့် ဘိလပ်မြေဈေး ၈၀၀၀ ကျပ်ဝန်းကျင်ဖြစ်နေကြောင်း၊ ရင်းနှီးမြှုပ်နှံရသည့် ပမာဏအချိန်ကာလနှင့် နှိုင်းယှဉ်ပါက ရရှိသည့် အကျိုးအမြတ်မှာ လျော့နည်းလာကြောင်း၊ လောလောဆယ် ဆောက်လက်စ အဆောက်အအုံများမှလွဲ၍ အဆောက်အအုံသစ် ထပ်မံဆောက်လုပ်ခြင်းကိုခေတ္တရပ်နားထားပြီး အခြေအနေ စောင့်ကြည့်နေကြောင်း ကန်ထရိုက်တာတစ်ဦးကဆိုသည်။

အိမ်ဆောက်ပစ္စည်းဈေးပြောင်းလဲမှုကြောင့် လက်ရှိကန်ထရိုက်တာဘက်မှ ရယူနေသော အခန်းအရေအတွက်ထက် အနည်းဆုံးတစ်ခန်းကို ကန်ထရိုက်တာများဘက်က ထပ်မံရယူရန် စဉ်းစားနေကြသည်ဟု ကန်ထရိုက်အသိုင်းအဝိုင်းမှ စုံစမ်းသိရှိရသည်။ လက်ရှိအခန်းပေးအခန်းယူစနစ်မှာ အင်္ဂလိပ်ဂဏန်း ခုနစ်အကြိမ် (7) စနစ်ဖြင့်လည်းကောင်း၊ အင်္ဂလိပ်ဂဏန်းခုနစ်အသေး (7) စနစ်ဖြင့်လည်းကောင်း၊ တစ်ခြမ်းပေး တစ်ခြမ်းယူစနစ်ဖြင့်လည်းကောင်း နှစ်ဦးနှစ်ဖက်သဘောတူကာ ဆောက်လုပ်လျက်ရှိပြီး နောက်ပိုင်းတွင် မြေရှင်ရရှိမည့် အခန်းများအနက် အဆောက်အအုံ၏ အလယ်ထပ်များမှ အခန်းတစ်ခန်းကို ကန်ထရိုက်တာများဘက်က ထပ်မံရယူသွားရန်ရှိကြောင်း သိရှိရသည်။

ယခုနောက်ပိုင်းတွင် ရန်ကုန်မြို့တော်၌ နှစ်ခန်းတွဲနှစ်ထပ်အဆောက်အအုံများ အပါအဝင် အဆောက်အအုံဟောင်းများကို ဖြိုဖျက်၍ အထပ်မြင့်အဆောက်အအုံသစ်များ ပြန်လည်ဆောက်လုပ်လာကြသည်။

Phoenix News

■

www.foreverspace.com.mm



မြန်မာနိုင်ငံရှိ ကုလဝန်ထမ်းဦးရေလျှော့ချမည်

ရန်ကုန်၊ မတ် ၁၆

မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအဖွဲ့အစည်းများလက်အောက်တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းဦးရေကို လာမည့်နှစ်များတွင် လျှော့ချသွားရန်ရှိကြောင်း ရန်ကုန်မြို့တော်ရှိ ကုလသမဂ္ဂရုံးတစ်ရုံးမှတာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

ထိုကဲ့သို့ ကုလသမဂ္ဂရုံးများတွင် ဝန်ထမ်းဦးရေလျှော့ချခြင်းမှာ ကုလသမဂ္ဂအဖွဲ့အစည်းပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်အရ ကမ္ဘာတစ်ဝန်းရှိ ကုလသမဂ္ဂရုံးများရှိ မလိုအပ်သောဝန်ထမ်းများကို လျှော့ချသွားမည့်အစီအစဉ်အရဖြစ်ပြီး ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုဖြစ်သည့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)၏ ရုံးချုပ်တည်ရှိရာ အီတလီနိုင်ငံ ရောမမြို့တွင် စတင်လျှော့ချနေပြီဟု ၎င်းကဆိုသည်။

ကုလသမဂ္ဂအဖွဲ့အစည်းရုံးခွဲပေါင်း ၁၂ ခုရှိသော မြန်မာနိုင်ငံတွင်မူ ၂၀၀၈ ခုနှစ်ခန့်တွင် ဝန်ထမ်းများ စတင်လျှော့ချနိုင်ဖွယ်ရှိကြောင်း ရန်ကုန်မြို့တော်ရှိ ကုလသမဂ္ဂရုံးများထံမှ သိရသည်။

ထားထားမြင့်

သွင်းကုန်ထုတ်ကုန်မှ အခွန်ကောက်ခံရရှိမှု ကျပ်သန်းပေါင်း ၂၀၀၀ ကျော်ရရှိ

ရန်ကုန်၊ မတ် ၃၀

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာနမှ ၂၀၀၆–၂၀၀၇ ခုနှစ်အတွင်း ထုတ်ကုန်သွင်းကုန်များအပေါ် အခွန်ကောက်ခံမှုမှ ကျပ်သန်းပေါင်း ၂၇၀၀၇ ဒသမ ၇၃ ရရှိခဲ့ကြောင်း အဆိုပါ ဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါပမာဏမှာ သွင်းကုန်များအပေါ် ကောက်ခံရရှိသည့် အခွန်အခများဖြစ်ပြီး ထုတ်ကုန်များအပေါ် ကောက်ခံရရှိမှုကိုမူ ထုတ်ပြန်ချက်တွင် ဖော်ပြထားခြင်း မရှိကြောင်း သိရှိရသည်။ ယမန်နှစ် ဘဏ္ဍာရေးနှစ် ၂၀၀၅–၂၀၀၆ တွင် သွင်းကုန်ထုတ်ကုန် အခွန်ကောက်ခံမှုမှ ကျပ်သန်းပေါင်း ၁၇၈၉၄ ဒသမ ၀၃ ရရှိခဲ့ရာ ယခုနှစ်တွင် ကျပ်သိန်းတစ်သောင်းကျော် ပိုမိုကောက်ခံရရှိခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့် ၂၀၀၆ ခုနှစ်အတွင်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ အကောက်ခွန်ဝန်ထမ်းအချို့ကို စည်းမျဉ်းနှင့်မညီညွတ်၍ အရေးယူဆောင်ရွက်ခဲ့ပြီး ဝန်ထမ်းသစ်များ ခန့်အပ်ထားခြင်းများ ဆောင်ရွက်ခဲ့ပြီး အခွန်အခများ မှန်ကန်စွာ ကောက်ခံရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန် အကောက်ခွန်ဝန်ထမ်းများကို သက်ဆိုင်ရာမှ ညွှန်ကြားချက်များထုတ်ပြန်ထားသည်။

ရခိုင်ပြည်နယ်ထွက်ဆား နယ်စပ်ကုန်သွယ်ရေးဖြင့် တင်ပို့ရန်စီစဉ်

ရန်ကုန်၊ မတ် ၂၉

ရခိုင်ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ ရခိုင်ပြည်နယ်ထွက်ဆားကို နယ်စပ်ကုန်သွယ်ရေးစနစ်ဖြင့် တင်ပို့နိုင်ရန် စီစဉ်လျက်ရှိသည်ဟု ရခိုင်ပြည်နယ်မှ ကုန်သည်တစ်ဦးက မတ်လ ၂၂ ရက်နေ့တွင် ပြောကြားသည်။

ရခိုင်ကမ်းရိုးတန်းဒေသရှိ ဆားချက်တောင်သူများသည် ပင်လယ်ရေမှဆားကို နေလှန်းချက်လုပ်သည့် နည်းစနစ်အသုံးပြု၍ အရည်အသွေးမီ ဆားဖြူဆားသန့်များကို ထုတ်လုပ်နိုင်ခဲ့ပြီး နယ်စပ်ကုန်သွယ်ရေးဖြင့် တင်ပို့မည်ဆိုလျှင် ပုံမှန်ကုန်သွယ်ရေးဖြင့် တင်ပို့သည်ထက် အကျိုးအမြတ်ပိုမိုရနိုင်ကြောင်း၊ ဧရာဝတီတိုင်းနှင့် ရခိုင်ပြည်နယ်တို့မှ အဓိကထွက်ရှိသည့် နေလှန်းဆားများကို ၁၉၉၀ ခုနှစ်တွင် နယ်စပ်ကုန်သွယ်ရေးဖြင့် တင်ပို့ရောင်းချခဲ့သော်လည်း ၂၀၀၃ ခုနှစ်မှစတင်၍ နယ်စပ်မှတင်ပို့မှုအား ပိတ်ပင်ခဲ့သဖြင့် ဆားလုပ်ငန်းရှင်များသည် ရခိုင်ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ သက်ဆိုင်ရာသို့ တင်ပြခဲ့ရာ ၂၀၀၅ ခုနှစ်တွင် ဆားပြည်ပတင်ပို့ခွင့်ကို ပြန်လည် ခွင့်ပြုခဲ့သော်လည်း ပုံမှန်ကုန်သွယ်ရေးဖြင့်သာ တင်ပို့ခဲ့ရကြောင်းကို ၎င်းက ထပ်လောင်းပြောကြားသည်။

■

www.foreverspace.com.mm

ပေါင်းလောင်း ရေလွှဲဆည်စီမံကိန်း စိုက်ပျိုးဧရိယာ ဧက ၃၅၀၀၀ ရေပေးနိုင်မည်ဟုဆို

ပျဉ်းမနား၊ မတ် ၁၅

ပျဉ်းမနားမြို့နယ် ပေါင်းလောင်းမြစ်အထက်ပိုင်းရှိ ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းနှင့် တစ်ဆက်တစ်စပ်တည်း တည်ဆောက်လျက်ရှိသော ပေါင်းလောင်းမြစ်အောက်ပိုင်း ပေါင်းလောင်းရေလွှဲဆည် စီမံကိန်းပြီးစီးသွားပါက ဆည်ရေသောက် စိုက်ပျိုးဧရိယာ ၃၅၀၀၀ ဧကကို ရေပေးဝေနိုင်မည်ဖြစ်ကြောင်း စီမံကိန်းတာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

ပေါင်းလောင်းရေလွှဲဆည်ကို ၂၀၀၅ ခုနှစ် မေလတွင် စတင်တည်ဆောက်ခဲ့ရာ ယခုအခါ ၃၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း၊ ပေါင်းလောင်းမြစ်အထက်ပိုင်းရှိ ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းမှ ပေါင်းလောင်းမြစ်ရေကို တမံတည်ဆောက်ကာလျှပ်စစ်ဓာတ်အားထုတ်လုပ်ပြီး ပိုလျှံ၍ ဆက်လက်စီးဆင်းလာသော မြစ်ရေကို မြစ်အောက်ပိုင်း ဆင်ဖြူတောတောင်ခြေနှင့် မယ်မဓိတောင် တောင်ခြေတို့ရှိ သစ်ဆိမ့်ပင်ကျေးရွာအနီးတွင် ရေလွှဲကာ ယခု ပေါင်းလောင်းမြစ်ရေလွှဲဆည်စီမံကိန်းကို ဆောင်ရွက်လျက်ရှိကြောင်း၊ စီးဆင်းနေသောပေါင်းလောင်းမြစ်ရေကို ပေ ၁၆၀၀ အရှည်ရှိ ရေခေါ်မြောင်းမှတစ်ဆင့် ဆည်အတွင်းရေသွင်းပြီး ရေလွှဲဆည်အောက်ဘက်ရှိ အရှည် ၂၆၀၀ ပေ ရှိသော ရေထုတ်မြောင်းမှတစ်ဆင့် ရေထုတ်လွှတ်မည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

ပျဉ်းမနားမြို့၏အရှေ့ဘက် ပေါင်းလောင်းမြစ်အထက်ပိုင်း ကျည်တောင်ခေါမကျေးရွာအနီး တည်ဆောက်ခဲ့သော ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းမှ လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၂၈၀ ထုတ်လွှတ်ပေးလျက်ရှိပြီး တစ်နှစ်လျှင် ကီလိုဝပ်နာရီ ၉၁၁ သန်းကို ထုတ်လုပ်ပေးနိုင်ကြောင်း အစိုးရ၏ တရားဝင်ထုတ်ပြန်ချက်များအရ သိရှိရသည်။

မင်းသုခိုင်

မြန်မာနိုင်ငံတွင် လူတစ်ဦးချင်း ငါးလိုအပ်ချက် နှစ်စဉ်တိုးတက်

ရန်ကုန်၊ မတ် ၁၂

မြန်မာနိုင်ငံတွင် လူတစ်ဦးချင်း ငါးလိုအပ်ချက်မှာ နှစ်စဉ်တိုးတက်လျက်ရှိကြောင်း ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) တွင်ကျင်းပသော ပဂ္ဂလိကစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ၌ မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာ စာတမ်းတွင် ဖတ်ကြားသွားသည်။

ကမ္ဘာပေါ်တွင် နွားရူးရောဂါ၊ ကြက်ငှက်တုပ်ကွေးရောဂါများ ပြန့်ပွားနေချိန်တွင် ငါးသည်အန္တရာယ်ကင်းပြီး အာဟာရအပြည့်ရှိသော အစားအစာဖြစ်ခြင်းကြောင့် လူတစ်ဦး

www.forevermore.com.mm

၏ ငါးစားသောက်မှုနှုန်းလိုအပ်ချက်မှာ လည်း နှစ်စဉ်တိုးတက်လာခြင်းဖြစ်ကြောင်း၊ လူတစ်ဦး၏ နှစ်စဉ်ငါးစားသုံး လိုအပ်ချက်မှာ ၂၀၀၂–၂၀၀၃ ခုနှစ်တွင် ၂၆ ကီလိုဂရမ်မှ ၂၀၀၅–၂၀၀၆ ခုနှစ်တွင် ၄၁ ကီလိုဂရမ် အထိ တိုးတက်လာကြောင်း၊ လူတစ်ဦးချင်း ငါးလိုအပ်ချက်နှင့် လူဦးရေတိုးတက်လာသည်နှင့်အမျှ မြန်မာနိုင်ငံ၏ ငါးထုတ်လုပ်မှုမှာလည်း နှစ်စဉ်တိုးတက်လျက်ရှိရာ ရေချိုငါးမွေးမြူရေး၊ အင်းလုပ်ငန်းနှင့် ရေနေငါးဖမ်းလုပ်ငန်းတို့အနက် ရေနေငါးဖမ်းလုပ်ငန်းသည် ငါးအများဆုံး ထုတ်လုပ်ပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ ရေမြေအနေအထားနှင့် ပင်လယ်ကမ်းခြေများသည် ရေအလွန်သန့်သောကြောင့် ပင်လယ်သတ္တဝါများ မွေးမြူရေး ပြုလုပ်ရန်သင့်တော်ကြောင်း၊ နိုင်ငံတကာဈေးကွက်တွင် ရေနေငါးပုစွန်များ ပိုမိုဈေးကွက်ကြီးမားလျက်ရှိရာ မွေးမြူရေးကို တိုးချဲ့လုပ်ဆောင်ပါက နိုင်ငံဝင်ငွေရရှိနိုင်သည့်အပြင် ရေလုပ်သားထုတစ်ရပ်လုံးကိုလည်း အလုပ်အကိုင်အခွင့်အလမ်းရရှိလာနိုင်မည်ဖြစ်ကြောင်းနှင့် အာရှတိုက်တစ်ခုလုံးတွင် ၂၀၂၀ ခုနှစ် ငါးလိုအပ်ချက်မှာ မက်ထရစ် တန်ချိန်သန်းပေါင်း ၇၀ အထိ ရှိလာနိုင်ကြောင်း ဖတ်ကြားသွားသည်။

ကျော်ဇေယျထွန်း

မီးသတ်ဘူးမတပ်ဆင်သည့် CNG ယာဉ်များသို့ သတိပေးချက်ထုတ်ပြန်

ရန်ကုန်၊ မတ် ၁၄

မီးသတ်ဆေးဘူးတပ်ဆင်ထားခြင်းမရှိသည့် CNG ဓာတ်ငွေ့သုံး မော်တော်ယာဉ်များကို သတိပေးချက်များထုတ်ပြန်ခဲ့ကြောင်း မြန်မာရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ယင်းထုတ်ပြန်ချက်အရ CNG ယာဉ်အားလုံးတွင် မီးသတ်ဆေးဘူးတပ်ဆင်ရမည့်အစီအစဉ်ကို ဆောင်ရွက်နေကြောင်း၊ မတ်လ ၁ ရက်မှစ၍ မီးသတ်ဆေးဘူးမတပ်ဆင်ရသေးသော CNG ယာဉ်များကို ဓာတ်ငွေ့အရောင်းဆိုင်တွင် ဓာတ်ငွေ့လာရောက်ဖြည့်စဉ် ပထမအကြိမ်၊ ဒုတိယအကြိမ် နှစ်ကြိမ်သတိပေးမည်ဖြစ်ပြီး တတိယအကြိမ်မှစ၍ ဓာတ်ငွေ့ဖြည့်ပေးခြင်းကို ရပ်ဆိုင်းမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

CNG ယာဉ်များတွင် မီးသတ်ဆေးဘူး မတပ်မနေရစနစ်ကို ၂၀၀၇ ခုနှစ် ဇန်နဝါရီလဆန်းတွင် စတင်မည်ဟု အသိပေးခဲ့သော်လည်း ဈေးကွက်အတွင်း မီးသတ်ဆေးဘူးများ ပြတ်လပ်၍ မတ်လ ၁ ရက်ကို မီးသတ်ဆေးဘူးတပ်ဆင်ရန် နောက်ဆုံးနေ့အဖြစ် ပြောင်းလဲသတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း CNG ယာဉ်မောင်းအချို့ထံမှ သိရသည်။ CNG ယာဉ်များ မီးသတ်ဆေးဘူးတပ်ဆင်ရာတွင်မီးသတ်ဦးစီးဌာနက ထောက်ခံသော အမှတ်တံဆိပ်အမျိုးအစားကိုသာ တပ်ဆင်ရပြီး စီးတီးတက္ကစီနှင့်ဆလွန်းယာဉ်များတွင် တစ်ကီလိုဂရမ်၊ ယာဉ်လတ်တွင် နှစ်ကီလိုဂရမ်၊ ယာဉ်ကြီးတွင် သုံးကီလိုဂရမ်ဘူးများ တပ်ဆင်ရမည်ဖြစ်သည်ဟု ၎င်းတို့ကဆိုသည်။ ပွင့်လင်းရာသီရောက်ရှိပြီဖြစ်၍ CNG ယာဉ်တွင် မီးသတ်ဆေးဘူးထားရှိရမည့်အစီအစဉ်မှာ မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်ပြီးဖြစ်၍ အဆင်ပြေကြောင်း၊ အလုံးစုံအာမခံထားရမည့်အစီအစဉ်မှာ အာမခံထားရှိပြီးပါက ယာဉ်ပိုင်ရှင်က အာမခံစံရိတ်ကြောင့် အုံနာကြေးတိုးမြှင့်ကောက်ခံမည်ကို စိုးရိမ်မိကြောင်း CNG စီးတီးတက္ကစီယာဉ်မောင်းတစ်ဦးက ပြောကြားသည်။

တရားဝင်ထုတ်ပြန်ထားသောစာရင်းများအရ ယခုအခါ ရန်ကုန်မြို့တော်တွင် သဘာဝဓာတ်ငွေ့သုံးယာဉ်အစီး ၁၁,၀၀၀ ဝန်းကျင်ရှိကြောင်း သိရသည်။

Associated News

မွေး/ရေကန်လှ လာမည့်ဘဏ္ဍာရေးနှစ် ကန်ဒေါ်လာ သန်း ၆၀၀ မျှော်မှန်း

ရန်ကုန်၊ ဖေဖော်ဝါရီ ၂၀

မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍမှ ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် အမေရိကန်ဒေါ်လာသန်း ၆၀၀ ရရှိရန် တိုးမြှင့်မျှော်မှန်းထားကြောင်း ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းက ပြောကြားသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍမှ ရေထွက်ကုန်ပြည်ပတင်ပို့မှုတွင် ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ်၌ ကန်ဒေါ်လာ ၃၅၉ သန်းခန့်ရရှိခဲ့ပြီး ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်အတွက် ကန်ဒေါ်လာသန်း ၄၅၀ ခန့် မျှော်မှန်းထားကြောင်း ငါးလုပ်ငန်းဦးစီးဌာန FIQC ညွှန်ကြားရေးမှူး ဦးဝင်းမြင့်မောင်က ဆိုသည်။

ယခုနှစ် ဖေဖော်ဝါရီ ဒုတိယပတ်အထိ မွေးမြူရေးနှင့် ရေထွက်ကုန်ပြည်ပတင်ပို့မှုမှ ကန်ဒေါ်လာသန်း ၄၀၀ ခန့် ရရှိခဲ့ပြီးဖြစ်၍ ကျန်ရှိသည့် ဘဏ္ဍာရေးနှစ်တွင် မျှော်မှန်းထားသည့် ဒေါ်လာ သန်း ၄၅၀ ပြည့်မီနိုင်ရုံသာမက သန်း ၅၀၀ သို့ပင် ရောက်နိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍမှ ပြည်ပတင်ပို့မှုပမာဏ တိုးတက်စေရန် မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်က ရေငန်ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများသို့ ချေးငွေများ ထုတ်ချေးရန်စီစဉ်နေပြီး ပို့ကုန်လိုင်စင်လျှောက်ထားရာတွင်လည်း ငါးတင်ပို့မှုအတွက် လျှောက်ထားမှုနှုန်းမှာ ပိုမိုများပြားကြောင်း၊ လိုင်စင်လျှောက်ထားသူများအနေဖြင့် လျှောက်ထားရာတွင် ဖော်ပြထားသည့်နှုန်းအတိုင်း ပို့ကုန်များတင်ပို့နိုင်ရန်လိုအပ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းက ဆိုသည်။■

www.foreverspace.com.mm

မြန်မာကျန်းမာရေး Website အနောက်တိုင်းနှင့် တိုင်းရင်းဆေးဝါးများ ထည့်သွင်းဖော်ပြ

ရန်ကုန်၊ မတ် ၂၅

မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍနှင့် စပ်လျဉ်း၍ သိသင့်သိထိုက်သည်များကို ဖော်ပြထားသည့် ပထမဦးဆုံး Website ဖြစ်ပြီး မကြာသေးမီက လွှင့်တင်ခဲ့သော www.myanmarhealth.com အမည်ရှိ Website တွင် ပြည်ပမှ တင်သွင်းသည့် အနောက်တိုင်းဆေးဝါးများနှင့် ပြည်တွင်းမှ ထုတ်လုပ်သည့် တိုင်းရင်းဆေးဝါးများ အကြောင်းကိုပါ ထည့်သွင်းဖော်ပြထားကြောင်း ယင်း Website ကို လွှင့်တင်သည့် e Trade Myanmar Co., Ltd. မှ Chief Operating Officer ဦးထွန်းထွန်းနိုင်က Living Color သို့ ပြောကြားသည်။

မြန်မာဘာသာဖြင့် လွှင့်တင်ထားသည့် အဆိုပါ Website တွင် ပြည်တွင်း၌ အသုံးပြုနေသော အနောက်တိုင်းဆေးနှင့် တိုင်းရင်းဆေးဝါးအမျိုးအမည်များသာမက ဆေးညွှန်းများပါ ထည့်သွင်းထားကြောင်း၊ ထို့အပြင် ရောဂါအလိုက် ဆရာဝန်များ၏ လမ်းညွှန်ချက်များ၊ ဟောပြောချက်များ၊ အကြံပြုချက်များ၊ ကျန်းမာရေးဆောင်းပါးများကိုပါ ဖော်ပြထားကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ပြည်သူများဝင်ရောက်ကြည့်ရှုနိုင်ရန် မြန်မာဘာသာဖြင့် ရေးဆွဲဖော်ပြထားခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၌ ကျန်းမာရေးနှင့် ပတ်သက်သည့် အင်တာနက် Website မှာ မရှိသလောက် နည်းပါးနေသေးကြောင်း ၎င်းကဆိုသည်။

e Trade Myanmar Co., Ltd. က စီစဉ်ရေးဆွဲလွှင့်တင်ထားသော ထင်ရှားသည့် Website များမှာ ပြည်တွင်းပြည်ပလယ်ယာထွက်ကုန်ဈေးနှုန်းနှင့် သတင်းများကို ဖော်ပြထားသည့် www.etrademyanmar.com၊ နိုင်ငံတကာဘောလုံးပြိုင်ပွဲများသတင်းကိုဖော်ပြထားသည့် www.myanmargoal.com ၊ Shopping Center များအကြောင်း ဖော်ပြထားသည့် www.myanmarshopping.com၊ အိမ်ရာမြေဈေးကွက်အကြောင်း ဖော်ပြထားသည့် www.estatemm.com၊ လူငယ်များအတွက် သုတရသကဏ္ဍစုံ ဖော်ပြထားသည့် www. khitlunge.net.mm စသည်တို့ဖြစ်ပြီး ပြည်တွင်းရှိကုမ္ပဏီနှင့် စီးပွားရေးလုပ်ငန်းအဖွဲ့အစည်း ၂၀၀ ခန့်ကို Website များ ရေးဆွဲလွှင့်တင်ပေးခဲ့ပြီးဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ■

မြန်မာပန်းချီဆရာများ၏ Suvanna Inspiration ပန်းချီပြပွဲ ချင်းမိုင်တွင် တစ်လကြာခန့်ပြသ

ရန်ကုန်၊ မတ် ၂၂

မြန်မာနိုင်ငံမှ ပန်းချီဆရာ ၂၀ ဦးခန့် စုစည်းထားသော Suvanna Inspiration ပန်းချီပြပွဲကို အိမ်နီးချင်း ထိုင်းနိုင်ငံ ချင်းမိုင်တွင် တစ်လကြာခန့် ပြသမည်ဖြစ်ကြောင်း ပြပွဲစီစဉ်သူ Summit Art Collection မှ ဦးမြင့်စိုးက ပြောကြားသည်။

အဆိုပါပြပွဲကို မတ်လ ၂၄ ရက်မှ ဧပြီလ ၂၂ ရက်နေ့အထိ ပြသမည်ဖြစ်ပြီး ပြခန်းမှာ သုဝဏ္ဏဘူမိပန်းချီပြခန်းဖြစ်ကြောင်း၊ ပန်းချီကားအများစုမှာ မြန်မာ့ရိုးရာ မြင်ကွင်းများဖြစ်ကြောင်း ၎င်းကဆိုသည်။

သုဝဏ္ဏဘူမိပန်းချီပြခန်းတွင် ယခုနှစ်ပိုင်းအတွင်း မြန်မာပန်းချီဆရာများ၏ ပြပွဲများ ဆက်တိုက်ပြသလာကြောင်း ပန်းချီစံမင်းက ပြောကြားပြီး ကံ့ကော်ရွာပန်းချီပြပွဲ၊ နေမျိုးဆေး၏ ပန်းချီပြပွဲတို့လည်း ပါဝင်သည်။ ■

www.foreverspace.com.mm

မြောင်းတကာစက်မှုဇုန် မဟာဓာတ်အားလိုင်း သွယ်တန်းမည်

ရန်ကုန်၊ ဖေဖော်ဝါရီ ၂၅

ပဂ္ဂလိကလုပ်ငန်းရှင်များကို လုပ်ကိုင်ခွင့်ချထားဆောင်ရွက်ပေးလျက်ရှိသည့် မြောင်းတကာသံရည်ကျိုစက်မှုဇုန်သို့ ပဲခူး–မြောင်းတကာ ၂၂၀ KV မဟာဓာတ်အားလိုင်းသွယ်တန်းမှုစီမံကိန်း မကြာခင် စတင်မည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ပြောကြားသည်။

ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) တွင် ကျင်းပပြုလုပ်သည့် မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်ငန်းရှင်များအသင်း (Myanmar Industrial Association)၏ (၁၃) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ ယင်းစက်မှုဇုန်မှာ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် မြောင်းတကာကျေးရွာတွင်တည်ရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း၊ ဓာတ်အားလိုင်းသွယ်တန်းမှုအတွက် ပဂ္ဂလိကသို့ တင်ဒါခေါ်ယူခဲ့ရာ မကြာမီကပင် တင်ဒါအောင်မြင်ခဲ့ပြီး ဖြစ်ကြောင်း ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက ထပ်လောင်းပြောကြားသည်။

မှော်ဘီမြို့နယ်ရှိ မြောင်းတကာဓာတ်အားခွဲရုံသို့ ရွှေတောင်မြို့မှ တစ်လိုင်း၊ ပဲခူး–ကမာနက်မှတစ်လိုင်း၊ ဟသံတမှတစ်လိုင်း စသည်ဖြင့် မဟာဓာတ်အားလိုင်းများ သွယ်တန်းရန် စီစဉ်လျက်ရှိကြောင်း အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ် ခင်မောင်မြင့်၏ အဆိုကို ကိုးကား၍ ဖေဖော်ဝါရီလ ၁၉ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပါရှိသည်။

ပြီးခဲ့သည့် ၂၀၀၆ ခုနှစ်အတွင်း စီးပွားရေးလုပ်ငန်းရှင်များသို့ မြေကွက်များ စတင်ရောင်းချပေးခဲ့သည့် မြောင်းတကာစက်မှုဇုန်သည် ၆၃၂ ဒသမ ၉၆ ဧက ကျယ်ဝန်းပြီး ပေ ၂၀၀× ၄၀၀ ပတ်လည်အကျယ်ရှိ မြေကွက်ပေါင်း ၃၄၄ ကွက်ကို ဖော်ထုတ်ထားသည့် စက်မှုဇုန်တစ်ခုဖြစ်သည်။

Associated News

ရာသီဥတုပူပြင်း၍ ရေနက်ပိုင်းတွင်သာ ပင်လယ်ငါး ဖမ်းဆီးရမိ

ရန်ကုန်၊ ဖေဖော်ဝါရီ ၂၀

ရာသီဥတုပူပြင်းလာသဖြင့် ပင်လယ်ငါးများ ရေနက်ပိုင်းသို့ ပြောင်းရွှေ့မှုကြောင့် ရေနက်ပိုင်းသို့ သွားရောက်ဖမ်းဆီးလျက်ရှိကြောင်း ပင်လယ်ငါးဖမ်းစက်လှေလုပ်ငန်းရှင်တစ်ဦးက ဖေဖော်ဝါရီလ တတိယပတ်အတွင်း ပြောကြားသည်။

ပွင့်လင်းရာသီရောက်လာသဖြင့် သဘာဝအရ ပင်လယ်ငါးများ ရေနက်ပိုင်းသို့ ပြောင်းရွှေ့သွားမှုကြောင့် ပင်လယ်ငါးဖမ်းဆီးမှု ယခင်ထက် လျော့ကျသွားကြောင်း မြန်မာနိုင်ငံပင်လယ်ငါးဖမ်းလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ ဦးမောင်မောင်စိုးက ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ပုံမှန်ပြုလုပ်သည့် အစည်းအဝေးတစ်ရပ်တွင် ပြောကြားသည်။ လက်ရှိ ပင်လယ်ငါးဈေးနှုန်းမှာ ၃၀ ရာခိုင်နှုန်း မြင့်တက်လာသော်လည်း ရေနက်ပိုင်းသို့ သွားရောက်ဖမ်းဆီးရမှုကြောင့် လောင်စာဆီ ယခင်ထက် ပိုမိုကုန်ကျလျက်ရှိရာ ငါးဖမ်းစက်လှေများအနေဖြင့် ပုံမှန်ငါးဖမ်းထွက်ရန် မလွယ်ကူကြောင်း ငါးဖမ်းစက်လှေလုပ်ငန်းရှင်အသိုင်းအဝိုင်းမှ စုံစမ်း သိရှိရသည်။

ငါးဖမ်းစက်လှေများ လောင်စာဆီအဖြစ်အသုံးပြုသည့် ဒီဇယ်တစ်ပီပါ ပေါက်ဈေးနှုန်းများမှာ ရန်ကုန်မြို့နှင့် မြိတ်မြို့များတွင် တူညီမှုမရှိခြင်းကြောင့် လောင်စာဆီဈေးသက်သာသည့် မြိတ်မြို့စက်လှေများထက် ရန်ကုန်ရှိ စက်လှေများမှာ ပိုမိုကုန်ကျစရိတ်ရှိကြောင်း၊ သို့ဖြစ်၍ ငါးဖမ်းစက်လှေထွက်ရှိမှု လျော့နည်းခြင်းဖြစ်ကြောင်း ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များ ကြုံတွေ့နေရသည့် ဒီဇယ်ဈေးနှုန်းကြီးမြင့်မှုအတွက် အခြားဒေသများမှ ဈေးနှုန်းသက်သာသည့် ဒီဇယ်ဆီဝယ်ယူသုံးစွဲနိုင်ရန် ဆွေးနွေးညှိနှိုင်းစီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လက်ရှိတွင် ဒီဇယ်တစ်ပီပါလျှင် ရန်ကုန်မြို့တွင် ကျပ် ၂၃၀,၀၀၀ နှင့် မြိတ်မြို့တွင် ကျပ် ၁၆၀,၀၀၀ ဈေး ပေါက်လျက်ရှိသည်။ ■

ထောက်ကြန့်တွင် ကြက်သားဈေးကျ

ရန်ကုန်၊ မတ် ၁၃

ရန်ကုန်တိုင်းအတွင်း ကြက်ငှက်တုပ်ကွေးရောဂါပိုးတွေ့ရှိခြင်းကြောင့် မြို့နယ်အချို့တွင် ကြက်သားရောင်းချမှုကို ခေတ္တရပ်ဆိုင်းထားခဲ့ရာမှ မတ်လ ဒုတိယပတ်အတွင်းမှစ၍ အချို့ဈေးများတွင် ယခင်ဈေးနှုန်းအတိုင်း ပြန်လည်ရောင်းချလာခဲ့သော်လည်း ထောက်ကြန့်မြို့တွင် သိသာစွာဈေးကျဆင်းခဲ့ကြောင်း စားသုံးသူများထံမှ သိရှိရသည်။

www.foreverspace.com.mm

ပြီးခဲ့သည့် ရက်သတ္တပတ်က ရန်ကုန်မြို့တော်တွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့သော်လည်း ရောဂါဖြစ်ပွားခဲ့သည့်အနီးဝန်းကျင်ရှိ ဈေးများတွင် ကြက်သားဈေးကျဆင်းသွားခြင်းမရှိဘဲ ပုံမှန်ရောင်းဈေးဖြစ်သည့် အသားစား (CP)ကြက်တစ်ပိသာလျှင် ၃၅၀၀ ကျပ်နှင့် တိုင်းရင်းကြက်တစ်ပိသာ ၄၀၀၀၀ ကျပ်ခန့်ဖြင့် ရောင်းချနေကြကြောင်း၊ ထောက်ကြန့်ဈေးတွင်မူ အသားစားကြက်တစ်ပိသာ ၂၅၀၀ ကျပ်သာ ပေါက်ဈေးရှိကြောင်း ဈေးဝယ်သူအချို့က ပြောကြားသည်။

အဆိုပါကြက်ငှက်တုပ်ကွေးရောဂါသံသယဖြစ်ဖွယ်စတင်တွေ့ရှိမှုကို ရန်ကုန်တိုင်းအတွင်း မရမ်းကုန်းမြို့နယ်ရှိ ကြက်မွေးမြူရေးခြံတစ်ခြံတွင် ဧပြီ ၂၇ ရက်နေ့က တွေ့ရှိခဲ့ရ၍ ရောဂါထိန်းချုပ်နယ်မြေများသတ်မှတ်ခဲ့ပြီး ရောဂါထိန်းချုပ်မှုနှင့်အတွင်း ကြက်၊ ဘဲနှင့် ကြက်ဘဲထွက်ပစ္စည်းများ ရွှေ့ပြောင်းသယ်ယူပို့ဆောင်မှုကန့်သတ်ခြင်း၊ ကြက်ဘဲဈေးများ ယာယီပိတ်ပင်ခြင်း၊ ရောဂါစူးစမ်းရှာဖွေရေးအဖွဲ့များက ရောဂါစူးစမ်းရှာဖွေမှုများပြုလုပ်၍ နေ့စဉ်ထုတ်ပြန်ဖော်ပြခြင်းတို့ ဆောင်ရွက်ခဲ့ကာ မတ်လ ၁၁ ရက်နေ့တွင် ကြက်ငှက်တုပ်ကွေးရောဂါဗိုင်းရပ်စ်ပိုး (H5N1)တွေ့ရှိကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက အတည်ပြုချက်ထုတ်ပြန်ခဲ့သည်။

ကြက်သားပေါက်ဖြန့်ဖြူးမှုကျဆင်း

ရန်ကုန်၊ မတ် ၃၀

မြန်မာနိုင်ငံရှိ မွေးမြူရေးလုပ်ငန်းရှင်များသို့ မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းမှ ကြက်သားပေါက်များဖြန့်ဖြူးမှု ယမန်နှစ်များထက် ကျဆင်းခဲ့ကြောင်း အဆိုပါလုပ်ငန်းမှ စုံစမ်းသိရှိရသည်။

အဆိုပါလုပ်ငန်းမှ ကြက်သားပေါက်များကို စီးပွားဖြစ်မွေးမြူသူများနှင့် တစ်နိုင်တစ်ပိုင်မွေးမြူသူများသို့ ဖြန့်ဖြူးရောင်းချခဲ့ရာ ၂၀၀၆–၂၀၀၇ အတွင်း အကောင်ရေ ၇၃၃,၂၃၃ ကောင်သာ ဖြန့်ဖြူးနိုင်ခဲ့ရာ ပြီးခဲ့သည့်လေးနှစ်အတွင်း အနည်းဆုံးဖြန့်ဖြူးနိုင်သည့် ကြက်ကောင်ရေဖြစ်သည်။ ၂၀၀၃–၂၀၀၄ ခုနှစ်တွင် ကြက်သားပေါက် ၃,၂၆၅,၇၈၂ ကောင်၊ ၂၀၀၄–၂၀၀၅ ခုနှစ်တွင် ကြက်သားပေါက် ၂,၇၄၀,၃၇၂ ကောင်နှင့် ၂၀၀၅–၂၀၀၆ ခုနှစ်တွင် ကြက်သားပေါက် ၁,၆၅၃,၈၈၄ ကောင်တို့ကို လုပ်ငန်းရှင်များသို့ ဖြန့်ဖြူးနိုင်ခဲ့ရာ ယခုနှစ်တွင် ကြက်သားပေါက်ဖြန့်ချိရေးအကောင်အရေအတွက် သိသိသာသာကျဆင်းခဲ့ခြင်းဖြစ်သည်။

ယခုကဲ့သို့ ကြက်သားပေါက်ဖြန့်ဖြူးမှုလျော့ကျခြင်းမှာ ကြက်ငှက်တုပ်ကွေးရောဂါတစ်ကျော့ပြန်ဖြစ်ပွားလာခြင်းကြောင့်ဖြစ်ကြောင်းနှင့် ကြက်မွေးမြူရေးလုပ်ငန်းများ တံ့ဆိုင်းသွားခြင်းကြောင့်ဖြစ်ကြောင်း ကြက်ခြံလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။ လက်ရှိအချိန်တွင် ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေးနှင့်ပတ်သက်သည့် ထုတ်ပြန်ချက်များကို သက်ဆိုင်ရာက ထုတ်ပြန်ထားပြီး စီးပွားရေးလုပ်ငန်းရှင်များအကြား ကြက်မွေးမြူရေးလုပ်ငန်းဆောင်ရွက်လိုသူ လျော့ကျလျက်ရှိသည်။

LIVING COLOR MEDIA
ဖုန်း -၂၄၃၆၃၉၉ ၊ ၂၄၃၆၄၀ ၊
၂၄၃၆၄၁ ၊ ၂၄၃၆၄၂ ၊ ၂၄၃၆၄၃
(Ext-၂၀၀၁)

ထားဝယ်မြို့ပတ်ဝန်းကျင်ရှိ တောင်နှစ်ခု သဘာဝအခြေခံခရီးသွားဒေသများ ဖော်ထုတ်ရန်သင့်လျော်

ရန်ကုန်၊ မတ် ၂၈

တနင်္သာရီတိုင်း၏မြို့တော်ဖြစ်ပြီး ပင်လယ်ကမ်းခြေမြို့တစ်မြို့ဖြစ်သည့် ထားဝယ်မြို့နှင့် မလုမ်းမကမ်းတွင် တည်ရှိသော အမြင့်ပေ ၁၀၅၈ မြင့်သည့် စပါးတောင်နှင့် ၁၀၅၆ ပေမြင့်သည့် တောမိုးတောင်တို့သည် ပြည်တွင်း၊ ပြည်ပမှ ခရီးသွားဧည့်သည်များအတွက် သဘာဝအခြေခံခရီးသွားဒေသများအဖြစ် ဖော်ထုတ်ရန် သင့်လျော်ကြောင်း ထားဝယ်တက္ကသိုလ် မြန်မာစာဌာနမှ နည်းပြဦးဇော်မိုးထွန်းက Living Color သို့ ပြောကြားသည်။

အဆိုပါ တောင်ထိပ်များသည် ထားဝယ်တက္ကသိုလ် ခြေလျင်နှင့် တောင်တက်အသင်းမှ အသင်းဝင်ကျောင်းသား ကျောင်းသူများ မကြာခဏ လေ့ကျင့်တက်ရောက်ရာနှင့် ထားဝယ်မြို့နှင့် မောင်းမကန်ကမ်းခြေသို့လာရောက်သည့် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ ခရီးကြမ်းလမ်းလျှောက်တက်ရောက်ရာ တောင်ထိပ်များဖြစ်ကြကြောင်း၊ အဆိုပါတောင်ထိပ်သို့ သဘာဝတောလမ်းခရီးအတိုင်း နေ့ချင်းပြန်သွားရောက်နိုင်ပြီး ထားဝယ်မြို့ပတ်ဝန်းကျင်နှင့် မောင်းမကန်ပင်လယ်ကမ်းခြေတို့၏ ရှုခင်းများကို တောင်ထိပ်ပေါ်မှ ရှုမြင်ခံစားနိုင်ကြကြောင်း၊ ရန်ကုန်မြို့တော်တွင် ရုံးခွဲဖွင့်လှစ်ထားသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခရီးသွားကုမ္ပဏီတစ်ခုမှ တာဝန်ရှိသူအချို့သည် ၎င်းတို့၏ ပြည်ပခရီးသွားဧည့်သည်များအတွက် သဘာဝအခြေခံခရီးသွားဒေသတစ်ခုအဖြစ် ဖော်ထုတ်နိုင်ရန် မတ်လအတွင်းက လာရောက်လေ့လာသွားခဲ့ကြကြောင်း ၎င်းကဆိုသည်။

မြန်မာနိုင်ငံ၏ နာမည်ကျော် ပင်လယ်ကမ်းခြေတစ်ခုဖြစ်သော မောင်းမကန်ကမ်းခြေတည်ရှိရာ ထားဝယ်မြို့သည် ရန်ကုန်မြို့တော်မှ လေကြောင်း၊ ရေကြောင်း၊ ကားလမ်းနှင့် ရထားခရီးတို့ဖြင့်သွားရောက်နိုင်ပြီး အမြဲစိမ်းသစ်တောများဖုံးလွှမ်းရာ တနင်္သာရီတောင်တန်းနှင့် နီးကပ်စွာ တည်ရှိသည်။ ■

www.foreverspace.com.mm

ကျိုက္ခမီတွင် ပင်လယ်ဒီရေမှ လျှပ်စစ်ထုတ်ယူမည်

ရန်ကုန်၊ မတ် ၂၂

မြန်မာနိုင်ငံတွင် ဒီရေအတက်အကျ ခြားနားချက်အများဆုံးပင်လယ်ကမ်းခြေဖြစ်သည့် မွန်ပြည်နယ်ကျိုက္ခမီမြို့ ကျိုက္ခမီရေလယ်ဘုရားနှင့် အနီးအနားဝန်းကျင်ကမ်းခြေတစ်လျှောက်ရှိကျေးရွာများတွင် လျှပ်စစ်မီးရရှိရေးအတွက် လာမည့် ဇွန်လကုန်ပိုင်းမှစ၍ ဒီရေမှ လျှပ်စစ်ထုတ်ယူနိုင်ရန် ပြင်ဆင်နေကြောင်း မြန်မာပြန်ပြည့်မြစွမ်းအင်အသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးစိုးမြင့်က ပြောကြားသည်။

မြန်မာနိုင်ငံတွင် ဒီရေအတက်အကျ အနည်းဆုံးဖြစ်ပြီး ဒီရေအမြင့် ခြောက်ပေသာရှိသော ဧရာဝတီတိုင်း ငပုတောမြို့နယ်အရှေ့ဘက်ရှိ ကမ္ဘလာရွာနှင့် ဆားကွင်းသမဲ့ဖြူရွာတို့တွင် ပင်လယ်ဒီရေမှ လျှပ်စစ်မာတ် အားထုတ်လုပ်မှုအောင်မြင်ခဲ့၍ ယခုဒီရေအတက်အကျ ခြားနားချက် ပေ ၂၀ ခန့်ရှိ သော ကျိုက္ခမီမြို့၌ လျှပ်စစ်ထုတ်လုပ်ရာတွင် အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ယင်းစီမံကိန်းမှ အကြမ်းဖျင်းအားဖြင့် တစ်နေ့ ပျမ်းမျှ ၁၂ နာရီမှ ၂၄ နာရီအထိ လျှပ်စစ်မီးရရှိနိုင်ကာ ကီလိုဝပ် ၅၀၀ မှ ၁၀၀၀ ခန့်အထိ ထုတ်လုပ်ရရှိနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရန်အတွက် ဒေသဆိုင်ရာအာဏာပိုင်များနှင့် ညှိနှိုင်းနေကြောင်း ၎င်းကဆိုသည်။

ကျိုက္ခမီမြို့တို့ ဒီရေမှ လျှပ်စစ်မီးပေးနိုင်ရန် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ မြန်မာပြန်ပြည့်မြစွမ်းအင်အသင်းတို့မှ တာဝန်ရှိသူများနှင့် အင်ဂျင်နီယာများ သွားရောက်လေ့လာခဲ့ကြကြောင်း၊ ကျိုက္ခမီမြို့သည် မြန်မာနိုင်ငံတွင် ပင်လယ်ဒီရေအတက်အကျအများဆုံးဖြစ်ပြီး ရန်ကုန်မြို့တော်ရှိ ငမိုးရိပ်ချောင်းမှာ ဒီရေအတက်အကျ ၁၈ ပေနှင့် ပေ ၂၀ ကြားရှိသည့်အတွက် ဒုတိယအများဆုံးဖြစ်သဖြင့် ဒီရေမှ လျှပ်စစ်ထုတ်ယူနိုင်ရန် အလားအလာကောင်းများရှိသည်ဟု ယင်းဒေသများသို့ သွားရောက်လေ့လာခဲ့သော အင်ဂျင်နီယာတစ်ဦးက ဆိုသည်။

မြေး/ရောဏ် ကျပ်သိန်းလေးသောင်းကျော် ထုတ်ချေး

ရန်ကုန်၊ မတ် ၃၀

မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဘဏ်မှ ပြည်တွင်းလုပ်ငန်းရှင်များသို့ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ် ဒီဇင်ဘာလအထိ ကျပ် ၄၁၇၈၁ သိန်း ထုတ်ချေးခဲ့ကြောင်း အဆိုပါဘဏ်၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ ကာလအတွင်း သားငါးထုတ်လုပ်မှုလုပ်ငန်းသို့ ကျပ် ၂၈၁၆၃ သန်း၊ စက်မှုလုပ်ငန်းသို့ ကျပ် ၄၄၉ သန်း၊ ကုန်သွယ်မှုလုပ်ငန်း(ပြည်တွင်း) သို့ ၇၆၈၆ သိန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းသို့ ၂၆၈၉ သိန်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ၅၅၅ သိန်း၊ ဝန်ဆောင်မှုလုပ်ငန်းသို့ ၆၁၄ သိန်းနှင့် အထွေထွေလုပ်ငန်းများသို့ ၁၆၂၅ သိန်း ထုတ်ချေးပေးခဲ့ရာ သားငါးထုတ်လုပ်မှုလုပ်ငန်းသို့ ချေးငွေအားလုံး၏ ၆၇.၄၁ ရာခိုင်နှုန်းဖြင့် အများဆုံး ထုတ်ချေးခဲ့ကြောင်း သိရသည်။ အဆိုပါ ပမာဏသည် ယခင်ဘဏ္ဍာနှစ်က ချေးငှားခဲ့သော ချေးငွေစုစုပေါင်း ၃၅၄၉၆ သိန်းထက် ယခုနှစ်တွင် ကျပ်သိန်း ၆၀၀၀ ကျော် ပိုမို ထုတ်ချေး ခဲ့ခြင်းဖြစ်သည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဘဏ်အနေဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် ဘဏ်ခွဲပေါင်း ၁၄ ခုကို ဖွင့်လှစ်၍ ဘဏ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းလုပ်ငန်းရှင်များအတွက် ချေးငွေများရရှိရန် ဆောင်ရွက်ပေးလျက်ရှိသည်။ ရေထွက်

မြန်မာနိုင်ငံတွင် HR အသင်းအဖွဲ့ အရေးတကြီး လိုအပ်

ရန်ကုန်၊ မတ် ၁၇

ဦးအေးကျော်

မြန်မာနိုင်ငံတွင် လူသားအရင်းအမြစ် (Human Resource -HR) ဆိုင်ရာ အသင်းအဖွဲ့များဖွဲ့စည်းရန် အရေးတကြီး လိုအပ်နေပြီဖြစ်ကြောင်း လူသားအရင်းအမြစ်ဖွံ့ဖြိုးမှုဆိုင်ရာ ကျွမ်းကျင်သူ ဦးအေးကျော်က ပြောကြားသည်။

တက္ကသိုလ်မှ ပညာသင်ကြားပြီးနောက်ပိုင်း ပညာတိုးမွားလာရန် အသင်းအဖွဲ့က လုပ်ဆောင်ပေးနိုင်သဖြင့် အသင်းအဖွဲ့ဟူသည်မှာ အလွန်အရေးကြီးကြောင်းနှင့် မြန်မာနိုင်ငံတွင် guilt ခေါ် အတတ်ပညာဆိုင်ရာအသင်းအဖွဲ့များ မဖွဲ့စည်းရသေးကြောင်း ၎င်းကဆိုသည်။

ပညာရပ်ဆိုင်ရာ ဂျာနယ်များမရှိသေးခြင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုအားနည်းနေခြင်းတို့ကြောင့်လည်း ယခုကဲ့သို့ လိုအပ်ခြင်းဖြစ်ကြောင်း ၎င်းကပြောကြားသည်။

မြန်မာပုံနှိပ်မီဒီယာလောကတွင် ယခုအခါကွန်ပျူတာ၊ နည်းပညာဂျာနယ်၊ Account Care ဂျာနယ်အစရှိသည့် ပညာရပ်ဆိုင်ရာသီးသန့်ဂျာနယ်များအပြင် ဘာသာရပ်ဆိုင်ရာ သီးသန့်ဂျာနယ်များ ထုတ်ဝေဖြန့်ချိလျက်ရှိသော်လည်း အင်အားနည်းနေသေးသည်။

ကုန်ပြည်ပတင်ပို့ခြင်းဖြင့် ၂၀၀၆–၂၀၀၇ ဘဏ္ဍာ နှစ်မကုန်ဆုံးမီ အချိန်အထိ တရားဝင်စာရင်းများအရ အမေရိကန်ဒေါ်လာ သန်း ၄၀၀ ကျော် ရရှိခဲ့ပြီးဖြစ်သည်။ ■

www.foreverspace.com.mm

ဒဂုံဧရာအဝေးပြေး မော်တော်ယာဉ်လိုင်းများ ဝန်ဆောင်မှုအားနည်း

ရန်ကုန်၊ မတ် ၆

ဧရာဝတီတိုင်းဒေသအသီးသီးမှ အဝေးပြေးယာဉ်များ ဝင်ထွက်သွားလာနေသော ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် ဒဂုံဧရာအဝေးပြေးယာဉ်ရပ်နားစခန်းရှိ အဝေးပြေးယာဉ်လိုင်းအချို့သည် သတ်မှတ်ထားသည့် စည်းကမ်းချက်များ လိုက်နာခြင်း မရှိကြောင်းနှင့် ဝန်ဆောင်မှုအားနည်းလျက်ရှိကြောင်း ရန်ကုန်မြို့တော်မှ ပုသိမ်မြို့သို့ ပုံမှန်ခရီးသွားသူတစ်ဦးက ပြောကြားသည်။

ယင်းယာဉ်လိုင်းများသည် သတ်မှတ်ယာဉ်ထွက်ချိန်နှင့် ယာဉ်စီးခနှုန်းထားများ အတိုင်း လိုက်နာမှုအားနည်းနေခြင်း၊ မဆင်မခြင်လူခေါ်လက်မှတ်ရောင်းချခြင်းများကြောင့် ခရီးသွားများ စိတ်အနှောင့်အယှက်ဖြစ်ရကြောင်း ၎င်းက ပြောကြားသည်။

အဝေးပြေးယာဉ်လက်မှတ်ရောင်းချသူများသည် သတ်မှတ်ယာဉ်ထွက်ချိန်နှင့် လက်မှတ်နှုန်းထားများကို လိမ်လည်ရောင်းချခြင်း၊ လက်မှတ်ရောင်းချသူ သုံးလေးဦးခန့်က ခရီးသည်များကို အတင်းဆွဲခေါ်လက်မှတ်ရောင်းချခြင်းများကြောင့်လည်း ခရီးသည်များ သွားလိုသည့်အချိန်နှင့် ခုံနေရာမရခြင်းများ ဖြစ်ပေါ်နေရကြောင်း၊ မြို့တစ်မြို့သို့ ပြေးဆွဲနေသော ယာဉ်လိုင်းများက တစ်စုတစ်စည်းတည်းမရှိဘဲ ကွဲပြားနေခြင်းကြောင့် ယာဉ်လိုင်းတစ်ခုတွင်သာ ခရီးသည်များစုပြုံနေပြီး ကျန်လိုင်းများတွင် ခရီးသည်များ လျော့နည်းနေခြင်းများလည်း ဖြစ်ပေါ်လျက်ရှိကြောင်း ယင်းယာဉ်လိုင်းများကို အသုံးပြုသွားလာနေရသော ခရီးသည်တစ်ဦးက ပြောကြားသည်။

ဒဂုံဧရာအဝေးပြေးယာဉ်ရပ်နားစခန်းရှိ မော်တော်ယာဉ်များ၏ လက်မှတ်နှုန်းထားများကို တရားဝင်သတ်မှတ်ပေးထားသော်လည်း အချို့သော ယာဉ်လိုင်းများသည် သတ်မှတ်နှုန်းထားထက် ပိုမိုရောင်းချပြီး မြို့တွင်းအကြိုအပို့စီစဉ်ပေးခြင်းများရှိကြောင်း၊ ယာဉ်စီးခနှုန်းထားကို ၂၀၀၅ ခုနှစ် စက်တင်ဘာလတွင် ပြေးဆွဲသည့်ခရီးစဉ် ၁၄ ခုအတွက် သတ်မှတ်ထားခဲ့ကြောင်းနှင့် ယခုအခါတွင် ဒဂုံဧရာအဝေးပြေးစခန်းတွင် ပြေးဆွဲပေးနေသော ယာဉ်လိုင်းပေါင်း ၅၈ လိုင်းရှိနေပြီဖြစ်ကြောင်း ဒဂုံဧရာအဝေးပြေးယာဉ်ရပ်နားစခန်းရှိ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုထိန်းသိမ်းရေးကော်မတီ(အဝေးပြေး) ကွပ်ကဲရေးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကျော်ဇေယျာထွန်း

မထသ(အဝေးပြေး) ကွပ်ကဲမှုအောက်ရှိ ယာဉ်လိုင်းများ၏ ယာဉ်စီးခသတ်မှတ်နှုန်းထားများ (၁၉-၁၀-၂၀၀၅)

စဉ်	ပြေးဆွဲသည့်ခရီးစဉ်	အဲယားကွန်း	ရိုးရိုး(ကျပ်)
၁။	ရန်ကုန်-ဟသ်ာတ	-	၁၂၀၀
၂။	ရန်ကုန်- ရေကြည်	-	၁၁၀၀
၃။	ရန်ကုန် - အိမ်မဲ	-	၁၁၀၀
၄။	ရန်ကုန် - မြောင်းမြ	-	၁၄၀၀
၅။	ရန်ကုန် - တလုပ်လက်	-	၆၀၀
၆။	ရန်ကုန် - ငါးသိုင်းချောင်း	-	၁၅၀၀
၇။	ရန်ကုန် - ပုသိမ်	-	၁၅၀၀
၈။	ရန်ကုန် - ၀	-	၁၃၀၀
၉။	ရန်ကုန် - ၀-ဆပ်သွား	-	၃၃၀၀
၁၀။	ရန်ကုန် - လပွတ္တာ	-	၂၁၀၀
၁၁။	ရန်ကုန် - ဖျာပုံ	-	၁၄၀၀
၁၂။	ရန်ကုန် - ကွင်းကောက်	-	၂၀၀၀
၁၃။	ရန်ကုန် - အိုင်သဇြု	-	၂၀၀၀
၁၄။	ရန်ကုန် - မအူပင်	-	၆၅၀

မြန်မာရေထွက်ကုန်ငါးများ အရည်အသွေး စစ်ဆေးမြှင့်တင်မည်

ရန်ကုန်၊ မတ် ၇

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့တင်ပို့နေသည့် မြန်မာ့ရေထွက်ပို့ကုန်ငါးများကို ပြည်တွင်း၌ အရည်အသွေးစစ်ဆေး အဆင့်မြှင့်တင်ရန် မတ်လ ၂၄ ရက်နေ့အထိ တင်ပို့မှုခေတ္တရပ်ဆိုင်းမည်ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနတွဲဖက်ညွှန်ကြားရေးမှူးချုပ်ဦးခင်ကိုလေးက ပြောကြားသည်။

မြန်မာ့ရေထွက်ပို့ကုန်ငါးများ ပြည်ပတင်ပို့ရန် စစ်ဆေးသည့် ဓာတ်ခွဲခန်းနည်းစနစ်များ အဆင့်မြှင့်တင်မှုများ ပြုလုပ်မည့်အတွက် မတ်လ ၂၄ ရက်နေ့အထိ ဘင်္ဂလားဒေ့ရှ်သို့ ပို့ကုန်တင်ပို့မှု ယာယီရပ်ဆိုင်းထားမည်ဖြစ်ကြောင်း ၎င်းက ရှင်းလင်းပြောကြားသည်။

မတ်လ ၂၄ ရက်နေ့နောက်ပိုင်း ငါး

www.forevergrace.com.mm

များပြန်လည်ငယ်ယူပါက လက်ရှိဝယ်ယူနေသည့်ဈေးနှုန်းထက် ၁၀ ရာခိုင်နှုန်း ပိုမိုဝယ်ယူမည်ဖြစ်ပြီး ဘင်္ဂလားဒေ့ရှ် ဈေးကွက်သို့ ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ရောင်းချသွားမည်ဖြစ်ကြောင်း၊ တင်ပို့မှုပမာဏကိုလည်း လက်ရှိတင်ပို့နေမှုမှ တိုး မြှင့်တင်ပို့သွားမည်ဖြစ်ကြောင်း ရေထွက်ကုန်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစိုးထွန်းရှိန်က ဆိုသည်။

ဘင်္ဂလားဒေ့ရှ်ဈေးကွက်သို့ ငါးတင်ပို့မှ ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပသို့ ငါးတင်ပို့မှလျော့ကျသွားသော်လည်း ပြည်တွင်းငါးစားသုံးမှု မြင့်မားလာသည့် အတွက် ငါးမွေးမြူသူများအနေဖြင့် အခက်အခဲကြီးမားစွာ မတွေ့ရှိရကြောင်း၊ ပြည်တွင်းငါးဝယ်ယူမှုမြင့်မားလာပြီး ငါးဈေးနှုန်းတက်သွားခြင်းမှာ ဘင်္ဂလားဒေ့ရှ်ဈေးကွက်သို့ တင်ပို့မှုမရှိရိုန်တွင် ငါးမွေးမြူသူများအတွက် ခုသာခံသာဖြစ်သွားကြောင်း ငါးမွေးမြူသူတစ်ဦးက ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် မြန်မာနိုင်ငံမှ ငါးများဝယ်ယူကာ တန်ဖိုးမြှင့် ရေထွက်ကုန်များပြုလုပ်၍ ဥရောပနှင့် အမေရိကဈေးကွက်သို့ တစ်ဆင့်ပြန်လည်တင်ပို့ခြင်းဖြင့် အကျိုးအမြတ်ရရှိနေသောနိုင်ငံဖြစ်သည်။

မြောင်းတကာစက်မှုဇုန် စက်မှုလုပ်ငန်းများအတွက် ကမ်းလွန်သဘာဝဓာတ်ငွေ့ ဖြန့်ဝေပေးမည်

ရန်ကုန်၊ ဖေဖော်ဝါရီ ၂၄

ရန်ကုန်တိုင်း မော်ဘီမြို့နယ် မြောင်းတကာစက်မှုဇုန်ရှိ စက်မှုလုပ်ငန်းများအတွက် ကမ်းလွန်သဘာဝဓာတ်ငွေ့ကို ဖြန့်ဝေပေးသွားရန် အစီအစဉ်ရှိကြောင်း မြောင်းတကာစက်မှုဇုန် တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

မြောင်းတကာစက်မှုဇုန်အနီးတွင် စွမ်းအင်ဝန်ကြီးဌာနက သဘာဝဓာတ်ငွေ့မှ ထုတ်လုပ်မည့် အမှတ်(၄) ဓာတ်မြေဩဇာစက်ရုံကို ဆောက်လုပ်နေရာ စက်ရုံမှပို့လွှဲမည့်သဘာဝဓာတ်ငွေ့ကို မြောင်းတကာစက်မှုဇုန်မှ စက်မှုလုပ်ငန်းများ မျှဝေသုံးစွဲသွားနိုင်မည်ဟု ၎င်းက ရှင်းပြသည်။

ထိုကဲ့သို့ စက်မှုလုပ်ငန်းများအတွက် သဘာဝဓာတ်ငွေ့သုံးစွဲခွင့်ရရှိပါက မြောင်းတကာစက်မှုဇုန်သည် မြန်မာနိုင်ငံတွင် ပထမဆုံးသဘာဝဓာတ်ငွေ့ကို အသုံးပြုခွင့်ရသော စက်မှုဇုန်ဖြစ်လာမည်ဖြစ်သည်။

မြောင်းတကာစက်မှုဇုန်တွင် သံရည်ကြိုလုပ်ငန်းရှင်များနေရာရယူနိုင်ကြောင်း စက်မှုဇုန်ကြီးကြပ်ရေးကော်မတီက ၂၀၀၆ ခုနှစ်က ကြေညာပြီးသည့်နောက်ပိုင်းတွင် ပေ ၂၀၀ × ပေ ၄၀၀ အကျယ်ရှိ မြေကွက် ၃၄၄ ကွက်ကို ဖော်ထုတ်ပြီးစီးခဲ့သည်။

သဘာဝဓာတ်ငွေ့အပြင် မြောင်းတကာစက်မှုဇုန်အတွက် ရွှေတောင်ဓာတ်အားခွဲရုံ၊ ပဲခူး–ကမာနက်မှ တစ်လိုင်း၊ ဟသံဘတမှ တစ်ဆင့် မဟာဓာတ်အားလိုင်းများ သွယ်တန်း၍ ဓာတ်အားပေးလွှတ်သွားရန် စီစဉ်လျက်ရှိကြောင်း မြောင်းတကာစက်မှုဇုန်ကြီးကြပ်ရေးကော်မတီထံမှ သိရသည်။

မြောင်းတကာစက်မှုဇုန်သည် ဖဒ၂.၉ဖဧက ကျယ်ဝန်းပြီး သံမဏိစက်မှုဇုန်အဖြစ် အကောင်အထည်ဖော်ရန် တာဝန်ရှိသူများက ကြိုးပမ်းလျက် ရှိသည်။

ထားထားမြင့်

LIVING COLOR
ဖုန်း –၂၄၃၆၃၉၊ ၂၄၃၆၄၀၊ ၂၄၃၆၄၁၊ ၂၄၃၆၄၂၊ ၂၄၃၆၄၃ (Ext-၂၈၀၁)

သဘော်သားအသက်အာမခံသတ်မှတ်ကာလမှ နောက်ကျတောင်းခံလျက်ရှိ

ရန်ကုန်၊ မတ် ၂၀

မြန်မာ့အာမခံလုပ်ငန်းတွင် သဘော်သားအသက်အာမခံထားရှိသူများအနက် မတော်တဆထိခိုက်ဆုံးရှုံးမှုဖြစ်ပွားခဲ့သူများအတွက် လျော်ကြေးများကို သတ်မှတ်နှစ်ကာလကျော်လွန်ပြီး တောင်းခံလျက်ရှိကြောင်း ယင်းလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဒေါက်တာမောင်မောင်သိမ်းက ပြောကြားသည်။

သို့ဖြစ်၍ သတ်မှတ်ကာလ ၂ နှစ်တာကျော်လွန်ပြီးမှ အာမခံလျော်ကြေးများတောင်းဆိုလာပါက ဒဏ်ငွေရိုက်ခြင်းနှင့် လျော်ကြေးပေးရန် ငြင်းဆိုခြင်းများ ပြုလုပ်သွားလျက်ရှိကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ သို့ဖြစ်၍ ထိခိုက်မှုများဖြစ်ပေါ်ပါက ချက်ချင်းအကြောင်းကြားရန် လိုအပ်ကြောင်း၊ ခိုင်လုံသောထိခိုက်မှုလျော်ကြေးတောင်းဆိုခြင်းများအတွက် မြန်မာ့အာမခံလုပ်ငန်းက ၂ နှစ် စောင့်ကြည့်မည်ဖြစ်ပြီး ယင်းသည် နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသော စောင့်ကြည့်မှု သုံးနှစ်ကာလထက် တစ်နှစ်လျော့နည်းစောင့်ကြည့်ခြင်းဖြစ်ကြောင်းနှင့် ယင်းကာလနောက်ပိုင်းတွင်မှ လျော်ကြေးပေးအပ်သွားမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

မကြာသေးမီက သက်တမ်းကျော်လွန်ပြီးနောက်ပိုင်းမှ သဘော်သား အသက်အာမခံလျော်ကြေးတောင်းဆိုမှုများရှိသော်လည်း အရေးမယူဘဲ လျော်ကြေးငွေများပေးအပ်ခဲ့ကြောင်းနှင့် ယင်းသို့ လျော်ကြေးတောင်းခံမှုနောက်ကျရခြင်းများမှာ ကာယကံရှင်များ၏ မသိနားမလည်မှုများကြောင့်ဖြစ်ကြောင်းနှင့် မြန်မာ့အာမခံလုပ်ငန်းမှ လျော်ကြေးများ အလိုအလျောက် ထုတ်ပေးသွားမည်ဟု လျော်ကြေးတောင်းသူများက ထင်မှတ်နေခြင်းကြောင့်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ■

www.foreverspace.com.mm

ဒီဇိုင်းသင်တန်းကျောင်း ပထမဆုံးအလှမယ် DÕZO ရွေးချယ်

ရန်ကုန်၊ မတ် ၂၉

မြန်မာနိုင်ငံ၌ ဂျပန်နည်းစနစ်ဖြင့်သင်ကြားသော ဖက်ရှင်ဒီဇိုင်းသင်တန်းကျောင်းဖြစ်သည့် DÕZO Fashion Technical School ၏ အလှမယ်ရွေးချယ်ပွဲကို ဒီဇိုင်းသင်တန်းကျောင်းနယ်ပယ်တွင် ပထမဆုံးအကြိမ်အဖြစ် မတ်လ ၂၅ ရက်နေ့က ရန်ကုန်မြို့တော်ရှိ Parkroyal Yangon ဟိုတယ်တွင် ပြုလုပ်ခဲ့သည်။ အဆိုပါရွေးချယ်မှုကို နှစ်စဉ်ကျင်းပမြဲဖြစ်သော DÕZO သင်တန်းကျောင်း၏ သင်တန်းဆင်းပွဲနှင့်ပူးတွဲကျင်းပခြင်းဖြစ်၍ သင်တန်းဆင်းကျောင်းသူများ၏လက်ရာဝတ်စုံများဖြင့် ယှဉ်ပြိုင်ခြင်းဖြစ်ပြီး သရုပ်ပြမော်ဒယ်လ်အနေဖြင့် Miss DÕZO ဆု အပါအဝင် ဆုသုံးဆု၊ Best Group နှင့် Best Designer ဆုတို့ကို ရွေးချယ်ပေးအပ်ခဲ့သည်။

မြန်မာနိုင်ငံ၌ အလှမယ်ရွေးချယ်ပွဲများကို အလှကုန်ပစ္စည်း၊ ဆပ်ပြာ စသည့် ကုန်ပစ္စည်းလုပ်ငန်းများက ကျင်းပလေ့ရှိရာမှ ယခုကဲ့သို့ ဖက်ရှင်ဒီဇိုင်းသင်တန်းကျောင်းအနေဖြင့် ကျင်းပမှုမှာ ပထမဆုံးဖြစ် (ခေတ်မြန်မာ Weekly Vol.4/No.13 တွင် သတင်းဖော်ပြပြီး) သော်လည်း ယခုကျင်းပယှဉ်ပြိုင်မှုမှာ သင်တန်းဆင်းဒီဇိုင်နာများက ၎င်းတို့ လက်လှမ်းမီရာသရုပ်ပြသူများဖြင့် ဝတ်ဆင်ယှဉ်ပြိုင်ခြင်းဖြစ်သည်ဟု အခမ်းအနားမှူးဖြစ်သူ၏ ရှင်းလင်းပြောကြားချက်အရ သိရသည်။ DÕZO သည် ဖက်ရှင်သင်တန်းကျောင်းဖွင့်လှစ်မှု သက်တမ်း ၁၆ နှစ်ရှိပြီဖြစ်ပြီး ၂၀၀၆ ခုနှစ်အတွင်း ဝတ်စုံအရေအတွက်အများအပြားဖြင့် ဒီဇိုင်းပြပွဲတစ်ခု ပြုလုပ်အောင်မြင်ခဲ့သည်။

သုတဘဏ်စာတမ်းဖတ်ပွဲ ပညာရပ်နယ်စုံလင်ရန်လိုအပ်

ရန်ကုန်၊ မတ် ၂၆

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ သုတဘဏ်စာတမ်းဖတ်ပွဲများ ကျင်းပခဲ့သည် မှာ ငါးနှစ်ခန့်ကြာမြင့်ပြီဖြစ်သော်လည်း ပညာရပ်နယ်အားဖြင့် စုံလင်ရန်လိုအပ်နေသေးကြောင်း အဆိုပါအဖွဲ့၏ ဟောပြောဆွေးနွေးလေ့လာရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဦးမျိုးသန့် (မောင်ဆုရှင်) က ပြောကြားသည်။

ယခုနှစ် မတ်လ ၂၅ ရက် နေ့လယ် ၁၂ နာရီက ပြုလုပ်သော မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ သုတဘဏ်စာတမ်းဖတ်ပွဲတွင် ၎င်းက အထက်ပါအတိုင်းပြောကြားခဲ့ခြင်း ဖြစ်သည်။ အဆိုပါစာတမ်းဖတ်ပွဲများ၌ တက္ကသိုလ်မှဆရာများ၊ အငြိမ်းစားသံအမတ်ကြီးများ၊ စာပေဆုရပုဂ္ဂိုလ်များ၊ စာကြည့်တိုက်မှူးများ၊ အင်္ဂလိပ်ဘာသာကျွမ်းကျင်သူများ၊ ဘာသာပြန်ဆရာများ၊ ကဗျာဆရာများ၊ အမျိုးသမီးပညာရှင်များ၊ ဥပဒေရေးရာကျွမ်းကျင်သူများ၊ စီးပွားရေးစွမ်းဆောင်ရှင်များ၊ သမိုင်းဆရာများ၊ တိုင်းရင်းဆေးပညာရှင်များ စသဖြင့် သက်မွေးမှုနယ်ပယ်အရပ်ရပ်မှ ပုဂ္ဂိုလ်များပါဝင်ကြကြောင်း၊ သို့ရာတွင် ပညာနယ်အား ဖြင့် မစုံလင်သေးကြောင်း ၎င်းကဆိုသည်။

သုတဘဏ်စာတမ်းဖတ်ပွဲကို ၂၀၀၂ ခုနှစ်မှစတင်ပြီး ယခုအခါ သက်တမ်းအားဖြင့် ငါးနှစ်ခန့်ကြာမြင့်ခဲ့ကြောင်း၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့သည် စာရေးလိုသူများ၊ ဗဟုသုတရှာလိုသူများအကျိုးအတွက် ရည်ရွယ်၍ သုတဘဏ်စာတမ်းဖတ်ပွဲများကို ကျင်းပခဲ့ကြောင်း လေ့လာသိရှိရသည်။ ယင်းနေ့က စာတမ်းရှင် ဒေါက်တာမျိုးသန့်တင်၏ မြန်မာ့စဉ့် သမိုင်းအမွေအနှစ်များစာတမ်းကို လည်းကောင်း၊ စာတမ်းရှင်ဒေါက်တာသက်လွင်က ပုံတောင်ပုံညာမှတ်တမ်းလွှာစာတမ်းကိုလည်းကောင်း ဖတ်ကြားတင်ပြပြီး တက်ရောက်လာသူများ၏ သိရှိလိုသည်များကို ပြန်လည်ဖြေကြားပေးကြောင်း သိရှိရသည်။

LIVING COLOR MEDIA

ဖုန်း -၂၄၃၆၃၉၊ ၂၄၃၆၄၀၊ ၂၄၃၆၄၁၊

၂၄၃၆၄၂၊ ၂၄၃၆၄၃

(Ext-၂၈၀၁)

www.foreverspace.com.mm

ဒစ်ဂျစ်တယ်လိုင်းများ လာနေပြီ

အယ်ဒီတာအဖွဲ့

www.forevermyspace.com.mm

ကြီးပေါ်တွင် ဒစ်ဂျစ်လှိုင်းများ ပီပြင်စွာဖြစ်ပေါ်လာသည်မှာ မကြာသေးပါ။ ဒစ်ဂျစ်တယ်လှိုင်းများ ပီပီပြင်ပြင်မဖြစ်ပေါ်မီ မကြာသေးမီကာလအထိ ဒစ်ဂျစ်တယ်လှိုင်းများသည် လူသားတို့၏နေ့စဉ်ဘဝတွင် လွဲရှောင်၍မရသောအခြေအနေ ဖြစ်လာလိမ့်မည်ဟု ဟောကိန်းထုတ်ခဲ့ကြဖူးသော်လည်း ယခုအခါ များစွာသေချာသောအနေအထားကို မြင်တွေ့လာရပြီဖြစ်သည်။ အဓိကအကျဆုံးအချက်မှာ အရုပ်၊ အသံ၊ ရုပ်ရှင်၊ စာသား၊ ဓာတ်ပုံ၊ ကျောင်းသင်ခန်းစာ၊ ဘဏ်စာရင်း၊ အခွန်ရှင်းတမ်း၊ သက်သေခံလက်မှတ် စသည်အားလုံး ဒစ်ဂျစ်တယ်ပလက်ဖောင်းပေါ်သို့ ဒစ်ဂျစ်တယ် Format တစ်ခုတည်းဖြင့် ရောက်ရှိလာသောကြောင့်ဖြစ်သည်။ စက္ကူဖြူတစ်ရွက်ပေါ်တွင် မြန်မာဘာသာဖြင့် ရေးချလိုက်သော စာသားတစ်ခုကို မိုဘိုင်းလ်ဖုန်းများတွင် ပါရှိလာပြီဖြစ်သည့် ဒစ်ဂျစ်တယ်ကင်မရာနှင့်ရိုက်ယူပြီး Bluetooth စနစ်ဖြင့် ကွန်ပျူတာပေါ်သို့ပို့ကာ E-mail အဖြစ် မိတ်ဆွေများထံ နေရာဒေသအကန့်အသတ်မရှိပေးပို့ခြင်းကို ယခုပင် စက္ကန့်ပိုင်းအတွင်း ပြုလုပ်၍ရနေပြီဖြစ်သည်။ အလားတူပင် ပြောချင်သောအကြောင်းအရာတစ်ခုကို ကွန်ပျူတာဖြင့်အသံဖမ်း၍ MP3 Format ဖြင့် E-mail တွင် Attach File အဖြစ် ပေးပို့ခြင်းကိုလည်း ဖြစ်နိုင်သွားပြီဖြစ်သည်။ အဓိကကျသောအချက်မှာ လက်ရေးမူ၊ စကားသံအားလုံးကို ဒစ်ဂျစ်တယ်ဖိုင်အဖြစ် ပလက်ဖောင်းတစ်ခုတည်းပေါ်တွင် သိမ်းဆည်းခြင်း၊ တစ်နေရာမှတစ်နေရာသို့ ပေးပို့ခြင်းပြုလုပ်နိုင်သွားပြီဖြစ်သောကြောင့်ပင်။ အရုပ်၊ အသံ၊ စာသား၊ ဓာတ်ပုံ၊ ရုပ်ရှင်အားလုံးကို ဒစ်ဂျစ်တယ် Format ဖြင့် သိမ်းဆည်းသည့်စနစ်များကို အများပြည်သူသုံးစွဲနိုင်သောအဆင့်သို့ ရောက်ရှိလာသည်မှာ မကြာလှသေးပါ။ မြန်မာနိုင်ငံတစ်ဝန်း ရုပ်ရှင်ချစ်သူများ ဝယ်ယူအားပေးနေသော DVD များယခုကဲ့သို့ ဈေးပေါပေါဖြင့် ဝယ်ယူရရှိလာခြင်းမှာ ဒစ်ဂျစ်တယ်နည်းပညာကမ္ဘာကို ပတ်နိုင်ပြီဖြစ်သောကြောင့်ပင် ဖြစ်သည်။

လွန်ခဲ့သောကာလများက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ပြည်ပထွက်ခွာခွင့် D ပုံစံများကို Online မှသာ ထုတ်ပေးတော့မည်ဖြစ်ကြောင်း ကြေညာခဲ့ရာ မြန်မာပြည်သူများထံ ဒစ်ဂျစ်တယ်လှိုင်းများ ရောက်ရှိလာနေပြီဖြစ်ကြောင်း အချက်ပေးလိုက်ခြင်း ဖြစ်ပါသည်။

အမှန်အားဖြင့် Digitalization ခေါ် ဒစ်ဂျစ်တယ်ပြုမူဖြစ်စဉ်သည် လူတို့၏ဘဝကို ပိုမိုရှုပ်ထွေးသွားစေခြင်းမဟုတ်ဘဲ များစွာသက်သောင့်သက်သာရှိစေရန် နည်းပညာဖြင့် အကူအညီပေးခြင်းသာ ဖြစ်ပါသည်။ အထက်တွင် ဖော်ပြခဲ့သကဲ့သို့ လက်ရေးဖြင့် ရေးထားသောစာမူတစ်ခုကို ဓာတ်ပုံရိုက်၍ စက္ကန့်ပိုင်းအတွင်း E-mail ပေးပို့နိုင်သောပုံသဏ္ဌာန်မှာ မကြာသေးမီကမှ တိုးတက်ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ ယခင်က Scanner ခေါ် ဒစ်ဂျစ်တယ်မိတ္တူကူးစက်များဖြင့် ကူးယူရသည့်စနစ်အစား ယနေ့တယ်လီဖုန်းတွင် အသင့်ပါရှိသော 2-3 Mega Pixal Camera များဖြင့် ရိုက်ယူနိုင်လာခြင်းဖြစ်သည်။

သို့သော် ဒစ်ဂျစ်တယ် Divide အတွင်း ရှိနေသူများသည် အထက်ပါအားသာချက်များကို ကြားပင်မကြားဖူးဘဲ ရှိနေကြပါသည်။ ထိုသို့ မကြားဖူးသည်နှင့်အမျှ အကြောက်တရားက လွှမ်းမိုးသွားနိုင်သည်မှာလည်း မဆန်းပါ။

အမှန်အားဖြင့် ဒစ်ဂျစ်တယ်လှိုင်းများသည် ပင်လယ်ရေလှိုင်းပမာ အဆက်မပြတ် လာရောက်ရိုက်ခတ်နေသည်ဖြစ်ပြီး လွဲရှောင်၍မရတော့သည်ကို Online D Form စနစ်က သက်သေခံလျက်ရှိပါသည်။ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ဒစ်ဂျစ်တယ်လှိုင်းများက ရိုက်ပုတ်နေတော့မည်ဖြစ်ပြီး လူတိုင်း လှိုင်းနှင့်အတူ ပါလာရမည်မှာ များစွာသေချာပါသည်။ ဘောကွင်းကိုင်၍ လှိုင်းစီးလိုက်ပါမည်လား၊ ရေကူး၍ လှိုင်းစီးလိုက်ပါမည်လား၊ ကျွမ်းထိုးမောက်ခုံ လိုက်ပါမည်လားဆိုသည်မှာမူ လူတစ်ဦးချင်းအပေါ်မူတည်ပါလိမ့်မည်။

ဘောကွင်းကိုင်၍ လှိုင်းစီးလိုက်ပါသူများမှာ Material Divide ရော၊ Technical Divide ရော နှစ်မျိုးလုံးမရှိသူများ ဖြစ်ပါသည်။ မြန်နှုန်းမြင့် အင်တာနက်၊ Laptop ကွန်ပျူတာ၊ ဒစ်ဂျစ်တယ်ကင်မရာ၊ Buletooth စနစ် စသည့် ကိရိယာဝစ္စည်းများ အသုံးပြုနိုင်ပြီး နည်းပညာအရရော အမီလိုက်နိုင်သူများသည် ယနေ့ဒစ်ဂျစ်တယ်လှိုင်းများကို ဘောကွင်းကိုင် လှိုင်းစီးလိုက်ပါနိုင်သူများနှင့် တူပါသည်။

နည်းပညာအရ အမီလိုက်နိုင်သော်လည်း ဒစ်ဂျစ်တယ်ကိရိယာများ မသုံးစွဲနိုင်သူများမှာမူ အနည်းငယ်ပင်ပန်းပါလိမ့်မည်။ ရေကူးလှိုင်းစီး၍ လိုက်ပါသူများနှင့် တူပါသည်။

Material Divide ခေါ် ရုပ်ဝတ္ထုပစ္စည်းနှင့် ယဉ်ပါးမှုကွာဟချက်၊ Technical Divide ခေါ် နည်းပညာနှင့် ယဉ်ပါးမှုကွာဟချက် နှစ်မျိုးလုံးရှိနေသူများသည် Digital Divide အတွင်း ကျန်ခဲ့သူများဖြစ်ပြီး လှိုင်းလုံးများနှင့်အတူ တလိမ့်ခေါက်ကွေးလိုက်ပါရမည့်သူများ ဖြစ်ပါသည်။

ကမ္ဘာပေါ်တွင် အထက်ပါအမျိုးအစားသုံးမျိုးကို မကြာမီ ပီပီပြင်ပြင် မြင်တွေ့ရမည်ဖြစ်ရာ မြန်မာနိုင်ငံသားအများစု လှိုင်းစီးလိုက်ပါနိုင်ရေးသည် ဒစ်ဂျစ်တယ်ကျွမ်းကျင်သူအားလုံး၏ တာဝန်ဖြစ်ပါသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ၌ ကြုံတွေ့နေရသော ဒစ်ဂျစ်တယ်နည်းပညာကွာဟမှု (Digital Divide) လျော့ပါးသည်ထက် လျော့ပါးနိုင်ရေးအတွက် ပြည်တွင်းရှိ သတင်းနှင့် ဆက်သွယ်ရေးနည်းပညာ (IT) ဖွံ့ဖြိုးရေးကို ကဏ္ဍအသီးသီးမှ ဆောင်ရွက်နေကြသော အသင်းအဖွဲ့များ၊ ကုမ္ပဏီများနှင့် ကွန်ပျူတာပညာရှင်များ အနက်

www.foreverspace.com.mm

မှ ဦးဇော်နိုင်အထွေထွေမန်နေဂျာ၊ Myanmar Credent Technology (အမှုဆောင်၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း)၊ ဦးသောင်းစုငြိမ်း မန်နေဂျင်းဒါရိုက်တာ Inforithm-Maze Ltd. (အမှုဆောင်၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း) ၊ ဦးရဲမြတ်သူ မန်နေဂျင်းဒါရိုက်တာ Alpha Computer Co., Ltd. (ဥက္ကဋ္ဌ၊ မန္တလေးတိုင်း ကွန်ပျူတာလုပ်ငန်းရှင်အသင်း)၊ ဦးသူရအောင် (မန်နေဂျင်းဒါရိုက်တာ၊ e-Trade Myanmar)၊ ဦးဝဏ္ဏကို (ကွန်ပျူတာ ပညာရှင်/ Programmer)တို့နှင့် Living Color က တွေ့ဆုံဆွေးနွေး ထားသည်များကို ကောက်နုတ်ဖော်ပြအပ်ပါသည်။

LC ။ ။ဒီကနေ့ ကမ္ဘာပေါ်မှာ Digital Divide (ဒစ်ဂျစ်တယ်နည်းပညာနှင့် ယဉ်ပါးမှုကွာဟချက်) ရှိနေတယ်ဆိုတာ သံသယဖြစ်စရာလိုတယ်လို့ ကျွန်တော်မထင်ပါဘူး။ အဓိကကျတဲ့အချက်က မြန်မာပြည်သူလူထုအတွက် Divideထဲမှာမရှိတဲ့ မျိုးဆက်သစ်လူငယ်တွေ (Younger Generation) က လုပ်ပေးနိုင်တာရှိတယ်။ အသင်းတွေက လုပ်ပေးနိုင်တာတွေရှိမယ်။ အစိုးရက လုပ်ပေးနိုင်တာတွေရှိမယ်။ နယ်ပယ်ကို လိုက်ပြီးတော့ပေါ့။ ဒီနေ့ဆွေးနွေးပွဲရဲ့ ရည်ရွယ်ချက်ကတော့ အဲဒီကွာဟမှု ကျဉ်းမြောင်းနိုင်သည်ထက် ကျဉ်းမြောင်းနိုင်အောင် ဘာတွေလုပ်နိုင်မလဲဆိုတာနဲ့ပတ်သက်လို့ ကျွမ်းကျင်တဲ့သူတွေကိုဖိတ်ပြီး ဦးနှောက်မုန်တိုင်းဆင် (Brain Storm) လုပ်ရတဲ့ သဘောပါပဲ။ Software နဲ့ပတ် သက်လို့ ပညာရှင်တွေဘက်က ဘယ်လိုပြင်ဆင်ထားသင့် သလဲ။ Policy (မူဝါဒ) နဲ့ပတ်သက်လို့ အစိုးရဆီက ဘယ်လို အကူအညီတွေရမလဲ။ အစိုးရက ဘာလုပ်ပေးလိုက်လို့ရှိရင် နောက်တစ်ဆင့် ဘယ်ကိုတက်သွားလို့ရမလဲ။ ပညာရှင်တွေက ဘယ်လိုတောင်း ဆိုသင့်သလဲ။ ကျွန်တော်တို့ရည်ရွယ်ချက်က ပြည်သူလူထုကိုလည်း ပြောသင့်ပြောထိုက်တာအားလုံး အသိပေးတဲ့သဘောပါတယ်။ Policy Maker (မူဝါဒချမှတ်သူ) တွေကိုလည်း သူတို့လုပ်ပေးမှ တိုးတက်နိုင်မယ့်အပိုင်းတွေရှိတော့ သူတို့ကိုလည်း Convince (နားဝင်စေရန် ရှင်းပြ) လုပ်ချင်တဲ့သဘောပါတယ်။ ပထမဦးဆုံးမေးချင်တဲ့ပုဂ္ဂိုလ်က ဦးဝဏ္ဏကိုပါ။ ဦးဝဏ္ဏကိုက မြန်မာပြည်မှာ e-Government Project လို့ပြောရမယ့် e-D Form ကွန်ပျူတာ Software ကို ရေးတဲ့သူအနေနဲ့ ကျွန်တော်တို့ Software Industry အလား

ဦးဝဏ္ဏကို (ကွန်ပျူတာ ပညာရှင်/ Programmer)

အလာက ဘယ်လိုရှိသလဲ၊ ဒါကို အခုထက်ပိုပြီး ဖြစ်မြောက်ဖို့ အစိုးရဘက်က ဘာတွေများပံ့ပိုးပေးရင် ကောင်းမလဲဆိုတာ ပြောပြနိုင်မလားခင်ဗျ။

ဦးဝဏ္ဏကို ။ ။ ကျွန်တော်တို့ e-Government Project ရေးတာ ပြည်သူလူထု (Public)နဲ့ အစိုးရ (Government)အကြားဆက်သွယ်ပေးတာပဲ။ Governmentဘက်ကလည်း ဒီ Software ကိုအသုံးချပြီး Governmentရဲ့ Policyလမ်းကြောင်းတွေကို ပိုပြီးတော့ မြန်မြန်ဆန်ဆန် လွယ်လွယ်ကူကူဖြစ်လာစေတယ်။ Public ဘက်ကလည်း ဒီ Software သုံးလိုက်လို့ ပိုပြီးမြန်ဆန်လာတယ်။ တစ်ခုတော့ရှိတယ်။ ကျွန်တော် တော်တော်များများတွေ့ရတာက အဲဒီလို Computerizedလုပ်လိုက်လို့ရှိရင် ကုန်ကျစရိတ် (Cost)က များလာတယ်။ အကောင်အထည်ဖော်ရတဲ့ဘက်ကလည်း Cost က များတယ်လို့ ထင်ကြတယ်။ သုံးရတဲ့ဘက်ကလည်း အဲဒီ Costကို မျှခံရတယ်။ အဲဒါမျိုးမဖြစ်ဖို့တော့ လိုမယ်။ Costကုန်ကျတယ်ဆိုတာက ကွန်ပျူတာတွေ ဝယ်ရတယ်။ အင်တာနက်ချိတ်ရ



www.forevergpace.com.mm

မယ်။ ဒီကွန်ကျတဲ့ Cost ကနေ ပြန်ပြီးတော့ဝင်လာမယ့် Effect တွေရှိလာမယ်။ Online နဲ့စလုပ်တော့ လူတွေက ကြောက်ကြတယ်။ ဘာမှနိုးလည်းမသိဘူး။ ဖြစ်မှာမဟုတ်ဘူးပေါ့။ တကယ်တမ်းသုံးကြည့်တော့ Public အတွက် ပိုပြီးတော့ အဆင်ပြေလာတယ်။ လူအင်အားတွေ လျော့ကျသွားတယ်။

LC ။ ။ အဲဒီလို e-D Form Project လိုဟာမျိုး ဌာနဆိုင်ရာတော်တော်များများမှာလည်း ပေါ်လာစေချင်တယ်။ အခြားဌာနတွေရဲ့ ဝန်ဆောင်မှုတွေမှာလည်း ပေါ်လာစေချင်တယ်ပေါ့။ ဘာတွေတည်ဆောက်လိုက်မှ အဲဒီလိုမျိုးတွေ ပေါ်လာမှာလဲ။ ဘယ်လို Standardization (စံချိန်စံညွှန်းသတ်မှတ်မှု)တွေများ လိုနေသလဲခင်ဗျ။

ဦးဝဏ္ဏကို ။ ။ အဓိကက Public နဲ့သက်ဆိုင်တော့ Public နဲ့သက်ဆိုင်တဲ့အချက်အလက်တွေမှာ Standardization ဖြစ်ဖို့လိုတယ်။ Computerized ပဲဖြစ်ဖြစ်၊ Computerized မစခင် Manual မှာကော Standardization ရှိဖို့လိုတယ်။ ဥပမာ–မှတ်ပုံတင်နံပါတ်လိုဟာမျိုးပေါ့။ Country(နိုင်ငံ)လိုဟာမျိုး၊ မြို့နယ်လိုဟာမျိုး၊ အလုံဆိုတဲ့ မြို့နယ် Symbol (အတိုကောက်)ကို ဘယ်လိုသတ်မှတ်မလဲ။ တစ်ခုတော့ရှိတယ် လ.ဝ.ကမှာတော့ မြို့နယ် Code ကို အလန၊ ဒါက မြို့နယ် Code၊ ပုဇွန်တောင်လို စာလုံးများလာတဲ့ မြို့နယ်ဆို လေးလုံးဖြစ်ရင်ဖြစ်သွားတယ်။ နည်းတဲ့မြို့နယ်ဆို နှစ်လုံး။ အမှန်တော့ Standardization က သုံးလုံးဆို သုံးလုံး (Three Digit) ထားရင်ထား။ လေးလုံးဆိုလေးလုံး (Four Digit) ထားရင်ထား။ ဒီ Standardization ကစပြီး သတ်မှတ်မှုရတော့မယ်။ အဲဒီလိုမသတ်မှတ်ဘူးဆိုရင် အဖွဲ့အစည်းတစ်ခုကထည့်လိုက်တဲ့ Data ကို တခြားအဖွဲ့အစည်းက နောက်တစ်မျိုးနဲ့ ပြောင်းထည့်လိမ့်မယ်။ ပြန်ပြီးတော့ အဲဒီနှစ်ခုကို Communication (ဆက်သွယ်မှု) ပြန်လုပ်လို့ မရတော့ဘူး။ အဲဒီအပေါ်မှာ မလိုအပ်ဘဲ ဖြေရှင်းရတာတွေ ထပ်လုပ်ရလိမ့်မယ်။ မလိုအပ်ဘဲနဲ့ ကုန်ကျစရိတ် ပိုများလာမယ်။ ဖြစ်နိုင်ရင် Manual အဆင့်မှာတင် အားလုံး Standardization ဖြစ်နေဖို့လိုတယ်။

ဥပမာ–Form ဖြည့်တာဆိုပါစို့။ လူတစ်ယောက်ရဲ့ Personal Data လ.ဝ.ကမှာ ၁၄ ချက်လိုမယ်ဆိုရင် တခြားဌာနတွေမှာလည်း ၁၄ ချက်ပဲ။ အဲဒီ ၁၄ ချက်ကိုကြည့်ပြီး ကျွန်တော်တို့က ထည့်သွားရုံပဲ။ အဲဒီလိုမဟုတ်ရင် လေဆိပ်မှာ အဖွဲ့အစည်းအများကြီးရှိတယ်။ လ.ဝ.ကရှိမယ်။ အကောက်ခွန်ရှိမယ်။ တခြားအဖွဲ့အစည်းတွေရှိမယ်။ လူတစ်ယောက်က လေဆိပ်ကိုဖြတ်ရင် လ.ဝ.ကမှာလည်း ၁၄ ချက်ဖြည့်ရတယ်။ အကောက်ခွန်မှာလည်း ၁၄ ချက် ထပ်ဖြည့်ရတယ်။ တကယ်လိုချင်တာက အဲဒီ ၁၄ ချက်ပဲ။ တကယ်ဖြည့်ရတာက အချက် ၁၀၀ ကျော်လောက် ရှိသွားတယ်။ အဲဒီမှာ အချိန်ကုန်သွားတယ်။ ကွန်ပျူတာသုံးပြီး အချိန်ကုန်သွားတာမျိုးဖြစ်သွားတယ်။

L.C ။ ။ မြန်မာနိုင်ငံမှာ GIS (ပထဝီသတင်းအချက်အလက်စနစ်)နဲ့ GPS တို့လို ခေတ်မီကွန်ပျူတာ Software နဲ့ Hardware တွေ တင်သွင်းရောင်းချနေတဲ့ကုမ္ပဏီရဲ့ အကြီး

ဦးဇော်နိုင် (အထွေထွေမန်နေဂျာ) ၊ Myanmar Credent Technology **(အမှုဆောင်၊ မြန်မာနိုင်ငံကွန်ပျူတာသမဂ္ဂညာရှင်အသင်း)**

အကဲတစ်ဦးဖြစ်တဲ့ ဦးဇော်နိုင်အနေနဲ့ Standardization နဲ့ပတ်သက်လို့ ဘာများမှတ်ချက်ပေးချင်ပါသလဲခင်ဗျ။

ဦးဇော်နိုင် ။ ။ Standardization က အရေးကြီးပါတယ်။ ဌာနတော်တော်များများမှာ ခုနက ကိုဝဏ္ဏကို ပြောသလိုပဲ မှတ်ပုံတင်နံပါတ်တစ်ခုထဲကိုပဲ လ.ဝ.က, က တစ်မျိုးမှတ်မယ်။ ပြည်ထဲရေးက တစ်မျိုးမှတ်မယ်၊ နောက်ဌာနတစ်ခုက တစ်မျိုးမှတ်မယ်ဆိုရင် ပေါင်းစပ်ညှိနှိုင်းတဲ့အခါကျရင် ဒီ Data တွေကို Platform တစ်ခုထဲမှာ အလုပ်လုပ်တဲ့အခါကျရင် အဆင်မပြေနိုင်ပါဘူး။ ပထမဦးဆုံး တစ်ခုကတော့ ဌာနဆိုင်ရာအချင်းချင်းမှာ ပူးပေါင်းဆောင်ရွက်လိုတဲ့ စိတ်ထား (Mindset) တွေ လိုပါတယ်။ ဒုတိယတစ်ခုကတော့ ဌာနဆိုင်ရာအချင်းချင်းပူးပေါင်းဆောင်ရွက်ကြတဲ့ အလေ့အကျင့်တွေ လိုပါတယ်။ တတိယတစ်ခုကတော့ သူက ဒီကိစ္စမှာ ဆရာကြီးပဲ၊ သူကတော့ အာဏာပိုင်ပဲဆိုတာမျိုးမရှိဘဲ အတူတူလုပ်ကြမှရမယ်ဆိုတဲ့ဟာမျိုး စိတ်ထဲမှာ ဦးတည်ချက်တစ်ခုအနေနဲ့ သတ်သတ်မှတ်မှတ်ထားပြီးတော့ လုပ်ဖို့လိုပါတယ်။

ကျွန်တော်တို့ဆီမှာ GIS တွေလုပ်တဲ့အခါကျတော့ မြို့တွေရဲ့ နာမည်တွေပေါင်းတဲ့အခါမှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တစ်မျိုးပေါင်းတယ်။ ကြေးတိုင်နဲ့ မြေစာရင်းက တစ်မျိုးပေါင်းတယ်။ နောက်တစ်ခါ ကုလသမဂ္ဂအဖွဲ့တွေက တစ်မျိုးပေါင်းပါတယ်။ နောက်တစ်ခါ ပြည်သူ့အင်အားက တစ်မျိုးပေါင်းတယ်။ လ.ဝ.က က တစ်မျိုးပေါင်းပါတယ်။ ဌာနဆိုင်ရာအဖွဲ့အစည်းမျိုးစုံမှာ မြို့တွေရဲ့နာမည်တွေကိုက အတည်တကျမဖြစ်ပါဘူး။ အဲဒီကွဲပြားနေတဲ့နာမည်တွေကို ပေါင်းစပ်ညှိနှိုင်း Standardization လုပ်တဲ့အခါ ဘယ်သူကတာဝန်ရှိသလဲလို့ဆိုပြန်တော့ သိပ်ခွဲနှင့်နည်းပညာဝန်ကြီးဌာနက တာဝန်ရှိသလို ဖြစ်နေပြန်ရော။ အဲဒီဌာနတွေအားလုံးဟာ ဒီဟာသည် ငါတို့အားလုံးရဲ့ တူညီတဲ့ရည်မှန်းချက်ဆိုတဲ့ စိတ်ထား

www.foreverspace.com.mm

ဦးရဲမြတ်သူ မန်နေဂျင်းဒါရိုက်တာ Alpha Computer Co., Ltd. (ဥက္ကဋ္ဌ၊ မန္တလေးတိုင်း ကွန်ပျူတာလုပ်ငန်းရှင်အသင်း)

ကလေးနဲ့ အတူတူပေါင်းစပ်ဖွဲ့စည်းဆောင်ရွက်ကြတဲ့ အလေ့အကျင့်ကောင်းတွေဖြစ်ပေါ်ဖို့ အရေးကြီးတယ်လို့ပဲ ကျွန်တော်မြင်ပါတယ်။

LC ။ ။ မန္တလေးမြို့က Alpha Co., Ltd. ရဲ့ အကြီးအကဲ ဦးရဲမြတ်သူကရော၊ မြန်မာနိုင်ငံရဲ့ IT လောကမှာ Standardization နဲ့ပတ်သက်လို့ ဘယ်လိုများ မှတ်ချက်ပေးချင်ပါသလဲ။ အထူးသဖြင့် ပေါ်သင့်ပေါ်ထိုက်တဲ့ ပြည်သူတွေအတွက် ဝန်ဆောင်မှုတွေပေါ်လာဖို့အတွက် အစိုးရကို ဝိုင်းဝန်းအကြံပြုကြတဲ့အခါမှာ Standardization နဲ့ပတ်သက်လို့ လက်ငင်းလိုအပ်ချက်တွေက ဘာတွေဆိုတာပြောပြပေးပါလား။

ဦးရဲမြတ်သူ ။ ။ ကျွန်တော်တို့ဆီမှာ ခုနကပြောသွားကြသလိုပဲ Standardization နဲ့ပတ်သက်လို့ တူညီဖို့ဆိုတဲ့ကိစ္စဟာ Medical တို့၊ Education တို့မှာလည်း လူတစ်ယောက်ချင်းစီနဲ့ပတ်သက်တဲ့ IT တွေအကုန်လုံးက ဆင်တူဖြစ်ဖို့လိုတယ်။ မြန်မာလိုရော အင်္ဂလိပ်လိုရော တူဖို့လိုတယ်။ အင်္ဂလိပ်နဲ့ မြန်မာပြောင်းတာကိုက ကျွန်တော်တို့မှာ Standard တစ်ခုရှိနေဖို့လိုတယ်။ နိုင်ငံတကာမှာ မြန်မာစာအုပ်တွေကို အရောင်းအဝယ်လုပ်တဲ့အခါမှာ Roman နဲ့သုံးတဲ့ Standard တွေရှိတယ်။ အဲဒီ Standard တွေဟာ အင်္ဂလိပ်က မြန်မာစာအတွက် လုပ်ထားတဲ့ဟာတွေဖြစ်လို့ ကျွန်တော်တို့ဆီမှာ သုံးလို့မရဘူး။ ကျွန်တော်တို့လည်း ဘယ်သူမှဖတ်လို့မရတဲ့၊ သူတို့ဟာသူတို့ ထွင်ထားတဲ့ Standard တွေပဲ။ ကျွန်တော်တို့ဆီကသာ ဒါမျိုး Standard တွေလုပ်ထားခဲ့ရင် သူတို့လည်း အဆင်ပြေတယ်။ ကျွန်တော်တို့လည်း အဆင်ပြေတယ်။ နောက်တစ်ချက်က ကျွန်တော်တို့က အင်္ဂလိပ်စာလုံးပေါင်းတဲ့အခါမှာ Standard မရှိတဲ့အတွက် ဥပမာ– Htun(ထွန်း)ကို တချို့က Tun နဲ့ပေါင်းတာမျိုးရှိနေတယ်။ မြန်မာစာမှာလည်း ပေါင်းတဲ့အချိန်မှာ Storage System တစ်ခုခုကို သတ်သတ်မှတ်မှတ်လုပ်မထားဘူးဆိုလို့ရှိရင် ရှာရပြုရတဲ့အခါ အကုန်ရှုပ်သွားနိုင်တယ်။

ဒီဟာတွေရဲ့ပြဿနာက Technical(နည်းပညာပိုင်းဆိုင်ရာ)နဲ့စာလို့ရှိရင် ဒီဟာလုပ်ဖို့ လိုတယ်ဆိုတဲ့ Mindset နဲ့ Vision(ရည်မှန်းချက်)က ပိုပြီးတော့ အရေးကြီးတယ်။ အားလုံးအတွက် လုပ်တာလို့ ခုနက ကိုဇော်နိုင်ပြောသွားသလိုပဲ အကုန်လုံးရဲ့စိတ်ထဲမှာ ရှိနေဖို့လိုတယ်။ ငါတို့ဌာနအတွက် လုပ်တာမဟုတ်ဘူး။ ငါတို့ဌာနအဆင်ပြေဖို့လုပ်တာမဟုတ်ဘူး။ တစ်နိုင်ငံလုံးအတွက် ဒီလုပ်ငန်းတွေ အကုန်လုံးချောမွေ့သွားမှ သူတို့ရဲ့ Efficiency(လုပ်ကိုင်နိုင်စွမ်း)နဲ့ Effectiveness(ထိရောက်မှု)က တက်လာမယ်။ တက်လာမှ သူတို့ရဲ့လုပ်နိုင်မှုစွမ်းအားအပေါ်မူတည်ပြီး သူတို့ကိုယ်သူတို့ တန်ဖိုးရှိတဲ့ဝန်ထမ်းတွေမှန်း သိလာမယ်။ နို့မို့ဆိုလို့ရှိရင် သူတို့ရဲ့လုပ်နိုင်မှုစွမ်းရည်ကနည်းသွားတော့ သူတို့ရဲ့တန်ဖိုးကလည်း သိပ်များတယ်လို့ မပြောနိုင်လို့ရှိရင် အစိုးရက ဒီအတွက် ကုန်ကျစရိတ်တွေ အကုန်အကျခံပေးထားတာတွေ၊ သူတို့အတွက် Facility(အခြေခံအထောက်အပံ့)တွေ၊ လခတွေပေးထားတာတွေက ပြန်ရတာနဲ့ ဝန်ထမ်းတွေကိုပေးတာနဲ့ မတန်ဘူးဖြစ်နေမယ်။ ဝန်ထမ်းတွေဘက်က တစ်ခုခုအကြွေးတင်နေသလို ဖြစ်နေတာပေါ့နော်။ အဲဒီလိုမျိုးမဖြစ်ဘဲနဲ့ Effective ဖြစ်ဖို့ e-Government စနစ်နဲ့ ပတ်သက်တဲ့ IT Tools တွေ အကုန်လုံး အသုံးချဖို့လိုပါတယ်။ ဒီဟာတွေဟာ အခုမှ ကမ္ဘာမှာ စစမ်းသုံးနေတဲ့အရာတွေ မဟုတ်ပါဘူး။ တစ်ကမ္ဘာလုံးမှာသုံးပြီးတော့ အောင်အောင်မြင်မြင်နဲ့ အလုပ်လုပ်နေကြတဲ့ဟာတွေပါ။

www.foreverspace.com.mm

ဦးသူရအောင် မန်နေဂျင်းဒါရိုက်တာ၊ e-Trade Myanmar

ကမ္ဘာနဲ့ဆက်စပ်လုပ်တဲ့အခါ ကျွန်တော်တို့ဆီက Data တွေယူတဲ့အခါမှာ ကျွန်တော်တို့ဆီမှာ တစ်နေရာနဲ့တစ်နေရာ မတူဘူးဆိုတဲ့ဟာမျိုးဖြစ်လို့မရပါဘူး။

နောက်တစ်ချက်က ဒီဟာတွေကို ရန်ကုန်မှာရှိနေတဲ့ ဝန်ကြီးဌာန၊ ရုံးချုပ်တွေဆီမှာပဲ လုပ်တယ်ဆိုတာမျိုးမဟုတ်ဘဲနဲ့ တစ်နိုင်ငံလုံးမှာရှိနေတဲ့ အဖွဲ့အစည်းတွေအကုန်လုံးက ဝိုင်းလုပ်တယ်ဆိုတဲ့ဟာမျိုးပေါ့။ ရှုမ်းပြည်နယ်ဆို ရှုမ်းပြည်နယ်နဲ့ပတ်သက်ပြီး ဘာအကြံဉာဏ်ပေးချင်သလဲ။ ရှုမ်းပြည်နယ်မှာလည်း Special Case (အထူးကိစ္စရပ်)တွေ ရှိနေနိုင်တယ်။ ကချင်မှာလည်း ကချင်နဲ့ပတ်သက်တဲ့ Special Case တွေ ရှိနေနိုင်တယ်။ အဲဒီဟာမျိုးတွေကိုပါ ဆွေးနွေးပြီးတော့ အားလုံးဝိုင်းလုပ်တယ်ဆိုတဲ့အသိနဲ့ လုပ်နိုင်လို့ရှိရင် ပိုကောင်းမယ်။ နို့မို့ဆို တစ်နေရာတည်းကနေပြီး Standardization ငါတို့လုပ်တယ်ကွ။ ဒါ Standard ပဲ၊ ထုတ်ပြန်လိုက်ပြီဆိုတာမျိုးဖြစ်သွားရင် မကောင်းဘူး။

LC ။ ။ e-Trade Myanmar က ဦးသူရအောင်ရဲ့ သဘောထားမှတ်ချက်ကရော ခင်ဗျ။

ဦးသူရအောင် ။ ။ ကိုယ့်ဘာသာစကားဖြစ်တဲ့ မြန်မာစာကို ပိုပြီး Standardize ပိုဖြစ်စေချင်တယ်။ အခုဆို Unicode (အက္ခရာစံနှုန်းသတ်မှတ်ချက်)တွေ အများကြီးရှိတယ်။ အစိုးရကဆို Myanmar 2 ထုတ်တယ်။ အဲဒီ Myanmar 2 ကို အစိုးရရုံးအားလုံးက သုံးလိုက်တယ်ဆိုရင်ပဲ Standardize တစ်ခု ဖြစ်သွားနိုင်တယ်။ အဲဒီဟာက မြန်မာဘာသာနဲ့ဆိုတော့ အားလုံးဖတ်လို့ပြုလို့ ပိုကောင်းသွားမယ်။ ဒါပေမဲ့ အားလုံးသုံးဖို့ Perfect ဖြစ်ပြီလား မဖြစ်သေးဘူးလားဆိုတာတော့ မသိသေးဘူးပေါ့နော်။ ဖြစ်သွားပြီဆိုရင်တော့ အရမ်းကောင်းသွားမယ်။ ခုနက ပြဿနာတွေလည်း တော်တော်ကလေးတော့ ရှင်းသွားမယ်ထင်တယ်။

LC ။ ။ ဦးသူရအောင်ပြောသွားတဲ့အထဲမှာ မြန်မာဘာသာစကားနဲ့ပတ်သက်တာပါနေလို့ ဒီကိစ္စက အရေးကြီးတယ်ထင်လို့ တစ်ခုမေးပါရစေ။ ကျွန်တော်တို့ e-Government လုပ်လိုက်တဲ့အခါ မြန်မာနိုင်ငံတစ်ဝန်းမှာရှိတဲ့ အုပ်ချုပ်ရေးယန္တရားရဲ့အစိတ်အပိုင်းအားလုံး ချိတ်ဆက်မိဖို့လိုသလို ကမ္ဘာနဲ့အဝန်းလည်း ချိတ်ဆက်မိဖို့ လိုပါတယ်။ အထူးသဖြင့် e-Government Project ကနေတစ်ဆင့် ကျွန်တော်တို့ဆီက ဝန်ကြီးဌာနအသီးသီးနဲ့ သက်ဆိုင်ရာအာဆီယံနိုင်ငံတွေ ချိတ်ဆက်တဲ့အခါမှာ မြန်မာစာကို ရုံးသုံးဘာသာစကားအဖြစ် အသိအမှတ်ပြုသုံးစွဲနေတာက အခက်အခဲရှိနိုင်သလား။ ပွင့်ပွင့်လင်းလင်းမေးရရင် e-Government ဟာ နိုင်ငံတကာသုံးဘာသာစကားဖြစ်တဲ့ အင်္ဂလိပ်ဘာသာနဲ့သွားမှပဲ ဖြစ်နိုင်ခြေရှိမလား။

ဦးဝဏ္ဏကို ။ ။ မြန်မာစာကို ရုံးသုံးဘာသာစကားလုပ်တာ ပြဿနာမရှိပါဘူး။ မြန်မာစာကို Standard လုပ်ဖို့ကတော့ ကျွန်တော်တို့မှတ်ပုံတင်ခွဲထားတာတွေအားလုံး Standardization အရင် စလုပ်ရမယ်။ Native (ဒေသိယ)ဘာသာစကား(မြန်မာစာ)ကို Standardization မီအောင် အရင်လုပ်ဖို့လိုတယ်။ Native ဘာသာစကားက Standardization စံချိန်မမီတဲ့အခါကျတော့ ပေါင်းချင်သလိုပေါင်းမယ်။ ခွဲထားတာတွေကို လုပ်ချင်သလိုလုပ်မယ်ဆိုရင် ဘာသာစကား Standardization မရှိဘူးဆိုတဲ့ ပုံစံမျိုးဖြစ်နေမယ်။ ဥပမာ–မှတ်ပုံတင်နံပါတ်တွေကို အင်္ဂလိပ်လိုသုံးတဲ့အခါမှာ ၁၂/လမတကို Unicode ထဲရိုက်တဲ့အခါ အင်္ဂလိပ်လို La Ma Ta ဆိုပြီးပေါင်းတယ်။ ကျွန်တော် ခုနကပြောသလိုပဲ ဘာသာစကားကတော့ Standardize ဖြစ်ရမယ်။ မဖြစ်ရင် အလကားပဲ။ အင်္ဂလိပ်လိုသုံးရင် မွေးစားသုံးရမှာကိုး။ လမတကို La Ma Ta လို့ မွေးစားသုံးရမှာကိုး။ အခုသုံးတဲ့မြို့နယ်တွေ၊ ရွာတွေမှာ Area Code မရှိဘူး။ ဖုန်းနံပါတ်တွေမှာ Area Code ရှိတယ်။ Address တစ်ခုကို ဘယ်လို Code သတ်မှတ်မလဲ။ ရန်ကုန်မြို့ရဲ့ Area Code က ဘယ်လိုခွဲပေးထားမလဲ။ အတိုကောက်စနစ်ကကော ဥပမာ–ရန်ကုန်ဆို အရှည်ကောက်ရှိတယ်။ နောက်မှ မြန်မာလိုအတိုကောက် ဘယ်လိုသတ်မှတ်မလဲ။

လူတွေက ထင်နေကြတယ်။ Software သုံးလိုက်ရင်၊ ကွန်ပျူတာသုံးလိုက်ရင် လူတွေ ဘာမှလုပ်စရာမလိုတော့ဘူးလို့။ အမှန်တော့ ကွန်ပျူတာသုံးတာက စနစ်ကျအောင်သုံးတာ။ အဲဒီလို စနစ်ကျအောင်သုံးဖို့ Manual မှာကတည်းက စနစ်ကျအောင်လုပ်ထားဖို့လိုတယ်။ Data အများချည်းကိုထည့်ရင် Data အများနဲ့အလုပ်လုပ်သွားမယ်။ ရန်ကုန်ဆို ရန်ကုန် Code၊ နယ်ဆိုရင် နယ် Code၊ မြို့ဆိုမြို့အဆင့် အဆင့်သတ်မှတ်ချက်ကအစ ရှိရမယ်။ အဲဒီလိုသတ်မှတ်ထားရင် Code တစ်ခုကို မြင်လိုက်တာနဲ့ ဘယ်မြို့ဘယ်ရွာကဆိုတာ မှန်းလို့ရတယ်။

www.forevermyanmarspace.com.mm

ဦးဇော်နိုင် ။ ။ အစွန်းနှစ်ဖက်ဖြစ်နေတယ်။ တစ်ဖက်က မြန်မာစာသည်တို့စာ၊ မြန်မာစကားသည်တို့စကား၊ မြန်မာဘာသာသည်ရုံးသုံးဘာသာပေါ့။ နောက်တစ်ဖက်က ကမ္ဘာကြီးဟာ Globalization ရယ်လို့ ဖြစ်လာတယ်။ ကမ္ဘာကြီးဟာ ပြားလာတယ်။ ကျွန်တော်တို့နေတဲ့ နိုင်ငံကလေးဟာ ကျွန်းကလေးတစ်ကျွန်းမဟုတ်တော့ဘူး။ ကမ္ဘာ့ကျွန်းကြီးပေါ်က နိုင်ငံတစ်နိုင်ငံဖြစ်နေပြီ။ ကျွန်တော်တို့ မြန်မာနိုင်ငံသားတွေကလည်း ကမ္ဘာ့နိုင်ငံသားတွေ ဖြစ်လာတဲ့အတွက်ကြောင့် လက်ခံချင်ချင်၊ လက်မခံချင်ချင် လက်ခံရမှာပဲ။ ကမ္ဘာသုံးဘာသာစကားရယ်လို့ အများက ယူဆလက်ခံထားကြတဲ့ အင်္ဂလိပ်ဘာသာစကားက အစွန်းတစ်ဖက်။ အဲဒီအစွန်းနှစ်ဖက်က တစ်ဖက်စွန်းကို စောင်းနင်းပြီးတော့ ရွေးလိုက်လို့တော့မဖြစ်ဘူးလို့ ထင်တယ်။ အများပြည်သူနဲ့ ဆက်ဆံရတဲ့ကိစ္စမျိုးတွေ၊ တောသူတောင်သားတွေကအစ၊ ပညာမတတ်တတတ်တွေရော၊ ပညာတတ်တဲ့သူတွေရော၊ စီးပွားရေးလုပ်ငန်းရှင်၊ ဝန်ထမ်းအားလုံးနဲ့ဆိုင်တဲ့ကိစ္စမျိုးတွေမှာ မြန်မာစာကို ရွေးချယ်သင့်ပြီးတော့ နိုင်ငံတကာနဲ့ ဆက်ဆံပြောဆိုလုပ်ကိုင်ရတဲ့ကိစ္စရပ်တွေ၊ နိုင်ငံတကာနဲ့ဖလှယ်ရတဲ့ သတင်းအချက်အလက်တွေမှာကျတော့ အင်္ဂလိပ်ဘာသာစကားက သင့်တော်မယ်လို့ထင်ပါတယ်။ အဲဒီအတွက် Coding System (သင်္ကေတစနစ်)ကလည်း နှစ်ဘာသာလုံးအတွက် ရှိသင့်တယ်လို့ ကျွန်တော်ယူဆတယ်။ ခုနက ကိုဝဏ္ဏကိုပြောသလို Standardization ဆိုရင် Code တွေ လိုလာပါတယ်။ ကျွန်တော့်အမြင်ပြောရရင်တော့ ဘာသာစကားနှစ်ခုစလုံးနဲ့ Standardization ရှိသင့်တယ်။ နိုင်ငံတကာနဲ့ ဆက်ဆံရတဲ့ကိစ္စတွေမှာဆိုရင် နိုင်ငံတကာသုံးဘာသာစကားနဲ့ဖလှယ်ပြီးတော့ ပြည်တွင်းမှာ အများပြည်သူလူတန်းစားအလွှာမျိုးစုံနဲ့ ပြောဆိုဆောင်ရွက်ရတဲ့ကိစ္စမျိုးမှာတော့ မြန်မာဘာသာစကားနဲ့ လုပ်ဆောင်တာမျိုးကို ချင့်ချိန်ဆောင်ရွက်သင့်ပါတယ်။

LC ။ ။ Inforithm-Maze က ဦးသောင်းစုငြိမ်းကကော။

ဦးသောင်းစုငြိမ်း ။ ။ e-Government တွေ၊ e-Commerce တွေ လုပ်လာမယ်ဆိုရင် လိုအပ်ချက်တွေကိုကြည့်ပြီးတော့ နှစ်ဘာသာစလုံးကို သုံးရမှာပဲ။ ပြည်တွင်းကုန်စည်ခိုင်တွေအတွက် လုပ်မယ်ဆိုရင်တော့ မြန်မာလို အရောင်းအဝယ်လုပ်ကြမယ်။ သတင်းအချက်အလက်တွေပေးကြမယ်။ e-Visa လိုဟာမျိုး သံရုံးတစ်ခုခုက e-Government လုပ်မယ်ဆိုရင်တော့ အင်္ဂလိပ်လိုဖြစ်ရမယ်။ ကိုယ့်ရဲ့အမျိုးသားမှတ်ပုံတင်ကိစ္စကို Online လုပ်ဖို့ဆိုရင် မြန်မာလိုဖြစ်ရမယ်။ နှစ်ဘာသာစလုံးကို လုပ်နိုင်အောင်သွားသင့်ပါတယ်။ ကျွန်တော်တို့ရဲ့ အိမ်နီးချင်းနိုင်ငံတွေရဲ့အနေအထားကိုကြည့်ရင် တရုတ်နိုင်ငံဆိုရင် Online တွေ၊ CD တွေ၊ Website တွေ အကုန်လုံး သူတို့ဘာသာနဲ့သူတို့ တင်ထားကြတယ်။ ဒီလိုလုပ်မှလည်း သူတို့တစ်နိုင်ငံလုံးက လူတွေ Inclusive ဖြစ်လာတယ်။ Handphone တွေကအစ အကုန်လုံးက တရုတ်လိုဖြစ်နေတော့ လမ်းဘေးက ဆိုက်ကားသမားလည်း Handphone ကို သုံးတတ်တယ်။ ကျွန်တော်တို့ဆီမှာက အင်္ဂလိပ်လို Handset တွေပဲရှိတော့ ပညာမတတ်တဲ့သူတစ်ယောက်က သုံးတတ်မှာမဟုတ်ဘူး။

နောက်...အင်္ဂလိပ်လို Standardized Code လုပ်သင့်တယ်ဆို

www.foreverspace.com.mm

တာလည်း ရနိုင်ပါတယ်။ ကျွန်တော်တို့ဆီမှာ အမျိုးသားမှတ်ပုံတင်ကတ်ပြား(နိုင်ငံသားစိစစ်ရေးကတ်ပြား)မှာ ရေးထားတဲ့ မြို့နယ်တစ်ခုချင်းစီရဲ့ ဂဏန်းသုံးလုံးအတိုကောက်ပေါ့။ အဲဒီသုံးလုံးအတိုကောက်ကို ဆက်သွယ်ရေးမှာကော ဒီအတိုင်းသုံးသလား။ မသုံးသေးဘူး။ ဌာနတွေအချင်းချင်း အရင်ညှိနှိုင်းပြီးတော့ Standardize လုပ်ပြီးရင် e-Government ကိုသွားဖို့ IT System သုံးဖို့ အခြေခံအဆောက်အဦ (Infrastructure)က တစ်စိတ်တစ်ပိုင်းပြည့်စုံလာပြီ။

LC ။ ။ အင်္ဂလိပ်လိုတစ်မျိုး၊ မြန်မာလိုတစ်မျိုးရှိနေတဲ့ Data တွေကို ဆိုပါစို့ e-Government Platform တစ်ခုပေါ်မှာ အတူတူအလုပ်လုပ်ဖို့ ဖြစ်နိုင်ပါသလားခင်ဗျ။

ဦးသောင်းစုငြိမ်း ။ ။ အမျိုးသားမှတ်ပုံတင်လိုဟာမျိုးဆိုရင် နိုင်ငံခြား Passport (နိုင်ငံကူးလက်မှတ်)အတွက် ထောက်ခံဖို့လိုအပ်ရင်၊ Passport မှာ အင်္ဂလိပ်လိုရေးရတဲ့အတွက် သူ့ရဲ့ Data မှာ အင်္ဂလိပ်လိုရော၊ မြန်မာလိုရော ရေးရတော့မယ်။ အချို့ဟာတွေမှာတော့ လုံးလုံးမြန်မာလိုပဲ ထားလည်းရတယ်။ တချို့ ပြည်ပနိုင်ငံတွေမှာလည်း ရှိတယ်။ ဥရောပမှာဆိုရင် Bilingual(နှစ်ဘာသာ)နဲ့ ဖော်ပြထားတယ်။ ဘယ်အတွက် သုံးမှာလဲဆိုတာကြည့်ပြီး အစကတည်းက နှစ်ဘာသာနဲ့လုပ်ထားဖို့ လိုပါတယ်။

ဦးသူရအောင် ။ ။ ကျွန်တော်တို့ Website မှာ လုပ်ထားတာရှိတယ်။ အင်္ဂလိပ်လိုရော မြန်မာလိုရော။ ဥပမာပဲဆိုလို့ရှိရင် အမျိုးမျိုးခေါ်တာပေါ့။ ကိုယ့်ဟာကိုယ် Standardize လုပ်လိုက်တယ်။ အင်္ဂလိပ်လိုဆိုလို့ရှိရင် ဥပမာ–မတ်ပဲကို Green Gram လည်း ခေါ်တယ်။ Mat Pea လို့လည်း ခေါ်တယ်။ Black Mat Pea လည်း ခေါ်တယ်။ အမျိုးမျိုးခေါ်ကြတယ်။ မြန်မာလိုနှိပ်လိုက်ရင် 'မတ်ပဲ'ပဲ ဖြစ်မယ်။ မတ်ပဲကို Black Mat Pae ဆိုတာကို အင်္ဂလိပ်လို Standardize လုပ်ဖို့ ဌာနဆိုင်ရာတွေ အကုန်လုံးစုပြီး လုပ်ဖို့လိုတယ်။ အဲဒီလိုလုပ်လိုက်ရင် Data သိမ်းတဲ့အခါမှာရော ရှာရတဲ့အခါမှာရော အဆင်ပြေသွားမယ်လို့ထင်တယ်။

ဦးရဲမြတ်သူ ။ ။ နှစ်မျိုးစလုံးနဲ့တော့လုပ်ရမှာပဲ။ တကယ်တမ်းကျတော့ ကွန်ပျူတာက အင်္ဂလိပ်လိုလည်း နားလည်တာမဟုတ်ဘူး။ မြန်မာလိုလည်း နားလည်တာမဟုတ်ဘူး။ အင်္ဂလိပ်တို့၊ မြန်မာတို့နဲ့စာလို့ရှိရင် သတ်မှတ်ထားတဲ့ Code တွေက ပိုအဓိကကျတယ်။ ဥပမာ–စင်ကာပူမှာဆိုလို့ရှိရင် သူ့ရဲ့နောက်မှာရှိနေတဲ့ Code နံပါတ်ကိုကြည့်လိုက်လို့ရှိရင် သူဟာ ဘယ်နေရာမှာရှိတဲ့ ဘယ်အဆောက်အအုံရဲ့ ဘယ်အခန်းဆိုတာကို တန်းသိတယ်။ အမေရိကန် Zip Code ကိုကြည့်ရင် သူ့ရဲ့ GPS Location ကို တန်းထုတ်ပေးလို့ရတယ်။ လိပ်စာအတိအကျရေးစရာမလိုဘူး။ ကျွန်တော်တို့ e-Government လုပ်မယ်ဆိုလို့ရှိရင် တကယ်တမ်း နောက်ကွယ်က သွားနေတဲ့ Database ရဲ့ Processing(လုပ်ငန်းစဉ်)တွေ အကုန်လုံးက International Standard Code တွေနဲ့ပဲ သွားရမှာပါ။ ဒီ Standard Code တွေ ဖြည့်တဲ့အခါကျတော့မှ အင်္ဂလိပ်လိုကြည့်ချင်ရင် အင်္ဂလိပ်လိုဖြည်၊ မြန်မာလိုကြည့်ချင်ရင် မြန်မာလိုဖြည်ပေါ့။ ဖြည့်တဲ့အချိန်မှာလည်း နှစ်မျိုးရှိနိုင်တယ်။ Machine Translation နဲ့ ဖြည့်လို့ရတဲ့ဟာဆိုရင် Machine Translation နဲ့ဖြည်၊ ရိုက်ကိုထည့်မှရမယ့်ဟာဆိုရင်လည်း ရိုက်ထည့်ပေါ့။

ဦးသောင်းစုငြိမ်း မန်နေဂျင်းဒါရိုက်တာ Inforithm-Maze Ltd. (အမှုဆောင်၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း)

တချို့ မြန်မာလိုရှာလို့မရဘူး။ Sorting လုပ်လို့မရဘူးဆိုတာလည်း မဖြစ်နိုင်တဲ့ဟာမရှိဘူး။ Challenge(စိတ်ခေါ်မှု)တွေပဲ။ လုပ်သွားရင်းနဲ့ တစ်ချိန်မှာ အဆင်ပြေသွားမှာပဲ။ အခုချိန်မှာ အဓိကလိုအပ်တာက Coding တွေပဲ။ ပြန်ဖြည်တဲ့အချိန်မှာ အင်္ဂလိပ်၊ မြန်မာတွေသာမကဘူး လိုအပ်လို့ရှိရင် ဂျပန်လိုလည်း ဖြစ်ချင်ဖြစ်မယ်။ တရုတ်လိုလည်း ဖြစ်ချင်ဖြစ်မယ်။ ကျွန်တော်တို့နိုင်ငံရဲ့ လိုအပ်ချက်က တရုတ်နဲ့ဂျပန်လည်း တစ်ချိန်မှာ လိုကောင်းလိုလာမယ်။ သုံးနေတဲ့သူတွေက ကြိုက်တာရွေးလို့ရရင် ပိုကောင်းတယ်။ အင်္ဂလိပ်လိုပဲ သုံးတယ်ဆိုလို့ရှိရင် ဒီ e-Government Project က ဝန်ထမ်းတွေနဲ့ ပြည်သူတွေက သုံးနိုင်ပါ့မလားဆိုတာ ရှိသေးတယ်။ Machine ပြောင်းလို့ရရင်တော့ ပိုကောင်းတာပေါ့နော်။ Machine ပြောင်းလို့မရသေးရင်တော့ နှစ်ခါထည့်ပေါ့။ တကယ်တမ်း အင်တာနက်နဲ့ပတ်သက်တဲ့ Density များလာဖို့က ကိုယ့်ဘာသာစကားနဲ့ကိုယ် ကြည့်ရမယ်ဆိုတဲ့ကိစ္စပေါ့။ e-Government Level လိုမျိုး တိတိကျကျလုပ်ရမယ်ဆိုရင်တော့ အဓိက လိုအပ်တာ ဘာသာစကားမဟုတ်ဘူး။ ဒီဟာတွေနဲ့ပတ်သက်တဲ့ သီးသန့် Code တစ်ခု၊ Standard Code တွေပေါ့။ အဲဒီ Standard Code တွေကို အားလုံးနဲ့ကိုက်ညီပြီးတော့ လိုတာပိုတာမရှိအောင် ဘယ်လိုပုံစံမျိုးနဲ့လုပ်ကြမလဲ။ ခုနကပြောသလို မြို့တွေရဲ့ Code တွေကို ဘယ်နှလုံးသုံးမလဲ။ ဘယ်လိုစာလုံးနဲ့သုံးမလဲ။ မြို့နယ် Level မှာရှိသလား၊ ကျေးရွာ Level မှာ ရှိသလားဆိုတာ သတ်မှတ်မလား။ ဒါမြို့ရဲ့နာမည်လား၊ ချောင်းရဲ့နာမည်လား ဘယ်လိုသတ်မှတ်မလဲဆိုတာတွေကအစ Code တစ်ခုထဲမှာ ပါနိုင်အောင်

www.foreverspace.com.mm

လုပ်ရမယ်။

ဦးသောင်းစုဇိမ်း ။ ။ အဲဒီ Coding ကိုလည်း ကျွန်တော်တို့ဆီမှာ ထုံးလုံးခြားခြားခေါင်းခဲပြီး လုပ်စရာမလိုဘူး။ တစ်ကမ္ဘာလုံးမှာ ဒီအတိုင်းပဲသတ်မှတ်ပြီး လုပ်ကြမယ်ဟေ့ဆိုပြီးတော့ လုပ်နေတဲ့ဟာတွေရှိတယ်။ မြို့တွေရဲ့အမည်တွေ၊ ဆိပ်ကမ်းတွေရဲ့အမည်တွေကို Code တွေနဲ့ ဘယ်လိုသတ်မှတ်ရမလဲဆိုတာကို World Standard Organization က ဖော်ပြထားတာရှိတယ်။ အဲဒါတွေအားလုံးကို တစ်ပြေးညီသုံးသွားမယ်ဆိုရင် ပြဿနာမရှိဘူး။ ကျွန်တော်တို့ဆီမှာ အဲဒါမျိုး သိပ်မတွင်ကျယ်သေးတာက ကျွန်တော်တို့ဆီမှာ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ အချင်းချင်းဆက်သွယ်ပြီးတော့ Data ပို့တဲ့ စနစ်မျိုးမရှိသေးလို့ပဲ။ အဲဒီကိစ္စတွေက ကျွန်တော်တို့ IT သမားတွေတော့ သိနားလည်မယ်။ အသုံးပြုမယ့်ဌာနတွေအနေနဲ့က ဘယ်နေရာမှာ အသုံးပြုမှာလဲဆိုတာ ကောင်းကောင်းမသိဘူး။ အခုတော့ E-mail ထဲမှာ စာတစ်စောင်အပြည့်ရေးပြီး ဟိုဘက်ကို ပို့လိုက်တာ အလုပ်ဖြစ်နေတာပဲ ဖြစ်နေတယ်။ နောက်ပိုင်းကျရင် စာတစ်စောင် ပေတစ်တန်နဲ့ အပြန်အလှန်ကူးသွားတာမျိုးမဟုတ်တော့ဘဲနဲ့ Form အနေနဲ့ Data တွေချည်းပဲ Online က ချိတ်ပြီးတော့သွားတော့မယ့် စနစ်မျိုး နောက်ပိုင်းကျရင်ဖြစ်လာတော့မယ်။ အဲဒီတော့ကျမှ အခု ကျွန်တော်တို့ပြောနေတဲ့ Code ဆိုတာသုံးရတယ်ဆိုတာကို ဌာနတွေကိုယ်တိုင် တကယ်သုံးဖြစ်ပြီးတော့ သိလာမယ်။ လောလောဆယ် သူတို့နေ့စဉ်ထိတွေ့နေတဲ့အရာတွေထဲမှာ အဲဒါတွေမပါသေးဘူး။

ဦးဇော်နိုင် ။ ။ တစ်ခုတော့ ရှိတယ်ဗျ။ ဌာနဆိုင်ရာ တော်တော်များများမှာ အဲဒီ Coding System တွေ ရှိပြီးသား။ ဆက်သွယ်ရေး၊ ပြည်ထဲရေး၊ လယ်/ဆည်အလျောက် သူတို့ Coding System တွေ ကရှိပြီးသား။ ကိုသောင်းစုဇိမ်းပြောသလို နိုင်ငံတကာအဖွဲ့အစည်းတွေမှာလည်း သူတို့ရဲ့ Coding System တွေက ရှိပြန်ရော။ အဲဒီတော့ ဘယ်သူက ဘယ်သူ့နောက်ကို လိုက်မှာလဲဆိုတာ Issue တစ်ခုဖြစ်လာတယ်။ ဟာ...ငါတို့က ဒီ Code ကို လွတ်လပ်ရေးမရခင်ကတည်းက သုံးလာတာ၊ ဟာ ငါတို့ကတော့ ဒီ Code ကို ကုမ္ပဏီစကတည်းကသုံးလာတာနဲ့ အသားကျနေပြီ။ အသားကျနေတဲ့စနစ်ကို သူတို့က မပြောင်းချင်ဘူး။ အဲဒီလိုဟာတွေအားလုံးကို Centralized လုပ်ပေးတဲ့ Coding System တစ်ခုရှိမယ်ဆိုရင်တော့ သင့်တော်တာပေါ့။ အဲဒါမျိုးကို ဟိုတုန်းက Standardization ဆိုပြီးတော့ သိပ္ပံနဲ့နည်းပညာဝန်ကြီးဌာနက Focal Point (အာရုံစူးစိုက်တဲ့)အနေနဲ့ လုပ်ခဲ့ပေးဖူးတယ်။ အဲဒီတော့ သူတို့ရဲ့ရှိပြီးသားအသားကျနေတဲ့ Coding System တွေကို ပြင်ဖို့ပြောင်းဖို့မဟုတ်ဘဲ အားလုံးအဆင်ပြေနိုင်တဲ့နည်းလမ်းတစ်ခုကို နိုင်ငံအဆင့် Standardization ကော်မတီလိုဟာမျိုးကနေ လုပ်ပေးနိုင်မယ်ဆိုရင် အလွန်ကောင်းမယ်။

ဦးရဲမြတ်သူ ။ ။ ဖြစ်နိုင်တာရှိတယ်။ တစ်ယောက်ချင်းမှာ မတူညီပေမယ့် ရည်ရွယ်ချက်တူညီနေလို့ရှိရင် ဒီ Code တစ်ခုနဲ့တစ်ခု Translate လုပ်လို့ရတယ်။ ဒါပေမဲ့ အချို့ဟာတွေကျတော့ ဒီဌာနအတွက် ဒီအချက် ၁၀ ချက်ပဲလိုလို့လုပ်ထားတဲ့ Code က အခြားဌာနအတွက်လိုတဲ့ ၁၀ ချက်ထဲမှာ ငါးချက်ပဲပါပြီး နောက်ထပ်ငါးချက်အပိုပါနေတာမျိုးတွေ ဖြစ်လာနိုင်တယ်။ အဲဒါမျိုးဆိုရင် ဌာနတွေအကုန်လုံးအဆင်ပြေတဲ့ Code တစ်ခုဆိုရင် ဒီထက်ပိုပြီး ဖောင်းပွရှုပ်ထွေးလာနိုင်တယ်။ အားလုံးရဲ့လိုအပ်ချက်တွေအကုန်လုံး ဘုံပါပြီးတော့ တူနေတဲ့ဟာတွေအကုန်လုံးကို အတူတူစုထားနိုင်ဖို့ကိစ္စက ဒီအဖွဲ့အစည်းမှာ အလုပ်လုပ်နေတဲ့သူတွေအကုန်လုံး ဝိုင်းပြီးပြုစုပေးဖို့လိုတယ်။

ဦးသောင်းစုဇိမ်း ။ ။ ISO မှာဆိုရင်လည်း နိုင်ငံအတိုကောက်တွေကို ခွဲထားတာရှိတယ်။ ဥပမာ–ကနေဒါဆိုရင် CA၊ အမေရိကန်ဆိုရင် US၊ မြန်မာဆိုရင် MM အဲဒါမျိုးပေးထားတာရှိတယ်။ ISO 2A လို့ခေါ်တယ်။ ဒီမှာလည်း ဒါကတော့ ဆက်သွယ်ရေးရဲ့ မြို့နယ်အတိုကောက်၊ ဒါကတော့ လ.ဝ.ကရဲ့အတိုကောက် အဲဒါမျိုးခွဲပြီး မှတ်လို့ရတယ်။ အဲဒီ Standard ကို ထုတ်ပြန်ပြီးတော့ မှတ်ပုံတင်ကဟာကို ဆက်သွယ်ရေးကယူသုံးရင် Formula (ပုံသေနည်း)နဲ့ ပြန်ပြောင်းပြီး သူ့ထဲဝင်အောင်ပြန်လုပ်၊ အဲဒါမျိုးဆိုရင်လည်းရတယ်။

LC ။ ။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အမျိုးသားမှတ်ပုံတင်ကတ်ပြားလို့ပြောရမယ့် ဒီကနေ့ နိုင်ငံသားစိစစ်ရေးကတ်ပြားဟာ ဌာနဆိုင်ရာတော်တော်များများမှာ Passport လျှောက်တဲ့နေရာ၊ ယာဉ်မောင်းလိုင်စင်လျှောက်တဲ့နေရာ၊ တယ်လီဖုန်းလျှောက်တဲ့နေရာ အကုန်လုံးမှာသုံးတော့ ဒီဟာတစ်ခုကတော့ Standardize ဖြစ်ဖို့လိုပြီပေါ့နော်။ လက်တွေ့လုပ်နေရသူတစ်ဦးအနေနဲ့ ဦးဝဏ္ဏကိုက ဒီ Standardization နဲ့ပတ်သက်လို့ ဘာများပြောချင်ပါသလဲ။

ဦးဝဏ္ဏကို ။ ။ အဲဒါဆို ကျွန်တော်

www.forevenspace.com.mm

ထင်တယ်။ ဌာနဆိုင်ရာ တစ်ခုတစ်ခုစီရဲ့လို အပ်ချက်က Code တော့ မဟုတ်ဘူးပေါ့။ ပြည်ထဲရေးက မှတ်တမ်းထိန်းမယ်ဆိုရင် နိုင်ငံသားစိစစ်ရေးကတ်ပြားက ပြည်ထဲရေး က ကိုင်တာမဟုတ်တဲ့အတွက် (သူနဲ့ဆိုင် တဲ့) လ.ဝ.က ကထုတ်တဲ့ Codeကိုပဲ ပြည် ထဲရေးက သုံးကိုသုံးရလိမ့်မယ်။ ဒီလိုပဲ ပြည်ထဲရေးကထုတ်ပေးတဲ့ Passport နံပါတ်က ပြည်ထဲရေးက ထုတ်တာမို့လို့ ပြည်ထဲရေးရဲ့ Code ကိုပဲ လေဆိပ်မှာ လ.ဝ.က က ထိန်းသိမ်းရမယ်။ ကျွန်တော် ထင်တယ်။ Standardization Code က တစ်ခုထဲဖြစ်မှာပဲ။ ဌာနဆိုင်ရာတစ်ခုချင်းစီ ကွဲပြီး Code တွေတော့ မပေါ်လောက်ဘူး။

အားလုံးက စုပြီးသား။ ဥပမာ– လူတစ်ယောက်ရဲ့ Standard Data က ၁၄ ချက် ရှိတယ်။ အဲဒါကို Standardization သတ်မှတ်လိုက်တယ်။ ပြီးရင် သူ့ရဲ့ Personal Data (ကိုယ်ရေးအချက်အလက်) ဆိုတဲ့ Layer (အကန့်)တော့ရှိမှာပဲ။ လူတစ်ယောက်က ဌာနသုံးခုလောက် ဖြတ်သွားပြီးရင် ဒီ Dataပဲ ဖြစ်နေမယ်။ အဲဒါကို အားလုံးက မျှယူ။ မျှယူဆိုတာ လိုအပ်တဲ့အချက်အလက်ပေါ့နော်။ Custom နဲ့ပတ်သက်ရင် သူလိုအပ်တဲ့အချက်အလက်တွေ ထပ်ထည့်ရင်ထည့်။ အဲဒီ Fieldပဲ ထပ်ပိုလာမှာ။ Coding ကတော့ ထပ်ပိုလာစရာမရှိဘူး။ အတူတူပဲ။

ဦးသောင်းစုငြိမ်း ။ ။ IT သမားတွေကလည်း အခန်းကဏ္ဍတစ်ခုဝင်ပါလို့ရတယ်။ ဘာလဲဆို ဒီ Standard တွေ သတ်မှတ်တဲ့အခါမှာ သတ်မှတ်ထားတဲ့ ကော်မတီ၊ အဖွဲ့အစည်းကသတ်မှတ်ပြီးသားတွေရှိသလို အချို့အသုံးအနှုန်းအခေါ်အဝေါ်တွေအတွက်ဆို Standard မရှိသေးဘူး။ IT သမားတွေက ဌာနဆိုင်ရာအတွက် Software ဝင်ရေးပေးရင်းနဲ့ ဟာ . . . ဒါကိုတော့ ဒီလိုမျိုးအတိုကောက်ခေါ်ပြီး Immigration (လူဝင်မှုကြီးကြပ်ရေး)မှာ ထည့်လို့ရမယ်ပေါ့။ ဒါတွေကိုသုံးရင်းသုံးရင်းနဲ့ လေးငါးနှစ်ကြာရင် အဲဒီစာလုံးက ရင်းနှီးကျွမ်းဝင်သွားမယ်။ တစ်ချိန်ချိန်မှာ အကြီးအကဲတွေက ဒီဟာတွေကို Standardize လုပ်ကြဟေ့ဆိုရင် ဒီဌာနကတင်ပြလို့ရတယ်။ ကျွန်တော်တို့ဆီမှာတော့ ဒါကို ဒီလိုသုံးနေပြီ။ ဒါကို လက်ခံလိုက်တယ်ဆိုတာမျိုး ဖြစ်သွားနိုင်တယ်။

LC ။ ။ အခု အားလုံးဆွေးနွေးခဲ့ကြတာတွေအရဆိုရင် ပထမဦးဆုံးက Policy Maker များ၊ နောက်တစ်ခုက အစိုးရယန္တရားမှာ လက်တွေ့လုပ်ကိုင်တဲ့ ဗျူရိုကရက်များ၊ ပြည်သူ့ဝန်ထမ်းများ၊ IT ပညာရှင်များအားလုံးကြားမှာရှိရမှာ Trust။ နောက်တစ်ခုကတော့ Standardization ပေါ့။ အရေးကြီးတဲ့ Issue (အဓိကအကြောင်းအရာ)နှစ်ခုတော့ ပေါ်လာခဲ့ပါပြီ။ ဒါ့အပြင် သက်ဆိုင်ရာနယ်ပယ်အသီးသီးမှာ လက်တွေ့လုပ်ကိုင်နေသူများအနေနဲ့ အစိုးရဆီက (သို့မဟုတ်) မူဝါဒချမှတ်သူများဆီက နယ်ပယ်အလိုက် အရေးတကြီးလိုအပ်နေတဲ့ Policy လို့ပြောရမယ့် ဘယ်လိုဟာမျိုးတွေ ကူညီလိုက်ရင် ဒီ Sector (ကဏ္ဍ)မှာ နောက်တစ်ဆင့် တက်သွားလို့ရမယ် ဆိုတာမျိုးတွေကို ပြောပေးစေလိုပါတယ်။

ဦးဝဏ္ဏကို ။ ။ ရုံးဌာနတွေမှာ Program ရေးတဲ့အခါ တွေ့ရတဲ့ ပြဿနာတစ်ခုက Software ရေးတဲ့သူနဲ့ ဌာနအကြားမှာ ရုံးရဲ့ သဘောသဘာဝကို Software ရေးတဲ့သူက နားမလည်ဘူး။ ဒီရုံးရဲ့ Policy က ဘာလဲဆိုတာရယ်၊ သူတို့လုပ်ချင်တဲ့အပိုင်းရယ်ပေါ့။ တချို့ကျတော့ သူတို့ရဲ့ လုံခြုံရေးအရလို့ ဆိုတယ်။ ကွန်ပျူတာပေါ်မှာ လုံခြုံရေးအရဆိုတာမရှိဘူး။ စိတ်ထဲမှာ ထင်နေကြတယ်။ အဲဒါတွေ အများဆုံးလျှော့ချနိုင်ဖို့လိုပါတယ်။ ဒီလုံခြုံရေးအရဆိုတာကို လူထက် ကွန်ပျူတာစနစ်နဲ့သွားရင် ပိုပြီးလုံခြုံရေးစနစ်ကောင်းတယ်ဆိုတာကို လက်ခံဖို့လိုတယ်။ ကျွန်တော်တို့ Software ရေးတဲ့သူတွေဘက်ကလည်း ရုံးဌာနတွေရဲ့အတွင်းပိုင်းတချို့ အစိတ်အပိုင်းတွေကို လူကြီးပိုင်းတွေနဲ့ ထိတွေ့လုပ်နေရပေမယ့် တကယ်တမ်းလုပ်နေရတဲ့ ဝန်ထမ်းပိုင်းတွေရဲ့ အားနည်းချက်၊ လိုအပ်ချက်တွေ အများကြီးရှိတယ်။ အဲဒါတွေကို အတတ်နိုင်ဆုံး ဘယ်လိုဖြေရှင်းမလဲဆိုတာ စဉ်းစားရမယ်။ ရေးသာရေးလိုက်တယ်၊ သုံးရတဲ့သူတွေက အောက်ခြေဝန်ထမ်းတွေ။ အောက်ခြေဝန်ထမ်းတွေမှာ အားနည်းချက်တွေရှိတယ်။ သုံးရတဲ့အခက်အခဲတွေရှိတယ်။ အဲဒီအခက်အခဲတွေကို ကျွန်တော်တို့ မမြင်တဲ့အခါ Program ကြီးသာပြီးသွားတယ်။ နောက်ပိုင်းကျရင် ဝန်ထမ်းရဲ့အားနည်းချက်ကြောင့် ရပ်သွားနိုင်တယ်။ ကွန်ပျူတာ Software လုပ်လိုက်တာကို အောက်ခြေဝန်ထမ်းတွေ ဘာမြင်လာသလဲဆို သူတို့အတွက် ဝန်ထုပ်ဝန်ပိုးလို့ မြင်လာတယ်။ Program တွေများလာတယ်။ Manual ကလည်း ကပ်ပါနေသေးတယ်။ လက်နဲ့လည်းရေးရသေးတယ်၊ ကွန်ပျူတာနဲ့လည်း မှတ်ရသေးတယ်ဆိုတာမျိုးပေါ့။ သိပ်မထူးဘူးဆိုတာမျိုး။ အဲဒါမျိုးတွေကို ကျွန်တော်တို့ရေးတဲ့သူတွေဘက်က လျှော့ချပေးဖို့ လိုသလို ဟိုဘက်ကလည်း လုံခြုံရေးအရ ပိုပြီးတော့ မြန်ဆန်လာ

www.foreverspace.com.mm

မယ်၊ Police အရပိုပြီးတော့ ချောမွေ့လာမယ်ဆိုတာကို မြင်ဖို့ လိုတယ်။ အောက်ခြေဝန်ထမ်းတွေကြုံရတဲ့ အဖုအထစ်တွေကို ဝိုင်းပြီး ကျော်ဖြုတ်လင်းပေးနိုင်မှဖြစ်မယ်။ တကယ်အလုပ်လုပ်ပေးနေတာ အောက်ခြေဝန်ထမ်းတွေပဲ။ ဒီ Program နဲ့ သူတို့ရဲ့ဝန်ဆောင်မှု မမျှဘူးဆိုရင် ဒီ Software ကရပ်သွားမှာပဲ။

ဦးဇော်နိုင် ။ ။ ကျွန်တော်ကတော့ Immediate ထက်အမြဲတမ်း အတွက် လိုအပ်ချက် (Requirement)သုံးခုကို စဉ်းစားမိတယ်။ ပထမဆုံးတစ်ခုက ခေါင်းဆောင်တွေရဲ့ Commitment ပေါ့။ အဲဒီ Commitment နဲ့ ဒီ ICT ကဏ္ဍပဲဖြစ်ဖြစ်၊ ဒီ e-Government Project ပဲဖြစ်ဖြစ်၊ ဒီကွန်ပျူတာ အသုံးချမှုပဲဖြစ်ဖြစ် နိုင်ငံရဲ့ စီးပွားရေး၊ လူမှုရေးကဏ္ဍတွေမှာ တကယ်ကို အကျိုးကျေးဇူးရှိတယ်ဆိုတာမျိုးကို တကယ်လက်ခံယုံကြည်ပြီးတော့ တကယ်လုပ်ပေးတာ၊ တကယ် ဦးဆောင်တဲ့ Commitment။ Hidden Agenda (ထိမ်ဝှက်ထားသော လုပ်ငန်းစဉ်)မျိုးမရှိတဲ့ Commitment။ နောက်ပြီးတော့ ခေါင်းဆောင်သစ်တစ်ယောက်က သူ့လက်ထက်မှာ ခေါင်းဆောင်ဟောင်းလုပ်ခဲ့တာတွေ မလုပ်တော့ဘူးဆိုတာမျိုးမဖြစ်တဲ့၊ Hidden Agenda မျိုးမရှိတဲ့ တကယ့်ခေါင်းဆောင်ဖြစ်ဖို့လိုတယ်။ Continuous Commitment ပါ။ တတိယတစ်ခုကတော့ လှုံ့ဆော်မှု၊ ခေါင်းဆောင် တွေရဲ့ လှုံ့ဆော်မှု၊ ခေါင်းဆောင်ဆိုတာက သူတစ်ယောက်တည်း လုပ်လို့မရပါဘူး။ သူ့နောက်က နောက်လိုက် လေးငါးယောက် လောက်နဲ့လုပ်လို့လည်း မရပါဘူး။ ခုနက ကိုဝဏ္ဏကို ပြောသွားသလို အောက်ခြေဝန်ထမ်းတွေ အားလုံးပါရမယ်။ ခေါင်းဆောင်တွေရဲ့ လှုံ့ဆော်မှုဆိုတာ အောက်ခြေကလူတွေ သူတို့ဘာသာသူတို့ လုပ်လာတာဖြစ်အောင် လှုံ့ဆော်နိုင်ရမယ်။ အောက်ခြေအဆင့်ဆင့်၊ အလယ်အလတ်အဆင့်ဆင့်ကလူတွေ သူတို့ကိုယ်တိုင်က လုပ်ချင်စိတ်၊ အကြံဉာဏ်သစ်တွေနဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းနိုင်တဲ့ လုပ်ငန်းလေးတွေ၊ စီမံကိန်းလေးတွေကို လုပ်ကိုင်နိုင်အောင် လှုံ့ဆော်ပေးရမယ်။ သူကချည်းပဲ အကုန်လုံး လိုက်လုပ်လို့မရဘူး။

ဦးဝဏ္ဏကို ။ ။ ကျွန်တော်တို့သုံးနေကြတဲ့ Plan (အစီအစဉ်) ပေါ့။ Project (စီမံချက်)တစ်ခု လုပ်တော့မယ်ဆိုရင် ဒီ Project ရဲ့ Side Effect (ဘေးထွက်ဆိုးကျိုး)တွေကို ကြည့်ရမယ်။ ဒီ Project ကိုလုပ်လိုက်တဲ့အတွက် ဘယ်အဖွဲ့အစည်းတွေကို ဒီဝန်ဆောင်မှုကြောင့် ဘယ်ဟာတွေထိခိုက်သွားမလဲဆိုတာ။ ဒီ Planning အပေါ်မှာ ပြန်ပြီးတော့ Consultant (အကြံပြုချက်)ပြန်လုပ်ရမယ့်ဟာမျိုး။ အရင်ဆုံး Survey (လေ့လာမှု)လုပ်ပြီးတော့မှ လုပ်သင့်တယ်။ ဒီ Project တစ်ခုကို လုပ်လိုက်လို့ ဘာ Effect တွေ ဖြစ်လာမလဲ။ ကောင်းတဲ့အချက်ပေါ့။ ဘယ်ဟာတွေက မကောင်းဘူးလဲ။ အဲဒီ မကောင်းတာကို လက်ခံနိုင်မလား။ ဒီဟာ လုပ်လိုက်လို့ ပိုကောင်းသွားသလား။ ဒီဟာလုပ်လိုက်လို့လည်း မထူးဘူး၊ ဒီအတိုင်းပဲ။ လူပိုကုန်လာမယ်၊ အလုပ်ပိုလုပ်လာရမယ် ဆိုတာမျိုးဖြစ်လာလား။ ဒီ Project လုပ်ရင်းနဲ့ပဲ ဘယ်အတိုင်းအတာရောက်ရင် ဘယ်လို ပြောင်းလဲသွားမလဲ။ Planning နဲ့ Consultancy (အကြံပြု) လုပ်တာ နည်းနည်းတော့လိုလိမ့်မယ်။ အဲဒီလိုမျိုးလုပ်ပြီးတော့မှ Project တစ်ခုကို စသင့်တယ်။ အခုဟာက လုပ်ဆိုအခုလုပ်။

www.forevernuce.com.mm

အားနည်းချက်တွေကို နောက်ကလိုက်ပြင်ရတဲ့အခါကျတော့ ဒီအပေါ်မှာ ယုံကြည်မှုကနည်းလာတယ်။ လုပ်ရင်းနဲ့အမှားတွေ့လာတယ်။ ဘာကြောင့်လဲဆို Plan မရှိဘဲနဲ့လုပ်ရတဲ့အခါကျတော့ ဖြစ်လာမှ အမှားကိုပြင်ရတယ်။ မဖြစ်လာခင်ကတည်းက ဘယ်လိုအမှားတွေဖြစ်လာနိုင်သလဲ၊ ဘာ Side Effect တွေ ဖြစ်လာနိုင်သလဲဆိုတာကြိုပြီးမြင်သင့်တယ်။

ဦးသောင်းစုဇြိမ်း ။ ။ ကျွန်တော်မြင်တာကတော့ ဒီ e-Government တွေ တစ်နိုင်ငံလုံးလုပ်ဖို့၊ ကွန်ပျူတာတွေသုံးဖို့ လူကြီးပိုင်းကလမ်းညွှန်ပေးရမှာပေါ့။ အဲဒီနေရာမှာ ကွန်ပျူတာသုံးတယ်၊ Software သုံးတယ်ဆိုတာက ကိရိယာတစ်ခု၊ Tool တစ်ခုပဲ။ အမှန်က Outcome ဘာလိုချင်သလဲဆိုတာတော့ Policy အနေနဲ့ချမှတ်ရမှာပေါ့။ ကျွန်တော်တို့ နိုင်ငံတစ်ခုလုံးမှာ ဖြစ်ထွန်းနေသမျှကိစ္စရပ်တွေအားလုံး၊ စီးပွားရေးလုပ်ငန်းတွေပဲဖြစ်ဖြစ်၊ မွေးဖွားရာကနေ သေဆုံးတဲ့အထိဖြစ်ဖြစ်၊ ယာဉ်တိုက်မှုဖြစ်တာပဲဖြစ်ဖြစ် လိုအပ်တဲ့အချိန်လိုအပ်သလို Statistics (စာရင်းအင်း)ကောက်လို့ရတဲ့ ကိစ္စမျိုးဖြစ်အောင် စီစဉ်ပါဆိုတဲ့ Policy ချမှတ်ပေးတာမျိုးတွေ လိုပါတယ်။ နည်းလမ်းတွေ အရသာ ကွန်ပျူတာတွေ၊ Software တွေ၊ e-Government စနစ်တွေသာသုံးတာ။ ဘာဖြစ်လို့ ဒီ Policy ကို ချမှတ်ပေးစေချင်သလဲဆိုတော့ ဒီကိန်းဂဏန်းတွေကိုအခြေခံပြီးမှ Dicision Making (ဆုံးဖြတ်ချက်ချခြင်း)ကို သွားလို့ရမှာ။ ဥပမာ–ရန်ကုန်မြို့တွင်းမှာ ယာဉ်တိုက်မှုတွေ လျော့ပါးလာတယ်ဆိုပါစို့။ အဲဒါဆို ပြီးခဲ့တဲ့ လေးငါးနှစ်အတွင်းမှာ ဘာလုပ်ခဲ့တာ မှန်ခဲ့လို့ဆိုတာ၊ ဘာကို ပိုကောင်းအောင်လုပ်မလဲဆိုတာ ဆုံးဖြတ်လို့ရတယ်။ ကျွန်တော် သိထားတာတစ်ခုက စီးပွား/ကူးသန်းက အချက်အလက်တွေကို စီမံ/စီးပွား CSO ကတောင်းတယ်။ အဲဒီအချက်အလက်တွေကိုကြည့်ပြီး တစ်နိုင်ငံလုံးရဲ့ ကုန်သွယ်မှုပမာဏကို ကဏ္ဍအားလုံးအလိုက်၊ ပစ္စည်းအမယ်အလိုက်၊ နိုင်ငံအလိုက်စနစ်တကျ အသီးသီးခွဲခြားတင်ပြလို့ရအောင် ကွန်ပျူတာတွေ၊ Software တွေ သုံးပြီး မှတ်သားပြီးတော့ CD နဲ့ထုတ်ပေးလိုက်ရမယ် ဆိုတာတစ်ခုပဲ ဖြစ်သွားတယ်။ အဲဒီလိုဟာမျိုး အခြားကဏ္ဍတွေမှာ သုံးလို့ရတယ်။ ဥပမာ–လက်လီဈေးကွက် (Retail)မှာဆိုရင် ဘယ်ကုန်ပစ္စည်းတွေက မြန်မာနိုင်ငံမှာ ဆင်းရဲသားတွေပါမကျန် အသုံးအများဆုံးလဲ၊ လိုအပ်မှုအရှိဆုံးလဲဆိုတဲ့ကိန်းဂဏန်းတွေထွက်ပေါ်ဖို့က အဲဒီ Retail Sector မှာ စနစ်တကျ Information ကောက်ယူဖို့လိုတယ်။ အဲဒီအတွက်ကို CSO က စီးပွား/ကူးသန်းကို အချက်အလက်တွေ တောင်းသလိုမျိုး အဖွဲ့အစည်းတစ်ခုခုကနေ ဒါတွေကို လိုက်တောင်းလိုက်မယ်ဆိုရင် တစ်နိုင်ငံလုံးက Digitalize ဖြစ်သွားမယ်။ အစိုးရအတွက်ကလည်း Dicision Making Process မှာ ပိုပြီးတော့ တိကျမှန်ကန်တဲ့ အချက်အလက်တွေကို အခြေခံပြီးတော့ လုပ်လို့ရသွားမယ်။

ဦးသူရအောင် ။ ။ Infrastructure (အခြေခံအဆောက်အဦ)တွေကို ဒီထက်ပိုချဲ့ပေးရင် ပိုပြီးတော့ Develop ဖြစ်လာမှာပါ။ နောက်တစ်ခုက G to B သွားတဲ့အခါမှာ ဒီ Usage (အသုံးအနှုန်း)တွေကို Public တွေ ဒါဘယ်လိုသုံးရတယ်။ ဒါဘယ်လိုထိရောက်တယ်ဆိုတာ မီဒီယာပိုင်းကရော၊ Teaching (သင်ကြားရေး)အပိုင်းကရော Knowledge (အသိပညာ)ပေးဖို့လိုပါတယ်။ အဲဒါမှာ အကုန်လုံး Knowledge ရပြီး ဝိုင်းသုံးလာကြလိမ့်မယ်။

ဦးရဲမြတ်သူ ။ ။ အုပ်ချုပ်ရေးယန္တရားတွေ သူတို့ဘာဖြစ်ချင်သလဲဆိုတဲ့ Plan တွေက အရေးအကြီးဆုံးပါ။ Project တစ်ခုလုပ်တယ်ဆိုရင် ဘာဖြစ်ချင်သလဲဆိုတာအပေါ်မူတည်ပြီးမှ ကွန်ပျူတာတွေသုံးဖို့လိုမယ် မလိုဘူးသိရမှာ။ တစ်ခါတလေကျတော့လည်း ကွန်ပျူတာတစ်ခုထဲနဲ့ မရဘူး။ နိုင်ငံအဆင့်သွားတယ်ဆိုလို့ရှိရင် (နိုင်ငံတကာမဟုတ်ရင်တောင်မှ) Local (ပြည်တွင်း)မှာ Network (ကွန်ရက်)တစ်ခုရှိဖို့ လိုပါတယ်။ တိုင်းနဲ့ပြည်နယ်အဆင့်သွားမယ်ဆိုရင် တိုင်းနဲ့ပြည်နယ်အလိုက်ချိတ်ထားတဲ့ Network တစ်ခုရှိဖို့လိုပါတယ်။ ကျွန်တော်တို့က အခုအချိန်မှာ Network ဆိုလို့ရှိရင်၊ အင်တာနက်ဆိုလို့ရှိရင်၊ Infra ဆိုလို့ရှိရင် အပြင်ကိုထွက်တဲ့ဟာကိုပဲ စဉ်းစားနေကြတယ်။ International Backbone တွေ ဘာတွေစဉ်းစားနေတယ်။ International Backbone က အင်တာနက်အတွက်ပဲ ထားလိုက်ပြီးတော့ Local မှာ ဒီထက်မြန်တဲ့ Local Network တစ်ခုကောင်းကောင်းရှိဖို့လိုပါတယ်။ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့လို မြို့ကြီးတွေမှာရှိနေတဲ့ Network က Local မို့လို့ High Speed တစ်ခုနဲ့ ရရမယ်။ အင်တာနက်ဆိုရင် အစိုးရကပိုက်ဆံပေးသုံးနေရတဲ့အတွက် နေးလည်းကိစ္စမရှိပါဘူး။ Local မှာရော အပြင်မှာရော နေးနေးလေးပဲရနေတော့ Local မှာ တချို့အလုပ်လုပ်တဲ့အခါမှာ Cost က အရမ်းများသွားတယ်။ Local မှာပဲသီးသန့် Network တစ်ခုဖြစ်သွားတယ်ဆိုလို့ရှိရင် ကိုယ့်ဟာကိုယ်ချလို့ရနိုင်မှာပါ။ အခုအင်တာနက် Satellite Terminal (ဂြိုဟ်တု

www.forevergroup.com.mm

ဆက်ကြေးတို့ဘစ်ခုက ဝယ်နိုင်တယ်ပဲထားဦး၊ Running Cost (လည်ပတ်စရိတ်)က တစ်ရက်ကို တစ်သောင်းခွဲလောက် ကျနေလို့ ရှိရင် နှယ်တွေမှာ ရေရှည် Run နိုင်မှာ မဟုတ်ဘူး။ ဒါအနိမ့်ဆုံး Plan နော်။ ဒီဟာတွေအားလုံးက Fibre လိုဟာမျိုးနဲ့ အသေချထားပြီး Satelliteကို အားမကိုးဘဲ ရန်ကုန်နဲ့ မန္တလေးလို ချပြီးသား နေရာမျိုးတွေမှာ အင်တာနက်ကြောင့် ကုန်ကျစရိတ်တွေကို လျှော့ပြီးတော့ သုံးလို့ရတယ်။ အထဲမှာ အလုပ်တွေ ဖြစ်လာနိုင်တယ်ဆိုတဲ့ ကိစ္စက အပြင်ထွက်စရာမလိုဘဲနဲ့ အထဲမှာ ချိတ်သုံးနိုင်ဖို့ လိုအပ်ပါတယ်။ အဲဒါမှပဲ ကိုသောင်းစုငြိမ်းပြောတဲ့ အောက်ခြေကတက်လာတဲ့ Dataတွေရမှာ။ အတွင်းမှာပဲ သုံးလို့ရတဲ့ Network တစ်ခုတည်ဆောက်ပေးဖို့လိုပါတယ်။ အဲဒီလို လိုအပ်တဲ့ Planနဲ့ ဒီဇိုင်းထွက်လာလို့ရှိရင်လည်း အဲဒီဒီဇိုင်းကို Transparentကျကျ ဒီအထဲမှာရှိနေတဲ့သူတွေကို ဒီInformationတွေကို ချပေးပြီးတော့ ဘယ်သူတွေ ဒီဟာကို Commitment ရှိရှိနဲ့ Contract(တာဝန်ယူ)လုပ်နိုင်သလဲ၊ အလျော်အစားလုပ်နိုင်သလားဆိုပြီး ချပေးနိုင်ရင် ပိုကောင်းပါတယ်။ နို့မို့ဆို e-Government က နီးစပ်ရာနဲ့ ရှိပြီးသားစက်တွေနဲ့ လျှောက်မေးပြီး ဖြစ်သလိုသုံးသွားလို့ရှိရင် မကောင်းပါဘူး။ အဲဒီတော့ ဘာဖြစ်ချင်တယ်ဆိုတဲ့ Project ကို ပြောမယ်၊ ဒီလောက် ဘတ်ဂျက်ကိုသုံးမယ်၊ ဒီ Outcomeကို ပြန်လိုချင်တယ်၊ ဘယ်သူက ဘယ်လို Commitmentနဲ့ အလျော်အစားနဲ့ ဝင်လုပ်နိုင်သလဲဆိုတာကို Transparency ရှိရှိ လုပ်ပေးနိုင်ရင် ပိုကောင်းပါတယ်။ များသောအားဖြင့် တော်တော်များများ Projectတွေက Effective မဖြစ်ဘူးဆိုတာ ပြီးသွားမှပဲ ဝိုင်းပြောကြတော့ လုပ်ရတဲ့သူကလည်း ပင်ပင်ပန်းပန်းလုပ်ခဲ့ရလို့ မျက်နှာမကောင်းဘူး။

LC ။ ။ မြန်မာနိုင်ငံမှာ ကွန်ပျူတာနဲ့ပတ်သက်လို့ အသင်းအဖွဲ့တွေ များစွာ ရှိနေပါတယ်။ အဲဒီအသင်းအဖွဲ့တွေ ဘာလုပ်နေသလဲဆိုတာကို ပြည်သူလူထုက သိပ်မသိကြသေးပါဘူး။ ဒီအသင်းအဖွဲ့တွေဟာ အုပ်ချုပ်ရေးယန္တရားဆီက အခွင့်အလမ်းအနေနဲ့ Projectတွေကို စောင့်နေတာလား သို့မဟုတ် အုပ်ချုပ်ရေးယန္တရားက ချမှတ်သင့်တဲ့မူဝါဒရေးရာ သွင်းအားစုတွေကို ပေးသွင်းနေတာလားဆိုတာ သိချင်ပါတယ်။ အသင်းအဖွဲ့တွေရဲ့တာဝန်ကကော ဘယ်ဘက်ကို ယိမ်းနေသလဲ၊ ဘာလုပ်နေသလဲ၊ ဘာဖြစ်စေချင်ကြသလဲ၊ သူတို့ဆီက ဘာမျှော်လင့်သလဲပေါ့။

ဦးဝဏ္ဏကို ။ ။ အသင်းအဖွဲ့အနေနဲ့ကတော့ အသင်းအဖွဲ့ပုံစံဖြစ်သင့်တာပေါ့။ အသင်းချည်းသီးသန့် Lonely ဖြစ်နေတာမျိုးမဖြစ်သင့်ဘူး။ ကွန်ပျူတာပညာရှင်အသင်းဆိုလည်း ဝင်ဝင်မဝင်ဝင် မြန်မာနိုင်ငံမှာရှိတဲ့ ကွန်ပျူတာပညာရှင်တွေအားလုံးနဲ့ သက်ဆိုင်နေဖို့လိုတယ်။ အဖွဲ့ဝင်ဖြစ်မှတို့ ဘာတို့ထက် ကွန်ပျူတာပညာရှင်တစ်ယောက် ဖြစ်နေပြီဆိုတာနဲ့ ပါဝင်နေတဲ့ပုံစံမျိုးပေါ့။ အဖွဲ့အစည်းပုံစံထက်စာရင် တကယ့်အသင်းကြီးတစ်ခုလိုပေါ့။ လိုအပ်ရင် အကူအညီတောင်းလို့ရရမယ်။ တစ်ယောက်နဲ့တစ်ယောက်လည်း ခုနကပြောသလို Transparent (အမြင်ကြည်လင်မှု)ရှိဖို့လိုတယ်။

ဦးဇော်နိုင် ။ ။ မြန်မာနိုင်ငံကအသင်းအဖွဲ့တွေမှာ များသောအားဖြင့် သက်ဆိုင်ရာနယ်ပယ်မှာ အောင်မြင်နေတဲ့ပုဂ္ဂိုလ်တွေ၊ ထွက်လာတဲ့သူတွေနဲ့ ဖွဲ့စည်းထားတာများတယ်။ သူတို့နောက်မှာ သူတို့ရဲ့စီးပွားရေးအဖွဲ့အစည်းတွေ၊ သူတို့လူတွေရှိနေတယ်။ အစိုးရရဲ့ Projectတွေမှ မဟုတ်ပါဘူး။ အခြားအခွင့်အရေးကိစ္စတွေမှာလည်း သူတို့အတွက်နဲ့ပရ နှစ်ဖက်ကို သင့်လျော်သလို ကစားသွားတာ ရှိနေပါတယ်။ အခုပြောနေတာက IT နဲ့ ပတ်သက်ပြီး ပြောနေတာပေါ့နော်။ မြန်မာပြည်က အသင်းအဖွဲ့တွေတော်တော်များများက အဲဒီလိုမျိုး ရှိနေတယ်ဆိုတာ ငြင်းပယ်လို့ မရပါဘူး။

အသင်းအဖွဲ့ဆိုတာ EC လို့ခေါ်တဲ့ အလုပ်အမှုဆောင်အဖွဲ့နဲ့ ဖွဲ့စည်းထားတာမဟုတ်ဘဲ အောက်က အသင်းဝင်တွေနဲ့ ဖွဲ့စည်းထားတာ။ ပထမဦးဆုံး စဉ်းစားရမယ့် အကြောင်းအရာက အသင်းသားတွေရဲ့ အကျိုးကျေးဇူး။ ဒုတိယက အဲဒီအသင်းသားတွေနဲ့အတူ Stakeholder(ပါဝင်ပတ်သက်သူ)တွေဖြစ်တဲ့ ပြည်သူပြည်သား၊ အခြားသက်ဆိုင်တဲ့နယ်ပယ်အသီးသီးက လူတွေ အစိုးရကလည်း Stakeholderတစ်ခုပဲ။ အစိုးရရဲ့ တွေးခေါ်ပုံတွေးခေါ်နည်း၊ အကြံဉာဏ်၊ မူဝါဒတွေကို ပြုပြင်ပြောင်းလဲနိုင်တဲ့ကိစ္စတွေ အဲဒါတွေဟာ သူတို့ရဲ့ Focus ဖြစ်သင့်ပါတယ်။ ပထမဦးဆုံး အသင်းသားတွေရဲ့ အကျိုးကျေးဇူးက သူတို့ရဲ့ဦးတည်ရာ ဦးတည်ချက်ဖြစ်ပါတယ်။ ဒုတိယအနေနဲ့ Stakeholderတွေရဲ့အကျိုးကျေးဇူး။ အစိုးရအဖွဲ့အစည်း၊ ပြည်သူပြည်

www.forevergroup.com.mm

သားတွေ၊ နိုင်ငံဝန်ထမ်းတွေ၊ စီးပွားရေးအဖွဲ့အစည်းတွေအပါအဝင် ဒီ Community တစ်ခုလုံးရဲ့ အကျိုးကျေးဇူးဟာလည်း သူတို့ရဲ့ Focus ဖြစ်သင့်ပါတယ်။ ပြီးတဲ့အခါမှ သူတို့တစ်ဦးချင်းတစ်ယောက်ချင်းနဲ့ သူတို့နောက်မှာရှိတဲ့ကုမ္ပဏီတွေ အသိုင်းအဝိုင်းတွေရဲ့ အကျိုးစီးပွားအတွက် သူတို့ကိုယ်တိုင်ပါရှိနေတဲ့အတွက် သူတို့စိတ်ထဲမှာရှိတဲ့ဟာတွေကို ရောပြီးထည့်မှ ရောပြီးပါသွားမယ့်ဟာတွေက တတိယမြောက် Focus Point (ဦးတည်ချက်)အနေနဲ့ရှိနေရင် အပြစ်မပြောသာတော့ဘူးပေါ့နော်။

ဦးသောင်းစုဇိမ်း ။ ။ အသင်းတိုင်းမှာ Stakeholder လို့ခေါ်လို့ရတဲ့ လေးဦးရှိတယ်။ Government ရှိတယ်၊ Society ရှိတယ်။ Industry ရှိမယ်။ ကွန်ပျူတာပညာရှင်အသင်းဆိုရင် ကွန်ပျူတာလုပ်ငန်းတွေကလည်း Industry ပဲ။ နောက် ကာယအား၊ ဉာဏအားတွေနဲ့ လုပ်ဆောင်ပေးနေတဲ့ ပညာရှင်အလုပ်သမား (Workers) တွေ။ အဲဒီ Government, Society, Industry နဲ့ Workers ဆိုတဲ့ လေးရပ်စလုံးကို ကောင်းကျိုးတွေ ဖြစ်မြောက်အောင်လုပ်ဖို့ လိုပါတယ်။ အဲဒီတော့မှ အသင်းတွေရဲ့ရည်ရွယ်ချက်၊ ရည်မှန်းချက်တွေ အောင်မြင်နိုင်မှာပါ။ ကွန်ပျူတာပညာရှင်အသင်းမှာတော့ Workers တွေကို ဦးစားပေးပြီးတော့ သူတို့ရဲ့ Benefit (အကျိုး) ဖြစ်မြောက်အောင် လုပ်ဖို့လိုပါတယ်။ ကျွန်တော်တို့အသင်းတွေ၊ ကော်မတီတွေမှာ အပြန်အလှန်အလုပ်လုပ်ဖို့ Negotiation (စေ့စပ်ဖျန်ဖြေ)လုပ်နိုင်တဲ့သူ၊ Coordination (ညှိနှိုင်းမှု)လုပ်နိုင်တဲ့သူ၊ Diplomatic Skill (ဆက်ဆံစည်းရုံးရေးစွမ်းရည်)ကောင်းတဲ့သူတွေ၊ Organization ကောင်းတဲ့သူတွေဟာ အတွင်းရေးမှူးနေရာ၊ ဥက္ကဋ္ဌနေရာမှာ ရှိနေဖို့လိုပါတယ်။ သူတို့ရွေးရင် ကျွန်တဲ့သုံးရပ် (အစိုးရရော၊ လုပ်ငန်းရှင်တွေရော၊ အသင်းဝင်ပြည်သူတွေကရော) က ဒီလူကို ပညာရှင်အသင်းရဲ့ကိုယ်စားလှယ်အနေနဲ့ သတ်မှတ်လား။ အဲဒါတွေကြည့်ပြီးရွေးချယ်ဖို့ လိုပါတယ်။ အဲဒါဆိုရင် ပညာရှင်အသင်းဘက်က ထောက်ခံထားတယ်။ ဟိုသုံးရပ်ကိုသွားတဲ့အခါ သုံးရပ်စလုံးကလည်း လေးစားမယ်။ ထို့အတူပဲ လုပ်ငန်းရှင်ဘက်ကလည်း တစ်ယောက်လာမယ်၊ ပြည်သူဘက်ကလည်းလာမယ်၊ အစိုးရဘက်ကလည်းလာမယ်၊ လေးယောက်ဆုံတဲ့အခါမှာ လေးယောက်စလုံးက ပွင့်ပွင့်လင်းလင်းပြောဆိုညှိနှိုင်းနိုင်တဲ့အနေအထားမျိုးရှိအောင် လုပ်ပေးနိုင်ရင် ဒီအသင်းတွေရဲ့လုပ်ငန်းတွေက အများကြီးအောင်မြင်မှာပါ။

ကျွန်တော်သဘောကျတဲ့အသင်းတစ်ခုက ပင်လယ်ကူးသင်္ဘောသားများအသင်းပဲ။ အဲဒီမှာ ဦးဆောင်တဲ့သူက သူ့အသင်းသားတွေကို တယ်လီဖုန်းလျှောက်ပေးတယ်။ သင်္ဘောသားတွေဆိုတာက နိုင်ငံခြားဌေးရှာပြီး သယ်လာနိုင်တယ်။ အဲဒီဌေးနဲ့ Hand Phone တွေရအောင် လျှောက်ပေးတယ်။ အဲဒီလို အခွင့်အခါသင့်ရင်သင့်သလို ညှိနှိုင်းဆောင်ရွက်ပေးတာမျိုးလုပ်တယ်။ အသင်းတိုင်းမှာ ဒီလိုသွားလာပြီး သွက်သွက်လက်လက်နဲ့ ညှိနှိုင်းဆောင်ရွက်နိုင်တဲ့သူတွေရှိနေမယ်ဆိုရင် အသင်းတွေအားလုံးက တော်တော်အဆင်ပြေသွားမယ်။

ဦးသူရအောင် ။ ။ Transparency ရှိရှိပြောလို့ရနိုင်မယ့် Community တစ်ခုလောက် အသင်းတိုင်းမှာ လုပ်ပေးထားရင်တော့ ပိုကောင်းလာမယ်ထင်တယ်။ သူရေးနေတဲ့ Project က မပြီးသေးဘူး။ အဲဒီ Community ပေါ့တင်လိုက်။ ကျန်တဲ့သူတွေက အားလုံး ဝိုင်းရေးကြ၊ ဝိုင်းလုပ်ကြရင် ပိုကောင်းတာပေါ့။ ဥပမာ Web ပေါ် မှာပဲဖြစ်ဖြစ်ပေါ့။

ဦးရဲမြတ်သူ ။ ။ အသင်းဆိုတဲ့အတိုင်းပဲ တစ်ဦးတစ်ယောက်ထဲက လုပ်ထားတာမဟုတ်ဘူး။ အများနဲ့ပေါင်းစည်းပြီးလုပ်တဲ့အလုပ်။ ဒီအသင်းတွေဘာလုပ်ဖို့ ဖွဲ့ထားတာလဲဆိုတာနဲ့ ဘယ်သူတွေအတွက် ဖွဲ့ထားတာလဲဆိုတာ အရေးကြီးတယ်။ ကွန်ပျူတာပညာရှင်အသင်းကို ကွန်ပျူတာသမားတွေအတွက် ဖွဲ့ထားတာလား။ Industry အတွက် ဖွဲ့ထားတာလား။ ဒီအဖွဲ့ကြီးဖွဲ့ထားပြီးတော့ တစ်ယောက်ချင်းလုပ်နိုင်တဲ့ဟာတွေ လိုက်ပြီးလုပ်နေလို့ရှိရင်လည်း ဒီအသင်းက ထူးမှာမဟုတ်ဘူး။ အများနဲ့ပတ်သက်တဲ့အင်အားကိုယူထားတဲ့အတွက် အများနဲ့ပတ်သက်တဲ့အလုပ်တွေကို ဘယ်လိုပုံစံမျိုးလုပ်ကြမလဲဆိုတာ စဉ်းစားထားဖို့လိုတယ်။ နောက်တစ်ချက်က ရေတိုရေရှည် Vision တွေ၊ Mission တွေရှိဖို့လိုတယ်။ ဒီတစ်နှစ် ဘာတွေလုပ်ဖို့ ရည်ရွယ်ထားသလဲ၊ ဘာတွေဖြစ်အောင်လုပ်မလဲ၊ ဘာပြဿနာတွေကို ဖြေရှင်းမလဲ၊ ဒီဟာကို ဘယ် Level (အဆင့်)အထိ ရောက်သွားအောင် ဘယ်လိုမျိုး Campaign (စည်းရုံးလှုံ့ဆော်မှု) တွေ လုပ်မလဲဆိုတာမျိုးတွေပေါ့။ ဘာလုပ်တယ်ဆိုတာလုပ်ပြတာထက် ဘာဖြစ်ချင်တယ်ဆိုတာ ချမှတ်ပြီးတော့ လုပ်ဖို့ပေါ့။ ဒီဟာတွေလုပ်တဲ့ကိစ္စကလည်း ဥက္ကဋ္ဌအတွက်မဟုတ်ဘူး၊ အတွင်းရေးမှူးအတွက်မဟုတ်ဘူး။ တိုင်းပြည်အတွက်

www.forever-space.com.mm

လုပ်ဖို့ လိုအပ်တယ်ဆိုတာသိအောင် ချပြနိုင်ပြီးတော့ အဲဒါတွေကို အားလုံးပါဝင်နိုင်အောင် စည်းရုံးဖို့လိုတယ်။ ငါတို့ဝိုင်းလုပ်လိုက်လို့ ဒီဟာတွေ ဖြစ်လာလို့ရှိရင် Industry တစ်ခုလုံး အကျိုးဖြစ်မယ်၊ Society (လူ့အဖွဲ့အစည်း)တစ်ခုလုံး အကျိုးဖြစ်မယ်၊ တိုင်းပြည် အကျိုးဖြစ်မယ်ဆိုတဲ့အနေမျိုးကို ချပြပြီးတော့ အဲဒီအလုပ်တွေမှာ ဝင်ပါလာအောင် ဆွဲဆောင်စည်းရုံးနိုင်ဖို့ လိုပါတယ်။ အဲဒါမျိုး ဆွဲဆောင်စည်းရုံးနိုင်မှ ဒီအသင်းအဖွဲ့မှာ ကူညီထောက်ပံ့တဲ့သူတွေ လည်းများလာမယ်၊ အသင်းဝင်တွေကလည်း တက်တက်ကြွကြွနဲ့ ပါဝင်လာမယ်။ တစ်ဦးတည်းတစ်ယောက်တည်း လုပ်တာမဟုတ်ဘဲနဲ့ စုလုပ်တဲ့အခါမှာ ပိုပြီး Effective ဖြစ်တာမျိုး ဖြစ်လာမယ်။ ဒီအလုပ်ကို ဥက္ကဋ္ဌ၊ အတွင်းရေးမှူးကပဲ ကျုံးလုပ်နေပြီး သူ့ဆီကိုပဲဝင်လာတဲ့ Information တွေကို ကျန်တဲ့သူတွေမသိဘူး။ သူကလည်း အဲဒါတွေအားလုံးရဲ့ဒဏ်ကိုခံနေရရင် နှစ်ဦးနှစ်ဖက်စလုံး အကျိုးမရှိဘူး။ အသင်းကလည်း သူဘာလုပ်နေမှန်းမသိဘူး။ ဘယ်သူမှဝင်ပါလို့လည်းမရဘူး။ သူ့အတွက်ကလည်း (တချို့ဟာတွေမှာ ခံစားခွင့် ရှိကောင်းရှိမယ်၊ ဒါပေမဲ့) အချို့ဟာတွေမှာ ထမ်းထားတဲ့အတွက်ကြောင့် သူစိုက်နေရတာတွေ၊ ကုန်နေရတာတွေ ရှိနေမယ်ဆိုရင် ဘယ်သူ့အတွက်မှ အကျိုးမရှိဘူးပေါ့။

အသင်းဟာ အသင်းနဲ့တူအောင် Procedure (လုပ်ငန်းစဉ်)တွေ ရှိဖို့လိုမယ်။ ဒီအသင်းဟာ International Level မှာ ဆက်ဆံနေရင် International နဲ့ပတ်သက်တဲ့ Communication System တွေ အကုန်လုံးရှိမယ်။ နောက် IT နဲ့ပတ်သက်တဲ့အသင်းတွေက တခြားအသင်းတွေကို ကူညီဖို့ပြောမယ်။ ကိုယ့်အသင်းကရော အဲဒီလိုကူညီရအောင် ကိုယ့်မှာ Infrastructure တွေနဲ့ အလုပ်လုပ်ထားတဲ့ အတွေ့အကြုံ (Experience) နဲ့ ပုံသဏ္ဌာန်တွေရှိလား။

EC တွေ အကုန်လုံးနဲ့ပဲ အလုပ်လုပ်ပြီးတော့ ပြီးနေတာမျိုး မဟုတ်ဘဲနဲ့ အသင်းနဲ့ပတ်သက်တဲ့ဝန်ထမ်းတွေကို ဘယ်လိုရွေးချယ်ပြီး ဘယ်လောက်ကုန်ကျစရိတ်နဲ့ခန့်ထားပြီးတော့ ဘာအလုပ်တွေကို လုပ်ခိုင်းထားမယ်၊ ဘယ်ကိစ္စတွေမှာ ဘယ်လိုပုံစံမျိုးနဲ့ပါရမယ်ဆိုတဲ့ Procedure တွေကအစ စုစည်းပြီးချထားဖို့လိုတယ်။

နောက်တစ်ခုက ဘယ်သူက ဘယ် Responsibility (တာဝန်ယူမှု)ရှိတယ်၊ ဘာတာဝန်ရှိတယ်၊ ဘယ်လုပ်ပိုင်ခွင့်ရှိတယ်ဆိုတာ တိတိကျကျ Transparent ရှိဖို့လိုတယ်။ အရေးပေါ်ကြောင့် ဒီအာဏာကို သုံးလိုက်ရရင်လည်း တစ်ချိန်ကျလို့ရှိရင် ဒီ Case ကြောင့်မို့ ဒီလိုလုပ်ခဲ့ပါတယ်ဆိုတာကို Record (မှတ်တမ်းတင်)လုပ်ထားရမယ်။ အားလုံးဝိုင်းစဉ်းစားပြီး ဒါကို ပိုကောင်းအောင် ဘယ်လိုလုပ်ကြမလဲဆိုတဲ့အဖြေကို ဝိုင်းရှာလို့ရမှာ။ အသင်းတွေရဲ့ Image (ပုံရိပ်)ဟာ အသင်းကို ဦးဆောင်တဲ့သူတစ်ယောက် ရဲ့ Image ဖြစ်သွားလို့ရှိရင် အသင်းတွေရဲ့ပုံသဏ္ဌာန်ဟာ လူတစ်ယောက်ပြောင်းတိုင်း တစ်ခါပြောင်းနေရင်မဖြစ်ဘူး။

နောက်တစ်ခုက အသင်းဘယ်အခြေအနေရောက်နေပြီလဲဆိုတာ အစိုးရရော၊ အသင်းသားတွေရော၊ Society ရောအားလုံးသိရှိနိုင်လို့ရှိရင် လိုအပ်တယ်ဆိုရင်လည်း ကူညီပေးလို့ရမယ်။

ဦးသူအောင် ။ ။ ကျွန်တော်ဖြည့်ပြောပါရစေ။ Activity (လှုပ်ရှားမှု)တွေ ရှိတယ်၊ ဘာတွေရှိတယ်ဆိုရင် အသင်းဝင် (Member) တွေကို In-Time Information Sharing (အချိန်နဲ့တစ်ပြေးညီသတင်းအချက်အလက်မျှဝေခြင်း)လုပ်လိုက်လို့ရှိရင် သူတို့ထဲကနေ ဝိုင်းပြီးပါလာနိုင်တယ်။ ဝိုင်းပြီး Support လုပ်လာနိုင်တယ်။

ဦးဇော်နိုင် ။ ။ ကျွန်တော်တို့ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းဟာ အသင်းသားတွေအတွက်၊ အသင်းသားဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ကွန်ပျူတာပညာရှင်တွေအတွက် ကောင်းရာကောင်းကျိုး၊ တိုးတက်ရာတိုးတက်ကြောင်း၊ ပညာတိုးပွားရာတိုးပွားကြောင်း လုပ်ဆောင်ပေးဖို့ တာဝန်ရှိပါတယ်။ နောက် Stakeholder တွေဖြစ်တဲ့ အစိုးရ၊ Industry၊ Society၊ အသင်းသားတွေအားလုံးရဲ့ တိုးတက်ရာတိုးတက်ကြောင်းကိုလည်း ဆောင်ရွက်သွားဖို့ တာဝန်ရှိပါတယ်။ အသင်းအနေနဲ့ အခုလက်ရှိမှာ ကွန်ပျူတာပညာရှင်လူငယ်တွေအတွက် အခွင့်အလမ်းတွေ ဖန်တီးပေးတာ (ဥပမာ– Scholarship လိုမျိုး)၊ သင်တန်းတွေ ဖွင့်ပေးတာမျိုးတွေလုပ်နေတဲ့အတူ နိုင်ငံထဲက အဖွဲ့အစည်းတွေ၊ ဌာနဆိုင်ရာတွေ၊ NGO အဖွဲ့အစည်းတွေ၊ စီးပွားရေး အဖွဲ့အစည်းတွေအတွက် နေရာဒေသတော်တော်များများမှာ တက်တက်ကြွကြွနဲ့ နည်းပညာဆိုင်ရာ ပညာပေးဟောပြောပွဲတွေ၊ ပြပွဲတွေကို ကျင်းပနေလျက် ရှိပါတယ်။ ကျွန်တော်တို့ ဘယ်လောက်ပဲလုပ်လုပ် အခုသိလာရတာက



www.foreverspace.com.mm

ကျွန်တော်ကိုယ်တိုင်လုပ်တဲ့ဟာက အလွန်ကိုနည်းပါသေးတယ်။ လိုအပ်တဲ့ပမာဏရဲ့ နည်းနည်းလေးပဲ ရှိပါသေးတယ်။ ဘာကြောင့်လဲဆိုတော့ ဌာနဆိုင်ရာအသီးသီး၊ အဖွဲ့အစည်းအသီးသီးမှာ အခုအချိန်ထိ Digital Divide က အလွန်ကို ကွာဟနေပါတယ်။ ကျွန်တော်တို့အနေနဲ့ တစ်ထောင့်တစ်ကဏ္ဍကနေပြီးတော့ ကူညီလိုတာက အစိုးရဌာနတွေ၊ အဖွဲ့အစည်းတွေ၊ NGO တွေနဲ့ ကဏ္ဍအသီးသီးက ပုဂ္ဂိုလ်တွေအနေနဲ့ ကွန်ပျူတာပညာရှင်အသင်းကို လိုအပ်တဲ့အကူအညီ၊ နည်းပညာအကူအညီ၊ ဟောပြောပွဲကျင်းပပေးစေချင်တယ်တို့၊ ပညာပေးပြပွဲတွေ လုပ်ပေးစေချင်တယ်တို့ဆိုရင် ဆက်သွယ်ပါလို့ ဒီနေရာကနေ ပြောချင်ပါတယ်။

Digital Divide ကိုပြောတဲ့အချိန်မှာ ခေါင်းဆောင်တွေရဲ့ စစ်မှန်တဲ့ပူးပေါင်းပါဝင်ဆောင်ရွက်မှု (Participation)၊ အောက်ခြေက လူတွေရဲ့ပါဝင်ပတ်သက်မှုကို အားပေးအားမြှောက်ပြုတဲ့စိတ်တွေဟာ အရေးကြီးတဲ့အတွက် ခေါင်းဆောင်တွေက ဒီလိုစိတ်နဲ့ လုပ်ကြမယ်ဆိုရင် ကျွန်တော်တို့လုပ်နေတဲ့ပမာဏထက်အများကြီး ပိုသွားမယ်ဆိုတာကိုလည်း ပြောချင်ပါတယ်။

LC ။ ။ ကျွန်တော်တို့ရဲ့ Forum လို့ ဆိုရမယ့် ဒီစကားဝိုင်းရဲ့ ရည်ရွယ်ချက်က Digital Divide ဖြစ်နေတာကို ဘယ်လိုလျှော့ချမလဲ။ e-Government ဆိုတာကို အစိုးရနဲ့ပဲ ပတ်သက်တဲ့လုပ်ငန်းအဖြစ်နဲ့ ပြည်သူလူထုက မဖြင်စေလိုပါဘူး။ ဒီပြည်သူ့ရေးရာဝန်ဆောင်မှုတွေကို အစိုးရကပေးတယ်၊ ပြည်သူလူထုက လက်ခံယူတယ်ဆိုတဲ့ Process ကို လျင်မြန်လွယ်ကူစွာနဲ့ စရိတ်သက်သာစွာရရှိဖို့ ဖြစ်တယ်။ ဒီ Digital Divide ကို e-Government လို ပုံစံမျိုးနဲ့ လွယ်ကူချောမောအဆင်ပြေပြေရနိုင်ဖို့ဆိုရာမှာ ပေးသူတွေ (အစိုးရ သို့မဟုတ် ပညာရှင်တွေ၊ အသင်းအဖွဲ့တွေ) နဲ့ ခံယူမယ့်ပြည်သူလူထု ဘက်ကနေပြီး မေးချင်တာက ပြည်သူလူထုဘက်က ဒီခေတ်ရထားစီးပြီး ခရီးသွားနိုင်ဖို့ ပညာရှင်တွေက လိုအပ်တဲ့ Input တွေပေးရုံနဲ့ မရဘူးပေါ့။ သက်ဆိုင်ရာအစိုးရကလည်း အဆင်ပြေချောမောနိုင်မယ့်မူဝါဒတွေ ချမှတ်ပေးရုံနဲ့ မရပါဘူး။ ပြည်သူလူထုကိုက ဒီ Digital Divide ထဲက မထွက်နိုင်ဘူးဆိုလို့ရှိရင် ခေတ်ရထားစီးပြီး ခရီးသွားလို့မရနိုင်တဲ့အခြေအနေရှိတယ်။ ပြည်သူလူထုမှာ ဒီ Digital Divide တွေ လျှော့ချဖို့အတွက် ဘယ်လိုအကြံဉာဏ်များ ပေးချင်ပါသလဲ။ ဆိုလိုတာက ဒီ Digital Divide ထဲမှာ မကျန်ခဲ့ဖို့ ဘာတွေလုပ်ပေးရမလဲ။ ဦးဝဏ္ဏကို ။ ။ လိုအပ်တာက သူတို့ (ပြည်သူလူထု) ကို နားလည်လွယ်အောင် ပြောဖို့ပဲ။ တချို့ဆို အင်တာနက်ဆိုတာ ဘာမှန်းမသိဘူး။ Website ဆိုတာ ဘာမှန်းမသိဘူး။ ပြည်သူလူထုအပိုင်းကော၊ ကျွန်တော်ဆက်ဆံဖူးတဲ့ Government အပိုင်းကော တော်တော်များများက သူတို့အတွက် အသစ်တွေဖြစ်နေတယ်။ အဲဒီမှာ ဝေါဟာရတွေကို ပညာရှင်အသုံးအနှုန်းထက် သူတို့အတွက် အသုံးဝင်တဲ့ကိစ္စတစ်ခုအနေနဲ့ မြင်သွားအောင်၊ လွယ်ကူတယ်ဆိုတာမျိုး မြင်သွားအောင် ရှင်းပြဖို့လိုတယ်။ ကွန်ပျူတာနဲ့ ပတ်သက်လို့ သတင်းအချက်အလက်တွေ ဖတ်လိုက်တဲ့အခါ တော်တော်များများက နားမလည်ကြဘူး။ ဘာတွေပြောမှန်းမသိဘူး။ ကွန်ပျူတာကို စပြီးတော့ Attach ဖြစ်တဲ့သူတွေတောင် နားမလည်ကြဘူး။ အဲဒီမှာ သူတို့နဲ့မဆိုင်တဲ့ ပုံစံမျိုးဖြစ်သွားတယ်။ နတ်ပြည်က စကားလုံးတွေလိုပဲ။ ဥပမာ–LAN ဆိုတာမျိုး LAN လို့ပြောမယ့်အစား ဘယ်လိုမျိုး နားလည်အောင်ပြောမလဲ။ LAN ဆိုရင်တော့ ဘယ်သူမှမသိဘူး။ LAN ကိုသိဖို့ ဝေါဟာရပြန်ဖွင့်နေရတယ်။ ပြန်ဖွင့်ဖို့အတွက်လည်း တော်ရုံတန်ရုံလူမျိုးက ဆက်စပ်မှုမရှိရင် မေ့ပစ်လိုက်တော့တယ်။ ကွန်ပျူတာဗိုင်းရပ်စ်က လူကို မကူးဘူးဆိုတာကအစ နားလည်ဖို့လိုတာပေါ့နော်။ ဒီအင်္ဂလိပ်လို ကွန်ပျူတာဝေါဟာရတွေကို လူထုကို ဒီတိုင်းသွားပေးလိုက်ရင် အင်တာနက်ဆိုတာ သူတို့အတွက် အသုံးဝင်တဲ့ ကိစ္စတစ်ခုဖြစ်လာအောင် မီဒီယာအပိုင်းကရော၊ Attach လုပ်တဲ့လူတွေရော၊ တိုက်ရိုက်ထိတွေ့နေတဲ့သူတွေကအစ နားလည်အောင်ရှင်းပြဖို့လိုတယ်။ ရှင်းပြလိုက်လို့ရှိရင် နားလည်ပြီး ခေါင်းတော့ညိတ်သွားမှာပဲ။ ဒါပေမဲ့ ခေါင်းထဲကို ဝင်မှာမဟုတ်ဘူး။ ကက်ဆက်လိုပေါ့။ ကက်ဆက်က လူတိုင်းဖွင့်တတ်တယ်။ ကွန်ပျူတာက လူတိုင်း မဖွင့်တတ်သေးဘူး။ အမှန်က ကွန် ပျူတာကို ကက်ဆက်လို လူတိုင်းက ဖွင့်တတ်ရမယ်။

ကွန်ပျူတာအခြေခံ Basic Windows လိုဟာမျိုး Course တွေက သင်တန်းအနေနဲ့ ရှိစရာအကြောင်းမရှိတော့ဘူး။ အခုက ကွန်ပျူတာပညာက တန်ဖိုးအရမ်းရှိနေသလို ဖြစ်နေတယ်။ နည်း

www.forevermyanmarpage.com.mm

နည်းလျှောချသင့်ပြီ။

ဦးဇေယိန် ။ ။ လူထုပါဝင်မှုကိစ္စကို ပြန်စဉ်းစားမိတယ်။ လွန်ခဲ့တဲ့ လေးငါးနှစ်တုန်းက တပ်မတော်ခန်းမက ကွန်ပျူတာပြပွဲမှာ အုန်းအုန်းကျွက်ကျွက် လူတွေအများကြီးပဲ။ ကိုယ့်အခန်းကိုယ် ရောက်အောင် မနည်းတိုးယူရတယ်။ MICT Park ပြပွဲ။ ပြည့်ကျပ်နေတာပဲဗျ။ လူထုက တကယ်တမ်း Awareness (ယဉ်ပါးမှု)ရှိပြီး သားခင်ဗျ။ အဲဒီပြည်သူလူထုကို သူတို့လိုချင်တဲ့၊ တော်နေတဲ့ပညာ တွေကို ခွဲ့ကျွေးဖို့ပဲ လိုနေတာဗျ။ အဲဒီလိုခွဲ့ကျွေးနိုင်ဖို့ ကျွန်တော်တို့ Industry လည်း အရေးကြီးတယ်။ အသင်းအဖွဲ့တွေလည်း အရေး ကြီးတယ်။ ကျွန်တော်တို့ရဲ့ခေါင်းဆောင်တွေလည်း အရေးကြီး တယ်။ ပြည်သူလူထုက ငတ်နေပြီးသား။ သူတို့ဒါမှမတတ်ရင် စာမတတ်ဘူးဆိုတာ သိပြီးသား။ ဒါမှမတတ်ရင် ရှေ့ဆက်ပြီး စီးပွား ရေးလုပ်ဖို့ခက်မယ်ဆိုတာကို သိပြီးသား။ ကျွန်တော်တို့က အဆက် မပြတ်ခွဲ့ကျွေးဖို့ပဲ လိုတယ်။ တော်ကြာ ခွဲ့လိုက်၊ တော်ကြာ ပြန်ဆွဲ နုတ်လိုက်၊ တော်ကြာ ပြန်ခွဲ့လိုက်၊ တော်ကြာ ပြန်အငတ်ထားလိုက် မဖြစ်သင့်ဘူး။

ဦးသောင်းစိုးမိုး ။ ။ ကျွန်တော့်အမြင်ကတော့ ပြည်သူလူထုအနေ နဲ့ အများကြီး ပြင်ဆင်စရာမလိုဘူး။ ကျွန်တော်တို့ပညာရှင်တွေ ဘက်က ကိုဝဏ္ဏကို ပေးသွားတဲ့ဥပမာလို ကက်ဆက်ဖွင့်တတ်ဖို့ အတွက် သင်တန်းတက်စရာမလိုဘူး။ အလိုလိုဖွင့်တတ်ရမယ်။ တောင်သူလယ်သမားတစ်ယောက်က ကွန်ပျူတာ Screen (ကွန်ပျူ တာဖန်သားပြင်)ရှေ့မှာ ရပ်လိုက်တာနဲ့ လယ်သမားတွေအတွက် တည်ဆောက်ထားတဲ့ Website တွေကို သူမြင်တာနဲ့ ခလုတ်နှိပ် ပြီးတော့ အလိုလိုသုံးတတ်သွားမယ့်ဟာမျိုး။ TV တစ်လုံးနဲ့ Remote Control (အဝေးထိန်းခလုတ်)ချပေးထားရင် တစ်နှစ်သားအရွယ် ကလေးတောင်နှိပ်တတ်တယ်ဆိုတာမျိုးဖြစ်အောင် ကျွန်တော်တို့ ရဲ့ပစ္စည်းတွေကို တီထွင်ပေးရမယ်။ ရထားစီးမယ့်လူတစ်ယောက် ဟာ ရထားခေါင်းအင်ဂျင် ဘယ်လိုအလုပ်လုပ်တယ်ဆိုတာကို ဆည်းပူးလေ့လာစရာမလိုဘူး။ ရထားပေါ်တက်စီးလိုက်ရုံပဲ။ ရထားအင်ဂျင်နီယာတွေက ဒီဟာကို ချောမွေ့အောင် လုပ်ပေး ထားပြီးသား။ ကျွန်တော်တို့ ကွန်ပျူတာသမားတွေကလည်း လူတိုင်း ဆီကို ဒီနည်းပညာတွေ ရောက်အောင်လုပ်ရမယ်၊ ဒီပစ္စည်းတွေ လွယ်ကူစွာအသုံးချနိုင်အောင်လုပ်ရမယ်။ မြန်မာဘာသာနဲ့လုပ်ရ မယ်။ လူထုအနေနဲ့ နေရိုးနေစဉ်အတိုင်း နေနေရင်း ဒီပစ္စည်းတွေကို သူတို့ Effect ဖြစ်အောင် လုပ်ပေးနိုင်မယ်ဆိုရင် အလိုလိုနေရင်းနဲ့ ဒီဟာတွေကို သုံးစွဲလာမှာပဲ။ ဒီလိုဖြစ်မြောက်အောင်လုပ်ဖို့အတွက် ပြည်သူလူထုမဟုတ်ဘူး။ ပညာရှင်လူထုအနေနဲ့ ပိုမိုဖွံ့ဖြိုးတိုးတက် လာဖို့လိုတယ်။ ဥပမာ–ရထားစက်ခေါင်းဆို အင်ဂျင်နီယာတွေ အများကြီးဝိုင်းလုပ်ပြီးမှ ဖြစ်မြောက်လာတာ၊ ကွန်ပျူတာလောက ဖွံ့ဖြိုးအောင် ဝိုင်းပြီးလုပ်မယ့်အင်ဂျင်နီယာမျိုးဆက်တွေ အခု နှစ် သောင်းသုံးသောင်းကနေ နှစ်သိန်းသုံးသိန်းဖြစ်လာတဲ့အထိ ဒီလောက ထဲကို ဝိုင်းသွင်းပေးလိုက်နိုင်ရင် အားလုံးအတွက် အကျိုးရှိ သွားမယ်။

ဦးသူရအောင် ။ ။ အသုံးပြုရလွယ်ကူမှု (User Friendly) နဲ့ In

www.forever-space.com.mm

Touch (အမြဲတမ်းထိတွေ့နေမှု)ရှိနေဖို့လည်းလိုတယ်။ အိမ်မှာ TV ရှိတယ်၊ အောက်စက်ရှိနေတယ်ဆိုရင် တစ်နှစ်သားကလေးက လည်း နှိပ်တတ်သွားတာပဲ။ လူကြီးတွေနှိပ်နေတာကြည့်ပြီး သူလည်း နှိပ်တတ်သွားတယ်။ အိမ်မှာတော့ TV ရှိတယ်။ ပျက်စီးမှာစိုးလို့ ပေးမကိုင်ဘဲ အုပ်ထားတယ်ဆိုရင်တော့ တတ်မှာမဟုတ်ဘူး။ အခု လူတွေတော်တော်များများက TV၊ အောက်စက်ဝယ်သလို ကွန်ပျူတာဝယ်လာကြတယ်။ ကွန်ပျူတာကို ပျက်စီးမှာစိုးလို့ မသုံးဘဲထား လို့ရှိရင် မဖြစ်ဘူး။ ပေးသုံးမှဖြစ်မယ်။

နယ်မြို့တွေမှာ အင်တာနက်ရှိတာ နည်းနေပါသေးတယ်။ အင်တာနက်ကို ကိုယ့်ရဲ့လက်လှမ်းမီရာနေရာမှာ အလွယ်တကူသုံးလို့ရနိုင်ပြီဆိုရင် အင်တာနက်သုံးရတဲ့အကျိုးကျေးဇူး (Benefit) တွေကို သူတို့သိလာလိမ့်မယ်။ သိလာရင် သူတို့အထဲမှာ ပို့ပို့သွားမယ်။ နိုင်ငံတစ်နိုင်ငံလုံး (Nation-Wide) များများသုံးလာကြမယ်ဆိုရင် ခုနကပြောတဲ့ Digital Divide ကွာဟမှုနည်းသွားပါမယ်။ အဓိက,ကတော့ သူတို့ပတ်ဝန်းကျင်မှာ အလွယ်တကူသုံးလို့ရဖို့ပဲ။ Benefit တွေက ဘာလဲဆိုတာ သူတို့ပတ်ဝန်းကျင်မှာ အမြန်ဆုံးပို့သွားအောင် မီဒီယာပိုင်းကရော၊ သင်တန်းတွေအပိုင်းကရော ဒီ Knowledge တွေ များများဖြန့်ပေးဖို့လိုတယ်။ အဲဒီ Benefit တွေကို သိလာတာနဲ့အမျှ အားလုံးက ဒီဘက်ကို ရွေ့လာကြလိမ့်မယ်။ ဒီ Benefit တွေရအောင် သင်တန်းပေးတာပဲဖြစ်ဖြစ်၊ ဟောပြောပွဲတွေလုပ်ပေးတာပဲဖြစ်ဖြစ်၊ IT Caravan (နယ်လှည့်ဟောပြောပွဲ) လိုဟာမျိုး အများကြီးထွက်ပေးတာမျိုးဖြစ်ဖြစ် လုပ်ပေးသင့်ပါတယ်။

ဦးဇော်နိုင် ။ ။ 'အ'သုံးလုံးစီမံချက်လိုမျိုး လုပ်ဖို့လိုပါတယ်။ စာမတတ်သူပပျောက်ရေးလုပ်တဲ့အချိန်တုန်းကလည်း စာတတ်တဲ့သူတွေအများကြီးပဲလေ။ အဲဒါက မြန်မာစာအဖွဲ့ရဲ့ လုပ်ငန်းမဟုတ်ဘူး။ 'အ'သုံးလုံးမှာ စာတတ်တဲ့သူတိုင်းဟာ အဲဒီလူပ်ရှားမှုမှာပါဝင်ဆောင်ရွက်ခဲ့သလိုမျိုးပဲ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်တစ်ခုတည်းက လုပ်တဲ့လုပ်ငန်းမဟုတ်တဲ့အတွက်ကြောင့် ကွန်ပျူတာတတ်သောသူတိုင်းက 'အ'သုံးလုံးစီမံချက်လိုမျိုး ဝိုင်းလုပ်ပေးနိုင်မယ်ဆိုရင် အတော်အကျိုးရှိမှာပဲ။ အဲဒီ IT Caravan ကိုလည်း မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်က စလုပ်နေတာကောင်းပါတယ်။ အဲဒီအကျိုးကျေးဇူးအများကြီး ပြန့်ပွားနိုင်ဖို့ 'အ'သုံးလုံးပုံစံလုပ်နိုင်ရင် သိပ်ကောင်းမယ်။ မီဒီယာကလည်း လှုံ့ဆော်မယ်၊ အစိုးရကလည်း ထောက်ပံ့ကူညီမယ်၊ အသင်းအဖွဲ့တွေ၊ ပညာရှင်တွေ၊ တတ်တဲ့သူတွေအားလုံး (ကွန်ပျူတာပညာရှင်မဟုတ်ဘူး။ ဒါပေမဲ့ ကွန်ပျူတာသုံးတတ်တဲ့သူတွေ) ပါဝင်ဆောင်ရွက်မယ်ဆိုရင် ကိုသူရပြောသွားတဲ့လုပ်ငန်းစဉ်ကို ဝိုင်းလုပ်ကြမယ်ဆိုရင် ကွန်ပျူတာ 'အ'သုံးလုံးစီမံချက်ဆိုတာမျိုးဖြစ်သွားရင် ကောင်းမှာပဲလို့ ဆိုပါရစေ။

ဦးရဲမြတ်သူ ။ ။ ကျွန်တော်တို့ဆီမှာ သိပ်ပြီးတော့ Technology မြင့်ရမယ်လို့၊ ကမ္ဘာ့အဆင့်အတန်းမီရမယ်လို့၊ Show ပြဖို့အတွက် လုပ်ဖို့ဟာမျိုးတွေက ဘာနဲ့တူသလဲဆို ကားပြိုင်ပွဲအတွက် ပြိုင်ကားတစ်စီးကို အင်ဂျင်နီယာတွေ အများကြီးနဲ့ ထွင်ကြတယ်။ လူတစ်ယောက်ပဲတက်ပြီးတော့ Specialized (အထူးပြု)လုပ်ထားတဲ့အမြန်လမ်းပေါ်မှာပဲ မောင်းနိုင်တယ်။ အဲဒီကားပေါ်မှာ ထိုင်နိုင်တဲ့သူက တစ်ယောက်ထဲ။ Engineering (အင်ဂျင်နီယာပညာရပ်)စွမ်းရည်ကို ပြတဲ့ဟာမျိုးပဲ။ ကျွန်တော်ဖြစ်ချင်တာ အဲဒီလိုကားမျိုးတွေ ထွင်နေမယ့်အစား ထောလာဂျီလိုဟာမျိုး ဈေးပေါပေါနဲ့ ဝယ်လို့ရတယ်။ ပျက်လို့ရှိရင် အစိတ်အပိုင်းတွေကို အဲဒီနေရာမှာပဲ လဲလို့ရတယ်။ ပစ္စည်းတွေလည်း တင်လို့ရတယ်၊ လူတွေလည်း တက်လို့ရမယ်၊ လမ်းကြိုလမ်းကြားမှလည်း မောင်းလို့ရတယ်ဆိုတဲ့ Solution (ဖြေရှင်းနည်း)မျိုးပေါ့။ မပြည့်စုံဘူး၊ ပြည့်စုံတယ်၊ မကောင်းဘူး၊ ကောင်းတယ်ဆိုတာနဲ့ စာလို့ရှိရင် ဘာအလုပ်ဖြစ်သလဲ၊ ဘာအကျိုးကျေးဇူးရှိသလဲဆိုတဲ့ဟာကို ချဲ့ပြီးစဉ်းစားဖို့လိုတယ်။ International Level ကို သွားဖို့ဟာက တိုင်းပြည်ရဲ့မျက်နှာစာအနေနဲ့ တစ်ဖက်က လုပ်ကြပေါ့နော်။ မလုပ်ရဘူး မဟုတ်ဘူး။ လုပ်ရမယ်။

တစ်ဖက်ကလည်း ဒီ Digital Divide ပပျောက်ရေးက သိပ်ပြီးတော့ သိစရာ တတ်စရာမလိုဘူး။ ဘာဖြစ်အောင် လုပ်ပေးမလဲဆိုတဲ့ဟာပေါ့။ အဲဒီမှာ ဘာတစ်ခုတွေ့ရသလဲဆို မိဘတွေက ကလေးတွေ ကွန်ပျူတာတတ်စေချင်လို့ ဆရာခေါ်ပြီး သင်ပေးတယ်။ ဆရာက ဘာလုပ်သလဲဆို အဲဒီကလေးကို Words၊ Excel ရယ်၊ Power Point ရယ် သင်ပေးတယ်။ ကလေးက ငယ်ငယ်လေးပဲရှိသေးတယ်။ သူက ဒီ Spread Sheet Excel ဆွဲတတ်ဖို့ စာရင်းလည်း မသိဘူး။ ကျောင်းမှာ ကလေးတွေကိုသင်ဖို့ ကွန်ပျူတာတွေချထားပေမယ့် မကိုင်ကြဘူး။ ကျွန်တော်တို့ ငယ်ငယ်ကတုန်းက စာကြည့်တိုက်မှာ စာအုပ်ကို ဝင်ဖတ်တယ်ဆိုတာမျိုး သူတို့လိုချင်တဲ့၊ ငတ်နေတဲ့ ဗဟုသုတတွေရဖို့၊ Researcher (သုတေသနသမား)တွေက သူတို့လိုချင်တဲ့ Data တွေရဖို့ အင်တာနက်ကိုသုံးရမှာ။ Content တွေ၊ System တွေ အကုန်လုံးက ဗုံးပေါလအော ဖြစ်နေမှသုံးကြမှာ။ သုံးရတဲ့နှုန်းကလည်း သက်သာဦးမှ။ အခု ကမ္ဘာမှာ အင်တာနက်အမြန်ဆုံးနဲ့ ဈေးအသက်သာဆုံး သုံးနိုင်ငံတွေက ဂျပန်က နံပါတ်တစ်၊ အမေရိကန်က နံပါတ်နှစ်၊ ကိုရီးယားက နံပါတ်သုံးဖြစ်နေတယ်။ သိပ်ကြီးကျယ်ပြီး အောင်မြင်နေတဲ့သူတွေက စရိတ်သက်သက်သာသာနဲ့ သုံးနေတဲ့အချိန်မှာ ကျွန်တော်တို့ဆီမှာ စရိတ်ကြီးကြီးနဲ့ သုံးနေရတယ်။ ရန်ကုန်နဲ့ မန္တလေးဆို ရန်ကုန်က ဈေးနည်းနည်းသက်သာတယ်။ မန္တလေးက စရိတ်ပိုကြီးတယ်။ နယ်ဆို ပိုကြီးသွားပြီ။ iPSTAR တစ်လုံးကို လေးငါးဆယ် (ကျပ်သိန်း)နဲ့ထောင်ပြီး တစ်လကို သုံးလေးသိန်းလောက်မပေးရရင် အင်တာနက်က မသုံးရတော့ဘူး။ အဲဒီဟာတွေက Digital Divide ပိုပိုပြီးဖြစ်အောင် လုပ်နေသလို ဖြစ်နေမယ်။ ဂျပန်၊ အမေရိကန်တွေမှာ ပိုမြန်ပြီး မြန်မာနိုင်ငံမှာ နေးသလိုပဲ မြန်မာပြည်မှာလည်း ရန်ကုန်က လူတွေက ဈေးသက်သက်သာသာနဲ့ မြန်မြန်ဆန်ဆန် သုံးနိုင်ပြီး မန္တလေးမှာ ပိုခက်သွားပြီ၊ နယ်ပိုရောက်လေ ပိုခက်လေ ဖြစ်နေတယ်။

www.foreverspace.com.mm

သူတို့ကြည့်ချင်တဲ့စိတ်မြင့်လာဖို့အတွက် Contant တွေ အများကြီးလိုတယ်။ Quality (အရည်အသွေး) နဲ့စာလို့ရှိရင် ဘာပေးနိုင်သလဲဆိုတာ ရှင်းရှင်းလင်းလင်းဖြစ်ဖို့လိုတယ်။ သူတို့ ငတ်နေတာပေးနိုင်ဖို့ပေါ့။ World Bank (ကမ္ဘာ့ ဘဏ်)ရဲ့ အစီရင်ခံစာကို လယ်သမားတစ်ယောက်က ဖတ်စရာ အကြောင်းမရှိဘူး။ သူ့ရဲ့ သီးနှံနဲ့ပတ်သက်လို့ အင်တာနက်သတင်းကြည့်တယ်ဆိုတာကလည်း သူကိုယ်တိုင် ဒီသီးနှံကို ပို့လို့ရတဲ့ Channel ထဲမှာ ထိုင်နိုင်မှ သူကြည့်မှာ။ သူမှာက Information မှ မရှိဘဲနဲ့ ဒီဈေးနှုန်းတစ်ခုတည်းသိရုံနဲ့ ဘာမှလုပ်လို့မရဘူး။ ကျွန်တော်တို့ကိုယ်တိုင်တောင် ကြုံရတယ်လေ။ အမေရိကန်က အီလက်ထရွန်နစ် Device တွေကို ကြည့်ပြီး သွားရည်ယိုတာပဲ အဖတ်တင်တယ်။ ကိုယ်တိုင် ဝယ်လို့မရဘူး။ Money Order (ငွေပို့လွှာ)နဲ့လည်း မှာလို့မရဘူး။ သွင်းလာခိုင်းလို့လည်းမရဘူး။

တကယ်လက်တွေ့အသုံးကျဖို့ စဉ်းစားတဲ့အခါ ဒီအလုပ်လုပ်နေတဲ့သူတွေက Change (အပြောင်းအလဲ) ကို လက်ခံရမယ်။ Government Project မှာပဲဖြစ်ဖြစ်၊ ကုမ္ပဏီတွေမှာပဲဖြစ်ဖြစ် ကွန်ပျူတာတွေ သုံးလာတယ်ဆိုလို့ရှိရင် ပြောင်းလဲမှုတစ်ခု ဖြစ်လာတယ်။ အဲဒီအပြောင်းအလဲက ကိုယ့်အတွက် အကျိုးပိုရှိမယ်လို့ ထင်တဲ့သူက လက်ခံတယ်။ အကျိုးပိုရှိမယ်လို့ မထင်တဲ့သူက လက်မခံဘူး။ လက်ရှိရှိနေတဲ့သူတွေက မတတ်ရင် တတ်တဲ့နောက် Generation က ဝင်လာမှာမို့လို့ နောက်ဝင်လာတဲ့သူတွေက Roll (အဆင့်အတန်း)ပိုမြင့်လာမှာပဲ ဆိုပြီး အဲဒီ Change ကိုကြောက်ပြီး Resist (ခုခံ)လုပ်နေတာမျိုး လည်းရှိတယ်။ အောက်ကတက်လာပြီး

"ပဟုသုတအများကြီးရှိတဲ့၊ စွယ်စုံကျမ်းကြီးရှိတဲ့ အင်တာနက်ပေါ်တက်နိုင်ရင် ကျွန်တော်တို့သိချင်တဲ့အကြောင်းအရာတွေကို ကိုယ့်ဟာကိုယ်ဖတ်ကြည့်နိုင်တယ်"

ဦးဟန်ညွှန့်စိန်

"ကမ္ဘာမှာဖြစ်ပျက်နေတဲ့အကြောင်းအရာတွေကို ဒီမှာရိုက်ထည့်ပြီး အကုန်လုံးရှာလို့ရတဲ့အတွက် ကျွန်မအတွက် ဘာမှမခက်တော့ဘူး"

ဒေါ်ခင်သန်းဆွေ

မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံအသီးသီးတွင်လည်း ဂလိုဘယ်လိုက်ဇေးရှင်းခေါ် ကမ္ဘာပြုမူဖြစ်စဉ်များအရ ကွန်ပျူတာ၊ အင်တာနက်အပါအဝင် ခေတ်ပေါ်အီလက်ထရွန်နစ်ပစ္စည်းအသစ်အဆန်းများကြောင့် မျိုးဆက်သစ်လူငယ်နှင့် မျိုးဆက်ဟောင်းလူကြီးတို့အကြား အဆိုပါပစ္စည်းများ ကျွမ်းကျင်စွာကိုင်တွယ်သုံးစွဲနိုင်မှုစွမ်းရည် (ဝါ) ယဉ်ပါးမှုကွာဟချက်တို့ ကြီးမားလာပါသည်။ ယင်းကို အင်္ဂလိပ်ဘာသာဖြင့် Digital Divide ဟု ဆိုကြသည်။ ဤအခြေအနေကို ရိုပ်စားမိသူတို့က ထိုကွာဟချက် ကျဉ်းမြောင်းသွားစေရန် မိမိတို့တတ်နိုင်သည့်နည်းလမ်းဖြင့် လုပ်ဆောင်လာကြသည်။ မြန်မာနိုင်ငံတွင်မူ Service+ ကုမ္ပဏီက အင်တာနက်သုံးစွဲနည်းသင်တန်းများ ကျယ်ကျယ်

www.forevermpace.com.mm

တတ်တဲ့သူနဲ့အပေါ်က Experience ရှိပြီးသား မတတ်တဲ့သူတို့ ပူးပေါင်းဆောင်ရွက်ရမယ့်နေရာမှာ ပြိုင်ဘက်တွေလို ဖြစ်လာတယ်။ ဒီပြဿနာလဲလာတဲ့ Change က အားလုံးအတွက် တန်ဖိုးရှိတယ်ဆိုတာကို ဒီ Changeမှာ ပါနေတဲ့လူကြီးတွေပါ Participate (ပူးပေါင်းပါဝင်)လုပ်ရင်း သူတို့ သဘောပေါက်နားလည်နိုင်အောင်ပါ ကျွန်တော်တို့ စဉ်းစားပေးဖို့လိုတယ်။

ဦးဝဏ္ဏကို ။ ။ ကျွန်တော်ဗေဒင် Software တွေ အလကားပေးလိုက်တော့ ဗေဒင်ဝါသနာပါတဲ့သူတွေ ကွန်ပျူတာဝယ်လာကြတယ်။ ပိုင်ရှင်တော်သုံးပုံကို အလကားပေးရင် ကျွန်တော်ထင်တယ်၊ ဘုန်းကြီးတွေအားလုံးကလည်း ကွန်ပျူတာသုံးလာကြလိမ့်မယ်။ အဓိကက သူတို့အသုံးဝင်ဖို့ပဲ။ သူတို့အသုံးဝင်ရင် သုံးမှာပဲ။ သူတို့အသုံးမဝင်ရင် Entertainment (ဖျော်ဖြေရေး)ဖြစ်သွားလိမ့်မယ်။ ကွန်ပျူတာက Entertainment မဟုတ်ဘူး။

အခုထက်ထိ ကလေးတွေအတွက် Game (ကစားနည်း)တွေ မရှိသေးဘူး။ Software တွေမရှိသေးဘူး။ ကလေးတစ်ယောက်က ကွန်ပျူတာဖွင့်လိုက်လို့ သူတို့အတွက် အကျိုးမရှိသေးဘူး။ ကလေးတွေအတွက် ဘာတွေလုပ်ပေးရမလဲ။ ကလေးတစ်ယောက်က အင်တာနက်ကြည့်ဖို့ သူတို့အတွက် Website မရှိသေးဘူး။ ကလေးတွေအတွက် Website ကလေးတစ်ခု ဖန်တီးပေးသင့်တယ်။ အဲဒီတော့မှ ကလေးတွေက ကွန်ပျူတာပူဆာလာမယ်။

ဦးသောင်းစုဇိမ်း ။ ။ ကျွန်တော် စဉ်းစားမိတာတစ်ခုက ဒီ Digital Divide ကို လျှော့ချနိုင်အောင် ပစ္စည်းပစ္စယတွေ လွယ်ကူအောင် လုပ်ပေးတယ်ဆိုရင် သူတို့တွေ သုံးလာကြလိမ့်မယ်။ ဒါပေမဲ့ အဲဒီပစ္စည်းတွေ လူတွေလက်ထဲကိုရောက်အောင် ဘယ်လိုလုပ်မလဲ။ ကွန်ပျူတာတစ်လုံးသုံးဖို့အတွက်ဆို ကွန်ပျူတာလိုတယ်၊ မီးလိုတယ်။ ဒီကွန်ပျူတာကိုလည်း တစ်ခုခုနဲ့ချိတ်ဆက်မှ အကျိုးရှိမှာကိုး။ အင်တာနက်တို့ ဘာတို့ ချိတ်ဆက်ဖို့လိုတယ်။ အဲဒီသုံးခုဖြစ်မြောက်ဖို့ လက်နဲ့မောင်းရတဲ့ မီးစက်မျိုး၊ Generator မျိုး၊ ဒါမှမဟုတ် အခြားနည်းလမ်းတစ်ခုခုနဲ့ မောင်းတဲ့မီးစက်မျိုးလိုတယ်။ ကွန်ပျူတာတစ်လုံးကို မောင်းလို့ရတယ်။ ဈေးသက်သက်သာသာနဲ့ ဝယ်လို့ရတဲ့ ကွန်ပျူတာတွေလိုမယ်။ နှစ်သိန်း သုံးသိန်းတန် ကွန်ပျူတာတွေ။ နောက် အင်တာနက်ချိတ်ဆက်ပေးနိုင်ဖို့အတွက် MPT Satellite Terminal တစ်လုံးလိုမယ်၊ အဲဒီပစ္စည်းသုံးခုနဲ့ တွက်ကြည့်မယ်ဆိုရင် အကြမ်းဖျင်း သိန်း ၁၀၀ လောက်ဆိုရင် ကွန်ပျူတာလေးငါးဆယ်လုံးပါတယ်။ အင်တာနက်ချိတ်လို့ရတယ်။ ၂၄ နာရီလုံး Run (လည်ပတ်)နေလို့ရတဲ့ Set-Up (ထူထောင်မှု) တစ်ခုရမယ်။ ဒီ သိန်း ၁၀၀ လောက်က လယ်သမားတွေ၊ ကျေးလက်နေပြည်သူတွေအတွက် တော်တော်များတယ်။ ကျေးရွာအုပ်စုတစ်ခုဆိုရင် ရွာငါးရွာလောက်ပါမယ်။ အိမ်ခြေ ၃၀၀၀ လောက် ရှိမယ်။ ဒီအိမ်ခြေ ၃၀၀၀ ကို သိန်း ၁၀၀ နဲ့ စားကြည့်ရင် တစ်အိမ် ၃၀၀၀ ကျပ်ပဲ ကျတယ်။ တစ်အိမ်မှာ လူသုံးယောက် ပျမ်းမျှရှိတယ်ဆိုရင် တစ်ယောက်ကို ၁၀၀၀ ကျပ်နဲ့ ကွန်ပျူတာ ၁၀ လုံးလောက်ပါတဲ့၊ တယ်လီဖုန်းလည်းပါတဲ့၊ အင်တာနက်ကြည့်လို့ရတဲ့ စင်တာတစ်ခုက ဒီရွာငါးရွာရဲ့အလယ်မှာ ရသွားပြီ။ အဲဒီဟာမျိုးတွေကို ရွာတွေ

ပြန့်ပြန့်သင်ကြားပေးပြီး ထိုကွာဟချက်ကို စွမ်းသလောက် နိုင်သရွေ့ ဆွဲယူတေ့ဆက်ပေးလျက်ရှိပါသည်။ ထိုသတင်းကို ကမ္ဘာပြုမှုဖြစ်စဉ်နှင့်အတူ လိုက်ပါလာသည့် ဒစ်ဂျစ်တယ်လှိုင်းများကို အလိုက်သင့်စီးမျောလိုသူ Future Engineering Gold Mining ကုမ္ပဏီက ကောင်းစွာသိရှိသည့်အလျောက် ကုမ္ပဏီရှိ အသက် ၃၅ နှစ်အထက် အကြီးတန်းအရာရှိများကို ဤသင်တန်းသို့ ပို့လွှတ်သင်ကြားစေပါသည်။ အောက်ဖော်ပြပါအကြောင်းအရာများမှာ အဆိုပါကုမ္ပဏီမှ Service+ တွင် အင်တာနက်သင်တန်းတက်ရောက်နေသူအကြီးတန်းအရာရှိနှစ်ဦး၏ သဘောထားအမြင်များဖြစ်ပါသည်။

အယ်ဒီတာ

ဦးဟန်ညွန့်စိန် အသက် ၄၉ နှစ်
ဒုတိယအထွေထွေမန်နေဂျာ
Future Engineering Gold Mining Co.

ကျွန်တော်တို့လူကြီးပိုင်း Generation (မျိုးဆက်) တစ်ခုက အင်တာနက် မသုံးဖြစ်ကြဘူး။ လူငယ်ပိုင်းတွေ၊ အိမ်မှာ ကွန်ပျူတာရှိတဲ့သူတွေကတော့ သုံးဖြစ်ကြတယ်ပေါ့နော်။ ကျွန်တော်တို့ ဒီလူကြီးပိုင်းတွေကတော့ အသုံးနည်းကြတယ်။ ကျွန်တော်တို့ အသက်အရွယ်တွေက သိချင်တာကို အခု ကွန်ပျူတာသုံးနေတဲ့ ကလေးတွေဆီက မေးရတယ်။ ကိုယ်ကိုယ်တိုင် အကြောင်းအရာတွေရှာချင်တာကို ကွန်ပျူတာမသင်ကြားခဲ့ရတဲ့ လူကြီးပိုင်းတွေ၊ အခုလက်ရှိမှာ ကုမ္ပဏီရဲ့သက်ဆိုင်ရာ Administration Post (ဦးစီးညွှန်ကြားသောရာထူး)တွေမှာ တာဝန်ထမ်းဆောင်နေကြတဲ့သူတွေ၊ ကနေ့ဖြစ်ပေါ်နေတဲ့ Business Management (စီးပွားရေးစီမံခန့်ခွဲမှု)တွေ၊ ကျွန်တော်တို့နိုင်ငံမှာ Develop (ဖွံ့ဖြိုး) ဖြစ်လာမယ့်ကိစ္စတွေ၊ ကျွန်တော်တို့ကုမ္ပဏီရဲ့ တိုးတက်လာတဲ့ နိုင်ငံတကာဆက်သွယ်မှုကိစ္စတွေမှာ (ကျွန်တော်တို့ Mining Group (ဓာတ်သတ္တုတူးဖော်ရေးအဖွဲ့) ဆိုတာ အမြဲတမ်း Develop လုပ်နေရပါတယ်) ဒီ Develop လုပ်နေတဲ့အချိန်မှာ ကျွန်တော်တို့လည်း ကလေးတွေနဲ့အတူ လုပ်နေရတယ်။ ဥပမာ–မြေပုံတစ်ခုရှာချင်တယ်။ ကျွန်တော်

www.foreverfrance.com.mm

က ရယကဘဏ္ဍာ/ သူကြီးတွေကစုစည်းပြီးလုပ်နိုင်မယ်၊ မလုပ်နိုင်ဘူးဆိုရင်လည်း စီးပွားရေးလုပ်ငန်းရှင်တွေကနေ ရေတွင်းတွေ လှူသလိုမျိုး လှူဒါန်းပုံပိုးပေးနိုင်မယ်ဆိုရင် ဒီကျေးရွာသူ၊ ရွာသားတွေ Digital Divide လျော့ကျသွားမယ်။ အဲဒီ Infrastructureရှိသွားမယ်ဆိုရင် ကျွန်တော်တို့ ဒီဘက်က ပညာရှင်တွေဆောက်တဲ့ Content Website တွေကလည်း ပေါ်လာမယ်။ Game တွေပဲဖြစ်ဖြစ်၊ တို့ကျေးရွာဆိုတဲ့ဂျာနယ်ကို Online ပေါ်က ဖတ်တာမျိုးတွေဖြစ်လာမယ်။ ကိုရဲထွန်းအောင်တို့လုပ်နေတဲ့ Blog တွေမှာလည်း ကျေးလက် Blog တွေပေါ်လာမယ်။ သူတို့ ဘာသာသူတို့ ပြောချင်တဲ့ဟာတွေ တင်ထားမယ်။ ဒါ Digital Divide ကို ဖြေရှင်းတဲ့နည်းလမ်းလေးတစ်ခုပါ။

LC ။ ။ Infrastructure တွေလုပ်ပေးနိုင်တယ်ပဲထားဦး။ လူထုအားလုံးရဲ့ IT အပေါ်မှာ Awareness တက်အောင် ခုနကဦးဇော်နိုင်ပြောသွားတဲ့ 'အ'သုံးလုံးစီမံချက်ဆိုတာမျိုးပေါ့။ အမြန်ဆုံးနည်းလမ်းနဲ့ လက်ရှိ ချက်ချင်းလုပ်နိုင်တဲ့ Channel (လမ်းကြောင်း) ဘာရှိနိုင်သလဲ။

ဦးသောင်းစုဇွိမ်း ။ ။ ကျွန်တော်တို့ဆီမှာ အကျယ်ပြန့်ဆုံးမီဒီယာက တီဗီဖြစ်မယ်ထင်တယ်။ ရေဒီယိုရှိမယ်။ ဂျာနယ်သတင်းစာတွေ ရှိမယ်။ ဒီဟာတွေမှာ ပညာပေးအစီအစဉ်တွေ သွားလို့ရတယ်။ ဒါပေမဲ့ အဲဒီက ပညာပေးအစီအစဉ်တွေက အကျိုးသက်ရောက်မှုရှိသလားဆို သိပ်မရှိဘူး။ ခုနက ကိုဇော်နိုင်ပြောသလို 'အ'သုံးလုံး အစီ

တို့က Mining ဆိုတော့ Location (နေရာ)က အရမ်းအရေးကြီးတယ်။ အဲဒီလိုရှာတဲ့အခါ GPS ကို သုံးကြတယ်။ အဲဒီ GPS နဲ့ ကွန်ပျူတာ တွဲပြီး ကျွန်တော်တို့ Tracking လမ်းကြောင်းတွေကို Location အတိအကျယူကြရတယ်။ အဲဒီလို အလုပ်တွေကို ကလေးတွေကလုပ်ကြတယ်။ ကျွန်တော်တို့ လူကြီးတွေက ဒီနေရာ၊ ဒီ Location မှန်/မမှန်ဆိုတာ ကွန်ပျူတာအားနည်းမှုကြောင့် မသိရပါဘူး။ ကွန်ပျူတာအပိုင်းကို ကျွန်တော်တို့ လူကြီးတွေလည်း သိသင့်သိထိုက်တယ်လို့ ယူဆပါတယ်။ အခုဆို အခက်အခဲတွေက အများကြီးရှိတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာသုံးနေတဲ့ ရှေးခေတ်က Lampus System မြေပုံကြီးတွေကို ယနေ့ UTM System ကို ပြောင်းလဲလိုက်တဲ့အခါ ဒီ UTM System နဲ့ Lampus System တွေထပ်တဲ့ GIS ပညာတွေကို အင်တာနက်ကနေ ရှာနိုင်တာကို သိရတယ်။

နောက်တစ်ခုက Business Management ပေါ့။ ကျွန်တော်တို့ Business တွေက သွားပုံချင်းမတူကြဘူး။ Mining မှာ ကျွန်တော်တို့က တချို့ဟာတွေက Exploration (ဖောက်ခွဲမှု) လုပ်ရတယ်။ အဲဒီ Stage (အဆင့်)တွေက ပိုက်ဆံကုန်ခဲ့တယ်။ အဲဒီအချိန်မှာ ကမ္ဘာမှာသုံးနေတဲ့ ကိစ္စတွေ၊ အပြင်မှာလုပ်နေကြတာတွေကို အင်တာနက်က ရှာချင်တယ်။

နောက် ကျွန်တော်တို့ ရွေးရှာတဲ့အခါမှာ ရှေးရိုး Method (နည်းလမ်း) တွေနဲ့လုပ်နေရတာတွေ ရှိတယ်။ Method တွေက ဟောင်းတယ်။ အိမ်နီးနားချင်းနိုင်ငံတွေလို Advance (ရှေ့ရောက်) ဖြစ်လာတဲ့ Technology တွေ ကျွန်တော်တို့မှာမရှိဘူး။ Mass Production (အရေအတွက်အမြောက်အမြားထုတ်လုပ်မှု) ထုတ်တာကို Local Method (ပြည်တွင်းနည်းပညာ) တွေနဲ့ပဲ ထုတ်ခဲ့ရတယ်။ အခု အင်တာနက်သုံးကြည့်မှပဲ အိမ်နီးနားချင်းနိုင်ငံတွေသုံးနေတဲ့ Method တွေကို သိရတယ်။ ကျွန်တော်တို့ရဲ့ကလေးတွေကို ပြန်ပြောနိုင်တယ်။ ကျွန်တော်တို့ငယ်ငယ်က စာတွေသင်ခဲ့ရတယ်ဆိုပေမယ့် ဒီလိုဗဟုသုတ များများမရခဲ့တဲ့အတွက် ဗဟုသုတအများကြီးရှိတဲ့ စွယ်စုံကျမ်းကြီးရှိတဲ့ အင်တာနက်ပေါ်တက်နိုင်ရင် ကျွန်တော်တို့ သိချင်တဲ့ အကြောင်းအရာတွေကို ကိုယ့်ဟာကိုယ်ဖတ်ကြည့်နိုင်တယ်။

အခု ဒီသင်တန်းက ကျွန်တော်တို့ကမွမ္ဓဏီတစ်ခုထဲကပဲ One Section (တစ်ချိန်)ကို ယူလိုက်တာပါ။ တချို့ဝန်ထမ်းတွေက တောထဲမှာရှိနေလို့ မလာနိုင်တဲ့သူတွေရှိတယ်။ ဒါပေမဲ့

www.foreverspace.com.mm

အစဉ်လုပ်မယ်။ ဒါမှမဟုတ် တီဗီပေါ်ကနေ နာရီဝက်စာ ကွန်ပျူတာသင်တဲ့ Program(အစီ အစဉ်)ဖြစ်မယ်။ အသိပညာက ရောက်ပြီ။ ပစ္စည်းမရှိဘူး။ ကျွန်တော် ခုနက Propose လုပ်တဲ့ Project လေးရယ်၊ ကိုဇော်နိုင် Propose(ကမ်းလှမ်းတင်ပြ)လုပ်တဲ့ အသုံးလုံးစီမံချက်ရယ်၊ တီဗီကနေလွှင့်တာရယ် ဒါတွေအားလုံး ပေါင်းစပ်ပြီးသွားမှ သင်ယူ၊ လေ့ကျင့်၊ သုံးစွဲဆိုတဲ့စနစ် ဖြစ်သွားမယ်။

ဦးဇော်နိုင် ။ ။ ကျွန်တော်တို့ Channel တွေပြောတဲ့အခါမှာ ပညာရည်နဲ့သောက်စို့ရာ ကျောင်းတွေကိုလည်း လုံးဝမေ့ထားလို့ မရပါဘူး။ ကလေးငယ်အရွယ်ကနေ အသက်အစိတ်လောက်အထိ အတော်များများဟာ ကျောင်းမှာနေခဲ့ရတဲ့အချိန်များတယ်။ အဲဒီ ကျောင်းတွေဟာ Main Channel (အဓိကလမ်းကြောင်း)တွေလို့ ပြောရင်လည်း မမှားပါဘူး။ ကျောင်းတွေမှာ ကွန်ပျူတာတွေ တပ်ထားပေးတယ်။ သုံးဖို့ပဲလိုတယ်။ ကျောင်းနေပျော်ဖို့လိုသလို ကျောင်းတွေက ကွန်ပျူတာတွေနဲ့ပျော်ဖို့လည်း လိုပါတယ်။ သင်ရိုးညွှန်းတမ်းတွေထဲမှာ စိတ်ဝင်စားစရာ ကွန်ပျူတာသင်ရိုးညွှန်းတမ်းတွေ ထည့်ဖို့လိုပါတယ်။ နောက်တစ်ဆင့် Channel တစ်ခုကတော့ ကွန်ပျူတာတက္ကသိုလ်တွေ။ အခုအချိန်မှာ Drive(မောင်းနှင်မှု)က တော့ မှန်ပါတယ်။ အရေအတွက်အားဖြင့်ပေါ့။ ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသားဘဝက ကွန်ပျူတာတက္ကသိုလ်က ရန်ကုန်မှာ တစ်ခုပဲရှိတာ။ အခုဆို ကွန်ပျူတာတက္ကသိုလ် ၂၄ ကျောင်း ရှိနေတယ်။ Enroll (ကျောင်းအပ်စာရင်းဝင်)လုပ်တာ တစ်နှစ်ကို သောင်းဂဏန်းရှိတယ်။ အဲဒီက Quantity Drive ကနေ Quality Drive ဖြစ်လာအောင်၊ ကျောင်းနေပျော်လာအောင် Content တွေကို Create (တီထွင်ဖန်တီး)လုပ်ပေးတာ။ သင်ရိုးညွှန်းတမ်းတွေမှာ ပျော်ရွှင်စရာ၊ စိတ်ဝင်စားစရာ ကလေးတွေဆိုရင်လည်း အရွယ်နဲ့ လိုက်ဖက်ညီတဲ့ Content တွေ Create လုပ်ပေးဖို့က အရေးကြီးပါတယ်။

ဦးဝဏ္ဏကို ။ ။ ကွန်ပျူတာကို သင်ရိုးညွှန်းတမ်း သတ်မှတ်ပြီး မူလတန်းမှာကတည်းက အခြေခံကို စသင်သင့်တယ်။ ကျွန်တော် ပြောပြချင်တာက Medical နဲ့ပတ်သက်တဲ့ Program တစ်ခုရေးတယ်။ ဆရာဝန်ဆီသွားတယ်။ အဲဒီဆရာဝန်က ကွန်ပျူတာ အကြောင်း နားမလည်ဘူး။ ကျွန်တော့်ကို ဆေးအကြောင်းတွေ ချည်းပြောတယ်။ ကျွန်တော်ကလည်း ဆေးအကြောင်းနားမလည်ဘူး။ အဲဒီပြဿနာတွေရှိတယ်။ ကျွန်တော်ထင်တယ် ကွန်ပျူတာက ပညာရပ်သက်သက်မဟုတ်ဘူး။ မူလတန်းကတည်းက တဖြည်းဖြည်းတွဲသင်လာရင် ၁၀ တန်းလောက်အဆင့်မှာ Programming အခြေခံလောက်တော့ တတ်နေသင့်တယ်။ Programmer ဖြစ်ဖို့ ဆိုလိုတာမဟုတ်ဘူး။ ဆရာဝန်က Programming အခြေခံကို နားလည်ထားရင် လုပ်ငန်းလုပ်တဲ့အခါမှာ Programmer ဒုက္ခမရောက်တော့ဘူးပေါ့။ အဲဒါသင်ရိုးညွှန်းတမ်းဆွဲထားသင့်တယ်။ သူငယ်တန်းကနေစပြီး ၁၀ တန်းအထိ။ နောက်ပြီး တက္ကသိုလ်အဆင့်အထိပေါ့။ အဲဒါကို ကွန်ပျူတာပညာရှင်အသင်းက လုပ်ပေးသင့်တယ်။ အခုက စနစ်မရှိဘူး။ ခုနက 'အ'သုံးလုံးအောင်မြင်ခဲ့တာကလည်း

နောက် Section မှာ သူတို့ကို လာနိုင်အောင်လွှတ်မယ်။ ကျွန်တော်တို့ ဥက္ကဋ္ဌ လမ်းညွှန်မှုနဲ့ လာတက်ကြတာပါ။ ကျွန်တော်တို့လိုပဲ တခြားကုမ္ပဏီတွေ အနေနဲ့လည်း ဒီလိုလုပ်သင့်ပါတယ်။

ဒီသင်တန်းမှာ သတောကျတာက အင်တာနက်ရဲ့ အနှစ်သာရကို ဦးစားပေးသင်တယ်။ အင်တာနက်လုပ်ဆောင်ချက်ကို သင်တာတစ်မျိုးပါ။ ဒီလိုအင်တာနက်အနှစ်သာရ၊ အင်တာနက်ရဲ့ ဗဟုသုတတွေကိုပြောနိုင်တဲ့ ဒီကဆရာတွေကို လေးစားမိတယ်။ စနစ်တကျဖြစ်သင့်တယ်။ ဒါပြီး ဒါလုပ်မယ်ဆိုတဲ့ Step(အဆင့်)ထက် ဒီရဲ့ အနှစ်သာရ သိရဖို့ပဲ။ ကားတစ်စီးကို သူ့ရဲ့စွမ်းရည်၊ သူ့ရဲ့အသုံးဝင်ပုံ၊ သူ့ရဲ့ခွန်အားတွေ သိနေရင် ကျွန်တော်တို့ ဒီကားကို ပိုင်နိုင်စွာအသုံးချသွားနိုင်တယ်။ မောင်းတော့ မောင်းတတ်ကြတယ်။ ဒီကားကို ပိုင်ပိုင်နိုင်နိုင်မသိဘူး။ ဘယ်လောက်အထိ



www.foreverspace.com.mm

ဒီကိုင်းချည်း ကကြီး ခခွေးချသင်တာမဟုတ်ဘူး။ ဝ.ထ. က.လ.သ ဆိုပြီး စနစ်ထွင်သင်ခဲ့တာ။ အဲဒီစနစ်ကြောင့် အောင်မြင်တာပဲ။ စနစ်မရှိရင် အောင်မြင်မှာမဟုတ်ဘူး။

LC ။ ။ နိဂုံးချုပ်အနေနဲ့ ပြောပါရစေ။ ဦးဝဏ္ဏကို လုပ်ပေးတဲ့ e-D Form က ဒစ်ဂျစ်တယ်လိုင်းနဲ့ပတ်သက်လို့ တစ်ခုအချက်ပေးလိုက်တယ်လို့ ခံစားရတယ်။ D Form ကို Hard Copy နဲ့ မရတော့ဘူးဆိုတဲ့ Signal က ပြည်သူလူထုကို ဘာပြောနေသလဲဆို ခင်ဗျားတို့ Digital Divide ထဲမှာ နေခဲ့လို့ မရတော့ဘူး။ ခင်ဗျားတို့ အနည်းဆုံးတော့ အင်တာနက်ပေါ် တက်နိုင်ရမယ်။ ခင်ဗျားမှာ e-mail Address တစ်ခု ရှိရမယ်လို့ ပြောနေပြီ။ ဒါပေမဲ့ ဒီ D Form ဟာ တစ်နှစ်မှတစ်ခါ၊ တစ်သက်မှတစ်ခါ နိုင်ငံခြားထွက်မှ လုပ်ရတာမို့လို့ ပြည်သူလူထုကို Strong (အားကောင်း)ဖြစ်တဲ့ Signal တစ်ခုအနေနဲ့မပေးဘူး။ Signal တွေဟာ ဘယ်တော့မှ Strong ဖြစ်တဲ့ပုံစံနဲ့ ရုတ်တရက် လာလေ့မရှိဘူး။ တဖြည်းဖြည်းမှပဲ Strong ဖြစ်လာတဲ့သဘော ရှိတယ်။ ဒါဟာ ပထမဆုံး Signal ဖြစ်ပါတယ်။ ဒီစကားဝိုင်း အပိတ်အနေနဲ့ ပြည်သူလူထုကို ပညာရှင်အသီးသီးက သတိပေး (Warning) စကား ပေးစေလိုပါတယ်။ e-D Form ကလည်း Warning တစ်ခု ပေးနေတာပါ။ ဒါပေမဲ့ ဒါဟာ ပြည်သူလူထုအားလုံးနဲ့ တိုက်ရိုက်မပတ်သက်ဘူး။ ဒီစကားဝိုင်းရဲ့ရည်ရွယ်ချက်က e-D Form ကပေးတဲ့ Signal အတိုင်း ဒစ်ဂျစ်တယ်လိုင်းကတော့ မြန်မာပြည်ကိုလာနေပြီ၊ ဒီအပေါ်ကိုမတက်ခဲ့ရင်တော့ ခေတ်ရထားစီးပြီး ခရီးသွားလို့မရတော့ဘူး၊ ခရီးလည်းမပေါက်တော့ဘူး။ နောက်ဆုံးပိတ် နိဂုံးချုပ်အနေနဲ့ ပညာရှင်တစ်ယောက်စီကနေပြီးတော့ ပြည်သူလူထုကို သတိပေးစကားတစ်ခွန်းစီ ပြောပေးစေလိုပါတယ်။

ဦးသောင်းစုဇြိမ်း ။ ။ e-D Form က နိုင်ငံခြားသွားတဲ့ လူနည်းစုအတွက်ဆိုတော့ ရာခိုင်နှုန်းအားဖြင့် နည်းပါတယ်။ သူတို့အပေါ်မှာတော့ သက်ရောက်မှုတစ်ခု ရှိသွားတယ်။ စီးပွား/ကူးသန်းက Trade. Net ဆိုပြီးတော့ Online လိုင်စင်လျှောက်တဲ့ဟာရှိတယ်။ ဒါလည်း ကုန်သည်အုပ်စုအချို့ပဲ ထိရောက်တယ်။ အားလုံးဆီကို ထိရောက်တဲ့ သက်ရောက်တဲ့ Project ဝန်ဆောင်မှုက Online မဖြစ်သွားသရွေ့တော့ ဒစ်ဂျစ်တယ်လိုင်းက ဖြတ်သန်းသွားမှာ မဟုတ်သေးဘူး။ အများပြည်သူက မသက်ဆိုင်သလိုပဲ။ တစ်နိုင်ငံလုံးအတွက် ဘာမှ မဖြစ်သွားဘူး။ အဲဒီလိုမျိုးမဟုတ်ဘဲနဲ့ အားလုံးကို ဖြတ်သန်းသွားမယ့်လိုင်းအတွက်ကျတော့ ပညာရေးကနေလာနိုင်မယ်။ လူထုဝန်ဆောင်မှုလုပ်ငန်းတွေဖြစ်တဲ့ အမျိုးသားမှတ်ပုံတင်တို့၊ ယာဉ်မောင်းလိုင်စင်တို့က e-Government Project တွေ လုပ်လာလို့ရှိရင် လာနိုင်တယ်။ အဲဒါမျိုးတွေလုပ်လာတဲ့အခါမှာ ပြည်သူတွေအနေနဲ့က အဆင်သင့် (Prepare) မဖြစ်ဘူးဆိုရင် နောက်ကျကျန်ရစ်ခဲ့မှာပဲ။ ဥပမာ–ပညာရေးကဆိုရင် ၁၀ တန်းကောင်းခိုင်းနိုင်တယ်။ ကိုယ်ကိုယ်တိုင်မသိခင်တုန်းက Management ကောင်းကောင်း မခိုင်းနိုင်ဘူး။ အဲဒီ Management Drive တွေကို အင်တာနက်ကနေကောင်းကောင်းသိရတယ်။ ကျွန်တော်တို့ကုမ္ပဏီအတွက်လည်း အကျိုးရှိလာမယ်။ ကျွန်တော်တို့ကုမ္ပဏီနဲ့ ဖက်စပ်လုပ်နေတဲ့ နိုင်ငံတော်အတွက်လည်း အကျိုးရှိလာမယ်။ ကျွန်တော်တို့ဝန်ထမ်းတွေရဲ့ ဦးနှောက်တွေလည်း အများကြီးတိုးတက်လာမယ်။

ဒါတွေကို သိလာတော့ ကိုယ်က Management ကောင်းဘယ်လောက်အထိ သုံးနိုင်တယ်ဆိုတာမသိဘူး။

အခု ကျွန်တော်တို့ ဒီမှာ လာတက်တာ ၁၂ ယောက်ပါ။ နောက် Course တွေကိုလည်း ကျွန်တော်တို့ကုမ္ပဏီက လွှတ်ဦးမှာပါ။

www.forevergence.com.mm

အောင်စာရင်းကို Online ကနေ ကြေညာမယ်ဆိုတာမျိုး။ နောက် အောင်တာလေသိန်းထီဆုကြေညာတာကို Online ကနေ ကြေညာတာမျိုး၊ အဲဒါမျိုးတွေဖြစ်လာရင် ကိုယ်က အဆင်သင့်မဖြစ်ရင် ကျန်နေခဲ့လိမ့်မယ်။ အဲဒါမျိုးတွေ မဖြစ်ရအောင် ကိုယ်က ဒါတွေကို လေ့လာထားဖို့လိုတယ်။ ထိတွေ့ထားဖို့လိုတယ်။

ဦးရဲမြတ်သူ ။ ။ ဒစ်ဂျစ်တယ် Divide မှာ လူငယ်တွေတင်မကဘူး။ လူကြီးတွေရော၊ လူလတ်ပိုင်းတွေရော ရှိနေတယ်။ Government နဲ့ပတ်သက်တဲ့ လိုင်းတွေဖြစ်လာသလိုပဲ စီးပွားရေးလုပ်ငန်းနဲ့ပတ်သက်တဲ့လိုင်းတွေဖြစ်လာဖို့ ကျွန်တော်တို့ဆီမှာ Supply Chain Network တွေ ဖြစ်လာဖို့လိုပါတယ်။

အရင်တုန်းက နိုင်ငံခြားကိုသွားလုပ်ဖို့ဆိုတာ လူကြီး Physically ရောက်သွားမှရတာ။ အခု Physically လူကြီးရောက်စရာမလိုဘဲ Program ရေးလို့ရတယ်။ Website ဒီဇိုင်းဆွဲလို့ရတယ်။ နောက်ဆုံး Data Entry လုပ်လို့ရတယ်။ ဒါပေမဲ့ သူတို့မှာ ဘာလိုပြန်သလဲဆို အင်တာနေရှင်နယ်မှာရှိနေတဲ့ Standard တွေ၊ Quality တွေကို ဘယ်လိုရအောင်လုပ်ရမလဲဆိုတာ လေ့လာဖို့လိုနေပြီ။ သူတို့က Certificate (အောင်လက်မှတ်)နဲ့ Exam Oriented (စာမေးပွဲအောင်မြင်ရန်အတွက်)ကို လေ့လာနေတာမဟုတ်ဘဲ နဲ့ International Market အတွက်ကို ဘယ်လောက်ပြင်ဆင်မလဲ။ အဲဒါက ကွန်ပျူတာပညာရှင်တွေအတွက်။ ဒုတိယ International Digital Divide ကြီးမဖြစ်ဖို့အတွက် တတ်တယ်ဆိုတဲ့သူတွေလည်း ပြင်ဆင်ထားဖို့လိုတယ်ဆိုတာ ဖြည့်စွက်ပြီး ပြောပါရစေ။

အခုနောက်ပိုင်းမှာ တစ်ယောက်ယောက်ကနေ Standard တွေနဲ့ ဦးစီးပြီးလုပ်နေတာထက်စာရင် အားလုံး Participate ဝင်လုပ်ပြီး လုပ်နေကြတဲ့ Learning Society (သင်ယူမှုဝန်းကျင်)တွေပေါ်လာပြီ။ ကျွန်တော်တို့ Participate လုပ်ရမယ့်ဟာ ကိုယ့်နိုင်ငံတင်မဟုတ်ဘူး။ တစ်ကမ္ဘာလုံးမှာပါ Participate လုပ်နိုင်မှ ကျွန်တော်တို့ Level တက်နိုင်တယ်ဆိုတာကိုပါ မြင်ဖို့လိုတယ်။

ဆိုလိုတာက နေ့တိုင်း e-mail ပို့တယ်၊ နေ့တိုင်း e-mail လက်ခံတယ်၊ နေ့တိုင်း အင်တာနက်ကြည့်တယ်ဆိုတဲ့ လုပ်ငန်းရှင်ကြီးတွေ၊ Player ကြီးတွေ၊ ခေါင်းဆောင်ကြီးတွေကိုယ်တိုင်ကိုက International မှာ Divide မဖြစ်ဖို့ ထပ်လေ့လာဖို့လိုပါတယ်။

ဦးဝဏ္ဏကို ။ ။ ခေတ်ကပြောင်းနေမှာပဲ။ စက်မှုတော်လှန်ရေးခေတ်တုန်းကလည်း ဒီလိုပဲ။ ကျွန်တော်မြင်တာက လှိုင်းလုံးလိုပေါ့။ လှိုင်းလုံးတစ်ခုပေါ်မှာ ကျွန်တော်တို့က ရောက်နေတယ်။ ကျွမ်းကျင်တဲ့သူက လှိုင်းစီးလို့ရတယ်။ သိပ်မကျွမ်းကျင်တဲ့သူက ကိုယ်ဖော်ထားလို့ရတယ်။ ဘာမှမသိတဲ့သူက ဇွတ်ပေခံနေလို့ ကျန်ခဲ့မှာလားဆိုကျန်ခဲ့မှာမဟုတ်ဘူး။ တစ်ခုတော့ရှိတယ်။ တလိမ့်ခေါက်ကွေးဖြစ်သွားလိမ့်မယ်။ နည်းနည်းတော့မွန်းမယ်။ သွားတော့သွားလိမ့်မယ်။

အယ်ဒီတာအဖွဲ့

■

ဒေါ်ခင်သန်းဆွေ
ဒါရိုက်တာ
Future Engineering Gold Mining Co.

အရင်တုန်းက အင်တာနက်လို့ ပြောနေကြပေမယ့် ဘယ်လိုသုံးရမလဲမသိဘူး။ အင်တာနက်ကို အရမ်းစိတ်ဝင်စားတယ်။ ဂျာနယ်တွေမှာလည်း ဖတ်နေရတယ်။ ဦးရဲထွန်းအောင်တို့ရဲ့ ကြော်ငြာမှာ အသက် ၃၅ နှစ်အထက် သင်တန်းဆိုတာတွေ့လိုက်ရတော့ လာတက်လိုက်တာ။ အခုသုံးတတ်သွားတော့ ကျွန်မအတွက်လည်း အများကြီးအသုံးဝင်တယ်။ ကမ္ဘာမှာဖြစ်ပျက်နေတဲ့ အကြောင်းအရာတွေကို ဒီမှာ ရိုက်ထည့်ပြီး အကုန်လုံးရှာလို့ရတဲ့အတွက် ကျွန်မအတွက် ဘာမှမခက်တော့ဘူး။

အင်တာနက်ကိုနားမလည်တုန်းက ဘယ်လောက်အသုံးဝင်တယ်ဆိုတာ မသိခဲ့ဘူး။ စာအုပ်တွေမှာ ဖတ်ရတဲ့သတင်းလောက်ပဲ သိရတယ်။ တကယ်သုံးတတ်လာတော့ ဒါ အများကြီးအသုံးဝင်တယ်ဆိုတာ အစ်မသိလိုက်ရတယ်။ e-mail တွေလည်း ပို့လို့ရ လာတယ်။ Blog တွေမှာလည်း ရေးလို့ရတယ်။

သားက ကွန်ပျူတာနဲ့ ဘွဲ့ရပြီးသား။ ကုမ္ပဏီမှာ အလုပ်ဝင်နေတယ်။ Technician တစ်ယောက်ပဲ။ ဒီသင်တန်းမတက်ခင်တုန်းက သူ့ကို ဘယ်လိုသုံးရလဲ မမေးဖြစ်ခဲ့ဘူး။ သူလည်း သူ့အလုပ်နဲ့ရှုပ်နေတာ။ အခု ကိုယ်နားလည်လာတော့ အိမ်ပြန်ရောက်တဲ့အခါ သူနဲ့စကားပြောလို့ရသွားတယ်။ ကိုယ်က ဒီလိုဆို သူကလည်း ဒီလိုဒီလို ပြန်ပြောပြတယ်။ နားမလည်ခင်တုန်းက သူ့ကို ဘယ်လိုမေးရမှန်းမသိဘူး။ သူကလည်း ကိုယ့်ကိုဘယ်လိုရှင်းပြရမှန်းမသိဘူး။ အခုတော့ သားရေ Google ကနေ ဘာရှာတွေ့တယ်ဟေ့ ဘာညာ . . . ဆိုပြီး သူနဲ့ဆွေးနွေးလို့ရသွားတာပေါ့။ အိမ်မှာ MPT ရဲ့ Dial Up အင်တာနက်သုံးတယ်။ အခု ADSL ပြောင်းတပ်မှာပါ။

ကျွန်မတို့အဖို့ အင်တာနက်က ဒီလိုတက်မှပဲတတ်မှာ။ ကလေးတွေကြားထဲမှာ ဘယ်လိုသွားသင်မလဲ။ အခု လူကြီးအချင်းချင်း ရွယ်တူတွေဆိုတော့ သင်လို့ကောင်းတယ်။

■

www.foreverspace.com.mm

ဤကဏ္ဍတွင် . . . . .

၄၆(L) ချွေးစက်စွန်းနေသော ပညာတတ်လူငယ်များ
၅၂ ဒီဂျစ်တယ်လိုင်း၊ ဒဗလျူသုံးလုံး နှင့် စီးပွားရေးဖွံ့ဖြိုးမှု
၅၆ မိန်းမလှကျွန်း သဘာဝအခြေခံ ခရီးသွားအလားအလာ
၆၃ ဈေးကွက်သဘောနားလည်သူနည်း နေသော လယ်ယာစိုက်ပျိုးရေး
၆၈ ခိုးကူးခွေနှင့် မြန်မာ့တေးဂီတ ထုတ်လုပ်ရေးဈေးကွက်
၇၄ သဘောထားခံယူချက်ဟောင်းများ နှင့် မြန်မာ့ရုပ်ရှင်စီးပွားဖွံ့ဖြိုးရေး
၈၀ အစီအစဉ်တင်ဆက်သူများအဖြစ် ပျော်မွေ့ကြသူများ
၈၄ Blogများနှင့် စီးပွားရေးခြေလှမ်း သစ်
၉၀ ဝန်ထမ်းရွေးချယ်မှုနှင့် လုပ်ငန်းခွင်အဝင်ခွင်ကျဖြစ်ရေး
၉၄ ရန်ကုန် ကုန်စည်ဈေးကွက်

ချွေးစက်စွန်းနေသော ပညာတတ်လူငယ်များ

တင်အောင်ကျော်

ပညာခေတ်သို့ လုံးလုံးလျားလျားရောက်ရှိလာပြီဖြစ်သည့် ၂၁ ရာစုသည် ပညာရည်မြင့်သူတို့အတွက်သာ အခွင့်အလမ်းရှိတော့မည်ဟု အနာဂတ္တိဆရာများအပါအဝင် မြော်မြင်နိုင်စွမ်းရှိသူများက မကြာခဏဆိုသလို သတိပေးရေးသားပြောဆိုမှုများ ရှိနေပါသည်။ အထူးသဖြင့် Globalization ခေါ် ကမ္ဘာပြုမှုဖြစ်စဉ်ကြောင့် ခေတ်ပေါ်နည်းပညာများနှင့် ယဉ်ပါးမှုမရှိသူများ နည်းပညာနှင့် ကမ္ဘာပြုမှုလိုင်းဒဏ်ကိုမခံနိုင်ဘဲ နစ်မြုပ်ကျန်ခဲ့တော့မည့်အတွက် အခုပင် ချက်ချင်း မိမိကိုယ်ကိုယ် ခေတ်နှင့်အညီ မွမ်းမံပြင်ဆင်ထားရန်လိုအပ်ကြောင်း အသံများလည်း ကျယ်ကျယ်လောင်လောင်ကြားနေရပါသည်။ သို့သော် ထိုလှိုင်းသံလေသံများကို လတ်တလောစားဝတ်နေရေးဟူသော နံရံတံတိုင်းတစ်ခုကြောင့် မကြားနိုင်မမြင်နိုင်သေးသူများ ရှိနေပါသည်။ ၎င်းတို့သည် ယနေ့ခေတ် အများသူငါကဲ့သို့ ဘဝကို ယခုထက် ပိုမြင့်မားတိုးတက်ချင်စိတ်ရှိကြသော်ငြား သမားရိုးကျပညာရေးကို လေ့လာဆည်းပူးနေဆဲ တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေရရှိရေး၊ နေထိုင်စားသောက်စရိတ်ကာမိရေး အတွက် ချွေးစက်တို့ဖြင့် ရုန်းကန်နေရဆဲ ဖြစ်ပါသည်။

ရည်ရွယ်ချက်နှင့် လက်တွေ့ဘဝ

မုံရွာတက္ကသိုလ်၌ အဝေးသင်သိပ္ပံဘာသာတွဲဖြင့် တက်ရောက်နေသူ မင်းမင်းဝင်းသည် လွန်ခဲ့သော ၂ နှစ်က ယင်းမာပင်မြို့နယ်မှ ရန်ကုန်မြို့တော်သို့ လာရောက်ခဲ့စဉ်က ကုမ္ပဏီတစ်ခုတွင် တာဝန်ထမ်းဆောင်ရန်ရည်ရွယ်ခဲ့သော်လည်း ယခုအခါတွင်မူ ရည်ရွယ်ချက်ကို လက်လျှော့လုနီးပါးဖြစ်နေပြီး လက်ရှိလုပ်ကိုင်နေသော အောင်မင်

www.forevergrace.com.mm

လာအဝေးပြေးယာဉ်ရပ်နားစခန်းဝင်းအတွင်း ဈေးသည်ဘဝမှ ရသမျှငွေကိုစုကာ ဇာတိရွာသို့ပြန်ရန် ပြင်ဆင်နေပြီဖြစ်သည်။

အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းဝင်းတွင် ပန်းသီးရောင်းချသော ဈေးသည်ဘဝ ၂ နှစ်တာကာလအတွင်း ရွာတွင်နေထိုင်သည့်မိဘများကို မကြာခဏ ငွေကြေးထောက်ပံ့နိုင်ခဲ့သည်ဟုလည်း အသက် ၂၃ နှစ်အရွယ်ရှိ မင်းမင်းဝင်းက ဆိုသည်။

မင်းမင်းဝင်း၏ ရန်ကုန်မြို့တော်တွင် ကုမ္ပဏီဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသည့် စိတ်ကူးအိပ်မက်သည် လိမ်ညာလှည့်ဖြားသူအချို့နှင့်တွေ့ခဲ့ရပြီးနောက် အခြေခံပညာအထက်တန်းအောင်မြင်စဉ်က သူ တောင့်တခဲ့သော သူနာပြုဆရာမဘဝကဲ့သို့ပင် မျှော်လင့်လက်စကို အဆုံးသတ်ရတော့မည်ဖြစ်သည်။

"အမေနဲ့အဖေ ကုန်ကျခဲ့တဲ့ ကျောင်းစရိတ်တွေ ပြန်ပေးဆပ်နိုင်ပြီးရင်တော့ ကျွန်မ ရွာကိုပဲပြန်တော့မယ်"ဟု ပန်းသီးများထည့်ထားသောခြင်းဘေးတွင်ထိုင်ရင်း သူကဆိုသည်။ အဝေးပြေးယာဉ်ရပ်နားစခန်းဝင်းဈေးသည်ဘဝမရောက်မီက မုံရွာတက္ကသိုလ်တွင် ဒုတိယနှစ်သိပ္ပံဘာသာတွဲဖြင့် တက်ရောက်နေခဲ့ပြီး မည်သည့်အလုပ်ကိုမျှမလုပ်ကိုင်ခဲ့ဖူးပါဟုလည်း သူက ရှင်းပြသည်။

"အိမ်က ထောက်ပံ့မပေးနိုင်တဲ့အတွက် ဝါသနာပါတဲ့ သူနာပြုဆရာမအလုပ်ကတော့ ဝေးသွားပါပြီ။ ဝန်ထမ်းဘဝကိုလည်း မမျှော်လင့်နိုင်တော့ ပိုက်ဆံသုံးလေးသိန်းလောက်စုမိရင် အညာမှာ ကုန်ပြန်ကူးတော့မယ်"ဟု သူ့စိတ်ကူးကို ပြောပြသည်။

ရန်ကုန်မြို့တော်ရှိ မြန်မာနိုင်ငံ၏ အကြီးဆုံးအဝေးပြေးဝင်းကြီးတွင် မင်းမင်းဝင်းကဲ့သို့ပင် ရာပေါင်းများစွာသော အညာဒေသမှလာရောက်နေထိုင်သူများသည် ဈေးရောင်းချသည့်အလုပ်ကို လုပ်ကိုင်လျက်ရှိကြပြီး အများစုမှာ အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူများနှင့် တက္ကသိုလ်၊ ကောလိပ်များတွင် ပညာသင်ယူနေဆဲ ဖြစ်ကြသည်။

အခွင့်အလမ်းရှိရာ

မြို့တော်ရန်ကုန်တွင် ၁၉၉၇ ခုနှစ် ဝန်းကျင်တစ်ဝိုက် အလုပ်အကိုင်အခွင့်အလမ်းများ အထူးပေါများခဲ့ခြင်းကြောင့် ပြောင်းရွှေ့အခြေချနေထိုင်သူတို့ လာရောက်နေထိုင်ရာ မြို့တော်ကြီးဖြစ်ခဲ့သည်။ လက်ပွေ့ဈေးသည်၊ ပစ္စည်းအဟောင်းဝယ်သူ၊ လက်ဖက်ရည်ဆိုင်လုပ်သား၊ စက်ရုံဝန်ထမ်း၊ အထည်ချုပ်လုပ်ငန်း စသည်ဖြင့် ပြောင်းရွှေ့နေထိုင်သူတို့ ငွေရှာဖွေရန် လွယ်ကူသည့်အချက်အချာမြို့ကြီးလည်း ဖြစ်ခဲ့သည်။

ယမန်နှစ်အတွင်း အစိုးရကထုတ်ပြန်သော စာရင်းဇယားများအရ မြန်မာတစ်နိုင်ငံလုံး အလုပ်လုပ်နိုင်သော လူဦးရေမှာ ၃၄.၇ သန်းကျော်ရှိပြီး ၎င်းတို့အနက် လယ်ယာအလုပ်သမား ၂၂.၃ သန်းကျော်၊ စက်မှုအလုပ်သမား ၄.၈ သန်းကျော်၊ ဝန်ဆောင်မှုအလုပ်သမား ၇.၅ သန်းကျော် ရှိကြောင်း တွေ့ရှိရသည်။

www.forevermyanmar.com.mm

အဆိုပါကိန်းဂဏန်းများအရ ၁၉၈၈ ခုနှစ်နှင်းယှဉ်ပါက ပြည်တွင်းအလုပ်အကိုင်အနေဖြင့် လယ်ယာကဏ္ဍတွင် နှစ်ဆ၊ စက်မှုလက်မှုကဏ္ဍတွင် နှစ်ဆခွဲ၊ ဝန်ဆောင်မှုကဏ္ဍတွင် နှစ်ဆနီးပါး ဖွံ့ဖြိုးတိုးတက်လာနေသည်ဟု ဖေဖော်ဝါရီလ ၂၂ ရက်ထုတ် နိုင်ငံပိုင်ကြေးမုံသတင်းစာတွင် ဖော်ပြပါရှိသည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (တောင်ပိုင်း)၊ ရွှေပြည်သာ၊ လှိုင်သာယာ၊ ရွှေပေါက်ကံ၊ ဝေဘာဂီ၊ ပုလဲ စသည်ဖြင့် မြို့သစ်အများအပြားတိုးချဲ့လာခဲ့သော ရန်ကုန်မြို့တော်သည် ယခုအခါ လူဦးရေ ၆.၂ သန်းကျော် နေထိုင်ပြီး ဧရိယာစတုရန်းမိုင် ၂၈၈ အထိ ကျယ်ဝန်းလာပြီဟုလည်း အစိုးရ၏ တရားဝင်စာရင်းများက ဆိုသည်။

မင်းမင်းဝင်းကဲ့သို့ အောင်မင်္ဂလာအဝေးပြေးဝင်းသို့ ပြောင်းရွှေ့လာရောက်လုပ်ကိုင်သူများသည် အဝေးပြေးဝင်းအတွင်းရှိ ဆိုင်ခန်းများတွင် စုပေါင်းငှားရမ်း၍လည်းကောင်း၊ မြောက်ဥက္ကလာ(၄)ရပ်ကွက်တွင် ငှားရမ်း၍လည်းကောင်း နေထိုင်ကြသည်ဟုလည်း အဝေးပြေးဝင်းတွင် နေထိုင်သူတစ်ဦးက ဆိုသည်။

"ရန်ကုန် လူနေမှုစရိတ်က တအားကြီးတယ်။ တစ်ရက်ကို ကိုယ့်စားစရိတ်အတွက် တစ်ထောင်ရအောင် ရှာရတယ်" ဟုပြီးခဲ့သည့် အောက်တိုဘာလမှ အောင်မင်္ဂလာအဝေးပြေးဝင်းအတွင်းသို့ လက်မွေ့ဈေးသည်လုပ်ကိုင်ရန် လာရောက်ခဲ့သူ အသက် ၂၀ နှစ်အရွယ် ပထမနှစ် အဝေးသင်တက္ကသိုလ်ကျောင်းသူ ညိုညိုလွင်က ဆိုသည်။

ရွာတွင် ငွေရှာဖွေရသည်ထက် ရန်ကုန်မြို့တော်တွင် ငွေရှာရသည်က ပိုမိုလွယ်ကူသည်ဟုလည်း သူက ဆိုသည်။

"ရွာမှာက တစ်ရက် အလွန်ဆုံးရမှ ၅၀၀ ပဲ။ ပေါင်းသင်၊ ပဲနုတ်၊ အာလူးကောက်၊ ကြက်သွန်ကောက်အလုပ်တွေက ဒီထက်ပင်ပန်းတယ်။ ရန်ကုန်မှာလုပ်တဲ့လူတွေက ရွာကို ငွေပို့နိုင်ကြတယ်။ ထမင်းစရိတ်က ၁၈၀၀၀၊ လခက ၃၀၀၀၊ ဆုကြေးနဲ့ ရေဖိုး၊ မီးဖိုးသက်သက် ထပ်ပေးရတော့ ကိုယ့်အတွက် တစ်လ နှစ်သောင်းလောက် စုမိတယ်" ဟုလည်း ညိုညိုလွင်က ရှင်းပြသည်။

လွန်ခဲ့သော သုံးနှစ်ခန့်က စော်ဘွားကြီးကုန်း အဝေးပြေးယာဉ်ရပ်နားစခန်းသို့ အရောင်းဈေးသည်ဘဝဖြင့် စစ်ကိုင်းတိုင်းယင်းမာပင်မြို့မှ ရောက်ရှိလာသူ မြင့်ဟန်က ထိုစဉ်က အင်းစိန်တွင် အိမ်ငှားရမ်းခ တစ်လ ၁၀၀၀ ကျပ်နှင့် ထမင်းစရိတ် ၆၀၀၀ ကျပ်ခန့်သာရှိသည်ဟု ဆိုသည်။

စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်များတွင် လုပ်ကိုင်ရခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများတွင် လုပ်ကိုင်ရခြင်းထက် ၎င်းတို့၏ လက်မွေ့ဈေးသည်အလုပ်သည် ပိုမိုကောင်းမွန်သည်ဟု လက်မွေ့ဈေးသည် တစ်ဖြစ်လဲ တက္ကသိုလ်ကျောင်းသားများက ပြောဆိုကြသည်။

အထင်သေးစရာမဟုတ်ပါ

ယခုကဲ့သို့ လူနေမှုစရိတ်ကြီးမြင့်လာမှုနှင့် မြို့ပြသို့ အနယ်နယ်အရပ်ရပ်မှ လူငယ်အများအပြား ဝင်ရောက်လာနေမှုတို့သည် မြန်မာတစ်နိုင်ငံတည်းသာမဟုတ် အိမ်နီးချင်း ထိုင်းနိုင်ငံတွင်လည်း တက္ကသိုလ်ကျောင်းသူကျောင်းသားများသည် ပညာသင်စရိတ်ရရှိရန် အလုပ်အမျိုးမျိုး လုပ်ကိုင်

www.foreverspace.com.mm

လျက်ရှိသည်ဟု ချင်းမိုင်တက္ကသိုလ်ကျောင်းသူ ထိုင်းလူမျိုး အုဒက ပြောသည်။

"တချို့ဆိုရင် မိန်းကလေးတွေ ချင်းမိုင်က ဘီယာဆိုင်မှာ၊ နိုက်ကလပ်တွေမှာ၊ စားသောက်ဆိုင်တွေမှာ လုပ်ကြရတယ်"ဟုလည်း အုဒက ဆိုသည်။

ဘန်ကောက်မြို့ ချူလာလောင်ကွန်တက္ကသိုလ်မှ ပြန်လည်ရောက်ရှိလာသူ ကျောင်းသားတစ်ဦးကမူ ထိုင်းနိုင်ငံ ကျောင်းသူများသည် ကျောင်းယူနီဖောင်းအပြည့်အစုံဝတ်၍ Snack & Bar များ၊ ကုန်တိုက်ကြီးများတွင် သိက္ခာရှိစွာ အလုပ်လုပ်ခွင့်ရသည်ဟု ဆိုသည်။

ဖျင်လက်ရှည် ရှုပ်အက်ျီဝတ်ထားသော်လည်း သနပ်ခါးပါးကွက်ကြားဖြင့် ညိုဝင်းသောအသားရည်ကို ပိုင်ဆိုင်သူ လက်ပွေ့ဈေးသည် ညိုညိုလွင်ကမူ "တချို့က လက်ပွေ့ဈေးသည်ဆိုပြီး အထင်သေးကြတယ်။ ကျွန်မတို့က မိကောင်းဖခင်သားသမီး၊ ပညာရှာနေတဲ့လူငယ်တွေ၊ လူကို ရိုသဲ့သဲ့ပြောတာတို့၊ စားမတတ် ဝါးမတတ်လိုက်ကြည့် နေတဲ့သူတွေတွေ့ရင် ဈေးသွားမရောင်းပါဘူး"ဟု ဆိုသည်။

နေအိမ်သို့ သုံးလတွင်း ကျပ်တစ်သိန်းခွဲခန့် ငွေပို့နိုင်ခဲ့သော ညိုညိုလွင်သည် ရန်ကုန်မြို့တော်သို့ လာရောက်ရန်အတွက် ငွေတစ်သောင်းကျပ်ကို ရွာက ချေးလာခဲ့ရသူဖြစ်သည်။

"ဒီရောက်မှ အသိဆိုင်က စာအုပ်၊ ဂျူဆေး၊ ချိုချဉ်၊ ပီကေ အဲဒါယူရောင်းနဲ့ ပြန်ဆပ်ရတာ။ ရောက်ရောက်ချင်းနေ့ ခဏအိပ်ပြီး အဲဒီနေ့ပဲ ဈေးစရောင်းတယ်။ ရှက်သလို သိမ်ငယ်သလိုထင်မိပေမယ့် အကြွေးအမြန်ပေးချင်တာရော၊ အိမ်ကို အဆင်ပြေတယ်ဆိုတာ အသိပေးချင်တာနဲ့ ဇွတ်ကြိုးစားရောင်းခဲ့တာ။ အခု အဲဒီလောက်တောင် မရောင်းနိုင်တော့ဘူး"ဟု သူမက ဆိုသည်။

နေရာတိုင်းတွင်ရှိတတ်သည့်အရာ

အဝေးပြေးယာဉ်ရပ်နားစခန်းတွင် ဈေးရောင်းသည့် နယ်ခံလူခံရှိသူများအတွက် ယခုကဲ့သို့ အဆင်ပြေသည်ဟုဆိုရမည်ဖြစ်သော်လည်း နယ်ခံမရှိသူများအတွက် မဟာဗျူဟာစားခန်းကြီးတစ်ခုကဲ့သို့ ပင်ဖြစ်ပြီး နေထိုင်ရေးအပြင် အခြားအခက်အခဲများလည်း ရှိနေပါသည်။

"ဒီနှစ်ဆိုရင် ခါတိုင်းနဲ့မတူတော့ဘူး။ ဈေးရောင်းရတာ အကန့်အသတ်တွေရှိလာတယ်"ဟု မင်းမင်းဝင်းက ဆိုသည်။

အဆိုပါအကန့်အသတ်အချို့တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အခွန်ဌာနက လက်ပွေ့ဈေးသည် ကတ်ပြားနှင့် သတ်မှတ်ဝတ်စုံဝတ်၍ ရောင်းချရမည်ဆိုသည့် ကန့်သတ်ချက်လည်း ပါဝင်ကြောင်း ၎င်းက ပြောကြားသည်။

"အဲဒီဝတ်စုံကိုဝတ်ရတာ အရမ်းဗိတ်မကောင်းဖြစ်ရပါတယ်။ နံပါတ်ကြီးတပ်ပြီး တော့ လက်ပွေ့ဈေးသည်ဆိုပြီး ဖော်ပြခံရတာ စိတ်မကောင်းဆုံးပဲ"

"ဈေးသည်တွေအများစုက အခုမှ ဒီမှာ ဈေးရောင်းလာတာ မဟုတ်ပါဘူး။ စော်ဘွားကြီးကုန်းကတည်းက ရောင်းလာကြတဲ့သူတွေပါ။ ယဉ်ကျေးသိမ်မွေ့တဲ့ဒေသကလာတဲ့သူတွေဖြစ်လို့ ခရီးသည်တွေ အနှောင့်အယှက်ဖြစ်အောင် ဘာမှမလုပ်ခဲ့ဘူး။ ပြဿနာလည်း မရှိခဲ့ပါဘူး"

အောင်မင်္ဂလာအဝေးပြေး ယာဉ်ရပ်နားစခန်းဝင်းအတွင်းရှိ ဈေးသည်များ၏ စကားသံများ ဖြစ်ပါသည်။

တစ်ဖက်ကလည်း လုံခြုံရေးဆိုင်ရာနှင့် အကြမ်းဖက်ပြဿနာများကို အလွယ်တကူအရေးယူနိုင်ရန် ယခုကဲ့သို့ မှတ်ပုံတင်

www.foreverspace.com.mm

စေခြင်းဖြစ်ပြီး အခြား တစ်စုံတစ်ရာ ထိခိုက်စေလိုသော ရည်ရွယ်ချက် မရှိပါကြောင်း အေင်မင်္ဂလာအဝေးပြေး ယာဉ်ရပ်နားခန်းဝင်းသာယာရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဝင်တစ်ဦးက ဆိုသည်။

မည်သို့ပင်ဆိုစေ မြန်မာနိုင်ငံ၏ အကြီးဆုံး အဝေးပြေးယာဉ်ရပ်နားစခန်းဝင်းအတွင်း လက်ပွေ့ဈေးရောင်းချသူများသည် အဆိုပါဝတ်စုံ မဖြစ်မနေဝတ်၍ ရောင်းချရမည်ဟု ယခုနှစ် ဖေဖော်ဝါရီလအတွင်း မှစတင်၍ တရားဝင်သတ်မှတ်လိုက်ပြီဖြစ်သည်။

"အိမ်ထောင်စုစာရင်း၊ မှတ်ပုံတင် မိတ္တူ၊ ရပ်ကွက်ဥက္ကဋ္ဌထောက်ခံစာ၊ ဓာတ်ပုံ အဲဒါတွေပါမှ ရတယ်။ အဲဒါအပြင် ဝတ်စုံနဲ့ ကတ်ပြားရဖို့ စည်ပင်ရုံးကို ငွေ ၂၇၀၀ ထပ်သွင်းရသေးတယ်"ဟုလည်း လက်ပွေ့ဈေးသည်တစ်ဦးက ရှင်းပြသည်။

"ဈေးသည်အားလုံး လူဦးရေအစေ့အငရသေးဘူး။ ဒါပေမဲ့ အဲဒီ အကျိုမဝတ်ရင်၊ ကတ်ပြားမဆွဲရင် လိုက်ဖမ်းတယ်။ ဒဏ်ငွေတပ်တယ်။ အကြောင်းအမျိုးမျိုးကြောင့် မလုပ်နိုင်တဲ့သူတွေ ရှိတယ်။ ကျွန်မတို့ဆိုရင် ဒီကတ်ပြားရဖို့အတွက် အိမ်ထောင်စုစာရင်း အညာပြန်ယူရတယ်။ ခရီးစရိတ်နဲ့ ကားခတွေ အများကြီးကုန်ရတယ်"ဟု မင်းမင်းဝင်းက ရှင်းပြသည်။

"စည်ပင်ထက် ကြားထဲက ရန်ကုန်ကဆိုပြီး ကြီးကြပ်နေတဲ့ဈေးသည်ကြီးတချို့ကလည်း ကြီးနိုင်ငယ်ညှဉ်းလုပ်တာတွေရှိတယ်။ နယ်ကလူငယ်ဈေးသည်အများစုကို စကားလုံးရိုင်းစိုင်းပြောဆိုဆက်ဆံတာတွေလည်း မကြာခဏကြုံရတယ်။ မှန်းထားတဲ့ငွေပမာဏပြည့်ရင်တော့ ကျွန်မတို့ ပြန်မှာပါ"ဟုလည်း ၎င်းက ဆက်လက်ရှင်းပြသည်။

လေးစားဖွယ်ကောင်းသူများ

အမှန်တကယ်အားဖြင့် ယခုလက်ပွေ့ဈေးသည်ဘဝဖြင့် ဈေးရောင်းနေကြရသူများသည် ရိုးသားဖြောင့်မတ်စွာ ဘဝကို အသက်မွေးလိုသူ၊ မိမိရည်မှန်းချက်ကို မဆုတ်မနစ်သောလုံ့လဖြင့် အရောက်သွားလိုသူများဖြစ်ကြပြီး မိဘချွေးနဲစာပိုက်ဆံကို ထင်သလို မဆင်မခြင်သုံးဖြုန်းနေကြသည့် တက္ကသိုလ်ကျောင်းသားများထက် များစွာ အထင်ကြီးလေးစားဖွယ်ရာဖြစ်သည်ဟုလည်း နယ်မှရောက်ရှိလာခဲ့သူ သတင်းဂျာနယ် အယ်ဒီတာတစ်ဦးက ဆိုသည်။

လွန်ခဲ့သော ခုနစ်နှစ်ခန့် ထောင်စုနှစ်အကြိုကာလက အစ္စရေးနိုင်ငံ ဒုတိယဝန်ကြီးချုပ် ရှီမွန်ပီရက်စ်က "၂၁ ရာစုဝင်ပြီမို့ လေးနဲ့မြားကို စွန့်ခဲ့ကြပါ"ဟု ကမ္ဘာကျော်သော စကားတစ်ခွန်းကို ၎င်း၏မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။ ၂၁ ရာစုသည် အတတ်ပညာမပါသူများအတွက် နေရာမရှိဟု ဆိုလိုသည့်သဘောပင် ဖြစ်ပါသည်။

အစဉ်အလာများအရ ရုံးတက်၊ လက်မှတ်ထိုး၊ ငုတ်တုတ်ထိုင်၊ အတင်းပြောသော လုပ်ငန်းခွင်များမှသည် နေအိမ်တွင် အလုပ်လုပ်သောခေတ်၊ အတတ်ပညာရှိသူများအတွက်သာ အခွင့်အလမ်း ပိုမိုလာမည့် အတွက် စဉ်ဆက်မပြတ် လေ့လာသင်ယူနေရမည့် (Continuous Learning) ရာစုသို့ ရောက်လာပြီဖြစ်ပါသည်။ "အလူးတွေတစ်ပုံကြီးပေးပြီး လက်တွေ့အလုပ်မလုပ်သူတွေအတွက် အချိန်များများစားစားမကျန်"ဟုလည်း ဆိုရပါမည်။

www.foreverspace.com.mm

အမှန်တကယ်အားဖြင့် ယခုလက်ပွေ့ဖျားသည်ဘဝဖြင့် ဈေးရောင်းနေကြရသူများသည် ရိုးသားဖြောင့်မတ်စွာ ဘဝကို အသက်မွေးလိုသူ၊ မိမိရည်မှန်းချက်ကို မဆုတ်မနစ်သောလုံ့လဖြင့် အရောက်သွားလိုသူများဖြစ်ကြပြီး မိဘချွေးနဲ့စာပိုက်ဆံကို ထင်သလို မဆင်မခြင် သုံးဖြုန်းနေကြသည့် တက္ကသိုလ်ကျောင်းသားများထက် များစွာ အထင်ကြီးလေးစားဖွယ်ရာဖြစ်သည်ဟုလည်း နယ်မှရောက်ရှိလာခဲ့သူ သတင်းဂျာနယ်အယ်ဒီတာတစ်ဦးက ဆိုသည်။

ကျွမ်းကျင်မှုအဆင့်က

ကမ္ဘာကျော် Website ကြီးဖြစ်သော Google မှ Software အင်ဂျင်နီယာများသည် အလုပ်ချိန်ကို မိမိနှစ်သက်သလို သတ်မှတ်၍ရပြီး လုပ်ငန်းခွင်သို့ ကလေးခေါ်လာရုံသာမက မိမိအိမ်မွေး ခွေးကိုပါ ခေါ်လာခွင့်ရှိကာ အလုပ်ရလဒ်များဖြင့် တိုင်းတာကြသည့်အခြေအနေသို့ ပြောင်းလဲလာနေပြီဖြစ်ပါသည်။

မြန်မာနိုင်ငံတွင်လည်း အဆိုပါအခွင့်အလမ်းများ မကြာမီ ပွင့်လန်းလာတော့မည်ဖြစ်ရာ သာမန်ဘွဲ့လက်မှတ်လေ့လာမှုများထက်ပိုမိုသောအခြေအနေများသို့ လုပ်ငန်းခွင်များက တောင်းဆိုလာကြမည်ဖြစ်ပါသည်။

"ဒီအဝေးပြေးဝင်းမှာ လက်မှတ်အရောင်းစာရေးတို့ ဘာတို့လိုတဲ့အခါ လူခန့်ရင် ဘွဲ့လက်မှတ်ထက် ကျွမ်းကျင်မှုကို ပိုရွေးတယ်။ ခရီးသည်တစ်ယောက်ကို ပိုင်ပိုင်နိုင်နိုင်ပြောဆိုပြီး မရောင်းနိုင်ရင် ဘယ်လိုလုပ် ခန့်လို့ရမှာလဲ"ဟု ရွှေလီရတနာဂိတ်မှ ဦးရန်နိုင်က ဆိုပါသည်။

သီးခြားအဆက်အစပ်နဲ့ ကျွမ်းကျင်မှုများမရှိပါက မင်းမင်းဝင်း မျှော်လင့်သည့် ကုမ္ပဏီဝန်ထမ်းနေရာသာမဟုတ် အဆိုပါဝင်းအတွင်း လစဉ် ဝင်ငွေ ကျပ်တစ်သိန်းခန့်ရှိသည့် အရောင်းစာရေးအလုပ်သည်ပင် ခက်ခဲနေဦးမည် ဖြစ်ပါသည်။

"ကုမ္ပဏီတွေကို အလုပ်သွားလျှောက်တဲ့အခါ ကွန်ပျူတာသုံးတတ်သလား မေးတယ်။ အင်္ဂလိပ်စာရလား။ ကျောင်းပြီးပြီလား။ အများကြီးပဲ။ အလုပ်ခန့်တဲ့ကုမ္ပဏီတွေက တောင်းဆိုကြတယ်။ လစာမေးကြည့်တော့ ကျွန်မတို့ ဒီမှာ ရနေသလောက် မပေးနိုင်တဲ့အခါကျတော့ အလုပ်မဝင်နေတာပေါ့"ဟု တည်ငြိမ်သော ဝန်ထမ်းဘဝကို ရချင်သူ မင်းမင်းဝင်းက ဆိုသည်။

အိပ်မက်တို့အစပြုရာ

နေ့စဉ် ခရီးသည်လေးသောင်းကျော် ဝင်ထွက်နေသော အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းသည် စတင်ပြောင်းရွှေ့သည့် ၂၀၀၂ ခုနှစ်မှ ယနေ့အထိ ကားဂိတ်၊ စတိုးဆိုင်၊ စားသောက်ဆိုင်၊ ဝပ်ရှော့၊ ထမင်းဆိုင်၊ လက်ပွေ့ဈေးသည်၊ တက္ကစီ၊ ဂိတ်လုပ်သား၊ ရေသန့်အရောင်းသမား၊ လူခေါ်ပွဲစား၊ ဈေးဆိုင် စသည့် အိမ်ထောင်စုအများအပြားအတွက် အလုပ်အကိုင်အခွင့်အလမ်းများပေးခဲ့ပြီးဖြစ်သလို ရည်မှန်းချက်ရှိသော လူငယ်တို့၏ အိပ်မက်အစပြုရာလည်း ဖြစ်ပါသည်။

"ကွန်ပျူတာသင်ချင်တယ်၊ အင်္ဂလိပ်စာကဆိုတာလည်း သိချင်တယ်။ ဈေးရောင်းလို့ အားတဲ့အချိန်မှာ အင်္ဂလိပ်စကားပြော၊ မလေးစကားပြော၊ ထိုင်းစကားပြော စာအုပ်လေးတွေ ဖတ်တယ်။ တစ်ခါတလေ နိုင်ငံခြားသားတွေကို အင်္ဂလိပ်လိုပြောဈေးရောင်းတယ်"ဟု ယုံကြည်ချက်တောက်ပနေသော စကားတို့ဖြင့် ညိုညိုလွင်က ဆိုသည်။

ယခု သူထိုင်နေသော ထိုင်ခုံဘေးတွင်မူ တစ်ဂျူး၊ စနိုးတဝါ၊ ဂျူဆေးဘူး၊ ဆားငန်စေ့ထုပ်၊ လက်သည်းညှပ်၊ စာအုပ်များ ထည့်ထားသော လက်ဆွဲခြင်းတောင်းလေးတစ်လုံးသာ ရှိသည်။

ရွေးစက်တို့အရင်းတည်၍

မြန်မာနိုင်ငံတွင် အလုပ်အကိုင်အခွင့်အလမ်းအပါအဝင် အသိပညာ ဗဟုသုတတိုးပွားမည့် အရင်းအမြစ်တို့အများဆုံး ရန်ကုန်မြို့တော်သို့ လာရောက်ရန်ကြိုးစားခဲ့ရခြင်းသည် ငွေရှာဖွေရန်တစ်ခုတည်းသာမဟုတ်။ အသိဉာဏ်ဗဟုသုတအခွင့်အလမ်းတို့ကို တတ်နိုင်သမျှ ရယူရန်ဖြစ်သည်ဟုလည်း အထက်အညာဒေသအပါအဝင် မုံရွာမှလာရောက်ကြသည့် ဈေးသည်အများစုက ပြောဆိုကြသည်။

ရံဖန်ရံခါတွင် ဈေးဦးမပေါက်သောနေ့များရှိသလို ထမင်းစရိတ်အတွက်ကိုပင် မနည်းရှာဖွေရသောနေ့များလည်းရှိသည်ဟု ၎င်းတို့၏အဆိုအရ သိရှိရသည်။

"ရွာကလူတွေက ရန်ကုန်ကို လာချင်ကြတယ်ဆိုရင် အတန်းပညာနဲ့ အခွင့်အလမ်းတစ်ခုခုရအောင် ချိတ်ဆက်ဖို့ ကြိုးစားပါလို့ တိုက်တွန်းချင်တာပဲ"ဟုလည်း မင်းမင်းဝင်းက ဆိုသည်။

ညိုညိုလွင်သည် အိမ်တွင်ကျန်ခဲ့သော တက္ကသိုလ်ဝင်တန်းအောင် မောင်ငယ်ကျောင်းသားနှင့် ယခုနှစ် တက္ကသိုလ်ဝင်တန်းဖြေမည့်သူတို့အတွက် လက်ပွေ့ဈေးသည်ဘဝမှနေ၍ ထောက်ပံ့ပေးလျက်ရှိပြီး ဘွဲ့ရပြီးချိန်တွင် ကျောင်းဆရာမအဖြစ် ရွာတွင် ပြန်လည်နေထိုင်မည်ဟု သူ့ရည်မှန်းချက်ကို ပြောပြသည်။

လွန်ခဲ့သော ၂ နှစ်ခန့်မှ ရန်ကုန်မြို့တော်သို့ ကုမ္ပဏီဝန်ထမ်းဘဝကိုရည်မှန်း၍ ယင်းမာပင်ဇာတိ မင်းမင်းဝင်း၏ မျှော်လင့်ချက်တို့သည် ယခုမူ အတန်ငယ် မှိန်စပြုနေပြီဖြစ်သည်။ လက်ပွေ့ဈေးသည်ဘဝဖြင့် ပင်ပန်းဆင်းရဲအခက်အခဲမျိုးစုံကို သူမဖြတ်ကျော်ရင်း သူ့ရည်မှန်းသော သိပ္ပံဘွဲ့ကို မကြာမီရရှိတော့မည်ဖြစ်သည်။ ရည်မှန်းသော စုဆောင်းငွေပြည့်သည့်အချိန်တွင် အညာသို့ ပြန်တော့မည်ဖြစ်သည်။

"နည်းမျိုးစုံနဲ့တော့ ကိုယ်နဲ့ထိုက်တန်တဲ့နေရာတစ်ခုကို ရန်ကုန်မှာရဖို့ အရှုံးမပေးဘဲ အချိန်ရသရွေ့ ကြိုးစားနေဦးမှာပါပဲ"ဟုလည်း မင်းမင်းဝင်းက ဆိုပါသည်။

တင်အောင်ကျော်

www.foreverspace.com.mm

ဒစ်ဂျစ်တယ်လိုင်း၊ ဒဗလျူသုံးလုံးနှင့် စီးပွားရေးဖွံ့ဖြိုးမှု

ကျော်မျိုးညွန့်

ကမ္ဘာ့လုံးချီဖြန့်ကြက်ထားသော ကွန်ရက်တွင် သတင်းဆက်သွယ်ရေးနည်းပညာ အားပြုသော ဒစ်ဂျစ်တယ်လိုင်းများနယ်နိမိတ်အကန့်အသတ်မရှိ ပျံ့နှံ့နိုင်သည့် မျက်မှောက်ကာလတွင် စီးပွားရေးတိုးတက်မှုဆိုင်ရာ မဟာဗျူဟာများချမှတ်ရာ၌ အစဉ်အလာအရရှိခဲ့သော အကောက်အယူများနှင့် မတူသောတူရူချက်များကို တွေ့မြင်လာရပြီဖြစ်သည်။ ၂၀၀၇ ခုနှစ်အတွင်း ထွက်ပေါ်လာပြီး ပညာရှင်များအလေးထားဆွေးနွေးလာသောအခြင်းအရာမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အတွက် ဒဗလျူ (W)သုံးလုံးကို ထိရောက်စွာအသုံးချရေးပင်ဖြစ်သည်။

> "ဒစ်ဂျစ်တယ်သုံးပြီး Talent Recoding အလွယ်တကူ လုပ်သွားလို့ရတယ်"
>
> ဦးရဲထွန်းအောင်
> Managing Director
> Service+

"ဥပမာ–စာစီစာရိုက်လုပ်တယ်ပေါ့။ ကွန်ပျူတာလေးရှိရင် မီးလာတဲ့အချိန်မှာ E-mail နဲ့ ဓာတ်ပုံနဲ့ပို့လိုက်တဲ့ စာကိုရိုက်ပြီး ပြန်ပို့။ အဲဒါကတော့ Very Simple ပေါ့။ Dial-up လောက်ရှိရင် စလို့ရတယ်။ နောက်တစ်ခါ ဘာတွေလဲဆိုတော့ MP3 လေးနဲ့ပို့တာကို စာပြန်ရိုက်ပို့လို့ရတယ်။ ဥပမာ–အလုပ်အရမ်းများတဲ့ Journalist တစ်ယောက်ဆိုပါတော့ အသံဖမ်းလာတဲ့ အင်တာဗျူးတွေကို ကိုယ်တိုင်ပြန်မဖြည်နိုင်ဘူး။ ဒါကို MP3 နဲ့ E-mail လွှတ်ပြီး Outsource လုပ်လို့ရတယ်။ လုပ်တဲ့လူကလည်း အိမ်မှာ အပိုဝင်ငွေရတဲ့အလုပ်အနေနဲ့ လက်ခံလုပ်လို့ရတယ်။ အရမ်းမြန်ဖို့လိုတဲ့ သတင်းမျိုးကလွဲရင် ဒီနည်းနဲ့သွားလို့ရတယ်။

အမျိုးသမီးတွေအနေနဲ့ ကိုယ်တိုင်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လုပ်လို့ရတာရှိတယ်။ ဥပမာ– Micro Credit Fund ကို လုပ်နေတာမျိုးဆို ကိုယ့်အဖွဲ့လူပ်ရှားမှုကို

www.forevergrace.com.mm

မနက်ကစပြီးတော့ Digital Camera လေးနဲ့ရိုက်ပြီး အပတ်စဉ် အင်တာနက်ပေါ် တင်ပေးမယ်ဆိုရင်ရတယ်။ ကုန်ကျစရိတ်လည်း ဘယ်လောက်မှမရှိဘူး။ ဒါပေမဲ့ သူတို့ တကယ်လုပ်တယ်ဆိုတာ တစ်ကမ္ဘာလုံးက သိနိုင်တယ်။ သိတော့ ကူညီဖို့ ပိုသဒ္ဒါပွားတယ်ဗျာ။ ဆွဲဆောင်လို့ရ တယ်။ Advertisement အနေနဲ့ Populate ဖြစ်အောင် သုံးနည်းတစ်ခုပေါ့။ Delivery Cost တွေ၊ စာရွက်စာတမ်းရိုက်မယ့် ကုန်ကျစရိတ်တွေနဲ့ယှဉ်တွက်ရင် အများကြီး သက်သာလွန်းတယ်ဗျာ။

တချို့အမျိုးသမီးတွေဆို ဟင်းချက်တာ အရမ်းကျွမ်းတယ်။ သူတို့ထွင်တဲ့ဟာလေးတွေ အမြဲတမ်းရေးတယ်။ Internet ပေါ်မှာတင်ထားတယ်။ အဲဒီမှာ ဟင်းချက်တာ စိတ်ဝင်စားတဲ့လူအချင်းချင်း စုမိတယ်။ တဖြည်းဖြည်း Community လေး ဖြစ်လာတယ်။ အဲဒီကနေစုပြီး ဆိုင်ထောင်ဖြစ်တာမျိုး။ Sharing လုပ်ရင်းနဲ့ အရမ်းလူကြိုက်များတဲ့ ဟင်းအမျိုးအစားသစ်တစ်မျိုး ပေါ်လာတာမျိုးရှိတယ်။

ဒစ်ဂျစ်တယ်ပစ္စည်းတွေမှာ စွမ်းအားရှိတယ်။ အလွယ်ကူဆုံးမျိုးပွားနိုင်တယ်။ Technically အခေါ်အရဆို Control C, Control V ဒါတွေ လုပ်လို့ရတယ်။ သူ့ရဲ့ Cloning Power ရှိတယ်။ နောက် Liquid ဖြစ်တယ်။ ပုံတစ်ပုံကို စက္ကန့်ပိုင်း အတွင်း အရောက်ပို့နိုင်တယ်။ နောက် USB လေးနဲ့ အလွယ်တကူ ယူလို့ရတယ်။ ခုဆို PDA တွေ၊ ဖုန်းတွေထိ အလွယ်တကူ စီးမျောနိုင်တယ်။ အဆင့်ဆင့် Lost လုပ်နိုင်တယ်။ ဒီမှာလည်းပွားတာက ဒစ်ဂျစ်တယ် ပစ္စည်းတွေရဲ့ သိမ်းဆည်းနိုင်တဲ့ ပါဝါကိုပဲ အသုံးများတယ်။

Tour Guide ဆို မြန်မာအမျိုးသမီးတွေအများကြီးရှိတယ်။ သူတို့ပို့ခဲ့တဲ့ ဧည့်သည်တွေ၊ ရောက်ခဲ့တဲ့နေရာတွေ Digital ကင်မရာလေးနဲ့ ဓာတ်ပုံရိုက်။ အတွေ့အကြုံတွေ စာရေးပြီး အင်တာနက်ပေါ်တင်။ တဖြည်းဖြည်းနဲ့ Pile ဖြစ်လာမှာပေါ့။ ဓာတ်ပုံလေးရိုက်ကြတယ်။ အမှတ်တရပဲ သိမ်းကြတယ်။ Publish လုပ်တာမျိုးမရှိဘူး။ လုပ်မယ်ဆို ဘာ Cost မှ မရှိဘူး။ Blog တွေ တင်လို့ရတယ်။ ဒါမျိုး ၂ နှစ် သုံးနှစ်လောက် ဖြတ်သန်းပြီးတဲ့အချိန်မှာ သူ့ Career ကျန်ခဲ့တာပေါ့။ ကြည့်မိတဲ့သူက နောက်တစ်ခါ Tour အတွက်လိုရင် သူ့ပဲခေါ်ကြရအောင်ဆိုပြီး ဖြစ်လာတယ်။ နိုင်ငံတကာကကို သိနိုင်တယ်။ ဂျာမန်လို ရေးနိုင်ရင် ဂျာမန် Market ရမယ်။ ဒါမျိုးကို Every Professional တိုင်းက လုပ်လို့ရတယ်။ တစ်ပတ်တစ်ခါလောက် အချိန်ပေးရင် လုပ်လို့ရတယ်။ အလုပ်သွားလျှောက်ရင်လည်း အလုပ်ရှင်ကြည့်လို့ရတယ်။ သူ့မှတ်တမ်းက အဆင့်သင့်ရှိတော့ အလုပ်ရှင်ဘက်က ရွေးရအဆင်ပြေတယ်။ ကိုယ့်ပြည်တွင်းမှာ မလုပ်ဘူး။ နိုင်ငံတကာ အထိ ခြေဆန့်လို့ရတယ်။ ဒီလိုနဲ့အမျိုးသမီး Talent တွေ အများကြီးရှိလာမယ်။ ဒစ်ဂျစ်တယ်ကြောင့် ကိုယ့် Talent ကို Record လုပ်လို့ရတယ်။ ဒစ်ဂျစ်တယ်သုံးပြီး Talent Recording အလွယ်တကူလုပ်သွားလို့ရတယ်။

Professional လုပ်နေတဲ့ Accountant လိုမျိုး၊ Tour Guide လိုမျိုး အမျိုးသမီးတွေအနေနဲ့လည်း e-mail၊ အင်တာနက်သုံးနေတဲ့အခါမှာ နိုင်ငံတကာ Opportunity တွေ လှမ်းမြင်လို့ရတယ်။ အနည်းဆုံး Web သုံးတဲ့အတွက် Imformation ရှာတာရယ်၊ အချင်းချင်းအပြန်အလှန် Communication လုပ်တာရယ်ကနေစပြီး အကျိုးကျေးဇူးအများကြီးရှိတယ်။ Impact က အများကြီးရှိတယ်။

အဖွဲ့အစည်းတွေဆိုလည်း ဘော်ဒါဆောင်လိုကနေ အဖွဲ့အစည်းကြီးတွေအထိ လုပ်ငန်းကို ဒစ်ဂျစ်တယ်နဲ့မှတ်တမ်းတင်ဖို့ လူတစ်ယောက်ယောက်ရှိရင်ကို လုပ်လို့ရတယ်။ ကင်မရာလေးနဲ့ နေ့စဉ်မှတ်တမ်းတင်ပြီး အင်တာနက်ပေါ် တင်ပေးသွားရုံပဲ။ အပြင်ကလူက ဒီအဖွဲ့အစည်းက ဒါတွေလုပ်နေပါလားဆိုတာ ရှင်းရှင်းလင်းလင်း သိရတယ်။ Transparency အရမ်းရှိတယ်။ Transparent ဖြစ်တယ်။ ဒါမျိုးတွေရှိလာရင် အလုပ်အကိုင်အခွင့်အလမ်းတွေလည်း အရမ်းပွင့်လာမယ်။ ဥပမာ– Talent ဖြစ်တဲ့ အမျိုးသမီးတစ်ယောက်ပေါ့။ ကိုယ့်အရည်အချင်းနဲ့ လက်ရှိအလုပ်က ခံစားခွင့်နည်းနေရင် လုပ်ငန်းတိုက Transparent ဖြစ်တော့ ကိုယ်နဲ့ကိုက်မယ့်အလုပ်ကို အလွယ်တကူရှာပြီး ချိတ်မိသွားမယ်။ အလုပ်သမားကောင်းရှာမယ့် အလုပ်ရှင်ကလည်း Bolg တွေကနေတစ်ဆင့် Talent တွေရနိုင်တယ်။ Record တွေကိုကြည့်ပြီး စိတ်တိုင်းကျရွေးနိုင်တယ်။ Information Transpar

www.foreverspace.com.mm

ent မဖြစ်မှုကြောင့် ဖြစ်ခဲ့တဲ့အခက်အခဲတွေ အားလုံး မြည်လည်သွားတယ်။ လူမှုနေရာမှန်မရတာတို့၊ လုပ်ငန်းခွင်ဝင်ပြီးမှ မကြိုက်တာတို့ မူဝါဒချင်းမကိုက်တာတို့၊ Business Philosophy မတူတာတို့ မရှိနိုင်တော့ဘူးပေါ့။

အင်တာနက်ရဲ့ တကယ်သဘောမှန်ရှိတယ်။ (၁) ရိုးရှင်းတယ်၊ (၂) အလကားရတယ်။ လူတိုင်း Blog တင်လို့ရတယ်။ Wesite အနေနဲ့ကျတော့ ပိုက်ဆံကုန်တာပေါ့ဗျာ။ Blog က ဘာမှလည်းမခက်ဘူး။ ပိုက်ဆံမကုန်ဘူး။ တစ်ရက်လောက် လေ့ကျင့်လိုက်ရင် လူတိုင်းလုပ်နိုင်တယ်။

စင်ကာပူမှာ တကယ်လက်တွေ့ရှိတယ်။ အဲဒီကောင်မလေးက အလှအပဝါသနာပါတယ်။ ကျောင်းဆင်းရင် လျှောက်သွား။ နှုတ်ခမ်းနီလေးဝယ်လိုက်၊ မိတ်ကပ်လေးဝယ်လိုက်။ ပြီးရင် အဲဒီအကြောင်းလေးတွေ Blog ရေးတယ်။ ကြာတဲ့အခါသူ့ Blog လေးကို ဖတ်ရတာ စိတ်ဝင်စားဖို့ကောင်းတယ်။ Blog နဲ့ Website မတူတာက၊ အကြီးမားဆုံး ကွာခြားချက်က Bolg ကလည်း Website ပဲ။ မတူတာက Commercial က နောက်ကွယ်မှာ အစုလိုက်၊ အဝေးလိုက် ဘာတွေ တင်သင့်တယ်။ လုပ်သင့်တယ်ဆိုပြီးတော့ လုပ်ကြရတယ်။ Blog က ကိုယ့် စိတ်ထဲတစ်ခုပေါ်ရင် အခုတင်လို့ရတယ်။ အရမ်းမြန်တယ်။ နောက် အသည်းနှလုံးပါတယ်။ Live ဖြစ်တယ်။ Heartily ဖြစ်တယ်။ ခုနက ကောင်မလေးဆို အဲဒီလို Blog တင်ရင်းနဲ့ သူ့ရဲ့အရေးအသားဆွဲဆောင်မှုကြောင့် ဓာတ်ပုံမှတ်တမ်းလေးတွေ နေ့စဉ်တင်တာကြောင့်ရယ် စောင့်ဖတ်တဲ့၊ ကြည့်တဲ့သူ အရမ်းများတယ်။ မင်းသမီးမဟုတ်ဘဲ ကျော်ကြားသွားတယ်။ ကျော်ကြားသွားတော့ အိတ်ရောင်းတဲ့ကုမ္ပဏီတို့၊ နှုတ်ခမ်းနီရောင်းတဲ့ကုမ္ပဏီတို့က သူ့ကို Contact လုပ်၊ ကြော်ငြာထည့်ကြတယ်။ ကြော်ငြာတွေ များလာရာကနေ အခုတစ်လကို S$ 4000 လောက်ရတယ်။ အဲဒါမျိုးတွေ အများကြီးပေါ့”

မှန်ပါသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် W သုံးလုံးအနက်မှ တစ်ခုဖြစ်သော မြန်မာအမျိုးသမီးလူသားအရင်းမြစ်များအနေဖြင့် အခြား W နှစ်လုံးကို အသုံးပြု၍ ဒစ်ဂျစ်တယ်အမြန်လမ်းပေါ် လျှောက်လှမ်းရေးကို ဦးရဲထွန်းအောင်က အထက်ပါအတိုင်းတိုက်တွန်းခြင်းဖြစ်သည်။ ယင်း W နှစ်လုံးမှာ ဒစ်ဂျစ်တယ်လှိုင်းများအရှိန်အဟုန်ဖြင့် စီးမျောနိုင်သော ကမ္ဘာလုံးကွန်ရက် (world wide web) နှင့် ယင်း web ပေါ်တွင် ကျင်လည်ရင်း ကမ္ဘာကြည့်ကြည့်မြင်နိုင်မှု (the world) တို့ ဖြစ်သည်။ မိမိ၏အသက်မွေးဝမ်းကျောင်းနှင့် ဆက်စပ်သည့် အသိဉာဏ်၊ ဗဟုသုတ၊ အလုပ်အကိုင်၊ အခွင့်အလမ်းတို့ကို ကမ္ဘာ့စံချိန်မီ သိမြင်နိုင်ခြင်း၊ အများနှင့်တစ်ပြေးညီပါဝင်ဆောင်ရွက်နိုင်ခြင်းကို the world ဟူသော စကားလုံးဖြင့် တင်စားသုံးစွဲခြင်း ဖြစ်သည်။ ယင်း W သုံးလုံးကို တစ်သားတည်းဖြစ်အောင် အကောင်အထည်ဖော်ဆောင်ရွက်ပါက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူရရှိနိုင်ကြောင်း နာမည်ကျော်အမေရိကန်စီးပွားရေး အကြံပေးပညာရှင် Tom Peter က ပြောကြားသည်။

အမျိုးသမီးသည် ဈေးကွက်

တောင်ကိုရီးယားရှိ Sookmyung Women's University ရှိ Professor of Marketing and Retial ဖြစ်သူ Suh Yong-gu က ကမ္ဘာ့ထိပ်တန်းအချိုရည် Coca Cola သည် ၎င်း၏ပုလင်းပုံစံကို အမျိုးသမီး၏ ခန္ဓာကိုယ်ကောက်ကြောင်းအသွင် ထုတ်လုပ်ရောင်းချကြောင်း၊ နာမည်ကျော် starbucks သည်လည်း ဂရိနတ်ဘုရားမ Siren ကို ကုန်အမှတ်တံဆိပ်အဖြစ် သုံးစွဲထားကြောင်း Customer's Satisfaction ကြောင့် ကမ္ဘာကျော်သည့် Singapore Airline သည်လည်း အမျိုးသမီးလေယာဉ်မယ်များ၏ ဧည့်ဝတ်ကျေပွန်မှုကို အလေးပေးကြော်ငြာဖြင့် ဈေးကွက်ဝေစု အများအပြားရရှိကြောင်း ပြောကြားသည်။ အလားတူစွာပင် ကမ္ဘာကျော် Puma အဝတ်အထည်သည် ယခင်က အမျိုး

www.forevercspace.com.mm

သားများအား ဈေးကွက်ပစ်မှတ်အဖြစ် ထားရှိခဲ့ကာမှ နှစ်ဆယ်ကျော် ငါးနှစ်ပတ်လည်အမျိုးသမီးများဘက်ဆီသို့ ပြတ်ပြတ်သားသား မြားဦးလှည့်လိုက်မည်ကို တွေ့ရသည်။ ထို့ပြင် Mr.Pizza သည်လည်း အမျိုးသမီးကြိုက်ပီဇာများ သီးသန့်ထုတ်လုပ်ရာ အကြီးအကျယ် အောင်မြင်မှုရလျက်ရှိပါသည်။

အထက်ပါအချက်တို့က ဈေးကွက်၏ စားသုံးမှုရာခိုင်နှုန်းအများစုကို အမျိုးသမီးများက ကိုယ်စားပြုနေသည်ကိုပေါ်လွင်စေပါသည်။ ၂၀၀၆ ခုနှစ်အတွင်း အမေရိကန်ပြည်ထောင်စုမှ ထုတ်ပြန်သော စာရင်းတစ်ခုအရ အိမ်ထောင်စုတိုင်း၏ ၆၀ ရာခိုင်နှုန်းသော ငွေကြေးသုံးစွဲမှုကို အမျိုးသမီးများ၏ ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ကြောင်း သိရသည်။ ယင်း၏အကျိုးဆက်အနေဖြင့် Consumer Culture နှင့် Customer behaviour တို့ကို စနစ်တကျသုံးသပ်၍ စီမံဆောင်ရွက်နိုင်ရေးအတွက် အမျိုးသမီး Talent များကို နိုင်ငံတကာအလုပ်ခွင်များက တောင်းဆိုလာကြကြောင်း Suh Yong-gu ကရှင်းပြသည်။ သို့ဖြစ်၍ ဒိုမိနိုသီအိုရီအရ အမျိုးသမီးများ ဝင်ငွေတိုးကာ ဝယ်လိုအားများ ပိုမိုဖြစ်ပေါ်ပြီး စီးပွားရေးဖွံ့ဖြိုးမှုအတွက် Virtuous Circle ဖြစ်ပေါ်လာပါတော့သည်။

ယူနွတ်စ်ကို နိုဗယ်ပေးသူ

၂၀၀၆ ခုနှစ်၏ ငြိမ်းချမ်းရေးနိုဗယ်လ်ဆုရှင် ယူနွတ်စ် (Muhammad yunus) ကို နိုဗယ်လ်ဆုမည်သူပေးပါသနည်း။ လူပြိန်းဖြေအရ ဆုရွေးချယ်ရေးအဖွဲ့ဟု အဖြေထွက်ပါသည်။ ပညာရှင်ရွေးထောင့်မှ အဖြေကို အလိုရှိပါလျှင် ဂရာမင်း (Gar meen) ဘဏ်၏ ဝိုင်းကြီးချုပ် (Solicarity groups) ငွေချေးစနစ်ကြောင့်ဟု ဆိုရပါမည်။ သို့သော် အခြား Alternative အဖြေမှာသာ အဓိကအချက်ဟု ဆိုချင်ပါသည်။ ယင်းမှာ အပေါင်မပါဘဲချေးလျှင် သံသရာကုန်သည်အထိ ပြန်မရနိုင်ဟူသော အစဉ်အလာဆိုရိုးတို့ကို မြေလှန်နိုင်သည့် ယူနွတ်စ်၏ Trade Secret ဖြစ်သည်။ ယင်းမှာ စီးပွားပျက်ကြောင်း အသောက်အစားအပျော်အပါးကင်းသူ အမျိုးသမီးများကို ငွေချေးခြင်းပင်။ ဂရာမင်း၏ ဓုဖ ရာခိုင်နှုန်းသော ချေးငွေများကို အမျိုးသမီးများကို ထုတ်ချေးခြင်းဖြစ်သည်။ ယင်းမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသမီးများကို ထိရောက်စွာအသုံးချနိုင်သော ဥပမာတစ်ခုလည်းဖြစ်သည်။

စကောလာရှစ်များ အမျိုးသမီးကိုကြိုဆို

ကမ္ဘာကိုပတ်ရိုက်ခတ်နေသော ဒစ်ဂျစ်တယ်လှိုင်းများကြောင့် W တစ်လုံးကို ကိုယ်စားပြုသော အမျိုးသမီးများမှာ သာမန်အမျိုးသမီးများအဆင့် W မှနေ၍ W Intelligence များဖြစ်လာကြောင်း လူမှုစီးပွားပညာရှင်များက ဆိုသည်။ ဉာဏ်ရည်မြင့်လေ ပညာကိုချဉ်ခြင်းတပ်လေ ဆိုရသည့် အတိုင်း world wide web ဟူသည့် W တစ်လုံးမှတစ်ဆင့် ကမ္ဘာတစ်ဝန်းလုံး (ကျန် W တစ်လုံး)ရှိ ပညာသင်ကြားရန် အခွင့်အလမ်းတို့ကို အာသာငမ်းငမ်းရှာဖွေကြပါတော့သည်။ ၂၀၀၇ ခုနှစ် မတ်လထုတ် Newsweek မဂ္ဂဇင်း၏အဆိုအရ MBA သင်တန်းများတွင် တက်ရောက်သည့် အမျိုးသမီးအရေအတွက်မှာ ၁၀ ရာခိုင်နှုန်းနှစ်စဉ်တိုးတက်နေကြောင်း သိရသည်။ ပညာရပ်မျိုးစုံအတွက် ပညာသင်ဆုပေးရာ၌လည်း အမျိုးသမီးများကို ဦးစားပေးလာကြောင်း၊ အကြောင်းရင်းမှာ ပညာသင်ဆုပေးသော ငွေကြေးပမာဏနည်း၍ အမျိုးသားများ ရှောင်ရှားသည့်အခွင့်အရေးကို အမျိုးသမီးများက လက်လွတ်မခံကြကြောင်း၊ အမျိုးသမီးများ၏ စိတ်သဘာဝအရလည်း ခြိုးခြံချွေတာရင်း ပညာဆည်းပူးနိုင်ကြ၍ ဖြစ်ကြောင်း၊ သို့ဖြစ်၍ ရွေးချယ်ရေးအဖွဲ့ဝင်များကလည်း နည်းနည်းနှင့်ကျဲကျဲ ဝိုင်းလိုသည့်အခါ အမျိုးသမီးများကို ပညာသင်ဆုအတွက် ဦးစားပေးကြကြောင်း Newsweek ၏အဆိုအရ သိရသည်။

ယခုအခါ မြန်မာနိုင်ငံတွင်လည်း အင်တာနက်မှတစ်ဆင့် နိုင်ငံမှမခွာဘဲ အဆင့်မြင့်ပညာဆည်းပူးနေသည့် အမျိုးသမီးများ၊ ပြည်ပပညာသင်ဆုကို Web ပေါ်မှရယူ၍ သွားရောက်သင်ယူနေသူ အမျိုးသမီး အများအပြား ရှိနေပြီဖြစ်သည်။ သို့သော် 'W' သုံးလုံးပေါင်းစည်း၍ ဒစ်ဂျစ်တယ်လှိုင်းကို ကျကျနနစီးရင်း အမြင့်သို့တက်လှမ်းနိုင်ရန်အတွက် ယခုထက်ပိုမိုတွန်းအားပေးကြရမည်ဖြစ်သည်။ လှိုင်းသက်ရောက်ခွင့်ကျယ်ရေးအတွက် အင်တာနက်မြန်နှုန်း မြှင့်တင်ရေး၊ လူတိုင်းအင်တာနက်အသုံးပြုနိုင်ရေးအပြင် Vocational အလုပ်အကိုင် အများစုကို IT နှင့်ဆက်စပ်နိုင်မှသာ ဒစ်ဂျစ်တယ်လှိုင်းတွင် အလိုက်သင့်စီးမျောနိုင်မည် ဖြစ်သည်။ Digitizied လုပ် (ဒစ်ဂျစ်တယ်အသွင်ပြောင်း) ထားသော စာလုံး၊ ရုပ်ပုံ၊ အသံ၊ အချက်အလက်များအားလုံးကို ရောင်းကုန်များအဖြစ် အသွင်ပြောင်းနိုင်သော ယခုအချိန်ကာလတွင် W နှစ်လုံးနှင့် ကျွမ်းဝင်သော အမျိုးသမီးများအနေဖြင့် အဆင့်မြင့်အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းနေသည်ကိုလည်း သိရှိကြရန် လိုအပ်ပါသည်။

သို့ဖြစ်၍ ငွေကြေးသည်သာ အရင်းအနှီးမဟုတ်တော့သကဲ့သို့ ကမ္ဘာလုံးဆိုင်ရာ အမြင်ရှိပြီး World Wide Web တွင် ကျင်လည်ကျက်စားလုပ်ကိုင်နိုင်ပါက မြန်မာနိုင်ငံလူဦးရေထက်ဝက်ကျော်ကို ကိုယ်စားပြုသော အမျိုးသမီးများထဲမှ Super Empowered Individuals အများအပြားထွက်ပေါ်ကာ နိုင်ငံအတွက် ငွေကြေးနှင့် တိုင်းတာနိုင်သော စီးပွားရေးဖွံ့ဖြိုးမှုသာမက ငွေကြေးဖြင့်ပင် တန်ဖိုးမဖြတ်နိုင်သော ဖွံ့ဖြိုးတိုးတက်မှုအရပ်ရပ်ကိုပါအောင် ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်သည်။

" We make something out of nothing. We learn how to take advantage of the flat word. We are not fighting it, We are taking advantage of it " ဆိုသည့်အတိုင်း Talent ခေါ် Super Empowered Individuals များမှာ ဒစ်ဂျစ်တယ်လှိုင်းစီး၍ သာမန်မျက်စိဖြင့် မမြင်နိုင်သောအရင်းများကို ဓနအဖြစ် အသွင်ပြောင်းနိုင်သူများ ဖြစ်ပါသည်။

ကျော်မျိုးညွန့်

■

www.freevalleyspace.com.mm

မိန်းမလှကျွန်း သဘာဝအခြေခံရေးသွားအလားအလာ

ကျော်နိုင်

မြန်မာနိုင်ငံ၌ ဒီရေတောပင် မျိုးစိတ်အစုံအလင်ဆုံး ပေါက်ရောက်ရာနှင့် မျိုးတုံးပျောက်ကွယ်တော့မည့် အန္တရာယ်နှင့် ရင်ဆိုင်နေရသော ရေချိုရေငန်စပ်မိကျောင်းများကို တစ်စုတစ်စည်းတည်း သဘာဝအတိုင်း တွေ့ရှိနိုင်သည့် နာမည်ကျော် မိန်းမလှကျွန်းသည် သုတေသနနှင့် သဘာဝအခြေခံရေးသွေးလုပ်ငန်းဆောင်ရွက်ရန် အလားအလာကောင်းများ ပိုင်ဆိုင်တည်ရှိနေပေရာ အဆိုပါကျွန်းရေရှည်တည်တံ့စေရန်အတွက် သဘာဝပ တ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ယခုထက်ပိုမိုအလေးထားဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးသုတေသီများက ဆိုကြသည်။

မော်တော်နှစ်စင်းက ဘိုကလေးမြစ်အတိုင်း တရွေ့ရွေ့ခုတ်မောင်းနေသည်။ ယုယုတို့ ဒီရေတောလေ့လာရေးအဖွဲ့ ယမန်နေ့က ဤမြစ်အတိုင်းလာခဲ့စဉ်က မြစ်ကမ်းခြေ၌ နေပူစာလှုံနေသည့် ခြောက်ပေခန့် ရှည်လျားသော မိကျောင်းတစ်ကောင်နှင့် ညဘက် မိန်းမလှကျွန်းဘေးမဲ့တောမှ တာဝန်ရှိသူများ၏ လိုက်လံပြသမှုဖြင့် အစာရှာထွက်နေသည့် မိကျောင်းသုံးကောင်တို့ကို သဘာဝအတိုင်း အနီးကပ်မြင်တွေ့ခဲ့ရသဖြင့် ယနေ့ထပ်မံမြင်တွေ့လိုမြင်တွေ့ရငြား စိတ်အားထက်သန်စွာဖြင့် မြစ်ပြင်တစ်လျှောက် အကဲခတ်ကြည့်ရှုရင်း လိုက်ပါလာခဲ့ကြသည်။ ထိုစဉ် မြစ်အတွင်းမှ ရုတ်တရက် မမျှော်လင့်ဘဲ ပေါ်ထွက်လာသည့် သတ္တဝါသုံးကောင်ကြောင့် အာလုံး မှင်တက်အံ့သြသွားမိကာ အာမေဋိတ်သံများပင် ကိုယ်စီထွက်သွားကြသည်။ ယင်းသတ္တဝါသုံးကောင်ကား ယုယုတို့တစ်ဖွဲ့လုံး မမြင်တွေ့ဖူးသေးသည့် ဧရာဝတီလင်းပိုင်များပင်တည်း။

တည်နေရာနှင့် အကျယ်အဝန်း

မိန်းမလှကျွန်းသည် ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် ဘိုကလေးမြစ်အတွင်း ပင်လယ်ဝနှင့် နီးကပ်စွာတည်ရှိပြီး ရန်ကုန်မြို့မှ ဘိုကလေးသို့ ၈၇ မိုင်၊ ဘိုကလေးမှ မိန်းမလှကျွန်းသို့ ၁၂ မိုင် ရေလမ်းခရီးဖြင့်လည်းကောင်း၊ ရန်ကုန်–မအူပင်–ကျိုက်လတ်–ဘိုကလေးသို့ ကုန်းလမ်းခရီးဖြင့် ၁၂၀ မိုင်၊ ဘိုကလေးမှ မိန်းမလှကျွန်းသို့ ၁၂ မိုင် ရေလမ်းခရီးဖြင့်လည်းကောင်း ရာသီမရွေးသွားရောက်နိုင်သည်။ မိန်းမလှကျွန်းတိုးချဲ့ကြီးပိုင်း (လောကဓာတ်ကျွန်း) အပါအဝင် ဧရိယာ ၃၃,၇၇၉ ဧက (သို့မဟုတ်) ၅၂.၇၈ စတုရန်းမိုင် ကျယ်ဝန်းသည်။

ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝမှု

မိန်းမလှကျွန်းဘေးမဲ့တောအတွင်း မိကျောင်း၊ လိပ်၊ ဖွတ်၊ ဒရယ်၊ ဆတ်၊ တောကြောင်၊ ဖျံ၊ ခွေးအ၊ မျောက်၊ ဓမ္မြေ၊ လင်းပိုင်အပါအဝင် နို့တိုက်သတ္တဝါနှင့် တောရိုင်းတိရစ္ဆာန် ၁၈ မျိုး၊ ငှက်ကြီးငှဲးစပ်၊ ချည်ခင်စွပ်၊ စွန်ခေါင်းဖြူ၊ ပိန်ညှင်း၊ ကြက်တူရွေး၊ သိမ်းကျား၊ ရေကြက်၊ အောက်ချင်း၊ ဟသံဂ၊ ခရုစုတ်၊ ခရုတုတ် စသည်တို့ အပါအဝင် ငှက်မျိုးစိတ် ၁၁၇ မျိုး၊ သင်ပေါင်းလိပ်၊ ခွံပျော့လိပ်၊ ဆောက်လိပ်နှင့် တိုက်လိပ် လိပ်လေးမျိုး၊ လိပ်ပြာ ၃၅ မျိုးတို့ နေထိုင်ကျက်စားကြပြီး ပရဆေးပင် ၅၃ မျိုး၊ သစ်ခွမျိုးစိတ် ၁၁ မျိုး၊ ဒီရေတောပင်မျိုးစိတ် ၄၂ မျိုးတို့ ပေါက်ရောက်ကြကြောင်း သစ်တောဦးစီးဌာန သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန မိန်းမလှကျွန်း ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးမှတ်တမ်းများအရ သိရသည်။

မိကျောင်းတို့ ပျော်စံရာ

"အဲဒီအထဲမှာ မိကျောင်းက ကျွန်တော်တို့ကျွန်းရဲ့ Key Stone Species ပါပဲ။ အဲဒီရေချိုရေငန်စပ်မိကျောင်း *(Crocodylus porosus)* ကောင်ရေ ၁၅၀ လောက် ကျွန်း

www.foreverpence.com.mm

ပေါ်မှာ တွေ့ရတယ်။ WCS အဖွဲ့အစည်းနဲ့ပေါင်းပြီး စာရင်းကောက်ခဲ့တာ အရွယ်ရောက်ပြီးတဲ့ ကောင်ရေ ၁၀၀ လောက် ရှိတယ်။ တစ်မြို့နယ်လုံးအနေနဲ့ဆို ကောင်ရေ ၂၀၀ လောက်ရှိမယ်" ဟု ဘေးမဲ့တောအုပ်ချုပ်ရေးမှူး ဦးစိုးလွင်က ရှင်းပြသည်။

ကမ္ဘာပေါ်တွင် မိကျောင်းမျိုးစိတ် ၂၃ မျိုးရှိသည့်အနက် လေးမျိုးမှာ မြန်မာနိုင်ငံ၌ နေထိုင်ကျက်စားကြသည်။ ယင်းတို့မှာ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် နေထိုင်ကျက်စားသည့် *Crocodylus porosus* (သံသုမာမိကျောင်းခေါ် ငမိုးရိပ်မိကျောင်း)၊ ရခိုင်ပြည်နယ် ကမ်းရိုးတန်းတစ်လျှောက်တွင် နေထိုင်ကျက်စားသည့် *Crocodylus palustris* (ကုမ္ဘိလမိကျောင်း)၊ မင်္ဂေးတိုင်း သရက်၊ မိကျောင်းရဲဒေသတစ်ဝိုက်တွင် နေထိုင်ကျက်စားသည့် *Crocodylus siamensis* (နက္ကမိကျောင်း) နှင့် မြိတ်၊ ထားဝယ်ကမ်းရိုးတန်းတစ်ဝိုက်တွင် နေထိုင်ကျက်စားသည့် *Gaviatis gangetius* (ထိုင်း မိကျောင်း) တို့ဖြစ်ကြသည်။ ယင်းတို့အနက် *Crocodylus porosus* တစ်မျိုးတည်းသာ မြန်မာနိုင်ငံ၌ ကျန်ရှိနေသေးပြီး ကျန်သုံးမျိုးမှာ မျိုးတုံးပျောက်ကွယ်သွားကြပြီဖြစ်ကြောင်း သုတေသီတို့ကဆိုသည်။ အဆိုပါ ရေချိုရေငန်စပ်မိကျောင်းကို မိန်းမလှကျွန်းဘေးမဲ့တောအတွင်း သဘာဝအတိုင်း ထိန်းသိမ်းကာကွယ်ထားပြီး ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ မိကျောင်းမွေးမြူရေးစခန်းတွင်လည်း သုတေသနပြုလုပ်ရန်အတွက် ကောင်ရေ ၆၀၀ ကျော်ခန့်ကို မွေးမြူထားရှိသည်။

မိန်းမလှကျွန်းဘေးမဲ့တောအတွင်းစခန်း ၁၁ ခုရှိသည့်အနက် သောင်ချောင်းစခန်းနှင့် ကြောင်ထောက်စခန်းတို့တွင် ကိုယ်အလျားနှစ်ပေမှ ခြောက်ပေအရွယ်အထိ မိကျောင်းများကို သဘာဝအတိုင်း အနီးကပ်လေ့လာနိုင်ရန်နှင့် သုတေသနပြုလုပ်နိုင်ရန် ခြံဝင်းခတ်၍ မွေးမြူထိန်းသိမ်းထားပြီး ကြောင်ထောက်စခန်းရှိ ပညာပေးပြခန်းတွင်မူ ယင်းမိကျောင်းများနှင့် စပ်လျဉ်း၍ လေ့လာနိုင်ရန် စီစဉ်ပြသထားရှိသည်။

"အဲဒီမိကျောင်းတွေက အကောင် ၁၀၀ မှာ လေးကောင်လောက်ပဲ ရှင်သန်ကြတယ်။ သဘောက အရွယ်ရောက်တဲ့ အကောင်ဖြစ်

လာတာကို ပြောတာ။ ဒီကျွန်းပေါ်မှာ အရင်က မိကျောင်းသိုက်တွေကို ကာကွယ်ထိန်းသိမ်းပြီး စနစ်တကျ သားဖောက်တာတွေ လုပ်ပေးခဲ့တယ်။ အခု မိကျောင်းကောင်ရေက ကျွန်းဧရိယာနဲ့စာရင် လုံလောက်နေပြီမို့ သဘာဝအတိုင်းပဲ သားပေါက်စေတော့တယ်။ ကိုယ်အလျား ခြောက်ပေလောက်ဆိုရင် အရွယ်ရောက်ပြီလို့ သတ်မှတ်တယ်။ ဒီကျွန်းပေါ်မှာ ကိုယ်အလျား ၂၈ ပေခွဲလောက်ရှိတဲ့ အရွယ်အကြီးဆုံး မိကျောင်းတစ်ကောင်တောင်ရှိတယ်" ဟု မိန်းမလှကျွန်းဘေးမဲ့တောမှ တောခေါင်းတစ်ဦးက ဆိုသည်။

ဒီရေတောတို့၏ကမ္ဘာ

မြန်မာနိုင်ငံ၌ ဒီရေတောပင် မျိုးစိတ်အစုံအလင်ဆုံးနှင့် ဧရိယာပမာဏအများဆုံး ပေါက်ရောက်ရာဒေသကို ညွှန်ပြရမည်ဆိုလျှင် မိန်းမလှကျွန်းဘေးမဲ့တောကို ညွှန်ပြရမည်ဖြစ်သည်။ ပင်လယ်နှင့် အလွန်နီးကပ်စွာ တည်ရှိပြီး ဒီရေအတက်အကျရှိသည့် ဒေသတစ်ခုဖြစ်၍ ဒီရေတောသစ်တောအမျိုးအစားများသာ ရှင်သန်ပေါက်သည့် ကျွန်းဖြစ်သည်။ ဘေးမဲ့တောအတွင်း လမု၊ ကနစို၊ မဒမ၊ သမဲ့၊ ကန့်မလာ၊ မြင်းက၊ သင် ဘောင်းစသည့် ဒီရေတောသစ် ၄၂ မျိုး

www.foreverspace.com.mm

အပါအဝင် အပင်မျိုးစိတ် ၁၀၀ ကျော် ရှင်သန်ပေါက်ရောက်ကြကြောင်း မှတ်တမ်းများအရ သိရသည်။

မိန်းမလှကျွန်းကို ၁၈၉၅ ခုနှစ် ဇူလိုင်လ ၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၃၁ ဖြင့် မိန်းမလှကျွန်း(ထင်း)ကြိုးဝိုင်းသစ်တောအဖြစ်လည်းကောင်း၊ ၁၉၅၁ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၇ ဖြင့် မိန်းမလှကျွန်း (ထင်း) တိုးချဲ့ကြိုးဝိုင်းအဖြစ်လည်းကောင်း သစ်တောဦးစီးဌာနက ကြေညာခဲ့သည်။ ၁၉၉၄ ခုနှစ် ဧန်နဝါရီလ ၅ ရက်စွဲပါ အမိန့်ကြော်ငြာစာ ၁/၉၄ အရ ဘေးမဲ့တောအဖြစ် ထိန်းသိမ်းကာကွယ်ခဲ့ပြီး စက်တင်ဘာလ ၁ ရက်နေ့တွင် မိန်းမလှကျွန်းဘေးမဲ့တောရုံးကို စတင်ဖွင့်လှစ်ခဲ့သည်။

"အရင်တုန်းက ပျဉ်ဒရယ်၊ မိန်းမလှနဲ့ ကဒုံကနိကြိုးဝိုင်းသုံးခုစလုံးကို လူတွေဝင်ပြီး သစ်ခုတ်၊ ငါးဖမ်းခဲ့ကြတာ။ အင်္ဂလိပ်အစိုးရလက်ထက်က မီးသတ်တွေမှာ လောင်စာမီးသွေးအနေနဲ့ သုံးဖို့ ခုတ်ခဲ့ကြသလို မ.ဆ.လ ခေတ်မှာကျတော့လည်း မီးသွေးအတွက် ခုတ်ခဲ့ကြတယ်။ ဘိုကလေးမီးသွေးဆိုပြီး ရန်ကုန်မှာ နာမည်ကြီးခဲ့တာပေါ့။ အဲဒါနဲ့ တောကတဖြည်းဖြည်း အရည်အသွေးနိမ့်လာတယ်။ ၁၉၉၂ မှာ သစ်တောဦးစီးဌာနက မိန်းမလှကျွန်းကို Survey ဆင်းခဲ့တယ်။ ၁၉၉၃ ခုနှစ်မှာ ငါးလုပ်ငန်းက လေလံမစစ်ဘဲသုံးသစ်တောဦးစီးကလည်း သစ်ခုတ်ခွင့်မပြုတော့ဘူး။ ၁၉၉၄ မှာ ဘေးမဲ့တော တရားဝင်ကြေညာခဲ့ပြီး ထိန်းသိမ်းကာကွယ်ခဲ့တာပဲ။ အခုကျွန်းပေါ်မှာ ပေါက်နေတာက Second Generation Mangrove တွေပဲ" ဟု ဦးစိုးလွင်က ကျွန်းရှိ ဒီရေတောပင်များနှင့် စပ်လျဉ်း၍ ရှင်းပြသည်။

"အရင်တုန်းက မိန်းမလှကျွန်းက ဒီထက် တောကောင်းခဲ့တယ်လို့ ဆိုကြတယ်။ လုံးပတ်လေးပေကျော်ရှိတဲ့ ကနစိုပင်ကြီးတွေနဲ့ ပြည့်နေတာပဲ။ အခု အဲဒီလောက်လုံးပတ်ရှိတဲ့ ကနစိုပင် မတွေ့ရသလောက်ပဲ" ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

မိန်းမလှကျွန်းပေါ်၌ ယခင်က ကျူးကျော်သစ်ခုတ်ခဲ့မှုများကြောင့် ဖြစ်ပေါ်ခဲ့သော ကွက်လပ်များအား ၁၉၈၈–၈၉ ခုနှစ်မှ ၂၀၀၁–၂၀၀၂ ခုနှစ်အထိ ကနစို၊ သရော၊ မဒမ၊ သမဲ့၊ ဗြူး၊ ကန့်ပလာ စသည့် ဒီရေတောသစ်မျိုးများဖြင့် စုစုပေါင်း ၆၄၅ ဧကကို မြို့နယ်သစ်တောဦးစီးဌာနနှင့် သဘာဝကျက်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနတို့က ပြန်လည်စိုက်ပျိုးထိန်းသိမ်းခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။

တစ်ချိန်က တောပျက်ဘဝရောက်ခဲ့ရသော မိန်းမလှကျွန်းနှင့် ယင်းနှင့်ကပ်လျက်တည်ရှိသော ဗြူးမွေးကျွန်းတို့မှာ သစ်တောဦးစီးဌာနနှင့် NGO အဖွဲ့အစည်းအချို့တို့ ပူးပေါင်းဆောင်ရွက်မှုကြောင့် ဒီရေတောပင် များ၊ ခြံနွယ်ပိတ်ပေါင်းများဖြင့် စိမ်းလန်းလျက် ပကတိတောအုပ်သဖွယ် အခြေအနေပြန်လည်ကောင်းမွန်နေသည်ကို ယုယုတို့ တွေ့ခဲ့ရသည်။ မိန်းမလှကျွန်း၏ အရှေ့ဘက်ရှိ ၁၈၉,၈၇၆ ဧကကျယ်ဝန်းသော ပြင်ဒရယ်ကြိုးဝိုင်းနှင့် အနောက်ဘက်ရှိ ၁၄၉,၅၁၁ ဧကကျယ်ဝန်းသော ကဒုံကနိကြိုးဝိုင်းတို့မှာမူ ကျူးကျော်လယ်မြေများ၊ ဥယျာဉ်စိုက်ခင်းများ၊ ရွာများ၊ အသုံးပြုစိုက်ပျိုး၍မရသောအင်းများ၊ ပလပ်မြေများ၊ တောပျက်များဖြင့် ပြည့်နေသည်။

" ဒီရေတောတွေရဲ့ အကျိုးကျေးဇူးက အများကြီးပဲ။ လူတွေ စွန့်ပစ်သွားတဲ့ အညစ်အကြေးတွေကို Toxic (အဆိပ်အတောက်) မဖြစ်အောင် စုပ်ယူလိုက်တယ်။ နောက်တစ်ခုက ရေချိုနဲ့ ပင်လယ်ရေငန်ကို စည်းတားထားပေးတယ်။ အဲဒီလို ဒီရေတောသာ မရှိရင် ပင်လယ်ရေငန်ဝင်ပြီး လယ်ယာသီးနှံတွေ အကုန်ပျက်စီးသွားမှာ။ သူက ခံပေးထားတာ။ နောက်တစ်ခုက ပင်လယ်ဒီရေ၊ လှိုင်းလုံးတွေနဲ့ လေမုန်တိုင်းတွေကို တားဆီးပေးတယ်။ ဘင်္ဂလားခေ့ရှ်တို့၊ ဘာတို့ ဒုက္ခဖြစ်ကြတာ ဒီရေတောတွေ မရှိကြလို့ပဲ။ ဒီ ဒီရေတောတွေ ပျက်စီးသွားရင် ရခိုင်၊ မြစ်ဝကျွန်းပေါ်၊ တနင်္သာရီ . . . သွားပြီ "

မြန်မာနိုင်ငံ၌ ဒီရေတော ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်လျက်ရှိသော သစ်တောသယံဇာတပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးနှင့်ထိန်းသိမ်းရေးအသင်း(FREDA) အထွေထွေအတွင်းရေးမှူး ဦးအုန်း၏ သုံးသပ်ပြောကြားချက်ဖြစ်၏။

ဧရာဝတီလင်းပိုင်

မိန်းမလှကျွန်းနှင့် ပတ်ဝန်းကျင်မြစ်ချောင်းများအတွင်း ဒုတိယ Key Stone Species အဖြစ် မြင်တွေ့နိုင်သည့် ရှိုတိုက်သတ္တဝါတစ်မျိုးမှာ ဧရာဝတီလင်းပိုင်ပင်ဖြစ်သည်။ မိန်းမလှကျွန်းအနီး ယုယုတို့ မြင်တွေ့ခဲ့ရသည့် ဧရာဝတီလင်းပိုင်များမှာ ကျောက်မြောင်းနှင့် မင်းကွန်းကြား ဧရာဝတီမြစ်တစ်လျှောက်ရှိ ဧရာဝတီလင်းပိုင်များလောက် လူနှင့် ယဉ်ပါးပုံမရပေ။

"ဒီကျွန်းကို လာတာ ရေပျော်ငှက်တွေကြည့်ဖို့ပဲ။ ဒါပေမဲ့ မထင်မှတ်ဘဲ လင်းပိုင်တွေကိုတွေ့တော့ ငှက်ကြည့်ဖြစ်ဘဲ အဲဒီကောင်တွေကိုပဲ ဓာတ်ပုံလိုက်ရိုက်နေမိခဲ့တယ်" ၂၀၀၆ ခုနှစ် မတ်လအတွင်း ငှက်ကြည့်လေ့လာရန် ရောက်ရှိခဲ့သူ ငှက်ဝါသနာရှင်တစ်ဦးက ဆိုသည်။ မိန်းမလှကျွန်းဘေးမဲ့

www.forexspace.com.mm

တောဝန်ထမ်းများ၏ စာရင်းကောက်ယူမှုများအရ ၂၀၀၅–၂၀၀၆ ခုနှစ်အတွင်း မိန်းမလှကျွန်းဘေးမဲ့တောပတ်ဝန်းကျင်၌ ဧရာဝတီလင်းပိုင်အရေအတွက် ၁၁၆ ကောင်ကို ၃၇ ကြိမ်အတွင်း တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့သည်ဟု သိရသည်။

ကမ္ဘာပေါ်တွင် ရေချိုလင်းပိုင်နှင့် ရေနှင့်လင်းပိုင်ဟူ၍ လင်းပိုင်အုပ်စုနှစ်မျိုးရှိသည့်အနက် ရှားပါးအုပ်စုဖြစ်သည့် ရေချိုလင်းပိုင်များဖြစ်သော ဧရာဝတီလင်းပိုင်များကို မြန်မာနိုင်ငံ ဧရာဝတီမြစ်တစ်လျှောက်၊ မဲခေါင်မြစ်တစ်လျှောက်၊ ဖိလစ်ပိုင်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် အများဆုံးတွေ့ရှိရကြောင်း သုတေသီတို့၏ စစ်တမ်းများအရ သိရသည်။

သဘာဝအခြေခံရှီးသွားလုပ်ငန်းအလားအလာ

မိန်းမလှကျွန်းဘေးမဲ့တော သောင်ချောင်းစခန်းတွင် လူနှစ်ဦးစီ တည်းခိုနေထိုင်နိုင်သည့် ညအိပ်ဆောင်နှစ်လုံးရှိပြီး ဘေးမဲ့တောဧရိယာအတွင်းသို့ ဌာနပိုင် စက်တပ်ရေယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာအပန်းဖြေနိုင်သည်။ ထို့အတူ ကျွန်းနှင့်ကပ်လျက်တည်ရှိသော ဖြုံးမွေးကျွန်းပေါ်၌ FREDA က တည်ဆောက်ထားသော ဧည့်ရိပ်သာ၌လည်း ဧည့်သည် ၁၂ ဦး တစ်ပြိုင်နက်တည်းခိုနိုင်ပြီး အသင်းပိုင်မော်တော်ဖြင့် ဘေးမဲ့တောအတွင်း လှည့်လည်လေ့လာနိုင်သည်။

ဘေးမဲ့တောအတွင်း လာရောက်သူများအဖို့ လေ့လာကြည့်ရှုအပန်းဖြေစရာ အခွင့်အလမ်းများစွာရှိရာ ယင်းတို့မှာ ဒေသရင်းကမ်းခြေငှက်များ(Shore Birds) ၊ သစ်တောငှက်များ(Forest Birds) နှင့် ဆောင်းခိုငှက်များ(Migratory Birds) ကို လေ့လာစောင့်ကြည့်ခြင်း၊ တွားသွားသတ္တဝါနှင့် နို့တိုက်သတ္တဝါများကို လေ့လာခြင်း၊ စက်လှေသို့မဟုတ် လှေကို အသုံးပြု၍လည်းကောင်း၊ တောအတွင်း လျှောက်လမ်းများတွင် လမ်းလျှောက်၍လည်းကောင်း ဒီရေတော ဂေဟစနစ်ကို လေ့လာနိုင်ခြင်း၊ ပင်လယ်ပြင်ကိုမှီ၍ အသက်မွေးဝမ်းကျောင်းပြုနေသော ပတ်ဝန်းကျင်လူထု၏ လူနေမှုဘဝကို လေ့လာနိုင်ခြင်း၊ ဘေးမဲ့တောနှင့် ခုနစ်မိုင်ခန့်အကွာရှိ ကဒုံးကလေးကျွန်း၊ ဂယက်ကြီးကျွန်းများသို့ သွားရောက်၍ ပင်လယ်လိပ်ကြီးများ တက်ရောက်ဥအုခြင်း၊ သားပေါက်ခြင်းတို့ကို လေ့လာနိုင်ခြင်း၊ ကြောင်ထောက်စခန်းနှင့် သောင်ချောင်းစခန်းတို့တွင် မွေးမြူထားသော မိကျောင်းငယ်ကလေးများကို ကြည့်ရှုလေ့လာခြင်း၊ ဘေးမဲ့တောအတွင်း ညအခါ ဆလိုက်မီးကိုအသုံးပြု၍ မိကျောင်းများ၊ တောကြောင်၊ ဖျံ၊ ဖွတ် စသည့် သတ္တဝါများကို ကြည့်ရှုလေ့လာနိုင်ခြင်း၊ သမိုင်းဝင် မျောက်တစ်ရာဘုရားသို့ ဖူးမြော်ကြည်ညိုနိုင်ပြီး မြစ်ဝကျွန်းပေါ်တွင် နေထိုင်သူတို့၏ ကိုးကွယ်ယုံကြည်သော ရေငန်ပိုင်ဦးရှင်ကြီးနတ်နန်းကို လေ့လာနိုင်ခြင်း စသည့်အခွင့်အလမ်းများပင်ဖြစ်သည်။

"ကျွန်းပေါ်မှာ ထူးထူးခြားခြားတွေ့နိုင်တဲ့ အကောင်တစ်မျိုးက မျောက်တံငါတွေပဲ။ သူတို့ရဲ့အမြီးကို ကဏန်းတွင်းထဲချ ကဏန်းအညှပ်ခံပြီးတော့ ဖမ်းစားကြတာ။ ဒီကျွန်းပေါ်မှာ အဲဒီမျောက်တံငါ သုံးလေးအုပ်လောက် တွေ့ရတတ်တယ်။ မြန်မာနိုင်ငံမှာ မျိုးတုံးပျောက်ကွယ်လုလုဖြစ်နေပြီ" ဟု မိန်းမလှကျွန်းဘေးမဲ့တောမှ တာခေါင်း ဦးလှစိုးဝင်းက ရှင်းပြသည်။

သုတေသီတို့အားထားရာ

ပြည်တွင်းနှင့် ပြည်ပ ရက္ခဗေဒနှင့် သတ္တဗေဒသုတေသီများအတွက် ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသတစ်ခုလုံးတွင် သုတေသနပြုလုပ်စရာ အကောင်းဆုံးနှင့် အစုံလင်ဆုံးနေရာမှာ မိန်းမလှကျွန်းပင်ဖြစ်သည်။ ဒီဧရာဆာဂေဟစနစ် (Mangrove Ecosystem) နှင့် ဒီရေတောပင်များကို လေ့လာသုတေသနပြုနိုင်ခြင်း၊ ဒီရေတောအတွင်း ကျက်စားသောလိပ်၊ ငါး၊ ပုစွန်၊ ကဏန်းများအား လေ့လာသုတေသနပြုနိုင်ခြင်း၊ ရေချိုရေငန်စပ်မိကျောင်းများ၏ အမူအကျင့်၊ အသိုက်အတွင်း ဥမှအကောင်ပေါက်ခြင်းတို့ကို လေ့လာသုတေသနပြုနိုင်ခြင်း၊ နို့တိုက်သတ္တဝါများဖြစ်သည့် ကြောင်မျိုးရင်းဝင်များ၊ မျောက်၊ ဖျံ၊ ဆတ်၊ ဒရယ်၊ တောဝက်၊ ခွေးအ စသည်တို့အား လေ့လာသုတေသနပြုနိုင်ခြင်း၊ ဒီရေတောနှင့် ဆက်စပ်ရာ လိပ်ကျွန်းများသို့သွားရောက်၍ ပင်လယ်လိပ်များ ဥအုခြင်း၊ သားပေါက်ခြင်းကို သုတေသနပြုနိုင်ခြင်း၊ ကမ်းခြေငှက်၊ သစ်တောငှက်နှင့် ဆောင်းခိုငှက်မျိုးစိတ်များကို လေ့လာသုတေသနပြုနိုင်ခြင်း စသည်တို့ကို ပြုလုပ်နိုင်ကြကြောင်း တာဝန်ရှိသူတို့၏ အဆိုအရ သိရသည်။

ဖြုံးမွေးကျွန်းဧည့်ရိပ်သာ စတင်ဖွင့်လှစ်သည့် ၂၀၀၃ ခုနှစ် ဩဂုတ်လမှ ၂၀၀၆ ခုနှစ် ဒီဇင်ဘာလအတွင်း ပြည်ပမှ သုတေသီနှင့် ဧည့်သည် ၁၀၂ ဦးအပါအဝင် ဧည့်သည်စုစုပေါင်း ၂၉၄ ဦး မိန်းမလှကျွန်းနှင့် ဖြုံးမွေးကျွန်းတို့ပေါ်သို့ လာရောက်လေ့လာသုတေသနပြုခဲ့ကြကြောင်း ဖြုံးမွေးကျွန်းဧည့်ရိပ်သာမှတ်တမ်းများအရ သိရသည်။

www.foreverspace.com.mm

"ပြည်ပက လာရောက်လေ့လာတဲ့သူ အများစုက တက္ကသိုလ်ကျောင်းသူ ကျောင်းသားတွေပါ။ ဂျာမန်၊ အမေရိကန်နဲ့ ဂျပန်က လာကြတာများတယ်။ အဓိကက သူတို့ဆီမှာ မတွေ့ရတဲ့ ဒီရေတောပင်တွေကို လာလေ့လာကြတာပဲ" ဟု အဆိုပါ ဧည့်ရိပ်သာမှ တာဝန်ရှိသူတစ်ဦးက ယုယုတို့ကို ရှင်းပြသည်။ "ပြည်တွင်းတက္ကသိုလ်တွေက သုတေသနလုပ်ကြတာတွေလည်း အများကြီးရှိပါတယ်။ ရန်ကုန်တက္ကသိုလ် သတ္တဗေဒဌာနက ကထိက ဒေါ်ဥမ္မာအုန်းဆိုရင် မိကျောင်းနဲ့ Thesis လုပ်ရင်း Ph.D ရသွားပြီ" ဟု မိန်းမလှကျွန်းဘေးမဲ့တောမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

"မိန်းမလှကျွန်းက ပိုက်ဆံချမ်းသာတဲ့သူတွေ လာရောက်အနားနေ အပန်းဖြေတဲ့ ကျွန်းမျိုးမဟုတ်ပါဘူး။ တကယ် စိတ်ပါဝင်စားလေ့လာချင်တဲ့သူတွေ၊ Researcher တွေပဲလာကြတာပါ။ မိကျောင်းကြည့်ချင်တဲ့သူ၊ မမြင်ဖူးတဲ့သူတွေလည်း ပါကောင်းပါမယ်။ လောလောဆယ် ကျွန်းရဲ့အခြေအနေက သုတေသနလုပ်ချင်တဲ့သူတွေ ဘယ်လောက်ပဲလာလာ မပျက်စီးလောက်ပါဘူး" ဟု အုပ်ချုပ်ရေးမှူး ဦးစိုးလွင်က ပြောကြားသည်။

မိန်းမလှကျွန်းအား သဘာဝအခြေခံခရီးသွားဒေသတစ်ခုအဖြစ် မြှင့်တင်နိုင်ရန်အတွက် တယ်လီဖုန်းဆက်သွယ်ရေး၊ မော်တော်၊ ဧည့်ရိပ်သာ၊ လျှပ်စစ်မီး၊ ရေချို စသည့် အခြေခံအဆောက်အဦများ ပြည့်စုံရန် လိုအပ်နေသေးကြောင်း၊ သွားရောက်လေ့လာလို သည့် ပြည်ပသုတေသီများနှင့် ဧည့်သည်များကိုလည်း သက်ဆိုင်ရာဒေသခံ အာဏာပိုင်အဖွဲ့အစည်းများက ကြည်ဖြူစွာ လိုက်လျောခွင့်ပြုသင့်ကြောင်း ခရီးသွားဧည့်လမ်းညွှန်တစ်ဦးက သုံးသပ်သည်။

မိန်းမလှကျွန်း၏ သဘာဝအခြေခံခရီးသွားအလားအလာနှင့်ပတ်သက်ပြီး သစ်တောဦးစီးဌာန သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းအောင်က အောက်ပါအတိုင်း သုံးသပ်ပြော အကြံပြုသည်။

"မိန်းမလှကျွန်းက အခြားဘေးမဲ့တောတွေနဲ့စာရင် Tourism ကြောင့် Impact (ထိခိုက်ပျက်စီးမှု) ဖြစ်နိုင်ခြေနည်းပါတယ်။ စနစ်တစ်ခုနဲ့ ထိန်းသိမ်းလက်ခံမယ်ဆိုရင် ဧည့်သည်တွေ အများကြီး လက်ခံနိုင်တယ်။ ဥပမာ–ကျွန်းပေါ်မှာ သစ်သားနဲ့ သီးခြားလူလျှောက်လမ်းလုပ်ပေးထားတာမျိုးပေါ့။ အခြားနေရာတွေကမသွားဘဲ အဲဒီလျှောက်လမ်းကပဲ ဧည့်သည်တွေကို တန်းစီပြီး လွှတ်သင့်တယ်။ အများကြီးစုပြုံပြီး မလွှတ်သင့်ဘူး။ အမှိုက်ပစ်တာတို့၊ အသံဆူညံတာတို့၊ အရောင်ရဲရဲဝတ်တာတို့က အစ ဆင်ခြင်သင့်တယ်။ တစ်ဖက်ကလည်း အဲဒီသတ်မှတ်ချက်တွေကို လိုက်နာမှုရှိမရှိ အမြဲတမ်းစောင့်ကြည့်နေရမယ်"

"ဒီ Tourism က တောရိုင်းတိရစ္ဆာန်တွေ ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းအတွက် ဝင်ငွေကောင်းစေတာ အမှန်ပဲ။ ဒါပေမဲ့ အနည်းနဲ့အများတော့ ဆိုးကျိုးရှိတတ်တယ်။ ဥယျာဉ်အုပ်ချုပ်တဲ့သူတွေအပေါ်မှာ မူတည်တယ်။ တောခေါင်းတွေကအစ တာဝန်ရှိတယ်" ဟု ၎င်းက ဖြည့်စွက်ပြောကြားသည်။

ခရီးသွားကဏ္ဍမြင့် မားလာပါက ယင်းနှင့်ဆက်စပ်သည့် အလုပ်အကိုင်များ ပေါ်ထွန်းလာမည်ဖြစ်သည့်အတွက် ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများပါ ပေါ်ထွန်းလာပြီး တရားမဝင် ထင်းခုတ်၊ မီးသွေးဖုတ်၊ ငါးဖမ်းဆီးမှုများပါ လျော့နည်းလာနိုင်ကြောင်း၊ ထို့အပြင် ကျွန်း၏ တန်ဖိုးကိုပါ မြင့်မားလာစေမည်ဖြစ်ကြောင်း မြန်မာငှက်ဝါသနာရှင်အသင်း၏ ဒုတိယဥက္ကဋ္ဌ ဦးသိန်းအောင်က သုံးသပ်ပြောကြားသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝစွာ ကျန်ရှိသေးသော မိန်းမလှကျွန်းရေရှည်တည်တံ့ရေးအတွက် အရေးကြီးဆုံးမှာ ကျွန်း၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပင်ဖြစ်သည်။ လက်ရှိ မိန်းမလှကျွန်း၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဆောင်ရွက်နေလျက်ရှိသော အဓိကအဖွဲ့အစည်းမှာ သစ်တောဦးစီးဌာန သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနဖြစ်ပြီး အဆိုပါဌာနနှင့် ပူးပေါင်းဆောင်ရွက်နေသည့် NGO အဖွဲ့အစည်းနှစ်ခုမှာ ဒီရေတောပြန်လည်ပျိုးထောင်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်နေသည့် သစ်တောသယံဇာတပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်း (FREDA) နှင့် မိကျောင်းထိန်းသိမ်းရေး လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်နေသည့် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS) တို့ ဖြစ်ကြသည်။

ဤမျှ ပေါကြွယ်ဝလှသော သဘာဝ

www.foreverspace.com.mm

အရင်းအမြစ်များစွာကို ပိုင်ဆိုင်နေသည့် မိန်းမလှကျွန်း၏ ဧရိယာအကျယ်အဝန်းနှင့် လက်ရှိထိန်းသိမ်းဆောင်ရွက်နေသော အဖွဲ့အစည်းများနှင့် ဝန်ထမ်းအင်အားကို နှိုင်းယှဉ်ပါက လုံလောက်မှုမရှိသေးသည်ကို တွေ့ရမည်ဖြစ်သည်။ ကျွန်းမြေတစ်ခုလုံးကို ဌာနဝန်ထမ်းအင်အား ၁၀ ဦးကျော်ဖြင့် ကြံ့ကြံ့ခံထိန်းသိမ်းကာကွယ်စောင့်ရှောက်နေကြသည်မှာ အံ့သြချီးကျူးဖွယ်ကောင်းလှသည်။

မိန်းမလှကျွန်း အရှည်တည်တံ့ရန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရာ၌ (၁) လုံလောက်သည့် ဝန်ထမ်းအင်အားဖြည့်ဆည်းပေးခြင်းနှင့် အခြားသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းများ၊ NGO များ၏ ပူးပေါင်းဆောင်ရွက်ခြင်း၊ (၂) ဝန်ထမ်းများကို နည်းပညာနှင့် အထောက်အကူပြု ပစ္စည်းကိရိယာ (ဥပမာ– ဆက်သွယ်ရေးစက်၊ စက်လှေ၊ ကင်မရာ၊ ထောင်ချောက်၊ လက်နက်စသည်) များ လုံလောက်စွာထောက်ပံ့ပေးခြင်း၊ (၃) ဒေသခံများ၏ တရားမဝင် ဝင်ရောက်၍ သစ်ခုတ်၊ ထင်းခုတ်၊ ငါး၊ပုစွန်ဖမ်းဆီးမှုများကို ထိရောက်စွာတားဆီးခြင်းနှင့် ဥပဒေအရ အပြစ်ပေးအရေးယူခြင်း စသည်တို့ကို ထိထိရောက်ရောက်ဖြည့်ဆည်းဆောင်ရွက်ရန် လိုအပ်နေသေးကြောင်း အဆိုပါကျွန်းသို့ ရောက်ရှိခဲ့သူ ပတ်ဝန်းကျင်ထိန်းသိမ်းရေးသုတေသီတစ်ဦးကဆိုသည်။

"အဓိကတော့ ပတ်ဝန်းကျင်ကျေးရွာက ရွာသူရွာသားတွေပဲ။ သူတို့ကို ကျွန်းရဲ့ အရေးပါပုံနဲ့ ပတ်သက်ပြီး ထိထိရောက်ရောက် ပညာပေးပေါ်ပြောဖို့လိုတယ်။ ပြီးတော့ ကျွန်းရဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေမှာ သူတို့တွေ ပူးပေါင်းဆောင်ရွက်လာနိုင်အောင် ဖိတ်ခေါ်စည်းရုံးဖို့လိုတယ်။ ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုက အရေးကြီးဆုံးပဲ" ဟု သစ်တောဦးစီးဌာနအငြိမ်းစားအရာထမ်းတစ်ဦးက သုံးသပ်ပြောကြားသည်။ "သူတို့တွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးဖို့ပါထည့်စဉ်းစားရမယ်" ဟု ၎င်းက ဖြည့်စွက်အကြံပြုပြောကြားသည်။

"မိန်းမလှကျွန်းကို နိုင်ငံတကာ သုတေသနအဖွဲ့အစည်းတွေ ဒီထက်ပိုပြီး လာရောက်လေ့လာနိုင်အောင် ဖိတ်ခေါ်ဖို့ လိုအပ်တယ်။ ဒါမှ သူတို့ဆီက နည်းပညာနဲ့ အကူအညီတွေ ရရှိနိုင်မယ်။ သူတို့ လာလေ့လာတဲ့အခါမှာလည်း သက်ဆိုင်ရာအဖွဲ့အစည်းတွေက ခွင့်ပြုပေးဖို့လိုပါတယ်။ သက်ဆိုင်ရာ အဖွဲ့အစည်းတွေ ခွင့်ပြုချက်ချပေးပြီးရင်လည်း ဒေသအာဏာပိုင်အဖွဲ့အစည်းတွေကလည်း လွတ်လွတ်လပ်လပ် သွားရောက်လေ့လာခွင့်ပြုဖို့ လိုပါတယ်" ဟု သဘာဝအခြေခံရှေးသွားလမ်းညွှန်တစ်ဦးက ဆိုသည်။

မိန်းမလှကျွန်းနှင့် ပတ်ဝန်းကျင်ပင်လယ်ကမ်းခြေဒေသများ၌ ပင်လယ်လိပ်ကို ငါးလုပ်ငန်းဦးစီးဌာနကလည်းကောင်း၊ မိကျောင်းနှင့် အခြားသားရိုင်းတိရစ္ဆာန်များကို သစ်တောဦးစီးဌာနမှ သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာနကလည်းကောင်း ပညာပေးခြင်း၊ ဥပဒေထုတ်ပြန်ပြဋ္ဌာန်းခြင်း စသည်တို့ ပြုလုပ်၍ ဒေသခံများ ပစ်ခတ်ဖမ်းဆီးခြင်းမပြုလုပ်ရန် ဟန့်တားထားနိုင်သော်လည်း ကမ်းခြေငှက်နှင့် ရာသီပြောင်းဆောင်းခိုငှက်များကိုမူ ယင်းကဲ့သို့ တားဆီးနိုင်ခြင်းမရှိဘဲ ဒေသခံများ၏ ပစ်ခတ်ထောင်ဖမ်းမှုများကို တွေ့နေရဆဲဖြစ်ကြောင်း၊ အဆိုပါငှက်များသည် မိန်းမလှကျွန်းဘေးမဲ့တောနှင့် ဒီရေတောပင်များ၏ ဂေဟစနစ်အတွက် အရေးပါသဖြင့် ယင်းတို့ကိုပါ ပစ်ခတ်ဖမ်းဆီးခြင်း မပြုလုပ်နိုင်ရန် ထိထိရောက်ရောက် ဟန့်တားသင့်ကြောင်း အဆိုပါကျွန်းသို့ မကြာခဏ ငှက်ကြည့်လေ

လာရန် လာရောက်ခဲ့သူ မြန်မာငှက်ဝါသနာရှင်အသင်း အလုပ်အမှုဆောင် ဦးသက်ဇော်နိုင်က အကြံပြုပြောကြားသည်။

"ကျွန်းပတ်ဝန်းကျင်မှာ တစ်နိုင်တစ်ပိုင် ငါးလာဖမ်းတဲ့သူတွေကြောင့် ကမ်းခြေငှက်တွေရဲ့ အစာနဲ့ စားကျက်နေရာ (Feeding Grand) ကို ထိခိုက်စေတာ တွေ့ရတယ်။ ဘေးမဲ့တောနဲ့ ကျွန်းပတ်ဝန်းကျင်မှာ ငါးလုံးဝ မဖမ်းကြဖို့ ဧရိယာသတ်မှတ်ပြီးတော့ ဟန့်တားသင့်တယ်" ဟု ၎င်းက ဖြည့်စွက်ပြောကြားသွားသည်။

"ကျွန်းပတ်ဝန်းကျင်မြစ်ချောင်းတွေထဲကို ကျွတ်ကျွတ်အိတ်တို့၊ အမှိုက်သရိုက် အညစ်အကြေးတို့ စွန့်ပစ်တာတွေ ဆင်ခြင်ဖို့ လိုပါတယ်။ ငါးဖမ်းတဲ့အခါမှာလည်း လျှပ်စစ်ရှော့ခ်တိုက်ပြီး ဖမ်းတာမျိုး မလုပ်မိဖို့ အရေးကြီးတယ်" ဟု မြန်မာငှက်ဝါသနာရှင်အသင်းမှ အမှုဆောင်တစ်ဦးက အကြံပြုပြောကြားသည်။

အဖိုးမဖြတ်နိုင်သော တတိယမြောက် မိန်းမလှကျွန်း

ယုယုတို့ ငယ်စဉ်ကတုန်းက ရန်ကုန်မြို့တွင် မိန်းမလှကျွန်းဟု တင်စားခေါ်ဝေါ်ကြသည့် အထင်ကရနေရာနှစ်ခုရှိသည်ဟု ကြားဖူးသည်။ ပထမတစ်ခုမှာ ရန်ကုန်တက္ကသိုလ်နယ်မြေဖြစ်ပြီး ဒုတိယတစ်ခုမှာ ဗိုလ်ချုပ်အောင်ဆန်းစျေးကြီးဖြစ်သည်။ ယခုမူ ပြည်တွင်းပြည်ပသုတေသီများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသုတေသီများ၊ သဘာဝအခြေခံရှေးသွားဧည့် သည်များအတွက် အဆိုပါဘေးမဲ့တောအတွင်းရှိ ဒီရေတောပင်များ၊ မိကျောင်းများ၊ ဧရာဝတီလင်းပိုင်နှင့် အခြားဇီဝမျိုးစုံမျိုးကွဲများသည် တန်ဖိုးမဖြတ်နိုင်သော မိန်းမလှကလေးများပင်ဖြစ်ပါသည်။ အဆိုပါ မိန်းမလှကလေးများ အသက်ရှည်ကျန်းမာစွာဖြင့် ကျွန်းပေါ်တွင် ရေရှည်ခိုလှုံခွင့်ရနိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ NGO များသာမက ဒေသခံပြည်သူများကပါ ယခုကတည်းက တက်ညီလက်ညီ ပူးပေါင်းကာကွယ်ထိန်းသိမ်းသွားကြရန် လိုအပ်ပါသည်။

ကျော်နိုင်

www.foreverspace.com.mm

ဈေးကွက်သဘောနားလည်သူနည်းနေသော လယ်ယာစိုက်ပျိုးရေး

နိုင်မင်းဝေ

မှ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းရှင် တောင်သူလယ်သမားများအနေဖြင့် ဈေးကွက်၏လိုအပ်ချက်အနေအထားကို သိရှိရန်လိုအပ်ပြီး ဈေးကွက်၏လိုအပ်ချက်နှင့်အညီ ထုတ်လုပ်ဖြန့်ဖြူးတတ်ရန်လည်း လိုအပ်လျက်ရှိရာ မိရိုးဖလာ ထုတ်လုပ်ဖြန့်ဖြူးမှုပုံစံများကို ပြန်လည်ဆန်းစစ်ရန်လိုအပ်လျက်ရှိသည်။

ပျက်ယွင်းခဲ့ရသည့် ခရမ်းချဉ်သီးဈေးကွက်

မကြာသေးသောကာလက သီရိမင်္ဂလာဈေး၏ ခရမ်းချဉ်သီးဈေးကွက်၌ ရန်ကုန်အရှေ့ပိုင်းခရိုင် ခရမ်း၊ သုံးခွဒေသမှ ခရမ်းချဉ်သီးများအနေဖြင့် ဈေးကွက်လိုအပ်ချက်ထက် ပိုမိုဝင်ရောက်လာ၍ ခရမ်းချဉ်သီးဒိုင်များနှင့် ထုတ်လုပ်သူတောင်သူများ အရှုံးပေါ်ခဲ့ကြရသည်ဟု သီရိမင်္ဂလာဈေးလှိုင်ပွဲရုံမှ ဝါရင့်ဝယ်ရောင်းလုပ်ငန်းရှင် ဦးတင်လှိုင်က ဆိုသည်။

"ခရမ်းချဉ်သီးအဝင်များပုံကတော့ တစ်ပိဿာ ကျပ် ၂၀ လောက်အထိ ဖြစ်သွားတယ်။ အချိန် ၂၀ သေတ္တာတစ်လုံးကို ကျပ်တစ်သောင်းလောက်ကနေ ၈၀၀၊ ၇၀၀ အထိ ဖြစ်သွားတယ်။ ဝယ်လိုအားထက်ပိုသွားတော့ ရောင်းတဲ့သူကော စိုက်တဲ့သူပါ ခွက်ခွက်လန်ရှုံးသွားတယ်"ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

"ကျွန်တော်တို့ဒေသက နွေရာသီမှာ သောက်ရေတောင်ရှားတော့ စပါးမစိုက်ကြဘူး။ ဆောင်းသီးနှံအဖြစ်နဲ့ ပဲတီစိမ်း၊ ဖရဲသီးတွေစိုက်ကြတယ်။ ပြီးခဲ့တဲ့နှစ်က ခရမ်းချဉ်သီးတစ်ဧကကို ၂၅ သိန်းလောက်မြတ်တော့ ဒီနှစ်ခရမ်းချဉ်ကို ပုံအောစိုက်တယ်။

www.forsevenplace.com.mm

အထွက်များပြီး ဈေးထိုးကျတော့ တစ်ဧကကို ငါးသိန်းလောက် ရှုံးကြတယ်။ တောင်သူစီယောက်အနေနဲ့ သုံးလေးဧက အနည်းဆုံးစိုက်တာမို့လို့ ၁၅ သိန်းလောက် ရှုံးကြတယ်" လို့ ခရမ်းသုံးခွဒေသ ပုဂံတောင်ကျေးရွာမှ ခရမ်းချဉ်သီးတောင်သူ ဦးဝင်းဇော်က ၎င်း၏အတွေ့အကြုံကို ပြောပြသည်။

ခရမ်းချဉ်သီး၏ သဘာဝသည် မြေဩဇာကျွေးလျှင် ကျွေးသလောက် အသီးထွက်နှုန်းများ၍ တစ်ဧကကို မြေဩဇာ ၁၀ အိတ်ခန့် ကျွေးကြောင်း၊ မြန်မာတောင်သူများသည် မိရိုးဖလာ စဉ်းစားစိုက်ပျိုးနည်းဖြစ်သည့် ပြီးခဲ့သည့်နှစ်က ဈေးကောင်းရသည့်သီးနှံကို လာမည့်နှစ် လိုက်လံစိုက်ပျိုးပြီး ထုတ်လုပ်မှုတိုးအောင် စိုက်ဧကတိုးချဲ့စိုက်ပျိုးလေ့ရှိကြောင်း၊ ထို့အပြင် နိုင်ငံခြားမျိုးစေ့များ၊ ခေတ်မီဆေးဝါးများ သုံးစွဲခြင်းကဲ့သို့ အရင်းအနှီးများစွာထည့်၍ ထုတ်လုပ်သဖြင့် အထွက်များသလောက် အရှုံးကြီးရခြင်းဖြစ်သည်ဟု ဦးဝင်းဇော်က ဆိုသည်။

ထုတ်လုပ်မှုတိုး

မြန်မာ့လယ်ယာစိုက်ပျိုးရေးလုပ်ငန်းရှင်အများစုသည် ပြီးခဲ့သည့်နှစ်က ဈေးကောင်းရသည့်သီးနှံကို လိုက်လံတိုးချဲ့စိုက်ပျိုးလေ့ရှိကြောင်း၊ ထို့ကြောင့် ကုန်ပစ္စည်းရောင်းလိုအားများပြီး ဝယ်လိုအားနည်း၍ ဈေးထိုးကျကြောင်း၊ ကုန်စိမ်းသီးနှံဆိုသည်မှာ Perishable ခေါ် ပုပ်သိုးလွယ်၍ အရည်အသွေးအပြောင်းအလဲမြန်သဖြင့် ဈေးကောင်းစောင့် အချိန်ဆွဲရောင်း၍မရကြောင်း သီရိမင်္ဂလာဈေး ထိပ်တန်းပွဲရုံမှ ဦးထွန်းရင်က ကုန်စိမ်းဈေးကွက်သဘောသဘာဝကို ရှင်းပြသည်။

ယခုနောက်ပိုင်းကာလများ၌ စိုက်ပျိုးရေးလုပ်ငန်းရှင်များထဲတွင် ပုံမှန်စိုက်ပျိုးသူများ စီးပွားရေးအရ အမြတ်များများလိုချင်၍ ပြည်ပပို့ကုန်အတွက် ရည်ရွယ်စိုက်ပျိုးသူများရှိလာကြောင်း၊ ပုံမှန်လည်းစိုက်၊ ပို့ကုန်အတွက်လည်း စိုက်သည့်အခါ ထုတ်လုပ်မှုတိုး၍ အထွက်များလာကြောင်း၊ ပြည်ပဝယ်လက်မရှိသည့်အခါ၊ ပြည်ပတင်ပို့ခွင့်မရှိသည့်အခါ လယ်ယာကဏ္ဍထွက်ကုန်များသည် ဈေးအနိမ့်သာရတော့ကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

"ကြက်သွန်နီဈေးကွက်မှာဆို ရင်လည်း ပြီးခဲ့တဲ့နှစ်က ပြည်ပတင်ပို့ခွင့်ကြောင့် တစ်ပိဿာ ကျပ် ၂၀၀၀ လောက် ဈေးရခဲ့တော့ သူများမုန့်ဟင်းခါးရောင်းရင် ကိုယ်လည်း မုန့်ဟင်းခါးလိုက်ရောင်းတတ်တဲ့ မြန်မာ့ဓလေ့အတိုင်း လိုက်စိုက်သူ အရမ်းများလာတယ်။ တစ်ဦးချင်းအနေနဲ့လည်း ဧက တိုးစိုက်ကြတယ်။ အခုနှစ် တစ်ဧကကို စိုက်ပျိုးစရိတ်က ခြောက်သိန်း၊ ခုနစ်သိန်းလောက် ရှိတယ်။ တစ်ဧက အထွက်က ပျမ်းမျှ ပိဿာ ၃၅၀၀ လောက်ရှိတယ်။ လွန်ရောက္ခန်ရော ၄၀၀၀ လောက်ရှိတယ်။ အခု ပေါက်ဈေးတစ်ပိဿာ ၃၅၀၊ ၄၀၀ ခရီးစရိတ်တွေ တခြားစရိတ်တွေပါထည့်ပေါင်းရင် အမြတ်မကျန်တော့ဘူးဟု" မကွေးတိုင်းချောက်မြို့နယ်မှ ကြက်သွန်နီ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်ရောင်းချသူတစ်ဦးက ဆိုသည်။

၎င်းက ဆက်လက်၍ ထုတ်လုပ်မှုပိုများသောကြောင့် ပြည်တွင်းဈေးကွက်အတွက် ပိုလျှံလာပြီး ဈေးကွက်အနေဖြင့် ကျဉ်းနေကြောင်း၊ ထို့ကြောင့် ဈေးကွက်ကျယ်ကျယ်ပြန့်ပြန့်ရှိရန်လိုအပ်ပြီး ဈေးကွက်ကျယ်ပြန့်မှသာ ယှဉ်ပြိုင်မှုများပြီး ဈေးကောင်းရမှာဖြစ်ကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

"အရင်က ခရမ်းချဉ်မျိုးဆို 091 တံဆိပ်လောက်ပဲ သုံးတယ်။ ယခု ဂျက်ဆီကာတို့၊ မွှားနီတံဆိပ်တို့ ပြောင်းသုံးတော့ ဓာတ်မြေဩဇာကျွေးရင် ကျွေးသလောက် အထွက်တိုးတယ်။ ဒါပေမဲ့ ဈေးထိုးကျတော့ အထွက်တိုးတာ အလကားဖြစ်သွားတယ်"ဟု မျိုးကောင်းမျိုးသန့်သုံး၍ အထွက်တိုးသော်လည်း ဈေးထိုးကျ၍ အရှုံးပေါ်ခြင်းကို ပုဂံတောင်ကျေးရွာမှ ဦးလှဌေးက ဆက်စပ်ပြောကြားသည်။

သတင်းအချက်အလက်ရရှိရေး

အခြေခံအကျဆုံးဖြစ်သည့် စိုက်ပျိုးထုတ်လုပ်သူတောင်သူများအနေဖြင့် စားသုံးသူများ၏ ဈေးကွက်အတိုင်းအတာပမာဏကို သိထားရန်လိုအပ်ပြီး မည်သည့်ဒေသ၊ မည်သည့်အချိန်၊ မည်သည့်ရာသီ၌ ထုတ်လုပ်မှုသီးနှံသည် ဈေးကွက်ပမာဏ မည်ရွေ့မည်မျှလိုအပ်ကြောင်း၊ ဈေးနှုန်းအနေနှင့်လည်း မည်ရွေ့မည်မျှရှိသည်ဆိုသည့် အချက်အလက်များသိရှိရန် လိုအပ်လျက်ရှိကြောင်း ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ အငြိမ်းစားပါမောက္ခတစ်ဦးက ဆိုသည်။ မတ်ပဲသည် ပြီးခဲ့သည့်နှစ်က ဈေးကောင်းခဲ့၍ လယ်သမားများအနေဖြင့် မတ်ပဲကို ဆောင်းသီးနှံအဖြစ် ရွေးချယ်စိုက်ပျိုးကြသဖြင့် မတ်ပဲအထွက်တိုးလာကြောင်း၊ ထိုသို့ဖြစ်လာပါက သီးနှံရောင်းဝယ်ရေးလုပ်ငန်းကို စီမံခန့်ခွဲဆုံးဖြတ်ချက်ချမှတ်သူများ

www.forevermyanmar.com.mm

အနေဖြင့် ပဲလုတ်လုပ်မှုပမာဏကို အမှန်အတိုင်းသိရှိရန် လိုအပ်သကဲ့သို့ ပြည်တွင်းပဲစေ့ဈေးနှုန်းများကိုသာမက ပြည်ပပဲစေ့ဈေးနှုန်းများကိုလည်း လယ်သမားများအနေဖြင့် သိရှိရန်လိုအပ်ကြောင်း၊ ထို့အပြင် မတ်ပဲအဓိကဝယ်လက်ဖြစ်သော အိန္ဒိယနိုင်ငံ၏ ငွေကြေးလဲလှယ်နှုန်း ဈေးကျ၍ မတ်ပဲဈေးကျသည်ဆိုသည့် အချက်များကို သိရှိနိုင်လျှင် ပို၍အဆင်ပြေနိုင်ကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

"အခု ခရမ်းချဉ်သီးလိုပဲ တရုတ်နိုင်ငံကိုတင်ပို့တဲ့ ဖရဲသီးတွေ အရှုံးပေါ်တာကြုံဖူးတယ်။ နှစ်စဉ် တရုတ်နယ်စပ်မှာ ဈေးကောင်းရတဲ့အတွက် စုပြုံတင်ပို့ကြတာ ငွေလဲနှုန်းအပြောင်းအလဲနဲ့ကြုံတော့ ဈေးက မရတော့ဘူး။ ဒါတောင် ဖုန်းဆက်ပြီးမှ ပို့တာနော်" ဟု ဖရဲသီးကိုယ်တိုင်စိုက်ပျိုးရောင်းချသူတစ်ဦးက သတင်းအချက်အလက် လျင်မြန်စွာရရှိရေးနှင့် ပတ်သက်သည့် ၎င်း၏အတွေ့အကြုံကို ပြောကြားသည်။

သတင်းမှန်ရရေး

အဆိုပါသတင်းအချက်အလက်ရရှိရေးနှင့် ပတ်သက်၍ စိုက်ပျိုးရေးထုတ်ကုန်ဆိုသည်မှာ စက်မှုလက်မှုထုတ်ကုန်များနှင့် မတူကြောင်း အထားမခံသကဲ့သို့ အချိန်ကွာဟချက် (Time-Log) ရှိပြီး ယခင်နှစ်က ဈေးကောင်း၍ ယခုနှစ် ဈေးကောင်းရမည်ထင်ပြီး မျှော်လင့်ချက်အပြည့်နှင့်စိုက်ပြီး အနည်းဆုံးသုံးလေးလကြာကြောင်း၊ ပြီးခဲ့သည့်နှစ်က ဈေးကောင်းရခြင်းမှာ ရာသီဥတုဖောက်ပြန်၍လည်းကောင်း၊ ယင်းပိုးမွှားအန္တရာယ်ကြောင့်လည်းကောင်း အထွက်နည်း၍ဖြစ်ကြောင်း၊ အမှန်တကယ်၌ ပြည်တွင်းစားသုံးမှုမှာ ပုံမှန်သာရှိပြီး ကုန်စည်စီးဆင်းမှု ပုံမှန်မရှိခြင်းကြောင့် ပြည်ပဝယ်လိုအား အဟန့်အတားဖြစ်လျှင် ပြည်ပထွက်မည့်ပမာဏသည် ရောင်းမထွက်သည့် ပိုလျှံပမာဏဖြစ်လာကြောင်း၊ စိုက်ပျိုးထုတ်လုပ်သူအနေဖြင့် ရောင်းရမည့်ကုန်မရောင်းရသကဲ့သို့ ဈေးနှုန်းလည်း ခန့်မှန်း၍မရနိုင်ကြောင်း၊ စက်မှုလက်မှုထုတ်ကုန်များသည် ယခုမရောင်းရလျှင် သိုလှောင်ထားနိုင်သည့်အားသာချက်ကြောင့် နောက်ထပ်ဈေးကွက်ရှာနိုင်ကြောင်း၊ သို့ဖြစ်၍ ဈေးကွက်နှင့်သက်ဆိုင်သည့် သတင်းအချက်အလက် Market Information မှန်မှန်ကန်ကန်ရရှိရေးနှင့် Trust (ယုံကြည်စိတ်ချရမှု)ရှိရန် လိုအပ်ကြောင်း စီးပွားရေးတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိခဲ့သူလည်းဖြစ်သီးနှံရောင်းဝယ်ရေး လုပ်ငန်းအတွေ့အကြုံ အနှစ် ၃၀ ကျော်လည်းရှိသည့် ဦးထွန်းရင်က သုံးသပ်ပြောကြားသည်။

"ဈေးကွက်စီးပွားရေးစနစ်မှာ စီမံခန့်ခွဲသူတွေ၊ ဆုံးဖြတ်ချက်ချသူတွေအနေနဲ့ ကုန်သည်အတွေးအခေါ်ရှိရမယ်သူတို့ရဲ့ အတွေးအခေါ်အယူအဆက အရေးကြီးတယ်" ဟု ၎င်းကဆိုသည်။

ယခုခေတ်၌ ကုန်သည်ပွဲစားများသည် သတင်းအချက်အလက်ရရှိရေးအတွက် မိုဘိုင်းလ်ဖုန်းများကဲ့သို့သော ခေတ်မီဆက်သွယ်ရေးကိရိယာများ အသုံးပြုနိုင်သကဲ့သို့ စိုက်ပျိုးရေးလုပ်ငန်းရှင်တောင်သူများလည်း

www.foreverspace.com.mm

အသုံးပြုနိုင်ရန် လိုအပ်ကြောင်း၊ သို့ရာတွင် တောင်သူအများစုသည် ဖုန်းကိုပင်ကောင်းစွာအသုံးမပြုတတ်သေးကြောင်း၊ သီရိမင်္ဂလာစျေးသို့ ဂေါ်ဖီကားအဝင်နည်း၍ ဂေါ်ဖီစျေးမြောက်နေချိန်၌ ပွဲစားဖြစ်သူက ရန်ကုန်မြို့တော်နှင့် မနီးမဝေး ပဲခူးတိုင်းအနောက်ခြမ်း ဝက်ပုတ်ဒေသရှိ ဂေါ်ဖီများကို လှမ်းမှာကြောင်း၊ ထိုအခါ ဂေါ်ဖီစျေးကောင်းရနေသည်ဟု ယူဆချက်ဖြင့် ဂေါ်ဖီများ စုပြုံတင်ပို့သည့်အခါ စျေးထိုးကျပြီး အရှုံးပေါ်ရကြောင်း၊ ပုံမှန်အားဖြင့် ဂေါ်ဖီဖြုန်းအားသည်ကား ရှစ်စီး၊ ခုနစ်စီးခန့် လိုအပ်ချိန်၌ ကား ၁၅ စီးခန့်ဝင်လာပါက စျေးကွက်ပျက်သွားကြောင်း ဦးတင်လှိုင်က သတင်းအမှန်ရရေးအရေးကြီးပုံနှင့် ပတ်သက်သည့် ၎င်း၏အတွေ့အကြုံကို ပြောကြားသည်။

စီးပွားရေးအခြေခံသဘော

မည်သည့်ကုန်ပစ္စည်းဖြစ်စေ ထုတ်လုပ်မှုတိုးလျှင် ဝင်ငွေတိုးသင့်ကြောင်း၊ ယခုထုတ်လုပ်မှုတိုးသော်လည်း အရှုံးပေါ်ရခြင်းမှာ Value Added ခေါ် တန်ဖိုးမြှင့်ကုန်ချောပစ္စည်းများထုတ်လုပ်သည့်လုပ်ငန်းများ နည်းပါးနေသေး၍ဖြစ်ကြောင်း၊ ခရမ်းချဉ်သီးဆိုလျှင် ဆော့ဖြစ်စေ၊ စည်သွတ်ဘူးဖြစ်စေ၊ ယိုလုပ်ငန်း၌ဖြစ်စေ သုံးနိုင်ကြောင်း၊ သရက်သီးဆိုလျှင်လည်း သရက်သီးဖျော်ရည်၊ သရက်သီးစည်သွတ်ဘူးများ ထုတ်လုပ်နိုင်ကြောင်း၊ သို့ရာတွင် ဒေသအလိုက် လုပ်ကိုင်နိုင်သည့် တစ်ပိုင်တစ်နိုင် လုပ်ငန်းများဖြစ်ရန် အရင်းအနှီးနည်းနည်းနှင့် လုပ်ကိုင်နိုင်ရန် လိုအပ်ကြောင်း စီးပွားရေးတက္ကသိုလ်မှ အငြိမ်းစားပါမောက္ခ တစ်ဦးက သုံးသပ်ပြောကြားသည်။

မည်သို့ပင်ဖြစ်စေ လယ်ယာစိုက်ပျိုးရေးနိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံ၌ အခြေခံအကျဆုံးလူများစုဖြစ်သည့် တောင်သူလယ်သမားများအနေဖြင့် စျေးကွက်လိုအပ်ချက်အလိုက် ထုတ်လုပ်ဖြည့်ဆည်းနိုင်ရန် လိုအပ်သကဲ့သို့ စျေးကွက်အတွင်း၌ ကုန်ပစ္စည်းများပိုနေမည်လား၊ လိုနေမည်လားဆိုသည့် သတင်းအချက်အလက်များ ရရှိရေးနှင့် မှန်ကန်စွာသုံးသပ်နိုင်ရေးမှာ အမှန်ပင် လိုအပ်ကြောင်း၊ ထို့အပြင် ကုန်ချောအဆင့်သို့ ထုတ်လုပ်သည့် တစ်ပိုင်တစ်နိုင် လုပ်ငန်းငယ်များအတွက် နည်းပညာနှင့် အရင်းအနှီးများဖွံ့ဖြိုးရန် လိုအပ်လျက်ရှိသည်ဟု ဆိုကောင်းဆိုနိုင်ပါသည်။

"ကျုပ်ကတော့ စိတ်မပျက်ဘူး။ ခရမ်းချဉ်က အမြတ်ကြမ်းတော့ နောင်နှစ်လည်း ထပ်စိုက်မှာပဲ။ စိုက်စရာမှသိပ်မရှိတာ" ဟု ပုဂံတောင်ကျေးရွာမှ ဦးဝင်းဇော်က ယုံကြည်ချက်အပြည့်နှင့် ပြောကြားသည်။

နိုင်မင်းဝေ

LIVING COLOR MEDIA

သမ္မတဟိုတယ် (Business Suite)
အမှတ် (၅) ၊ အလံပြဘုရားလမ်း ၊
ဒဂုံမြို့နယ် ၊ ရန်ကုန်မြို့ ။

ဖုန်း -၂၄၃၆၃၉ ၊ ၂၄၃၆၄၀ ၊၂၄၃၆၄၁ ၊၂၄၃၆၄၂ ၊၂၄၃၆၄၃ (Ext-၂၀၀၁)

www.foreverspace.com.mm

ခိုးကူးခွေနှင့် မြန်မာ့တေးဂီတထုတ်လုပ်ရေးစျေးကွက်

သစ်ထွဋ်

ကမ္ဘာ့နိုင်ငံအသီးသီးရှိ လူသားများ၏ လူမှုစီးပွားဘဝနေဟန်များကို ရိုက်ခတ်လျက်ရှိသည့် ဒစ်ဂျစ်တယ်လှိုင်းများ၏ အကျိုးသက်ရောက်မှုကြောင့် မြန်မာ့တေးဂီတဖန်တီးထုတ်လုပ်ရေးစျေးကွက်၏အခြေအနေမှာ အချိန်အနည်းငယ်အတွင်း အပြောင်းအလဲများစွာ ဖြစ်ပေါ်ခဲ့ပြီး လက်ရှိထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသည့်ပုံစံမှ အခြားလားရာသစ်ဆီသို့ ရွေ့ပြောင်းရမည့် အခြေအနေသို့ ဆိုက်ရောက်နေပြီဖြစ်သည်။

လက်ရှိတေးဂီတအခြေအနေ

ဒစ်ဂျစ်တယ်ပစ္စည်းများ မြန်မာနိုင်ငံတွင် သုံးစွဲမှုမြင့်တက်လာသည်နှင့်အမျှ ယင်းပစ္စည်းများ၏ အားသာချက်ဖြင့် တစ်ကိုယ်ရေသုံးကွန်ပျူတာ (PC) တွင် CDသုံးချပ်ကူးစက် တပ်ဆင်ထားရုံဖြင့် မိမိအိမ်နှင့် အိုးမကွာအိမ်မကွာ တစ်နိုင်စီးပွားရေးလုပ်ငန်းငယ်ဟုဆိုအပ်သော တရားမဝင်ကူးခွေ (ခေါ်) ခိုးကူးခွေလုပ်ငန်းများ လုပ်ကိုင်လာနိုင်ရာ လက်ရှိတေးဂီတဖန်တီးထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းအားလုံးအပေါ်တွင် များစွာ အပြောင်းအလဲများ ဖြစ်ပေါ်စေခဲ့သည်။

တရားမဝင်ကူးခွေများမှာ ဈေးနှုန်းသက်သာစွာ ထုတ်လုပ်နိုင်စွမ်းရှိပြီး ဖြန့်ချိမှုပုံစံအရလည်း ယခင်ဖြန့်ချိရေးပုံစံများနှင့် ကွဲပြားခြားနားသည့်အကျိုးအမြတ်အသီးသီးခွဲဝေခံစားသည့်သဘောတရားဖြင့် ဆောင်ရွက်နိုင်မှုကြောင့် လက်ရှိတေးထုတ်လုပ်ရေးလုပ်ငန်းများမှာ ဈေးကွက်ယှဉ်ပြိုင်နိုင်မှုအား ကျဆင်းသွားပြီး တေးစီးရီးထုတ်လုပ်မှုလုပ်ငန်းများ လုံးဝနီးပါး ရပ်တန့်သွားမည့်အရိပ်အယောင်များပင် တွေ့မြင်နေရသည်။

"အခုစီးရီးတစ်ခွေကို တိပ်၊ CD၊ VCDထုတ်မယ်ဆိုရင် ကျပ်သိန်း ၃၀၀ က နေ ၅၀၀ အထိ ကုန်တယ်။ အဲဒီမှာ VCD အချပ်နှစ်သောင်းကျော်လောက် ရောင်းရမှ အရင်းကျနိုင်မယ်။ အခုဟာက တစ်သောင်းတောင် မကုန်ဘူး။ ဒါဆိုရင် ရင်းထားတာ တစ်ဝက်တောင် ပြန်ရဖို့ အနိုင်နိုင်ဆိုတော့ အခွေထုတ်မှုကျသွားတာ မဆန်းပါဘူး" ဟု ရတနာမြို့ငြိတေးထုတ်လုပ်ရေးမှ ဦးချန်ဟိန်းက လက်ရှိတေးစီးရီး ထုတ်လုပ်မှုအခြေအနေကို ရှင်းပြသည်။

တရားမဝင်ကူးခွေများမှာ CD အလွတ်တစ်ချပ်လျှင် တိုက်ရိုက်မှာယူဈေးကျပ် ၈၀ နှုန်းဖြင့် ဝယ်ယူ၍ PCတွင် တပ်ဆင်ထားသည့် CDကူးစက်ဖြင့် အလွယ်တကူကူးယူရောင်းချနိုင်သဖြင့် ဈေးကွက်တွင် ယင်းခွေများကို ဈေးနှုန်းအားဖြင့် မယှဉ်နိုင်ကြောင်း၊ ထုတ်လုပ်သူများအနေ

www.foreverspace.com.mm

ဖြင့် ထုတ်လုပ်မှုစရိတ်လျော့ချပြီး တစ်ချပ်ကျပ် ၄၀၀ ဖြင့် ရောင်းပါကလည်း ယူရောင်းချသူက ယင်းထက် ဈေးသက်သာသည့် တစ်ချပ်လျှင် ကျပ် ၂၅၀ ဖြင့် ဖြန့်ဖြူးရောင်းချနိုင်သဖြင့် လက်ရှိအခြေအနေအရ ဈေးကွက်ပြိုင်ဆိုင်နိုင်မှုမရှိကြောင်း ရှင်းပြသည်။

" ပြီးခဲ့တဲ့ ရှစ်လလောက်ကစပြီး ကျွန်တော်တို့ ဈေးကွက်ထဲမှာ အသံသွင်းတဲ့ စတူဒီယိုလုပ်ငန်းတွေ၊ သီချင်းတေးရေးဆရာတွေရဲ့လုပ်ငန်းတွေဟာ တအားကျဆင်းသွားတယ်။ သီချင်းရေးတဲ့သူတွေဆီလည်း သီချင်းသစ်တွေ မအပ်နိုင်ကြတော့ဘူး။ စတူဒီယိုတွေမှာလည်း အသံတွေ လာမသွင်းကြတော့ဘူး။ အရင်က စတူဒီယိုဒိတ်ကို ကိုယ်က သွားယူရင် ကျပ်တာတွေရှိတယ်။ အခုဆိုရင် အဲဒီလိုအဖြစ်အပျက်တွေက မရှိသလောက် ဖြစ်ကုန်ပြီ " ဟု လက်ရှိတေးစီးရီးသွင်းယူမှုအခြေအနေကို တေးရေး၊ တေးဆိုတစ်ဦးဖြစ်သူ ဆောင်းဦးလှိုင်က ရှင်းပြသည်။

တေးဂီတလောကသားများအနေဖြင့် ပွင့်လင်းရာသီတွင် တေးဂီတဖျော်ဖြေပွဲများ ဖျော်ဖြေမှုကို အများဆုံးပြုလုပ်၍ စိုစွတ်သော မိုးရာသီတွင် စတူဒီယိုများ၊ အသံသွင်းခြင်းလုပ်ငန်းများကို လုပ်ကိုင်ရခြင်း ဖြစ်ရာ လာမည့်မိုးရာသီတွင် တေးသံသွင်းလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အခြေအနေမရှိပါက အများစုမှာ အခက်တွေ့ဖွယ် အနေအထားဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

တေးသီချင်းသစ်များ ဖန်တီးရာတွင် အနုပညာဖန်တီးမှုအပြင် စီးပွားရေးပံ့ပိုးမှုလိုအပ်ကြောင်း၊ ထုတ်လုပ်ဖြန့်ချိနိုင်သည့် အနေအထားအားနည်းကြောင်း၊ လက်ရှိအခြေအနေအရ တစ်နှစ် စီးရီးခွေတစ်ခွေထုတ်လုပ်နိုင်သည့် အဆိုတော်တစ်ယောက်အနေဖြင့် VCD အချပ်ရေ တစ်သောင်းခွဖြင့် ရောင်းချနိုင်ရုံဖြင့် စားဝတ်နေရေးပြေလည်ရုံသာရှိကြောင်း၊ စတိတ်ရှိုးပွဲများ ဖျော်ဖြေမှုမရရှိလာသည့် ဝင်ငွေနှင့် ထိန်းသိမ်းနေရသည့်အပိုင်းသို့ ရောက်ရှိနေကြောင်း ဆောင်းဦးလှိုင်က ဆိုသည်။

၎င်း၏ မကြာခင်က ထုတ်ဝေဖြန့်ချိခဲ့သည့် အလှူတော်မင်္ဂလာအမည်ရှိ တေးစီးရီးတွင် ရင်းနှီးမြှုပ်နှံမှု၏ ထက်ဝက်ခန့်သာ ပြန်လည်ရရှိခဲ့ကြောင်း ၎င်း၏အဆိုအရ သိရသည်။

တရားမဝင်ကူးခွေများ၏ အခြေအနေ

ကူးခွေထုတ်လုပ်မှုလုပ်ငန်းတွင် မြန်မာတေးသီချင်း VCD များ ကူးယူမှုအပိုင်းနှင့် ပြည်ပဇာတ်လမ်းခွေ၊ သီချင်းခွေနှင့် 5-Movies မှ စာတန်းထိုးကာ ကူးယူမှုအပိုင်း နှစ်မျိုးရှိရာ မြန်မာတေးသီချင်း VCD များကို PC တွင် သုံးချပ်တွဲကူးစက်တပ်ဆင်ထားသည့်စက်ဖြင့် ၂၄ နာရီ ကူးယူပါက VCD အချပ်တစ်ထောင်ခန့်ရရှိနိုင်မည်ဖြစ်ပြီး ယင်းစက်အတွက် ကုန်ကျစရိတ်မှာ ငွေကျပ်ရှစ်သိန်းခန့်သာ ကုန်ကျနိုင်မည် ဖြစ်သည်။

ကူးခွေကူးယူနိုင်သည့် CD အလွတ် တစ်ချပ်လျှင် လက်ကားဈေး ကျပ် ၈၀ ခန့်ဖြင့် အလွယ်တကူဝယ်ယူနိုင်သဖြင့် ဖြန့်ချိရောင်းချသူများ လက်ထဲသို့ မြန်မာ VCD ကူးခွေ ကျပ်နှစ်ရာခန့်ဖြင့် ရောင်းချနိုင်သည်ကို တွေ့ရသည်။

ယင်းမြန်မာကူးခွေများကို ဖြန့်ချိရောင်းချရာတွင်လည်း နီးစပ်ရာ အိမ်နီးချင်းမှစ၍ နေထိုင်ရာမြို့နယ်အလိုက် ဖြန့်ဖြူးရောင်းချပေးမည့်သူများကို အလွယ်တကူရရှိနိုင်သည်။

နိုင်ငံခြားဇာတ်လမ်း၊ သီချင်းခွေနှင့် 5-Movies မှ စာတန်းထိုးခွေများကို ကူးယူရာတွင်မူ လုပ်ငန်းလိုအပ်ချက်အရ ရင်းနှီး

www.foreverspace.com.mm

မြှုပ်နှံရသည်ပဲမဟုတ်ဘဲ ကျပ်သိန်း ၃၀ တန်ဖိုးရှိ ဒြင် များ၊ ကူးစက်များ၊ Printer များဖြင့် စီးပွားရေးလုပ်ငန်းအသွင်ရင်းနှီးမြှုပ်နှံလျက်ရှိသည်။ အခွေထုတ်လုပ်မှုအပိုင်းမှာလည်း ဈေးကွက်အကြိုက်ကိုလိုက်၍ ရုပ်ရှင်ရုံတင်ကားမှအစ လျင်မြန်စွာ ဈေးကွက်အတွင်း ဖြန့်ဖြူးနိုင်ရန်နှင့် အရေအတွက်များများ ထုတ်လုပ်နိုင်ရန် ကူးစက်အရေအတွက်များစွာဖြင့် ထုတ်လုပ်လေ့ရှိသည်။ ဖြန့်ချိရေးအပိုင်းတွင်မူ တစ်နိုင်ငံလုံးဈေးကွက်နှင့် ချိတ်ဆက်ထားပြီး ရန်ကုန်မြို့တော်တွင်သာမက နယ်ဒေသများရှိဖြန့်ချိရေးအရောင်းသမားများနှင့်ပါ ချိတ်ဆက်ထားသည့်ပုံစံ ဖြစ်သည်။

အဆိုပါကူးခွေများ၏ ထုတ်လုပ်မှုနှင့် ဖြန့်ချိရာဈေးကွက် စတင်သည့်နေရာမှာ ရန်ကုန်တွင် အားလုံးတည်ရှိပြီး နယ်ဒေသများတွင် စီးပွားရေးလုပ်ငန်းအသွင်ကူးယူရောင်းချသည့်ဆဲလေ့ မရှိသေးသည်ကို တွေ့ရသည်။

ကူးခွေရောင်းချသူများအနေဖြင့် ဈေးကွက်ဒေသအခြေအနေအလိုက်သုံးချပ်တစ်ထောင်မှ ၅၀၀ ကျပ်အထိ ဈေးနှုန်းအမျိုးမျိုးဖြင့် ရောင်းချလျက်ရှိပြီး တနလ်ာနေ့ထွက်သည့် မြန်မာ VCD အခွေကို နောက်တစ်ရက် အင်္ဂါနေ့တွင် ရပ်ကွက်အတွင်းရှိ လက်ဖက်ရည်ဆိုင်များအရောက်လိုက်လံဖြန့်ဖြူးရောင်းချနိုင်သည့်အခြေအနေရှိသဖြင့် ဈေးကွက်ဖြန့်ဖြူးရောင်းချနိုင်မှုစွမ်းအားများစွာရှိသည်ကို တွေ့ရသည်။

နစ်ဖက်မှ အသံများ

နည်းပညာပိုင်းတိုးတက်သုံးစွဲလာမှုမှာ အခြားနိုင်ငံများနည်းတူမြန်မာနိုင်ငံ၌လည်း ဖြစ်ပေါ်လျက်ရှိသည်မှာ ငြင်းနိုင်ဖွယ်မရှိသော်လည်း မြန်မာနိုင်ငံတွင် Copy Right ထိန်းသိမ်းမှုမှာမူ အားနည်းကြောင်း၊ တရား မဝင်ကူးယူရောင်းချနေသူများကို သက် ဆိုင်ရာမှာ ကုန်ပစ္စည်းတရားဝင်ရောင်းချ ခွင့်လိုင်စင်များ ချထားပေးနိုင်ရန် လိုအပ် ကြောင်း တေးစီရိုးများထုတ်လုပ်သူဦးချန် ဟိန်းက ဆိုသည်။

"လမ်းဘေးမှာ ရောင်းတယ်ဆိုပေမယ့် တရားဝင်အခွန်ပေးဆောင်ပြီး ရောင်းဖို့လိုမှာပေါ့။ ဒါမှ တရားဝင်ရောင်းချလို့ရတဲ့ ပစ္စည်း ဟုတ်၊ မဟုတ်ဆိုတာ စိစစ်လို့ရမှာပါ။ ခိုးကူးခွေက ဈေးပေါပေါနဲ့ လွယ်လွယ်ရောင်းလို့ရလို့ကတော့ သူတို့ကို တားဆီးဖို့မလွယ်ပါဘူး" ဟု မြန်မာနိုင်ငံ ဂီတအစည်းအရုံးထုတ်လုပ်သူများအလွှာမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

တရားမဝင်ကူးခွေတွေကို တားဆီးရာမှာ မူပိုင်ခွင့်ဥပဒေနှင့် တားဆီးသည့် အပြင် နှစ်ဦးနှစ်ဖက် လူသားချင်းစာနာစိတ်ထားရှိရန် လိုအပ်ကြောင်း၊ တရားမဝင်ကူးယူသူများဘက်မှလည်း အခြားသူတစ်ယောက်ဖန်တီးထားသည့် အနုပညာတစ်ရပ်ကို အလွယ်တကူ ကူးယူဖော်ပြရန်မသင့်ကြောင်း၊ တေးဂီတလောကသားများအနေဖြင့်လည်း စီးပွားရေးမပြေလည်မှုကြောင့် ကူးခွေရောင်းချခြင်း လုပ်ကိုင်ရသည့် လက်မွေ့အရောင်းသမားကိုလည်း ကိုယ်ချင်းစာနာစိတ်ဖြင့် ဆက်ဆံရန်လိုအပ်ကြောင်း၊ မိမိဝင်ငွေအရ

www.foreverspace.com.mm

ကျပ် ၁၅၀၀ ကနဲ မူရင်းအခွေဝယ်နိုင်သည့် အတိုင်းအတာရှိပါလျက် ကျပ် ၄၀၀ တန် တရားမဝင်ကူးခွေကို ဝယ်ယူခြင်းမှာမူ တရား ချတမှုမရှိကြောင်း၊ နှစ်ဦးနှစ်ဖက် စာနာစိတ် ဖြင့် ဆောင်ရွက်ရန်လိုအပ်ကြောင်း ထေးဂီတ လောကသားတစ်ဦးကဆိုသည်။

"ကျွန်တော်တို့မှာလည်း နေ့စဉ်ဝင်ငွေ ပုံမှန်ရတဲ့အလုပ်ကလေးဆိုတော့ ကူးခွေ ရောင်းတာတို့၊ ဖြန့်တာတို့ လုပ်ရတော့ပေါ့။ ကျွန်တော်တို့က စီးပွားဖြစ်ကြီးလုပ်နေတာ မဟုတ်ပါဘူး။ တစ်ရက် အိမ်သုံးစရိတ်ရဲ့ လုပ်တာပါ" ဟု ရန်ကုန်မြို့တော်တွင်း တရား မဝင် ကူးခွေလက်ပွေ့ရောင်းချသူတစ်ဦးက ဆိုသည်။

ကူးခွေရောင်းချခြင်းလုပ်ငန်းကို အိမ်တွင်းတစ်နိုင်စီးပွားရေးအဖြစ် ကူးယူလုပ်ကိုင်ခြင်းဖြစ်ပြီး သက်ဆိုင်ရာထုတ်လုပ်သူများနှင့် ဖြန့်ချိရေးပုံစံသစ်ကို တရားဝင်ညှိနှိုင်းလုပ်ကိုင်လိုကြောင်း၊ ၎င်းတို့လုပ်ငန်းတွင် နည်းပညာ၏ အကျိုးဆက်ကြောင့် အချိန်တိုအတွင်း လျင်မြန်စွာ ဆောင်ရွက်ပေးနိုင်ကြောင်း တစ်နိုင်ကူးခွေဆောင်ရွက်လုပ်ကိုင်သူတစ်ဦးက ဆိုသည်။

"ကျွန်တော့်အနေနဲ့ကတော့ ကောင်းမွန်တဲ့ အနုပညာတစ်ခု ဖန်တီးဖို့ဆိုရာမှာ စားဝတ်နေရေးကလည်း အရေးပါပါတယ်။ အနုပညာရှင်တစ်ယောက်အနေနဲ့ စားဝတ်နေရေးပူပန်နေရမယ်ဆိုရင် သွားပြီ။ ဥပမာ– အချစ်သီချင်းတွေ တအားအရေးကောင်းတဲ့သူဟာ သောကတွေနဲ့ဆိုရင် သူ့သီချင်းက နုနယ်နိုင်မှာမဟုတ်တော့ဘူး။ ဘဝသီချင်းရေးတဲ့လူဆိုရင် စားဝတ်နေရေး ပူရမယ်ဆိုရင် သီချင်းမှာ ဒေါသတွေပါလာပြီ။ ဒါကြောင့်မို့ သူ့အတွက် စားဝတ်နေရေးပြေလည်ဖို့ လိုပါတယ်။ နို့မို့ဆိုရင် ပရိသတ်တွေနားဆင်ဖို့လည်း သီချင်းသစ်တွေ၊ သီချင်းကောင်းတွေ ဖန်တီးနိုင်ဖို့ မလွယ်ပါဘူး" ဟု ထေးရေးထေးဆို ဆောင်းဦးလှိုင်က ဆိုသည်။

ကွာခြားချက်

ဒစ်ဂျစ်တယ်လှိုင်းများ၏ အကျိုးဆက်ကြောင့် ထုတ်လုပ်ကုန်ကျစရိတ်မှာ ဆိုခဲ့ပါ မူရင်းခွေနှင့် တရားမဝင်ကူးခွေမှာ

များစွာ ကွာခြားပြီး ဖြန့်ချိပုံစနစ်မှာလည်း တရားမဝင်ကူးခွေတွင် ထုတ်လုပ်သူနှင့် ဖြန့်ဖြူးသူများမှာ ရရှိလာသည့် အကျိုးအမြတ်ပေါ် ခွဲဝေခံစားမှု၊ အချိုးအစားကွာဟမှုမရှိခြင်းကြောင့် တစ်ဖက်နှင့်တစ်ဖက် လက်ဝါးကြီးအုပ်စနစ်ကို ဖြစ်ပေါ်စေခြင်းမရှိဘဲ ဈေးကွက်လိုအပ်ချက်အရသာ တက်ညီလက်ညီဆောင်ရွက်ကြသကဲ့သို့ နိုင်ငံဒေသအနှံ့ရောက်ရှိရန်အတွက်လည်း စရိတ်သက်သာစွာ ချိတ်ဆက်ထားနိုင်မှုကြောင့် များစွာအားသာချက်များ ရှိနေသည်။

မူရင်းခွေများ ဖြန့်ချိမှုတွင်မူ တရားဝင်လုပ်ထုံးလုပ်နည်းများအရ အရောင်းဈေးကွက်အတွင်း ဖြန့်ဖြူးရာတွင် ကြန့်ကြာမှုများရှိနေကြောင်း၊ ဥပမာ–ဆူပါမားကက်ကြီးများရှိ လက်လီအရောင်းဆိုင်ကြီးများကဲ့သို့ ဆိုင်ခွဲများစွာရှိသည့်လုပ်ငန်းတစ်ခုကို အခွေတစ်ချပ် ဖြန့်ချိမည်ဆိုပါက ယင်းလက်လီဆိုင်ကြီးများရှိ ပစ္စည်းသိုလှောင်ရာမှ နေရာဒေသအနှံ့ရှိ ဈေးကွက်အတွင်း ဖြန့်ဖြူးမည့်အချိန်မျိုးတွင် များစွာလစ်ဟာမှုများရှိနိုင်ကြောင်း၊ အဆင့်ဆင့်ဖြန့်ချိရသည့်စနစ်တွင် အချိန်သုံးစွဲရမှုနှင့် စရိတ်စက ကုန်ကျမှုများမှာ အနာဂတ်ဖြန့်ချိရေးဈေးကွက်ဖော်ဆောင်ရာတွင် ထည့်သွင်းစဉ်းစားရမည့်အချက်များ ဖြစ်သည်။

တရားမဝင်ကူးခွေများ ဖြန့်ချိစနစ်တွင် လက်ပွေ့ရောင်းချသူများမှာ ခေါက်ပြန်ဈေးစနစ်ဖြင့် တစ်နိုင်ကူးခွေလုပ်ငန်းများထံမှ ကူးခွေများ ရရှိနိုင်သဖြင့် အရင်းအနှီးရှိရုံနှင့်မလိုဘဲ အလွယ်တကူ ဈေးကွက်ထဲသို့ ဖြန့်ချိနိုင်သည့်အချက်မှာ မူရင်းခွေဖြန့်ချိမှုစနစ်ထက် များစွာအားသာချက်တစ်ခုဖြစ်သည်။

မူရင်းခွေနှင့် ကူးခွေများတွင် အသံ၊ အရုပ်အရည်အသွေးများ ကွာခြားမှုရှိသည်ဟု ဆိုသော်ငြားလည်း ထွက်ရှိလာသည့် ထေးသီချင်းများနှင့် VCD သီချင်းခွေများကို ကြည့်ရှုသူများက တစ်လခန့်သာ အသုံးပြုကြည့်ရှုလေ့ရှိရာ အနုပညာအားနည်းသော မူရင်းအခွေများနှင့် ကုန်ပစ္စည်းအရည်အသွေးအားနည်းသော တရားမဝင်ခိုးကူးခွေများ၏ သံသရာမှာ ဆုံးနိုင်တော့မည်မဟုတ်ကြောင်း လေ့လာသူများက ဆိုသည်။

တရားမဝင်ကူးခြင်းမှ ကာကွယ်မှု

နိုင်ငံတကာတွင် မူရင်းခွေမှ တရားမဝင်ကူးယူခြင်းကို ကာကွယ်နိုင်ရန် နည်းလမ်းအမျိုးမျိုး ရှာဖွေခဲ့ကြပြီး မြန်မာနိုင်ငံတွင်လည်း ထေးစီးရီးအချို့၏ VCD အချပ်များတွင် Software ရေးသားကာကွယ်မှုများရှိခဲ့သော်လည်း အောင်မြင်ခဲ့ခြင်းမရှိကြောင်း တွေ့ရသည်။

ယင်းတရားမဝင်ကူးခွေကာကွယ်ရေးနှင့် ပတ်သက်၍ ပြည်တွင်း၌ပင် VCD နှင့် DVD အချပ်များထုတ်လုပ်သည့် စက်ရုံလုပ်ငန်းနှင့် ထေးထုတ်လုပ်ရေးလုပ်ငန်းများ ပူးတွဲဆောင်ရွက်လျက်ရှိသည့် Excellent Creation မှ VCD အချပ်များတွင် Protection Method တစ်ခုကို ထည့်သွင်းဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားခဲ့ရာ VCD တရားမဝင် ကူးခွေဈေးကွက်အတွင်း အပြောင်းအလဲများ ဖြစ်ပေါ်နိုင်ဖွယ်ရှိသည်။ အဆိုပါ Method မှာ VCD အချပ် စတင်ထုတ်လုပ်သည့်စနစ်၌ပင် ထည့်သွင်းမည်ဖြစ်ရာ အချပ်ပေါ်တွင် Stemper ရိုက်နှိပ်ရာတွင် ပရိုဂရမ်တစ်ခုရေးသွင်း၍ ဆောင်ရွက်မည်ဖြစ်ရာ တရားမဝင်ကူးယူနိုင်မည့် အချိန်ကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်း Excellent

www.forevermyanmar.com.mm

Creation မှ ဦးမျိုးဆွေက ဆိုသည်။

ယင်းကာကွယ်ရေးနည်းလမ်းအရ Windows ပေါ်တွင် ထည့်သွင်း ကူးယူနိုင်သော်လည်း ကွန်ပျူတာကျွမ်းကျင်သူက ကူးယူခြင်းမဟုတ်ပါက အလွယ်တကူ ကူးယူနိုင်မည်မဟုတ်ဘဲ VCD ပြစက်မှတစ်ဆင့် ကူးယူမည်ဆိုပါက အရည်အသွေး ကွာလတီများစွာ ကျဆင်းသွားရန် စီစဉ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ၎င်း၏ အဆိုအရ သိရသည်။

လက်ရှိတွင် စမ်းသပ်ထုတ်လုပ်လျက်ရှိပြီး အနည်းဆုံး မူရင်းခွေမှ တရားမဝင်ကူးယူရန် ငါးရက်ခန့် အချိန်ကြာမြင့်နိုင်ရန် မျှော်မှန်းထားကြောင်း ဦးမျိုးဆွေက ဆိုသည်။

နိုင်ငံတကာတွင် VCD ကူးခွေကာကွယ်စနစ်များ ဆောင်ရွက်မှုမှာ အနည်းငယ်သာအောင်မြင်မှုရှိပြီး DVD ကူးခွေများတွင်သာ အောင်မြင်မှုအချို့ ရရှိလျက်ရှိသည်။

Excellent Creation မှ ဆောင်ရွက်သည့် Protection Method အရ စျေးကွက်တွင်း လက်ရှိဖြစ်ပေါ်နေသည့် မူရင်းခွေထွက်ရှိသည့်နေ့တွင်ပင် တရားမဝင်ကူးခွေဖြန့်နိုင်သည့် စျေးကွက်အခြေအနေကို အနည်းငယ်တားဆီးနိုင်မည်ဖြစ်ပြီး တရားမဝင်ကူးခွေဖြန့်ချိရေးစျေးကွက်ကို အနည်းငယ်နောင့်နှေးအောင် တားဆီးနိုင်မည်ဖြစ်ရာ မူရင်းခွေများ ဖြန့်ချိသည့်စနစ်ကို လျင်မြန်စွာ ကျင့်သုံးနိုင်ပါက စျေးကွက်တွင် ကာလတိုရောင်းအားတစ်ခုကို မူရင်းခွေထုတ်လုပ်သူ ဖြန့်ဖြူးသူများ ရရှိလာနိုင်ဖွယ်ရှိသည်။

အလားအလာ

နိုင်ငံတကာတွင် ဒစ်ဂျစ်တယ်ပစ္စည်းများကြောင့် လူတိုင်း ကိုယ်တိုင်ရေးသားသူ၊ ထုတ်လုပ်သူ၊ ဖြန့်ချိသူအဖြစ် အင်တာနက်မှတစ်ဆင့် မိမိတို့ဖန်တီးနိုင်သည့် အခြေအနေသို့ ရောက်ရှိလျက်ရှိရာ မြန်မာနိုင်ငံ၏ တေးဂီတလောကတွင်လည်း စျေးကွက်ထဲသို့ ထုတ်လုပ်ရောင်းချခြင်းမရှိသေးသည့် အခွေကြမ်းအချို့မှာ တေးချစ်သူပရိသတ်ကြားတွင် အလွယ်တကူပေါက်သွားသည့် ဖြစ်စဉ်များကို မကြာခဏ တွေ့ရှိရသဖြင့် အခွေထုတ်ရောင်းချသည့် အမြတ်သက်သာမဟုတ်ဘဲ စီးပွားရေးကုမ္ပဏီများ၏ ကြော်ငြာများ၊ စတိတ်ရှိုးများနှင့် အခြားအကျိုးအမြတ် ရရှိခံစားနိုင်မည့်အခြေအနေသို့ ရောက်ရှိလာနိုင်ကြောင်း လေ့လာသူအချို့က ပြောကြားသည်။

သို့ရာတွင် လက်ရှိအနေအထားအရ စီးပွားရေးလုပ်ငန်းများ၏ တေးစီးရီး VCD တစ်ချပ်လျှင် Main Sponser (အဓိက ပံ့ပိုးသူ) အဖြစ် ဝင်ရောက်ကြော်ငြာခမှာ ကျပ် ၁၅ သိန်းမှ သိန်း ၂၀ ကြားရရှိနေသဖြင့် နိုင်ငံတကာတွင်ကဲ့သို့ စီးပွားရေးလုပ်ငန်းများ၏ ကြော်ငြာအရေအတွက် ငွေကြေးသုံးစွဲနိုင်မှုအခြေအနေမှာ တေးစီးရီးများ၏ အရည်အသွေးရောင်းအားအပြင် စီးပွားရေးလုပ်ငန်းများ၏ စျေးကွက် ကျယ်ပြန့်မှုမှာလည်း များစွာအရေးပါကြောင်း လေ့လာသူတစ်ဦးက ဆိုသည်။

မကြာမီက ခေါင်းလျှော်ရည်ထုတ်လုပ်ရောင်းချသည့်ကုမ္ပဏီတစ်ခုမှ လူငယ်အဆိုတော်တစ်ဦးဖြစ်သူ စိုင်းစိုင်းခမ်းလှိုင်၏ ဆံပင်ပုံစံ ၁၅ မျိုးတွင် သုံးမျိုးကို ရွေးချယ်၍ ပေးပို့နိုင်ပြီး အဆိုတော်၏ စိတ်ကြိုက်ဆံပင်ပုံစံ သုံးမျိုးနှင့် ထပ်တူပါက ငွေကျပ် ၁၅ သိန်း ရရှိမည့်အစီအစဉ်တစ်ခုကို တင်ဆက်ခဲ့ရာ နာမည်ကျော်ကြားမှုကို စီးပွားရေးကြော်ငြာလုပ်ငန်းများတွင် အသုံးပြုခြင်းမှာ ထင်ရှားသည့် နမူနာတစ်ခုဖြစ်သည်။

Living Color မဂ္ဂဇင်း ဆောင်းပါးရှင် Yooyle ၏ အဆိုအရမူ ဒစ်ဂျစ်တယ်လိုင်းရိုက်ခတ်မှုမှာ မြန်မာနိုင်ငံ၏ တေးဂီတလောကတစ်ခုတည်း၏ ပြဿနာမဟုတ်ဘဲ အခြားနယ်ပယ်များတွင်လည်း အနှေးနှင့်အမြန် ဖြစ်ပေါ်နိုင်ကြောင်း၊ သို့ဖြစ်၍ လက်ရှိအနုပညာထုတ်လုပ်ရေး၊ ဖြန့်ချိရေးနှင့် ခံစားရေးကို ပုံစံသစ်ဆီသို့ သွားရောက်ရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံနေရာအသီးသီးမှာရှိသော လက်လွယ် CD လုပ်ငန်းသေးများကို လက်ရှိဖြန့်ချိရေးစနစ်ထဲတွင် တရားဝင်လုပ်ဆောင်ခွင့်ရရှိရန် သို့မဟုတ် ယခင်ထုတ်လုပ်သူနှင့် ဖြန့်ချိသူအဖြစ် လုပ်ဆောင်သည့်အပိုင်းမှ ထုတ်လုပ်သူတစ်ဖက်၊ ဖြန့်ချိရေးလုပ်ငန်းအသေးများကတစ်ဖက် ခွဲခြားရှုမြင်ဖော်ဆောင်ရန် လိုအပ်ကြောင်း အကြံပြုပြောကြားသည်။

သစ်ထွဋ်

■

www.foreverspace.com.mm

သဘောထားခံယူချက်ဟောင်းများနှင့် မြန်မာ့ရုပ်ရှင်စီးပွားဖွံ့ဖြိုးရေး

သိဂီထိုက်

မြန်မာစာတန်းထိုး ကိုရီးယားရုပ်သံဇာတ်လမ်းတွဲများ မြန်မာပရိသတ်အကြား ဝင်ရောက်လာချိန်မှစ၍ မြန်မာ့ရုပ်ရှင်ထုတ်လုပ်ရေးလုပ်ငန်းများအပေါ် ပရိသတ်အားပေးမှု တဖြည်းဖြည်းကျဆင်းလာသည်ကို တွေ့ရသည်။ ယင်းသို့ ကျဆင်းလာရခြင်းကိုလည်း ရုပ်ရှင်လောကသားများနှင့် ရုပ်ရှင်လောကအပေါ် လေ့လာစောင့်ကြည့်သူများက ခေတ်မီစက်ပစ္စည်းလိုအပ်မှု၊ တရားမဝင်ကူးခွေများကြောင့် ဈေးကွက်မထိန်းသိမ်းနိုင်မှု၊ ပညာရည်ပြည့်ဝသော လောကသားများ ရှားပါးလာမှု၊ လိုအပ်သည့် ရုပ်ရှင်ခြံများမရှိမှု၊ ပရိသတ်များ၏ အကြိုက်ပြောင်းလဲလာမှု၊ ဇာတ်လမ်း၊ ဇာတ်အိမ်အားနည်းမှုများကြောင့်ဖြစ်သည် စသဖြင့် အမျိုးမျိုးဝေဖန်ခဲ့ကြသည်။ မြန်မာ့ရုပ်ရှင်လုပ်ငန်းကြီးတစ်ခုလုံး ဦးမော့လာစေရန်မှာ ရုပ်ရှင်လောကသားအားလုံး၏ Behaviour ခေါ် အပြုအမူနှင့် တစ်လျှောက်လုံးစွဲလာခဲ့သော ခံယူချက်သဘောထားဟောင်းအချို့ ပြောင်းလဲရန်ပင်ဖြစ်ကြောင်း ဝါရင့်ရုပ်ရှင်လောကသားအချို့၏ သုံးသပ်ပြောကြားချက်မှာ များစွာစိတ်ဝင်စားဖွယ်ဖြစ်သည်။

လက်ရှိရုပ်ရှင်လောကအခြေအနေ

မြန်မာ့ရုပ်ရှင်လောက လက်ရှိအခြေအနေမှာ ရုပ်ရှင်ထုတ်လုပ်မှုစရိတ်စကကြီးမြင့်ခြင်းနှင့် ဈေးကွက်မသေချာခြင်းတို့ကြောင့် ရုပ်ရှင်ရိုက်ကူးထုတ်လုပ်မှုကျဆင်းလျက်ရှိပြီး တစ်ခါတစ်ရံ ရုံတင်ရန် မြန်မာရုပ်ရှင်ကားပင် မကျန်ရှိသည့်အတွက် ပြည်ပရုပ်ရှင်ကားများကိုသာ ပြသနေကြရသည်။

ဗီဒီယိုကားများကိုလည်း အရေအတွက်ဦးစားပေးထုတ်လုပ်လာကြပြီး ရုပ်ရှင်ရုံများတွင်ပြသနိုင်သည့် အဆင့်မြင့်ဗီဒီယို (DVD) များ ထုတ်လုပ်မှုဘက်သို့လည်း ဦးတည်လာသည်ကို တွေ့ရသည်။ ဇာတ်ကားထုတ်လုပ်မှုဈေးကွက်တွင်လည်း ရန်ကုန်ဈေးကွက်နှင့် နယ်ဈေးကွက် ခွဲခြားထုတ်လုပ်လာကြသည်။

ဒါရိုက်တာများအနေဖြင့်လည်း မြန်မာ့ရုပ်ရှင်လောကတွင် နှစ်မျိုးနှစ်စား ရှိသည်ကို တွေ့ရသည်။ အမျိုးအစား(၁)မှာ ရိုက်ကွင်းဘုရင်ဟု ခေါ်ဆိုနိုင်သည့် ပညာရှင်ဆန်သောဒါရိုက်တာများဖြစ်ပြီး အခြားတစ်မျိုးမှာ ငွေကြေးစိုက်ထုတ်ကာ ဝတ္ထု၊ ဇာတ်ညွှန်း၊ ရိုက်ကွင်းကိစ္စအဝဝအား ငွေကြေးဖြင့်ဖြေရှင်းနေသူများဖြစ်သည်။

www.forevergance.com.mm

"ပညာရှင်ဆန်တဲ့သူဟာ သူ့ရဲ့အနုပညာကို ဘာနဲ့ဖိုးထားတယ်။ ဘယ်တော့မှ လက်လွှတ်စပယ်မလုပ်ဘူး"ဟု ထပ်ဆင့် အကယ်ဒမီဌိမ်းမင်းက သုံးသပ်သည်။

ရိုက်ကွင်းနေရာ၊ ရုပ်ရှင်ခြံများအနေဖြင့်မူ ရန်ကုန်နှင့် ပြင်ဦးလွင်တွင်သာရှိပြီး ရှိရင်းစွဲနေရာများတွင်သာ ထပ်ခါထပ်ခါ အသုံးပြုနေရသဖြင့် ပရိသတ်အတွက် ရိုးအီနေပြီဖြစ်သည်။ ဇာတ်အိမ်တည်ရာဒေသကို ဇာတ်ကားများတွင် အပြဖြင့်မဖော်ပြဘဲ အများအားဖြင့် စကားပြောဖြင့်သာ ဖော်ပြနေကြသည်ကို တွေ့ရသည်။

ထို့ပြင် ခေတ်နှင့်လျော်ညီသော အပြင်အဆင်၊ စရိုက်၊ စကားအသုံးအနှုန်း၊ အဝတ်အစား အံဝင်ခွင်ကျဖြစ်ရန် မဖန်တီးနိုင်ကြပေ။ "သေနတ်ပစ်တဲ့အခန်းပါချင်ရင် ဂျပန်ခေတ်၊ အင်္ဂလိပ်ခေတ်ကို ရိုက်ပြရတယ်။ အဲဒီမှာ အရေးကြီးတာက ဂျပန်ခေတ်ရဲ့ပုံစံဟာဘာတွေလဲ၊ အင်္ဂလိပ်ခေတ်မှာ ဘယ်လိုနေထိုင်လှုပ်ရှားသလဲဆိုတာကို ပြန်ငိုဖို့ အရေးကြီးတယ်။ အခုဟာက ဂျပန်ခေတ်က မိန်းကလေးပုံစံက ဆံပင်အဖြောင့်နဲ့ ဖြစ်လို့ဖြစ်၊ အင်္ဂလိပ်ခေတ်က မိတ်ကပ်ပြင်ပုံက အခုခေတ် ခင်စန်းဝင်းပြင်သလို ဖြစ်နေတော့ ရုပ်ရှင်ဆိုတာ အပြက အရေးကြီးတယ်လေ။ ဒါတွေကအစ ပြုပြင်ဖို့လိုတယ်"ဟု ဝါရင့် ရုပ်ရှင်လောကသားတစ်ဦးက သုံးသပ်သည်။

မြန်မာ့ရေမြေတောတောင် အလှအပများနှင့် ရိုက်ကွင်းနေရာများစွာရှိသော်လည်း မြန်မာ့ရုပ်ရှင်လောကတွင် အပြည့်အဝအသုံးမချနိုင်သည်ကို တွေ့ရသည်။ ထို့ပြင် ဗီဒီယို ဇာတ်ကားများအနေဖြင့်မူ နယ်ထွက်ရိုက်ကူးရန်မှာ ကုန်ကျစရိတ်ကြောင့်ဖြစ်သည်ဟု ထုတ်လုပ်သူတစ်ဦးက ဆိုသည်။ ၎င်းတို့အနေဖြင့် စရိတ်ကုန်ကျခံ၍ ရိုက်ကူးထုတ်လုပ်သည့်ဇာတ်ကားသည် စရိတ်လျှော့ထားသည့်ဇာတ်ကားထက် ဝင်ငွေပိုမိုမရသည့်အတွက် ယခုကဲ့သို့ အရေအတွက်ဦးစားပေးထုတ်လုပ်ရသည်ဟု ဆိုသည်။

သရုပ်ဆောင်လောကတွင်လည်း ဆူပါတန်းဝင်သရုပ်ဆောင်များမှာ ဝင်ငွေကောင်း၍ ၎င်းတို့လမ်းကြောင်းအတွက် အဝတ်အစား၊ အလှအပနှင့် အခြားလိုအပ်သည့် Facilityများ ဖြည့်ဆည်းနိုင်သော်လည်း သရုပ်ဆောင်နယ်ပယ်သို့ စွန့်စားတိုးဝင်လာကြသည့် လူငယ်မျိုးဆက်သစ်များမှာမူ အခက်တွေ့ကြရပေသည်။ များသောအား ဖြင့် မျိုးဆက်သစ်သရုပ်ဆောင်များမှာ ကြော်ငြာ၊ VCD တို့တွင် သရုပ်ဆောင်ရင်း ဗီဒီယိုရိုက်ကူးရန် ကမ်းလှမ်းခံရခြင်းဖြစ်သည်။ ၎င်းတို့၏ အခြေခံပေါက်ဖွားရာ အရင်းအမြစ်မှာ Model Agency များပင် ဖြစ်သည်။

သို့သော် အောင်မြင်ပေါက်မြောက်လာသည့် သရုပ်ဆောင်အများစုမှာ ထင်ပေါ်ကျော်ကြား အနုပညာရှင်များနှင့် ဆွေမျိုးတော်စပ်ခြင်း၊ ယင်းအသိုင်းအဝိုင်းနှင့် ဆက်နွယ်ခြင်းတို့ဖြစ်သည်ကိုတွေ့ရပြီး အခြားလူငယ်များမှာမူ အတော်အတန်ရုန်းကန်ကြရသည်သာဖြစ်သည်။

ရုပ်ရှင်ကားကြီးများ ရိုက်ကူးထုတ်လုပ်ရာတွင် အရည်အသွေးပြည့် အနုပညာဖန်တီးချက်များအတွက် ခေတ်မီစက်ပစ္စည်းများမှာလည်း အလွန်အရေးပါသော အခန်းကဏ္ဍတစ်ရပ်မှ ပါဝင်သည်။ လက်ရှိရိုက်ကူးထုတ်လုပ်နေသည့် စက်ပစ္စည်းများမှာ ခေတ်မီခြင်းမရှိတော့သည်မှာ လူတိုင်းအသိပင်ဖြစ်သည်။ သို့သော် ယင်းစက်ပစ္စည်းသစ်များ ဝယ်ယူနိုင်ခြင်းမရှိသေးသည့် ကာလများတွင် အဟောင်းကိုပင် ဆက်လက်အသုံးပြုနေရမည်ဖြစ်သည်။ အချို့သော ရုပ်ရှင်ထုတ်လုပ်သူများက ရုပ်ရှင်ကားကြီးများကို ထိုင်းနိုင်ငံသို့ ဖလင်ဆေးကူး သွားရောက်ကြရသည်။

ယင်းအပြင် ရသမြောက်အနုပညာ၏ မြစ်ဖျားခံရာ အရင်းအမြစ်ဖြစ်သော ဝတ္ထု၊ ဇာတ်လမ်းများမှာ မြန်မာ့ရုပ်ရှင်နယ်ပယ်တွင် အပြောင်းအလဲဖြစ်သင့်သော အကြောင်းတရား တစ်ရပ်ဖြစ်သည်။ ထုတ်လုပ်သူများမှာ ရုပ်ရှင်ကားကြီးအတွက်သာ ဝတ္ထုဝယ်ယူရိုက်ကူးမှုရှိပြီး ဗီဒီယိုကားအများစုရိုက်ကူးရာတွင်မူ ဝတ္ထုကို အခြေခံရိုက်ကူးမှုနည်းပါးသည်ဟု သရုပ်ဆောင်ဖိုးသောကြာက The Voice Weekly နှင့် တွေ့ဆုံမေးမြန်းရာတွင် ပြောကြားသည်။ များသောအားဖြင့် ဗီဒီယိုကားများရိုက်ကူးရာတွင် ပြည်ပဇာတ်လမ်းမှ ထုတ်နုတ်၍ ဒါရိုက်တာ၏အိုင်ဒီယာနှင့် ပေါင်းစပ်ရိုက်ကူးမှုသာများကြောင်း ၎င်းက ဆိုသည်။

မြန်မာဝတ္ထုကောင်းများစွာရှိသော်လည်း ဇာတ်ကားကောင်းများမထွက်ပေါ်ခြင်းမှာ အခြေခံလိုအပ်ချက်များ မဖြည့်ဆည်းနိုင်မှုကြောင့်ဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ မြန်မာဇာတ်ကားများကို ပုံမှန်အားပေးသူပရိသတ်တစ်ဦးကမူ "ဇာတ်လမ်းအကြောင်းအရာတော့ရှိသင့်တယ်။ မြန်မာ့လူမှုဘဝမှာ ဇာတ်လမ်းတွေအများကြီးပါ။ ဒါပေမဲ့ တချို့ကားတွေဆိုရင် ဇာတ်လမ်းက ဘာကိုဆိုလိုမှန်းမသိဘူးဗျာ။ အခုတော့ မင်းသား၊ မင်းသမီးကိုကြည့်ပြီး

www.foreverspace.com.mm

ငှားတာများပါသယ်။ ဇာတ်လမ်းမကောင်းရင် သူတို့ပဲဟာ၊ ဝတ်ပုံစားပုံတို့ကြည့်ရတာပေါ့။ ကိုရီးယားကားတွေနဲ့တော့ တခြားစီပဲဗျ" ဟု သိုသည်။ ၎င်းမှာ မြေနီကုန်းတွင် မြန်မာဗီဒီယို ခွေငှားဆိုင်ကို ဖွင့်လှစ်ထားသူ ဖြစ်သည်။

မြန်မာနိုင်ငံတွင် တရားမဝင်ကူးခွေများနှင့်ပတ်သက်၍ တရားမဝင်ကူးယူသူကို ထောင်ဒဏ်သုံးနှစ် သို့မဟုတ် ငွေကျပ်တစ်သိန်း ဒဏ်ရိုက်သည့်ဥပဒေ ရှိသော်လည်း တရားမဝင်ကူးခွေများနှင့်ပတ်သက်၍ ထိထိရောက်ရောက် မနှိမ်နင်းနိုင်ဘဲ လမ်းဘေးတွင် ပေါပေါထင်ထင် ရောင်းချနေကြသည်ကို တွေ့ရသည်။

စိန်ခေါ်နေသည့် အတားအဆီးများနှင့် အကြောင်းရင်းများ

"ကုန်ကျစရိတ် မတတ်နိုင်တော့ရင် ထုတ်လုပ်မှု ရပ်ဆိုင်းသွားနိုင်တယ်လေ။ ထုတ်လုပ်သူဆိုတာက စီးပွားရေးသမားတွေ ဆိုတော့ စီးပွားရေးအရ တွက်ခြေကိုက်မှပဲ လုပ်ကြမှာပဲ။ အဲဒီတော့ ကုန်ကျစရိတ်များများထုတ်ရမယ့်ကားတွေဆိုရင် စဉ်းစားလာရပြီ။ ဈေးကွက် Respond (တုံ့ပြန်မှု)က ဘယ်လိုလာမလဲဆိုတာကို" ဟု ထုတ်လုပ်သူ တစ်ဦးက ဆိုသည်။ ၎င်းတို့အနေဖြင့် ဈေးကွက်ပိုမိုကောင်းမွန်လာရန်အတွက် ယနေ့ အချိန်အထိ အဖြေရှာနေဆဲဖြစ်နေသည်ကို တွေ့ရသည်။ မူပိုင်စနစ်ဖြန့်ချိခြင်း၊ ပရိုစနစ်ဖြန့်ချိခြင်းနှစ်ခုအနက် မည်သည့်ဖြန့်ချိခြင်း ပုံစံကိုအသုံးပြု၍ ဈေးကွက်တွင်ဖြန့်ချိရန် ဆွေးနွေးကြသော်လည်း အဖြေကား ထွက်မလာပေ။

DVDကား ရိုက်ကူးထုတ်လုပ်သူများအတွက် ရုပ်ရှင်ရုံ ရက်ချိန်းစောင့်ရသည်ကလည်း တစ်မျိုးအခက်တွေ့စေသည်။ ဆူပါသရုပ်ဆောင်ရက်ချိန်း၊ ဆူပါဒါရိုက်တာရက်ချိန်းလည်း စောင့်ရသေးသည်။ လက်ရှိအခြေအနေအရ ဆူပါတန်းဝင်သရုပ်ဆောင်ပါမှသာ ပရိသတ်က ဝယ်ယူကြသောကြောင့် ဖြစ်သည်။

"ရန်ကုန်မှာက ဟာသကားတွေ ပေါက်တယ်။ နယ်ကတော့ ဟာသကား မပေါက်ဘူး။ အဓိက ဖိုက်တင်ခန်းတွေပါတဲ့ ကားတွေ ပိုကြိုက်ကြတယ်။ အဲဒါကြောင့် ကြည့်ပါလား ၃၉ လမ်းက ဇာတ်ကားကြော်ငြာဘုတ်တွေဆိုရင် နယ်ကြိုက်မင်းသားတွေနဲ့ ဖိုက်တင်ကားတွေ များနေတာပေါ့။ နယ်ပရိသတ်ကတော့ အများစု ဝယ်ကြပါတယ်။ နယ်ပရိသတ်ကြောင့် ဗီဒီယိုကားများများထုတ်နေကြတာလို့တောင် ပြောလို့ရတယ်" ဟု ၃၉ လမ်းရှိ ဗီဒီယိုထုတ်လုပ်ရေးလုပ်ငန်းရှင် တစ်ဦးက ဆိုသည်။

မြန်မာဗီဒီယိုထုတ်လုပ်ရေးလုပ်ငန်းများဈေးကွက်တွင် တရားမဝင်ကူးခွေများသည်လည်း ယင်းလုပ်ငန်းကို ထိခိုက်စေသည့် ကိစ္စတစ်ခုဖြစ်သည်။

"ဗီဒီယိုကားက သီချင်းနဲ့မတူဘူး။ သီချင်းခွေက တစ်ခါနားထောင်ပြီးရင် နောက်တစ်ခါနားထောင်ဖို့ အပိုင်ဝယ်ကြတယ်။ ဗီဒီယိုခွေတွေကျတော့ ဒီလိုမဟုတ်ဘူး။ တစ်ခါကြည့်ပဲဆိုတော့ အပိုင်ဝယ်တဲ့သူ မရှိဘူး။ အဲဒီတော့ အခွေငှားဆိုင်တွေကို အားကိုးရတယ်။ အခွေငှားဆိုင်တွေ၊ တစ်ဆင့် ပြန်ဖြန့်ချိတဲ့နေရာတွေကနေ ကူးခွေတွေ ထုတ်လိုက်မယ်ဆိုရင် အလုပ်မဖြစ်တော့ဘူး။ အခုနောက်ပိုင်းတော့ ခွေငှားလိုင်စင်တွေကို ဝယ်ယူတဲ့ ဇာတ်ကားအရေအတွက်ပြည့်မှ လုပ်ပေးမယ်လို့တော့ ဗီဒီယိုအခြေခံအဖွဲ့က ထုတ်ပြန်ထားတာပဲ" ဟုလည်း ၎င်းက ဆိုသည်။

မြန်မာနိုင်ငံတွင် တရားမဝင်ကူးခွေများနှင့်ပတ်သက်၍ တရားမဝင်ကူးယူသူကို ထောင်ဒဏ်သုံးနှစ် သို့မဟုတ် ငွေကျပ် တစ်သိန်းဒဏ်ရိုက်သည့်ဥပဒေရှိသော်လည်း တရားမဝင်ကူးခွေများနှင့်ပတ်သက်၍ ထိထိရောက်ရောက် မနှိမ်နင်းနိုင်ဘဲ လမ်းဘေးတွင် ပေါပေါထင်ထင် ရောင်းချနေကြသည်ကို တွေ့ရသည်။

ထို့ပြင်သာမက သရုပ်ဆောင်များတွင်လည်း ကိုယ်စီကိုယ်င့အခက်အခဲများ ရှိနေကြသည်။ အထူးသဖြင့် မျိုးဆက်သစ် သရုပ်ဆောင်များအနေဖြင့် ဇာတ်ကောင်စရိုက်၊ ဇာတ်အိမ် စသည်တို့ကို ရွေးချယ်နိုင်မှုမရှိဘဲ ၎င်းတို့အား ကမ်းလှမ်းသည့် ကားများကိုသာ အခွင့်အရေးကြီးသဖွယ် ဖက်တွယ်ထားကြရသည်။ သရုပ်ဆောင်ပညာ၊ ရုပ်ရှင်ပညာကို စာတွေ့၊ လက်တွေ့ သင်ကြားနိုင်မှု၊ နိုင်ငံတကာမှ လေ့လာနိုင်မှု အခွင့်အရေး အလွန်ပင်ရှားပါးလျက်ရှိသည်။

ယင်းအခြေအနေတို့ကြောင့် ၎င်းတို့ ပါဝင်ရိုက်ကူးသည့် ဗီဒီယို၊ ရုပ်ရှင်ကားများမှာ ၎င်းတို့အတွက် လေ့ကျင့်ရေးကွင်းကြီး တစ်ခုသဖွယ်ဖြစ်နေသည်ကို တွေ့ရသည်။ ၎င်းတို့ထက် ဝါရင့်သောသရုပ်ဆောင်များ၊

www.foreverspace.com.mm

ဒါရိုက်တာများနှင့် နိုင်ငံခြားဇာတ်ကားများကို သာ အဟုယူလေ့လာနေကြရသည်။ အမျှင်းမှသော သရုပ်ဆောင်များသည် ရုပ်ရည်လှပခြင်းကို အဓိကထားပြုပြင်လွန်းသဖြင့် သဘာဝကျပြေပြစ်သည့်ဇာတ်ကောင်များ ဖြစ်မလာသည်ကို တွေ့ရသည်။

"မျိုးဆက်သစ်သရုပ်ဆောင်တွေထဲက ဘယ်သူတွေများ ထွန်းပေါက်လာမလဲလို့ 'မ' တို့လည်း စောင့်မျှော်နေရတာပဲ"ဟု ထပ်ဆင့် အကယ်ဒမီ ထွန်းအိန္ဒြာဗို့က The Voice Weekly နှင့် တွေ့ဆုံခန်းတစ်ခုတွင် ပြောကြားခဲ့သည်။

"ရုပ်ရှင်ကားကြီးဆိုတာ ကျွန်တော်တို့ အနေနဲ့တောင်မဟုတ်ဘူး ဘယ်သူမဆို မငြင်းနိုင်တဲ့ အခွင့်အရေးကြီးတစ်ခုပဲ။ နောက်ပြီး ဒီလောကကြီးပြောင်းဖို့ဆိုတာ တစ်ဦးတစ်ယောက်တည်းလုပ်လို့မရဘူး။ လောကသားအားလုံးပြောင်းလဲမှပဲရမယ်"ဟု သရုပ်ဆောင်ဖိုးသောကြာက ပြောကြားသည်။

"အခုတော့ ကြိုးစားနေကြတာပဲ။ ဒါပေမဲ့ အချိန်မကျသေးခင် ပရမ်းပတာဖြစ်တာကတော့ သဘာဝပဲ"ဟု ၂၀၀၆ ခုနှစ်အတွင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတွင် ပြုလုပ်ခဲ့သည့်ဆွေးနွေးပွဲတစ်ခုတွင် ဦးမောင်မောင်ဦး(စန္ဒီးဂိုက်)က ပြောကြားသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအနေဖြင့်လည်း ၁၉၈၄ ခုနှစ်မှစ၍ အခြေခံဒါရိုက်တာသင်တန်း၊ သရုပ်ဆောင်သင်တန်း၊ အခြေခံရုပ်ရှင်ဆိုင်ရာ ဓာတ်ပုံသင်တန်းများအား အခွင့်အရေးပေးတိုင်း ဖွင့်လှစ်သော်လည်း အကြိမ်အရေအတွက် အနည်းငယ်သာ ဖွင့်လှစ်နိုင်ခဲ့သည်ကို တွေ့ရသည်။

"အဓိက,ကတော့ ဒီအနုပညာအသိုင်းအဝိုင်းထဲကပဲ မျိုးဆက်တစ်ခုအနေနဲ့ ဖြစ်လာကြတာ များပါတယ်။ ဒီအသိုင်းအဝိုင်းထဲကမဟုတ်ဘဲ အပြင်လောကက လူငယ်တွေဆိုရင်တော့ တော်တော်ကြိုးစားရမှာပေါ့"ဟု လူငယ်ဒါရိုက်တာ ကြည်ဖြူသျှင်က ဆိုသည်။ ဤသည်ကို လေ့လာကြည့်ပါက မျိုးဆက်သစ်အနုပညာမျိုးဆက်များမှာ လေ့ကျင့်သင်ကြားရမှု၊ ဖေးမတွဲခေါ်ခံရမှုနည်းပါးပြီး စမ်းတဝါးဝါးလျှောက်လှမ်းနေရသည်ကို တွေ့မြင်နေရသည်။

ရုပ်ရှင်လောကသားများ၏သုံးသပ်ချက်

"ဘယ်စနစ်နဲ့ပဲသွားသွား ဒီလောကရှင်သန်ဖို့ အရေးကြီးပါတယ်"ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းကဆိုသည်။

"Pre ခွေတွေ နောက်ဆက်လုပ်ရမှာတွေကို ရပ်ထားပါတယ်။ တရားမဝင်ကူးခွေတွေကိုမတားနိုင်ရင် အလကားပဲ။ ဒစ်ဂျစ်တယ်ခေတ်မှာ တားဆီးဖို့ကတော့ မဖြစ်နိုင်ဘူးပေါ့။ အဲဒါကြောင့် Preစနစ် အသက်ဆက်နိုင်ဖို့ ဒစ်ဂျစ်တယ်စနစ်နဲ့ပတ်သက်တဲ့ ဥပဒေတစ်ခု ပေါ်ပေါက်လာမှပဲဖြစ်မယ်။ VCD ထုတ်ဖို့ကိုလည်း နားထားတယ်။ Tape နဲ့ CD ပဲထုတ်ဖို့ စဉ်းစားထားတယ်" ဟု ဦးကိုကိုလွင် က ပြောကြားသည်။

"ဒီလောကကြီးပြောင်းလဲဖို့က သက်ဆိုင်သူအားလုံးမှာ တာဝန်ရှိတယ်ဆိုတာ လက်ခံရမယ်။ ပညာရပ်ပိုင်းဆိုင်ရာစာအုပ်စာတမ်းတွေကို တတ်နိုင်သလောက် ရှာဖွေလေ့လာသင့်တယ်။ ဒါလောကသားတွေ အားလုံးမှာလိုအပ်နေတာ။ နောက်တစ်ခုက ပြည်ပစျေးကွက်ထိုးဖောက်ရေးဆိုပြီး လုပ်နေကြတယ်ဆိုတဲ့နေရာမှာ ကိုယ့်အနုပညာကို ကိုယ့်ပြည်တွင်းက ဘယ်လောက်လက်ခံနေပြီလဲ။ ကိုယ့်ပြည်တွင်းမှာ ကိုယ့်အနုပညာကို အမှန်တကယ်လက်ခံနေပြီဆိုရင်တော့ ပြည်ပစျေးကွက်ကို ထိုးဖောက်ဖို့လုပ်ရတာ ပိုလွယ်လာမယ်။ အဓိက,ကတော့ လောကသားအားလုံး ပညာရှင်ဆန်ကြဖို့၊ ပညာကို တန်ဖိုးထားကြဖို့ လိုတယ်။ ကိုယ့် Productကို ပြီးစလွယ်မလုပ်ကြဖို့လိုတယ်။ ဒီလို လောကသားအားလုံး Behaviour(အပြုအမူ) ပြောင်းလာပြီဆိုရင် တကယ်ပဲ မြန်မာ့ရုပ်ရှင်လောက တိုးတက်လာမှာပါ"ဟု ထပ်ဆင့်အကယ်ဒမီ ဦမ်းမင်းက သုံးသပ်သည်။

"နိုင်ငံတကာက ထုတ်လုပ်သူတွေရဲ့ အနေအထား အခန်းကဏ္ဍက အရမ်းအရေးကြီးတယ်။ ဒီမှာတော့ ထုတ်လုပ်သူဆိုတာ ပိုက်ဆံထုတ်နိုင်မယ့်သူသာရှိတယ်။ အမှန်တကယ်က နိုင်ငံတကာမှာရှိတဲ့ ထုတ်လုပ်သူအများစုဟာ Production ကို ဘယ်လို ဒီဇိုင်းလုပ်မယ်။ ဈေးကွက်ဘယ်လိုထိုးဖောက်မယ်။ ဇာတ်ကောင်ရွေးချယ်တာက အစ လုပ်ကိုင်နိုင်သူတွေဖြစ်တယ်"ဟု အကယ်ဒမီဆွေဇင်ထိုက်က ပြောကြားသည်။

"အဓိကလိုအပ်နေတာက Facility ဗျ။ အခု ကျွန်တော်တို့ဆီမှာ ဇာတ်ကားတစ်ကားကို ပီပြင်အောင်ရိုက်ဖို့ ရုပ်ရှင်ခြေတွေ၊ Studioတွေမရှိဘူး။ Acting(သရုပ် ဆောင်)ပိုင်းကတော့ တော်တော်များများ ကျွန်တော်တို့လည်း လုပ်နိုင်ပါတယ်" ဟု သရုပ်ဆောင် ဖိုးသောကြာက ဆိုသည်။

"မြန်မာ့ရုပ်ရှင်လောကမှာ စက်ပစ္စည်း

www.foreverspace.com.mm

တွေ့ လိုအပ်နေတာယ်ဆိုတာ ပြောနေကြတာ ကြာပြီပဲ။ ဒါ အတော်ကြာပြီဗျ။ ဒါပေမဲ့ အဲဒါကို ဖြေရှင်းဖို့ကြတော့ ဘယ်သူမှ ဦးဆောင်တာ မတွေ့ရပါဘူး။ ရပ်ရှင်လောကကလူတွေကိုကြည့်ရင် တကယ်တမ်းလုပ်နိုင်သူတွေပဲဗျာ။ စက်ပစ္စည်းတွေ တန်ဖိုးကြီးတယ်ဆိုရင်တောင် ဝန်ကြီးဌာနက ရာခိုင်နှုန်း ဘယ်လောက်မတည်မယ်။ လောကသား လုပ်ငန်းရှင်တွေက ဘယ်လောက်ပါဝင်မယ်ဆိုပြီး ဖြေရှင်းရင်ကော မဖြစ်နိုင်ဘူးလား။ ဒါ နက်နက်နဲနဲစဉ်းစားရမယ့် ပြဿနာဗျ။ မြန်မာရုပ်ရှင်ကားတွေ ထုတ်လုပ်မှုကိုပဲကြည့် ၂၀၀၅၊ ၂၀၀၆ ဆက်တိုက်လျော့လာတယ်လေ" ဟု ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်တစ်ဦးက သုံးသပ်သည်။

အနုပညာနယ်ပယ်တွင် ပရိသတ်၏ လက်ခံအားပေးမှုမှာ များစွာအခရာကျပါသည်။ ရုပ်ရှင်စီးပွားရေးနယ်ပယ်တွင်လည်း ဤသို့ပင်။ အနုပညာရှင်အချို့ကမူ မိမိတတ်စွမ်းသည့်အနုပညာဖြင့် ပရိသတ်ခေါ်ပြည်သူလူထုကို တစ်စုံတစ်ရာပေးဆပ်ရန် သို့မဟုတ် တံခါးတစ်ချပ်ခန့် အနည်းဆုံး ဖွင့်လှစ်ပေးရန် ကြိုးစားကြသည်။ အချို့သော အနုပညာရှင်နှင့် ရုပ်ရှင်လောကသားအချို့ကမူ ပရိသတ်အကြိုက်၊ ပရိသတ်ကြည့်ချင်မြင်ချင်သည်များကိုသာ တင်ပြလိုကြသည်ကို တွေ့ရသည်။

"သိန်းရာချီကုန်ကျစရိတ်ရှိတဲ့ ရုပ်ရှင်တစ်ကားကိုရိုက်ပြီး ပရိသတ်ကိုချပြတဲ့နေရာမှာ ပရိသတ်ရဲ့အကြိုက်ကို ဘယ်လောက်ထည့်စဉ်းစားလဲဆိုတာ အရေးကြီးတယ်။ အနုပညာသည်တစ်ဦးရဲ့အကြိုက်နဲ့ ပရိသတ်အကြိုက် ဘယ်လိုမှ အကုန်မတူညီနိုင်ဘူး။ ပြောချင်တာက လုပ်ငန်းရှင်တွေဟာ ပရိသတ်ရဲ့သဘောထားစစ်တမ်းရှိမှသာ ခေတ်အခြေအနေကို သိနိုင်မယ်လေ။ ရုပ်ရှင်လောကမှာ သုတေသနဌာနတို့၊ ရုပ်ရှင်ဝေဖန်ရေးတို့ တွင်တွင်ကျယ်ကျယ်လုပ် ဖို့လိုအပ်ပါတယ်" ဟု INGOတစ်ခုမှ ညှိနှိုင်းရေးမှူးတစ်ဦးက ဆိုသည်။

တစ်ဦးချင်းစီတွင် တာဝန်ရှိသည်

ရုပ်ရှင်လုပ်ငန်းများသည် ယနေ့အချိန်တွင် လူထုဖျော်ဖြေရေးသက်သက်မဟုတ်ဘဲ သတင်းဖြန့်ဝေရာ အရေးပါသည့်မီဒီယာကြီး တစ်ခုဖြစ်လာသည်။ ထို့မျှမက သက်ဆိုင်ရာနိုင်ငံ၏ ဝင်ငွေကို မြှင့်တင်ပေးနိုင်ပြီး လောကသားပေါင်းများစွာအတွက် အလုပ်အကိုင်ဖန်တီးပေးရာ လုပ်ငန်းကြီးလည်းဖြစ်သည်။ သက်ဆိုင်ရာနိုင်ငံ၏ ယဉ်ကျေးမှုအဆင့်အတန်း၊ လူမှုရေး၊ စီးပွားရေးအခြေအနေတို့ကို ထင်ဟပ်နိုင်သည့်နိုင်ငံ၏ ပြယုဂ်တစ်ခုလည်းဖြစ်သည်။ ကိုရီးယားကဲ့သို့နိုင်ငံမျိုးဆိုလျှင် နိုင်ငံ၏ ပုံရိပ်ခေါ် ဂုဏ်သိက္ခာအဆင့်အတန်းကို မြှင့်တင်ပေးခြင်း၊ ရိုးရာအစားအစာနှင့် နိုင်ငံ၏ သဘာဝပတ်ဝန်းကျင်တို့ကို ကမ္ဘာ့အနှံ့သို့ ဖြန့်ဝေကြော်ငြာပေးခြင်း စသည့် နိုင်ငံနှင့်ချိ၍ အရောင်းမြှင့်တင် (Marketing) ပေးနေသည့် ကဏ္ဍတစ်ရပ်အဖြစ် ရုပ်တည်နေပြီဖြစ်သည်။ အဆိုပါကဏ္ဍကြီး အနေဖြင့် ချို့ယွင်းအားနည်းမှု ဖြစ်ပေါ်နေခြင်းကို စုပေါင်းဖြေရှင်းခြင်းဖြင့်သာ ပြေလည်နိုင်မည်ဟု ယေဘုယျ ဆိုနိုင်ပါသည်။

ကမ္ဘာပြားမှုဖြစ်စဉ်ကြောင့် ကမ္ဘာတစ်လွှားအနုပညာရပ်များ လွယ်ကူစွာ ပျံ့နှံ့နေရာ မျိုးဆက်သစ်လူငယ်များအတွင်းရှိ ယဉ်ကျေးမှုပဋိပက္ခများကို ကူညီဖြေရှင်းနိုင်ရန်လည်း မြန်မာ့ရုပ်ရှင်လောကတွင် တာဝန်ရှိပေသည်။ သို့သော် ယခုအချိန်ကဲ့သို့ သတင်းခေတ်ကြီးတွင် လေ့ကြီးထိုးရိုးရိုးပုံစံဖြင့် ကမ္ဘာ့ရေစီးကြောင်းတွင် လှော်ခတ်ရန်မှာ မဖြစ်နိုင်ပေ။ ထို့ပြင် လိုအပ်ချက်များကို မဖြေရှင်း၊ မဖြည့်ဆည်းနိုင်ပါက ပြည်ပဈေးကွက်သို့ မထိုးဖောက်နိုင်ရုံမက ပြည်တွင်းဈေးကွက်တွင်ပင် ဆုတ်ယုတ်မှုများ ဖြစ်ပေါ်နေဦးမည်ဖြစ်သည်။ မည်သို့ပင် လိုအပ်ချက်များရှိနေစေကာမူ မည်သူ့တွင်တာဝန်ရှိသည်ဟု လက်ညှိုးညွှန်မနေကြဘဲ အားလုံးတွင် ကိုယ်စီတာဝန်ရှိသည်ဟု ခံယူဖြေရှင်းရန် လိုအပ်လှပါသည်။ ထို့ကြောင့် လောကသားအားလုံး၏ ခံယူချက်သဘောထားနှင့် အပြုအမူများပြောင်းရန် အဓိကလိုအပ်နေကြောင်း တင်ပြလိုက်ရခြင်းဖြစ်ပါသည်။

'အားလုံးတွင် တာဝန်ရှိပါသည်'၊ 'အားလုံးလက်တွဲဖြေရှင်းဖို့လိုပါသည်' ဆိုသော စကားလုံးများမှာ အပြောလွယ် သလောက် လက်ဆွဲစတင်ရန် ခက်ခဲပါသည်။ အားလုံးတွင်တာဝန်ရှိ၍ အားလုံးပိုင်းဝန်းအဖြေရှာကြရန် ပြောသူများကိုယ်တိုင် မြန်မာ့ရုပ်ရှင်လောကတိုးတက်ရေးအတွက် မိမိနိုင်သရွေ့ တစ်စုံတစ်ခုလုပ်နေရန် အရေးကြီးပါသည်။ ဤနေရာတွင် ထိုလောကသားများ စုစည်းထားသောအဖွဲ့ ဥပမာ– မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမျိုးရှိ အများသဘောတူထောက်ခံရွေးကောက်တင်မြှောက်ထားသော အလုပ်အမှုဆောင်အဖွဲ့က ဤအရေးကိစ္စကို ဆွေးနွေးညှိနှိုင်းအဖြေရှာ၍ လက်တွေ့ကျသော၊ ဖြစ်နိုင်ခြေရှိသော လုပ်ငန်းများ စတင်ဆောင်ရွက်ရန် အချိန်ကျရောက်နေပြီဖြစ်သည်။

သီဂီထိုက်

www.forestspace.com.mm

အစီအစဉ်တင်ဆက်သူများအဖြစ် ပျော်မွေ့ကြသူများ

ထားထားမြင့်

ယခုနှစ် ကွက်စီးပွားရေးစနစ်ကို ပြောင်းလဲကျင့်သုံးပြီးနောက် ပေါ်ပေါက်လာသော စီးပွားရေးကုမ္ပဏီများနှင့်အတူ ယခင်က မြန်မာလူမျိုးတို့နှင့် မရင်းနှီးဖူးသော အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်များစွာ ပေါ်ထွန်းလာသည်။ ထိုအလုပ်အကိုင်များတွင် ပွဲလမ်းအခမ်းအနားများ၊ ပုဂ္ဂလိကရုပ်သံဖျော်ဖြေရေးအစီအစဉ်များတွင် ကြွရောက်လာသောပရိသတ်များကို ဧည့်ခံဖျော်ဖြေရသော အစီအစဉ်တင်ဆက်သူအလုပ်သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ထို့ပြင် နိုင်ငံ၏စီးပွားရေးအားကောင်းလာမှု၊ ပြင်ပဆက်သွယ်မှုပိုများလာသည်နှင့်အမျှ ဆက်လက်ထွန်းကားလာရန်အလားအလာကောင်းသည့် အသက်မွေးဝမ်းကျောင်းတစ်ခုဖြစ်သည်ကိုလည်း တွေ့ရသည်။

အခမ်းအနားမှူးနှင့် စီစဉ်တင်ဆက်သူ

စီးပွားရေးကုမ္ပဏီများ၏ အခမ်းအနားများ ယခုလောက်မများပြားသည့် အချိန်က ပွဲလမ်းအခမ်းအနားများတွင် အခမ်းအနားအစီအစဉ်များကို ကြေညာပေးသော အခမ်းအနားမှူးများသည် ယနေ့ Presenter ခေါ် အစီအစဉ်တင်ဆက်သူများနှင့် ဆင်တူသော်လည်း အနည်းငယ်ကွာခြားမှုရှိသည်ကို သတိထားမိနိုင်ပါသည်။

"ဟိုတစ်ချိန်က အခမ်းအနားမှူးတွေက အစီအစဉ်တွေကိုပဲ ရိုးရိုးဖတ်သွားတာ။ ခုခေတ်အစီအစဉ်တင်ဆက်သူတွေကတော့ အခမ်းအနားအစီအစဉ်တွေကို ပရိသတ်မငြီးငွေ့အောင် ဧည့်ခံတာပေါ့။ ရယ်စရာတွေလည်း ပြောမယ်၊ ပွဲကို ပရိသတ်စိတ်ဝင်စားအောင် ဆွဲဆောင်တယ်" ဟု Multi မီဒီယာကုမ္ပဏီမှ ဒါရိုက်တာ ဒေါ်တင်တင်က ပြောကြားသည်။

ထို့အပြင် တစ်ချိန်က ဧည့်ခံပွဲလာ ပရိသတ်သည် အခမ်းအနားမှူးကို အာရုံစိုက်ကြည့်ချင်မှ ကြည့်မည်ဖြစ်သော်လည်း ယခုခေတ် အခမ်းအနားများကို တက်ရောက်သူများကမူ အစီအစဉ်တင်ဆက်သူကို ဂရုတစိုက်စောင့်ကြည့်လေ့ရှိသည်ကို တွေ့မြင်ရသည်။

"Presenter ဘာဝတ်ထားလဲကြည့်တယ်။ နောက်ပြီး စကားပြောကောင်းတဲ့သူကိုမှ ကြိုက်တယ်။ အေးလွန်းတဲ့ Presenter ဆိုရင်တော့ ပွဲက ပျင်းစရာကောင်းတယ်"

www.forexfinance.com.mm

ဟု ဧည့်ခံပွဲအခမ်းအနားများကို ပုံမှန်တက်လေ့ရှိသူ ဦးနယ်ဇင်းသမားတစ်ဦးက ဆိုသည်။

ယခင်က ဧည့်ခံပွဲများအတွက် အခမ်းအနားမျူးပြုလုပ်မည့်သူများကို နီးစပ်ရာပတ်ဝန်းကျင်မှ အသံဩရှိသူ၊ ရုပ်ရည်အဆင်ပြေသူများကို ရွေးချယ်လေ့ရှိသော်လည်း ယခုခေတ် အခမ်းအနားများတွင်မူ အစီအစဉ်တင်ဆက်သူများကို သီးသန့်အခကြေးငွေပေး၍ ငှားရမ်းကြခြင်းဖြစ်သည်။ အနုပညာနယ်ပယ်မှ ကျော်ကြားသူများကိုလည်း အစီအစဉ်တင်ဆက်သူများအဖြစ် တွေ့မြင်နိုင်သလို အနုပညာရှင်မဟုတ်ဘဲ အစီအစဉ်တင်ဆက်သူအဖြစ် သီးသန့်ရပ်တည်သူများလည်း ရှိသည်။

"ဧည့်ခံပွဲတစ်ခုအတွက် Presenter ငှားမယ်ဆိုရင် ရုပ်ရှင်ဘက်ကဆို ကင်းကောင်၊ အရိုင်း၊ မေတ္တာတို့၊ မြန်မာ့ရုပ်မြင်သံကြားကဆို ဒေါ်သွယ်သွယ်မြင့်တို့၊ နောက် Presenter အဖြစ် သီးသန့်ရပ်တည် တဲ့ တင်မိုးလွင်တို့၊ ဆန်းထွဋ်တို့ပေါ့။ သူတို့တွေက အခမ်းအနားတွေမှာ အများဆုံးတွေ့ရတဲ့ Presenter တွေပဲ" ဟု ပွဲလမ်းအခမ်းအနားကျင်းပရာ ရန်ကုန်မြို့တော်ရှိ ဟိုတယ်ကြီးတစ်ခုမှ မြန်မာမန်နေဂျာတစ်ဦးက ဆိုသည်။

အချို့ကုမ္ပဏီကြီးများကမူ အစီအစဉ်တင်ဆက်သူအဖြစ် လုပ်လေ့လုပ်ထမရှိသည့် နာမည်ကြီးသရုပ်ဆောင်များကို ပွဲလမ်းအခမ်းအနားများအတွက် အစီအစဉ်တင်ဆက်သူအဖြစ် ငှားရမ်းကြပါသည်။ ထိုကဲ့သို့ ထင်ပေါ်ကျော်ကြားသူများကို စီစဉ်တင်ဆက်သူအဖြစ် အသုံးပြုခြင်းက အခမ်းအနားကို ပိုအောင်မြင်မည်ဟု ယူဆကြသည်။

တင်မိုးလွင်

Traders ဟိုတယ်၏ ကျယ်ဝန်းသော Ballroom ခန်းမကြီးအပြည့် ပရိသတ်တွေ ရောက်ရှိနေပါသည်။ ခန်းမထဲမှာ ထိုင်ခုံနေရာရှာနေသူ၊ ထိုင်ခုံတွေမှာထိုင်ရင်း အချင်းချင်းစကားပြောနေသူများသည် ရုတ်တရက် အခမ်းအနားမီးများ မှောင်ကြသွားမှုကြောင့် မီးဆလိုက်များ စုပြုံထိုးထားရာ စင်မြင့်ဆီသို့ ပြိုင်တူအာရုံစိုက်မိသွားကြသည်။ မီးဆလိုက်များထိုးထားသော စင်မြင့်ထက်တွင် လှပသော ညနေခင်းဝတ်စုံ အစိမ်းရောင်ကို ဝတ်ထားသော အမျိုးသမီးတစ်ဦး။ အဆိုပါအမျိုးသမီးမှာ ရန်ကုန်ဟိုတယ်များ၏ ဧည့်ခံပွဲအခမ်းအနားများတွင် မပါလျှင်မပြီးဟု ပြောရလောက်အောင် အများဆုံးတွေ့မြင်နေရသော အစီအစဉ်တင်ဆက်သူ တင်မိုးလွင်ပင် ဖြစ်သည်။

"တင်မိုးလွင်က စကားပြောကောင်းတယ်၊ ဟာသဉာဏ်လည်းရှိတယ်။ ပွဲကိုလည်း ထိန်းနိုင်တယ်။ ဆင်ယင်ထုံးဖွဲ့မှုကလည်း ဆွဲဆောင်မှုရှိတယ်။ အင်္ဂလိပ်လိုလည်း ကောင်းကောင်းပြောတတ်တယ်။ ဒါကြောင့် သူအောင်မြင်တာလို့ ကျွန်မထင်တယ်"

Multi Media မှ ဒေါ်တင်တင်က ပြောကြားခြင်းဖြစ်သည်။ အချို့အစီအစဉ်တင်ဆက်သူအချို့သည် ပြည်တွင်းကုမ္ပဏီများ၏ ဖျော်ဖြေရေးအခမ်းအနားများတွင်သာ တွေ့နိုင်သော်လည်း အင်္ဂလိပ်ဘာသာစကားကို ကျွမ်းကျင်စွာပြောဆိုနိုင်သော တင်မိုးလွင်မှာမူ နိုင်ငံခြားကုမ္ပဏီဧည့်ခံပွဲများနှင့် ပြည်တွင်းကုမ္ပဏီဧည့်ခံပွဲများ နှစ်မျိုးစလုံးတွင် တွေ့ရလေ့ရှိသည်။ ထို့အပြင် အစီအစဉ်တင်ဆက်သူများဟု သီးသန့်

www.foreverspace.com.mm

သတိမထားမိသည့်အချိန်မှစ၍ အရေးတယူ ဂ‌ရုမစိုက်ခဲ့ကြသော အစီအစဉ်တင်ဆက်သူ အလုပ်ကို ဦးဆောင်မိတ်ဆက်ခဲ့သူတစ်ဦးဟု ပြောနိုင်သည်။

"ကျွန်မလူတွေကို ဧည့်ခံရတာကြိုက်တယ်၊ ဖျော်ဖြေရတာကြိုက်တယ်။ လူအမျိုးမျိုးနဲ့ ကြုံတွေ့ဆက်ဆံချင်တယ်။ ဒါကြောင့် ဒီအလုပ်နဲ့ သီးသန့်ရပ်တည်နေတာပါ" ဟု တင်မိုးလွင်က ဆိုသည်။

ရုပ်မြင်သံကြားအစီအစဉ်တင်ဆက်သူများ

ပုဂ္ဂလိကဖျော်ဖြေရေးအစီအစဉ်များကို မြဝတီ၊ မြန်မာ့ရုပ်မြင်သံကြားတို့တွင် ဖျော်ဖြေတင်ဆက်ခွင့်ပြုလိုက်သောအခါ မီဒီယာကုမ္ပဏီများမှ ရိုက်ကူးသော ဖျော်ဖြေရေးအစီအစဉ်များတွင် အစီအစဉ်တင်ဆက်သူများ လိုအပ်လာသည်။ အစက မီဒီယာကုမ္ပဏီများသည် ရုပ်ရှင်သရုပ်ဆောင်ငယ်များကို အစီအစဉ်တင်ဆက်သူအဖြစ် ဂ‌ရုစိုက်ခဲ့သော်လည်း နောက်ပိုင်းတွင် အသံကောင်းမွန်၍ ရုပ်ရည်ချောမွေ့သော ပြင်ပမှ အစီအစဉ်တင်ဆက်သူများကို သီးသန့်ခေါ်ယူဂ‌ရုစိုက်လာကြသည်။

"ရုပ်ရှင်သရုပ်ဆောင်တွေကို ကိုယ့်အစီအစဉ်အတွက် Presenter ဂ‌ရုမယ်ဆိုရင် ရိုက်ကွင်းတွေ၊ ကြော်ငြာရိုက်ရတာတွေနဲ့ညှိရတယ်။ သူတို့က ဟိုဘက်အလုပ်ကို ပိုအရေးထားတော့ ကိုယ့်ကိုလည်း အချိန်သိပ်မပေးနိုင်ဘူး" ဟု မီဒီယာကုမ္ပဏီတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ထို့ကြောင့် Multi Media မှ အပတ်စဉ် စနေနေ့နှင့် တနင်္ဂနွေတွင် စီစဉ်တင်ဆက်နေသော အလှရှာမယ် လှကမ္ဘာဝယ် အစီအစဉ်တွင် အစီအစဉ်တင်ဆက်သူများအဖြစ် ရုပ်ရှင်သရုပ်ဆောင်မဟုတ်သူများကို ဂ‌ရုစိုက်ထားခြင်းဖြစ်သည်ဟု ဒေါ်တင်တင်က ဆိုသည်။ ပဟေဠိနန်းတော်တီဗီဖျော်ဖြေရေးအစီအစဉ်ဖြင့် လူသိများလာသော အစီအစဉ်တင်ဆက်သူဆန်းထွဋ်သည်လည်း ရုပ်ရှင်သရုပ်ဆောင်မဟုတ်ဘဲ ရန်ကုန်မြို့တော် အသံလွှင့်ဌာန (City FM) ၏ အစီအစဉ်အချို့တွင် အစီအစဉ်တင်ဆက်သူအဖြစ်မှ အောင်မြင်လာသူတစ်ဦးသာ ဖြစ်သည်။

သို့ရာတွင် နာမည်ရ ရုပ်ရှင်သရုပ်ဆောင်မဟုတ်ဘဲ အစီအစဉ်တင်ဆက်သူဖြစ်လာခြင်းကြောင့် အခက်အခဲများ ကြုံတွေ့ခဲ့ရသည်ဟု အလှရှာမယ် လှကမ္ဘာဝယ် အစီအစဉ်တင်ဆက်သူ လှလှက ပြောကြားသည်။

"ကျွန်တော်က အရင် City FM မှာ ထုတ်လွှင့်နေတဲ့ Visul Impact ရဲ့ အစီအစဉ်တစ်ခုက အစီအစဉ်တင်ဆက်သူပါ။ ဒီအလုပ်ကို လုပ်တဲ့အခါကျတော့ ဟိုအရင်အလုပ်ကို စွန့်လွှတ်လိုက်ရတယ်"

'အလှရှာမယ် လှကမ္ဘာဝယ်'အစီအစဉ်တွင် လှလှနှင့်အတူ ဖျော်ဖြေတင်ဆက်သူ ဖြိုးဖြိုးခိုင်ကလည်း အလှရှာမယ် လှကမ္ဘာဝယ်အစီအစဉ်တွင် စီစဉ်တင်ဆက်သူအဖြစ်ဆောင်ရွက်ရန်အတွက် ယခင်က Visul Impact ၏ တင်ဆက်သူအလုပ်ကို စွန့်လွှတ်ခဲ့ရသည်ဟု ဆိုသည်။ တစ်ပတ်လျှင် တစ်ကြိမ်သာ တီဗီရိုက်ကူးရေးရှိသော်လည်း မူလက ကုမ္ပဏီမှ နှစ်သက်ခြင်းမရှိသည့်အတွက် အလုပ်မှ ရပ်နားလိုက်ရသည်ဟု ဖြိုးဖြိုးခိုင်က ဆိုသည်။

"ဒါပေမဲ့ အခုလုပ်နေရတဲ့အလုပ်ကိုကြိုက်ပါတယ်။ အရင်ကထက်စာရင် အများကြီးလုပ်တတ်လာပါပြီ။ တီဗီမှာ Presenter လုပ်ရတာ ပိုပျော်ပါတယ်"ဟု ဖြိုးဖြိုးခိုင်က ဆိုသည်။

သို့ရာတွင် အခမ်းအနားများတွင် စီစဉ်တင်ဆက်ရသော အစီအစဉ်ဖျော်ဖြေတင်ဆက်သူများနှင့် ရုပ်သံဖျော်ဖြေရေးအစီအစဉ်တင်ဆက်သူများ၏ ရရှိသော အနုပညာကြေးငွေမှာ များစွာကွာခြားမှုရှိပါသည်။ များသောအားဖြင့် ရုပ်သံဖျော်ဖြေရေးအစီအစဉ်တင်ဆက်သူများမှာ အဝတ်အစားဖိုးသာသာ အခကြေးငွေဖြင့်သာ လုပ်ကိုင်နေကြသည်ကို တွေ့ရသည်။

"ဒါကလည်း အခုမှ ဒီလုပ်ငန်းက အစပျိုးရုံပဲရှိသေးတာ။ ငွေရတာနည်းလို့ မလုပ်ဘူးလို့လည်း ပြောလို့မရဘူး။ တချို့နာမည်ရသရုပ်ဆောင်တွေကတောင် အလုပ်အယက်အလကားလုပ်ချင်နေသူတွေရှိတယ်" ဟု ဖျော်ဖြေရေးအစီအစဉ်တင်ဆက်သူတစ်ဦးက ပြောကြားသည်။ သို့ရာတွင် တစ်နိုင်ငံလုံးအနှံ့ ဖျော်ဖြေတင်ဆက်နေသော ရုပ်သံအစီအစဉ်ဖြစ်သဖြင့် ရုပ်သံအစီအစဉ်တင်ဆက်သူတစ်ဦးဘဝကို ဂုဏ်ယူမိသည်ဟု ၎င်းကပင် ထပ်လောင်း၍ ပြောကြားသည်။

အရည်အချင်း

အခမ်းအနားအစီအစဉ်တင်ဆက်သူဖြစ်စေ၊ ရုပ်သံအစီအစဉ်ဖျော်ဖြေတင်ဆက်သူဖြစ်စေ အရေးကြီးသည့် အရည်အချင်းမှာမူ ရှေ့နောက်ချိတ်ဆက်မိမိ စကားပြောဆိုတတ်မှုပင် ဖြစ်ပါသည်။ အစီအစဉ်တင်ဆက်သူ၏ ပါးနပ်မှု၊ ဗဟုသုတ၊ ယုံကြည်မှုရှိခြင်းတို့ကလည်း ရုပ်ရည်လှပမှု၊ အဝတ်

www.forevergrace.com.mm

အစားဝတ်ဆင်တာတွေမှတို့ထက် ပို၍ အရေးပါသည်ကို တွေ့ရသည်။

"တစ်ခါတုန်းက ကျောက်မျက်ရတနာဆိုင်တစ်ခုရဲ့ အခမ်းအနားမှာ နာမည်ကြီး မော်ဒယ်လ်တစ်ယောက်ကို Presenter လုပ်ခိုင်းတယ်။ လှပေမယ့် ဘာဗဟုသုတမှ မရှိတော့ အလွဲလွဲအချော်ချော်နဲ့ စိတ်ပျက်စရာကောင်းတာ တွေ့ဖူးတယ်" ဟု ကိုယ်တိုင်ကြုံခဲ့ရသူ ဒေါ်ချောကြေးမုံက ဆိုသည်။

တင်မိုးလွင်ကမူ အစီအစဉ်တင်ဆက်သူကောင်းတစ်ယောက်ဖြစ်ရန်အတွက် အစစအရာရာ အမြဲတမ်း လေ့လာသင်ယူနေဆဲဖြစ်သည်ဟု ဆိုသည်။ အင်္ဂလိပ်စာသင်ယူခြင်း၊ တီဗီအစီအစဉ်များကြည့်ရှုခြင်း၊ စာများများဖတ်ခြင်းတို့ဖြင့် သူမ၏ အလုပ်အကိုင်အတွက် အမြဲတမ်းလေ့လာနေရသည်ဟု တင်မိုးလွင်ထံမှ သိရသည်။

'ဥပမာ–မိတ်ကပ်တွေ၊ Skin Care တွေအကြောင်းပေါ့။ ကိုယ်က ဒီပစ္စည်းတွေကို အမြဲပြောနေရတော့ ဒါတွေအကြောင်းတော့ သိထားလေ့လာထားဖို့ လိုကိုလိုတယ်"

ထို့ပြင် အချို့အခမ်းအနားများတွင် မိုက်ခရိုဖုန်းအသံမထွက်ခြင်း၊ ပွဲစီစဉ်သူဘက်မှ အစီအစဉ်လွဲချော်မှုရှိခြင်းတို့လည်း ကြုံတွေ့နိုင်ရဖွယ်ရှိရာ ထိုအခါမျိုးတွင် ပရိသတ်အများရှေ့တွင် ကြောင်စီစီ မတ်တတ်ရပ်နေခြင်းထက် အခြေအနေကို သက်သောင့်သက်သာဖြစ်အောင် ဖန်တီးနိုင်မှသာလျှင် အစီအစဉ်တင်ဆက်သူကောင်းအဖြစ် ရပ်တည်နိုင်သည်ကို တွေ့ရသည်။

"အဲဒီအခါမျိုးမှာ ကျွန်မတို့က တောင်းပန်တတ်ရင် ပရိသတ်က နားလည်ပေးပါတယ်။ Presenter က တောင်းပန်တတ်ဖို့ပဲလိုပါတယ်" ဟု တင်မိုးလွင်က အတွေ့အကြုံကို ရှင်းပြသည်။

သူမကဲ့သို့ အခြားဖျော်ဖြေတင်ဆက်သူများသည်လည်း အတွေ့အကြုံအခက်အခဲများမှတစ်ဆင့် နားလည်သင်ယူတတ်လာမည်ဟု တင်မိုးလွင်က ဆိုသည်။ အချို့ ငယ်ရွယ်သူ ဖျော်ဖြေတင်ဆက်သူများသည် မိမိရှင်းပြပြောဆိုရမည့် ကုန်ပစ္စည်း၏ အကြောင်းအရာများကို ပင်အလွတ်ကျက်မှတ်ပြောဆိုနိုင်သဖြင့် တစ်ခါ

တစ်ရံ စာရွက်ကြည့်ပြောဆိုရသော မိမိထက်ပိုတော်ကြောင်း တင်မိုးလွင်က ပြောကြားသည်။

အခြားအရေးကြီးသည့်အရည်အချင်းတစ်ခုမှာ မြန်မာစာ၊ မြန်မာစကားကို သဒ္ဒါအထားအသိုမှန်မှန်၊ ဌာနကရိဏ်းကျကျ ပြောဆိုတတ်ရန် ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ယနေ့ တွေ့မြင်နေရသည့်အစီအစဉ်တင်ဆက်သူအများစုမှာ မြန်မာသဒ္ဒါအခြေခံအားနည်းသူများဖြစ်နေကြသည့်အတွက် အခမ်းအနားအစီအစဉ်များကို သဒ္ဒါနည်းမကျစွာ ထောင့်တောင့်တောင့် မြန်မာစကားဖြင့် ပြောဆိုတင်ဆက်နေကြကြောင်း မြန်မာစာဆရာကြီးတစ်ဦးက ပြောဖူးသည်။ အစီအစဉ်တင်ဆက်သူတို့သည် သက်ဆိုင်ရာအခမ်းအနားကျင်းပသည့် ကုမ္ပဏီအဖွဲ့အစည်းက ရေးပေးထားသည့်အစီအစဉ်စာရွက်ကို ဖတ်ပြသူအဆင့်မဟုတ်ရကား အသိပညာ ဗဟုသုတ မြင့်မားရန်လိုပါသည်။ အသိပညာဗဟုသုတရှိရန်အလို့ငှာ သက်ဆိုင်သည့် နယ်ပယ်အလိုက် မိမိအသက်မွေးဝမ်းကျောင်းအလုပ်ကို အကျိုးရှိစေမည့် စာအုပ်စာတမ်းများ ဖတ်ရှုလေ့လာရပေသည်။ မြန်မာစာ မြန်မာစကားနှင့်ပတ်သက်၍ မြန်မာစာဆရာကြီးများ ရေးသားနေသော ဆောင်းပါးများ၊ စာအုပ်များကိုလည်း ဖတ်ရှုလေ့လာရပေမည်။ သို့မှသာ "ဦးဘယ်သူအား အမှာစကား ပြောကြားပေးပါရန် ဖိတ်ကြားအပ်ပါသည်"ဆိုသော အမှားမျိုး ရောင်ရှားနိုင်ကြမည် ဖြစ်ပါသည်။

အလားအလာကောင်းသောအလုပ်

နှစ်နာရီခန့်ကြာ အခမ်းအနားတစ်ခုအတွက် ဖျော်ဖြေတင်ဆက်သူအချို့သည် ဝန်ဆောင်မှုကြေး ငွေကျပ် ငါးသိန်းခန့်မှ အနည်းဆုံး တစ်သိန်းခန့်ထိ ရရှိနေပြီဖြစ်ရာ အောင်မြင်သော ဖျော်ဖြေတင်ဆက်သူတစ်ဦးသည် ဝင်ငွေအထူးကောင်းမွန်သူတစ်ဦး ဖြစ်ပါသည်။ နိုင်ငံ၏ နိုင်ငံတကာနှင့် ထိစပ်အမြင်ကျယ်လာမှု၊ စီးပွားရေးဖွံ့ဖြိုးမှုအားကောင်းလာသည်နှင့်အမျှ ထိုအလုပ်အကိုင်သည် ယခုထက်ပို၍ တွင်ကျယ်စနစ်ကျလာနိုင်မည့်အခြေအနေတွင် ရှိပါသည်။

တင်မိုးလွင်က "တကယ့်ကို အလားအလာကောင်းတဲ့ အလုပ်တစ်ခုလို့ မြင်ပါတယ်။ ကျေနပ်စရာကောင်းတဲ့ အလုပ်တစ်ခုပါ။ အတွေ့အကြုံလည်းရပြီး လူအမျိုးမျိုးနဲ့ ပေါင်းသင်းဆက်ဆံတတ်လာပါတယ်" ဟု ဆိုသည်။

မြဝတီနှင့် မြန်မာအသံတို့တွင်လည်း ပုဂ္ဂလိကဖျော်ဖြေရေးအစီအစဉ်များကို ယခုထက်ပို၍ ပိုမိုထုတ်လွှင့်ရန် မကြာသေးခင်က သက်ဆိုင်ရာမှ ခွင့်ပြုလိုက်သဖြင့် အဆိုပါအစီအစဉ်များအတွက် အစီအစဉ် တင်ဆက်သူကောင်းများ များစွာ လိုအပ်လာဦးမည်ဖြစ်သည်။

ထို့ကြောင့် ရုပ်ရည်လှပသော၊ ပညာဗဟုသုတကြွယ်ဝ၍ ပါးနပ်လိမ္မာသော၊ မိမိကိုယ်ကိုယ် ယုံကြည်မှုရှိသော ငယ်ရွယ်သူများအတွက် အစီအစဉ်တင်ဆက်သူဘဝသည် ပျော်မွေ့စရာ အလုပ်အကိုင်အခွင့်အလမ်းတစ်ခုဖြစ်လာမည်မှာ မလွဲပေ။

ထားထားမြင့်

www.foreverspace.com.mm

Blog များနှင့် စီးပွားရေးခြေလှမ်းသစ်

စန်းမော်အောင်

အင်တာနက်အသုံးပြုသူများအကြားတွင် လွှမ်းမိုးလာပြီး အရေအတွက်တဖြည်းဖြည်းများပြားလာခဲ့သည့် Blog များသို့ ဝင်ရောက်ကြည့်ရှုသူများပြားလာသည်နှင့်အမျှ ကုမ္ပဏီများ၊ စီးပွားရေးလုပ်ငန်းများကပါ စိတ်ဝင်တစား ဖတ်ရှုလာကြပြီးနောက် ၎င်းတို့၏ ကိုယ်ပိုင် Blog များ သို့မဟုတ် ဝင်ရောက်ကြည့်ရှုသူအများဆုံးဖြစ်သည့် Blog များတွင် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများကို ထည့်သွင်းကြော်ငြာမှုများ ပြုလုပ်လာခဲ့ကြသည်။

Blog ဆိုသည်မှာ အင်တာနက်ပေါ်တွင် မှတ်တမ်းရေးသားခြင်းပင်ဖြစ်သည်။ Web Log ဆိုကာ စတင်ပေါ်ပေါက်လာခဲ့ရာမှ We ကို ဖြုတ်ပြီး Blog သို့ ပြောင်းလာခဲ့ခြင်းဖြစ်သည်။ Blog များတွင် ကိုယ်ပိုင်မှတ်တမ်းစိတ်ကူးများ ရေးသားထားသည့် အချက်အလက်များကို ဓာတ်ပုံများဖြင့် ဖော်ပြထားကြသည်။ ရေးသားဖော်ပြသည့် အကြောင်းအရာမျိုးစုံရှိ၍ လိုအပ်ပါက ယင်း Blog များမှ အချက်အလက်များကို ရှာဖွေရယူအသုံးချလာနိုင်သည်အထိ ဖြစ်လာခဲ့သည်။ အင်တာနက်မှတ်တမ်းရေးသားသူများကို Blogger များဟု ခေါ်ဆို၍ Blog ပြုလုပ်ပေးသည့်ကုမ္ပဏီများ၊ Blog ဖတ်သူများကို Bloggy ဟု ခေါ်ကြသည်။

Blog နှင့် Website ကွာခြားချက်

Website တစ်ခုပြုလုပ်ရာတွင် Domain name ယူခြင်း၊ Webpage Desgin ရေးဆွဲခြင်း၊ Hosting (Website လွှင့်တင်ခြင်း) အစရှိသည်တို့ကို ပြုလုပ်ရသောကြောင့် ကုန်ကျစရိတ်များသော်လည်း Blog တစ်ခုပြုလုပ်ရာတွင် ကုန်ကျစရိတ်မရှိသောကြောင့် Blog များ ခေတ်စားလာခဲ့ခြင်းဖြစ်သည်။ ကွန်ပျူတာပညာရှင်အချို့က Blog များသည် Website များနှင့် မည်သို့မျှ နှိုင်းယှဉ်၍မရနိုင်ဟု ပြောကြားသော်လည်း Blog များအပေါ်စိတ်ဝင်စားမှုသည် ပိုမိုများပြားလာသည်ဟု Web Designer တစ်ဦးက သုံးသပ်ပြောကြားသည်။ မြန်မာနိုင်ငံတွင် အင်တာနက်အသုံးပြုသူလူငယ်အချို့သည် Chatting , E-mail များဖြင့်သာ အချိန်ကုန်နေသော်လည်း အချိန်အနည်းငယ်အကြာတွင် Blog များကို ပိုမိုစိတ်ဝင်စားလာနိုင်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

www.foreverspace.com.mm

လူငယ်များနှင့် Blog

Blog များတွင် ရေးသားသည့် အကြောင်းအရာမျိုးစုံရှိပြီး အကြောင်းအရာ အပေါ်လိုက်၍ Blogများကို ဝင်ရောက်ဖတ်ရှုသူ များပြားလာခဲ့သည်။ Blogများတွင် မိမိ ကြိုက်နှစ်သက်သည့် အကြောင်းအရာများကို ဝင်ရောက်ရေးသားနိုင်၍ လူငယ်များ ပိုမို စိတ်ဝင်စားလာခဲ့ကြသည်။ ကွန်ပျူတာ ပညာရှင်တစ်ဦးကမူ Blogများသည် လူငယ် များကြိုက်နှစ်သက်သည့် Rap, Hip Hop များဖြင့် ခိုင်နှိုင်းထားသည်။ စိတ်ထဲရှိသည့် အကြောင်းအရာများကို လွတ်လပ်စွာ ပြော ကြားနိုင်သည့် နေရာတစ်ခုဖြစ်ကြောင်း၊ အကျိုး အမြတ်အနေဖြင့် ယခုအချိန်တွင် ပြောကြား၍ မရနိုင်သေးကြောင်း ၎င်းကပြောကြားသည်။ မြန်မာ Blog များ များပြားလာသော်လည်း ဝင်ရောက်ရေးသားဆွေးနွေးသူများမှာ ပြည်ပ ရောက် မြန်မာအများစုသာများကြောင်း ပြည်တွင်းရှိ Bloggerတစ်ဦးက ဆိုသည်။

Blog ရေးသားသူနည်းပါးနေသေး ခြင်းနှင့် စပ်လျဉ်း၍ "ကိုယ့်ဟာကိုယ် ထုတ် ဖော်ပြောလေ့မရှိတဲ့ လူမျိုးတွေဆိုတော့ နည်းနည်းခက်တယ်။ နောက်တစ်ခုက Technology (နည်းပညာ) ပိုင်းနဲ့ဆိုင်သွား ပြီ။ Blog ရေးတဲ့ Site တွေ အတော်များ များက အင်တာနက်ပေါ်မှာရေးရတာ။ ပြည် တွင်းကသုံးတဲ့ Serverက အရမ်းနှေးတော့ ပြည်တွင်း Blog Hosting Site တစ်ခု ပေါ် လာမယ်ဆိုရင်တော့ ဆက်သွယ်ရတာ ပိုမြန် လာမယ်ဆိုရင် ဖြစ်ကောင်းဖြစ်လာနိုင် မယ်" ဟု ကွန်ပျူတာပညာရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

Blog နှင့် နည်းပညာ

Website တစ်ခုရေးသားရာတွင် ရေးသားသည့် အင်တာနက် Language အခြားနည်းပညာများပါ လိုအပ်သော်လည်း Blog များရေးသားရာတွင် ကွန်ပျူတာအခြေခံ၊ အင်တာနက်၊ E-mail အသုံးပြုတတ်ရန် သာလိုအပ်ကြောင်း မြန်မာနိုင်ငံတွင် အင် တာနက်အသုံးပြုနည်းကို ကျယ်ကျယ်ပြန့် ပြန့် သင်တန်းပေးနေသည့်အပြင် Blogတင် နည်းသင်တန်းကို ဇွေဆော်ဦးပို့ချပေးနေသော Service+၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးရဲထွန်း အောင်က ပြောကြားသည်။ Blog ရေးသား ရန်မှာ နည်းပညာထက် စိတ်ကူးစိတ်သန်း ပိုမိုကောင်းမွန်လျှင် အောင်မြင်သည့် Blogger တစ်ဦးဖြစ်လာနိုင်ကြောင်း Blogger တစ်ဦးက ဆိုသည်။ Blogများ ရေးရင်းဖြင့် နည်းပညာပိုင်းကို စိတ်ဝင်စားလာနိုင်ကြောင်း ကို "Blog တွေလုပ်ရင်း လုပ်ရင်းနဲ့ နည်း ပညာပိုင်းဆိုင်ရာတွင် စိတ်ဝင်စားလာမယ်။ ဒီစာလုံးလေးတွေ ပြေးနေတယ်။ Internet ထဲက အလကားရနိုင်တဲ့နေရာက Copy ကူးပြီး ထည့်လိုက်တယ်။ စာလုံးလေးတွေ ပြေးလာမယ်။ အကုန်လုံး Self Learing ဖြစ်လာမယ်"ဟု Info Myanmar Computer Service (IMCS) မှ Website ဒီဇိုင်း ပညာရှင်တစ်ဦးဖြစ်သူ ဦးကောင်းမြတ်ပိုင်က ၎င်း၏အမြင်ကို သုံးသပ်ပြောကြားသည်။

Blog ၏ ကောင်းကျိုးဆိုးကျိုး

အင်တာနက်တွင် Blog များကို လွယ်လင့်တကူပြုလုပ်ရေးသားနိုင်၍ ထို အကြောင်းအရာများကို စုံမွှတ်၍ မယုံကြည် သင့်ကြောင်းနှင့် အချက်အလက်များကို ကိုယ်တိုင်ဝေဖန်စဉ်းစားသင့်ကြောင်း စီးပွား ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ကွန်ပျူတာပညာရှင် လူငယ်တစ်ဦး ကလည်း "Blog ကို ခံစားချက်ကြောင့်ပဲ ရေးရေး အလုပ်နဲ့ပတ်သက်တာပဲလုပ်လုပ် Blog က Public ကို Publish လုပ်တာပဲ" ဟု ဆိုသည်။ သို့သော် Blog များသည် Website များနှင့် မည်သို့မျှယှဉ်ပြိုင်၍ မရ နိုင်ဟု မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင် အသင်းအမှူဆောင်တစ်ဦးက သုံးသပ်သည်။

Blog များနှင့် စီးပွားရေး

မြန်မာနိုင်ငံတွင် နိုင်ငံတကာ Blog Day ကို ဦးစွာကျင်းပခဲ့ပြီး Blogပြုလုပ်ပုံ သင်တန်းများကို ပို့ချပေးလျက်ရှိသည့် Service+အဖွဲ့အစည်းမှ ဦးရဲထွန်းအောင် က Blogများမှတစ်ဆင့် စီးပွားရေးပြုလုပ် နိုင်ကြောင်းနှင့် Blogများတွင် ကြိုက်နှစ် သက်သလို အလွယ်တကူပြုပြင်တည်း ဖြတ် Edit ပြုလုပ်နိုင်ကြောင်း၊ Blogများမှ အကျိုးကျေးဇူးများကို ရရှိစေလိုကြောင်းနှင့် အလုပ်အကိုင်အသစ်များပါ ရရှိလာနိုင် ကြောင်း ရှင်းပြသည်။

မြန်မာနိုင်ငံတွင် Personal Blog များသာရှိပြီး Business Blog များ မပြု လုပ်ကြသေးကြောင်း Business Blog တစ်ခုကို ကိုယ်တိုင်ရေးသားလွှင့်တင်ထား သည့် Service+မှ အင်တာနက်သင်တန်း ပို့ချသူ ဦးမျိုးမင်းဦးက ဆိုသည်။ ၎င်းအနေ ဖြင့် အီလက်ထရွန်နစ်ပစ္စည်းများဖြစ်သည့်



www.foreverspace.com.mm

MP4, MP3, iPod, Memory Stick အစ ရှိသည်များကို Blog ပေါ်တွင်တင်၍ ရောင်းထားပြီး ပါဝင်သည့် Function၊ ပစ္စည်းဈေးနှုန်းများကို ရှင်းပြထားကာ ဝယ်ယူရရှိနိုင်သည့် လိပ်စာကို ဖော်ပြပေးထားသည်။

အခြားစီးပွားရေး Blog တစ်ခုတင်ထားသူ ဦးဇော်ဇော်မျိုးလွင်ကမူ "ကိုမျိုးမင်းဦးက ဒစ်ဂျစ်တယ်ပစ္စည်းတွေရောင်းတယ်။ ကျွန်တော်က ဈေးဝယ်လမ်းညွှန်၊ ရောင်းသူဝယ်သူကဏ္ဍမျိုး လုပ်ထားတယ်" ဟု ရှင်းပြသည်။

ပစ္စည်းများရောင်းချခြင်းနှင့်ပတ်သက်၍ "MP3ပစ္စည်းလေးများနှင့် အဝတ်အစား ဒီဇိုင်းအချို့ကို ၎င်းတို့ စတင်လုပ်ဆောင်ကာ ဆိုင်များရှိရာသွား၍ အသစ်ရောက်သည့်ပစ္စည်းကို ဓာတ်ပုံရိုက်၊ ဈေးနှုန်းတွဲပြီး ၎င်းတို့ Blog တွင် တင်ထားပေးလိုက်ကြောင်း ၎င်းက ရှင်းပြသည်။

"Blog မှာ ကြည့်တဲ့သူက ဒီပစ္စည်းကို ဈေးနှုန်းချိုတယ်။ ဒီမှာရတယ်ဆိုတာ သိသွားစေချင်တယ်" ဟု ၎င်းတို့၏ ရည်ရွယ်ချက်ကို ရှင်းပြသည်။

Blog သင်တန်းများကို ပထမဦးဆုံး သင်တန်းဖွင့်လှစ်သင်ကြားပြသသူမှာ Service+ ဖြစ်သည်။ ယင်းသင်တန်းများအပြင် Blog များကို ကြော်ငြာအဖြစ် အသုံးပြုလာနိုင်စေရန် ပထမဦးဆုံး ကျယ်ကျယ်ပြန့်ပြန့် မိတ်ဆက်ပေးခဲ့သူလည်းဖြစ်သည်။ Website များကဲ့သို့ ကုမ္ပဏီများ၏ ကိုယ်ပိုင် Blog များဖြင့် ကြော်ငြာလာစေရန် ၎င်းတို့ Service+ အဖွဲ့မှ Blogger များဖြင့် Blog များ ပြုလုပ်ပေးလျက်ရှိကြောင်း ဦးရဲထွန်းအောင်က ပြောကြားသည်။ ယခုအခါ Service+ မှ အတာသကြိန် Blog၊ ကာတွန်း Blog ကဲ့သို့ လူငယ်များ စိတ်ဝင်စားနိုင်သည့် Blog များကို လွှင့်တင်ထားကြောင်း ၎င်းက ဆိုသည်။

အင်တာနက်ပေါ်တွင် နိုင်ငံတကာမှ တင်ထားသည့် ကျော်ကြားသော Blog များတွင် နာမည်ရကုမ္ပဏီများက ဝင်ရောက်ကြော်ငြာလာကြကြောင်း၊ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းအချို့သည်လည်း နောက်ပိုင်း Blog များတွင် ကြော်ငြာဝင်ရောက်မှုများပြားလာနိုင်ကြောင်း ဦးဇော်ဇော်မျိုးလွင်က ခန့်မှန်းပြောကြားသည်။

လူငယ်များအတွက် အလုပ်အကိုင်သစ်

နည်းပညာများ ဖွံ့ဖြိုးလာမှုနှင့်အတူ အလုပ်အကိုင်များ လုပ်ကိုင်ရာတွင် ယင်းနည်းပညာများဖြင့် သာ လုပ်ကိုင်လာခဲ့သည်။ မြန်မာနိုင်ငံတွင် အင်တာနက်အသုံးပြုသူ လူငယ်အချို့မှာ အဆင့်မြင့်နည်းပညာအသုံးချ၍ လုပ်ငန်းလုပ်ကိုင်လိုကြသော်လည်း မည်သို့အသုံးချရမည်ကို ကောင်းစွာသိရှိခြင်းမရှိကြပေ။ Blog ကို အသုံးချ၍ အင်တာနက်နည်းပညာဖြင့် ဆက်နွယ်သည့် လုပ်ငန်းငယ်သစ်များ ပေါ်ထွန်းလာနိုင်ပြီး အချိန်ပိုင်းအလုပ်အဖြစ် အသုံးပြု၍ တစ်ဖက်တွင် ပညာရေးကိုလည်း လေ့လာဆည်းပူးသွားနိုင်မည်ဖြစ်ကြောင်း လက်တွေ့လုပ်ကိုင်နေသူ ကွန်ပျူတာပညာရှင်အချို့က ပြောကြားသည်။

အင်တာနက်နည်းပညာဖြင့် ထိတွေ့ခွင့်ရရှိပြီး လိုအပ်သည့် အခြေခံပစ္စည်းများ ပြည့်စုံလျှင် ထိုကဲ့သို့လုပ်ငန်းငယ်များ ကိုယ်တိုင်ပြုလုပ်လာနိုင်မည်ဖြစ်သည်။ စီးပွားရေး Blogger များအဖြစ် လုပ်ကိုင်နိုင်ရန်မှာ ရန်ကုန်မြို့တော်နှင့် မန္တလေးမြို့တော်ကဲ့သို့ မြို့ကြီးများမှ လူငယ်များသာဖြစ်နိုင်ကြောင်းနှင့် အခြားမြို့ရွာများရှိ လူငယ်များမှာ အင်တာနက်၊ အိုင်တီနည်းပညာများနှင့်ဖြင့် ထိတွေ့ရန် လိုအပ်ချက်များ ရှိနေသေးကြောင်း Blogger တစ်ဦးက သုံးသပ်ပြောကြားသည်။ တစ်နိုင်ငံလုံးအတိုင်းအတာအရ ကျယ်ပြန့်စွာ အသုံးပြု၊ အသုံးချလာရန်မှာမူ အချိန်ကာလတစ်ခုအထိ စောင့်ဆိုင်းရဦးမည်ဖြစ်ကြောင်းကိုလည်း ကွန်ပျူတာပညာရှင် လူငယ်တစ်ဦးက ဆိုသည်။ Blog တစ်ခုအောင်မြင်မှုနှင့်အတူ ရရှိလာမည့် ကြော်ငြာများမှ ဝင်ရောက်လာမည့် ငွေကြေးသည် သင့်တင့်သည့် နှုန်းထားတစ်ရပ်ဖြစ် လာနိုင်ကြောင်းနှင့် ကိုယ်တိုင်စိတ်ကူးဆန်းများဖြင့် ပြုလုပ်ရောင်းကြောင့် ကျေနပ်နိုင်သည်ဟု Blog နှင့်ယဉ်ပါးသူ လူငယ်တစ်ဦးက သုံးသပ်ထားသည်။ နည်းပညာကို ပိုမိုအလိုရှိလာသည်နှင့်အမျှ မည်သို့အသုံးချနိုင်ကြောင်းလည်း သိရှိလာနိုင်ကြောင်း ၎င်းက ဆိုသည်။

Blogger များအဖြစ် အလုပ်လုပ်ကိုင်လိုသည့် လူငယ်များအတွက် Service+ တွင် Blog သင်တန်းများ တက်ရောက်သင်ကြားကာ Blogger တစ်ဦးအနေဖြင့် အလုပ်ဝင်ရောက်နိုင်ရန် စီစဉ်ထားကြောင်း၊ အချိန်ပြည့်လုပ်ကိုင်ရန် မလိုအပ်ဘဲ ကိုယ်ပိုင်စိတ်ကူးစိတ်သန်းများဖြင့် လုပ်ကိုင်နိုင်ကြောင်း ဦးရဲထွန်းအောင်က ပြောကြားသည်။



ဈေးကွက်အနေအထား

Blog များပေါ်တွင် ကုမ္ပဏီများ၊

www.forevergence.com.mm

အခြားကုန်ပစ္စည်းများ၏ ကြော်ငြာများ များပြားလာလျှင် Blogger များအဖြစ် လုပ်ကိုင်မည့်သူ များပြားလာနိုင်သည်ကို တွေ့ရသည်။ သို့သော် ယခုအခါ Blog များကို စီးပွားရေးဆန်ဆန် လွှင့်တင်လာသည့် အရေအတွက်မှာမူ နည်းပါးနေသေးကြောင်း ကွန်ပျူတာပညာရှင်တစ်ဦးက ဆိုသည်။

"ဒီ Blog ကနေ စီးပွားရေးလုပ်လာဖို့ဆိုတာက စီးပွားရေးလုပ်တယ်ဆိုရင်တော့ Demand and Supply ဆိုတာရှိတယ်။ Market (ဈေးကွက်)ရှိရမယ်။ Blogger တွေကနေ စီးပွားရေးဆန်တဲ့ကြော်ငြာ Blog တွေသူတို့ရေးပေးကြမယ်။ Blogger တွေရဲ့ Market က စီးပွားရေးလုပ်ငန်းရှင်တွေ ပစ္စည်းရောင်းချတဲ့ပိုင်ရှင်တွေ ဆိုင်ရှင်တွေရဲ့ Market က Internet သုံးတဲ့သူတွေ။ ဒီနိုင်ငံမှာ Internet သုံးတဲ့ သူတွေ ကျေနပ်လောက်အောင် မရှိသေးတော့ လုပ်ငန်းရှင်တွေက စိတ်မဝင်စားကြဘူး။ စိတ်မဝင်စားကြဘူးဆိုတော့ သူတို့ကို Market အနေနဲ့ ဦးတည်ထားတဲ့ စီးပွားရေး Blogger တွေကလည်း အခုလောလောဆယ်မှာ Market ကျဉ်းမြောင်းမယ်" ဟု အဆိုပါပညာရှင်က ထပ်လောင်းပြောဆိုသည်။

မိဒီယာလုပ်ငန်းတစ်ခုတွင် လုပ်ကိုင်နေသူတစ်ဦးက ကိုယ်ပိုင် Website တင်၍ ကြော်ငြာခြင်းကို စီးပွားရေးလုပ်ငန်းကြီးများက ပိုမိုနှစ်သက်ကြောင်းနှင့် လုပ်ငန်းငယ်များအနေဖြင့်မူ Blog မှတစ်ဆင့် ကြော်ငြာခြင်းဖြင့် ငွေကြေးကုန်ကျမှုနည်းပါးခြင်းကြောင့် ကြိုက်နှစ်သက်နိုင်ကြောင်း ၎င်း၏အမြင်ကို ပြောကြားသည်။

မည်သို့ပင်ဖြစ်စေ ကြော်ငြာရှင်များအနေဖြင့် နည်းလမ်းမျိုးစုံသုံး၍ ကြော်ငြာလေ့ရှိရာ ယခုလောလောဆယ် စိတ်ဝင်စားမှုနည်းပါးနေသေးသော်လည်း များမကြာမီ အင်တာနက် Blog များတွင် ၎င်းတို့၏ကိုယ်ပိုင် Blog များလွှင့်တင်လာနိုင်ကြောင်း၊ Blog များသည် လုပ်ငန်းများ၏ပုံစံများကို အမြတ်မိမ် အသစ်ပြုလုပ်ပေးနိုင်ကြောင်းနှင့် ထိုလုပ်ငန်းအကြောင်းကို စိတ်ကူးဆန်းဆန်းဖြင့် ဖန်တီးပြုလုပ်ပေးနိုင်လျှင် အောင်မြင်လာနိုင်ကြောင်း Blogger တစ်ဦးက သုံးသပ်



ပြောကြားသည်။ သို့သော် အများပြည်သူ စိတ်ဝင်စားသည့် အနုပညာရှင်များကို Blog များ အခမဲ့ပြုလုပ်ပေး၍ ဆွဲဆောင်မှုများပြုလုပ်သွားရန် အစီအစဉ်ရှိကြောင်း၊ သို့မှသာ Blog များကို စိတ်ဝင်စားမှုများမြင့်မားလာနိုင်မည်ဖြစ်ကြောင်း ဦးဇော်ဇော်မျိုးလွင်က ဆိုသည်။

မြန်မာနိုင်ငံရှိ အင်တာနက်အသုံးပြုသူလူငယ်များထဲမှ Chatting ပြုလုပ်နေသူများမှာ Blog များကို စိတ်ဝင်စားလာနိုင်ကြောင်းကို ဦးကောင်းမြတ်ပိုင်က "ကျွန်တော်တို့အနေနဲ့ အချိန်တစ်ခုကို စောင့်ရမှာပါ။ သူတို့ Chat ထဲမှာ အီနေရင် Blog ထဲဝင်လာမယ်" ဟု ၎င်း၏အမြင်ကို ရှင်းပြသည်။

အသိပညာသည်သာ အခရာ

Blog များသည် သတင်းအချက်အလက်များရရှိနိုင်သည့် အရင်းအမြစ် တစ်ခုအဖြစ်သာမကပဲ စီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်သော်ငြား အသုံးမပြုတတ်ပါက (သို့မဟုတ်) လွဲမှားစွာ အသုံးပြုမိပါက ဆိုးကျိုးများပါ ဒွန်တွဲပေါ်ပေါက်လာနိုင်သဖြင့် ဝေဖန်ပိုင်းခြား ချင့်ချိန်အသုံးပြုသွားရန်သာလိုအပ်ကြောင်း ပညာရှင်များက သုံးသပ်ပြောကြားသည်။ ထို့အပြင် Blog များသည် လူအဖွဲ့အစည်းတစ်ခုတွင် ဖိအားများ၊ ကန့်သတ်မှုများကြောင့် ပေါ်ပေါက်လေ့ရှိတတ်သည့် စိတ်ကျဉ်းကျပ်မှုနှင့် အလိုမကျမှုများကို လွတ်လပ်စွာ ဖော်ထုတ်တင်ပြနိုင်ခြင်း၊ အမြင်မတူညီသော အခြားဆွေးနွေးမှုများကို သိရှိလေ့လာနိုင်ခြင်း၊ တစ်နည်းအားဖြင့်ဆိုရပါက ဦးနှောက်မုန်တိုင်းဆင်နိုင်ခြင်း၊ စိတ်ထွက်ပေါက်တစ်ခုပေးနိုင်ခြင်းတို့ကြောင့် ဆန်းသစ်သောစိတ်ကူးစိတ်သန်း အကြံအစည်များပါ ရရှိနိုင်ပေသည်။ စီးပွားရေးရှုထောင့်အရပြောရလျှင် Blog အသုံးပြုသူများ တိုးတက်များပြားလာသည်နှင့်အမျှ စွန့်ဦးတီထွင်လုပ်ငန်းအသစ်များ ပြုလုပ်ရန် ခြေလှမ်းသစ်များကို ချဲ့ထွင်လာနိုင်မည် ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် မည်သို့သောအခွင့်အလမ်းနယ်ပယ်တွင်မဆို သုံးတတ်လျှင်ဆေး မသုံးတတ်လျှင်ဘေး ဆိုသကဲ့သို့ ယူတတ်လျှင် ရနိုင်ပြီး မယူတတ်ပါက ဆုံးရှုံးနိုင်ပါသည်။ ထို့အတူ လောကနိယာမသဘောအရ အကောင်းနှင့်အဆိုး ဒွန်တွဲရှိတတ်ရာ မိမိတို့တစ်ကိုယ်ရေဘဝအတွက်သော်လည်းကောင်း၊ မိမိပတ်ဝန်းကျင် လူ့အဖွဲ့အစည်းအတွက်သော်လည်းကောင်း အကျိုးရှိစေရန်မှာ အသိပညာသည်သာ အခရာဖြစ်ပါသည်။

စန်းမော်အောင်

www.foreverspace.com.mm

ဝန်ထမ်းရွေးချယ်မှုနှင့် လုပ်ငန်းခွင်အံဝင်ခွင်ကျဖြစ်ရေး

ငင်ငင်သော်

အလုပ်လက်မဲ့များကို အလုပ်အကိုင်ရရှိရေးဝန်ဆောင်မှုပေးရန်နှင့် ဝန်ထမ်းလစ်လပ်မှု ဖြစ်ပေါ်နေသော ကုမ္ပဏီများကို သင့်လျော်သော ဝန်ထမ်းရှာဖွေပေးရန် ၁၉၉၆ ခုနှစ်က စတင်ပေါ်ပေါက်လာခဲ့သော မြန်မာနိုင်ငံရှိ အလုပ်အကိုင်ရှာဖွေရေးဝန်ဆောင်မှုလုပ်ငန်းများ၏ ဝန်ထမ်းရွေးချယ်မှုပုံသဏ္ဌာန်နှင့် လုပ်ငန်းခွင်အံဝင်ခွင်ကျ ဖြစ်ရေးတို့မှာ များစွာစိတ်ဝင်စားဖွယ် ဖြစ်ပါသည်။ ယခုအခါ လိုအပ်ချက်အရ ၂၃ ခုခန့် ထပ်မံပေါ်ပေါက်လာသောကြောင့် ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်းများ၏ လုပ်ဆောင်မှုပုံသဏ္ဌာန်တို့ ကွဲပြားလျက်ရှိသည်ကို တွေ့ရသည်။

ဝန်ဆောင်မှု၏အစ

ယခုမှ အလုပ်စတင်လုပ်ကိုင်မည့်သူ၊ အလုပ်သစ်ရှာလိုသူ၊ အငြိမ်းစားများစသည်ဖြင့် အကြောင်းအမျိုးမျိုးကြောင့် အလုပ်လက်ကိုင်မရှိသူများ၏ အလုပ်ရှာဖွေရေးအားနည်းမှုများနှင့် ဝန်ထမ်းလစ်လပ်နေသော ကုမ္ပဏီများ၏ သင့်လျော်ရာ ကျွမ်းကျင်ဝန်ထမ်းခန့်ထားနိုင်ရေးတို့သည် ဝန်ဆောင်မှုများ၏ အစဖြစ်သည်။

ယင်းလုပ်ငန်းများပေါ်ပေါက်လာခြင်းနှင့် ပတ်သက်၍ ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေး လုပ်ငန်းအတွေ့အကြုံရှိသူ ဦးအောင်နိုင်ထွန်းက "နံပါတ်တစ်က Information (သတင်းအချက်အလက်) လွယ်လင့်တကူပေးနိုင်ဖို့ ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်း ပေါ်လာတယ်။ နံပါတ်နှစ်က အလုပ်ရှင်တွေ ရှုထောင့်က၊ တချို့ကုမ္ပဏီတွေက Educated, Uneducated (ပညာမဲ့) ရှိတယ်။ ဒီ အင်ဂျင်နီယာ ဘယ်လောက်တတ်လဲ၊ မတတ်ဘူးလဲဆိုတာ သူ့ကိုယ်စား ဆုံးဖြတ်ပေးနိုင်မယ့်အဖွဲ့အစည်း၊ Consulant (အကြံပေး) တွေလိုတယ်။ အဲဒီအတွက် ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးတွေက သူတို့ကိုယ်စား ဆုံးဖြတ်ပေးရတယ်၊ အကဲဖြတ်ပေးရတယ်" ဟုဆိုသည်။

ယင်းနှင့်ပတ်သက်၍ လူသားအရင်းအမြစ် (Human Resource) စီမံခန့်ခွဲမှုဆိုင်ရာကျွမ်းကျင်သူ ဦးအေးကျော်က အလုပ်ရလိုသူများအနေဖြင့် အလုပ်ရှာနည်း (Job Hunting) အားနည်းကြပြီး အလုပ်အကိုင်နေရာလပ်ရှိရာနေရာကို များပြားစုံလင်စွာသိလိုသဖြင့် ဝန်ဆောင်မှုလုပ်ငန်းများနှင့် လုပ်ကိုင်ခြင်းဖြစ်ပြီး အလုပ်နေရာ လစ်လပ်သူ ပုဂ္ဂလိကကုမ္ပဏီတိုင်းသည်လည်း HR Department (လူ့စွမ်းအားအရင်းအမြစ်ဌာန) မဖွဲ့စည်းရသေးသဖြင့် ဝန်ထမ်းရွေးချယ်မှုကို သီးခြားကိုင်တွယ်သော ကျွမ်းကျင်ဝန်ထမ်းမရှိသေးရာ ဝန်ဆောင်မှုလုပ်ငန်းများသို့ အလုပ်လွှဲပေးလိုက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ကြားနေများနှင့် Butterfly

ပုဂ္ဂလိကအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်းများသည် အလုပ်ရှင်နှင့် အလုပ်သမားနှစ်ဦး အကျိုးဖြစ်ထွန်းရေး သို့မဟုတ် ဝန်ထမ်းနှင့် လုပ်ငန်းခွင်တို့ အံဝင်ခွင်ကျဖြစ်ရေးအတွက် စွမ်းဆောင်ပေးသော ကြားနေများသာဖြစ်သည်။ ၎င်းတို့သည် ကုမ္ပဏီများနှင့် အလုပ်လျှောက်ထားသူများအကြား လိုအပ်သော သတင်းအချက်အလက် အပြည့်အဝပေးရန်နှင့် စနစ်ကျပြည့်စုံသော စစ်ဆေးမှုများပြုလုပ်ရန် လိုအပ်သည်။ မြန်မာနိုင်ငံရှိ အဆိုပါ ကြားနေများ၏ စွမ်းဆောင်မှုပုံသဏ္ဌာန်မှာ ကုမ္ပဏီများ၏ တောင်းဆိုမှုအပေါ်မူတည်၍သာ စစ်ဆေးပေးနေကြသည်ကို အများစုတွေ့ရှိရသည်။ ကုမ္ပဏီများ၏ တောင်းဆိုမှုကို Career Development Consultancy (CDC) မှ ဦးလင်းကျော်ထွန်းက ယခုကဲ့သို့ ပြောပြသည်။

www.foreverspace.com.mm

"ကုမ္ပဏီတွေနဲ့ သွားပြီး ဘာ Test လိုချင်တယ်ဆို ပညာရှင်တွေနဲ့ ညှိနှိုင်းပြီး လုပ်ပါတယ်။ Language Test (ဘာသာစကား စစ်ဆေးမှု)၊ Relevant (လိုက်လျောညီထွေမှု) ဖြစ်မယ့် Technical Test (နည်းပညာဆိုင်ရာ စစ်ဆေးချက်) ဥပမာ– Accountant(စာရင်းကိုင်)၊ တချို့ကျတော့လည်း Psycho Test (စိတ်ပိုင်းဆိုင်ရာစစ်ဆေးမှု) လုပ်ပေးပါပြောတယ်"

ယင်းသို့ တောင်းဆိုမှုများနှင့် ညှိနှိုင်းဆောင်ရွက်ရာတွင် "ကုမ္ပဏီတွေက Psycho Test လုပ်ပေးဖို့ တောင်းဆိုတာ မတွေ့ဖူးသေးဘူးဟုဆိုသူ လုပ်ငန်းများရှိသကဲ့သို့ အတွေ့အကြုံအရ Psycho Test စစ်သည့် ကုမ္ပဏီကြီးနှစ်ခုလောက်သာ ကြုံဖူးကြောင်း Management Level (မန်နေဂျာအဆင့်) အလုပ်အကိုင်များ ရှာဖွေပေးနေသည့် လုပ်ငန်းတစ်ခုကဆိုသည်။

အလုပ်အကိုင်ရှာဖွေရေး၊ ဝန်ထမ်းရွေးချယ်ရေးလုပ်ကိုင်ရာတွင် Psycho Test စစ်ဆေးခြင်းက ပိုမိုကောင်းမွန်၍ စစ်ဆေးသင့်သောအချက်အလက်များမှာ (၁) Personality (ကိုယ်ရည်ကိုယ်သွေး)၊ (၂) Perception(အာရုံသိမှု)၊(၃) Attitude (သဘောထား)၊(၄) Mind-set (အတွေးအခေါ်)၊ (၅)Mentality (စိတ်ပိုင်းဆိုင်ရာ)၊ (၆) Aptitude (အထုံဗီဇပါရမီ) တို့ဖြစ်ပြီး မည်သည့်ရာထူးအတွက် မည်သည့်အချက်အလက်များ စစ်ဆေးမည်ကို ရွေးချယ်ရမည်ဖြစ်ကြောင်း HR ကျွမ်းကျင်သူ ဦးအေးကျော်က ပြောကြားသည်။ အလုပ်ထွက်မှုနှုန်း (Staff Turnover) များရခြင်းအကြောင်းအရင်းများတွင် Psycho Test စစ်ဆေးခဲ့မှုမရှိခြင်းက အကြောင်းတစ်ရပ်အနေဖြင့် ပါဝင်ကြောင်း ၎င်းက ဆိုသည်။ "ကုမ္ပဏီတစ်ခုမှာ တစ်နှစ် ၂ နှစ်လောက်လုပ်ပြီး ပြောင်းတဲ့သူဟာ ထပ်ပြီး ပြောင်းချင်စိတ်ပေါ်လာတတ်တယ်။ တချို့ကျတော့လည်း ခြောက်လနဲ့ပြောင်းတယ်။ ကျွန်တော်တို့က သူ့ကို Butterfly လို့ ခေါ်တယ်" ဟု CDC မှ ဦးလင်းကျော်ထွန်းက ၎င်း၏ အတွေ့အကြုံကို ယင်းကဲ့သို့ ပြန်လည်ပြောပြသည်။ Butterfly များ ဟုတ်၊ မဟုတ်ကိုမူ Psycho Test (စိတ်ပိုင်းဆိုင်ရာစစ်ဆေးမှု)ဖြင့် စစ်ဆေးနိုင်မည် ဖြစ်သည်။ သို့ရာတွင် စိတ်ပညာအဓိကဘာသာဖြင့် ဘွဲ့ရတဲ့သူတိုင်း Psycho Test စစ်ဆေးနိုင်သူ မဖြစ်နိုင်ဘဲ နိုင်ငံတကာတွင် ယင်းသို့ အလုပ်အကိုင်နေရာချထားရေးအတွက် စစ်ဆေးသူများမှာ American Psychological Association (APA)၊ British Psychological Society စသည့် စိတ်ပညာဆိုင်ရာ အသင်းအဖွဲ့တစ်ခုခု၏ အဖွဲ့ဝင်ဖြစ်ပြီး စစ်ဆေးခွင့်လိုင်စင်ရရှိပြီးသူများ ဖြစ်သည်။ သို့သော် လုံးဝမစစ်ဆေးသည်ထက်စာလျှင် စိတ်ပိုင်းဆိုင်ရာစစ်ဆေးထားခြင်းက အားသာချက်ရှိသည်ဟု ပညာရှင်တစ်ဦးက ဆိုသည်။

ပေးလိုအားနှင့်ရလိုအား

အလုပ်အကိုင်ရှာဖွေသူများကြားတွင် အလုပ်နယ်ပယ်သို့ ပထမဆုံးအကြိမ်အဖြစ် ဝင်ရောက်မည့်သူများအနေဖြင့် ၎င်းတို့နှင့် ကိုက်ညီသော အလုပ်ရှားပါးမှုဖြင့် ကြုံတွေ့ကြရသည်ဟု အလုပ်ရှာဖွေရေးလုပ်ငန်းများကဆိုသည်။ ပညာအရည်အချင်း သို့မဟုတ် အတွေ့အကြုံလိုအပ်ချက်ကြောင့်ဖြစ်သည်ဟု ဆိုကြသည်။ "ဒီမှာ ဘာသာရပ်နဲ့ ကိုက်ညီတဲ့ Opportunity(အခွင့်အလမ်း) ကနည်းတယ်။ အလုပ်ထဲရောက်တော့မှ သူ Professional (ကျွမ်းကျင်စွာ အသက်မွေးနိုင်သော) လိုချင်တဲ့ဟာ ထပ်တက်မယ်ပေါ့။ တချို့ကျတော့လည်း ကျောင်းပြီးသွားရင် စိတ်ဝင်တစားနဲ့ ပတ်သက်တာကို ဆက်တက်တော့ ဘွဲ့မရပေမယ့် သူလိုချင်တဲ့ Career(အသက်မွေးဝမ်းကျောင်း) ယူသွားတာပေါ့" ဟု ဦးလင်းကျော်ထွန်းက ဆိုသည်။ Supervisor (ကြီးကြပ်သူ) နှင့် Management Level ရှိသူများက ၎င်းတို့၏ အရည်အချင်းကို သိသော်လည်း အလုပ်စတင်ဝင်ရောက်ရန် ကြံရွယ်သူများကမူ သင်တန်းအနည်းငယ်တက်ထားပြီးနောက် လစာကို ဦးစားပေးစဉ်းစားသဖြင့် အလုပ်ရှင်များ၏ အတွေ့အကြုံရှိသူကို ခန့်ထားလိုမှုတို့နှင့် ကြုံတွေ့ရသောအခါ အလုပ်ရရှိရန် နှောင့်နှေးမှုများ တွေ့ရသည်ဟု ၎င်းက သုံးသပ်သည်။ လုပ်ငန်းခွင်တိုက်ရိုက်ဝင်ရောက်နိုင်သော အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာပညာသင်ကြားထားသူများအနေဖြင့် အလုပ်ရှာဖွေရာတွင် ဦးတည်ချက်တိကျမှုရှိကြပြီး အလုပ်ရရှိမှုမှာမူ လစ်လပ်နေရာအနေအထားပေါ်တွင် မူတည်ပြန်သည်ဟု ယင်းလုပ်ငန်းများကဆိုကြသည်။

www.forevergspace.com.mm

မြန်မာနိုင်ငံရှိ ပညာသင်ကြားမှုနယ်ပယ်တွင် ပညာရေးဝန်ကြီးဌာနအပြင် ဝန်ကြီးဌာန ၁၄ ခုခန့်က Certificate (အသိအမှတ်ပြုလက်မှတ်) နှင့် ဒီလိုပမာဘွဲ့များ ပေးအပ်ရာ၌ အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ (Vocational)ဒီလိုပမာ၊ ဘွဲ့များနှင့် ကျွမ်းကျင်မှုပညာရှင်ဆိုင်ရာ ဒီလိုပမာ၊ ဘွဲ့များကမူ သင်ကြားပေးမှုနှင့် လုပ်ငန်းခွင်လိုအပ်ချက်တို့ ကိုက်ညီမှုရှိသည်ကို တွေ့ရသည်။ ဥပမာ–အင်ဂျင်နီယာဖြစ်သည်။ အချို့ဘွဲ့များကမူ လုပ်ငန်းခွင်လိုအပ်ချက်များနှင့် မကိုက်ညီခြင်း၊ အရေအတွက်ပိုလျှံခြင်းများ ဖြစ်ပေါ်နေသည်

ကို တွေ့ရသည်။ ဥပမာအားဖြင့် Academic (ပညာရပ်အပိုင်း) တွင် ပါဝင်သော သမိုင်း ဘာသာအဓိကဖြင့် ဘွဲ့ရသူသည် တက္ကသိုလ်နည်းပြ၊ အထက်တန်းပြ၊ အလွတ်ပညာသင်ကျောင်း၊ နိုင်ငံသမိုင်းဦးစီးဌာနတို့တွင် လုပ်ကိုင်ရန် လျှောက်ထားနိုင်မည်ဖြစ်သော်လည်း ယင်းနေရာဌာနလေးခုတွင် လိုအပ်သောအရေအတွက်နှင့် ဘွဲ့ရအရေအတွက်မှာ အဆပေါင်းများစွာ ကွာဟမှုရှိသည်ကို တွေ့ရမည်ဖြစ်ရာ အသုံးချခွင့် နည်းပါးနေသေးသည်ကို တွေ့နိုင်ပါသည်။ Industry Need (အခွင့်အလမ်း) ထက် အဆမတန်များနေသော အဆိုပါအခြေအနေမျိုးများရှိသကဲ့သို့ ပုဂ္ဂလိကကုမ္ပဏီသောင်းဂဏန်းအရေအတွက်တွင် လိုအပ်နေသော Sales Manager, Marketing Manager, HR Manager များနှင့် သက်ဆိုင်သည့်ဘာသာရပ်ဖြင့် မွေးထုတ်ထားမှုမရှိသေးရာ ယင်းအနေအထားနှင့် ပတ်သက်ပြီး "ဒါဟာ Mismatch များ ဖြစ်နေမလား" ဟု ဦးအေးကျော်က ပညာရေးရှုထောင့်မှ တွေးဆသုံးသပ်သည်။

ကြားနေများနှင့် HR

ဝန်ထမ်းရွေးချယ်မှု၊ ခန့်ထားမှုတို့သည် HR ပညာရပ်၏ တစ်စိတ်တစ်ပိုင်း ဖြစ်ရာ လုပ်ငန်းများ၊ ရုံးများ၌ HR Department များ ဖွဲ့ဖြိုးလာမည်ဆိုပါက ဝန်ထမ်းရွေးချယ်ပေးသော ကြားနေကုမ္ပဏီတို့၏ အခန်းကဏ္ဍမှာ စိတ်ဝင်စားစရာဖြစ်လာသည်။ သို့ရာတွင် လက်ရှိအနေအထားအရ ကုမ္ပဏီအများစုသည် HR ၏ Rule ကို အပြည့်အဝမလုပ်နိုင်သေးဟု ဦးအောင်နိုင်ထွန်းက သုံးသပ်သည်။ "ဒီလိုအခြေအနေမျိုးနဲ့ ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးတွေ ပျောက်မသွားနိုင်ဘူး၊ 2 Decade အတွင်းမှာ ရှိနေဦးမှာ" ဟု ၎င်းက ဆိုသည်။ HR ဖွဲ့ဖြိုးလာရေးမှာ ယင်းပညာရပ်ကို စနစ်တကျ ကျွမ်းကျင်တတ်မြောက်သူ များလာရန်လိုပြီး လုပ်ငန်းရှင်ဘက်မှလည်း HR Department ဖွဲ့စည်းရန် လိုလာသည်ကို လက်ခံလာရမည်ဟု ဦးအေးကျော်က ဆိုသည်။ အနာဂတ်တွင် ကြားနေတို့ ပျောက်ကွယ်သွားမည်မဟုတ်ဘဲ HRနှင့် လက်တွဲလုပ်ဆောင်ရမည့်အနေအထားတစ်ရပ်သို့ ရောက်ရှိလာမည်ဟု ၎င်းက ခန့်မှန်းသုံးသပ်သည်။

နိဂုံး

တရားဝင် လိုင်စင်ရယူပြီးဖြစ်သော ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများနှင့် နှိုင်းစာလျှင် အရေအတွက်များစွာ နည်းပါးနေသော ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်းများအနေဖြင့် ပိုမိုစနစ်ကျသော ပုံသဏ္ဌာန်ဖြင့် လုပ်ဆောင်နိုင်ပြီး ကျယ်ပြန့်စွာ အားစိုက်လုပ်ကိုင်နိုင်သော အနေအထားတစ်ရပ်ကို ရရှိလာပါက ယခုထက်ပိုမိုစွမ်းဆောင်နိုင်သော အလုပ်ရှာဖွေရေးလုပ်ငန်းများ ပေါ်ပေါက်လာနိုင်မည်ဟု ယူဆရပါသည်။ ယင်းကြားနေလုပ်ငန်းတစ်ခုဖြစ်သော Best Select မှ လုပ်ငန်းစီမံခန့်ခွဲသူ ဒေါ်ကြည်ပြုံးမြင့်က "စီးပွားရေးလုပ်ငန်းရှင်တွေ အောင်မြင်လာလေ ကျွန်မတို့ တိုးတက်အောင်မြင်လာလေ" ဟုဆိုသည်။ အစောပိုင်းကာလများက ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်းလိုင်စင် ရယူလုပ်ကိုင်ခဲ့သော အတွေ့အကြုံရှိသူ ဦးအောင်နိုင်ထွန်းက "အေဂျင်စီနဲ့ပတ်သက်တဲ့ Act (ဥပဒေ) တွေရှိပေမယ့် ဒါတွေကပြန်ပြီး Update (မွမ်းမံပြင်ဆင်) လုပ်ရမယ့်ဟာတွေ ပြန်ပြီး Refarm (ပြုပြင်) လုပ်ရမယ့်ဟာတွေ အများကြီးရှိတယ်။ နောက် Flexible (အံဝင်ခွင်ကျ) လုပ်ပေးရမယ့်ဟာတွေ အများကြီးရှိတယ်" ဟု သုံးသပ်ပါသည်။ မည်သို့ပင်ဖြစ်စေ စီးပွားရေးလုပ်ငန်းခွင်၊ ပညာရေးလုပ်ငန်းခွင်များအနေဖြင့် ကိုက်ညီလျော်ကန်သော ဝန်ထမ်းများဖြင့် လုပ်ကိုင်နိုင်ရေးသည် နိုင်ငံတည်ဆောက်ရေးတွင် တစ်စိတ်တစ်ပိုင်းပါဝင်ပတ်သက်နေရာ ကြားနေများ၏ မျှတ၍ စနစ်ကျနသောလုပ်ကိုင်မှု နိုင်ငံတကာနည်းတူ ပုံသဏ္ဌာန်ဖြင့် စွမ်းဆောင်လာနိုင်ရေးတို့မှာ များစွာ အရေးပါလှသည်။

ဇင်ဇင်သော်

www.foreverspace.com.mm

ရန်ကုန် ကုန်စည်ဈေးကွက်

ဇော်ထွဋ်မောင် ၊ သစ်ထွဋ်

ရန်ကုန်မြို့တော် မရမ်းကုန်းမြို့နယ်အတွင်းရှိ ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးကွက်နှင့် လမ်းမတော်မြို့နယ် ညောင်ပင်လေးပလာဇာဈေးကွက်ရှိ ကုန်စည်များကို ဖြန့်ဖြူးရောင်းချရာ လက်လီဈေးကွက်အတွင်းတွင် အခြေခံစားကုန်ပစ္စည်းအချို့ ဈေးနှုန်းကျ၍ အချို့ဈေးနှုန်းတည်ငြိမ်ကာ အချို့အဝယ်လိုက်လျက်ရှိနေပါသည်။ မဟာသင်္ကြန်ပွဲတော်ရက်နီးကပ်လာသည့် အတွက် အဝယ်လိုက်လာခြင်းထက် ကုန်စည်အချို့ ဈေးကျနေချိန်ဖြစ်သောကြောင့် ဈေးနှုန်းပြန်မတက်မီ ဝယ်ယူထားကြခြင်းက ပိုမိုများပြားသည်ဟု ဝယ်ယူသုံးစွဲသည့် စားသုံးသူတို့၏ သတင်းစကားများကို ကိုးကား၍ လက်လီလက်ကားရောင်းချသူ လုပ်ငန်းရှင်အချို့က မတ်လ တတိယပတ်အတွင်းတွင် ပြောကြားကြသည်။

ဆန်ချော‘ငြိမ်’ ဆန်ကြမ်း‘ကျ’

ဈေးနှုန်းအတက်အကျအဖြစ်များသည့် ကုန်စည်များထဲတွင် တစ်ခုအပါအဝင်ဖြစ်ပြီး အလွန်အမင်းဈေးနှုန်းမြင့်တက်သွားမည်ကို စားသုံးသူများက အစဉ်အမြဲစိုးရိမ်မကင်းဖြစ်နေတတ်သည့် ကုန်စည်တစ်ခုဖြစ်သော ဆန်မှာ မတ်လကုန်ခါနီးတွင် အမျိုးအစားကိုလိုက်၍ ဈေးနှုန်းငြိမ်ခြင်း၊ ကျခြင်းများရှိနေပါသည်။ အထူးသဖြင့် ဆန်ကြမ်းများ ဈေးနှုန်းကျဆင်းလျက်ရှိနေသည့်အပြင် ဈေးကွက်အတွင်းသို့လည်း အရေအတွက်များစွာ ဝင်ရောက်လာလျက်ရှိနေပါသည်။



ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း ဆန်ချောဈေးများ တဖြည်းဖြည်းငြိမ်သက်လာခဲ့ပြီး ယခုအခါ အတည်ငြိမ်ဆုံးအနေအထားသို့ ရောက်ရှိနေသည်ဟု ဆိုနိုင်ပါသည်။ အလားတူ ဆန်ကြမ်းများမှာ ဖေဖော်ဝါရီလအတွင်းက ဈေးနှုန်းအမာဘက်တွင်ရှိနေခဲ့သော်လည်း ယခုအခါ သန်လျင်၊ ခရမ်း၊ သုံးခွနှင့် ဟသ်ာတ အစရှိသည့် မြို့များမှ ထွက်ရှိသော နွေဆန်ကြမ်းများ ဝင်ရောက်လာမှုကြောင့် ဈေးနှုန်းများ ကျဆင်းလာခဲ့ခြင်းဖြစ်သည်။

ဆီဈေး ‘လှိုင်းထ’

ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း စားအုန်းဆီဝယ်ယူဖြန့်ဖြူးကြီးကြပ်ရေးကော်မတီက နှစ်ကြိမ်တိုင်တိုင် ဈေးနှုန်းပြောင်းလဲခဲ့သည့် စားအုန်းဆီမှာ ပြင်ပရှိလက်လီဈေးကွက်ထဲတွင် မသိမသာတက်လိုက် မသိမသာကျလိုက်ဖြင့် လှိုင်းထသကဲ့သို့ ဖြစ်ပေါ်လျက်ရှိနေသည်ဟု လက်လီရောင်းချသူအချို့နှင့် စားသုံးသူအချို့ထံမှ စုံစမ်းသိရှိရသည်။

မတ်လ တတိယပတ်အတွင်း ရရှိ

www.foreverspace.com.mm

သော သတင်းများအရ ပြင်ပလက်လီဈေးကွက်အတွင်း စားအုန်းဆီတစ်ပိဿာလျှင် ၂,၀၀၀ ကျပ်ဝန်းကျင်ဖြင့် အရောင်းအဝယ်ဖြစ်နေပြီး မတ်လ ဒုတိယပတ်က ၂၀၀၀ ကျပ်ဝန်းကျင်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်ဟု သိရသည်။ ရန်ကုန်မြို့တော်ရှိ အခွန်လွတ်ဈေးများတွင် ရောင်းချသော မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ စားအုန်းဆီအရောင်းဆိုင်များတွင်သာ တန်းစီဝယ်ယူသူများကို တွေ့မြင်ရပြီး ရပ်ကွက်အတွင်းရှိ အရောင်းဆိုင်အချို့တွင်မူ ဝယ်ယူသူမရှိသလောက် ဖြစ်နေသည်ဟု မျက်မြင်တွေ့ရှိသူများက ဆိုသည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီလက်အောက်ရှိ ဈေးအချို့မှ စားအုန်းဆီအရောင်းဆိုင်အချို့တွင် ပြင်ပ စားအုန်းဆီပေါက်ဈေးထက် လျော့နည်းပြီး ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းက ရောင်းချပေးသည့် ဈေးထက်လည်း အနည်းငယ်ပိုသောနှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်ဟု အိမ်ရှင်မအချို့ထံမှ သိရသည်။

ကြက်သွန်နီ 'ကျဆင်း'

ဈေးကွက်အတွင်း၌ ကြက်သွန်နီဈေးများ ဆက်တိုက်ကျဆင်းလာသောကြောင့် နယ်ဒေသမှ လာရောက်ရောင်းချသူကုန်သည်အချို့ များစွာအရှုံးပေါ်ခဲ့သည်ဟု ဘုရင့်နောင်ကုန်သည်အသိုင်းအဝိုင်းက ပြောဆိုကြသော်လည်း ဝယ်ယူသုံးစွဲသည့် စားသုံးသူများမှာမူ ယင်းသို့ဈေးနှုန်းများ ကျဆင်းလာခြင်းကို ဝမ်းမြောက်ဝမ်းသာ ဖြစ်လျက်ရှိကြသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်းက မြင်းခြံမြို့ရှိ ဒေသခံလုပ်ငန်းရှင်များကို မတ်လ ၃ ရက်နေ့က မဏ္ဍိကဥ္စနခန်းမတွင် တွေ့ဆုံရာ၌ ကြက်သွန်နီကို လက်ရှိအခြေအနေတွင် ပြည်တွင်းဈေးနှုန်းတည်ငြိမ်ရေးကို သာ ဦးစားပေးမည်ဖြစ်ပြီး ပြည်ပတင်ပို့ရန်မရှိသေးကြောင်း ပြောကြားခဲ့သည်ဟု Associated News ၏ သတင်းပေးပို့ချက်ကို မတ်လ ၁၉ ရက်နေ့ထုတ် The

Voice Weekly တွင် ဖော်ပြထားသည်။

မတ်လ တတိယပတ်အတွင်းရှိသော သတင်းများအရ လက်လီဈေးကွက်ထဲတွင် ကြက်သွန်နီအလုံးသေးများက ကြက်သွန်နီအလုံးကြီးများထက် ဈေးကောင်းလျက်ရှိနေကြောင်း သိရသည်။ ဈေးကွက်အတွင်းရှိ ကြက်သွန်နီများကို ဝယ်ယူ၍ ပြည်ပသို့ တင်ပို့ခြင်းကို လုံးဝခွင့်ပြုမည်မဟုတ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးက ထုတ်ဖော်ပြောကြားခဲ့ပြီး ဖြစ်သည်။

ပြည်ပသို့တင်ပို့ခွင့်မပြုကြောင်း တရားဝင်သတင်းထုတ်ပြန်ခဲ့ပြီးနောက် ဈေးကွက်အတွင်း၌ ကြက်သွန်နီဈေးများ ဆက်တိုက်ကျဆင်းလာကာ နယ်မှ ရန်ကုန်သို့ ကြက်သွန်နီ လာရောက်ရောင်းချသော ကုန်သည်ပွဲစားများမှာ အရှုံးနှင့် ရင်ဆိုင်ကြရသည်။ တောင်သူများထံမှ ဝယ်ယူရသော ဈေးမှာ ရန်ကုန်ပေါက်ဈေး ထက်မြင့်နေခြင်းကြောင့် ယင်းသို့ အရှုံးပေါ်ခဲ့ရခြင်းဖြစ်ကြောင်း ကုန်သည်အချို့က ပြောကြားသည်။

ယင်းဖြစ်စဉ်ကိုကြည့်ခြင်းအားဖြင့် နယ်မှ ကုန်သည်ပွဲစားများအနေဖြင့် ရန်ကုန်ပေါက်ဈေးကို အချိန်နှင့်တစ်ပြေးညီ မသိရှိကြသောကြောင့်ဖြစ်သည်ဟု ဈေးကွက်အတွင်းက သုံးသပ်ကြသည်။



www.foreverspace.com.mm

ညောင်ပင်လေးဈေး

ရန်ကုန်မြို့တော်ရှိ ညောင်ပင်လေးဈေးကြီးအတွင်း မတ်လဆန်းတွင် ငြိမ်ခဲ့သောအရောင်းအဝယ်များမှာ မတ်လကုန်ပိုင်းသို့ ရောက်သည်နှင့် တစ်ပြိုင်နက် လူပ်ရှားလာရာ အရောင်းအဝယ်သိသာစွာ တိုးတက်လာခဲ့ကြောင်း အဆိုပါဈေးမှ စုံစမ်းသိရှိရသည်။ ယခုနှစ် သင်္ကြန်ကာလရုံးပိတ်ရက်ကို ၁၀ ရက် သတ်မှတ်ထားသော်လည်း ဈေးပိတ်ရက်ကိုမူ ယမန်နှစ်များ၏ အကြိုနေ့မှ နှစ်ဆန်းတစ်ရက်နေ့အထိ ၁၂ ရက် သတ်မှတ်ချက်ကို ရက်တိုးသတ်မှတ်မည့်အစီအစဉ်ကို သက်ဆိုင်ရာမှ ထုတ်ပြန်ခြင်းမရှိသေးသောကြောင့် တစ်ဆင့်ပြန်လည်ရောင်းချသူတို့၏ ကုန်ပစ္စည်းဝယ်ယူရာ ဈေးကွက်အတွင်း မတ်လကုန်ပိုင်းအရောက်တွင် ဝယ်လိုအားရုတ်ခြည်းတက်လာမှုကြောင့် စားသောက်ကုန်အချို့ဈေးနှုန်းအမြင့်သို့ရောက်ရှိနေကြောင်း တွေ့ရသည်။

အချိုရည်မျိုးစုံ ဝယ်လိုအားတက်

သင်္ကြန်ကာလနီးကပ်လာသည်နှင့်အမျှ အချိုရည်ဈေးကွက်မှ ဝယ်လိုအားသိသာစွာ တက်လာပြီး အချိုရည်အချို့ဈေးနှုန်းအမြင့်သို့ ရောက်ရှိသွားကြောင်း သိရသည်။ ဈေးနှုန်းတက်ရိပ်ပြသည့် အချိုရည်များမှာ ပြည်တွင်းတွင်ထုတ်လုပ်ရောင်းချလျက်ရှိသည့် အချိုရည်များဖြစ်ကြောင်း၊ ထူးခြားချက်မှာ ယခင် သင်္ကြားဈေးနှုန်းအရသာပြောင်းလဲမှုရှိသည့် အချိုရည်ဈေးနှုန်းမှာ သင်္ကြားဈေးနှုန်းမြင့်တက်ခြင်းမရှိဘဲ အချိုရည်ဈေးနှုန်းများသာ မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း လုပ်သက်ရင့်ကုန်စုံဆိုင်လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။ အဓိကအားဖြင့် သင်္ကြန်ကာလကို မှီ၍ ဈေးနှုန်းများကို အမြင့်သို့ ခေါ်ရောင်းချလာခြင်းဖြစ်သည်။ ပြည်ပထုတ်အချိုရည်များမှာလည်း ဝယ်လို အားတက်လျက်ရှိပြီး ကုန်ဝင်လမ်းကြောင်းများအရ ကုန်ပစ္စည်းအဝင် အပြောင်းအလဲရှိကြောင်း သိရသည်။ ပြည်တွင်းအချိုရည်များမှာ တစ်ကတ်လျှင် ကျပ် ၂၀၀ ခန့်စီ မြင့်တက်လာခဲ့ပြီး ဈေးကွက်ဝယ်လိုအားမှာ ဆက်လက်မြင့်တက်နိုင်ကြောင်း အဆိုပါဈေးမှ စုံစမ်းသိရှိရသည်။

ဆပ်ပြာ၊ ဆပ်ပြာမှုန့်တံဆိပ်သစ်ဝင်ရောက်

ဆပ်ပြာဈေးကွက်အတွင်း ကြော်ငြာအားအသုံးပြုပြီး ဝင်ရောက်လာသည့် Procare ဆပ်ပြာမှာ ဈေးကွက်ဝယ်လိုအားသိသာစွာ မြင့်တက်လာခြင်းမရှိသော်လည်း မကြာမီဈေးကွက်ဝေစုအချို့ ရလာနိုင်ကြောင်း အဆိုပါဈေးမှ ကုန်စုံဆိုင်လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

ဆပ်ပြာများတွင် ရနံ့ပေါင်းစုံထည့်သွင်း၍ ပြည်တွင်း၌အပြိုင်အဆိုင်ထုတ်လုပ်ရောင်းချလျက်ရှိရာ ဈေးကွက်ဝေစုရရှိမှုပုံသဏ္ဌာန်များမှာ ငြိမ်သက်မှုမရှိကြောင်း၊ အရည်အသွေးကောင်းသည့် ဆပ်ပြာအမျိုးအစားသာ ဈေးကွက်ဝေစုအခိုင်အမာရရှိကြောင်း သိရသည်။ မတ်လအတွင်း ဆပ်ပြာအမှတ်တံဆိပ်သစ်အချို့ ဝင်ရောက်ခဲ့ပြီး ဝယ်လိုအားပုံမှန်ရှိကြောင်း သိရသည်။ ဆပ်ပြာမှုန့်တွင်လည်း အမှတ်တံဆိပ်သစ်အချို့ ဝင်ရောက်ခဲ့ပြီး ဆပ်ပြာအဆီကဲ့သို့ အဝတ်လျှော်ရာတွင်အသုံးပြုနိုင်သည့် ဆပ်ပြာအရည်များလည်း ဝင်ရောက်ခဲ့ကြောင်း အဆိုပါဈေးမှ စုံစမ်းသိရှိရသည်။ ဆပ်ပြာနှင့် ဆပ်ပြာမှုန့်ဈေးနှုန်းများ ပုံမှန်ရှိပြီး လာမည့်သင်္ကြန်ကာလတွင် ပြုလုပ်မည့် အလှူအတန်းများအတွက် မတ်လကုန်ပိုင်းတွင် ရောင်းအားတက်လျက်ရှိကြောင်း တွေ့ရသည်။

နို့ဆီဈေးမြင့်၊ သကြားပုံမှန်

နို့ဆီဈေးကွက်တွင် ဈေးကွက်ဝေစုအများဆုံးရရှိထားသည့် Dawn နို့ဆီမှာ တစ်ဘူးလျှင် ၇၅၅ ကျပ်သို့ မတ်လကုန်ပိုင်းတွင် ရောက်ရှိခဲ့ရာ ယင်း၏သက်တမ်းတွင် ဈေးအမြင့်ဆုံးသို့ ရောက်ရှိလာခြင်းဖြစ်သည်။ ယင်းနို့ဆီကို ပြည်ပမှ တင်သွင်းလာခြင်းဖြစ်ပြီး တင်သွင်းသည့် ကုမ္ပဏီအချို့မှ ဈေးခေါ်ရောင်းခြင်း၊ ယင်းကုမ္ပဏီထုတ်ကော်ဖီမစ်ကဲ့သို့ ကုန်စည်မျိုးနှင့် တွဲဖက်ရောင်းချခြင်းများ မတ်လအတွင်း ပြုလုပ်ခဲ့ကြောင်း စုံစမ်းသိရှိရသည်။ ပြည်တွင်းထုတ် နို့ဆီဘူးဈေးနှုန်းများမှာ အနည်းငယ်သာ တက်ရိပ်ပြခဲ့ပြီး ဝယ်လိုအားမှာမူ



www.foreverspace.com.mm

အားကောင်းလျက်ရှိကြောင်း သိရသည်။ သကြားစျေးနှုန်းများမှာ ယမန်လများအပိုင်း ပုံမှန်ရှိနေသော်လည်း ယင်းနှင့်ဆက်စပ်သည့် စားသောက်ကုန်ထုတ်လုပ်ငန်းများမှာမူ စျေးတက်ရိပ်ပြလျက်ရှိခြင်းကြောင့် သကြားစျေးနှုန်းများ တက်ရိပ်ပြလာဖွယ်ရှိကြောင်း ကုန်စုံဆိုင်လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

ငါးသေတ္တာ ဝယ်လိုအားကောင်း

သင်္ကြန်ကာလတွင် ကျင်းပမည့် အလှူဒါနများနှင့် ရက်ရှည်ပိတ်ရက်ကြောင့် စျေးဖွင့်ပိတ်ရက်ပြောင်းလဲမည့်အခြေအနေကြောင့် သားငါးသေတ္တာများ ရောင်းအားသိသာစွာတက်လျက်ရှိကြောင်း သိရသည်။ သားငါးသေတ္တာများ၏ စျေးနှုန်းသင့်လျော်ခြင်း၊ အလွယ်တကူချက်ပြုတ်စားသုံးနိုင်ခြင်းနှင့် အမျိုးအစားစုံလင်စွာ ထုတ်လုပ်ရောင်းချလာမှုကြောင့် စားသုံးသူဝယ်လိုအားတက်လာကြောင်း မတ်လကုန်ပိုင်းတွင် စုံစမ်းသိရှိရသည်။

မင်္ဂလာရှိသောနှစ်သစ်နှင့် မင်္ဂလာရှိသောစျေးကွက်

မတ်လနှောင်းပိုင်းတွင် မရှိမဖြစ်အခြေခံစားသောက်ကုန်စည်အချို့နှင့် ငွေကြေးနေရာချထားရန်အလို့ငှာ စျေးကစားလေ့ရှိသည့် တန်ဖိုးခိုင်မာအခြေပစ္စည်းများ၏ စျေးနှုန်းများမှာ သင်္ကြန်ကာလ ပိတ်ရက်ရှည်အတွင်း စျေးကွက်၌ ကြီးကြီးမားမား အပြောင်းအလဲဖြစ်ပေါ်မည်ကို ချွင့်တွက်၍ တရိပ်ရိပ်ပြောင်းလဲမြင့်တက်လာမည့်အရိပ်အယောင်များ တွေ့မြင်ရသည်။

မည်သို့ပင်ဖြစ်စေ မင်္ဂလာရှိသော မြန်မာနှစ်သစ်ကူးအခါသမယတွင် စျေးကွက်တစ်ခုအတွင်း မဖြစ်မနေ ပါဝင်ပတ်သက်နေကြသည့် နိုင်ငံသူနိုင်ငံသားအားလုံးအနေဖြင့် ပမာဏသေးငယ်သော စျေးကွက်တစ်ခုဖွံ့ဖြိုးရေးမှသည် နိုင်ငံ၏ စီးပွားရေးကဏ္ဍတစ်ရပ်လုံးဖွံ့ဖြိုးရေးအထိ မိမိတို့ကျရာအခန်းကဏ္ဍအသီးသီးမှနေ၍ ရိုးဖြောင့်သောစေတနာမှန်ဖြင့် ဝိုင်းဝန်းကြိုးစားမြှင့်တင်ကြရမည်ဖြစ်ပါသည်။ များစွာအရေးကြီး

သည်မှာ စျေးကွက်တစ်ခုဖွံ့ဖြိုးရန် သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်မီး၊ ဆက်သွယ်ရေးစနစ် စသည့် မရှိမဖြစ် အခြေခံအဆောက်အဦများ ပြည့်စုံစွာ ဖြည့်ဆည်းရေးနှင့် ရင်းနှီးမြှုပ်နှံသူများနှင့် ကုန်သွယ်လုပ်ကိုင်သူများ လုပ်သာကိုင်သာရှိမည့် အားကောင်းစနစ်ကျသည့် မူဝါဒစည်းမျဉ်းများ ခိုင်မာစွာရှိနေရေးပင် ဖြစ်ပါသည်။ စျေးကွက်တစ်ခုကိုသော်လည်းကောင်း၊ နိုင်ငံ၏ စီးပွားရေးကဏ္ဍတစ်ရပ်လုံးကိုသော်လည်းကောင်း၊ နိုင်ငံတစ်ခုလုံး၌ နယ်ပယ်အသီးသီးကို သော်လည်းကောင်း မင်္ဂလာရှိသော နှစ်သစ်အခါသမယ၌ အမှန်တကယ်ဖွံ့ဖြိုးတိုးတက်လိုပါလျှင် ယင်းနှင့်ဆန့်ကျင်ဘက် အနုတ်လက္ခဏာသဘောဆောင်သောရလဒ်များ၊ ဖြစ်ပေါ်စေမည့်အတွေးအကြံလုပ်ရပ်များကို နှစ်ဟောင်းတွင် ခဝါချ၍ သက်ဆိုင်ရာနယ်ပယ်အလိုက် စိတ်ကောင်းစေတနာအမှန်ဖြင့် သွင်းအားစုများပေးသွင်းမည့် ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ၊ အကြံဉာဏ်များကို ရယူရန်သာလိုကြောင်း အစဉ်တစိုက် စျေးကွက်လေ့လာသူများက အကြံပြုသုံးသပ်ကြသည်။

မည်သည့်နယ်ပယ်တွင်မဆို မရှိမဖြစ်အခြေခံအဆောက်အဦဆိုင်ရာပစ္စည်းများဖြစ်သည့် တယ်လီဖုန်း၊ ဖက်စ်၊ အီးမေးလ် အစရှိသည့် ဆက်သွယ်ရေးစနစ်များ အားနည်းသောကြောင့်လည်းကောင်း၊ နေ့စဉ်နှင့်အမျှ ပြောင်းလဲနေသော ကုန်စည်စျေးနှုန်းများကို ကုန်သည်နှင့် ပွဲစားများကိုယ်တိုင်က အချိန်နှင့် တစ်ပြေးညီသိရှိနိုင်ရန် ကြိုးပမ်းမှုအားနည်းသောကြောင့် လည်းကောင်း၊ ကုန်စျေးနှုန်းသတင်းအချက်အလက်များ၏ အသုံးဝင်ပုံကို မသိရှိကြသောကြောင့်လည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေးပိုင်းအား နည်းသောကြောင့်လည်းကောင်း စျေးကွက်ရှိ ကုန်စည်ပေါက်စျေးများကို အချိန်မီမသိရှိကြပါ။

ယင်းအားနည်းချက်များ၏ အကျိုးဆက်ကို စိုက်ပျိုးသူများ၊ ကုန်သည်ပွဲစားများ သာမက စားသုံးသူများအပါအဝင် နိုင်ငံတစ်ခုလုံး ချိတ်ဆက်ပတ်သက်နေသော နယ်ပယ်အားလုံးပါ သက်ရောက်မှုရှိစေမည်ဖြစ်ရာ ဆိုင်ရာကဏ္ဍအလိုက် ပြင်ဆင်ဖြည့်ဆည်းသွားမှသာလျှင် ကုန်စည်စီးဆင်းမှုမှန်ကန်မြန်ဆန်လာမည်ဖြစ်သည့်အပြင် ကုန်စျေးနှုန်းထိန်းသိမ်းရေးအတွက်လည်းများစွာ အထောက်အကူပြုရာရောက်မည်ဖြစ်ပါသည်။

ဇော်ထွဋ်မောင် ၊ သစ်ထွဋ်

■

www.foreverspace.com.mm

ဤကဏ္ဍတွင် . . . . .
၉၈ အမြန်ကမ္ဘာနှင့် ဒစ်ဂျစ်တယ်လိုင်းစီးသူများ
၁၀၂ အခြေခံပြည်သူ့ရေးရာဝန်ဆောင်မှု

အမြန်ကမ္ဘာနှင့် ဒစ်ဂျစ်တယ်လိုင်းစီးသူများ

အောင်ထွဋ်

ယနေ့ ကမ္ဘာနှင့်အဝန်းဖြစ်ထွန်းလာနေသော ဒစ်ဂျစ်တယ်ယဉ်ကျေးမှုအသစ်သည် အဆိုပါနည်းပညာနှင့် ယဉ်ပါးသူများကို များစွာလွယ်ကူအဆင်ပြေသောအနေအထားသို့ပြောင်းလဲပေးနေသော်လည်း ခေတ်ပေါ် 'အ'သုံးလုံးမကျေသူများမှာမူ ကြီးပွားတိုးတက်ရန် အကန့်အသတ်ရှိလာသည်ကို တွေ့ရသည်။

အင်္ဂလိပ်စာ၊ အိုင်တီခေါ် သတင်းနည်းပညာနှင့် အင်တာနက်တို့သည် ယနေ့ဖြစ်ပေါ်လာသော ဒစ်ဂျစ်တယ်ယဉ်ကျေးမှု၏ အသက်ဖြစ်သည်။ ယခင်က ထို'အ'သုံးလုံးမကျေသူများနှင့် ထို'အ'သုံးလုံးကျေသူများအကြား အခွင့်အလမ်းကွာဟမှု မသိသာသေးသော်လည်း မြန်မာနိုင်ငံမြန်နှုန်းနှင့် နောင်ဆယ်နှစ်အကြာတွင် များစွာသိသာသွားတော့မည်ဖြစ်သည်။ ဈေးကွက်စီးပွားရေးခေတ်ဦးဖြစ်သောကြောင့် ဤ'အ'သုံးလုံးမကျေဘဲ ကြီးပွားချမ်းသာနေသူများစွာ တွေ့မြင်နိုင်သေးသော်လည်း ဤဇာတ်လမ်းမှာ မကြာမီ ပုံပြင်ဖြစ်သွားတော့မည်ဖြစ်သည်။

အမှန်အားဖြင့် ခေတ်သစ်'အ'သုံးလုံးကျေသူများသည်ပင် ၂၁ ရာစု ဒစ်ဂျစ်တယ်ယဉ်ကျေးမှု ရှုထောင့်မှကြည့်လျှင် digital intellectual ခေါ် ဒစ်ဂျစ်တယ် ပညာတတ်များဟု ပြောရမလိုသေးပါ။ 'အ'သုံးလုံးကျခြင်းသည် စာတတ်မြောက်ခြင်းသက်

www.foreverplace.com.mm

သက်သာဖြစ်ပြီး ဘွဲ့တစ်ခုရရှိရန် ခရီးရှည်ကြီးကျနေရခြင်းသေးသကဲ့သို့ပင် ခေတ်သစ်'အ'သုံးလုံးသက်သက် ကျွမ်းကျင်သူများသည် များစွာကြိုးစားကြပြီးမှသာ ဒစ်ဂျစ်တယ်စနစ်၏ အားသာချက်များကို အသုံးပြု၍ သက်သောင့်သက်သာ ဘဝကို ရရှိနိုင်ကြမည်ဖြစ်ပေသည်။

ယူးတွဲပါ အမှတ်ပေးဇယားကို ကြည့်လျှင် ခေတ်သစ်'အ'သုံးလုံးနှင့် ပတ်သက်၍ မိမိမည်သည့်အဆင့်ရှိသည်ကို အလွယ်တကူသုံးသပ်နိုင်ပါလိမ့်မည်။ ပထမဦးစွာ အင်္ဂလိပ်စာနှင့် ပတ်သက်၍ ဖော်ပြလိုပါသည်။ အင်္ဂလိပ်ဘာသာသည် ဒစ်ဂျစ်တယ်အမြန်လမ်းပေါ်တွင် အကောင်းဆုံးယာဉ်ဖြစ်ရာ ထိုယာဉ်ကို မစီးနိုင်သရွေ့ ခရီးမပေါက်နိုင်ပါ။ သက်ဆိုင်ရာနိုင်ငံအသီးသီးက e-Government ခေါ်လမ်း လှမ်းကြရာတွင်လည်း နောက်ဆုံးတွင် အင်္ဂလိပ်စာကြောင့် အခက်အခဲဖြစ်ကြရမည်ဖြစ်သည်။ ကမ္ဘာကြီး တဖြည်းဖြည်းပိုမိုချိတ်ဆက်လာသည်နှင့်အမျှ ကမ္ဘာသုံးဘာသာ

သင့်ကိုယ်သင်အမှတ်ပေးကြည့်ပါ။
Web age တွင် သင့်အခွင့်အလမ်း မည်မျှရှိသလဲ။

အင်္ဂလိပ်စာ	၁။ အင်္ဂလိပ်စာရေးတတ်၊ ဖတ်တတ်ရုံ။ ၂။ အင်္ဂလိပ်ဘာသာဖြင့် ဖတ်နိုင်၊ ပြောဆိုနိုင်သည်။ ၃။ အင်္ဂလိပ်ဘာသာဖြင့် ရေးနိုင်၊ ဖတ်နိုင်၊ ငြင်းခုံနိုင်သည်။	၁ မှတ် ၂ မှတ် ၃ မှတ်	အမှတ်ပြည့်မှာ (၃) မှတ်
IT & အင်တာနက်	၁။ ကွန်ပျူတာသုံးတတ်သည်။ ၂။ အင်တာနက်သုံးသည်။ ၃။ အင်တာနက်သုံးသည်။ ကိုယ်ပိုင်အမည်ဖြင့် e-mail ရှိသည်။	၁ မှတ် ၂ မှတ် ၃ မှတ်	အမှတ်ပြည့်မှာ (၃) မှတ်
ပတ်ဝန်းကျင်	၁။ မိတ်ဆွေများအတွက် gmail invite လုပ်ပေးဖူးသည်။ ၂။ မိတ်ဆွေများအတွက် gmail invite လုပ်ပေးဖူးသည်။ Mail Box အတွင်း ဝင်စာ နေ့စဉ်ရှိသည်။ ၃။ မိတ်ဆွေများအတွက် gmail invite လုပ်ပေးဖူးသည်။ နေ့စဉ် gmail (၅)စောင်အထက်ပြန်ကြားရသည်။	၁ မှတ် ၂ မှတ် (၃) မှတ်	အမှတ်ပြည့်မှာ (၃) မှတ်
	အမှတ်ပြည့်မှာ		(၉) မှတ်

၁။ ၃ မှတ်ရလျှင် အခွင့်အလမ်း ၂၅% ရှိသူဖြစ်သည်။
၂။ ၄ မှတ်နှင့် အထက်ရရှိသူများသည် အခွင့်အလမ်း ၅၀% ရှိသူ/ အသုံးချသူများဖြစ်သည်။
၃။ ၆ မှတ်နှင့်အထက်ရရှိသူများသည် အခွင့်အလမ်း ၇၅ % ရှိသူ/ အသုံးချသူများဖြစ်သည်။
၄။ ၉ မှတ် အမှတ်ပြည့်ရရှိသူများသည် အခွင့်အလမ်း ၁၀၀% ရှိသူ/ အသုံးချသူများဖြစ်သည်။
(ဤအမှတ်ပေးစည်းမျဉ်းကို AIT ALUMNI တစ်ဦးနှင့် YALE ALU MNI တစ်ဦးပူးပေါင်းရေးဆွဲသည်။ ဤအမှတ်ပေးစည်းမျဉ်းကို Tin &Win Web age Opportunity Score ဟုကိုးကား၍ လွတ်လပ်စွာအသုံးပြုနိုင်ပါသည်။)

အယ်ဒီတာ

	အိုင်တီ အင်တာနက်	အိုင်တီ အင်တာနက်
အင်္ဂလိပ်စာ	၁၀၀%	၅၀%
အင်္ဂလိပ်စာ	၅၀%	၂၅%

www.foreverspace.com.mm

စကားဖြစ်သော်၊ အင်္ဂလိပ်စာ၏ အရေးပါမှုကို ယခုထက်ပိုမိုမြင်တွေ့ရဖွယ်ရှိပါသည်။ အမေရိကန်ဒေါ်လာသည် အမေရိကန်တို့နိုင် ငွေကြေးဖြစ်သော်လည်း တစ်ဖက်တွင် ကမ္ဘာသုံးငွေကြေးဖြစ်နေသောကြောင့် ကမ္ဘာပေါ်ရှိ မည်သည့်နိုင်ငံကိုမဆို ဤငွေကြေးတစ်မျိုးတည်းယူဆောင်၍ ခရီးသွားနိုင်ကြပါသည်။ အင်္ဂလိပ်စာသည်လည်း ထိုနည်းလည်းကောင်းပင် ဖြစ်ပါသည်။ ပူးတွဲပါ အမှတ်ပေးဇယားကို ကြည့်လျှင် အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှုကို အဆင့်သုံးဆင့်ခွဲ၍ အမှတ်သုံးမျိုးပေးထားသည်ကို တွေ့နိုင်ပါသည်။ သုံးမှတ်မရလျှင် ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်သောအဆင့်မရှိသေး သို့မဟုတ် ဒေသစုခွဲ အပြင်မထွက်နိုင်ဟု ပြောရမည်သာဖြစ်ပေသည်။ ကမ္ဘာနှင့် ရင်ပေါင်တန်းရေးဆိုသောစကားရပ်ကို အများ နားလည်လွယ်အောင် သုံးနှုန်းလိုက်ရသော်လည်း ဒေသတွင်း၊ နိုင်ငံတွင်း ထူးခြားသော အောင်မြင်မှုများရရှိရေးအတွက် မဖြစ်မနေ လိုအပ်သောအနေအထားကို ဆိုလိုပါသည်။ နိုင်ငံပြင်ပသို့ထွက်၍ အလုပ်လုပ်ရန် စဉ်းစားသူများအတွက်သာ ဖြစ်သည်ဟု ကွက်၍မစဉ်းစားစေလိုပါ။ ပွင့်လင်းစွာပြောရလျှင် ယနေ့မြန်မာဘာသာနှင့်ရှိနေသော စာအုပ်စာတမ်းများ၊ ရေးသားဖော်ပြပုံ အားလုံးသည် နိုင်ငံသားများအား ဒေသတွင်းနိုင်ငံများနှင့် အမှီလိုက်နိုင်ရေး အသိဉာဏ်ဖြစ်ပေါ်မှုကို အထောက်အပံ့မပေးနိုင်သလောက်ဖြစ်ရာ ကမ္ဘာသုံးဘာသာစကားနှင့် ယဉ်ပါးခြင်းမရှိလျှင် အသိဉာဏ်အကန့်အသတ်ဖြင့် ကျန်ရစ်ခဲ့မည်သာ ဖြစ်ပေသည်။

အိုင်တီဒေါ် သတင်းနည်းပညာသည် ကွန်ပျူတာပညာသက်သက်မဟုတ်ပါ။ သတင်းနည်းပညာကို အစွမ်းကုန်အသုံးချနိုင်သော (Effective Utilization of IT Tools) အဆင့်မရှိလျှင် ရှေ့လာမည့်နှစ်များတွင် လူတန်းစေ့ရန်အခက်အခဲရှိသွားတော့မည်ဖြစ်သည်။ ယခုပြည်ပထွက်ခွာခွင့် Dပုံစံကို Onlineမှတစ်ပါး၊ အခြားနည်းလမ်းဖြင့် မရနိုင်တော့ပါ။ လူသားတို့နေ့စဉ်ဘဝတွင် လိုအပ်ချက်အတော်များများကို စိတ်သွားတိုင်းကိုယ်ပါနိုင်စေရန် အဓိက ပံ့ပိုးခဲ့သည်မှာ သတင်းနည်းပညာဖြစ်ပါသည်။ အထူးသဖြင့် ယခင် Analogueခေါ် အင်နာလော့စနစ်ဖြင့် အသုံးပြုနေခဲ့သော အရပ်အသံ၊ ရုပ်ရှင်၊ စာသားနှင့် အခြားအရာများစွာ ဒစ်ဂျစ်တယ်ဖြစ်သွားခဲ့ရာတွင် အားလုံးတစ်သဘောတည်း ဖြစ်သွားပြီး ကွန်ပျူတာတစ်လုံးဖြင့် အရာရာကို စီမံနိုင်သွားခြင်းဖြစ်သည်။ လက်ရေးဖြင့် ရေးထားသော မိဘထံပေးစာတစ်စောင်ကို ဒစ်ဂျစ်တယ်ကင်မရာဖြင့် ရိုက်ယူခဲ့ပါလျှင် အဆိုပါ လက်ရေးမူမှာ ဒစ်ဂျစ်တယ်စနစ်ထဲသို့ အလွယ်တကူရောက်ရှိသွားနိုင်သော အခြေအနေကို ရရှိလာသည်မှာ မကြာသေးပါ။ ဤမျှအစွမ်းထက်သော ဒစ်ဂျစ်တယ်ကင်မရာများကို မိုဘိုင်းလ်ဖုန်းများတွင် ထည့်သွင်းလာသည်မှာ တစ်နှစ်ခန့်သာရှိပါသေးသည်။ ထိုသို့ အရာရာဒစ်ဂျစ်တယ်ဖြစ်သွားခြင်းသည် ကွန်ပျူတာတစ်လုံးအပေါ်မှနေ၍ အရာရာစီမံခန့်ခွဲနိုင်ရန် များစွာလွယ်ကူသွားခြင်းပင်ဖြစ်ရာ အိုင်တီကို ယဉ်ပါးနေသူများသည် ထမင်းစားခြင်း၊ ရေသောက်ခြင်းမှတစ်ပါး အခြားအရာရာကို ထိုင်ရာမထပြုလုပ်နိုင်သည့် အနေအထားကို ရရှိလာခြင်း ဖြစ်ပါသည်။ ယခုအခါ မြန်မာနိုင်ငံ ရန်ကုန်မြို့တော်မှ နေ၍ လေယာဉ်လက်မှတ်ဝယ်ခြင်း၊ လေယာဉ်လက်မှတ်ရက်ပြောင်းခြင်း၊ ဟိုတယ် Booking ပြုလုပ်ခြင်း၊ လေယာဉ်ပျံထိုင်ခုံရွေးခြင်း၊ ဘဏ်စာရင်းစစ်ဆေးခြင်း၊ ဘဏ်စာရင်းလွှဲပြောင်းခြင်း၊ ဘောလုံးပွဲ ဘွတ်ကီးထံကြေးထပ်ခြင်း၊ သီချင်းနားထောင်ခြင်း၊ ရုပ်ရှင် Download ပြုလုပ်ကြည့်ရှုခြင်းများကို ပြုလုပ်နေသူများ ရှိပါသည်။ e-departure form မှာ ဒစ်ဂျစ်တယ်ယဉ်ကျေးမှု၏အစဖြစ်ပြီး နောင်တွင် ဒစ်ဂျစ်တယ်ငွေကြေးစနစ်တစ်ခု ခွင့်ပြုခဲ့ပါလျှင် နောက်ထပ် လမ်းပွင့်သွားစရာများစွာ ရှိနေပါသေးသည်။ မည်သို့ပင်ဖြစ်စေ အားလုံး ဒစ်ဂျစ်တယ်ဖြစ်လာနေသောကြောင့် ကွန်ပျူတာနှင့် အင်တာနက်ရှိသည့်နေရာမှ သွားစရာမလိုဘဲ အလုပ်လုပ်နိုင်သော အခြေအနေတစ်ရပ် ဖြစ်ပေါ်လာနေပြီ ဖြစ်ပါသည်။ ရုံးလုပ်ငန်းစနစ်ကို ဒစ်ဂျစ်တယ်ဖြစ်အောင် ပြောင်းနိုင်ပြီး ရုံးဝန်ထမ်းအားလုံး IT အကျွမ်းတဝင်ဖြစ်လျှင် ရုံးခန်းကြီးများပင်မလိုဘဲ ကြံရာနေရာမှ အလုပ်လုပ်နိုင်တော့မည်ဖြစ်သည်။ ခေတ်သစ်'အ'သုံး

www.foreverspace.com.mm

လုံးတွင် အင်တာနက်ကို သီးခြားခွဲထုတ်၍ ဖော်ပြခြင်းမှာ အင်တာနက်မှာ အားသာချက်များစွာရှိနေသောကြောင့်ဖြစ်သည်။ တစ်နေရာမှ တစ်နေရာသို့ ဒစ်ဂျစ်တယ်ဖိုင်များပေးပို့နိုင်သော e-mail စနစ်မှာ အင်တာနက်၏ အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။ အင်တာနက်စနစ်တွင် အားသာချက်များရှိ မရှိကို VZO ရုပ်သံလွှင့်အသုံးပြု၍ ပြည်ပမှ သားသမီး၊ လုပ်ဖော်ကိုင်ဖက်၊ ဆွေမျိုးသားချင်းများနှင့် အခမဲ့ဆက်သွယ်ပြောဆိုနေသူအားလုံးကို မေးကြည့်နိုင်ပါသည်။ VZOကဲ့သို့ VOIP စနစ်ကို အသုံးပြုနိုင်လာခြင်းမှာ အားလုံး ဒစ်ဂျစ်တယ်ဖြစ်သွားသောကြောင့် ဖြစ်ပါသည်။

တယ်လီဖုန်းစနစ်ကဲ့သို့ အချိန်နှင့်တစ်ပြေးညီ မလိုအပ်သောကိစ္စများတွင် ဒစ်ဂျစ်တယ်ဖိုင်များကို တစ်နေရာမှတစ်နေရာသို့ ခုပို့ခုရောက်ဝန်ဆောင်မှုပေးသော ဒစ်ဂျစ်တယ်စာတိုက်စနစ်မှာ e-mail ဖြစ်သည်။ အသံဖိုင်များကို MP3 အဖြစ်လည်းကောင်း၊ ရုပ်သံဖိုင်များကို Windows media file ဖြင့်လည်းကောင်း၊ ဓာတ်ပုံများကို JPEG ဖိုင်ဖြင့်လည်းကောင်း၊ စာသားများကို Acrobat File အဖြစ်လည်းကောင်း အခုပို့အခုရောက်သောစနစ်မှာ e-mail ဖြစ်သည်။ e-mail သည် ယခုအခါ တစ်နေရာမှတစ်နေရာ စာသားသက်သက်ပေးပို့သော စနစ်သက်သက်မဟုတ်တော့ပါ။

ထို့ကြောင့် အင်တာနက်၊ အီးမေးစနစ်တို့က စနစ်တကျ မသုံးစွဲတတ်လျှင် ကမ္ဘာလုံးဆိုင်ရာ အမြန်လမ်းမကြီးပေါ်သို့ မတက်ရောက်နိုင်သေးသူအဖြစ် သတ်မှတ်ရမည်ဖြစ်သည်။ အမှန်အားဖြင့် e-mail လိပ်စာဆိုသည်မှာ လူတစ်ဦးအတွက် အမြန်လမ်းမကြီးပေါ်ရှိ လိပ်စာကို ဆိုလိုပါသည်။ e-mail address များကို ကြည့်ရုံဖြင့် မည်သို့သောသူဖြစ်သည်ဆိုခြင်းကို အလွယ်တကူ ခွဲခြားနိုင်ပါသည်။ yangontower@mptmail.net.mm e-mial တစ်ခုကိုကြည့်လျှင် ထို e-mail သည် Yangon Tower ဟုခေါ်သော ကုမ္ပဏီတစ်ခု၏ e-mail ဖြစ်သည်ကို သိနိုင်ပါသည်။ အကယ်၍ လူတစ်ယောက်က အဆိုပါ e-mail address ကို ပေးခဲ့လျှင် ထိုသူသည် အင်တာနက်ပေါ်တွင် အမှန်တကယ် ကျင်လည်ကျက်စားသူမဟုတ်ကြောင်း သက်သေပြလျက်ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် အဆိုပါ e-mail မှာ ရုံးလုပ်ငန်းသုံး e-mail ဖြစ်နေရာတစ်ရုံးလုံး e-mail လိပ်စာတစ်ခုတည်း ဝိုင်းသုံးနေသည်ဆိုသောသဘောကို ထင်ဟပ်ပါသည်။ ပုဂ္ဂလိက စာပေးစာယူမရှိဟူသောသဘောကို ဖော်ပြရာရောက်ပါသည်။ .mm e-mail များ၏ သဘာဝမှာ ခုပို့ခုရောက်မဟုတ်ရာ ကုမ္ပဏီတစ်ခုလုံးသုံးနေသော Privacy မရှိသည့် e-mail ကို သုံးနေခြင်း၊ ခုပို့ခုရောက် မဟုတ်သော e-mail ကို သုံးနေခြင်းကပင် ၎င်းသည် အရေးကြီးသော စာပေးစာယူမရှိဟူသော သဘောကို ပြသနေပါသည်။

အမှန်အားဖြင့် အဆိုပါပုဂ္ဂိုလ်သည် Yangon Tower ကုမ္ပဏီ၏ အကြီးအကဲဖြစ်ခဲ့လျှင် ၎င်း၏ e-mail သည် chairman@yangontower.com ဖြစ်ရပါမည်။ .com ဟု သုံးစွဲထားခြင်းသည် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည်ဟု ဖော်ပြခြင်းဖြစ်သည်။ info@myanmaregress.org e-mail သည် myanmaregress ဟုခေါ်သော စီးပွားရေးလုပ်ငန်းမဟုတ်သည့် အဖွဲ့အစည်းတစ်ခုကို ညွှန်ပြသည်။ info မှာ အဆိုပါကုမ္ပဏီ၏ Reception ကောင်တာ e-mail ဖြစ်သည်ဟု ဖော်ပြရာရောက်သည်။ ယနေ့မြန်မာနိုင်ငံတွင် ပုဂ္ဂလိကသုံး e-mail အဖြစ် gmail ကို အသုံးပြုလျက်ရှိကြပါသည်။ gmail ၏ တည်ဆောက်ထားပုံစနစ်တွင် သိလှောင်ထားနိုင်သော mailbox အရွယ်အစားကြီးမားခြင်း online ဖြစ်နေသူအားလုံးကို အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ခြင်း၊ Chatting ပြုလုပ်နိုင်ခြင်း၊ အသံဖြင့်အခမဲ့ဆက်သွယ်ပြောဆိုနိုင်ခြင်းများကြောင့် ကမ္ဘာပေါ်တွင်အကောင်းဆုံး e-mail စနစ်အဖြစ် အားလုံးက လက်ခံထားသော e-mail ဖြစ်ပါသည်။ သို့သော် aung.htut@gmail.com ဆိုသော e-mail တွင် အောင်ထွဋ် မည်သူမည်ဝါဖြစ်သည်ဆိုခြင်းကို ကိုယ်စားမပြုဘဲ အခမဲ့သုံး e-mail ကို သုံးထားသည်ဟု ပြောရမည်ဖြစ်၍ ဂုဏ်သိက္ခာလိုအပ်သော၊ ယုံကြည်မှုလိုအပ်သော ကိစ္စရပ်များတွင် အသုံးမပြုသင့်ပေ။ သို့သော် gmail တွင် အခြား e-mail account စနစ်တစ်ခုကို ထည့်သွင်းထားနိုင်ပြီး ထို e-mail ရှိ စာအားလုံးကို gmail သို့ Forward ပြုလုပ်ထားနိုင်ရာ gmail ၏ အားသာချက်နှင့် အခြားဂုဏ်သိက္ခာကြီးသော e-mail များကို ပေါင်းစပ် အသုံးပြုနိုင်သည့် function gmail တွင် ပါဝင်သည်ကို တွေ့ရသည်။

aung.htut@yale.edu ဆိုသော e-mail သည် ယေးလ်တက္ကသိုလ်မှ အောင်ထွဋ်အမည်ရှိ ကျောင်းသားဖြစ်သည်ဟု ဖော်ပြနေသည်ကို သိနိုင်ပေသည်။ အဆိုပါ e-mail စနစ်သည် gmail ကဲ့သို့ စာပေါင်းသိန်းချီ၍ သိုလှောင်ထားနိုင်ခြင်း မရှိသောကြောင့် အဆိုပါ yale.edu e-mail account ကို gmail စနစ်အတွင်းသို့ ထည့်သွင်း၍ ထို mail account သို့ရောက်ရှိလာသော စာအားလုံးကို gmail သို့ Forward လုပ်ထားခဲ့ပါလျှင် gmail ၏ အားသာချက်အားလုံးကိုသုံး၍ ဂုဏ်သိက္ခာကြီးသော e-mail လိပ်စာကို ဆက်လက်သုံးစွဲသည့်သဘောဖြစ်သည်။ စာပေးစာယူအားလုံး gmail မှပြုလုပ်ပြီး လိပ်စာကိုမူ အခြားလိပ်စာဖြင့် အစားထိုးအသုံးပြုသည့် သဘောဖြစ်သည်။

အထက်ပါသဘောတရားများကိုကြည့်လျှင် အမြန်လမ်းမကြီးပေါ်တွင် ကိုယ်ပိုင်လိပ်စာရှိသူ မရှိသူ၊ အဖွဲ့အစည်းကို ကိုယ်စားပြု လိပ်စာများ၏ အရေးပါပုံစသည်များကို မြင်နိုင်ပါသည်။

ဘာသာစကားကျွမ်းကျင်မှုရှိပြီး ဒစ်ဂျစ်တယ်ဖိုင်များကို စနစ်တကျစီမံခန့်ခွဲနိုင်ကာ ဂုဏ်သိက္ခာရှိသည့် ကိုယ်တိုင် e-mail လိပ်စာတစ်ခုဖြင့် အမြန်လမ်းမကြီးတွင် နေထိုင်သူများကို ကမ္ဘာကျော်စာရေးဆရာ Thomas L.Friedman က Super Empowered Individuals ဟု ခေါ်ဆိုထားပါသည်။ မြန်မာနိုင်ငံတွင် Super Empowered Individuals များပြားလာလျှင် နိုင်ငံ၏ အနေအထားမည်သို့ရှိမည်ကို မှန်းဆကြည့်နိုင်ပါသည်။

အောင်ထွဋ်

■

www.foreverspace.com.mm

အခြေခံပြည်သူ့ရေးရာဝန်ဆောင်မှု

N & Gp

ဝေါ့ ကွက်စီးပွားရေးစနစ်ကို ကျင့်သုံးသောနိုင်ငံများတွင် ပြည်သူလူထုအနေဖြင့် အုပ်ချုပ်ရေးယန္တရား သို့မဟုတ် အစိုးရထံမှ မျှော်လင့်နိုင်သော ပြည်သူ့ရေးရာဝန်ဆောင်မှုများမှာ အနည်းငယ်သာ ဖြစ်ပါသည်။ များသောအားဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံအများစုတွင် ပြည်သူလူထုအနေဖြင့် အစိုးရထံမှ မျှော်လင့်နိုင်သည်များမှာ 'မူ' များသာ ဖြစ်သည်။ ဥပမာအားဖြင့် ယခုနှစ်အတွင်း ရင်းနှီးမြှုပ်နှံမှုများ တိုးပွားစေလိုသောကြောင့် အခွန်လျှော့ပေါ့ပေးမည်ဆိုသောမူမျိုး ဖြစ်သည်။

မြန်မာနိုင်ငံတွင်မူ ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာ အကောင်အထည်ဖော်ရန် ကြိုးစားရဆဲဖြစ်သောကြောင့် အခြေခံပြည်သူ့ရေးရာဝန်ဆောင်မှုများစွာကို အစိုးရက ထမ်းထားဆဲဖြစ်၍ ထိုဝန်ဆောင်မှုများကို ရရှိရန် အုပ်ချုပ်ရေးယန္တရားကို အားကိုးနေရဆဲ ဖြစ်သည်ကို တွေ့ရသည်။ နိုင်ငံတကာတွင် Mobile တယ်လီဖုန်းကို တယ်လီဖုန်းကုမ္ပဏီကြီးများထံမှ ဝယ်ယူရခြင်းမျိုးဖြစ်သော်လည်း မြန်မာနိုင်ငံတွင် အစိုးရထံမှသာ ငှားရမ်းသုံးစွဲနေရခြင်းမျိုး ဖြစ်နေပါသည်။ ဥပမာအားဖြင့် GSM တယ်လီဖုန်းများကို ၂၀၀၀ ပြည့်လွန်နှစ်များက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ငှားရမ်းပေးရာတွင် Hardware ခေါ် လက်ကိုင် Handset များပါ ပူးတွဲရောင်းချခြင်းဖြစ်သော်လည်း မကြာသေးမီနှစ်များကစ၍ လက်ကိုင်ဖုန်း Handset ရောင်းဝယ်ခွင့် ပုဂ္ဂလိကကဏ္ဍသို့ လုပ်ကိုင်ခွင့်ပြုလိုက်သည့် ပြောင်းလဲမှုများ ဖြစ်သည်။

ထိုဥပမာကိုကြည့်လျှင်ပင် များစွာထင်ရှားသောအပြောင်းအလဲများကို မြင်သာပါသည်။ ယခုအခါ ရန်ကုန်မြို့တော်ရှိ အချက်အချာကျသောနေရာများတွင်လည်းကောင်း၊ ကုန်တိုက်ကြီးများတွင်လည်းကောင်း၊ ယုဇနပလာဇာကဲ့သို့ ဈေးကြီးများတွင်လည်းကောင်း လက်ကိုင်ဖုန်းအရောင်းဆိုင်များ မှိုလိုပေါက်လာသည်ကို သိသာထင်ရှားစွာ တွေ့မြင်လာရခြင်းသည် သိသာသောပြောင်းလဲမှုတစ်ခု ဖြစ်ပါသည်။ တစ်နည်း



www.forexperience.com.mm

မည်သို့ပင်ဖြစ်စေ ဈေးကွက်စီးပွားရေးစနစ် ပီပြင်လာသည်နှင့်အမျှ အစိုးရထံမှ ရနိုင်သောအရာနည်းပါးသွားမည်ဖြစ်ပြီး အရာရာကို တန်ရာတန်ကြေး ပေးဝယ်ရတော့မည်ဆိုသည်ကို ၁၉၈၀ ပြည့်လွန်နှစ်များတွင် မွေးဖွားခဲ့သူ မျိုးဆက်သစ်များက ပိုမိုသဘောပေါက်သည်ဟု စစ်တမ်းငယ်တစ်ခု သုတေသနပြုခဲ့သူတစ်ဦးက ဆိုသည်။

အားဖြင့် ငြင်းလျှင် ယခင်အစိုးရကသာ လုပ်ကိုင်သော လက်ကိုင်ဖုန်း Handset ရောင်းဝယ်ရေးလုပ်ငန်းကို ယခုအခါ အငယ်စားလုပ်ငန်းရှင်များစွာ ဝင်ရောက်လုပ်ကိုင်ခွင့်ရလာခြင်းမျိုး ဖြစ်သည်။

တစ်ဖက်တွင်လည်း မြန်မာနိုင်ငံအတွင်း GSM တယ်လီဖုန်းအလုံးရေ တိုးတက်မှုမှာ နိုင်ငံတကာမြန်နှုန်းကို မမီသေးဘဲရှိရာ GSM Handset ရောင်းဝယ်ရေးလုပ်ငန်းများနှင့် တယ်လီဖုန်းတိုးနှုန်းအချိုးမညီသောကြောင့် အရောင်းဆိုင်အတော်များများမှာ အလုပ်မဖြစ်လှသည်ကို တွေ့ရသည်။ ထိုသို့ လိုသည်ထက် ပိုများနေသော Handset အရောင်းဆိုင်များမှာ စီးပွားရေးအခွင့်အလမ်းရှားပါးခြင်းကြောင့် အသစ်ပေါ်သည့် လုပ်ငန်းအနည်းငယ်ကို စုပြုံတိုးနေကြသည့် သဘောဖြစ်သည်ဟု ဆိုနိုင်ပေသည်။

GSM တယ်လီဖုန်း Handset ရောင်းဝယ်ရေးလုပ်ငန်းကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက မလုပ်ဆောင်တော့သောကြောင့် ပုဂ္ဂလိကကဏ္ဍမှ နေရာရရှိလာသည်ဟု ဆိုသော်လည်း ဤအပြောင်းအလဲသည် စနစ်ကျသော Transition တစ်ခုမဟုတ်ပါ။ လွန်ခဲ့သောနှစ်ကပင် Handset ရောင်းချသူများကို ဥပဒေအရ အရေးယူခြင်းများ ရှိခဲ့ပါသေးသည်။ အဘယ်ကြောင့်ဆိုသော မြန်မာနိုင်ငံတွင် အသုံးပြုနေသော Handset အားလုံးလိုလိုမှာ တရားမဝင်လမ်းကြောင်းမှ တင်သွင်းလာရခြင်း ဖြစ်နေသောကြောင့်ပင်။

မည်သို့ပင်ဖြစ်စေ ဈေးကွက်စီးပွားရေးစနစ် ပီပြင်လာသည်နှင့်အမျှ အစိုးရထံမှ ရနိုင်သောအရာ နည်းပါးသွားမည်ဖြစ်ပြီး အရာရာကို တန်ရာတန်ကြေး ပေးဝယ်ရတော့မည်ဆိုသည်ကို ၁၉၈၀ ပြည့်လွန်နှစ်များတွင် မွေးဖွားခဲ့သူ မျိုးဆက်သစ်များက ပိုမိုသဘောပေါက်သည်ဟု စစ်တမ်းငယ်တစ်ခု သုတေသနပြုခဲ့သူတစ်ဦးက ဆိုသည်။ တန်ရာတန်ကြေးထက် သက်သာသော်လည်း အလွယ်တကူမရရှိနိုင်သည့် အခြေအနေထက် တန်ရာတန်ကြေးဖြင့် အလွယ်တကူရရှိရေးကို မျိုးဆက်သစ်တို့က ပိုမိုလိုလားသည်ဟု အဆိုပါစစ်တမ်းက ဖော်ပြသည်ဟု ဆိုသည်။

၁။ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းသစ်များ တိုးပွားဖြစ်ထွန်းပေါ်ပေါက်ရေး၊

၂။ ထိုသို့တိုးပွားဖြစ်ထွန်းပေါ်ပေါက်လာသော စီးပွားရေးလုပ်ငန်းများ ရေရှည်ရှင်သန်ရေးအတွက် လိုအပ်သော ဝယ်လိုအားတစ်ခု အစဉ်သဖြင့် တည်ရှိရေး၊

၃။ အထက်ပါအခြေအနေနှစ်ရပ်ကြောင့် ပြည်သူလူထုဝင်ငွေတိုးပွား၍ နောက်ထပ်စီးပွားရေးအခွင့်အလမ်းများနှင့် ဝယ်လိုအားသစ်များ ဖြစ်ပေါ်ရေး စသည်များအတွက် မဖြစ်မနေလိုအပ်သောအရာ အနည်းငယ်သာရှိပြီး ၎င်းတို့အားလုံးမှာ ပြည်သူ့ရေးရာမူဝါဒသစ်များ ထွက်ပေါ်ရေးနှင့် ဆက်စပ်နေပါသည်။ စီးပွားရေးလုပ်ငန်းသစ်များ အဖိုးနှုန်းချိုသာစွာ အလွယ်တကူထူထောင်လုပ်ကိုင်နိုင်ခြင်းကို Business Entry လွယ်ကူသည်ဟု ပညာရှင်များကဆိုသည်။ ဤအခြေအနေမျိုးအတွက် အဓိကလိုအပ်ချက်အနည်းငယ်သာရှိပြီး မြန်မာနိုင်ငံတွင် အဆိုပါအရာအားလုံး ပြည်သူ့ရေးရာဝန်ဆောင်မှုနယ်ပယ်အတွင်း ရှိနေပါသေးသည်။

နိုင်ငံစီးပွားရေးအလို့ငှာ ဖြစ်သင့်ဖြစ်ထိုက်သော တန်ရာတန်ကြေးနှင့် အလွယ်တကူရရှိသင့်သော သွင်းအားစုများမှာ အောက်ပါတို့ ဖြစ်ပါသည်။

၁။ တယ်လီဖုန်း–မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းထံမှ ငှားရမ်းသုံးစွဲရမည်၊

၂။ မီတာ၊ ပါဝါမီတာ၊ သုံးဆင့်ပါဝါမီတာ–မြန်မာ့လျှပ်စစ်ဓာတ်အားထံမှ ငှားရမ်းသုံးစွဲရမည်၊

၃။ သယ်ယူပို့ဆောင်ရေးအတွက် ပစ်ကပ်ယာဉ်၊ ကုန်တင်ယာဉ်–စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တင်သွင်းခွင့်လိုင်စင် လိုအပ်သည်၊

၄။ ဘဏ်ချေးငွေ–ပုဂ္ဂလိကဘဏ်များသို့ ဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်နှင့် အခြားခွင့်ပြုချက်များလိုသည်၊

၅။ လုပ်ငန်းလိုင်စင်–GSM Handset ရောင်းဝယ်ရေးလုပ်ငန်းများကဲ့သို့ Gray Area အတွင်းရှိသောလုပ်ငန်းများမှတ်ပုံတင်ခွင့် လိုအပ်သည်။

စီးပွားရေးပညာရှင်များက အထက်ပါသွင်းအားစု ငါးမျိုးကို ပုဂ္ဂလိကကဏ္ဍနှင့် ပူးတွဲ၍ တန်ရာတန်ကြေး အလွယ်တကူရရှိအောင် စီမံပေးနိုင်ခဲ့လျှင် မြန်မာနိုင်ငံ၏ စီးပွားရေးသည် နောင်တစ်ချိန် အချိုးအကွေ့တစ်ခုနှင့် ကြုံကြိုက်၍ တိုးတက်သွားဦးမည်မှာ အသေအချာပင် ဖြစ်ပါသည်။

များစွာသေချာသောအချက်မှာ ဈေးကွက်စီးပွားရေးစနစ်ဖြစ်၍ ပြည်သူလူထုအနေဖြင့် အစိုးရထံမှ မျှော်လင့်နိုင်သော အရာများမှာ အနည်းငယ်သာရှိပြီး အထက်ပါ ငါးမျိုး ပြေလည်သွားသည်နှင့်အမျှ စီးပွားရေးသွင်ပြင်လက္ခဏာများစွာလည်း ပြောင်းလဲသွားလိမ့်မည်ဟူသောသဘောကို မီးမောင်းထိုးပြလိုခြင်းဖြစ်ပါသည်။

N & Gp

LIVING COLOR MEDIA
ဖုန်း -၂၄၃၆၃၉၉ ၊ ၂၄၃၆၄၀ ၊
၂၄၃၆၄၁ ၊ ၂၄၃၆၄၂ ၊ ၂၄၃၆၄၃
(Ext-၂၀၀၁)

www.foreverspace.com.mm

"အစစ်အမှန်တွေ စစ်မှန်နေနိုင်ဖို့ပဲ အရေးကြီးတယ်ထင်ပါတယ်"

ဦးမြင့်ဦး (ပန်းချီကထိက၊ ရန်ကုန်ယဉ်ကျေးမှုတက္ကသိုလ်)

"အခုထက်ပိုပြီး တည်ငြိမ်အေးချမ်းလာတာနဲ့အမျှ ဒီထက်ပိုပြီး မျက်စိပွင့်၊ နားပွင့်လာမယ်လို့ ထင်ပါတယ်"

ဦးဇေယျာအေး (လက်ထောက်ကထိက၊ ရန်ကုန်ယဉ်ကျေးမှုတက္ကသိုလ်)

ဉာဏ်လင်းကို (YUOC)

ယနေ့ မြန်မာနိုင်ငံတွင် အနုပညာဖန်တီးမှုအမျိုးမျိုးရှိသည့်အနက် ပန်းချီအနုပညာရပ်တစ်ခုသည် အရှိန်အဟုန်ပြင်းစွာ စီးဆင်းလျက်ရှိပါသည်။ အခြားတစ်ဖက်တွင်လည်း တာဝန်သိအဖွဲ့အစည်းအသီးသီး၏ အကူအညီ ပံ့ပိုးမှုများ များစွာလိုအပ်လျက်ရှိနေပြီး စစ်မှန်သော အနုပညာသန္ဓေသားသွေဖည်မသွားစေရန် ဦးဆောင်လမ်းပြမှုနှင့် ဈေးကွက်ဝယ်လိုအားတို့၏ သွေးဆောင်မှုအောက်သို့ အသိနှင့်ယှဉ်၍ ဝင်ရောက်ယှက်နွှယ်မှသာလျှင် အနုပညာရပ်တစ်ခု၏ မှန်ကန်သော အလားအလာကောင်းများကို မြင်တွေ့သိရှိခံစားနားလည်နိုင်မည်ဖြစ်သည်ဟု အနုပညာလောကသားအချို့က မှတ်ချက်ပြုကြသည်။ အဆိုပါ မှတ်ချက်နှင့်ပတ်သက်၍ ရန်ကုန်ယဉ်ကျေးမှုတက္ကသိုလ်မှ ပန်းချီကထိက ဦးမြင့်ဦးနှင့် လက်ထောက်ကထိက ဦးဇေယျာအေးတို့နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။

LC :မြန်မာနိုင်ငံမှာ ပန်းချီနှင့်ပတ်သက်တဲ့ တွေ့ဆုံဆွေးနွေးပွဲတွေကို တာဝန်ရှိတဲ့အဖွဲ့အစည်းတွေကနေ လစဉ် သို့မဟုတ် နှစ်စဉ် ကျင်းပပြုလုပ်ပေးသင့်တယ်ဆိုတဲ့အယူအဆအပေါ် ဆရာ့အမြင်လေးကို သိပါရစေ။

UMO :'တွေ့ဆုံဆွေးနွေးပွဲ'ဆိုတာက ဘာကိုဆိုလိုချင်တာလဲတော့ မသိဘူး။ ဒါပေမဲ့ ဆွေးနွေးပွဲဆိုတာကတော့ လိုအပ်တာပါပဲ။ ဒါက ပညာရပ်တစ်ခု တိုးတက်ဖွံ့ဖြိုးစည်ပင်စေချင်တယ် ဆိုရင်ပေါ့။ ဈေးကွက်တွေ ကျယ်ပြန့်လာလို့ ဘာညာဆိုတဲ့ တခြားရည်ရွယ်ချက်တွေမပါဘဲ ပညာရပ်ကို ဖွံ့ဖြိုးစည်ပင်စေချင်တဲ့ စေတနာနဲ့ ညွှန်းရရင် ဆွေးနွေးပွဲတွေ အမှန်တကယ် လိုအပ်တယ်။ ရဲရဲပြောရဲတာက 'သုစိပုဘာ'ဆိုတဲ့ စကားရှိတယ်လေ။ အဲဒီစကားရှုစ်လုံးလုံးက ပညာရပ်တစ်ခုဖွံ့ဖြိုးစည်ပင်စေတဲ့ အကြောင်းရှစ်ခုလို့ မှတ်ယူရင် ရပါတယ်။ ဆွေးနွေးပွဲတစ်ခု၊ အောင်မြင်တဲ့ ဆွေးနွေးပွဲတစ်ခုဆိုတာ 'သုစိပုဘာ၊ ဝိလိသိဓာ' ရှစ်လုံးလုံး အကျုံးဝင်သွားနိုင်တယ်လေ။ အရေးကြီးတာက ပညာကို တကယ်ချစ်တဲ့သူတွေ ဆွေးနွေးဖြစ်ကြဖို့ပဲလိုတယ်။

ပညာကို တကယ်ချစ်တဲ့သူတွေ၊ အတွေ့အကြုံအကြားအမြင် ကျယ်ပြန့်တဲ့သူတွေ၊ ဆိုလိုချင်တာက ပညာရပ်နယ်ပယ်မှာ သိမြင်နှံ့စပ်တဲ့သူတွေ၊ တစ်ဦးကိုတစ်ဦး လေးစားနိုင်တဲ့သူတွေ ဆွေးနွေးဖြစ်ကြဖို့က အဓိကကျပါတယ်။

တာဝန်ရှိတယ်ဆိုရင်လည်း အဲဒီလိုပုဂ္ဂိုလ်တွေမှာက တာဝန်ရှိပါတယ်။

UZYA : လိုအပ်ပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ ပန်းချီလောကမှာ အထူးကို လိုအပ်ပါတယ်။ ဘာလို့လဲဆိုတော့ အဲဒီ Seminar တွေကတစ်ဆင့် ပန်းချီအနုပညာနဲ့ပတ်သက်တဲ့နည်းပညာတွေ၊ သဘောတရားတွေကို ခေတ်နှင့်အညီ ဖြန့်ဖြူးနိုင်မယ့် အခွင့်အလမ်းတွေ ရရှိနိုင်မှာမို့လို့ပါ။ ကျွန်တော်တို့မြန်မာပြည်မှာ ပန်းချီရေးဆွဲနည်းကို အလွန်တတ်ကျွမ်းတဲ့ 'ပန်းချီရေးဆရာ' တွေ အများကြီးရှိပါတယ်။ သို့သော်လည်းပဲ ပန်းချီပဲရေးတတ်ရုံနဲ့ ကျွန်တော်တို့လောကကို တိုးတက်အောင် ပြုလုပ်လို့မရပါဘူး။ တချို့လူများက ပြောကြပါတယ်။ ကျွန်တော်တို့ မြန်မာပြည်ရဲ့ ပန်းချီအနုပညာအဆင့်အတန်းက နိုင်ငံတကာအဆင့်မီပါတယ်တဲ့။ ကျွန်တော်ကတော့ သိပ်လက်မခံချင်ပါဘူး။ နိုင်ငံမတိုးတက်သေးလို့ဆိုတာထက် ပန်းချီအနုပညာကို လုပ်နေတဲ့သူတွေရဲ့အသိဉာဏ်မတိုးတက်သေးလို့ပဲ ကျွန်တော် ကောက်ချက်ချပါတယ်။ ပြီးတော့ ကျွန်တော်တို့ မြန်မာပြည်မှာက တချို့ဆရာကြီးတွေကိုယ်တိုင်က

www.foreverspace.com.mm

လက်လွတ်စပယ်ပြောတာတွေ အများကြီးသိ ကြားနေရပါတယ်။ သာမန်လူပြောတာထက် ဆရာကြီးတွေက ပြောတာက ပိုပြီး တာဝန် ကြီးပါတယ်။ ဥပမာ –"ကျွန်တော်က ကမ္ဘာမှာ မရှိသေးတဲ့ အရာတွေ ပဲရေးတာ" ဆိုတာမျိုးတို့၊ "မြန်မာပြည်မှာ ဘယ်သူက ဖြင့် ဘယ်နေရာမှာ အတော်ဆုံး"တို့၊ "မြန်မာပြည်မှာ ကျွန်တော့် လောက် ဘယ်နေရာမှ လုပ်နိုင်တဲ့သူမရှိဘူး" ဆိုတာမျိုးတို့ဟာ အလွန်ပဲ ကလေးဆန်တဲ့အပြောမျိုး ဖြစ်ပါတယ်။ ကျွန်တော်က Tokyo Gakugei University မှ Art Education (ပညာရေး အနုပညာ)နဲ့ Master(မဟာ) ပြီးခဲ့ပါတယ်။ လေးနှစ်တာ သင်ကြား ခဲ့ရတာတွေဟာ မြန်မာပြည်မှာရှိစဉ်က ကိုယ်သိခဲ့၊ နားလည်ခဲ့တာ တချို့ဟာ မဟုတ်ပါလားဆိုတာ သိလာရတွေရှိသလို အဲဒီက ဆရာတွေရဲ့ အပြောအဆို အပြုအမူကိုပါ လေ့လာသိရှိခဲ့ရပါတယ်။ ကိုယ်က ဘယ်လောက်တော်လို့၊ ဘယ်လောက်များ နည်းစနစ် တကျ Research(သုတေသန) လုပ်ခဲ့လို့ ဒီလိုတာဝန်မဲ့တဲ့စကား မျိုးကို ပြောရတာလည်းလို့ ကျွန်တော် တွေးမိပါတယ်။ ကျွန်တော် ထင်ပါတယ်။ သူ ကျဉ်းကျဉ်းလေးကို အကျယ်ကြီးထင်ပြီး အကျယ် ကြီးကို ကျဉ်းကျဉ်းလေးလို့ ထင်နေတာပဲလို့။

တကယ်လို့ ပုံမှန်သာ Seminarတွေကို လုပ်နိုင်နေတယ်ဆို ရင် ဒီလိုကိစ္စတွေ တဖြည်းဖြည်းနည်းလာမယ်လို့ ထင်ပါတယ်။ ဒီလိုလုပ်ခြင်းဖြင့် ကျွန်တော်တို့ထက် အတွေ့အကြုံရင့်သူတွေဆီက စကားသံတွေကို ကြားနိုင်သလို ကျွန်တော်တို့ထက် ငယ်ရွယ်သူ လူငယ်တွေဆီကလည်း ကြားနိုင်ပါတယ်။ ကျွန်တော်တို့ဟာ ပညာ ယူတယ်ဆိုတာ ကြီးတဲ့သူဆီကမှတင်မဟုတ်ပါဘူး။ ကိုယ့်ထက် ငယ်တဲ့သူတွေဆီကလည်း ကိုယ်မတတ်၊ မသိသေးတာတွေ ရနိုင် တာကြောင့် ဒီလို Seminarတွေဟာ ကျွန်တော်တို့ အနုပညာလောက အတွက် အလွန်အကျိုးရှိတယ်လို့ ယူဆမိပါတယ်။

ကျွန်တော့်ရဲ့ Advisor (အကြံပေး)လည်းဖြစ် Professor (ပါမောက္ခ) လည်းဖြစ်တဲ့ Mr.Kaneko Toru က ကျွန်တော့်ကို ပြောဖူးပါတယ်။ ပန်းချီကားဆိုတာ လက်ရာမြောက်လှပနေပြီး ကြည့်သူကို အိမ်မှာ ဝယ်ချိတ်ချင်လောက်အောင် ဆွဲဆောင်နိုင် လောက်ရုံနဲ့ ပန်းချီကားလို့ မပြောနိုင်ဘူးတဲ့။ ကျွန်တော်တို့က ပန်းချီကားကို ကြည့်ကောင်းရုံလောက်ပဲရေးတတ်ကြတော့ ဒီလိုပဲ အပြောခံရတာ ထင်ပါတယ်။ ပန်းချီကားကနေ Message(အကြောင်း အရာ)တစ်ခု Emotion(ခံစားမှု)တစ်ခုခုပေးနိုင်အောင်၊ ရလောက် အောင်ဖြစ်နေမှ ပန်းချီကားလို့ ခေါ်တာတဲ့။ ကျွန်တော် အမြဲတမ်း မှတ်ထားတဲ့ စကားတစ်ခုပါ။ ပြီးတော့ ကျွန်တော်နဲ့ပတ်သက်တဲ့ နိုင်ငံခြားသားတွေ၊ မိတ်ဆွေတွေ၊ သူငယ်ချင်းတွေ၊ ဝယ်သူတွေကို ကျွန်တော်မေးကြည့်ဖူးတယ်။ "မြန်မာရဲ့ ပန်းချီလောကကို ဘယ်လို မြင်သလဲလို့" သူတို့ရဲ့အဖြေကတော့ အားမနာတမ်း ရိုးရိုးရှင်းရှင်း ပါပဲ။ "ပျင်းဖို့ကောင်းတယ်တဲ့"။ ကဲ ဘယ်လောက်ခံပြင်းဖို့ ကောင်းတဲ့ စကားလဲ။ သူတို့နဲ့ကျွန်တော်နဲ့ တော်တော်ရင်းနှီးလို့သာ သူတို့ဆီက အမှန်စကားကို ကြားရတာပါ။ ကျွန်တော်တို့တွေရဲ့ Artworks တွေမှာ "ပျင်းဖို့ကောင်းတယ်"တွေ မပါသင့်တော့ပါဘူး။ အဲဒါတွေ

ဦးမြင့်ဦး ကိုယ်ရေးအကျဉ်း

အမည်	– ဦးမြင့်ဦး
မွေးသက္ကရာဇ်	– ၁၉၆၄
မိဘအမည်	– ဦးတင်–ဒေါ်ကျောက်
အလုပ်အကိုင်	– ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) ကထိက(ပန်းချီ)
ပြည်ပအတွေ့အကြုံ	– Public Art Seminar-Thailand-2002
ဇာတိ	– ဆင်ဖြူကျွန်း
လက်ဦးဆရာ	– ဦးအောင်ဝင်း
လိပ်စာ	– ၃၆၂/၁၄၊ ရန်အေးလမ်းသွယ် ၃၊ (၅) ရပ်ကွက်၊ ရန်ကင်း၊ ရန်ကုန်။ www.myintoo@gmail.com

အတွက်လည်း ဆွေးနွေးဖို့ လိုလိမ့်မယ်လို့ ထင်ပါတယ်။

LC :အဲဒီဆွေးနွေးပွဲတွေကတစ်ဆင့် အရှေ့တောင်အာရှ နိုင်ငံများမှာ ပူးပေါင်းပန်းချီပြပွဲတွေ အစဉ်တစိုက်လုပ်ကိုင်လာ နိုင်ရင် မြန်မာနိုင်ငံရဲ့ ပန်းချီလောက ပိုပွင့်လင်းမှုရှိလာလိမ့် မယ်လို့ကော မြင်မိပါသလား။

UMO :ခုလည်း မြန်မာနိုင်ငံရဲ့ ပန်းချီလောက အတော်အတန် 'ပွင့်လင်း'လာတယ်လို့ ထင်ပါတယ်။ ပညာအသိ 'ပွင့်လင်း' တာကို ကျွန်တော်ပြောတာပါ။ ဘာကြောင့်လဲဆိုတော့ အတွေ့အကြုံ

www.foreverspace.com.mm

အကြားအမြင် ကျယ်ပြန့်လာကြရလို့ပါပဲ။

ခုဆိုတဲ့ 'ပူးပေါင်းပန်းချီပြပွဲတွေ'လုပ်ရင်လည်း ကောင်းပါတယ်။ အတွေ့အကြုံ အကြားအမြင်ကျယ်ပြန့်ဖို့အတွက်ကတော့ ဒီနည်းလမ်းတစ်ခုတည်းမက ရှိနိုင်ပါတယ်။ ဒီထက် အဓိကကျတဲ့ နည်းလမ်းတွေလည်း ရှိပါလိမ့်မယ်။

ပညာအသိပွင့်လင်းဖို့အတွက်က အတွေ့အကြုံ၊ အကြားအမြင်ကျယ်ပြန့်ဖို့လည်းလိုသလို စူးစူးစိုက်စိုက်လေ့လာလိုက်စားဖို့လည်း လိုပါတယ်။ ကိုယ်တိုင်လုပ်မှရနိုင်တဲ့ တွေ့ကြုံသိတွေ၊ မှန်ကန်တဲ့ တွေ့ကြုံသိတွေရဖို့လည်း နည်းလမ်းမှန်တဲ့ လုပ်ကိုင်ဆောင်ရွက်မှုတွေ၊ လိုက်စားမှုတွေ လိုပါတယ်။ လုပ်နေတဲ့သူတွေဆိုရင် ဒီလိုစကားကြားရင် ချက်ချင်းသိပါတယ်။

လတ်တလော ပေါ်ပြူလာဖြစ်ရုံ ကြိုးစားသူတွေနဲ့ချည်းတော့ ဒီပညာရပ် မပွင့်လင်းနိုင်ပါဘူး။ (ဘယ်သူ့ကိုမှ မရည်ရွယ်ပါဘူး။)

UZYA : မှန်ပါတယ်။ ကိုယ့်ပြည်တွင်းမှာ ခိုင်ခိုင်မာမာရှိပြီဆိုရင် အပြင်ကို အရှေ့တောင်အာရှတင်မဟုတ်ပါဘူး။ ကမ္ဘာနိုင်ငံများထိပါ ထိတွေ့လုပ်ကိုင်ရင်း တိုးတက်မှုရယူနိုင်ပါတယ်။ မြန်မာပြည်က အာဆီယံအသင်းဝင်ထားတဲ့အတွက် COCI ကနေပြီးတော့ ဒီလိုမျိုး Activities (လှုပ်ရှားမှု)တွေ လာရောက်နိုင်ပါတယ်။ ASEAN ဟာလည်း ကမ္ဘာနဲ့ဆက်သွယ်လှုပ်ရှားနေတဲ့ အသင်းဖြစ်တာကြောင့် အဲဒီကနေ ကမ္ဘာကို တက်လှမ်းနိုင်တဲ့အခွင့်အလမ်းတွေ ရနိုင်မှာဖြစ်ပါတယ်။ အရေးကြီးတာက ကိုယ့်ဘက်က တစ်ခုခုကို ခိုင်ခိုင်မာမာ လုပ်ထားဖို့ပါပဲ။ သူများ မော်ဒန်ဆိုလို့ မော်ဒန်ရတယ်၊ ဘာမှန်းလည်းမသိဆိုတာမျိုးနဲ့ကတော့ အာရှမပြောနဲ့ ကိုယ့်နိုင်ငံထဲမှာတောင်မှ ရှက်ဖို့ကောင်းပြီ။ မလုပ်သင့်တဲ့ကိစ္စတွေပါ။ ဒီလိုမဖြစ်အောင်လည်း ကျွန်တော်တို့ အချိန်တွေကို Investment (မြှုပ်နှံမှု) လုပ်ရမှာ ဖြစ်ပါတယ်။

LC : နောင်တစ်ချိန် မြန်မာနိုင်ငံမှာ ပန်းချီခေတ်တစ်ခေတ် ပေါ်ပေါက်လာဖို့အတွက် ပြည်တွင်းပြည်ပ ဖိတ်ခေါ်နိုးနှောဖလှယ်ပွဲတွေ လက်ရှိထက်ပိုပြီး လိုအပ်လိမ့်မယ်လို့ ထင်ပါသလား။

UMO : နိုးနှောဖလှယ်ပွဲတွေ၊ ဒီခေတ်မှာတော့ Workshop တွေ၊ Seminar တွေ၊ Conference တွေ ခေါ်ပြီးလုပ်ကြပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း တစ်ပွဲတလေ ကြုံဖူးပါတယ်။ ဒါပေမဲ့ အဲဒါတွေအများစုက တကယ်မအောင်မြင်ပါဘူး။

ဘာတွေကြောင့် မအောင်မြင်တာလဲ။ ရည်ရွယ်ချက်က ဘာလဲ၊ ရောက်အောင် ဘယ်လိုလုပ်မလဲ စသည် စေတနာရှိသူက ခေါင်းစားပေးရင်တော့ အကျိုးရှိတဲ့ပွဲတွေ ဖြစ်လာမှာပါ။ အဲဒီလိုပွဲတွေတော့ အမှန်တကယ်လိုအပ်ပါတယ်။

နောင် ဘယ်လိုဖြစ်အောင်ဆိုတာတော့ သိပ်မကြိုက်ပါဘူး။ ခုလက်ရှိအနေအထားမှာ အစစ်အမှန်တွေ စစ်မှန်နေနိုင်ဖို့ပဲ အရေးကြီးတယ် ထင်ပါတယ်။

UZYA : လိုအပ်တာထက်ပိုပြီး လိုအပ်မယ်ဆိုတာကတော့ ကျွန်တော်မပြောတတ်ပါဘူး။ လိုအပ်မှုရှိတယ်ဆိုတာကတော့ ပြောနိုင်ပါတယ်။ ပြည်တွင်းက လူတွေကလည်း ပြည်ပအတွေ့အကြုံများများရသင့်သလို အလျဉ်းသင့်သလို ပြည်ပက အနုပညာရှင်တွေကို ပြည်တွင်းမှာ ပြပွဲတွေ၊ နိုးနှောဖလှယ်ပွဲတွေ ပြုလုပ်စေခြင်းဖြင့် အသိပညာတွေ တိုးပွားစေပါတယ်။ နိုင်ငံခြားက လုပ်တိုင်းကောင်းတာချည်းမဟုတ်ပေမယ့် သူတို့ ဘာတွေလုပ်နေလဲဆိုတာကို လေ့လာလို့ရနိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ အနုပညာဆိုတာကလည်း တိုင်းပြည်တိုးတက်ပြီး တည်ငြိမ်အေးချမ်းမှုရရှိမှ လှုပ်ရှားလို့ရတဲ့ အနုပညာရပ်ဖြစ်နေတဲ့အတွက်ကြောင့် အခုထက်ပိုပြီး တိုးတက်တည်ငြိမ်အေးချမ်းလာတာနှင့်အမျှ ဒီထက်ပိုပြီး

ဦးဇေယျာအေး ကိုယ်ရေးအကျဉ်း

အမည်	–	ဦးဇေယျာအေး
မွေးသက္ကရာဇ်	–	၂၉-၁၀-၁၉၇၄
မိဘအမည်	–	ဦးတင်အေး-ဒေါ်မြင့်မြင့်သော်
အလုပ်အကိုင်	–	ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) လက်ထောက်ကထိက (ပန်းချီ)
ပြည်ပအတွေ့အကြုံ	–	M.A (Art Education Japan)
ဇာတိ	–	မန္တလေး
လက်ဦးဆရာ	–	ဦးတင်အေး
လိပ်စာ	–	၃၅/၉၈၀၊ ဦးပုညလမ်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်။

www.forevermore.com.mm

မျက်စိပွင့်နားပွင့် ဖြစ်မယ်လို့ ထင်ပါတယ်။

LC :ဟခုလက်ရှိ ပြည်တွင်းဈေးကွက်ရဲ့ပန်းချီကား ဝယ်လိုအားက ကမ္ဘာလှည့်ခရီးသည်တွေကိုပဲ အဓိကထားနေတာ ဖော့်ရပါတယ်။ အဲဒီအပေါ်မှာ ဘယ်လိုနားလည်ပါသလဲခင်ဗျာ။

UMO : နောက်ဆုံး ဘာတိုးတက်ဖို့၊ ညာတိုးတက်ဖို့ဆိုတာတွေ ပြောနေရာက နောက်ဆုံးတော့ ဒီဘူတာပဲ ဆိုက်တာပါပဲ။ ဝယ်လိုအားပေါ့။ Demand ပေါ့။ ဒီပေါ်မှာ မှီနေရတယ်။ မြန်မာပြည်မှာ ပြခန်းတွေမှာ၊ ပြပွဲတွေမှာ ပန်းချီကားမျိုးစုံ ရောင်းနေရပါတယ်။ 'အနုပညာဖြစ်ဖို့ အဓိက၊ အကြောင်းအရာကိစ္စ သာမည ပန်းချီကား'၊ 'အနုပညာရော အကြောင်းအရာပါ အဓိက ပန်းချီကား'၊ 'အနုပညာသာမည၊ အကြောင်းအရာ အဓိက ပန်းချီကား'၊ 'အနုပညာရော၊ အကြောင်းအရာပါ သာမည ပန်းချီကား' မျိုးစုံပါပဲ။ ရောင်းနေရပါတယ်။ ဘယ်ဟာတွေက ဘယ်လောက်ဖိုးရောင်းရလဲဆိုတာတော့ Survey လုပ်ကြည့်မှရမယ်။

ခုနကပြောတဲ့ အမျိုးအစားတွေကို ဝယ်တာမှာ သေချာတာကတော့ ကမ္ဘာလှည့်ခရီးသည်တွေချည်း မဟုတ်တာပါပဲ။

အဲဒီဝယ်လိုအား အခြေခံတာလည်း ဒီဘူတာပါပဲ။ 'စီးပွားရေး'ပါပဲ။ ကျွန်တော်တို့ ဘယ်အချိန်မှာ ထမင်းစားဖို့မဟုတ်တာတွေ ဝယ်ဖြစ်သလဲဗျာ။

UZYA : အဲဒါဘာလို့လဲဆိုတာ ရှင်းပါတယ်။ မြန်မာပြည်က ပန်းချီကား များသောအားဖြင့်ဟာ နိုင်ငံခြားသားတွေရဲ့ 'အိမ်ပြန်လက်ဆောင်'အဆင့်ပဲရှိတဲ့ ပန်းချီကားများက လွှမ်းမိုးနေလို့ပါပဲ။ များသောအားဖြင့် Gallery တွေမှာ လိုက်ကြည့်ရင် ပုဂံရှုခင်း၊ မန္တလေးရှုခင်း၊ ဘုန်းကြီးပုံ၊ မယ်သီလရှင်ပုံ၊ နွားလှည်းပုံ စတာတွေသာများပါတယ်။ ပန်းချီဆိုတာဟာ မြင်တာကို ကူးတာထက် ပိုပါတယ်။ Creation (ဖန်တီးမှု)တွေ Emotion (ခံစားမှု)တွေပါတဲ့ ပန်းချီကားများများ မထွက်သေးသရွေ့ ဒီလိုပဲ ဖြစ်နေဦးမှာပါ။

LC :ပြည်တွင်းပန်းချီဆရာတချို့ ပြည်တွင်းဈေးကွက်ကနေ ပြည်ပဈေးကွက်ကို အောက်လမ်းကနေ ပို့နေတာတွေကြားနေရပါတယ်။ အများအားဖြင့်တော့ ထိုင်းနယ်စပ်နဲ့ မဲခေါင်မြို့တွေမှာ မြန်မာပန်းချီဆရာတွေရဲ့ ဈေးကွက်ရှိနေတာ တွေ့ရပါတယ်။ ဆိုလိုချင်တာက ဘာကြောင့် အဲဒီနေရာတွေမှာ ဈေးကွက်ကောင်းနေရတာလဲဆိုတာ ဆရာ့အမြင်လေး သိပါရစေ။

UMO : ဒီမေးခွန်းကိုတော့ သိပ်ဘဝင်မကျပါဘူး။ ပထမပြောတယ်။ 'ဈေးကွက်ရှိနေတာ' နောက်ပြောတယ် 'ဈေးကွက်ကောင်းနေရတာလဲ'။

အမှန်တကယ် ဈေးကွက်ရှိနေပါတယ်။ ကောင်းနေတယ်လို့တော့ ပြောလို့မရပါဘူး။ ရန်ကုန်ဈေးကွက်ထက် ကျောနေ၊ သာနေတယ်လို့ မကြားရပါဘူး။ နောက် အဲဒီတွေကို ပန်းချီကားတွေ ရောက် သွားရတာလည်း အောက်လမ်းဆို တာမျိုး မဟုတ်ပါဘူး။ သူ့အကြောင်းနဲ့သူ၊ ဆက်စပ်မိရာ ဆက်စပ်မိရာပါ။ မရိုးသားတဲ့ နည်းလမ်းနဲ့မဟုတ်ပါဘူး။

ရန်ကုန်ဈေးကွက်ထက် ပိုသာနိုင်တာက ထိုင်းနယ်စပ်မဟုတ်တဲ့ တခြားနိုင်ငံတွေမှာ ပြုလုပ်တဲ့ပွဲတွေဖြစ်မှာပါ။ ဘယ်လိုနည်းနဲ့သွားကြသလဲ အပြည့်အစုံမသိပါဘူး။ ဒါပေမဲ့ အောက်လမ်းဆိုတာကြီးတော့ မကြိုက်ပါဘူး။ ဒီမြေကြီးပေါ်က လူတွေပဲဗျာ။

UZYA : ကျွန်တော်က ပန်းချီရေးဆွဲသူသာဖြစ်ပြီး ဈေးကွက်မှာ ရောင်းချနေသူမဟုတ်တာကြောင့် ဒီမေးခွန်းကို သိပ်မနားလည်ပါဘူး။ ဒါပေမဲ့ ကျွန်တော် သိရသလောက်ကတော့ ဒီလိုအဖြစ်အပျက်မျိုးဟာ နိုင်ငံတကာမှာလည်း ရှိပါတယ်။ တိုးတက်ပါတယ်ဆိုတဲ့ ဂျပန်၊ အမေရိကန်၊ ပြင်သစ်လိုနိုင်ငံမျိုးမှာတောင် ရှိပါတယ်။ လောကကြီးမှာ ကောင်းတဲ့သူရှိနိုင်သလို ဆိုးတဲ့သူလည်း ရှိနိုင်ပါတယ်။ သူတို့ဟာလည်း သူတို့ဘဝနဲ့သူတို့ ရပ်တည်နေတာဖြစ်တာကြောင့် ဘယ်ဟာကောင်းတယ်၊ ဘယ်ဟာကဖြင့် မကောင်းဘူးဆိုတာ ပြောရခက်ပါတယ်။ ဒီလိုပြဿနာတွေက အခုလည်း ရှိမှာပါပဲ။ နောင်လည်း ရှိမှာပါပဲ။ အရေးကြီးတာက ကိုယ်မဖြစ်ဖို့ဘဲ အရေးကြီးပါတယ်။ လုပ်နေတဲ့သူတွေကလည်း ငါ့ဝမ်းပူစာ မနေသာလို့ ဆိုသလိုပါပဲ။ ပြီးတော့ ထိုင်းဟာ မြန်မာထက်စာရင် နိုင်ငံတကာနဲ့ထိစပ်မှု ပိုလို့ပါပဲ။ နောင် ကျွန်တော်တို့ မြန်မာပြည်မှာလည်း ပန်းချီနဲ့ပတ်သက်လို့ ကြီးမားတဲ့ဈေးကွက်ကြီး၊ နိုင်ငံတကာဈေးကွက်ကြီး ဖြစ်မလာဘူးလို့ မပြောနိုင်ပါဘူး။

ဉာဏ်လင်းကို (YUOC)

LIVING COLOR MEDIA

သမ္မတဟိုတယ် (Business Suite) ၊
အမှတ် (၅) ၊ အလံပြဘုရားလမ်း ၊
ဒဂုံမြို့နယ် ၊ ရန်ကုန်မြို့ ။

ဖုန်း -၂၄၃၆၃၉ ၊ ၂၄၃၆၄၀ ၊၂၄၃၆၄၁ ၊၂၄၃၆၄၂ ၊၂၄၃၆၄၃ (Ext-၂၀၀၁)

www.foreverspace.com.mm

ဒေးဝယ်လမ်းညွှန်

အမှတ် ၁၄၂ ၂၀၀၇ ခုနှစ်၊ မေ

နိုင်ငံတကာအသိအမှတ်ပြု ကွန်ပျူတာအသုံးချ ကျွမ်းကျင်မှုလက်မှတ် ဖြေဆိုရယူလိုလျှင်



နိုင်ငံတကာအဖွဲ့အစည်းတွေ၊ ရုံးလုပ်ငန်းတွေမှာ ကွန်ပျူတာနဲ့ အသက်မွေးဝမ်းကျောင်းပြုလိုသူတွေအတွက် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ဥရောပသမဂ္ဂ၊ နိုင်ငံတကာစီးပွားရေးကုမ္ပဏီကြီးများက လက်ခံအသိအမှတ်ပြုထားတဲ့ ကွန်ပျူတာအသုံးချ ကျွမ်းကျင်မှုဆိုင်ရာ နိုင်ငံတကာအသိအမှတ်ပြုလက်မှတ် International Computer Driving Licence (ICDL) ကို ယခုအခါ ပြည်တွင်းမှာပင် Online က တစ်ဆင့် ဖြေဆိုရယူနိုင်ပြီလို့ သိရပါတယ်။ အဲဒီလက်မှတ်ကို ဖြေဆို ရယူနိုင်ဖို့ ကွန်ပျူတာ Programmer အဆင့်တတ်ကျွမ်းစရာ (ဒါမှမဟုတ်) ကွန်ပျူတာနဲ့ ဘွဲ့ဒီဂရီရှိထားစရာမလိုဘဲ သတ်မှတ်ထားတဲ့ ကွန်ပျူတာအခြေခံ Module ခုနစ်ခုဖြစ်တဲ့ Concept of Information Technology, Using the Computer and Managing Files, Word Processing, Spreadsheets, Databases, presentations နဲ့ Information and Communication တွေကို Testing Center က တစ်ဆင့် Online ကနေ ဖြေဆိုရမှာ ဖြစ်ပါတယ်။ အောင်မှတ်ကို ၇၅ ရာခိုင်နှုန်းသတ်မှတ်ထားပြီး Module ခုနစ်ခုစလုံး အောင်မြင်ပါက အသိအမှတ်ပြုလက်မှတ်ကို Testing Center ကတစ်ဆင့် ပို့ပေးမှာ ဖြစ်ပါတယ်။ သုံးနှစ်အတွင်း Module ခုနစ်ခုစလုံး တစ်ပြိုင်နက်ဖြစ်စေ၊ တစ်ခုချင်းစီဖြစ်စေ နှစ်သက်သလိုဖြေဆိုနိုင်ပြီး Module လေးဘာသာဖြေဆိုအောင်မြင်ပါက ICDL Start Certificate ရရှိမှာဖြစ်ပါတယ်။ ခုနစ်ဘာသာစလုံး ဖြေဆိုအောင်မြင်ရင်တော့ ICDL Full Certificate ကို ရရှိမှာ ဖြစ်ပါတယ်။

ဥရောပတိုက်အခြေစိုက် European Computer Driving Licence Foundation က ကြီးကြပ်စစ်ဆေးတဲ့အဆိုပါ ICDL အသိအမှတ်ပြုလက်မှတ်ကို နိုင်ငံပေါင်း ၁၄၆ နိုင်ငံမှာ ဖြေဆိုနိုင်ကြပြီး အာရှနဲ့ ပစိဖိတ်ဒေသနိုင်ငံတွေအတွက် မလေးရှား နိုင်ငံအခြေစိုက် ICDL Asia Pacific က တာဝန်ယူစစ်ဆေးပေးပါတယ်။

အဲဒီ ICDL လက်မှတ်ကို ပြည်တွင်းမှ ဝင်ရောက်ဖြေဆိုလိုသူတွေအတွက် Training Center နဲ့ Testing Center အဖြစ် အသိအမှတ်ပြုထားတဲ့ Ocean Gate Training Centre က သင်တန်းပို့ချလေ့ကျင့်ပေးမှာဖြစ်ပြီး စာမေးပွဲကြေးအနေနဲ့ Start Certificate ကို 40 US$ နဲ့ Full Certificate ကို 60 US$ ပေးသွင်းရမှာ ဖြစ်ပါတယ်။ အသေးစိတ်သိရှိလိုပါက www.icdl.oceangate.info website မှာ ဝင်ရောက်လေ့လာနိုင်ပါတယ်။

လိပ်စာ – Ocean Gate Training Centre
အမှတ်–၃၅၅၊ အခန်း–၂၀၆၊ ပထမထပ်၊ သိမ်ဖြူလမ်း၊ သိမ်ဖြူဈေးမှတ်တိုင်အနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၃၈၀၁၃၀၊ ၀၉–၉၀၆၁၃၂၂၅၊ ဖက်စ်–၃၇၉၈၇၅ ၊ E-mail:oceangate@myanmar.com.mm

www.foreverspace.com.mm

ရုပ်သေးလေးတွေကို နာမည်လှလှပေးချင်ရင်

ကိုယ့်ရင်သွေးလေးတွေရဲ့ ဘဝတစ်သက်တာပိုင်ဆိုင်ရမယ့် နာမည်လေးတွေကို အလှပဆုံး၊ အသင့်တော်ဆုံး ရွေးချယ်ပေးချင်ကြတဲ့ မိဘတွေအတွက် ကွန်ပျူတာနဲ့ တွက်ချက်ပေးပြီး အိမ်အရောက်ဝန်ဆောင်မှုပေးတဲ့လုပ်ငန်းတစ်ခုကို လမ်းညွှန်လိုက်ပါတယ်။ ရန်ကုန်မြို့တွင်းကပဲဖြစ်ဖြစ်၊ နယ်ဒေသတွေကပဲဖြစ်ဖြစ် လိုအပ်တယ်ဆိုရင် ဖုန်းဆက်လိုက်ရုံနဲ့ လာရောက်ဝန်ဆောင်မှုပေးမှာပါ။ ရင်သွေးလေးတွေအတွက် နာမည်လှလှလေးတွေ၊ ဗေဒင်ဟောစာတမ်း၊ နာမည်ပေးလမ်းညွှန်၊ တြိစက္ကဇာတာတွေကို ကွန်ပျူတာနဲ့ ပြုစုပေးပြီး အိမ်တိုင်ရာရောက်ပို့ပေးတဲ့အပြင် နယ်ကဆိုရင်လည်း စာတိုက်ကနေ ပို့ပေးမယ်လို့ ဆိုပါတယ်။ စိတ်ဝင်စားသူတွေအတွက် လိပ်စာကတော့ – ကွန်ပျူတာဗေဒသုခမအမှတ်–၁၅၊ ၄၉ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၇၂၃၁၂၊ ၂၉၇၁၇၅၊ ၀၉–၅၁၇၄၂၂၆

Online D-Form အိမ်အရောက်ပို့

ပြည်ပကို ထွက်ခွာမယ့်သူတွေ မဖြစ်မနေဆောင်ရွက်ရတဲ့ Online D-Form အတွက် အချိန်မပေးနိုင်သူများ အဆင်ပြေစေဖို့ ဘဏ်မှာငွေသွင်းဖို့အပါအဝင် D-Form အိမ်အရောက်ပို့ ဝန်ဆောင်မှုလုပ်ငန်းတစ်ခုကို လမ်းညွှန်လိုပါတယ်။ ဈေးနှုန်းအနေနဲ့ မြို့တွင်း ၂၀၀၀ ကျပ်ဖြစ်ပြီး အခြားမြို့နယ်များအတွက်ကတော့ ၂၅၀၀ ကျပ်ကျသင့်မှာပါ။ ဆက်သွယ်စုံစမ်းနိုင်ဖို့ လုပ်ငန်းနာမည်နဲ့ ဖုန်းနံပါတ်တွေကို ဖော်ပြပေးလိုက်ပါတယ်။
လိပ်စာ–
Ayar Nadi General Services
ဖုန်း–၅၀၃၀၂၀၊ ၀၉–၅၁၅၁၉၆၅

နိုင်ငံခြားဖြစ် အိတ်မျိုးစုံဝယ်ယူလိုသူတွေအတွက်

လက်ကိုင်အိတ်ကအစ ခရီးဆောင်အိတ်တွေအထိ ပြည်ပကနေ တိုက်ရိုက်တင်သွင်းဖြန့်ချိပေးနေတာဖြစ်လို့ ဈေးနှုန်းချိုသာတယ်လို့ ဆိုပါတယ်။ ခေတ်မီဒီဇိုင်းသစ်တွေကိုလည်း အဆက်မပြတ်တင်သွင်းနေတာကြောင့် လက်လီ၊ လက်ကား ဝယ်ယူလိုသူတွေအတွက် လမ်းညွှန်ပေးလိုက်ရခြင်းပါ။

ဆိုင်လိပ်စာကတော့ – မဖြူဖြူဝင်းအိတ်ဆိုင်
- ဆိုင်အမှတ် (၈၀)၊ မျက်နှာစာအတွင်းဘက်တန်း၊ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၄၀၉၆၆၊ လိုင်းခွဲ–၃၇၅
- ဆိုင်အမှတ် (G-03)၊ Junction 8 Shopping Center၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၆၅၀၇၇၁–၅ လိုင်းခွဲ–၁၁၄
- ဆိုင်အမှတ် (F-4)၊ ပထမထပ်၊ ရန်ကင်းစင်တာ၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၄၇၇၀၇၊ ၇၂၃၁၆၈ ၊ ၅၇၃၆၀၀၊ ၅၇၃၆၀၁ လိုင်းခွဲ–၂၀၃
- ဆိုင်အမှတ် (S-3)၊ ဒုတိယထပ်၊ ဝေဇယန္တာစင်တာ၊ သဃ်နိုးကျွန်းမြို့နယ်၊ ရန်ကုန်။

မော်ကျွန်းက အအေးဆိုင်ကောင်းကောင်း

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့ကို ရောက်တုန်းရောက်ခိုက် အမောပြေအဆာပြေအအေးနဲ့ Snack တွေကို သုံးဆောင်လိုသူတွေအတွက် ဆိတ်ငြိမ်အေးချမ်းတဲ့နေရာမှာတည်ရှိပြီး ဆိုင်နေရာထိုင်ခင်း သန့်ပြန့်ကျယ်ဝန်းတဲ့ အအေးဆိုင်ကလေးတစ်ဆိုင်ကို လမ်းညွှန်လိုပါတယ်။ လတ်လတ်ဆတ် ဆတ်သဘာဝသစ်သီးဖျော်ရည်အမျိုးမျိုး၊ Juice အမျိုးမျိုး၊ အအေးပုလင်းအမျိုးမျိုး၊ Milk Shake အမျိုးမျိုး၊ ကော်ဖီမစ်၊ ပြည်တွင်းဖြစ်နဲ့ နိုင်ငံခြားဖြစ် အသင့်စား ခေါက်ဆွဲခြောက်အမျိုးမျိုး၊ အသုပ်အမျိုးမျိုးနဲ့ ယိုးဒယားအကင်မျိုးစုံတို့ကိုပါ မှာယူသုံးဆောင်နိုင်ပါတယ်။ ညနေခင်းမှာ အေးအေးဆေးဆေးလာရောက်ပြီး လက်ဖက်သုပ်နဲ့ အကင်တွေ မှာစားရင်း စကားပိုင်းဖွဲ့နေသူတွေနဲ့ ပြည့်နေတတ်ပါတယ်။

လိပ်စာ – မားမားကြီး အအေးဆိုင်
အမှတ်–၂၇၊ မဟာဗန္ဓုလလမ်း၊ (၈)လမ်းထိပ်၊ ကန်ရှေ့၊ မော်လမြိုင်ကျွန်းမြို့၊ ဧရာဝတီတိုင်း။

www.foreverspace.com.mm

လုပ်ငန်းသစ် ၊ ဆိုင်သစ်

❑ **Golden Lion Wire Co., Ltd. ၏ ဝါယာကြိုးစက်ရုံ**
အမှတ်–၈၆/၈၇၊ ဖန်ချက်ဝန်ဦးရွှေအိုးလမ်း၊ စက်မှုဇုန်–၃၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်။

❑ **သုခ ကုသိုလ်ဖြစ်ဆေးခန်း**
နာရေးကူညီမှုအသင်း(ရန်ကုန်)၊ သုဒဿန(၂)လမ်း၊ ၁၆/၂ ရပ်ကွက်၊ သဃ်နိုးကျွန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၆၀၃၃၁၊ ၅၇၈၁၄

❑ **Royal Ruby Jade Hotel Resort & Spa**
မင်းခမ္မလမ်းနှင့် တော်ဝင်လမ်းထောင့်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

❑ **ရွှေနန်းစံ(အဆင့်မြင့်ဧည့်ရိပ်မွန်)**
အမှတ်–၁၅၊ မဟာဗန္ဓုလလမ်းနှင့် ဘုရင့်နောင်လမ်းထောင့်၊ သံတွဲမြို့။ ဖုန်း–၀၄၃–၆၅၂၈၇၊ ၆၅၁၁၄

❑ **Family အပ်ချုပ်ဆိုင်**
ဆိုင်အမှတ်(၃၁)၊ ရုံ(၁)၊ ဗိုလ်ချုပ်အောင်ဆန်းဈေးသစ်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

❑ **Choice Star Digital ဓာတ်ပုံဗီဒီယိုဆိုင်ခွဲ**
အမှတ်–၂၅၊ လှည်းတန်းလမ်း၊ လှည်းတန်းဈေးရှေ့၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။

❑ **Kanebo Int'l Outlet**
Traders Hotel၊ ဆူးလေဘုရားလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

အပြောင်းအရွှေ့ ဝန်ဆောင်မှုလုပ်ငန်းများ

ကုမ္ပဏီရုံးခန်းပြောင်းရွှေ့တာပဲဖြစ်ဖြစ်၊ နေအိမ်အပြောင်းအရွှေ့အတွက်ပဲဖြစ်ဖြစ် ကျွမ်းကျင်တဲ့ဝန်ထမ်းတွေ၊ ပစ္စည်းတင်ဖို့အတွက် ကား စတဲ့ဝန်ဆောင်မှုတွေကို ဆောင်ရွက်ပေးနေတဲ့ လုပ်ငန်းအချို့ကို လမ်းညွှန်လိုပါတယ်။ မိမိလိုချင်တဲ့ ဝန်ဆောင်မှုတွေအတွက် ဖုန်းနဲ့ အရင်ကြိုတင်ပြီး ဆက်သွယ်မေးမြန်းနိုင်အောင် ဖုန်းနံပါတ်တွေ ဖော်ပြပေးထားပါတယ်။

❑ **ထိပ်တန်း**
ဖုန်း–၀၉–၉၉၇၀၄၄၆

❑ **မေတ္တာအိမ်**
ဖုန်း–၃၉၁၂၄၆

❑ **TH**
ဖုန်း–၀၉–၉၉၇၃၂၈၆

❑ **ရွှေကန်မြေ**
ဖုန်း–၇၂၄၄၄၇

❑ **Golden Health Beauty & Body Fitness Centre**
အမှတ်–၄/၈၊ ပထမထပ်၊ မလွကုန်းလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်။

❑ **Royal Beauty Hair & Beauty Spa**
အမှတ်–၁၃၀၊ စမ်းချောင်းလမ်း၊ မြေညီထပ်(အလယ်ခန်း)၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။

www.foreverspace.com.mm

Fancy ပစ္စည်း နှစ်သက်သူတွေအတွက်

ဖန်စီပစ္စည်းအဆန်းအပြားလေးတွေ၊ ဖိနပ်နဲ့ အိတ်လှလှလေးတွေကို ရှာဖွေချင်ကြတဲ့ အမျိုးသမီးငယ်တွေအတွက် သီးသန့် ဖွင့်ထားတဲ့ 'Ever One' Lady Accessories ဆိုင်လေးကို လမ်းညွှန်ပေးလိုက်ပါ တယ်။

ဒီဆိုင်လေးမှာ Hand-made အိတ်လေးတွေ၊ ဖိနပ်ပုံဆန်းဆန်းလေးတွေ၊ Fancy ပစ္စည်းလေးတွေအပြင် လက်ဆောင်ပစ္စည်းသေးသေးကွေးကွေးလေးတွေကိုလည်း စိတ်ကူးကောင်းကောင်းနဲ့ ခင်းကျင်းထားပါတယ်။ ဒါ့အပြင် ဆိုင်မှာ စျေးဝယ်ရင်း ကံစမ်းနိုင်အောင် အောင်ဘာလေထီလက်မှတ်လေးတွေလည်း ရောင်းချပေးတာ တွေ့ရပါတယ်။ စျေးနှုန်းသင့်တင့်ပြီး ဆက်ဆံရေး အထူးကောင်းမွန်ပါတယ်။ စမ်းချောင်းမြို့နယ် မြေနီကုန်း၊ ဒဂုံစင်တာရှေ့က မဟာဘောဂလမ်းမှာ ဖွင့်လှစ်ထားတဲ့အတွက် သွားရလာရတာလည်း လွယ်ကူပါတယ်။

သီချင်းတိုက်နိုင်တဲ့ Studio

သီချင်းတိုက်ဖို့အတွက် အဓိကရည်ရွယ်ပြီးဖွင့်လှစ်ထားတဲ့ Studio လေးတစ်ခုပါ။ အဲဒီ Studio လေးမှာ သီချင်းများကို အကြမ်းအချော နှစ်မျိုးစလုံး ပြုလုပ်ဖန်တီးနိုင်ပါတယ်။ အနောက်တိုင်း တူရိယာပစ္စည်းများစုံလင်စွာနဲ့ တီးခတ်နိုင်တဲ့အပြင် Section အလိုက် ဈေးနှုန်းချိုသာစွာ လေ့ကျင့်နိုင်တယ်လို့ ဆိုပါတယ်။ မင်္ဂလာအခမ်းအနားတွေနဲ့ တခြားပျော်ပွဲရွင်ပွဲများအတွက်လည်း စက်ပစ္စည်းတွေအပြင် တီးဝိုင်းအတွက် Player များလည်း Section အလိုက် လိုအပ်သလို ငှားရမ်းအသုံးပြုနိုင်ပါတယ်။ ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလ ဒုတိယပတ်အတွင်းမှာ ဖွင့်လှစ်လိုက်တာပါ။ ဖွင့်လှစ်ထားတဲ့နေရာလေးကတော့ –

အမှတ်–၂၇၉၊ မြင်တော်သာလမ်း၊
(၃) ရပ်ကွက်၊ သာကေတမြို့နယ်မှာပါ။
ဆက်သွယ်လိုရင်တော့–
ဦးစိုင်းဝဏ္ဏ – ၀၉–၈၀၂၂၃၅၁ ကို ဆက်သွယ်နိုင်ပါတယ်။

မအူပင်က အာရုအစားအစာဆိုင်

အာရုအစားအစာတွေ သုံးဆောင်နိုင်တဲ့ ဧရာဝတီတိုင်း မအူပင်မြို့က စားသောက်ဖွယ်ရာနှင့် အဖျော်ယမကာဆိုင်တစ်ခုကို ညွှန်းဆိုလိုပါတယ်။ ဒီဆိုင်မှာ ဗီယက်နမ် ဝက်သားသုပ်၊ ဗီယက်နမ် ကြက်သားသုပ်၊ စင်ကာပူကော်ရည်၊ ထမင်းပေါင်း၊ အင်ဒိုနီးရှားထမင်းကြော်၊ ပီနန်ခေါက်ဆွဲကြော်၊ ယိုးဒယားသင်္ဘောသီးထောင်း၊ နံနက်စာ မလေးရှားထမင်း အစရှိတဲ့ စားဖွယ်ရာတွေအပြင် သစ်သီးဖျော်ရည်စုံလည်း ရရှိပါတယ်။ ဖွင့်လှစ်တာ မကြာလှသေးတဲ့ဆိုင်ဖြစ်ပြီး အစားအသောက်တွေရဲ့ ဈေးနှုန်းကလည်း ချိုသာတယ်လို့ ဆိုပါတယ်။ ငွေဆောင်နဲ့ ချောင်းသာတို့မှာ ဆိုင်ထပ်မံဖွင့်လှစ်ဖို့ ရှိတယ်လို့လည်း သိရပါတယ်။ ဆိုင်ဖွင့်ချိန်က နံနက် ၆ နာရီကနေ ည ၉ နာရီအထိပါ။

လိပ်စာ – Feeling Asia Food & Drink
အမှတ်–၂၁၂၊ မင်းလမ်း၊ ပတ္တမြားသီဂီလမ်းထိပ်၊ (၁၁)ရပ်ကွက်၊ မအူပင်မြို့၊ ဧရာဝတီတိုင်း။ ဖုန်း–၀၄၅–၃၀၄၈၈၊ ၀၄၅–၃၀၁၀၆၃

www.foreverspace.com.mm

အင်္ဂလိပ်စာသင်ကြားလေ့ကျင့်နိုင်ပို့

ယနေ့ခေတ်ဟာ မြန်နှုန်းမြင့် ဆက်သွယ်ရေးကွန်ရက်တွေ၊ နည်းစနစ်တွေကြောင့် ပိုလို့ပိုလို့ ကျဉ်းကျုံ့လာနေပါတယ်။ ဒီလို ကျဉ်းကျုံ့တိုတောင်းလာတဲ့ အကွာအဝေးတွေကြောင့် ဘာပဲလုပ်လုပ် ပိုမိုလျင်မြန်လွယ်ကူလာစေမှာပါ။ မိမိတို့ ပြောဆိုချင်၊ ဆောင်ရွက်ချင်တဲ့ကိစ္စတွေအားလုံး အဆင်ပြေချောမွေ့စေဖို့ ဒစ်ဂျစ်တယ်ဆက်သွယ်ရေးကွန်ရက်တွေကို ထိတွေ့သင်ယူထားဖို့လိုအပ်သလို ပိုမိုထိုးဖောက်ဝင်ရောက်နိုင်ဖို့ရာ ကမ္ဘာသုံးဘာသာစကားဖြစ်တဲ့ အင်္ဂလိပ်စာကိုလည်း ကျွမ်းကျင်အောင် လေ့လာသင်ယူထားဖို့ လိုအပ်လှတာမို့ စနစ်တကျလေ့ကျင့်သင်ယူနိုင်မယ့် ရန်ကုန်မြို့က အင်္ဂလိပ်စာသင်ကြားလေ့ကျင့်ပေးရာ နေရာအချို့ကို စုစည်းဖော်ပြပေးလိုက်ပါတယ်။

- **American Centre**
  အမှတ်–၁၄၊ တော်ဝင်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၂၃၁၄၀၊ ၂၂၃၁၀၆
- **The British Council**
  အမှတ်–၇၈၊ ကမ်းနားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၅၄၆၅၈၊ ၂၅၆၂၉၀
- **Thames**
  မြေနီကုန်းပလာဇာ (ဒုတိယထပ်)၊ ဗားကရာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၀၁၄၅၀၊ ၅၂၆၉၇၁၊ ၇၀၆၇၄၀၊ ၃၃၅၂၂၈၇၀၉၀
- **Stamford City Business Institute**
  FMI Centre၊ ပဉ္စမထပ်၊ အမှတ်–၃၈၀၊ ဗိုလ်ချုပ်အောင်ဆန်း လမ်း၊ ရန်ကုန်။
  ဖုန်း–၂၄၆၇၈၈၊ ၂၄၆၉၈၈၊ ၂၄၆၉၇၇ ၊ လိုင်းခွဲ–၁၅၀၈၊ ၁၅၀၆
  e-mail: stamford-city@space.com.mm
- **Asia Language & Business Academy**
  အမှတ်–၆၆၊ ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၃၈၄၀၅၅
- **Nelson English Language Centre (NELC)**
  အမှတ်–၅၃၊ ဓမ္မာရုံလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၃၄၂၈၇၊ ၇၀၇၄၈၂
- **Educare Education Centre**
  Mentor Internation Office အဆောက်အအုံ၊
  အမှတ်–၉၆/၉၈၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၇၂၈၃၅၊ ၂၄၀၁၁၆၊ ၂၄၅၉၂၂၇
- **YIUS**
  အခန်း–၄/၈၊ အဆောင် (၇)၊
  Myanmar Info-Tech၊ တက္ကသိုလ်များ လှိုင်နယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်။ ဖုန်း – ၆၅၂၃၁၁
- **Y.E.S**
  အမှတ်–၁၉၀၊ ဒုတိယထပ်၊ ၂၈ လမ်း (အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၄၃၉၅၀
- **Success Language Academy**
  Y.W.C.A အဆောက်အအုံ၊ အမှတ်–၁၁၉၊
  ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊
  ရန်ကုန်။ ဖုန်း–၂၀၂၀၄၆၊ ၂၀၀၆၀၁

www.foreverspace.com.mm

ဖုန်းနံပါတ်ပြောင်း

- **AAS Service Co., Ltd.**
  ဖုန်း–၅၇၃၈၁၁၊ ၀၉–၅၁၂၀၁၃၉၃
- **Myanmar Baking Training Centre (MBTC)**
  ဖုန်း–၅၇၃၈၁၈၊ ၅၇၃၈၃၈၊ ၅၇၃၈၅၅

စားသောက်ဆိုင်သစ်

- **နိုင်နိုင်ကျော်(မြန်မာထမင်းဆိုင်)**
  ပါရမီလမ်းနှင့် ဝေယန္တာလမ်းထောင့်၊ ပါရမီခုံးကျော်တံတားအနီး၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။
- **YAN KIN Restaurant**
  အမှတ်–၁(က)၊ ကန်ဘဲ့လမ်း၊ ၆ ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၇၈၉၂၅၊ ၅၇၉၉၅၆
- **Feeling Asia Food & Drink**
  အမှတ်–၂၁၂၊ မင်းလမ်း၊ ပတ္တမြားသီဂီလမ်းထိပ်၊ (၁၁)ရပ်ကွက်၊ မအူပင်မြို့၊ ဧရာဝတီတိုင်း။
  ဖုန်း–၀၄၅–၃၀၄၈၈၊ ၀၄၅–၃၀၁၇၆၊ ၀၉–၅၀၂၀၁၉၁
- **တိမ်လွှာကဖီး**
  မြန်မာထမင်းဟင်း၊ အအေးနှင့် စားဖွယ်စုံ
  ပုံနှိပ်ဝန်ထမ်းအိမ်ရာဝင်ရှေ့ဆိုင်တန်း၊ အုတ်ကျင်းဝမှတ်တိုင်အနီး၊ လမ်းသစ်လမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။

ပိုလ်ချုပ်ဈေးသစ်ထဲက အပ်ချုပ်ဆိုင်

ရယ်ဒီမိတ်အထည်တွေ ဘယ်လောက်ပဲဝတ်ဝတ် ကိုယ်တိုင်းချုပ်တဲ့အထည်တွေလောက် စိတ်တိုင်းမကျတတ်တဲ့အမျိုးသမီးတွေအတွက် ဖက်ရှင်ဒီဇိုင်းမျိုးစုံချုပ်လုပ်ပေးတဲ့ ပိုလ်ချုပ်ဈေးသစ်ထဲက ဆိုင်တစ်ဆိုင်ကို လမ်းညွှန်လိုက်ပါတယ်။ ပွဲနေပွဲထိုင်ဝတ်စုံ၊ ဖက်ရှင်ဒီဇိုင်းမျိုးစုံ၊ ဘောင်းဘီပုံစံအမျိုးမျိုး ချုပ်လုပ်ပေးတယ်လို့ ဆိုပါတယ်။ လက်မ၊ စင်တီမီတာ နှစ်မျိုးစလုံးနဲ့ ချုပ်လုပ်ပေးပြီး Fashion Designer တစ်ဦးက ဖွင့်လှစ်ထားတာပါ။

လိပ်စာ – Family အပ်ချုပ်ဆိုင်
ဆိုင်အမှတ်–၃၁၊ ရုံ(၁)၊ ပိုလ်ချုပ်အောင်ဆန်းဈေးသစ်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

နေရာပြောင်း/လိပ်စာသစ်

- **Win Consulting Ltd.**
  #2D၊ နှင်းဆီအိမ်ရာ၊ အမှတ်–၁၈၂၊ ၁၉၄၊ ပထမထပ်၊ ပိုလ်တထောင်ဘုရားလမ်း၊ အနော်ရထာလမ်းနှင့် မဟာဗန္ဓုလလမ်းကြား၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၀၁၇၉၈၊ ၂၉၂၅၈၇ (လိုင်းခွဲ–၁၁၄)၊ ၂၉၁၅၆၄၊ ဖက်စ်–၃၇၁၆၀၇
  e-mail : winthin9@myanmar.com.mm
  winconsult@myanmar.com.mm
- **ယုဇနပလာဇာမှ ကားကက်ဆက်ဆိုင်ခန်းများ**
  သိမ်ဖြူတင်းနစ်ကွင်းဘေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

www.foreverspace.com.mm

ကိုယ့်အသံကို လူတွေကြားနိုင်အောင် ကိုယ်ပိုင် Podcast ဖန်တီးခြင်း

New Oxford American Dictionary က 'Podcast' ကို ၂၀၀၅ ခုနှစ်ရဲ့ နာမည်အရဆုံး အသုံးအများဆုံး Word of the year အဖြစ်သတ်မှတ်ခဲ့တယ်။ ဒါပေမဲ့ Podcast ဆိုတာ ဘာလဲ။ ဘာကြောင့် ဒါလောက်အသုံးများ၊ ရေပန်းစားရတာလဲ။ တားဆီးလို့မရတဲ့ ဂလိုဘယ်လိုက်ဇေးရှင်းနဲ့ ဒီဂျစ်တယ်လှိုင်းတွေ အဆက်မပြတ်ရိုက်ခတ်လာတာနဲ့အမျှ မြန်မာနိုင်ငံသားများအနေနဲ့ ကမ္ဘာမှာ ရေပန်းစားအသုံးဝင်နေတာတွေနဲ့ အကျွမ်းတဝင် သိထားသင့်

ပါတယ်။ အခုဆိုရင် မြန်မာနိုင်ငံတွင်းက လူတော်တော်များများ (အထူးသဖြင့် မြို့နေထိုင်သူတွေအကြား) MP3 ကို နားလည်ယဉ်ပါးနေကြပြီးဖြစ်ပါတယ်။ Podcast ဟာလည်း MP3 နဲ့ ဆက် စပ်နေပါတယ်။

အဓိကအားဖြင့် Podcast ဆိုတာ ဘယ်အချိန်မှာမဆို၊ ဘယ်နေရာမှမဆို နားထောင်ကြည့်ရှုနိုင်ဖို့ အသံဖြစ်စေ၊ ဗီဒီယိုဖြစ်စေ Record လုပ်ထားတဲ့ File ကို Online ပေါ်ကတစ်ဆင့် ထုတ်လွှင့်ပြီး iPod နဲ့ အခြားသော MP 3 Player ထဲ Download လုပ်ထားခြင်းပါပဲ။ Podcast ထုတ်လွှင့်ထားတဲ့ကဏ္ဍတွေကတော့ သီချင်းတွေကနေ သတင်း၊ ဖျော်ဖြေရေးအစီအစဉ်တွေ၊ အသံထွက်စာအုပ်၊ ကျောင်းသားတွေက သင်ခန်းစာတွေနဲ့ ဆရာတွေရဲ့ Lecture တွေ Download လုပ်နိုင်တဲ့ကဏ္ဍအမျိုးစုံ ပါဝင်ပါတယ်။ တရားခွေကိုပါ တစ်ကမ္ဘာလုံးမှာရှိတဲ့ နားထောင်လိုသူတွေအတွက် Podcast လုပ်နိုင်ပါမယ်။ အင်တာနက်ပေါ်မှာ iTunes နဲ့ အင်တာနက် Website ပေါင်းများစွာမှာ Podcast တွေ တင်ထားပါတယ်။ Podcast ရဲ့ထူးခြားမှုကတော့ မိမိအတွက် သီးခြားဖန်တီးနိုင်ခြင်းဖြစ်တဲ့အတွက် တကယ်တမ်းကြည့်မယ်ဆိုရင် ဖြစ်နိုင်ခြေ၊ အသုံးဝင်မှုက အကန့်အသတ် မရှိပါဘူး။ ကိုယ့်မှာပြောစရာ တစ်ခုခုရှိရင် Podcast က ကိုယ့်အသံနဲ့ပြောလိုတဲ့ Message ကို Medium တစ်နည်းနဲ့ ဖြန့်ဝေပေးတဲ့သဘောပါပဲ။ ပြင်ဆင်မှုအချို့နဲ့ လိုအပ်တဲ့ပစ္စည်းတွေရှိရင် မည်သူမဆို Podcast ဖန်တီးထုတ်လုပ်လို့ရပါတယ်။ Podcast ထုတ်လွှင့်ပုံ တစ်ဦးနဲ့တစ်ဦး မတူညီကြပါဘူး။ ယေဘုယျအားဖြင့်တော့

- သတင်းတစ်ခုခုပေးနိုင်ရမယ်
- အတွေးအမြင်တစ်ခုဖန်တီးပေးနိုင်ခြင်း
- ဗဟုသုတပေးနိုင်ခြင်း
- ထူးခြားကွဲပြားသော အမြင်တစ်ခုတင်ဆက်နိုင်ခြင်း
- အစ၊ အလယ်၊ အဆုံးရှိခြင်း
- နေ့စဉ်၊ အပတ်စဉ်၊ လစဉ်ပုံမှန်ထုတ်လွှင့်မှုရှိခြင်း စတာတို့ တစ်ခုခုနှင့် ပြည့်စုံလေ့ ရှိပါတယ်။ အခြားလူတွေနဲ့ Podcast တွေကို နမူနာနားထောင်ကြည့်ပါ။ ကောင်းမွန်တဲ့အချက်တွေကို အတုယူနိုင်သလို သူများတွေမတင်ဆက်ရသေးတဲ့၊ ဖြည့်ဆည်းဖို့ လိုအပ်နေတဲ့ သတင်းအချက်အလက်တစ်ခုကို ဖြည့်ဆည်းတင်ဆက်ပြဖို့ လိုမယ်ဆိုရင် အခွင့်အလမ်းကောင်းတစ်ခုကို ဖန်တီးနိုင်မှာပါ။

လိုအပ်သောကိရိယာ(ပစ္စည်းများ)

အသံသွင်းဖို့လိုအပ်တဲ့ပစ္စည်းတွေက ဈေးကြီးပေးဝယ်စရာ မလိုပါဘူး။ အခြေခံကျပြီး ဈေးသက်သာတဲ့ Microphone တော့ လိုအပ်ပါမယ်။ Video Podcast လွှင့်ဖို့ ကြံစည်နေတယ်ဆိုရင်တော့ Web-cam ပါ လိုပါလိမ့်မယ်။ အသံနဲ့ ရုပ်သွင်းဖို့ လိုအပ်တဲ့

www.forevergrace.com.mm

Accessories တွေ အဆင်သင့်ဖြစ်ပြီဆိုရင် အသံသွင်းလို့ရပါပြီ။ အသံသွင်းပြီး ကွန်ပျူတာပေါ်မှာ MP3 File အဖြစ်နဲ့ သိမ်းဆည်း Save လုပ်ထားပါ။ ဒီလို MP3 File နဲ့ ကိုယ့်ရဲ့အသံကို Save လုပ်ဖို့ Music Software မျိုးစုံနဲ့ လုပ်နိုင်ပါတယ်။ Windows Media, Real Pla- yer တို့နဲ့လည်း အလွယ်ဆုံး လုပ်နိုင်ပါတယ်။ ပြောချင်၊ ထုတ်ချင်တဲ့ Message ကို MP3 File အဖြစ်နဲ့ ကွန်ပျူတာပေါ်မှာ Save လုပ်ပြီးပြီဆိုရင် Publish လုပ်လို့ရပါပြီ။ Podcast တွေတင်လို့ရတဲ့ host လုပ်ပေးတဲ့ Podblaze.com ကတစ်ဆင့် တင်သွားလို့ရပါတယ်။ Podcast လမ်းညွှန် (Directory) ပေါင်း အခု ၅၀ ကျော်ကို စုပေးထားတဲ့ ipodder.com တို့မှာလည်း ဝင်လေ့လာကြည့်ပြီး ထူးခြားဆန်းသစ်တဲ့ မိမိရဲ့ အတွေးအမြင်တွေကို အသံ (Voice) လွှင့်သွားနိုင်မှာပါ။

စာကြည့်တိုက်သဖွယ် ခင်းကျင်းထားတဲ့ စာအုပ်ဆိုင်

ဝယ်ယူလိုတဲ့ စာအုပ်အမျိုးအစားတွေကို အလွယ်တကူ ရှာဖွေရွေးချယ်ဝယ်ယူနိုင်ဖို့အတွက် စာကြည့်တိုက်တစ်ခုသဖွယ် ခင်းကျင်းရောင်းချလျက်ရှိတဲ့ စာအုပ်ဆိုင် ဖြစ်ပါတယ်။ စာရေးကိရိယာ ပစ္စည်းတွေနဲ့ ဖန်စီပစ္စည်းတွေလည်း ရောင်းချပေးနေတာ တွေ့ရပါတယ်။ နေ့စဉ်ထုတ်၊ အပတ်စဉ်ထုတ်၊ လစဉ်ထုတ်စာစောင်တွေနဲ့ မဂ္ဂဇင်းတွေလည်း ဝယ်ယူနိုင်တယ်လို့ဆိုပါတယ်။

လိပ်စာ – နှင်းစာပေရတနာ၊အမှတ်–၅၄၊ မြေညီထပ်(၀)၊ စမ်းချောင်းလမ်း၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။

အတွေ့အကြုံပေးပြီး အခမဲ့အလုပ်ရှာပေးတဲ့နေရာ

လုပ်ငန်းခွင်အတွေ့အကြုံမရှိသေးတဲ့ အလုပ်စတင်လုပ်ကိုင်လိုသူတွေအပါအဝင် အနေအထားအမျိုးမျိုးနဲ့ အလုပ်ရှာဖွေလိုသူတွေအတွက် ကုန်ကျစရိတ်မရှိဘဲ ဆောင်ရွက်ပေးနေတဲ့ ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်းတစ်ခုကို ညွှန်ပြလိုပါတယ်။ အလုပ်လျှောက်လွှာတင်တာအတွက် အခကြေးငွေပေးစရာမလိုဘဲ အလုပ်ရသည့်တိုင် အောင် မည်သည့်ငွေကြေးပမာဏတစ်စုံတစ်ရာကိုမျှပေးရန်မလိုဘူးလို့ ဆိုပါတယ်။ အလုပ်အတွေ့အကြုံလိုအပ်နေသူတွေကို ၎င်းတို့ရဲ့လုပ်ငန်းခွဲတစ်ခုမှာ အလုပ်သင်အနေနဲ့ လုပ်ကိုင်ခွင့်စီစဉ်ပေးတယ်လို့လည်း သိရပါတယ်။ မိမိဘာသာအလုပ်ရှာဖို့ ခက်ခဲပြီး အလုပ်ရှာဖွေရေးဝန်ဆောင်မှုတွေဆီမှာ လျှောက်လွှာဖိုး ကုန်ကျမှုတွေနဲ့ စတင်ရင်ဆိုင်ရမယ့် အလုပ်လျှောက်ထားသူတွေအဖို့ အဆင်ပြေစေမယ့် ဝန်ဆောင်မှု လုပ်ငန်းတစ်ခုပါ။

လိပ်စာ – Career Development Consultancy(CDC) ပြည်မြန်မာကုန်တိုက် ပဉ္စမထပ်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၃၆၁၅၊ ၅၂၇၇၉၈၊ ဖက်စ်–၅၀၃၁၉၆
e-mail:linkt@mail4u.com.mm, linktcdc@gmail.com

ချောင်းဦးက မိုးသီကြား

ချောင်းဦးမြို့မှာ အိမ်သုံးဆေးဝါးအမျိုးမျိုးကို လက်လီလက်ကား ဈေးနှုန်းမှန်ပစ္စည်းမှန် ဖြန့်ချိရောင်းချပေးနေတဲ့ ဆိုင်ဖြစ်ပါတယ်။ ဆေးတချို့ဆိုရင် ရန်ကုန်တစ်ဦးတည်းကိုယ်စားလှယ်ထံက တိုက်ရိုက်မှာပြီးရောင်းချပေးတဲ့အတွက် စုံရွာ၊ မန္တလေးဈေးနှုန်းနဲ့ ဝယ်ယူနိုင်တယ်လို့ဆိုပါတယ်။

လိပ်စာ – မိုးသီကြား ဆေးနှင့် ဆေးပစ္စည်းရောင်းဝယ်ရေး စည်ပင်သာယာဈေးတိုက်တန်း ချောင်းဦးမြို့၊ စစ်ကိုင်းတိုင်း။
ဖုန်း–၀၂–၆၉၂၆၆၊ လိုင်းခွဲ–၂၀၁၁
E-mail: moethagyer@gmail.com

ဆိုင်နာမည်နဲ့ စက္ကူအိတ်တွေမှာချင်ရင်

ကုမ္ပဏီအများစု Promotion ပွဲတွေမှာ အသုံးပြုလိုရင်ပဲဖြစ်ဖြစ်၊ မိမိတို့ရဲ့ဆိုင်နာမည်နဲ့ စက္ကူအိတ်တွေ မှာချင်ရင်ပဲဖြစ်ဖြစ် အဆင်ပြေစေနိုင်မယ့် နေရာတစ်ခုကို လမ်းညွှန်လိုပါတယ်။ စက္ကူအိတ်အပြင် ဖိတ်စာအမျိုးမျိုးကိုလည်း တာဝန်ယူဆောင်ရွက်ပေးနေတာကို တွေ့ရပါတယ်။

လိပ်စာ – ထိုက်ထိုက် အမှတ်–၁၂၀/၁၅၀၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၃၇၈၂၆၀၊ ၀၉–၈၀၂၁၀၄၆

အခမဲ့သင်တန်း အကျိုးဆောင်ခမလိုတဲ့ အလုပ်ရှာဖွေရေး

အခမဲ့တက်ရောက်နိုင်တဲ့ သင်တန်းတွေနဲ့ အကျိုးဆောင်ခမယူဘဲ ဝန်ဆောင်မှုပေးတဲ့ ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်းဖွင့်လှစ်ထားတဲ့နေရာတစ်ခုကို ညွှန်ပြလိုပါတယ်။ တက်ရောက်နိုင်တဲ့ သင်တန်းတွေက စွန့်ဦးတီထွင်နှင့် စီမံခန့်ခွဲမှုပညာသင်တန်းတွေဖြစ်ပြီး လစဉ်ဖွင့်လှစ်ပေးနေတာဖြစ်ပါတယ်။ အလုပ်ရှာဖွေရေးဝန်ဆောင်မှုမှာလည်း အလုပ်လိုချင်သူရော၊ အလုပ်ခန့်ထားလိုသူကုမ္ပဏီဘက်ကပါ နှစ်ဖက်စလုံးက ဝန်ဆောင်ခပေးစရာမလိုတာမို့ ပညာရှာလိုသူ၊ အလုပ်လိုချင်သူတို့အတွက် အဆင်ပြေအောင် လမ်းညွှန်ပေးလိုက်ရခြင်း ဖြစ်ပါတယ်။

လိပ်စာ – Young Entrepreneurs Group Co., Ltd. တိုက်(၅)၊ အခန်း(၁၀၄)၊ ရတနာမြိုင်အိမ်ရာ၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၀၉–၅၀၀၄၇၈၆၊ ၅၃၀၅၈၁ (Ext.၂၃၀)
ဖက်စ်–၃၈၁၆၆၁၁၊ e-mail: myanmar@mail48.com.mm

www.foreverspace.com.mm

Laptop အရောင်းဆိုင်များ

တစ်ကိုယ်ရေသုံးကွန်ပျူတာ (PC)တွေ အသုံးပြုမှု အသားတကျဖြစ်သွားပြီးနောက်ပိုင်း ကိုယ်နဲ့မကွာသယ်သွားလို့ရတဲ့ ပုံပြီး Personal ဆန်လာတဲ့ Laptop တွေရဲ့ ဈေးကွက်လည်း ကျယ်ပြန့်လာသလို Laptop အသုံးပြုသူတွေပါ သိသိသာသာ တိုးပွားလာနေပြီဖြစ်လို့ ရန်ကုန်မြို့က Laptop အရောင်းဆိုင်တွေရဲ့ လိပ်စာတွေကို စုစည်းဖော်ပြလိုက်ပါတယ်။ Brand New၊ Used စတဲ့ ကိုယ်အသုံးလိုရာကို ရွေးဝယ်နိုင်မှာဖြစ်ပြီး အရစ်ကျငွေချေစနစ်ရောင်းတဲ့ဆိုင်တချို့လည်းရှိတာမို့ ကြိုတင်ဖုန်းဆက် စုံစမ်းကြည့်နိုင်ပါတယ်။

❑ **LEO**
အမှတ်–၃၅၅၊ အခန်း ၁၀၅၊ သိမ်ဖြူလမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

❑ **Computopia**
အမှတ်–၂၀၂၊ ဆိပ်ကမ်းသာလမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၇၁၃၃၆
e-mail: computopia@mptmail.net.mm

❑ **ဘုန်းရွှင်မင်း**
အမှတ်–၁၆၊ ပထမထပ်၊ မဟာဘောဂလမ်း၊ မြေနီကုန်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၁၄၂၆၃၊ ၇၀၇၀၁၃
၀၉–၅၀၂၁၆၇၇၊ ၀၉–၅၁၁၅၄၇၃

❑ **VCT Group**
အမှတ်–၃၀ (A)၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်၊ရန်ကုန်။
ဖုန်း–၂၄၅၁၇၉၊ ၂၄၅၀၃၇
e-mail : vctamyanmar.com.mm.

❑ **KMD**
အမှတ်–၅၅၀/ ၅၅၂၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၈၁၀၃၅၊ ၂၄၉၁၁၅၊
၃၈၁၂၉၊ ၃၈၁၇၇၆

❑ **Notebook Mart**
အမှတ်–၁၁ (အေ)၊ မြေနီကုန်းပလာဇာ၊ ဗားကရားလမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၇၀၃၃၆၂၊ ၀၉–၅၀၁၉၅၆၄
e-mail: notebookmart@mail4u.com.mm

❑ **Technoland Computer Sales and Service**
အမှတ်–၁၈၆/၁၈၈၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၄၉၅၆၅၊ ၃၈၄၀၈၀၊ ၄၄၁၂၇၅၃

❑ **Computer Jetty**
အမှတ်–၁၈၅၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်။ ဖုန်း–၂၅၁၀၆၈
e-mail:timothy-thet@mail4u.com.mm

❑ **Lucky Bird Co., Ltd.**
အမှတ်–၃၅၅၊ အခန်း (၁၀၆)၊ သိမ်ဖြူလမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၄၈၁၆၇၊ ၃၇၉၈၇၅၊ ဖက်စ် –၂၄၈၁၆၇
e-mail: lb.hak@mptmail.net.mm
lucklybd@myanmar.com.mm

❑ **Cystem**
အမှတ်–၂၃၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်။ ဖုန်း–၂၉၆၀၄၈၊
e-mail: cystem@myanmar.com.mm

❑ **Note Book City**
အမှတ်–၃၂၊ ကျွန်းတောလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း ၅၂၅၉၃၃၊ ၅၃၆၆၉၂
e-mail: zeyaxxko@myanmar.com.mm.
website: www.notebookscity.com

❑ **GEMINI**
အခန်း–၂၀၁၊ အိုလံပစ်တာဝါ၊ မဟာဗန္ဓုလလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း–၃၉၂၆၂၈၊ ၃၉၂၈၆၅
e-mail: gsa@mail4u.com.mm
website: www.geminicomputer.net

❑ **MICRO Computer Co., Ltd.**
အမှတ်–၁၄၃၊ ၄၆ လမ်း (အထက်)၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်။ ဖုန်း–၂၉၄၅၀၃၊ ၂၀၂၄၅၃၊ ၇၂၁၆၆၈
ဖက်စ်–၂၉၄၅၀၃၊ ၅၂၆၂၁၁
e-mail: micro@micro.com.mm.

❑ **Citicom**
အမှတ်–၁၀၁/၁၀၃၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၈၁၇၂၀၊ ၂၄၀၆၂၀၊ ၃၉၁၄၇၆၊
၃၈၁၂၂၃၊ e-mail: citicom@myanmar.com.mm

❑ **Fidonet**
အမှတ်–၂၄၇(ဘီ)၊ မြေညီထပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း–၃၉၂၅၆၅၊ ၃၈၃၀၆၇
ဖက်စ်–၃၉၂၅၆၅၊ e-mail: fidonet@mptmail.net.mm

❑ **Cyber City**
တိုက်–၃၅၃၊ အခန်း–၁၀၄၊ မြေညီထပ်၊ သိမ်ဖြူလမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၈၂၁၂၈၊
(လိုင်းခွဲ–၁၂၀၄)၊ ဖက်စ်–၃၈၀၇၈၇၊ ၇၀၅၄၀၆

www.foreverspace.com.mm

e-mail: cybercity@myanmar.com.mm

❑ **Discovery**

အမှတ်–၁၃၉၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၄၃၃၁၉၊ ၃၈၂၂၉၉

e-mail: discovery@myanmar.com.mm
discovery@mail4u.com.mm

❑ **Myint Tun Oo Company Limited**

အမှတ်–၁၅၂၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၄၁၇၃၊ ၂၄၅၇၃၅၊ ၇၀၃၄၆၂

❑ **Cytron Computing & Multimedia**

အဆောင်(၅)၊ အခန်း (၃)၊ Myanmar Info-Tech လှိုင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၆၅၂၃၀၄

e-mail: cytron@myanmar.com.mm

❑ **YOGL HOUSE**

အမှတ်–၂၄၅၊ ဆိပ်ကမ်းသာလမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၄၆၉၁၆

❑ **DCD**

အမှတ်–၇၃/၇၅၊ ၄၉ လမ်း(အောက်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၉၁၉၃၀၊ ၂၉၇၃၃၂၊ ၂၉၆၅၇၉

e-mail: dcd.sales@yangon.net.mm

ရန်ကုန်-မန္တလေး အဝေးပြေးယာဉ်လိုင်းများ

ရန်ကုန်–မန္တလေး အပြန်အလှန်ခရီးထွက်ကြရာမှာ အချိန်အခက်အခဲကြောင့် ရထားစီးဖို့ အဆင်မပြေသူတွေဟာ အဝေးပြေးကားတွေကို အသုံးပြုလာကြပါတယ်။ အများအားဖြင့် ထွက်တဲ့အချိန်က ညနေပိုင်းဖြစ်တာရယ်၊ ရောက်ချိန်က မနက်စောစောမို့ အဆင်ပြေတာရယ်ကြောင့် ကားတွေကို ရွေးချယ်စီးနင်းလာကြပါတယ်။ ခရီးသွားရာသီဖြစ်တဲ့အပြင် ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်တွေမှာ ကြိုတင် Booking လုပ်ထားနိုင်မှ နေရာကောင်းရဖို့က စိတ်ချနိုင်မှာပါ။ ဒီအတွက် လက်မှတ် Booking လုပ်ထားနိုင်အောင်ရယ်၊ ကိုယ်ကြိုက်နှစ်သက်တဲ့ကားလိုင်းကို ရွေးချယ်စီးနင်းနိုင်အောင်ရယ် ကားလိုင်းအချို့နဲ့ ဖုန်းနံပါတ်တွေကို လက်လှမ်းမီသလောက် ရွေးချယ်ဖော်ပြလိုက်ပါတယ်။

❑ **ရွှေမန္တလာ**

- အခန်း(ဏ/ D-1)၊ မြင်းခြံလမ်း၊ အောင်မင်္ဂလာအဝေးပြေးဝင်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၀၁၆၁၅၊ ၇၀၇၅၀၇
- အောင်ဆန်းကွင်းဘူတာကြီးရှေ့။ ဖုန်း–၇၀၆၀၇၁၊ ၇၀၁၆၁၅
- အမှတ်–၅၊ ကျွဲဆည်ကန်အဝေးပြေးဝင်း၊ မန္တလေး။ ဖုန်း–၀၂–၈၀၈၄၂၊ ၇၁၉၃၄

❑ **မြတ်မန္တလာထွန်း**

- အမှတ်–ဏ/ F-7၊ မင်္ဂလာလမ်း၊ အောင်မင်္ဂလာအဝေးပြေးဝင်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၂၇၆၁၇၊ ၇၀၈၁၁၂
- အောင်ဆန်းကွင်းတောင်ဘက်ခြမ်း၊ ဘူတာကြီးရှေ့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၀၄၂၅၃
- ချမ်းမြရွှေပြည်ကားကြီးဝင်း၊ နားနေဆောင်အရှေ့ဘက်၊ တင်တင်အေး ထိုးမုန့်ဆိုင်အနီး၊ မန္တလေး။ ဖုန်း–၀၂–၈၀၅၈၃၊ ၆၁၆၅၀၊ ၈၀၈၃၈

❑ **LEO Express**

- အမှတ်–ဏ/ G-2၊ မင်္ဂလာလမ်း၊ အောင်မင်္ဂလာအဝေးပြေးဝင်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်။
- အမှတ်–ဏ/ F-15၊ မင်္ဂလာလမ်း၊ အောင်မင်္ဂလာအဝေးပြေးဝင်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၄၁၁၈၅၊ ၂၅၂၀၀၁၊ ၂၄၉၅၁၂
- အမှတ်–၂၃/ ၂၅၊ အထက်ပန်းဆိုးတန်းလမ်း၊ အောင်ဆန်းကွင်းအရှေ့ဘက်တန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၄၉၅၁၂၊ ၂၅၂၀၀၁၊ ၂၄၁၁၈၅

❑ **နယူးမင်္ဂလာထွန်း**

- အမှတ်–ဏ/ ၁၆၊ မြင်းခြံလမ်းနှင့် ဏ–F/၁၊ မကွေးလမ်း၊ အောင်မင်္ဂလာအဝေးပြေးဝင်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၀၃၉၆၉၊ ၇၀၁၇၇
- အမှတ်–၁၅၈/ ၁၆၈၊ # ၀၄၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၈၅၀၉၆

❑ **ငြိမ်းချမ်းစံ**

- အမှတ်–ဏ/ F-12၊ မကွေးလမ်း၊ အောင်မင်္ဂလာအဝေးပြေးဝင်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၀၀၁၁၇

❑ **တက်လမ်း**

- အမှတ်–ဏ/ F/14၊ မကွေးလမ်း၊ အောင်မင်္ဂလာအဝေးပြေးဝင်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၂၅၈၆၉
- ကွမ်းခြံလမ်း၊ အောင်ဆန်းကွင်းတောင်ဘက်ခြမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၈၁၄၇၂၊ ၂၄၉၆၇၂

❑ **ရန်ကြီးအောင်**

- အမှတ်–ဏ/ F10၊ မကွေးလမ်း၊ အောင်မင်္ဂလာအဝေးပြေးဝင်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၆၃၉၄၆၆ ၊ လိုင်းခွဲ–၃၉၇၊ ၃၇၈၁၈၉

❑ **ရဲသူအောင်**

- အမှတ်–ဏ/ D 10 မြင်းခြံလမ်း၊ အောင်မင်္ဂလာအဝေးပြေးဝင်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၀၄၃၃၈

www.foreverspace.com.mm

❑ **နန်းလှိုက်အောင်**
– အမှတ်–ဏ/ F 18 အောင်မင်္ဂလာအဝေးပြေးဝင်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၂၇၉၁၂၊ ၂၄၅၀၅၁

❑ **ရွှေမန်းသူ**
– ပါရမီလမ်းနှင့် ဝေဇယန္တာလမ်းထောင့်၊ ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်ဝင်းအတွင်း၊ ပါရမီလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။

ဖုန်း–၅၅၉၆၅၅၊ ၅၅၃၂၅၉

– အမှတ်–က/ ၂၊ အောင်မင်္ဂလာအဝေးပြေးဝင်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၆၃၉၄၅၅(လိုင်းခွဲ–၂၃၃)၊ ၅၅၉၆၅၅

❑ **ရွှေကမ္ဘာ**
အမှတ်–ဏ/ D16၊ မြင်းခြံလမ်း၊ အောင်မင်္ဂလာအဝေးပြေးဝင်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၂၄၂၀၉၊ ၆၄၂၈၃၃

ဘောက်စ်ဝက်ဂွန်ကားများ ပြုပြင်ရောင်းဝယ်လိုလျှင်

ကားပေါင်းများစွာရှိတဲ့အထဲက ဘောက်စ်ဝက်ဂွန်ကားတွေကို အလှဆင်ပြီး စီးနင်းနေသူတွေအတွက် ဘောက်စ်ဝက်ဂွန်ကား သီးသန့်ပြုပြင်ရောင်းဝယ်တဲ့နေရာကို လမ်းညွှန်လိုက်ပါတယ်။ ဘောက်စ်ဝက်ဂွန်ကားတွေကို တစ်နေရာတည်းမှာ ရောင်းနိုင်၊ ဝယ်နိုင်၊ ပြုပြင်နိုင်ပြီး စိတ်တိုင်းကျတဲ့အထိ ဆောင်ရွက်ပေးတယ်လို့ဆိုတာကြောင့် ဘောက်စ်ဝက်ဂွန်ကားနှစ်သက်သူတွေ အကြိုက်တွေ့မှာပါ။

လိပ်စာ – ဦးကျော်နီ ဘောက်စ်ဝက်ဂွန်သီးသန့်
အမှတ်–၂၊ တရုတ်ကျောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၂၇၃၀၇

မန္တလေးက Laundry Service

မန္တလေးမြို့မှာဖွင့်လှစ်ထားတဲ့ Laundry Service တစ်ခု ဖြစ်ပါတယ်။ အဝတ်လျှော်ဖွပ်ပေးခြင်း၊ မီးပူတိုက်ပေးခြင်း၊ အခြောက်လျှော်ခြင်း၊ အစွန်းချွတ်ခြင်း စတဲ့ ဝန်ဆောင်မှုတွေကို အိမ်တိုင်ရာရောက် ကြို/ပို့ စနစ်နဲ့ ဝန်ဆောင်မှုပေးနေတယ်လို့ ဆိုပါတယ်။ အထူးဝန်ဆောင်မှုအနေနဲ့ အဝတ်အထည်တွေကို ပြန်လည်ပေါင်းတင်ပေးခြင်းနဲ့ အရောင်တင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးနေတယ်လို့ သိရပါတယ်။ အမျိုးသားနဲ့ အမျိုးသမီးအဝတ်အစားများကို သီးသန့်ခွဲခြားပြီး လျှော်ဖွပ်ပေးတဲ့အပြင် ဟိုတယ်၊ အဆောင်နဲ့ စားသောက်ဆိုင်တွေကို အထူးန္နန်းနဲ့ ဝန်ဆောင်မှုပေးတယ်လို့ ဆိုပါတယ်။

လိပ်စာ – Linn Lett Professional Dry Cleaning & Laundry Service
လမ်း ၂၀၊ ၆၅ လမ်းနှင့် ၆၆ လမ်းကြား၊ အမျိုးသားဇာတ်ရုံဝင်း၊ မန္တလေး။ ဖုန်း–၀၂–၇၁၁၆၇၊ ၀၉–၅၂၃၀၉၄၁

LIVING COLOR MEDIA

သမ္မတဟိုတယ် (Business Suite)
အမှတ် (၅) ၊ အလံပြဘုရားလမ်း ၊
ဒဂုံမြို့နယ် ၊ ရန်ကုန်မြို့ ။
ဖုန်း -၂၄၃၆၃၉ ၊ ၂၄၃၆၄၀ ၊၂၄၃၆၄၁ ၊၂၄၃၆၄၂ ၊၂၄၃၆၄၃ (Ext-၂၀၀၁)

www.foreverspace.com.mm

၂၀၀၇ ခုနှစ် မတ်လနှင့် ဧပြီလအတွင်း ထွက်ရှိသောစာအုပ်များ

စဉ်	စာအုပ်အမည်	စာရေးသူ	အုပ်ရေ	တန်ဖိုး (ကျပ်)	ထုတ်ဝေတိုက်	ထုတ်ဝေနှစ်	စာအုပ် အမျိုးအစား
၁။	လိုအင်ဆန္ဒတွေပြည့်ပါစေ စာမူခွင့်ပြုချက်အမှတ်-၃၂၈/၀၃(၅)	ဓမ္မဒူတဒေါက်တာ အရှင်ပညိဿရ	၁၀၀၀	၃၀၀	ဦးမောင်မောင်လှ	၂၀၀၇၊ မတ် ပထမအကြိမ်	ဘာသာရေး
၂။	ဗုဒ္ဓမြတ်စွာအပေါ်ကမ္ဘာကျော် ပုဂ္ဂိုလ်များအမြင် စာမူခွင့်ပြုချက်အမှတ်-၃၂၀၇၅၅၀၆၁၀	ကိုရင်ဩ	၁၀၀၀	၂၀၀၀	Unity	၂၀၀၆၊ ဒီဇင်ဘာ ပထမအကြိမ်	ဘာသာရေးအတွေး အမြင်
၃။	ဘုံဘဝမှာဖြင့်ထက်ကြပ်မကွာ စာမူခွင့်ပြုချက်အမှတ်-၃၁၀၀၀၂၀၁၀၇	သခင်တင်မြ	၁၀၀၀	၂၈၀၀	သီဟရတနာ	၂၀၀၇၊ မတ်	မြန်မာနိုင်ငံရေး သမိုင်းစာပေ
၄။	လျှို့ဝှက်လှိုက်ဖို စာမူခွင့်ပြုချက်အမှတ်-၅၀၀၆၉၃၀၆၀၆	တက္ကသိုလ် Dr.နန်းမောင်	၁၀၀၀	၁၀၀၀	ရဲအောင်	၂၀၀၇၊ ဇန်နဝါရီ ပထမအကြိမ်	သိပ္ပံဝတ္ထု
၅။	ဆရာဝန်တစ်ယောက်နှင့်ကမောက်ကမများစွာ စာမူခွင့်ပြုချက်အမှတ်-၅၀၁၂၆၉၀၆၁၀	ဒေါက်တာလမင်း	၁၀၀၀	၁၄၀၀	နိုင်ငံဂုဏ်ရည်	၂၀၀၇၊ ဖေဖော်ဝါရီ တတိယအကြိမ်	ဆေးပညာဗဟုသုတ
၆။	ဘုံတစ်ကွေ့မှာ ဆုံတွေ့ရသူများ စာမူခွင့်ပြုချက်အမှတ်-၅၀၀၂၂၄၀၅၀၃	မြတ်ဦမိုး	၁၀၀၀	၂၀၀၀	ဦမိုးအေး	၂၀၀၇၊ မတ် ပထမအကြိမ်	ဘာသာပြန်ဒဿန ဝတ္ထု
၇။	ကြက်ဥက်တုပ်ကွေးကင်းဝေးရေး အမေးအဖြေ စာမူခွင့်ပြုချက်အမှတ်-၄၀၀၃၀၄၀၆၀၃	မင်းစံအိမ်	၅၀၀	၁၀၀၀	ဇေဇင်မင်း	၂၀၀၇၊ မတ် ပထမအကြိမ်	ကျန်းမာရေး
၈။	ထီးစကား၊ နန်းစကား စာမူခွင့်ပြုချက်အမှတ်-၃၁၀၀၀၁၃၁၀၇	မောင်သန်းဆွေ (ထားဝယ်)	၅၀၀	၂၀၀၀	ပညာရွှေတောင်	၂၀၀၇၊ မတ် ပထမအကြိမ်	သမိုင်းကြောင်း
၉။	တောင်တန်းများကိုပင် ပေါ့ပါးစေသည့် မိုးကောင်းကင် (သမီးသို့ပေးစာများ) စာမူခွင့်ပြုချက်အမှတ်-၄၀၁၅၀၀၀၆၁၂	နေဝင်းမြင့်	၅၀၀	၁၂၀၀	ရုဝံ	၂၀၀၇၊ မတ် ပထမအကြိမ်	ဆုံးမစာ
၁၀။	အောင်မြင်ချမ်းသာနည်းပေါင်း စာမူခွင့်ပြုချက်အမှတ်-၄၀၀၀၁၃၀၁၀၇	၁၀၀ကြည်ရွှန်း	၅၀၀	၂၀၀၀	တရားဓမ္မ	၂၀၀၇၊ မတ်	တက်ကျမ်း ပထမအကြိမ်
၁၁။	သီရိဂေဟာနည်း ၁၀၀ စာမူခွင့်ပြုချက်အမှတ်-၄၀၀၉၄၆၀၆၀၇	ကြည်မင်း	၅၀၀	၂၈၀၀	တူဒေး	၂၀၀၇၊ ဇန်နဝါရီ	လူမှုရေးသုတေသန
၁၂။	စာတမ်းတိုးတက်ကြီးပွားလိုလျှင် စာမူခွင့်ပြုချက်အမှတ်-၄၀၀၅၂၆၀၆၀၄	ရဲမြင့် (စွန့်ဦးတီထွင်)	၅၀၀	၂၂၀၀	တူဒေး	၂၀၀၇၊ မတ် ပထမအကြိမ်	လူမှုစီးပွားစာစဉ်
၁၃။	သန္တာဒီပ စာမူခွင့်ပြုချက်အမှတ်-၅၀၀၉၅၄၀၆၀၇	အောင်စည်နေမျိုး	၅၀၀	၁၀၀၀	ဇင်ရတနာ	၂၀၀၇၊ ဧပြီ ပထမအကြိမ်	သည်းထိတ်ရင်ဖို စွန့်စားခန်းဝတ္ထုရှည်
၁၄။	အင်္ဂလိပ်-မြန်မာအဘိဓာန်+ VCDနှစ်ချပ် စာမူခွင့်ပြုချက်အမှတ်-၁၅၇/၂၀၀၇	ကိုကိုဦး	၅၀၀	၁၂၀၀	A to Z	၂၀၀၇၊ ဇန်နဝါရီ ပထမအကြိမ်	မူလတန်းမှအလယ် တန်းထိစာသင်သား သုံးအဘိဓာန်
၁၅။	ရွှေအမြူတေရဲ့ ရွှေအမြူတေများ စာမူခွင့်ပြုချက်အမှတ်-၄၀၀၀၂၆၀၁၀၇	ကလောင်သစ်များ	၅၀၀	၁၀၀၀	မျိုးဆက်သစ်	၂၀၀၇၊ ဖေဖော်ဝါရီ ပထမအကြိမ်	ဆုရစာမူများ

www.foreverspace.com.mm

၁၆။	ခုတိုးအံတွေး စာမူခွင့်ပြုချက်အမှတ်-၄၀၀၀၅၂၀၇၀၁	ကျော်ဝင်း	၅၀၀	၁၀၀၀	Unity	၂၀၀၇၊ ဖေဖော်ဝါရီ ပထမအကြိမ်	အတွေးအမြင်
၁၇။	ကမ္ဘာသစ်ကိုကြိုဆိုလိုက်ပါ စာမူခွင့်ပြုချက်အမှတ်-၄၀၀၀၁၆၀၁၀၇	ခင်စောတင့်	၁၀၀၀	၆၀၀	The Couple	၂၀၀၇၊ ဧပြီ ပထမအကြိမ်	လမ်းညွှန်အက်ဆေး (ဘာသာပြန်)
၁၈။	ရူပသျှတ္တရ ဂန္ဓိရပညာ ကမ္ဘာကျော်သောလူကဲ့ခတ်နည်းများ စာမူခွင့်ပြုချက်အမှတ်-၄၀၁၀၃၁၀၆၀၈	ဆရာဦးခန့်ကျော် (တဆ-၇၆၇၇)	၁၀၀၀	၆၅၀	ခန့်ကျော် (ယာယီ-၇၉၂)	၂၀၀၇၊ ဧပြီ ပထမအကြိမ်	လူကဲ့ခတ်နည်းများ (ဘာသာပြန်)
၁၉။	ဝတ္ထုတိုပေါင်းချုပ်သတ္တမတွဲ (စွန့်စားဆင်ခြင် ညဏ်မြော်မြင် ဝတ္ထုတိုများ) စာမူခွင့်ပြုချက်အမှတ်-၅၀၀၉၆၆၀၆၀၈	ရွှေဥဒေါင်း	၅၀၀	၂၈၀၀	စိတ်ကူးချိုချို	၂၀၀၇၊ မတ် ပထမအကြိမ်	ဝတ္ထုတိုပေါင်းချုပ်
၂၀။	ရတနာစိန်မုဆိုး စာမူခွင့်ပြုချက်အမှတ်-၅၀၀၄၈၄၀၅၀၄	ဆရာမိုး (Follow Me)	၅၀၀	၁၂၀၀	မိုးသီဂီ	၂၀၀၇၊ ဇန်နဝါရီ ပထမအကြိမ်	ဘာသာပြန် (အင်္ဂလိပ်+မြန်မာ နှစ်ဘာသာတွဲ)
၂၁။	အသည်းရောင်အသားဝါ စီပိုး နောက်ဆုံးတွေ့ရှိချက်များ ၂၀၀၇ နှင့် အသည်းရောဂါလူနာ များဆောင်ရန်ရှောင်ရန်လက်စွဲ စာမူခွင့်ပြုချက်အမှတ်-၄၀၀၀၅၅၀၁၀၇	ဒေါက်တာ ဦးကျော်ဇေယျ	၅၀၀	၂၅၀၀	အသည်း ဆေးတိုက်	၂၀၀၇၊ ဇန်နဝါရီ ပထမအကြိမ်	ဆေးပညာ
၂၂။	အသိအလိမ္မာဉာဏ်ပညာ စာမူခွင့်ပြုချက်အမှတ်-၃၂၀၆၁၉၀၆၀၈	မောင်ချစ်ညို(ပဲခူး) သုတေသီ ဘုန်းမြင့်သွေး	၁၀၀၀	၅၀၀	ဥယျာဉ်မှူး	၂၀၀၇၊ ဖေဖော်ဝါရီ ပထမအကြိမ်	ဗဟုသုတ

စာအုပ်လမ်းညွှန်

Editor's Choice

၏ သမိုင်းနောက်ခံအချို့အကြွေ့များ၊ လူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှုဓလေ့စရိုက်များကို အခြေခံပြီး လက်တွေ့ကုသရေး



ဆင်းရဲခြင်း လွတ်ကင်းရောင်
(The End Of Poverty)
ကျော်ဝင်း

ခေတ်ပြိုင်ဘောဂဗေဒပညာရှင်များထဲတွင် နာမည်အကျော်ဆုံး၊ အလုပ်အများဆုံး၊ လူမုန်းအများဆုံး၊ လူချစ်လူခင်အများဆုံးတစ်ယောက်ဖြစ်သော ဂျက်ဖရီဆာ့ချ်၏ ၂၀၀၅ ခုနှစ် အတွင်းထွက်ရှိလာသော စာအုပ်ကို ဆရာကျော်ဝင်းက ဘာသာပြန်ဆိုထားခြင်းဖြစ်သည်။ ဂျက်ဖရီဆာ့ချ်မှာ ဘောဂဗေဒသမားများထဲတွင် ထူးခြားသော ပုဂ္ဂိုလ်တစ်ဦးအဖြစ် သတ်မှတ်ခံရသည်။ ပညာရှင်အသိုင်းအဝိုင်းကဆိုလျှင် သူ့ကို ခွဲ့ ထဲဘောဂဗေဒဂိုဏ်း ထူထောင်သူအဖြစ် သမုတ်လေ့ရှိသည်။ ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေးစစ်ပွဲကို စွမ်းစွမ်းတမံဦးဆောင်သော ဗိုလ်ချုပ်ကြီးတစ်ဦး သို့မဟုတ် ရဲစွမ်းသတ္တိနှင့် ပြည့်စုံသောသူရဲကောင်းဟုလည်း အခေါ်ခံထားရသည်။

တတိယကမ္ဘာနိုင်ငံများ(၀၀)ဖွံ့ဖြိုးမှုအဆင့်နိမ့်ကျပြီး ဆင်းရဲတွင်းနက်သော နိုင်ငံများကို ဖွံ့ဖြိုးရေးလမ်းကြောင်းပေါ်သို့ ဆွဲခေါ်ရာတွင်လည်းကောင်း၊ စီမံကိန်းမဟာဗျူဟာကွက်သို့လှည့်ပြောင်းရာတွင်လည်းကောင်း ဘောဂဗေဒသိအို့ရီချည်းသက်သက်ဖြင့်အလုပ်မဖြစ်နိုင်ပုံ၊ နိုင်ငံတစ်နိုင်ငံ

www.foreverspace.com.mm

ဘောဂဗေဒအားအသုံးချရပုံများကို အထူးဖိုးကပ်လုပ်ဖေရေးသားထားသည်။ ဂျက်ဖရီဆာ့ခ်မန်၏ အယူအဆကို Clinical Economics ဟု အမည်ပေးသည်။ ဘာသာပြန်သူက လက်တွေ့ကျကျချဉ်းကပ်ကြည့်သည့် ဘောဂဗေဒဟု အဓိပ္ပာယ်ဖော်သည်။ ဂျက်ဖရီဆာ့ခ်မန်က အဆိုပါချဉ်းကပ်နည်းကို ကလေးအထူးကုဆရာဝန်သူဇနီးသည်၏အတွေ့အကြုံများမှ ကောက်သင်းကောက်ရခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ နိုင်ငံများ၏ ဆင်းရဲနွမ်းပါးမှုသည် ကပ်ရောဂါကဲ့သို့ပင် အကြောင်းရင်းတစ်မျိုးတည်းကြောင့်မဟုတ်ဘဲ ပြဿနာပေါင်းစုံနှင့် လိမ်ယှက်နေသည်ဟု ထောက်ပြသည်။

စီးပွားရေးပျက်ကပ်ကြီးနှင့် အကြီးအကျယ်ရင်ဆိုင်ခဲ့ရသော ပိုလန်နိုင်ငံကို ဆိုဗီယက်ပုံစံစီမံကိန်းစနစ်မှ ဥရောပပုံစံစျေးကွက်စနစ်သို့ ပြန်သွားနိုင်အောင်ပြုလုပ်ရာတွင် ဂျက်ဖရီဆာ့ခ်၏ကိုယ်တိုင်ရေးဆွဲပေးခဲ့သော စီးပွားရေးစီမံချက်မူကြမ်းမှာ စီးပွားရေးမူဝါဒချမှတ်သူများမဖြစ်မနေဖတ်သင့်သည်။ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ဘဏ် အစရှိသည့် နိုင်ငံတကာအဖွဲ့အစည်းကြီးများကို လွှမ်းမိုးချုပ်ကိုင်ထားသူများသည် မိမိင်းတစ်နိုင်ငံ၏ အဓိကပြဿနာများကို မှန်မှန်ကန်ကန်စဉ်းစားတွေးခေါ်နိုင်ဖို့ အရေးကြီးကြောင်း 'လက်တွေ့ကုသရေးဘောဂဗေဒ' အခန်းတွင် ပွင့်ပွင့်လင်းလင်းဝေဖန်ထားသည်။ လက်ရှိဖွံ့ဖြိုးရေးဘောဂဗေဒမှာ ၁၈ ရာစုဆေးပညာနှင့် တစ်နည်းအားဖြင့် တူညီသည်။ ထိုစဉ်က ဆရာဝန်များမှာ လူနာထံမှ သွေးထုတ်ဖို့လိုပါက 'မျှော့' များသုံးပြီး သွေးစုပ်စေသည်။ ဤသို့လုပ်ရင်းလူနာပါအသက်ပျောက်ရသည့် အဖြစ်အပျက်များကြုံတွေ့ရကြောင်း၊ ဆင်းရဲသားနိုင်ငံများက သူဌေးနိုင်ငံများကို အကူအညီတောင်းခံရာတွင် 'IMF' ဟု အမည်တွင်သော ငွေကြေးအထူးကုဆရာဝန် Money Doctor စေလွှတ်ခဲ့ရာ ဒေါက်တာက ဆင်းရဲသားလူနာအား ဘတ်ဂျက်ခါးပတ်ခပ်တင်းတင်းပတ်ခိုင်းလိုက်သည်။ လူနာခမျာ မွဲလွန်း၍ကိုယ်ပိုင်ဘတ်ဂျက်မရှိသည်ကို ဆရာဝန် IMF ကိုယ်တိုင်မသိခဲ့သည့် ဖြစ်ရပ်များရှိခဲ့ကြောင်း ပြင်းထန်စွာဝေဖန်ထားသည်။ 'ခြိုးခြံချွေတာရေးကုထုံးများကြောင့် အဓိကရုဏ်းများ၊ နိုင်ငံရေးမငြိမ်သက်မှုများ မကြာခဏဆိုသလို ကြုံရကာ နောက်ဆုံးတွင် အဓိုးရဝန်ဆောင်မှုများပင် ပြိုကျသလောက်ဖြစ်ရကြောင်း ဆိုထားသည်မှာ ခြိုးခြံချွေတာရေးဝါဒီများအတွက် သင်ခန်းစာများပင်ဖြစ်သည်။

အချုပ်ဆိုရလျှင် မူရင်းစာရေးသူ ဂျက်ဖရီဆာ့ခ်ရော ဘာသာပြန်သူရော၌ ကမ္ဘာ့ဆင်းရဲတွင်းကြီးများ ကွယ်ပျောက်သွားရန် စိတ်စေတနာ ပြင်းထန်လှသည်ကို တွေ့ရှိရသည်။ ဂျက်ဖရီဆာ့ခ်က သီအိုရီနှင့် လက်တွေ့ကို ခွဲပြသည်။ ကျော်ဝင်း၏ ဘာသာပြန်မှုအနုပညာ (Art Of Translation) က မြန်မာစာဖတ်ပရိသတ် လျှောခနဲ ဒိုင်းခနဲ သဘောပေါက်အောင် ရှင်းထုတ်ပေးထားသည်။ ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလတွင် ကေဇော်စာအုပ်တိုက်က ထုတ်ဝေခဲ့ သည့် ဤလအတွက် မဖြစ်မနေဝယ်ဖတ်သင့်သော စာအုပ်တစ်အုပ်အဖြစ် ညွှန်းဆိုလိုက်ပါသည်။

'စစ်အေးခေတ်အလွန်' စာအုပ်တွင် ဂျက်ဖရီဆာ့ခ်၏ The End of Poverty ဤစာအုပ်၏ နိဂုံးပိုင်းထည့်သွင်းဖော်ပြခဲ့ပြီး ဖြစ်သည်။

ထုတ်ဝေတိုက် – ရွှေရည်မြင့်မြတ်
ထုတ်ဝေနှစ် – မတ်၊ ၂၀၀၇
အကြိမ် – ပထမအကြိမ်
တန်ဖိုး – ၁၈၀၀ ကျပ်
အုပ်ရေ – ၅၀၀
ခွင့်ပြုချက်အမှတ်–၄၀၀၂၁၅၀၂၀၇

ရပ်ရေး၊ ရွာမှူ
(အုပ်ချုပ်ရေး၊ လုံခြုံရေး၊ အထွေထွေ)
ဥပဒေပြဋ္ဌာန်းချက်များ

ဦးကျော်(အောင်မြတ်ကျော်)
M . P. A, D . M . A, R . L, (Advocate)
ညွှန်ကြားရေးမှူး (ငြိမ်း)
မြန်မာနိုင်ငံဝန်ထမ်း



၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာ့နိုင်ငံလွတ်လပ်ရေးရ၍ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (၁၉၄၇) စတင်သက်ဝင်လာခဲ့ပြီး ဥပဒေသစ်များ ထပ်မံပြဋ္ဌာန်းခဲ့သော်ငြား ဗြိတိသျှတို့ မြန်မာနိုင်ငံကို ကိုလိုနီပြုစဉ်ကာလများအတွင်းကပင် ပြဋ္ဌာန်းခဲ့သော ပြည်ထဲရေးဆိုင်ရာ ဥပဒေများကို ဆက်လက်လက်ခံခဲ့ခြင်းများရှိရာ ယင်းသို့လက်ခံကျင့်သုံးနေခြင်းများကို (၁၉၅၅–၁၉၆၁)၊ (၁၉၆၂–၁၉၇၃)၊ (၁၉၇၄–၁၉၈၈)၊ (၁၉၈၈ မှ မျက်မှောက်ကာလအထိ) ကာလများအတွင်းခေတ်နှင့်အညီလိုအပ်သလို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ပြဋ္ဌာန်းခြင်း၊ ဖျက်သိမ်းခြင်းများ ပြုလုပ်၍ကျင့်သုံးဆဲရှိနေရာ ယင်းဥပဒေများ၊ အက်ဥပဒေများနှင့် နည်းဥပဒေများဆိုင်ရာ ကောက်နုတ်ချက်များ (Extracts)ကို ရပ်ရွာအုပ်ချုပ်ရေးလုပ်ငန်းတာဝန်ရှိသူများ သိရှိကျင့်ကြံနိုင်ရန် ရည်ရွယ်ထားသူဟု စာရေးသူက အမှာပါးထားသော်လည်း ရပ်ရွာအုပ်ချုပ်ရေးကို စိတ်ဝင်စားသူတိုင်းနှင့် ပြည်ထဲရေးသည် မိမိတို့အရေးပင်ဖြစ်သည်ဟု သိမြင်ခံယူထားသူ ပုဂ္ဂိုလ်တိုင်းအတွက် အကျိုးရှိစေမည့် စာအုပ်တစ်အုပ်ပင်ဖြစ်သည်။

၁၉၀၇ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် မြန်မာနိုင်ငံအက်ဥပဒေ အမှတ်–၃ ဖြစ်သည့် မြို့များအက်ဥပဒေပါ ပြဋ္ဌာန်းချက်များမှာ ယနေ့တိုင် သက်ဝင်တည်ရှိဆဲဖြစ်ပြီး မျက်မှောက်အချိန်တွင် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများရှိ ရပ်ရွာအုပ်ချုပ်ရေးတာဝန်ရှိသူများ

www.foreverspace.com.mm

အားလုံးလေ့လာသင့်သည့်ဥပဒေပင်ဖြစ်သည်။ ရပ်ရွာအုပ်ချုပ်ရေးဆိုင်ရာ ဥပဒေရေးဂ္ဂ အနှစ်သာရပိုင်းတွင် ပြည့်စုံမှုရှိဆဲဖြစ်သော်လည်း ပုဒ်မ–၈ (စာ–၎) ပါ ငွေကျပ်ငါးဆယ်ထက်မပိုသော ဒဏ်ငွေ ဆိုသည့် စကားရပ်မှာမူ ခေတ်နှင့်အံဝင်တော့ခြင်းမရှိသည်ကို တွေ့ရသည်။ ရပ်ကွက်အတွင်းနေထိုင်သူများ၏ အရပ်ရပ် တာဝန်များနှင့် အကျုံးဝင်သည့် ပုဒ်မ–၉၊ ပုဒ်မ–၁၀၊ ပုဒ်မ–၁၁နှင့် ဖြည့်စွက်ပုဒ်မ ၁၂၊ ၁၃၊ ၁၄ တို့ကိုလည်း လေ့လာအပ်သည်ဟု ဆိုချင်သည်။ အလားတူပင် ၁၉၀၇ ခုနှစ် ကျေးရွာအက်ဥပဒေ စာ ၁၅–၃၆ ကိုလည်း အသေးစိတ်ဖတ်ရှုသုံးသပ်နိုင်မည်ဖြစ်သည်။ အများပြည်သူနှောင့်ယှက်မှု၊ သန့်ရှင်းရေးနှင့် မီးဘေးဆိုင်ရာနည်းဥပဒေကို ပြဋ္ဌာန်းချက်များနှင့် ပြည့်စုံစွာကောက်နုတ်စုစည်းတင်ပြထားခြင်းကြောင့် ရပ်ရွာအတွင်းနေထိုင်သူများအနေနှင့် လူမှုရေးဆိုင်ရာ အထွေထွေကိစ္စရပ်များတွင် မည်သို့မည်ပုံလိုက်နာမှ ဥပဒေနှင့် ညီညွတ်မည်ဆိုသည့် အသိတရားဖြစ်ထွန်းလာစေမည်ဖြစ်သည်။ စာရှုသူများအတွက် အကျိုးများစေမည့် ဖော်ပြချက်ပင်ဖြစ်၏။(စာ–၃၇–၄၄)

လက်ရှိကာလတွင် ဆိုခဲ့ပါဥပဒေ ပြဋ္ဌာန်းချက်များကို မည်သို့ကျင့်သုံးနေသည်ဆိုသည့်အချက်ကို ကောက်ချက်ချနိုင်စေရန် ယင်းအက်ဥပဒေများ ကျင့်သုံးမှုနှင့် ပတ်သက်သည့် ပြင်ဆင်ဖြည့်စွက်သည့် အမိန့်ကြေညာချက်များပါဝင်သည်။ (စာ–၄၅–၅၉)။ စာမျက်နှာ ၆၇ တွင် ဧည့်စာရင်းတိုင်ကြားမှုလက်မခံသည့် ကိစ္စဟူသော စိတ်ဝင်စားဖွယ် မြန်မာနိုင်ငံတရားရုံး စီရင်ထုံးကောက်နုတ်ချက်တစ်ရပ်ကိုလည်း ဖတ်ရှုနိုင်မည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ အရေးပါသည့် ဥပဓိရုပ်တစ်ခုဖြစ်သော နိုင်ငံတော်အလံနှင့်ပတ်သက်သည့် တည်ဆဲပြဋ္ဌာန်းချက်များကို နိုင်ငံတော်အလံဥပဒေ (စာ–၆၈)တွင် အသေးစိတ်လေ့လာနိုင်မည်ဖြစ်ရာ နိုင်ငံသားများ၏ အလံနှင့် ပတ်သက်သော တန်ဖိုးထားအပ်မှုများ ကျယ်ပြန့်ဖြစ်ထွန်းလာမည်ဟု ယူဆပါသည်။ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များဖော်ပြ၍ အုပ်ချုပ်ရေးနှင့် စပ်လျဉ်းသည့် ဥပဒေများ အခန်းကဏ္ဍကို အဆုံးသတ်ထားသည်။

လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကောက်နုတ်ချက်များတွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပါ ဝရမ်းမပါဘဲ ဖမ်းဆီးခြင်း(စာ–၈၃)၏ ပုဒ်မ–၆၄၊ ပုဒ်မ–၆၅၊ ပုဒ်မ–၆၆၊ ပုဒ်မ–၆၇နှင့် ပုဒ်မ –၁၅၃ တို့မှာ စိတ်ဝင်စားဖွယ်ဖြစ်သည်။ ယင်းကဏ္ဍတွင် အလေး၊ အချိန်အတွယ်၊ တင်းတောင်းနှင့် အတိုင်းအတာဆိုင်ရာပြစ်ဒဏ်များ၊ ဘာသာ သာသနာဆိုင်ရာပြစ်မှုများ၊ ကိုယ်ဝန်ပျက်စေခြင်း၊ မဖွားသေးသည့်ကလေးကို နာကျင်စေခြင်း၊ ဆယ့်နှစ်နှစ်အောက်ကလေးကို စွန့်ပစ်ခြင်း၊ ကလေးမွေးဖွားကြောင်းကို ထိန်ချန်ခြင်း၊ ရာဇဝတ်မှုမကင်းသော အနိုင်အထက်ပြုမှုနှင့် လက်ရောက်မှု စသည်တို့နှင့် စပ်လျဉ်းသည့် ပုဒ်မများကို ကောက်နုတ်ဖော်ပြထားသည့် အတွက် စာဖတ်သူများအတွက် ဥပဒေဗဟုသုတများ ရရေရာရာတိုးပွားလာနိုင်သည်။

ဆက်လက်၍ ၁၉၄၅ ခုနှစ် ရဲအက်ဥပဒေ၊ လောင်းကစားဥပဒေ(၁၉၈၆)၊ ၁၉၄၉ ခုနှစ်ပြည့်တန်ဆာ ပပျောက်ရေးအက်ဥပဒေ၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ(၁၉၉၃)၊ အရေးကြီးသော ကုန်ပစ္စည်းနှင့် ဆောင်ရွက်မှုအက်ဥပဒေ(၁၉၄၇)၊ လူဝင်မှုကြီးကြပ်ရေးအက်ဥပဒေ(၁၉၄၇)၊ နိုင်ငံသားများအက်ဥပဒေ၊ ယစ်မျိုးအက်ဥပဒေ(၁၉၁၇)၊ ယစ်မျိုးနည်းဥပဒေ(၁၉၂၈)၊ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ နည်းဥပဒေ၊ ဓာတ်ငွေ့ဘူးနည်း ဥပဒေ(၁၉၄၇)၊ အစိုးရအိမ်ဥပစာ(နှင့်ထုတ်ခြင်း) အက်ဥပဒေ(၁၉၉၅) တို့ပါ ပြဋ္ဌာန်းချက်များကို ကောက်နုတ်တင်ဆက်ထားရာ စာမျက်နှာ ၁၁၀ ၌ ပုဒ်မ ၂၂ (ခ) 'ယစ်မျိုးနည်းဥပဒေ ၂၃ အရ စိမ်ရည်ဆိုင်နှင့် နိုင်ငံခြားအရက်ဆိုင်များ တစ်ဆိုင်နှင့် တစ်ဆိုင်ကိုက် ၁၀၀ အောက်မနီးစေရပါ' ဟူသည့် ပြဋ္ဌာန်းထားမှုမျိုးပါဝင်နေသည်ကို တွေ့ရသည်။

စီမံခန့်ခွဲရေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များကို ကောက်နုတ်ဖော်ပြထားရာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွဲ့ဖြိုးတိုးတက်ရေးဥပဒေ (၁၉၉၃)၊ စည်ပင်သာယာရေးအဖွဲ့များဥပဒေ(၁၉၉၃)၊ မီးသတ်တပ်ဖွဲ့ဥပဒေ(၁၉၉၇)၊ အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်းဥပဒေ (၁၈၉၉)၊ အောက်မြန်မာပြည်မြို့နှင့် ကျေးရွာမြေများ အက်ဥပဒေ (၁၈၉၈)၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ(၁၉၅၃) သီးစားချထားရေး အက်ဥပဒေ(၁၉၆၃)၊ မြန်မာနိုင်ငံတူးမြောင်းအက်ဥပဒေ၊ မြန်မာနိုင်ငံတူးမြောင်းနည်းဥပဒေ၊ တာတမံဥပဒေ၊ မြန်မာနိုင်ငံနယ်သတ်အက်ဥပဒေ (၁၈၈၀)၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ (၁၉၈၈) စသည်တို့အနက်မှ သိမှတ်ဖွယ်ရာပြဋ္ဌာန်းချက်များပါဝင်လျက်ရှိသည်။

လူ့အဖွဲ့အစည်းတစ်ရပ်၏ လိုအပ်ချက်နှင့် လိုအပ်မည့်ရေးရာကိစ္စများ အပေါ် အခြေပြု၍ ဥပဒေများရေးဆွဲပြဋ္ဌာန်းလေ့ရှိရာ ယခုစာအုပ်ပါတည်ဆဲဥပဒေပြဋ္ဌာန်းချက်များဆိုင်ရာ ကောက်နုတ်ချက်များကို ဖက်ရှင်လေ့လာခြင်းအားဖြင့် မြန်မာလူ့အဖွဲ့အစည်း၏ လူမှုရေးနှင့် တရားဥပဒေရေးအခြေခံများကို ဆင်ခြင်ကြည့်နိုင်မည်ဖြစ်သည်။ ဤစာအုပ်ထွက်ရှိသည့်ကာလ ယခုထက်စောလျှင် ပိုကောင်းမည်ဟုပင် ယူဆသည်။ ခြုံ၍ဆိုရလျှင် စာအုပ်စင်တိုင်းတွင် ရှိနေသင့်သော အသိအမြင်အကျိုးပြုစာအုပ်တစ်အုပ်ဖြစ်သည်။

ထုတ်ဝေတိုက် – ချမ်းသာ
ထုတ်ဝေသည့်အကြိမ် – ပထမအကြိမ်
ထုတ်ဝေနှစ် – ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ
အုပ်ရေ – ၁၀၀၀
တန်ဖိုး – ၁၈၀၀ ကျပ်
စာမူခွင့်ပြုချက်အမှတ်–၄၀၁၄၂၇၀၆၁၁

ဘုံဘဝမှာဖြင့် ထက်ကြပ်မကွာ

သခင်တင်မြ

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် လွတ်လပ်ရေးရပြီးနောက်ပိုင်း ပါတီနိုင်ငံရေးလောကအတွင်းသို့ ဗမာပြည်ကွန်မြူနစ်ပါတီ၊ အလံနီကွန်မြူနစ်ပါတီအသွင်ဖြင့် ဝင်ရောက်လှုပ်ရှားခဲ့ပြီး၁၉၆၂ ခုနှစ်နောက်

www.forevercspace.com.mm

ပိုင်း မြန်မာ့ရှေးရှုယ်လစ်လမ်းစဉ်ပါတီတွင် တာဝန်ယူလှုပ်ရှားခဲ့သူ သခင်တင်မြ၏ လက်ရာ အဖြစ်မှန်ကိုယ်ရေးအတ္ထုပ္ပတ္တိ နာမည်ကျော် 'ဘုံဘဝမှာဖြင့်' စာအုပ်၏ နောက်ဆက်တွဲအဖြစ် ရေးသားထုတ်ဝေသော စာအုပ်ဖြစ်သည်။ ဤစာအုပ်ကို ၂၀၀၆ ခုနှစ် ဇန်နဝါရီလတွင် ကွယ်လွန်သွားခဲ့သည့် စာရေးသူ၏ ဇနီး အသက် ၈၅ နှစ်အရွယ် ဒေါ်ဖြူဖြူနေရာက ရေးသားထားသဖြင့် တင်ပြပုံဆန်းသစ်ကာ တစ်မျိုးဆွဲဆောင်မှုရှိပေသည်။

သခင်တင်မြ၏ ယခုစာအုပ်သည် ၎င်းကိုယ်တိုင်ပါဝင်ခဲ့သော မြန်မာ့လွတ်လပ်ရေးလှုပ်ရှားမှုဖြစ်စဉ်အတွင်း အိမ်ထောင်ဖက်နှင့် စတင်တွေ့ရှိချိန် ၁၉၃၉ ခုနှစ်ကာလမှစ၍ ၁၉၆၁ ခုနှစ်အထိ နှစ်နှစ်ဆယ်ကျော်အတွင်း ၎င်းကြုံတွေ့ရင်ဆိုင်ခဲ့ရသည်များကို မှတ်တမ်းတင်ထားခြင်းလည်းဖြစ်သည်။ နိုင်ငံရေးကွန်မြူနစ်ပါတီနှစ်ခြမ်းကွဲစဉ်က သဘောတရားအရ သခင်စိုးဦးဆောင်သော အလံနီကွန်မြူနစ်ပါတီဝင်တစ်ဦးဖြစ်ခဲ့သော်ငြား သခင်စိုးနှင့် အကြိမ်ကြိမ်သဘောထားကွဲလွဲခဲ့သဖြင့် ၁၉၄၈ ခုနှစ် မတ်လတွင် နုတ်ထွက်ခဲ့ကြောင်း အခန်း(၂) တွင်ပင် ရေးသားထားသည်။ မြန်မာ့လွတ်လပ်ရေးလှုပ်ရှားမှုသမိုင်းတွင် အကောင်းအဆိုးမော်ကွန်းတင်ကမ္ဘည်းထိုးခံရသော ပုဂ္ဂိုလ်ကျော်များ၏ စရိုက်သဘာဝကိုလည်း သခင်တင်မြက သူမြင်သည့်အတိုင်း အသက်ဝင်အောင် သရုပ်ဖော်ပြထားနိုင်သည်ကိုလည်း တွေ့ရသည်။

အပျိုအအိုမရွေး အမျိုးသမီးရှုပ်ပွေတတ်သူ၊ စိတ်တိုလွယ်၊ လက်ပါလွယ်တတ်သူ၊ စည်းရုံးရေးစွမ်းရည်ထက်မြက်သူ၊ စကားပြောကောင်းသူ၊ မဆင်မခြင်တွေတ်ထိုးပြောဆိုလုပ်ကိုင်လေ့ရှိသူ သခင်စိုး၏ စရိုက်ကို ပီပြင်စွာ ကောက်ကြောင်းဖော်ထားနိုင်သည်။

သခင်တင်မြသည် သူ၏ ဆရာအရင်းဖြစ်သူ သခင်စိုးအပေါ် ကောင်းကွက်ဆိုးကွက်များကို ခွဲခြားမြင်တတ်သူဖြစ်သည့် အားလျော်စွာ သခင်စိုး၏ အတ္တထုထည်ကို ဤသို့ သရုပ်ဖော်ပြနိုင်သည်ကို တွေ့ရသည်။



'သခင်စိုးဟာ သူလုပ်ချင်တာကို ရိုးရိုးလုပ်တာမဟုတ်ဘဲ သဘောတရားရေးထူထောင်ပြီး လုပ်လေ့ရှိပါတယ်။ ခုလည်းကြည့် လူ့ကျင့်ဝတ်ထပ်ချိုးဖောက်ပြီး နောက်မိန်းမယူရာမှာ သဘောတရားထူထောင်ပါတယ်။ "အချစ်ဟောင်းကုန်ဆုံးတာနဲ့ ချက်ချင်း အချစ်သစ် ထူထောင်နိုင်တယ်" ဆိုတဲ့ အယူအဆပါပဲ။ သူ့ကို ဘုရားလိုကိုးကွယ်နေတဲ့ သူတပည့်တွေက ဒီအယူအဆကို မျက်စေ့မှိတ်လက်ခံနိုင်ပေမယ့် ကျွန်မတို့လိုလူတွေကတော့ ဘယ်လိုမှ လက်ခံလို့မရပါ။'

'နဖူးမောက်မောက်၊ ဆံပင်ကောက်ကောက်နဲ့ မေရိုးက လေးထောင့်နဲ့ဆိုတော့ သူ့ပါးစောင်နှစ်ဖက်မှာ အစွယ်တပ်လိုက်ရင် တကယ့်ဘီလူးရုပ်ပေါက်သွားမှာ သေချာတယ်'... ဓာတ်ပုံထဲကအတိုင်း အရုပ်ဆိုးသူပါ။ လှပတောက်ပြောင်နေတာကတော့ သူ့ အဝတ်အစားတွေပါ။ ကြက်ဥနှစ်ရောင်ပိုးအပေါ်အင်္ကျီ ကော်လာဂတုံးနဲ့ ရှုပ်ဖြူလုံချည်ကတော့ ဖက်ဖူးရောင်ပိုးလုံချည်နဲ့ပါ။ ကျွန်မတို့အနား ကြိုရောက်လာတာကတော့ ရေမွှေးနံ့ပါ။ ကျွန်မက ကောင်းကောင်းသိတာပေါ့။ အားလုံးကြိုက်တဲ့ "ပဲရစ်မြို့ရဲ့ညနေခင်း ရေမွှေးပါ"'

အထက်ပါအရေးအသားမှာ ရုပ်ဆိုးသလောက် အလှအပကြိုက်သူ သခင်သန်းထွန်း၏ အသွင်ကို သရုပ်ဖော်ထားခြင်းဖြစ်သည်။ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီး တာဝန်ယူခဲ့သူ ဦးကျော်ငြိမ်းကိုမူ ဖက်ဆစ်ဝါဒကို ယုံကြည်လက်ခံသူ၊ ရက်စက်ကြမ်းကြုတ်သူတစ်ဦးအဖြစ် ရှုမြင်ခဲ့သည်။

ဗြိတိသျှတို့ အုပ်စိုးစဉ်ဖြစ်သော်လည်း ထိုခေတ်က သတင်းစာများ လွတ်လပ်စွာ ရေးသားခွင့်ရှိကြသည်။ ထိုအခါ သတင်းစာများတွင်လည်း မိမိတို့ ထောက်ခံသော ပါတီအလိုက် ဝါဒဖြန့်သတင်းများ ရေးသားဖော်ပြတတ်ကြသည်။ တစ်ဖက်တွင်လည်း ဖ.ဆ.ပ.လ အဖွဲ့အတွင်း မဟုတ်မမှန်ပြုမူသော ဝန်ကြီးအချို့၏ လုပ်ရပ်နှင့် အခြားအခြားသော မသမာမှုကိစ္စများကို သတင်းစာများက ဖော်ထုတ်ရေးသားနိုင်ကြသည့် ကာလဖြစ်သည်။ ဤသည်ကို အမျိုးသားခေါင်းကြီး ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် သတင်းစာများ၏ အခန်းကဏ္ဍကို အသိအမှတ်ပြုသည်။ ထို့ကြောင့်ပင် ဖ.ဆ.ပ.လ ဦးစီးအဖွဲ့တွင် ဗိုလ်ချုပ်တို့က နေရာပေးထားသူ ဘကြီးဘဘေ၏ အုပ်ခံနှံများ ထွက်လွန်းနေ၍ ဗိုလ်ချုပ်က အရေးယူရခြင်းကို သတင်းစာများကို ခေါ်၍ရှင်းလင်းခဲ့သည်။

ထိုခေတ်က နာမည်ကျော် သတင်းစာဆရာကြီး ဗမာ့ခေတ် ဦးအုန်းခင်အပေါ် သခင်တင်မြ၏ အမြင်ကိုလည်း ဤသို့ ရှင်းလင်းစွာ ဖော်ပြထားသည်ကို ယနေ့ခေတ် သတင်းစာဆရာ အမည်ခံများ သတိပြုသင့်လှသည်။

"ဦးအုန်းခင်ရဲ့ နိုင်ငံရေးခေါင်းဆောင်တွေကို သူ့ကိုယ်ကျိုးအတွက်ပေါင်း၊ သူ့သတင်းစာစောင်ရောတက်ဖို့အတွက် မဟုတ်တဲ့ လန်ကြုပ်သတင်းတွေကို အဟုတ်လုပ်ပြီး ထည့်လေ့ရှိတဲ့ သူ့စရိုက်ကို မကြိုက်ပါဘူး"

သတင်းစာများက ထိုခေတ်တွင် နာမည်ပေးတော်ကြပုံ၊ ပေးသောနာမည်များမှာ ထိမိပေါ်လွင်ပုံကိုလည်း ဖ.ဆ.ပ.လ နှစ်ခြမ်းကွဲစဉ် နုတင်အုပ်စုနှင့် ဆွေငြိမ်းအုပ်စုဟုလည်းကောင်း၊ သန့်ရှင်း ဖ.ဆ.ပ.လနှင့် တည်မြဲ ဖ.ဆ.ပ.လ ဟုလည်းကောင်း နာမည်ပေးခဲ့ခြင်းကို ရေးသားထားသည်။

ဝန်ကြီးချုပ်ဦးနုနှင့် ဝန်ကြီးဦးကျော်ငြိမ်းတို့ သဘောထားကွဲလွဲ၍ အထင်မှား အမြင်

www.foreverspace.com.mm

မှားရှိခဲ့ရာက ပြဿနာစာများမှတစ်ဆင့် အပြန်အလှန်ရေးကြ၊ ဖြေရှင်းကြသည်ကိုလည်း သတင်းမြင်ကွင်းမှာ မျှတစွာ ဖော်ပြပေးထားသည်။

ဗြိတိသျှအစိုးရပုလိပ်များက သခင်စိုးကို ဖမ်းဆီးရန် လိုက်လံရှာဖွေနေသောကြောင့် ပုန်းအောင်းနေရသော်လည်း အိန္ဒိယသို့ ခေတ္တတိမ်းရှောင်ပြီးပြန်အလာ မြေနီကုန်းရှိ ဗဟိုအလုပ်သမားရုံးသမဂ္ဂရုံးဖွင့်ပွဲတွင် ဥက္ကဋ္ဌသစ်အဖြစ် တင်မြှောက်ခံရသူ သခင်စိုးနှင့် ဘုရင်ခံဒေါ်မန်စမစ်တို့ လက်ဆွဲနှုတ်ဆက်သည့်သတင်း နေ့စဉ် သတင်းစာများတွင် ပါလာသောအခါ–

အထူးသဖြင့် အသက်ကိုမငဲ့ဘဲ ရွှပ်ရွှပ်ခွံခွံ လွတ်လပ်ရေး ရယူပေးခဲ့သူ၊ ကိုယ်ပိုင်စစ်ဝတ်စုံနှစ်စုံသာရှိသူ၊ နိုင်ငံသားများကို ရဲရဲတောက်မိန့်ခွန်းများ ခွဲခဲ့သူ၊ ရှေ့အနာဂတ်ကို ကြိုမြင်ခဲ့သူ၊ ယနေ့အာဆီယံဟူသောအဖွဲ့ပုံစံ ဗွေဆော်ဦးစိတ်ကူးကြံစည်ခဲ့သူ ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ)ကို စတင်ဖွဲ့စည်းတည်ထောင်ခဲ့သူ ဗိုလ်ချုပ်အောင်ဆန်း၏ ပွင့်ပွင့်လင်းလင်းတစ်တစ်ခွခွ မိန့်ခွန်းကောက်နုတ်ချက်အချို့ကို ထည့်သွင်းဖော်ပြခဲ့သည့် သခင်တင်မြကို လေးစားစွာအသိအမှတ်ပြုရပေမည်။

“အလုပ်မလုပ်ဘဲနဲ့တော့ လွတ်လပ်ရေးရပေမယ့် ဘယ်နည်းနဲ့မှ ခင်ဗျားတို့ လွတ်လပ်ရေးအရသာကို ကျပ်ပြည့်တင်းပြည့် ခံစား၊ စံစားရမှာ မဟုတ်ဘူးဆိုတာ ဘယ်အစိုးရပဲတက်တက်၊ ကွန်မြူနစ်အစိုးရပဲ တက်တက်၊ ဆိုရှယ်လစ်အစိုးရပဲတက်တက်၊ ဘာအစိုးရပဲတက်တက် အဲဒီအလုပ် မလုပ်ပဲနဲ့တော့ ခင်ဗျားတို့ မဖြစ်ဘူးဆိုတာကို ကျွန်တော်က တထစ်ချရဲရဲကြီးပြောရဲတယ်။

ဒီတော့ ခင်ဗျားတို့ လွတ်လပ်ရေးကို လိုချင်ရင် လွတ်လပ်ရေးရနိုင်လောက်တဲ့ စည်းကမ်းရှိကြပါ။ လွတ်လပ်ရေးလိုချင်လို့ရှိရင် လွတ်လပ်ရေးရနိုင်တဲ့ ညီညွတ်မှုကို ထိန်းသိမ်းကြပါ။ လွတ်လပ်ရေးကိုလိုချင်ရင် လွတ်လပ်ရေးကိုရနိုင်တဲ့ ထူထောင်မှုကို လုပ်ကြပါ။ အဲဒီလိုလုပ်ပြီးတဲ့နောက် ရှေ့ကို လွတ်လပ်ရေးအရသာခံစားစံစားချင်တယ်ဆိုရင် အလုပ်လုပ်ကြဖို့ စည်းကမ်းရှိကြဖို့ အခုကတည်းက ခင်ဗျားတို့ အကျင့်ဆိုး၊ အကျင့်ဟောင်းတွေ၊ စောက်ကျင့်တွေကို ပြင်ကြဖို့ လိုပြီဆိုတာ ကျွန်တော်ကနေ ပြောခဲ့ချင်တယ်”

ဤမိန့်ခွန်းကောက်နုတ်ချက်သည် ထိုခေတ်ထိုကာလတင်သာမဟုတ် ယနေ့ကာလအထိ အကျုံးဝင်နေပေသေးသည်။ စည်းကမ်းမရှိသော နိုင်ငံသားများ ဖြစ်နေပါက လွတ်လပ်ရေးဆိုသော အရာနှင့်လား လားမျှမထိုက်သူများ ဖြစ်နေပေမည်။ ထို့ အတူ အလုပ်မလုပ်သော နိုင်ငံသားများအတွက်လည်း လွတ်လပ်ရေးအရသာကို ပြည့်ပြည့်ဝဝ မခံစားနိုင်ရုံမျှမက မည်သည့်နိုင်ငံနှင့်မျှ ယှဉ်၍မရ နောက်ကောက်ကျနေခဲ့မည်သာဖြစ်သည်ကို ဗိုလ်ချုပ်က ရည်ညွှန်းခဲ့ခြင်းဖြစ်သည်။

ဗြိတိသျှခေတ်၊ ဖ.ဆ.ပ.လ ခေတ်တွင် နိုင်ငံရေးမှဖြင့် ထောင်ကျခံခဲ့ရသူများအဖို့ ဘီကလပ်၊ အေကလပ် အစရှိသည့်အဆင့်များဖြင့် ထောင်အတွင်း အဆင်ပြေစွာ နေထိုင်ခဲ့ရကြောင်း၊ သက်ဆိုင်ရာ ထောင်အတွင်း စည်းမျဉ်းစည်းကမ်းများတွင်လည်း သေချာစွာ ရေးသားထုတ်ပြန်ထားကြောင်း၊ ထုတ်ပြန်ထားသော စည်းမျဉ်းများနှင့် မကိုက်ညီပါက တောင်းဆိုဆန္ဒပြနိုင်ကြောင်းကိုလည်း ဗဟုသုတဖြစ်ဖွယ် သမိုင်းမှတ်တမ်းသဖွယ်ဖတ်ရှုရသည်။

မြန်မာနိုင်ငံကို ခေတ်ကာလအခြေအနေအရ ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် မြန်မာ့နိုင်ငံရေးလှုပ်ရှားသူများနှင့် ပြည်သူတစ်ရပ်လုံးက အုံကြွတောင်းဆိုမှုကြောင့် မတတ်သာဘဲ လွတ်လပ်ရေးပေးခဲ့ရသည့် ဗြိတိသျှတို့သည် ကြည်ဖြူစွာ ပေးရခြင်း မဟုတ်သဖြင့် သွေးခွဲသပ်လျှိုထားခဲ့သည့် သာဓကများစွာကိုလည်း သခင်တင်မြ၏ စာအုပ်တွင် တစ်စွန်းတစ်စတွေ့ရသည်။

အထူးသဖြင့် အခြေအနေအရ ဗဟုသုတနည်းသူ၊ တစ်ကြောင်းတိုက်တွေးခေါ်တတ်သူ၊ ရိုးဖြောင့်သူ တိုင်းရင်းသားအချို့ကို သာသနာပြုရင်း ၎င်းတို့ကို ကူညီသယောင် စေတနာထားသယောင်ပြု၍ လူများစုဗမာတို့နှင့် သွေးခွဲထားခဲ့ခြင်းကြောင့် ယနေ့အချိန်အထိ ထိုအကျိုးဆက်တို့ ခံစားနေရဆဲဖြစ်သည်ကို သတိပြုဆင်ခြင်ဖွယ် ဖတ်ရှုရသည်။

ဖြစ်ရပ်မှန်သမိုင်းနောက်ခံကိုယ်ရေးအထွေပြတ္တိတို့မည်သည် များသောအားဖြင့် မိမိကိုယ်ကိုယ် အမွန်းတင်ကြသော်ငြားတန်ဖိုးရှိသော သမိုင်းမှတ်တမ်းများဖြစ်ကြသည်။ ခေတ်ကာလအခြေအနေအရ ဤသို့ပုံနှိပ်ဖော်ပြနိုင်သူဦးရေ နည်းပါးနေသေးသော်လည်း ယခင်က မြန်မာ့နိုင်ငံရေးတွင် ဦးဆောင်ပါဝင်ခဲ့သူ အချို့၏ မှတ်တမ်းစာအုပ်များနှင့် နှိုင်းယှဉ်ချိန်ထိုးကြည့်ပါက မြန်မာ့လွတ်လပ်ရေးလှုပ်ရှားမှုသမိုင်း ယခုထက် ပိုမိုရှုပ်လုံးပိုပေါ်လာမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေ စာရေးသူသခင်တင်မြနှင့် ထုတ်ဝေသူ သီဟရတနာစာပေတိုက်တို့၏ စေတနာတို့ကို အသိအမှတ်ပြုရမည်ဖြစ်သည်။

ထုတ်ဝေတိုက် – သီဟရတနာ
ထုတ်ဝေသည့်လ – ၂၀၀၇ မတ်
အကြိမ် – ပထမအကြိမ်
အုပ်ရေ – ၁၀၀၀
တန်ဖိုး – ၂၈၀၀ ကျပ်
မျက်နှာဖုံးဒီဇိုင်း – THIHA Group
နိုင်ငံရေးစာမူ
ခွင့်ပြုချက်အမှတ် – ၃၁၀၀၀၂၀၁၀၇

LIVING COLOR MEDIA
ဖုန်း -၂၄၃၆၃၉ ၊ ၂၄၃၆၄၀ ၊၂၄၃၆၄၁ ၊
၂၄၃၆၄၂ ၊၂၄၃၆၄၃ (Ext-၂၀၀၁)

www.foreverspace.com.mm

ကုန်ဈေးနှုန်း

၂၀၀၇၊ ဧပြီလ ဒုတိယပတ်အတွင်း ဖြစ်ပေါ်ခဲ့သော ကုန်ဈေးနှုန်းများ

ကားဈေးနှုန်း (၂၁-၄-၂၀၀၇)

ကားအမျိုးအစား	မော်ဒယ်	အကွာရာ	ဈေးနှုန်း (သိန်း)
Suzuki Wagon	R+	(၉ခ)(အဖြူရောင်/ပစ္စည်းစုံ)	၄၆၀
Suzuki Wagon	R+	(၈ခ)(ဧီးရောင်)	၄၄၀
Suzuki Wagon	R+	(၅ခ)(အဖြူရောင်)	၃၈၀
Corolla 1.5 Limited	86/87	(၁က)	၃၇၀
Corolla 1.5 Limited	88/89	(၁က)	၄၀၀
Corolla 1.5 Limited	88/89	(၁ခ)	၄၅၀
Corolla 1.5 Limited	90/91	(၁က)	၃၈၀
Corolla 1.5 Limited	90/91	(၁ခ)	၄၈၀
Corolla 1.5 Limited	92/93	(၁ခ)	၅၅၀
Corolla 1.8 Van (ဒီဇယ်)	86/87	(၁က)	၂၇၅
Corolla 1.8 Van (ဒီဇယ်)	86/87	(၁ခ)	၃၅၀
Corolla 1.8 Van (ဒီဇယ်)	88/89	(၁က)	၃၆၀

Corolla 1.8 Van (ဒီဇယ်)	88/89	(၁ခ)	၅၅၀
Corolla 1.8 Van (ဒီဇယ်)	90/91	(၁က)	၄၂၀
Corolla 1.8 Van (ဒီဇယ်)	90/91	(၁ခ)	၅၈၀
Corolla 2.0 Van (ဒီဇယ်)	92/93	(၁ခ)	၆၀၀
Corolla 1.5 Dx Van (ဓာတ်ဆီ)	86/87	(၁က)	၂၆၀
Corolla 1.5 Dx Van (ဓာတ်ဆီ)	86/87	(၁ခ)	၃၂၀
Corolla 1.5 Dx Van (ဓာတ်ဆီ)	90/91	(၁က)	၃၃၀
Toyota Publica	86/87	(၁က)	၂၀၀
Toyota Publica	86/87	(၁ခ)	၂၇၀
Toyota Publica	88	(၁က)	၂၃၀
Sunny Pick-up	86/87	(၁က)	၁၅၀
Sunny Pick-up	90/91	(၆က)	၂၀၅
Sunny Super Saloon (1.5)	86/87	(၁က)	၃၁၀
Sunny Super Saloon (1.5)	86/87	(၁ခ)	၃၉၀
Sunny Super Saloon (1.5)	88/89	(၁က)	၃၀၀
Sunny Super Saloon (1.5)	88/89	(၁ခ)	၃၈၀
Sunny Super Saloon (1.5)	90/91	(၁က)	၃၆၀
Marlk II Groire(ဓာတ်ဆီ)(2.0)(Auto)	4/95	(၂ခ)	၁၀၀၀
Marlk II Groire (ဒီဇယ်)(2.4)	94/95	(၂ခ)	၁၁၀၀
Marlk II Groire (ဒီဇယ်)(2.4)	94/95	(၁ခ)	၁၀၀၀
Marlk II Grande (ဓာတ်ဆီ)(2.0)(Auto)	94/95	(၁ခ)	၁၀၀၀
CELSIOR (4.0)	93/94	(၃ခ)	၈၀၀
TOYOTA LANDCRUISER (4.6)	2000	(၇ခ)	၄၀၀၀

* အထက်ပါကားများသည် အကွာရာပေါ်မူတည်၍ ဈေးအတက်အကျရှိသည်။
* ကားဟောင်းများဖြစ်သည့်အတွက် ကားအခြေအနေပေါ်မူတည်၍ ဈေးကွာခြားသည်။
* အဝယ်နည်းပါးသည့်အတွက် ခေါ်ဈေးများသာ ဖြစ်သည်။

www.foreverspace.com.mm

တီဗီရောင်စုံများ

(၂၁-၄-၂၀၀၇)

အမျိုးအစား	မော်ဒယ်	အရွယ်	နှုန်း(ကျပ်)
Daewoo	DTU 2131	21"	၂၀၀,၀၀၀
SAMSUNG	CS-29 M21 FA	29"	၄၉၉,၉၀၀
SAMSUNG	CS-29 K30	29"	၄၅၆,၂၀၀
SAMSUNG	CS-21M17(K)	21"	၂၀၈,၇၀၀
SAMSUNG	CS-21M17 (T)	21"	၂၄၃,၀၀၀
STAR	29T07 (FLAT)	29"	၃၇၃,၀၀၀
STAR	S2107C	21"	၁၉၈,၈၀၀
STAR	T2107C	21"	၁၇၁,၄၀၀
LG	21 FB5RG	21"	၂၂၅,၀၀၀
LG	21 FS 2 RL X	21"	၄၂၉,၀၀၀
LG	RT -29 FD 17 R	29"	၄၉၉,၀၀၀

ရေခဲသေတ္တာများ

(၂၁-၄-၂၀၀၇)

အမျိုးအစား	မော်ဒယ်	နှုန်း(ကျပ်)
Daewoo(One door)	FR 064	၁၄၉,၅၀၀
Daewoo(One door)	FR 094	၁၇၅,၀၀၀
Daewoo(One door)	FR 147	၁၉၇,၀၀၀
Daewoo(Two door)	FR 291	၃၉၀,၀၀၀
LG	GC-051SNS	၁၅၉,၀၀၀
LG	GC-151SNA	၂၁၅,၀၀၀
LG	GN-241QLSN	၂၇၉,၀၀၀
SAMSUNG (Two door)	RT-24MHBBK	၄၃၀,၁၀၀
SAMSUNG (Two door)	RT-21 MGBB/K	၄၁၆,၉၀၀
SAMSUNG (One door)	RA 18FHSS/K	၂၆၄,၂၀၀
SAMSUNG (One door)	RA 20FHTT/T	၂၇၉,၀၀၀
STAR	LR-50	၁၄၉,၆၀၀
STAR (Two door)	R-130	၂၈၇,၄၀၀
STAR	R-150	၃၀၄,၅၀၀

VCD ပြစက်

(၂၁-၄-၂၀၀၇)

အမျိုးအစား	မော်ဒယ်	နှုန်း(ကျပ်)
Star	ZLVCD-002	၄၅,၆၀၀
Star	VCD-968	၄၈,၂၀၀
Star	VCD-968/(G)	၄၈,၂၀၀
Samsung	23 M	၉၈,၀၀၀
Samsung	Z10 MM	၅၂,၆၀၀
Samsung	2217K	၃၈,၀၀၀
Crown	5569	၃၇,၀၀၀
Crown	4359	၃၉,၀၀၀

DVD ပြစက်

(၂၁-၄-၂၀၀၇)

အမျိုးအစား	မော်ဒယ်	နှုန်း(ကျပ်)
Samsung	248 K/P-250 K	၁၁၁,၇၀၀
Samsung	P-256 K	၁၃၂,၉၀၀
STAR	B-036	၄၈,၄၀၀
STAR	B-096 (MP4+DC)	၆၇,၄၀၀
STAR	B-095	၅၅,၁၀၀
LG	DK-9711N	၁၀၅,၀၀၀
LG	DK-9933N	၁၁၅,၀၀၀
Daewoo	DV 1400S	၈၀,၀၀၀

လေအေးစက်များ

(၂၁-၄-၂၀၀၇)

အမျိုးအစား	မော်ဒယ်	နှုန်း(ကျပ်)
SAMSUNG	AW-09P/HDA	၂၄၇,၈၀၀
SAMSUNG	AW-12P/HDA	၃၅၅,၅၀၀
SAMSUNG	AS-09 WHWD	၃၄၆,၆၀၀
SAMSUNG	AS-12 WHWD	၄၅၅,၆၀၀
SAMSUNG	Aw-07FISDA	၂၈၆,၆၀၀
STAR	MS-12	၃၆၇,၁၀၀
STAR	MS-09	၃၁၈,၄၀၀
Daewoo(Splite Type)	1HP DSB 095L	၂၉၉,၀၀၀
Daewoo	1.5HP DSB 125L	၃၆၉,၀၀၀
Daewoo	2HP DSB 189L	၅၄၉,၀၀၀
Daewoo(Floorstanding Type)	3HP DPB 280L	၁,၅၅၀,၀၀၀
Daewoo(Floorstanding Type)	5HP DPB 500L	၂,၂၅၀,၀၀၀

အဝတ်လျှော်စက်များ

(၂၁-၄-၂၀၀၇)

အမျိုးအစား	မော်ဒယ်	နှုန်း(ကျပ်)
LG	KIP-610 N	၁၆၉,၀၀၀
LG	KIP 790 R	၂၀၉,၀၀၀
LG	KIP 900 R	၂၃၅,၀၀၀
LG	KIF T 7070	၃၃၉,၀၀၀
LG	KIF-T 9090	၄၃၉,၀၀၀
SAMSUNG	WA-90R3	၃၃၂,၅၀၀
SAMSUNG	WA 75B5	၂၈၆,၂၀၀
SAMSUNG	WH-55H1	၁၆၀,၈၀၀
STAR	W-9	၁၃၁,၄၀၀
STAR	W-99 (R)	၁၇၁,၇၀၀
STAR	W-99	၁၅၃,၄၀၀

ဟောလစ်၊ မာတိုဘာ၊ မိုင်လို၊ အိုဗာတင်း၊ ကော်ဖီမစ်(လက်လီ)

(၂၁-၄-၂၀၀၇)

အမျိုးအစား	နှုန်း(ကျပ်)
Horlick (900g)	၆၃၀၀
Horlick (200g) (အိန္ဒိယ)	၃၂၀၀
Junior Horlick (400g)	၃,၂၀၀

www.foreverspace.com.mm

Milo (400g) ခဲဆုပ်	၂၉၀၀
Milo (400g) (ပုလင်း)	၃၆၀၀
Maltova (400g) (နို)	၂၈၀၀
MIKE Tea mix (၂၀ ထုပ်ဝင်)	၁,၆၀၀
MIKE Coffee mix (၄၈ ထုပ်ဝင်)	၃,၈၀၀
JAVA Coffee mix (၃၀ ထုပ်ဝင်)	၂,၄၀၀
C Mix (၂၀ ထုပ်ဝင်)	၁,၆၀၀
ENERGY (Nutrious Ceareal) (၃၀ထုပ်ဝင်)	၁,၈၅၀
NESCAFE (Red Cup)(200g)	၄,၅၅၀
Super(Diet Cereal)(၂၀ ထုပ်ဝင်)	၂,၄၅၀
Super(DietCoffemix)(၂၀ ထုပ်ဝင်)	၂,၄၀၀
Super Coffee Mix(၂၅ ထုပ်ဝင်)	၂,၁၀၀
(Gold Roast) Gold Super Mix (၃၀ ထုပ်ဝင်)	၂,၅၀၀
Royal Myanmar (Tea Mix)(၃၀ ထုပ်ဝင်)	၂,၅၀၀
Super One(Coffee Mix) (၅၀ ထုပ်ဝင်)	၃,၈၀၀
Mike Coffee (၄၈ ထုပ်ဝင်)	၃,၈၀၀
Ben Cafe (၁၀ ထုပ်ဝင်)	၈၅၀
Ben Cafe (၅၀ ထုပ်ဝင်)	၄,၂၀၀
Goldroast (၅၀ ထုပ်ဝင်)	၄,၁၀၀
Hi Tea (၂၀ ထုပ်ဝင်)	၁,၆၀၀
Mikko (Coffee Mix) (၃၀ ထုပ်ဝင်)	၂,၄၀၀
Ovaltine (400g) နို	၃,၃၅၀
Ovaltine (200g) နို	၁,၉၀၀
Ovaltine 400g (ဖြူ)	၃,၃၅၀
Ovaltine 200g (ဖြူ)	၁,၉၅၀
Ovaltine 400g (စက္ကူဘူးဖြူ)	၂,၇၀၀

နို့မှုန့်ဘူးများ
(၂၁-၄-၂၀၀၇)

အမျိုးအစား	နှုန်း(ကျပ်)
Dumex (Step 1,2)(900g)	၁၀,၇၀၀
Dumex (3plus)(700g)	၇,၇၀၀
Dumex Step 1,2 700g	၇,၉၀၀/ ၇,၅၀၀
Dumex 1Plus 700g	၇,၇၀၀
Dumex Ma Ma Plus 400g	၆,၀၀၀
Dumex Lactose free 400g	၇,၄၀၀
Nestle BEAR BRAND 1 Plus 800 g	၆,၇၅၀
Nestle ဆန် သံဘူး Stage 1 300 g	၃,၄၅၀
Nestle ဂျုံ သံဘူး	၄,၅၀၀

နိုင်ငံခြား အရက်များ
(၂၁-၄-၂၀၀၇)

အမျိုးအစား	နှုန်း(ကျပ်)
J&BJet(75Cl) (12YearsOld)	၁၄,၉၀၀
Hennessy(V.S.O.P)(70Cl)	၄၉,၅၀၀
VAT 69 (75Cl)	၁၆,၅၀၀
Jonnie Walker (Red)(75Cl)	၁၄,၅၀၀
Jonnie Walker (Red)(37.5Cl)	၇,၈၀၀
Jonnie Walker (Red)(1Liter)	၁၇,၅၀၀
Jonnie Walker (Black)(20Cl)	၉,၂၀၀
Jonnie Walker (Black)(37.5Cl)	၁၅,၄၀၀
Jonnie Walker (Black)(75Cl)	၂၅,၅၀၀
Jonnie Walker(Black)(1Liter)	၂၉,၅၀၀
Black & White (1Liter)	၁၆,၅၀၀
Black & White (75Cl)	၁၃,၂၀၀
Gold Label (75Cl)	၄၆,၀၀၀
Black Cat (35Cl)	၅,၀၀၀
SCOTS CLUB (75Cl)	၆,၁၀၀
SCOTTISH LEADER	၇,၇၀၀
Grand Royal (ရွှေပတ်) (စက္ကူဘူး)	၃,၈၀၀
Grand Royal (အပြား)ရွှေပတ်	၂,၀၀၀
(KING ROBERT) VODKA (75CL)	၅,၅၀၀
(KING ROBERT)Gin (75CL)	၅,၅၀၀
SPY(CLASSIC)(Red) (Wine)	၁,၅၀၀
VAT 69(1Liter)	၂၂,၀၀၀
Mekhong (75CL)	၆,၆၀၀
Mekhong (37.5CL)	၃,၉၀၀
Ballantine (75Cl)	၁၁,၆၀၀
Ballantine (20Cl)	၃,၃၀၀
SPEY ROYAL (70Cl)	၇,၇၀၀
SPEY ROYAL (35Cl)	၃,၉၀၀

မုန့်ပုံး သံဘူးများ
(၂၁-၄-၂၀၀၇)

မိသားစု	၆,၀၀၀
Cream Crackers(Hup Seng)	၆,၆၀၀
(KHIAN GUAN) Top Choice	၆,၃၀၀
(HWA TA) Choice	၅,၅၀၀
(Munchys) Funmix	၅,၃၀၀
Hwa Tai Wonderful	၅,၁၀၀
Lee Daily Delight	၆,၁၀၀
Every Time	၇,၀၀၀
Summer Day	၅,၅၀၀
(Shan Fatl) Party	၅,၅၀၀
(Julie's) Biscuit Assorties	၆,၅၀၀
(Julie's) Love letters	၄,၉၅၀

ခေါက်ဆွဲခြောက်များ
(၂၁-၄-၂၀၀၇)

အမျိုးအစား	နှုန်း(ကျပ်)
Yum Yum (ကြက်ပေါင်)	၁၃၀
Yum Yum ချဉ်စပ်(ပုစွန်)	၁၅၀
Yum Yum (ဘဲသားဆီချက်)	၁၃၀
Yum Yum (သီးစုံခေါက်ဆွဲ)	၁၃၀
MAMEE ကြာဆံ	၁၄၀

www.foreverspace.com.mm

MAMEE (ဂိုးဂိုး)(ဆီချက်)	၁၂၀
MAMEE (ကြက်သားချဉ်စပ်)	၁၅၀
MAMEE (ကြက်ခေါက်ဆွဲပြုတ်)	၁၃၀
MAMEE (ကြက်သားဆီချက်ခေါက်ဆွဲ)	၁၃၀
MAMEE (သက်သတ်လွတ်ခေါက်ဆွဲပြုတ်)	၁၀၀
MAMEE (သက်သတ်လွတ်ဆီချက်)	၁၃၀
MA MA (ချဉ်စပ်ခေါက်ဆွဲပြုတ်)	၁၅၀
Wai Wai (ကြာဆံ) (ပြာ)	၂၅၀
Shin Shin (ကြာဆံ)	၁၅၀
Yum Yum ပုစွန်မလိုင်ချဉ်စပ်	၂၀၀
Yum Yum ကြက်သားချဉ်စပ်	၂၀၀
MAMEE အုန်းနို့ခေါက်ဆွဲ	၁၃၀
MAMEE ပုစွန်မလိုင်ချဉ်စပ်	၁၁၀
MA MA ညှပ်ခေါက်ဆွဲ(စိမ်း)	၂၅၀
MA MA ညှပ်ခေါက်ဆွဲ(နီ)	၂၅၀

သွားတိုက်ဆေးများ

(၂၁-၄-၂၀၀၇)

အမျိုးအစား	နှုန်း(ကျပ်)
Best-T (125g) White	၄၀၀
Colgate (40g) Double Cool Stripe	၃၅၀
Colgate (160g) Double Cool Stripe	၁၄၅၀
Close-Up (New)(18 g)	၂၅၀
Close-Up (160g) ပြာ	၁၅၀၀
LASER 100g	၃၅၀
Colgate Fresh Cool Mint 200g	၁၇၅၀
Colgate Great Regular 200 g	၁၇၅၀
Colgate Total Fresh Stripe 160g	၂၄၅၀
Colgate Whitening 160g	၂၃၀၀
Colgate gel (စိမ်း) 160g	၁၅၅၀

ကိုယ်တိုက်ဆပ်ပြာများ

(၂၁-၄-၂၀၀၇)

အမျိုးအစား	နှုန်း(ကျပ်)
Imperial Leather (65g)	၂၅၀
Imperial Leather (125g)	၄၀၀
Fashion	၂၅၀
GIV (80g)	၂၅၀
Fuji	၁၇၀
Dettol (100g)	၅၅၀
Miss	၂၅၀
1 Plus 1	၂၀၀
DOVE	၉၀၀
Kanebo	၁၁၀၀
Protex	၄၅၀
Bamboo Salt	၇၀၀
Great	၆၅၀
Naturally Fair	၂၅၀
YOKO WHITENING Herbal 110g	၁၁၅၀
Vaseline HARMONY 100g	၄၅၀
Family Care 125g	၃၅၀
O' Nice	၁၁၀၀
Fa 2 in 1 85 g	၉၅၀
ASEPSO	၇၅၀
CAMAY	၆၅၀
Palmolive အကြည်	၃၅၀
Spa	၂၅၀
E-Lan	၂၅၀
LUX 100g	၄၅၀
KAO	၄၀၀
Parrot	၂၀၀
Enchanteur	၉၅၀
Paris 135g	၃၀၀
A21 (နက်)70g	၂၀၀
A21 (နက်)125g	၃၀၀
DG Soap 100g	၂၅၀

ခြင်ဆေးခွေ

(၂၁-၄-၂၀၀၇)

အမျိုးအစား	နှုန်း(ကျပ်)
Jumbo (12)coils	၃၅၀
Fumakilla (10) coils	၂၅၀
MARS	၁၈၀
Fuji	၂၀၀
Raid	၃၀၀
ATAK	၂၀၀
FIGHTER	၂၀၀
GO!	၃၀၀
ပါရမီ	၂၀၀
MOSFLY	၂၀၀
ကော်ဇီလာ	၃၀၀
Spider	၃၀၀
Golden Lion	၂၅၀
Special	၃၀၀

LIVING COLOR MEDIA

လိပ်စာသစ်

သမ္မတဟိုတယ် (Business Suite)
အမှတ် (၅)၊ အလံပြဘုရားလမ်း၊
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၂၄၃၆၃၉ ၊ ၂၄၃၆၄၀ ၊ ၂၄၃၆၄၁ ၊၂၄၃၆၄၂ ၊၂၄၃၆၄၃ ၊ (Ext- ၂၀၀၁)၊
၀၉-၅၁၄၇၁၄၀

www.foreverspace.com.mm

ကွန်ပျူတာ ဈေးနှုန်းများ

(၁-၄-၂၀၀၇)

❑ KMD Family PC

- VIA C3 Samuel 2 2000,800 MHz
- M 789 CG Socket 370 MB
- 80 GB Hard Disk
- 256 MB DDR RAM (PC 400, Kingston)
- Buit in VGA, Network Card 10/100 Mbps, Sound Card 2 Channel
- 15" Color Digital Monitor
- CD Rom
- 1.44 MB Floppy Disk Drive
- USB 2.0(4 Ports), Parallel & Serial
- Keyboard , Mouse & Pad
- Tower Casing

Price 375,000 Ks

❑ CFTG SOHO Computer

- Intel P4 Celeron 2.66 GHz Processor
- MSI P4 M8N-3 M/B (Sound+VGA+LAN Builtin)
- 256MB DDR RAM (PC 400MHz)
- 80GB IDE HDD (Samsung, 7200 RPM)
- 1.44 MB FDD(Mitsumi)
- P4 Tower Casing with 500W Power Supply
- PS2 Keyboard, Mouse and Pad
- Viewsonic 15" Digital Monitor (Digital Control)

Price 490,000 Ks

❑ KMD CLASSIC MODEL

- Intel Pentium 4 3.0F GHz (2MB, L2 Cache, 800 MHz)
- GIGA 8i865 GME Pentium 4 M/B (With VGA+Sound+LAN)
- 256 MB DDR RAM (PC 400 MHz)
- 80 GB HDD (Hitachi)
- AGP 128MB Graphic Card W/TV (MSI FX 5200)
- Without Floppy Drive
- 15" SVGA Color Monitor (Philips)
- PS II Keyboard & PS II Optical Scroll Mouse
- Mouse Pad
- P4 Casing (Handle High)

Price 481,000 Ks

❑ CFTG Power Computer

- Intel Pentium 4 2.93 F GHz processor (LGA 775)
- MSI Intel 865-GV M/B with AGP, Sound & LAN Built-in
- 256 MB DDR RAM (PC 400 MHz)
- 80 GB IDE HDD (Samsung) ,7200 rpm
- 1.44 MB FDD (Mitsumi)
- P4 ATX Tower Casing with 500W Power Supply
- PS2 Win 98 Keyboard
- PS2 Mouse & Pad
- 15" SVGA Colour Monitor (Viewsonic)

Price 573,000 Ks

❑ CFTG High Performance Computer

- Intel P4 3.4 GHz Duel Core Processor (LGA 775 CPU)
- MSI Intel 915 Combo 2MB (Sound+LAN Built-in)
- 512 MB DDR Ram (PC 400 MHz)
- 1.44 MB Floppy Drive
- 80 GB IDE HDD (Samsung PRM 7200)
- PCI Express 128MB Adaptor

www.foreverspace.com.mm

- P4 Tower Casing with 500W Power Supply
- 15" Digital Color Monitor (Viewsonic, Digital Control)
- PS2 Win 98 Keyboard, mouse (PS/2)
- Mouse Pad

Price 847,600 Ks

အထက်ပါဈေးနှုန်းများသည် Printer နှင့် Multimedia မပါဝင်သော ကွန်ပျူတာတစ်လုံး၏ ဧပြီလ ၁ ရက်နေ့ ဈေးနှုန်းဖြစ်သည်။ ပစ္စည်းတစ်မျိုးချင်းစီ ထပ်ဖြည့်လဲလှယ်လိုပါက ဈေးနှုန်းများမှာ အောက်ပါအတိုင်းဖြစ်သည်။ အချိန်ကာလအလိုက် အပြောင်းအလဲရှိနိုင်ပါသည်။)

❑ Multimedia

16x DVD ROM (Sony)	34,000 KS
Sony/ Lite-on CD Writer (52 x 32 x 52 x)	34,000 Ks
Sony/Lite-on 16 x 8 x 48 x 24 DVD Writer	54,000 Ks
52 x 32 x 52 x 16 Combo (Sony)	42,000 Ks
52 x 32 x 52 x 16 Combo (Pioneer)	49,000 Ks
A4 Tech Small Speaker	9,200 Ks
JPC Speakers with sub woodfer	17,000 Ks

❑ Memory

512 MB (DDR RAM) PC 400 MHz (Kingston)	57,500 Ks
512 MB (DDR 2 RAM) PC 533 MHz (Kingston)	51,000 Ks
1 GB (DDR 2 RAM) 533 MHZ (Kingston)	103,000 Ks

❑ Storage Device

80 GB (Hitachi) IDE	63,000 Ks
80 GB (Seagate) SATA	66,000 Ks
160 GB (Seagate/ Hitachi) IDE	81,000 Ks
250 GB (Hitachi) SATA	101,000 Ks

❑ Monitor

15" SVGA Color Monitor (Viewsonic)	130,000 Ks
15" SVGA Color Monitor (Philips)	129,000 Ks
17" SVGA Color Monitor (Provision)	152,000 Ks
17" SVGA Color Monitor (View G)	122,000 Ks
17" SVGA Color Monitor (View Sonic)	167,000 Ks
19" SVGA Color Monitor (Philips)	344,000 Ks
17" LCD Color Monitor (Philips)	272,000 Ks

❑ Printer

Canon Laserjet 2900 Printer (USB)	194,000 Ks
HP Laserjet 2015 Printer (USB)	449,000 Ks
HP Deskjet 1280 Printer (USB) (A3)	356,000 Ks
Canon Laserjet LPB 2900 Printer (USB)	194,000 Ks
EPSON Acculaser C 1100	832,000 Ks
EPSON Dot Matrix Printer-LQ 300+	275,000 Ks
EPSON Dot Matrix Ptinter LQ 2180	819,000 Ks
EPSON C79 Printer	96,000 Ks
EPSON C58 Inkjet Printer	73,000 Ks
EPSON SP 230 Photo Printer	160,000 Ks



EPSON CX 2800 SPC Printer	137,000 Ks
EPSON RX 650 Photo Printer	487,000 Ks
EPSON 6200 L Laser Printer	224,000 Ks
Fuji Xerox Laser jet 203 A Printer	178,000 Ks

❑ Toner

HP 1100/ 1200/ 5L / 6L Toner	71,000 Ks
HP 1010/ 1320/ 1300 Toner	80,500 Ks
Canon 2900 Toner	63,500 Ks
Canon 1120 Toner	63,500 Ks

❑ Scanner

EPSON Perfection V10 Scanner	136,500 Ks
EPSON Perfection V100 Scanner(A4 Film)	221,000 Ks
EPSON Perfection V350 Scanner(A4 Film)	318,500 Ks
HP Flatbed Scanner G 3010 (USB)	218,000 Ks
Canon Flatbed Scanner lide 25	77,000 Ks

❑ UPS

650 VA (Power Tree) Basic	57,000 Ks
1250 VA (Power Tree)	99,000 Ks

မှတ်ချက်။ ။ ဖော်ပြပါဈေးနှုန်းများကို Client Focus Technology Group နှင့် KMD Computer Centre တို့မှ ရယူထားပါသည်။

(အယ်ဒီတာ)

www.foreverspace.com.mm

ရက်စွဲမှတ်တမ်း

၁-၃-၂၀၀၇

* ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်ရှိ ကြက်ကောင်ရေ ၁၃၀၀ ခန့် မွေးမြူထားသည့် ခြံတစ်ခြံတွင် သံသယဖြစ်ဖွယ်ကြက်သေဆုံးမှုအချို့ဖြစ်ပွားခဲ့ကြောင်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက သံသယဖြစ်ဖွယ်ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ သတိပေးနှိုးဆော်ချက်အဖြစ် နိုင်ငံပိုင်သတင်းစာများတွင် ထုတ်ပြန်ကြေညာ။

* အာဆီယံခရီးသွားလုပ်ငန်းဆိုင်ရာ အသက်မွေးလုပ်ငန်းများ တစ်ပြေးညီသတ်မှတ်ရေးအလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းပေါ်ရှိ ဒူးဆစ်အင်းလျားလိတ်ဟိုတယ်တွင် ကျင်းပ။

၅-၃-၂၀၀၇

* ၂၀၀၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီ) ချီးမြှင့်ပွဲကို နေပြည်တော်တွင် ပထမဆုံးအကြိမ်အဖြစ်ကျင်းပ။

* ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိပ်မြို့တွင် မတ်လ ၁ ရက်မှ ၂ ရက်နေ့ အထိကျင်းပခဲ့သော အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့တက်ရောက်ခဲ့သော မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း နေပြည်တော်သို့ပြန်လည်ရောက်ရှိ။

၇-၃-၂၀၀၇

* ချစ်ကြည်ရေးခရီးလည်ပတ်ရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ဦးဆောင်သောအဖွဲ့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ထွက်ခွာ။

၈-၃-၂၀၀၇

* ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းခမ္မလမ်းနှင့် တော်ဝင်လမ်းထောင့်ရှိ Royal Ruby Jade Hotel Resort and Spa ဖွင့်လှစ်။

* ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်ရှိ တော်လတီစံပြကျေးရွာဖွင့်လှစ်။

၉-၃-၂၀၀၇

* ကြက်ငှက်တုပ်ကွေးရောဂါအထောက်အပံ့ပေးရေး ဖိတ်ခေါ်အစည်းအဝေး (Donor Meeting)ကို ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းနှင့် စက်မှု (၁) လမ်းထောင့်ရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပ။

* မုတ္တမကမ်းလွန်ဒေသ လုပ်ကွက် M-1၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားရေးစာချုပ် (Production Sharing Contract)ကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ် ငန်း၊ ဖြိတိသျှဗားဂျင်းကျွန်း၌ ဖွဲ့စည်းတည်ထောင်ထားသော Rimbunan Petrogas Limited နှင့် စင်ကာပူနိုင်ငံ၌ ဖွဲ့စည်းတည်ထောင်ထားသော UNOG Pte. Ltd. တို့ နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ရုတနာခန်းမတွင် လက်မှတ်ရေးထိုး။

* ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ဂျာမနီနိုင်ငံအခြေစိုက်အပြည်ပြည်ဆိုင်ရာ ဇီဝနည်းစနစ်ဖြင့် ငါးပုစွန်မွေးမြူထုတ်လုပ်ခြင်းအဖွဲ့အစည်းနှင့် မြန်မာနိုင်ငံပုစွန်မွေးမြူရေးလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းကျင်းပသည့် ဇီဝနည်းပညာအသုံးပြု၍ ငါးပုစွန်မွေးမြူခြင်းစနစ် စီမံကိန်းစတင်အကောင်အထည်ဖော်ခြင်းသဘောတူညီမှုစာချွန်လွှာကို အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး သီရိအဏ္ဏဝါခန်းမဆောင်၌ လက်မှတ်ရေးထိုး။

၁၀-၃-၂၀၀၇

* မြန်မာနိုင်ငံ ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် အရေးပေါ်အထောက်အပံ့လုပ်ငန်းစီမံကိန်း (Immediate technical assistance to strengthen emergency Preparedness for Highly Pathogenic Avian Influenza) သဘောတူလက်မှတ်ကို ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ရုံးအစည်းအဝေးခန်းမ၌ လက်မှတ်ရေးထိုး။

* ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ် ၂၉ ရှိ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) Office Tower ဖွင့်လှစ်။

* စစ်ကိုင်းတိုင်း ကသာခရိုင် ထီးချိုင့်မြို့နယ် ခရိုင်ချင်းဆက်လမ်းအမှတ်(၃)လမ်းမပေါ်ရှိ အရှည် ၂၆၀ ပေရှိသော မဲဇာချောင်း (ဒိုးပင်ရွာ) တံတားဖွင့်လှစ်။

၁၁-၃-၂၀၀၇

* ရန်ကုန်မြို့ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ဧရာဝတီလမ်းနှင့် ပဲခူးမြစ်လမ်းထောင့်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့အရောင်းဆိုင်အမှတ်(၀၂၁) ဖွင့်လှစ်။

* အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် (၄၂)ကြိမ်မြောက် အရှေ့တောင်အာရှပညာရေးဝန်ကြီးများကောင်စီညီလာခံနှင့် ဒုတိယအကြိမ်မြောက် အာဆီယံပညာရေးဝန်ကြီးများ အစည်းအဝေးသို့တက်ရောက်ရန် ပညာရေးဝန်ကြီးဌာနဝန်ကြီးဒေါက်တာချမ်းငြိမ်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှ ထွက်ခွာ။

၁၄-၃-၂၀၀၇

* တူရကီသမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးဌာန၏ အထူးကိုယ်စားလှယ် တူရကီသမ္မတနိုင်ငံ နိုင်ငံ

www.foreverspace.com.mm

ခြားရေးဦးစီးကြီးဌာနတွဲဖက်အတွင်းဝန်သံအမတ်ကြီး မစ္စတာရာဖက်အော်ဂူနေးချစ်ကြည်ရေးခရီးလည်ပတ်ရန် မြန်မာနိုင်ငံသို့ ရောက်ရှိ။

* စာရေးဆရာ၊ ကဗျာဆရာ ဆွေဦးမြင့် (ဦးဆွေဦး (ခ) ဦးဇော်ဝင်း) အသက် ၄၆ နှစ် ကွယ်လွန်။

၁၅-၃-၂၀၀၇

* ကုန်းတွင်းပိုင်းလုပ်ကွက် B-2(ဧီးဖြူတောင်–နန်တောဒေသ)၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ရန် ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားရေးစာချုပ် (Production Sharing Contract) ကို စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း Silver Wave Sputnik Petroleum Pte.Ltd. နှင့် Silver Wave Energy Pte.Ltd. တို့ နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ရုံးတွင် လက်မှတ်ရေးထိုး ချုပ်ဆို။

* ဘင်းမ်စတက်လယ်ယာစိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပထမအကြိမ်ကျွမ်းကျင်သူများအစည်းအဝေး (The First Expert Group Meeting of BIMSTE On Agricultural Cooperation) ကို နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမဆောင်၌ ကျင်းပ။

* ဧရာဝတီတိုင်း ငွေဆောင်မြို့ရှိ ပြည်သူ့ဆေးရုံ(ငွေဆောင်)ဖွင့်လှစ်။

၁၇-၃-၂၀၀၇

* မန္တလေးတိုင်း ကျောက်ဆည်မြို့၏ အရှေ့ဘက်ရှစ်မိုင်အကွာ ခွာလည်ကောက်ထုံးကျောက်တောင်အနီး ဆင်မင်းဘီလပ်မြေစက်ရုံဝင်းအတွင်း၌ တည်ဆောက်ထားသည့် တော်ဝင်ပလတ်စတစ်ရက်ထည်အိတ်စက်ရုံ(ကျောက်ဆည်) ဖွင့်လှစ်။

၁၉-၃-၂၀၀၇

* ဗျာမနီနိုင်ငံ ချူရင်ဘတ်မြို့၌ မတ်လ ၁၄ ရက်မှ ၁၅ ရက်အထိ ကျင်းပခဲ့သည့် အာဆီယံ–အီးယူနိုင်ငံခြားရေးဝန်ကြီးများ၏ (၁၆) ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်ခဲ့သော နိုင်ငံခြားရေးဝန်ကြီးဦးဉာဏ်ဝင်း မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိ။

၂၀-၃-၂၀၀၇

* ဧရာဝတီတိုင်း ဒေးဒဲရဲမြို့နယ် အုန်းပင်ကျေးရွာနှင့် ဖျာပုံမြို့ (၁)ရပ်ကွက်တို့ကို ဆက်သွယ်တည်ဆောက်ထားသည့် အလျား ၁၃၇၂ ပေရှိ ဖျာပုံတံတားဖွင့်လှစ်။

၂၁-၃-၂၀၀၇

* ချစ်ကြည်ရေးခရီးလည်ပတ်ရန် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတကြီးမစ္စတာကျူမာလီဆိုင်ညဆွန်နှင့်ဇနီး မဒမ်ကီရော့ဆိုင်ကြိုင်၊ ဆိုင်ညဆွန်တို့ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နေပြည်တော်သို့ရောက်ရှိ။

www.foreversspace.com.mm

တွေ့ဆုံဆွေးနွေးမှုများ

၁-၃-၂၀၀၇

* ဖိလစ်ပိုင်သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသန ဌာန ညွှန်ကြားရေးမှူးချုပ် Dr.Robert Ziegleer နှင့်အဖွဲ့ဝင်များသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

၁၂-၃-၂၀၀၇

* တရုတ်ပြည်သူ့သမ္မတနိုင်ငံ Longgang District Committee of Shenzhen District Standing Committee Member, Mr.Zhong Xinming ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များသည် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

၁၆-၃-၂၀၀၇

* ရုရှားဖက်ဒရေးရှင်း Republic of Kalmykia နိုင်ငံမှ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး H.E.Mr.Boris Chedyrov၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး H.E.Mr.Tatarkhan R.Kubanov နှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Dr.Mikhail M.Mgeladze တို့ဦးဆောင်သောအဖွဲ့သည် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

၁၉-၃-၂၀၀၇

* မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ စစ်သံမှူး Colonel Richard Q Lagrana PA (GSC) သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့် တွေ့ဆုံဆွေးနွေး။
* မလေးရှားနိုင်ငံအခြေစိုက် MEASAT Satellite Co., မှ Senior Advisor Dato-Hj.Ainuddin Noordin သည် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

၂၁-၃-၂၀၀၇

* မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ကျူမာလီ၊ ဆိုင်ညဆွန်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေး။

၂၅-၃-၂၀၀၇

* မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr.Mikhail Mgeladze သည် စွမ်းအင်ဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

၂၈-၃-၂၀၀၇

* မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr.Qin Guangrong ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)နှင့်လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးနှင့်လည်းကောင်း၊ သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီးနှင့်လည်းကောင်း အသီးသီးတွေ့ဆုံဆွေးနွေး။

ကြော်ငြာ

www.foreverspace.com.mm

တစ်ဦးတည်းကိုယ်စားလှယ်

စဉ်	ပစ္စည်းအမည်နှင့် ထုတ်လုပ်သည့် နိုင်ငံ	ကိုယ်စားလှယ်ရယူ ဖြန့်ဖြူးသည့် မြန်မာကုမ္ပဏီနှင့် လိပ်စာ	ဆက်သွယ်ရမည့် ပုဂ္ဂိုလ်	အထက်မြန်မာပြည် ကိုယ်စားလှယ်
၁။	NORITSU IP-64 Digital Photo Printer (ဂျပန်)	ACCEL INTERNATIONAL CO.,LTD. အမှတ်-၄၂၂-၄၂၆၊ ဆဋ္ဌမထပ်၊ သစ်တောဖက်စပ်ကူးသန်းရောင်းဝယ်ရေး အဆောက်အအုံ၊ ဗိုလ်တထောင်ဘုရားလမ်း၊ ရန်ကုန်။ ဖုန်း-၂၀၂၀၉၂၊ ၂၀၂၀၉၆	ဦးသီဟဇော် (Marketing Manager)	ACCEL INTERNATIONAL CO.,LTD. UNIT-6၊ SY အဆောက်အအုံ၊ ၇၈ လမ်း၊ ၂၉× ၃၀ လမ်းကြား၊ မန္တလေး။ ဖုန်း-၀၂-၃၆၀၁၄၊ ၃၉၈၁၆၊ ၃၉၈၅၇
၂။	CELADE SC-100E Digital Duplicator (ဂျပန်)	CONCORDIA INTERNATIONAL CO., LTD. ၃၊ ၄၊ ၅ လွှာ၊ ရွှေဂုံတိုင်ပလာဇာ၊ ရွှေဂုံတိုင်လမ်းဆုံ၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၄၄၈၂၄၊ ၅၄၄၁၉၉၊ ၅၅၈၃၈၆၊ ဖက်စ်-၅၄၄၁၉၉	ဒေါသီတာအောင် (Assistant Manager)	CONCORDIA INTERNATIONAL CO., LTD. အမှတ်-၅၊ မြေညီထပ်၊ SY အဆောက်အအုံ၊ လမ်း ၃၀၊ ၇၇× ၇၈ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။ ဖုန်း-၀၂-၈၉၅၇၁၊ ၈၉၆၂၅ ဖက်စ်-၀၂-၈၉၅၇၁
၃။	Gold Coil စပရိန်မွေ့ရာ (စင်ကာပူ)	NAT RAY CO.,LTD. အမှတ်-၁၃၆၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၉၉၅၂၃	ဒေါနုနုဝင်း (Sales Manager)	NAT RAY CO., LTD. အမှတ်-D-5၊ ၇၈ လမ်း၊ ၂၇× ၂၈ လမ်းကြား၊ မန်းမြန်မာတိုက်ခန်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။ ဖုန်း-၀၂-၇၂၃၄၂
၄။	Kera Sys Hair Clinic System Shampoo & Rinse (ကိုရီးယား)	AQUA LAND CO.,LTD. အမှတ်-၅၅ (C)၊ ငွေလမင်းရိပ်သာ၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၆၆၁၁၆၉၊ ၇၂၅၂၈၆	ဒေါနန္ဒာ (Secretary)	PRESIS BEAUTY SHOP အခန်း-၃၁၃၊ G -၂၂၊ 78th Shopping Centre၊ ၇၈× ၃၂ လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေး။ ဖုန်း-၀၂-၇၁၄၇၁~၅ လိုင်းခွဲ-၁၆၄၊ ၀၂-၃၄၆၀၈
၅။	Schick Bladed Razor (U.S.A)	MEGA PRODUCTS LTD. အမှတ်-၃၅(ဘီ)၊ မြေညီထပ်၊ ကွန်ပို(B)၊ တက္ကသိုလ်ရိပ်မွန်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၄၁၃၃၄၊ ၅၅၉၄၇၀၊ ၅၅၃၆၅၃ (လိုင်းခွဲ-၁၁၃)၊ ၇၂၈၅၇၇၊ ဖက်စ်-၅၄၁၇၇၄ E-mail:megamy@megaproducts.com	Sise Kimlai e Ma Si Marketing Manager	MEGA PRODUCTS LTD. အမှတ်-မ-၁၅/၅၊ ၅၅ လမ်း၊ သိပ္ပံလမ်းနှင့် ၄၃ လမ်းထောင့်၊ ရဲမွန်တောင်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေး။ ဖုန်း-၀၂-၃၈၀၇၅၊ ၃၈၂၁၅၊ ၈၈၀၅၃၊ ဖက်စ်-၃၉၆၇၃

ဤတစ်ဦးတည်းကိုယ်စားလှယ်ကဏ္ဍကို စျေးကွက်အတွင်းရှိ စားသုံးသူများနှင့် ကုန်ပစ္စည်းထုတ်လုပ်ရောင်းချသူများအကြား အခမဲ့(အခမဲ့) ဝန်ဆောင်မှုပေးခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံအတွက် တစ်ဦးတည်းကိုယ်စားလှယ် ရရှိထားသူများအနေနှင့် သတင်းအချက်အလက်များ ပေးပို့ပါက အခမဲ့ထည့်သွင်းဖော်ပြပေးမည် ဖြစ်ပါသည်။

www.foreverspace.com.mm

www.planet.com.mm

မြန်မာနိုင်ငံရှိ အင်တာနက်အသုံးပြုသူ လူငယ်များအကြား ရေပန်းစားလျက်ရှိပြီး လူငယ်များအတွက် ဖျော်ဖြေမှုကဏ္ဍ အပါအဝင် ကဏ္ဍစုံဖော်ပြထားသည့် Website ဖြစ်သည်။

- Inforithm-Maze Co., Ltd. က ၂၀၀၂ ခုနှစ် ဇွန်လတွင် စတင်လွှင့်တင်ခဲ့။
- အကြီးအကဲနှင့် အုပ်ချုပ်မှုဒါရိုက်တာမှာ ဦးသောင်းစုငြိမ်းဖြစ်ပြီး ဝန်ထမ်းအင်အား ၁၅ ဦးခန့်ဖြင့် ဖွဲ့စည်းထားသော Planet Team က စီမံခန့်ခွဲဆောင်ရွက်။
- မြန်မာပရိသတ်များ စိတ်ဝင်စားမည့် ပြည်တွင်းပြည်ပအကြောင်းအရာနှင့် သတင်းများကို နေ့စဉ် မြန်မာပြန်ဆိုဖော်ပြပေးသည့် News ကဏ္ဍ၊ ရုပ်ရှင်သရုပ်ဆောင်များ၊ အဆိုကျော်များ၊ မော်ဒယ်လ်များ၏ ကိုယ်ရေးရာဇဝင်များ၊ ဓာတ်ပုံများ၊ အင်တာဗျူး၊ နောက်ဆုံးသတင်းအချက်အလက်များကို ဖော်ပြထားပြီး မိမိနှစ်သက်ရာ အနုပညာရှင်ထံသို့ Guest Book တွင် ဆက်သွယ်ရေးသားနိုင်ကာ တေးသီချင်းများကိုပါ နားဆင်နိုင်သည့် Entertainment (Music Portal) ကဏ္ဍ၊ နောက်ဆုံးပေါ် ဖက်ရှင်အသုံးအဆောင်ပစ္စည်းများ၊ အလှအပရေးရာလမ်းညွှန်ချက်များ၊ အနုပညာရှင်များနှင့် ဖက်ရှင်အင်တာဗျူးနှင့် ၎င်းတို့၏ ဖက်ရှင်ဓာတ်ပုံများ စသည်တို့ကို ဖော်ပြထားသည့် Fashion ကဏ္ဍ၊ ကမ္ဘာတစ်ဝန်းလုံးရှိ Online User များ ဆက်သွယ်ပြီး ဝိုင်းဖွဲ့စကားပြောနိုင်ကာ မြန်မာနိုင်ငံမှ အောင်မြင်ကျော်ကြားလျက်ရှိသော အနုပညာရှင်တစ်ဦးဦးနှင့်ပါ သောကြာနေ့တိုင်း ဆုံတွေ့စကားပြောနိုင်သည့် Tea Shop ကဏ္ဍ၊ ရာသီခွင်အလိုက် တစ်ပတ်စာ ကံကြမ္မာဟောစာတမ်းကို ဝင်ရောက်ကြည့်ရှုနိုင်သည့် Horoscope ကဏ္ဍ၊ ကမ္ဘာတစ်ဝန်းလုံးရှိ Internet အသုံးပြုသူများနှင့် ဆက်သွယ်ပြီး အကြောင်းအရာမျိုးစုံကို ဆွေးနွေးပြောဆိုနိုင်သည့် Forum ကဏ္ဍ၊ နိုင်ငံတကာမှ ထင်ရှားကျော်ကြားလျက်ရှိသော အနုပညာရှင်များ၏ Biography, Gallery, Fan Messages စသည်တို့ကို တင်ဆက်ထားသည့် International Stars ကဏ္ဍ၊ လူငယ်များ သိသင့်သိထိုက်သော ပညာရေး၊ အသက်မွေးဝမ်းကျောင်း၊ ဖျော်ဖြေရေး စသည်တို့ကို ညွှန်ပြထားသည် Planet Guide ကဏ္ဍ စသည့် ကဏ္ဍများပါဝင်။
- ဝင်ရောက်အသုံးပြုသူ အများဆုံးကဏ္ဍနှစ်ခုမှာ Forum နှင့် Tea Shop တို့ဖြစ်ကြ။
- ညီနောင်မီဒီယာများဖြစ်ကြသော 7 Day News ဂျာနယ်၊ Internet ဂျာနယ်နှင့် People Magazine တို့ကိုပါ Online မှ ဖတ်ရှုနိုင်ပြီး ပြည်တွင်းမှ ထင်ရှားသည့် Website များဖြစ်သော www.myanmargoal.com, www.bagan.net.mm, www.peoplemagazine.com စသည်တို့နှင့် Link ချိတ်ဆက်ထား။
- နေ့စဉ်ဝင်ရောက်ကြည့်ရှုသူအကြိမ်အရေအတွက် ပျမ်းမျှ ၈၀၀၀ မှ ၁၅၀၀၀ အထိရှိပြီး ရာခိုင်နှုန်းအများစုမှာ အသက် ၁၅ နှစ်မှ ၂၅ နှစ်အတွင်း လူငယ်များဖြစ်ကြဟုဆို။
- အနုပညာရှင်များ ပါဝင်နိုင်သည့် Web Portal တစ်ခုအဖြစ် ကြိုးပမ်းတည်ဆောက်သွားမည်ဟုဆို။
- ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် လိပ်စာ

  ဒေါ်ချိုဇင်အေး (Operations Executive)

  Planet Team

  Inforithm-Maze Co., Ltd.

  လပြည့်ဝန်းပလာဇာ (၁၀) ထပ်၊ အမှတ်-၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။

  ဖုန်း-၃၇၀၈၃၆၊ ၃၇၀၈၃၇၊ ၃၇၀၈၃၈၊ ၃၇၀၈၃၉ လိုင်းခွဲ-၈၁၉၊ ဖက်စ်-၂၄၃၅၄၂၊

  E-mail: info@planet.com.mm, Website: www.planet.com.mm

www.foreverspace.com.mm

www.etrademyanmar.com

မြန်မာနိုင်ငံ၌ ပြည်ပပို့ကုန်လယ်ယာထွက်ကုန်ပစ္စည်းများ၏ ဈေးနှုန်းနှင့် သတင်းအချက်အလက်များ၊ သတင်းသုံးသပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ စုံလင်စွာဖော်ပြပေးသော Website ဖြစ်သည်။

- e Trade Myanmar Co., Ltd. က ၂၀၀၃ ခုနှစ် ဧပြီလတွင် စတင်လွှင့်တင်ခဲ့။
- ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်များမှာ ဦးထွန်းထွန်းနိုင် (Chief Operating Officer)၊ ဦးသူရအောင် (Managing Director) နှင့် ဦးသက်လင်းဦး (Chief Information Officer) တို့ဖြစ်ကြပြီး ကွန်ပျူတာပညာရှင်များ၊ အယ်ဒီတာများ၊ သတင်းထောက်များအပါအဝင် ဝန်ထမ်းအင်အား ၅၀ ဦးကျော်ရှိ။
- စီးပွားရေးသတင်းများ၊ ယနေ့ကုန်ဈေးနှုန်းများ၊ သစ်တင်ဒါများ၊ နိုင်ငံတကာဈေးနှုန်းများ၊ ငွေလဲနှုန်းများ၊ ဆိပ်ကမ်းအတွင်းအချ၊ အဝိုင်းအတာများ၊ သွင်းကုန်/ထုတ်ကုန်၊ တင်ဒါများ၊ အခွန်၊ ဌာနဆိုင်ရာများ၊ မိုးလေဝသသတင်း၊ ကုန်သွယ်မှုအထောက်အကူပြု အချက်အလက်များ စသည်တို့ကို အင်္ဂလိပ်–မြန်မာနှစ်ဘာသာဖြင့် ဖော်ပြထား။
- ကုန်ဈေးနှုန်းများတွင် ပြည်ပပို့ကုန်များဖြစ်သော ပဲအမျိုးမျိုး၊ နှမ်း၊ စားအုန်းဆီ၊ ရော်ဘာ၊ ကြက်သွန်၊ ပရဆေး စသည်တို့ကို အဓိကဖော်ပြပေးထား။
- လယ်ယာထွက်ကုန်ကောက်ပဲသီးနှံများနှင့် စပ်လျဉ်းသည့် တင်ပြချက်စာတမ်းများ၊ သုံးသပ်ချက်များ၊ ဆောင်းပါးများကိုပါ ဖတ်ရှုလေ့လာနိုင်။
- စီးပွားရေးသတင်းများနှင့် ကုန်စည်ဈေးနှုန်းကို မိမိသိလိုသည့်အချိန်တွင် ဝင်ရောက်ကြည့်ရှုမေးမြန်းစုံစမ်းနိုင်ပြီး GSM ဖုန်းသို့ပါ SMS စနစ်ဖြင့် ပို့ပေးကာ ကိုယ်ပိုင် Domain Name ဖြင့် Website တစ်ခုရရှိနိုင်သည့် Diamond Member နှင့် စီးပွားရေးသတင်းများနှင့် ကုန်စည်ဈေးနှုန်းများကို ကြည့်ရှုနိုင်ပြီး Sub Domain Name ဖြင့် Website တစ်ခုရရှိနိုင်သည့် Gold Member ဟူ၍ Member စနစ် နှစ်မျိုးသတ်မှတ်ထား။
- Website Member ဦးရေ ၃၀၀ ကျော်ရှိပြီး လစဉ်ဝင်ရောက်ကြည့်ရှုသူအကြိမ်အရေအတွက် ပျမ်းမျှ ၈၀,၀၀၀ ခန့်အထိရှိဟုဆို။
- ကုမ္ပဏီကလွှင့်တင်ထားသော အခြားထင်ရှားသည့် Website များမှာ www.myanmargoal.com, www. myanmarshopping.com, www.bogyokemarket.com, www.estatemyanmar.com, www.myanmarfootball.com, www.khitlunge.net.mm စသည်တို့ဖြစ်ကြ။
- ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့်လိပ်စာ
  ဒေါ်မေသော်တာစိုး (Marketing Manager)
  e Trade Myanmar Co., Ltd.
  အဆောင် (၄)၊ အခန်း (၈)၊ Myanmar Info-Tech
  တက္ကသိုလ်များလှိုင်နယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၆၅၂၂၈၃၊ ၅၀၇၁၅၃၊ ၅၀၇၁၅၄
  E-mail: info@etrademyanmar.com, Website: www.etrademyanmar.com

www.foreverspace.com.mm

www.myanmargoal.com

မြန်မာနိုင်ငံရှိ ဘောလုံးအားကစားဝါသနာရှင်များအတွက် နိုင်ငံတကာဘောလုံးပြိုင်ပွဲသတင်းများကို မြန်မာဘာသာဖြင့် စုံလင်စွာဖော်ပြပေးထားသည့် တစ်ခုတည်းသော Website ဖြစ်သည်။

- e Trade Myanmar Co., Ltd. က ၂၀၀၄ ခုနှစ် ဇူလိုင်လတွင် စတင်လွှင့်တင်ခဲ့။
- ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်များမှာ ဦးထွန်းထွန်းနိုင် (Chief Operating Officer)၊ ဦးသူရအောင် (Managing Director)၊ ဦးသက်လင်းဦး (Chief Information Officer) တို့ဖြစ်ကြပြီး ဝန်ထမ်းအင်အား ၅၀ ဦးကျော်ရှိ။
- Website စတင်ခါစက အင်္ဂလိပ်ပရီးမီးယားလိဂ် (EPL) ဘောလုံးပွဲသတင်းများကိုသာ အဓိကဖော်ပြခဲ့ပြီး ယခုအခါ ကမ္ဘာ့ဖလား၊ စီးရီးအေ၊ စပိန်လာလီဂါ၊ ဂျာမန်ဘွန်ဒစ်လီဂါ၊ ချန်ပီယံလိဂ်၊ ယူအီးအက်ဖ်အေဖလား၊ ပြင်သစ်ပထမတန်း၊ ဥရောပ၊ အာဖရိကစသည့် ကမ္ဘာ့ဘောလုံးသတင်းများ၊ ပြည်တွင်းဘောလုံးသတင်းနှင့်သုံးသပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ဖော်ပြပေးထား။
- Website အတွင်းသို့ ဝင်ရောက်ကြည့်ရှုသူအကြိမ်အရေအတွက်မှာ တစ်လလျှင် ပျမ်းမျှ ၁.၈ သန်းအထိရှိပြီး ရာခိုင်နှုန်းအများစုမှာ အမေရိကန်ပြည်ထောင်စု၊ ဩစတြေးလျ၊ ဥရောပ၊ စင်ကာပူ၊ ကိရီးယား၊ မြန်မာနိုင်ငံတို့မှ မြန်မာဘောလုံးပရိသတ်များဟုဆို။
- ကုမ္ပဏီက ဒီဇိုင်းရေးဆွဲလွှင့်တင်ပေးထားသည့် အခြားညီနောင်ဘောလုံး Website မှာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ www.myanmarfootball.com ဖြစ်ပြီး မြန်မာဘောလုံးသတင်းများကို ဖော်ပြထား။
- ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့်လိပ်စာ

  ဒေါ်မေသော်တာစိုး (Marketing Manager)
  e Trade Myanmar Co., Ltd.
  အဆောင်(၄)၊ အခန်း(၈)၊ Myanmar Info-Tech၊ တက္ကသိုလ်များလှိုင်နယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၆၅၂၂၈၃၊ ၅၀၇၁၅၃၊ ၅၀၇၁၅၄၊
  E-mail: info@etrademyanmar.com,
  Website: www.myanmargoal.com

www.foreverspace.com.mm

e Tm SMS Services

ပြည်တွင်းပြည်ပ လယ်ယာထွက်ကုန်ပစ္စည်းဈေးနှုန်းများ၊ ရွှေဈေးနှုန်းနှင့် နိုင်ငံတကာငွေလဲလှယ်နှုန်းထားများ၊ ဘောလုံးပွဲစဉ်များ၏ ခန့်မှန်းရလဒ်နှင့် ပွဲပြီးရလဒ်များကို SMS စနစ်ဖြင့် GSM Mobile ဖုန်းများသို့ ပေးပို့လျက်ရှိသော ဝန်ဆောင်မှုလုပ်ငန်း ဖြစ်သည်။

- မြန်မာနိုင်ငံရှိ GSM Mobile ဖုန်းများ၌ SMS (Short Message Service) စနစ် စတင်အသုံးပြုခွင့်ရရှိပြီး မရွေးမနောင်းပင် e Trade Myanmar Co., Ltd. က ၂၀၀၅ ခုနှစ် ဒီဇင်ဘာလတွင် စတင်ဝန်ဆောင်မှုပေးခဲ့။
- ကုမ္ပဏီကို ၂၀၀၄ ခုနှစ် ဧပြီလတွင် တည်ထောင်ဖွဲ့စည်းခဲ့ပြီး စီးပွားရေးသတင်းအချက်အလက်များကို www.etrademyanmar.com Website မှတစ်ဆင့် Member စနစ်ဖြင့် ဖြန့်ဝေခဲ့။
- ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်များမှာ ဦးထွန်းထွန်းနိုင် (Chief Operating Officer)၊ ဦးသူရအောင် (Managing Director) နှင့် ဦးသက်လင်းဦး (Chief Information Officer) တို့ဖြစ်ကြပြီး ဝန်ထမ်းအင်အား ၅၀ ဦးကျော်ရှိ။
- ပဲအမျိုးမျိုးအပါအဝင် လယ်ယာထွက်ကုန်ပစ္စည်းဈေးနှုန်းများကို www.etrademyanmar.com Member များသို့ SMS စနစ်ဖြင့် တစ်နေ့လျှင် သုံးကြိမ် အခမဲ့ပို့ပေးလျက်ရှိ။
- လစဉ်သတ်မှတ်ထားသည့် SMS Member ကြေးများမှာ နိုင်ငံတကာငွေလဲလှယ်နှုန်း ၅၀၀၀ ကျပ်၊ ရွှေဈေးနှုန်း ၅၀၀၀ ကျပ်၊ ပဲဈေးနှုန်း (ပြည်တွင်း) ၈၀၀၀ ကျပ်၊ ပဲဈေးနှုန်း (အိန္ဒိယမွန်ဘိုင်း) ၁၀၀၀၀ ကျပ်၊ ပဲဈေးနှုန်း (ပြည်တွင်း/ပြည်ပ) ၁၅၀၀၀ ကျပ်၊ ရော်ဘာဈေးနှုန်း ၆၀၀၀ ကျပ်၊ ကြက်သွန် ၅၀၀၀ ကျပ် စသည်ဖြင့် သတ်မှတ်ထားပြီး လိုအပ်ချက်အပေါ်မူတည်၍ တစ်နေ့လျှင် နှစ်ကြိမ်မှ ရှစ်ကြိမ်ခန့်အထိ ပေးပို့။
- ဘောလုံးပွဲစဉ် SMS Member အမျိုးအစားနှင့် လစဉ်ကြေးများမှာ လူကြိုက်အများဆုံး Leagues နှင့် ဖလားပွဲ ၁၀ ပွဲ ပွဲစဉ်အားလုံး၏ ခန့်မှန်းရလဒ်နှင့် ပွဲပြီးရလဒ်များကို ပို့ပေးသည့် Member A (၂၅၀၀၀ ကျပ်)၊ သိလိုသည့်ပွဲစဉ်၏ခန့်မှန်းရလဒ်နှင့် ပွဲပြီးရလဒ်များကို ပို့ပေးသည့် Member B (၁၈၀၀၀ ကျပ်)၊ ပွဲပြီးရလဒ်များကိုသာ ပို့ပေးသည့် Member C (၁၅၀၀၀ ကျပ်)၊ အင်္ဂလိပ်ပရီးမီးယားလိဂ် (EPL) ပွဲစဉ်များ၏ ခန့်မှန်းရလဒ်နှင့် ပွဲပြီးရလဒ်များကို ပို့ပေးရပါက ၈၀၀၀ ကျပ်နှင့် EPL ပွဲပြီးရလဒ်များကို ပို့ပေးရပါက ၅၀၀၀ ကျပ် စသည်ဖြင့် အသီးသီးသတ်မှတ်ထား။
- SMS Member ဦးရေ စုစုပေါင်း ၉၀၀ ခန့်ရှိဟုဆို။
- ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့်လိပ်စာ

ဒေါ်မေသော်တာစိုး (Marketing Manager)
e Trade Myanmar Co., Ltd.
အဆောင်(၄)၊ အခန်း(၈)၊ Myanmar Info-Tech၊
တက္ကသိုလ်များလှိုင်နယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၆၅၂၂၈၃၊ ၅၀၇၁၅၃၊ ၅၀၇၁၅၄၊
E-mail: info@etrademyanmar.com,
Website: www.etrademyanmar.com

www.foreverspace.com.mm

GLORIN Hair Gel နှင့် Hair Cream

အလှကုန်ပစ္စည်းဈေးကွက်အတွင်းသို့ ကြော်ငြာအားကောင်းကောင်းဖြင့် ဝင်ရောက်လာပြီး အင်္ဂလန်နည်းပညာဖြင့် ထုတ်လုပ်ထားသောကုန်ပစ္စည်းများ ဖြစ်သည်။

☆ Shangrila-Leap Int'l Co., Ltd. က ၂၀၀၆ ခုနှစ် မတ်လတွင် စတင်ထုတ်လုပ်။

☆ ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာမှာ ဦးခင်မောင်လေးဖြစ်ပြီး ဒါရိုက်တာအဖွဲ့ဝင် ရှစ်ဦးနှင့် ဝန်ထမ်းအင်အား ၁၄၂ ဦးရှိ။

☆ ရာနှုန်းပြည့် နိုင်ငံသားပိုင်လုပ်ငန်းဖြစ်။

☆ ထုတ်လုပ်မှုတွင် အသုံးပြုသော စက်ပစ္စည်းများကို တရုတ်(တိုင်ပေ) မှ တင်သွင်းပြီး အင်္ဂလန်မှ နည်းပညာရယူထုတ်လုပ်ထားဟုဆို။

☆ ကုန်ကြမ်းပစ္စည်းများကို မလေးရှား၊ စင်ကာပူ၊ အမေရိကန်၊ ဆွစ်ဇာလန်နှင့် ဘယ်လ်ဂျီယံနိုင်ငံတို့မှ တင်သွင်းကြောင်းသိရ။

☆ GLORIN အမှတ်တံဆိပ် Hair Gel နှင့် Hair Cream များကို Lavender (ခရမ်းရောင်)၊ Jojoba (အနီရောင်)၊ Multivitamin (အဝါရောင်) အမျိုးအစားသုံးမျိုးနှင့် ၅၀ ဂရမ်၊ ၉၀ ဂရမ်နှင့် ၁၄၀ ဂရမ်ဘူးများဖြင့် ထုတ်လုပ်လျက်ရှိ။

☆ အာမခံသက်တမ်း သုံးနှစ် သတ်မှတ်ပေးထား။

☆ ဈေးကွက်အတွင်းသို့ Diethelm Co., Ltd. က တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ဖြန့်ချိလျက်ရှိ။

☆ ကုမ္ပဏီမှ Doaru အမှတ်တံဆိပ် အလှကုန်ပစ္စည်းအမျိုးမျိုးကို ထုတ်လုပ်ဖြန့်ချိလျက်ရှိ။

☆ Doaru အမှတ်တံဆိပ် Roll-on နှင့် GLORIN အမှတ်တံဆိပ် Hair Care Cream များကို ထပ်မံထုတ်လုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရ။

☆ **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် ကုမ္ပဏီလိပ်စာ**

ဦးခင်မောင်လေး (Managing Director)
Shangrila-Leap Int'l Co., Ltd.
အမှတ်–၁၃၁၊ ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၀၀၉၅၅၊ ဖက်စ်–၂၀၂၅၈၃

www.foreverspace.com.mm

Procare ဆပ်ပြာ

ကျန်းမာရေးအတွက် တစ်ကိုယ်ရေသန့်ရှင်းမှုသုံး လူသုံးကုန်ပစ္စည်းတစ်မျိုးအနေဖြင့် ဈေးကွက်အတွင်း ဝင်ရောက်လာသည့် သွင်းကုန်အစားထိုး ဆပ်ပြာအမျိုးအစားသစ်တစ်မျိုး ဖြစ်သည်။

- ☆ Beauty Palace Co., Ltd. က ၂၀၀၇ ခုနှစ် နှစ်ဆန်းပိုင်းတွင် စတင်ထုတ်လုပ်။
- ☆ ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာမှာ ဦးမြိုင်ဟင်းဖြစ်ပြီး ဒါရိုက်တာအဖွဲ့ဝင်သုံးဦးနှင့် ဝန်ထမ်းအင်အား ၂၀ ဦးခန့်ရှိ။
- ☆ ထုတ်လုပ်မှုတွင်အသုံးပြုသည့်စက်ပစ္စည်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တင်သွင်း။
- ☆ ကုန်ကြမ်းပစ္စည်းများကို ပြင်သစ်၊ တရုတ်၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် ဂျပန်နိုင်ငံတို့မှ ရယူထုတ်လုပ်ဟုဆို။
- ☆ ဂျာမနီနည်းပညာဖြင့် ထုတ်လုပ်ထားကြောင်းသိရ။
- ☆ ဆပ်ပြာအရွယ်အစား သုံးမျိုးရှိပြီး ကုမ္ပဏီရောင်းဈေးမှာ ၁၂၅ ဂရမ် ၂၉၈ ကျပ်၊ ၆၅ ဂရမ် ၁၆၇ ကျပ်နှင့် ၃၅ ဂရမ် ၉၅ ကျပ် တို့ဖြစ်။
- ☆ ဈေးကွက်အတွင်းသို့ ကုမ္ပဏီမှ တိုက်ရိုက်ဖြန့်ချိလျက်ရှိ။
- ☆ အာမခံသက်တမ်း ၂ နှစ်ပေးထား။
- ☆ ကုမ္ပဏီမှ လောလောဆယ်ထုတ်လုပ်လျက်ရှိသော ကုန်ပစ္စည်းများမှာ Best-T သွားတိုက်ဆေး၊ A21 ဆပ်ပြာနှင့် A21 Shampoo တို့ဖြစ်။

- ☆ **ဆက်သွယ်ရန်လိပ်စာ–**

Beauty Palace Co., Ltd.
အမှတ်–၁၇၉၊ ဦးထွန်းညိုလမ်း၊
စက်မှုဇုန်(၂)၊ လှိုင်သာယာမြို့နယ်၊
ရန်ကုန်။
ဖုန်း–၆၈၂၅၃၁၊ ၆၈၃၄၁၇

www.foreverspace.com.mm

? ဘယ်ပစ္စည်းဘာ့ကြောင့် Which & Why ?

စာကြည့်မီးအိမ် YG-330

ကားပုံစံစာကြည့်မီးအိမ်ဖြစ်။ လျှပ်စစ်အားသွင်းနိုင်ပြီး DC 4.5 ကိုထုတ်ပေး။ ရေဒီယိုနားထောင်ရန်အတွက် ဘက်ထရီအဖြစ်သုံးနိုင်။ ခုနစ်နာရီအထိ အသုံးခံဟုဆို။ LED မီးလုံးတစ်လုံးပါရှိပြီး အနီ၊ အဖြူ အဝါရောင်စုံရှိ။ တရုတ် (တိုင်ပေ) ထုတ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၄၀၀၀ ကျပ်ဖြစ်။

Panasonic KX-TG 5230 M Handset

နောက်ထပ် Handset နှစ်လုံးထပ်ပွားရ၍ အသုံးပြုနိုင်သည့် Handset အမျိုးအစားဖြစ်။ ဖုန်းမြည်သံခုနစ်မျိုးပြောင်းလဲအသုံးပြုနိုင်။ မလေးရှားနိုင်ငံထုတ်ဖြစ်။ အရောင်မှာ ခဲရောင်နှင့် အနက်ရောင်စပ်ထား။ ရောင်းဈေး ၆၅,၀၀၀ ကျပ်ရှိ။

Panasonic Caller ID Corded Phone

Panasonic အမှတ်တံဆိပ် KX-TS (85 CID Caller ID Corded Phone) အမျိုးအစားဖြစ်။ ဖုန်းမြည်သံ ၁၆ မျိုး ပြောင်းလဲနိုင်။ ဖုန်းအဝင်အထွက်နံပါတ်များကိုမှတ်သားထားနိုင်ပြီး ပြက္ခဒိန်ပါရှိ။ ရောင်းဈေး ၁၆,၀၀၀ ကျပ်ဟုသိရ။

www.foreverspace.com.mm

ကြိုးမဲ့နားကြပ် SX-W020

MP3၊ CD၊ VCD တို့ဖြင့် တွဲဖက်အသုံးပြုနိုင်။ FM ကိုလည်း နားထောင်နိုင်။ နှစ်ယောက်တစ်ပြိုင်တည်း နားဆင်အသုံးပြုနိုင်။ တရုတ် (တိုင်ပေ) ထုတ်ပစ္စည်းဖြစ်ပြီး ရောင်းဈေးမှာ ၁၅,၀၀၀ ကျပ်ဖြစ်။

ခြင်ဖမ်းကိရိယာ

BT-20 W၊ 30 W၊ 40 W ဟူ၍ မော်ဒယ်လ်အမျိုးအစားသုံးမျိုးရှိ။ မီးချောင်းနှစ်ချောင်းပါရှိ။ ခရမ်းရောင်မီးချောင်းမှာ ခြင်များကိုညှို့ခေါ်ပြီး ထိတွေ့ပါက သေစေနိုင်။ စားသောက်ဆိုင်၊ အိမ်ခန်းများတွင်အသုံးပြုရန် သင့်လျော်။ တရုတ်(တိုင်ပေ)ထုတ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၂၁,၀၀၀ ကျပ်၊ ၂၃,၅၀၀ ကျပ်နှင့် ၂၆,၅၀၀ ကျပ် အသီးသီးရှိ။

Argus Digital Camera

DC-3200 မော်ဒယ်လ်အမျိုးအစားဖြစ်။ 1.8" Color High Resolution Display ပါရှိ။ AA ဓာတ်ခဲလေးလုံးဖြင့် အလွယ်တကူအသုံးပြုနိုင်။ Photo Fantasy ပါရှိပြီး မိမိနှစ်သက်ရာ ရှုခင်းပုံကို အဆင်သင့်နောက်ခံအဖြစ် အသုံးပြုနိုင်။ TV နှင့် ချိတ်ဆက်၍ ကြည့်ရှုနိုင်ဟုဆို။ ရောင်းဈေး ၁၂၀,၀၀၀ ကျပ်ဖြစ်။

MP4 Player JXD 685

ကင်မရာအဖြစ် ဓာတ်ပုံရိုက်၍ရပြီး Game ကစားနိုင်။ AV in\out ပါရှိ။ Memory 512 MB ရှိပြီး ရောင်းဈေး ၁၅၀,၀၀၀ ကျပ်ဖြစ်။

www.foreverspace.com.mm

OXYDO နေကာမျက်မှန်

နွေရာသီတွင် နေရောင်တိုက်ရိုက်ထိတွေ့မှုကို ကာကွယ်ရန် ကောင်းမွန်။ ခရီးထွက်ရာတွင်လည်း အသုံးပြုနိုင်ပြီး မျက်မှန်ထည့်ရန် အိတ်ပါရှိ။ ရောင်းဈေး ၂၅,၀၀၀ ကျပ်ဖြစ်။



DURA BRAND 7" Portable DVD Player

ခရီးဆောင်အဖြစ် အသုံးပြုနိုင်ပြီး ကားတွင်လည်း တပ်ဆင်နိုင်။ အရွယ်အစားသုံးမျိုးရှိ။ ဓာတ်ခဲအားဖြည့်ထားလျှင် ရုပ်ရှင်နှစ်ကားစာ ကြည့်နိုင်ဟုဆို။ ရောင်းဈေး ၂၅၀,၀၀၀ ကျပ်ဖြစ်။

Hands Free Speakerphone

KX-T29ID MICROTEL Cordless Handset Design အမျိုးအစားဖြစ်။ 16 Digits LCD Display ပါရှိ။ ဖုန်းမြည်သံ ၁၆ မျိုးပါရှိ။ ဖုန်းမြည်လျှင် လက်ကိုင်၌ မီးလင်း။ ရောင်းဈေး ၃၅,၀၀၀ ကျပ်ဟုဆို။

DLP Digital Projector U5-532h

အလင်းပြင်းအား 2000-3000 Lumens အထိရှိပြီး ပုံနှိပ်အရည်အသွေး 1024 x 768 pixels အထိရရှိသော ဒစ်ဂျစ်တယ် Projector ဖြစ်။ အလေးချိန် 2 kg မျှသာရှိ၍ ပေါ့ပါးပြီး လွယ်လင့်တကူ သယ်ယူအသုံးပြုနိုင်။ အလင်းအမှောင် Contrast Ratio 2000:1 ရှိပြီး မီးလုံးအလင်းသက်တမ်း (Lamp Life) နာရီ ၂၀၀၀ (Normal Mode) နှင့် နာရီ ၃၀၀၀ (Eco-Mode) အသီးသီးကြာမြင့်။ ကတ်ပုံစံ Remote Control ဖြင့် ထိန်းချုပ်အသုံး ပြုနိုင်ပြီး လုံခြုံမှုအတွက် မသက်ဆိုင်သူများ အသုံးမပြုနိုင်ရန် Password ထည့်သွင်းထားနိုင်။ ရောင်းဈေး ကျပ် ၂၃ သိန်းဟု သိရ။

www.foreverspace.com.mm

CELADE Digital Duplicator SC-100 E

တစ်မိနစ်လျှင် စာရွက်ရေ ၁၂၀ အထိ Print ထုတ်ပေးနိုင်သော Digital Duplicator (အီလက်ထရွန်နစ်စာကူးစက်) ဖြစ်။ စာအုပ်များနှင့် စာရွက်စာတမ်းများကို လျင်မြန်စွာ မိတ္တူကူးယူပေးနိုင်။ ပုံနှိပ်အရည်အသွေး 300 dpi ရှိပြီး Color ဖြင့်ပါ မိတ္တူကူးယူနိုင်။ စာရွက်ရေ ၅၀၀ ကို လေးမိနစ်အတွင်း Print ထုတ်ပေးနိုင်ဟုဆို။ အရွယ်အစား သေးငယ်ကျစ်လျစ်ပြီး 54 Kg မျှသာ အလေးချိန်ရှိ။ ဂျပန်နိုင်ငံမှ တင်သွင်းပြီး ရောင်းဈေး ကျပ် ၃၉ သိန်းဝန်းကျင်ဟုဆို။

EPSON R 270 Photo Printer

Claria Photo Lab စနစ်ကို အသုံးပြုထားသဖြင့် ဓာတ်ပုံအရည်အသွေး ပိုမိုကောင်းမွန်ပြီး 4"x 6" တစ်ပုံကို ၁၃ စက္ကန့်အတွင်း Print ထုတ်ပေးနိုင်ဟုဆို။ Resolution 5760 x 1440 dpi အထိရှိပြီး ပုံနှိပ်ထုတ်လုပ်မှုနှုန်း Black Text (A4) နှင့် Colour Text (A4) 30 ppm စီရှိ။ ကွန်ပျူတာမလိုဘဲ ဒစ်ဂျစ်တယ်ကင်မရာနှင့် CD / DVD တို့မှ တိုက်ရိုက် Print ထုတ်ယူနိုင်။ အင်တာနက် Webpage စာမျက်နှာများကို မိမိလိုအပ်သည့် အရွယ်အစားအတိုင်း Print ထုတ်ပေးနိုင်။ USB 2.0 High Speed ဖြင့် Windows နှင့် Mac ကွန်ပျူတာများဖြင့် ချိတ်ဆက်အသုံးပြုနိုင်ပြီး ရောင်းဈေး US$ 175 ဟု သိရ။

Canon EOS-1D Mark III ဒစ်ဂျစ်တယ်ကင်မရာ

Canon က နောက်ဆုံးတင်သွင်းမိတ်ဆက်လာသော EOS-1D Mark III မော်ဒယ်လ်အမျိုးအစား Professional ဒစ်ဂျစ်တယ် ကင်မရာဖြစ်။ ဓာတ်ပုံအရည်အသွေး 10.1 Mega Pixels ရှိပြီး တစ်စက္ကန့်လျှင် ၁၀ ပုံအထိ အဆက်မပြတ် ရိုက်ကူးနိုင်သဖြင့် အားကစားနှင့် ဓာတ်ပုံသတင်းထောက်များအတွက် သင့်လျော်။ 19 Point Cross-type AF Sensor စနစ်ပါရှိ။ Start-up Time မှာ ၀.၂ စက္ကန့်သာကြာသဖြင့် ခလုတ်ဖွင့်ဖွင့်ချင်း ရိုက်ကူးနိုင်ကာ Shutter Speed မှာ 1/8000 Sec သာ ကြာမြင့်ဟုဆို။ ပုံရိပ်ကိုပြန်ကြည့်နိုင်မည့် 3.0" TFT LCD Monitor ပါရှိ။ Canon Lens အမျိုးမျိုးဖြင့် တပ်ဆင်ရိုက်ကူးနိုင်။ ရောင်းဈေး US$ 5000 ဝန်းကျင်ဟုသိရ။

ယခုလ Which & Why ကဏ္ဍတွင် ပါဝင်သောပစ္စည်းများနှင့်ပတ်သက်သည့်သတင်းအချက်အလက်များကို Mr.Slim Fancy and Mobile Store၊ Ever Fine စတိုး၊ Concordia International Co., Ltd.၊ Client Focus Technology Group နှင့် Canon Showroom တို့မှ ရယူထားပါသည်။

အယ်ဒီတာ

www.foreverspace.com.mm

ယခင်လမှအဆက်



ဤကဏ္ဍတွင် . . . . .
၁၅၀ ပညာကိုဦးကာဖွဲ့ခြင်း(၂)
၁၅၄ မြက်ထမ်းလုလင်ကို အသက်သွင်းခြင်း
၁၅၆ ချစ်သောမုဆိုးရွာ
၁၆၀ နှိုင်းယှဉ်မှုများ နှစ်သက်ပါသလား
၁၆၂ ရန်ကုန်စိန်ဈေးကွက်

ပညာကိုဦးကာဖွဲ့ခြင်း (၂)

ကျော်ဝင်း

၂။ နက်ဖြန်ခါရဲ့ ရေနံ

ယခုဆိုလျှင် ပညာစီးပွားရေးခဲ့သည်မှာ နှစ်ပေါင်း ၅၀ တင်းတင်းပြည့်ခဲ့ပြီးဖြစ်ပါတယ်။ သို့နှင့်တိုင် အဆိုပါပညာစီးပွားရေး၏ နောက်ကွယ်မှ အကြောင်းအရာများနှင့် ပတ်သက်လျှင် ကျွန်တော်တို့သိသမျှမှာ မဆိုစလောက်မျှသာရှိသေးသည်။ ဤသည်ပင် အံ့သြစရာကောင်းသလို စိတ်ကသိကအောက်ဖြစ်စရာကောင်းလှသော တကယ့်အရှိတရားဖြစ်တော့သည်။

လူတော်တော်များများက 'ပညာကိုနက်ဖြန်ခါစီးပွားရေး၏ ရေနံ' ဟုသဘောယူကာ 'ကိုင်တွယ်ထိတွေ့မရသော အဆိုပါရေနံ(ပညာ)တွေ ဘယ်လောက်များများရှိနေသနည်း' ဟု မေးခွန်းထုတ်ကြသည်။ ယနေ့စီးပွားရေးကို ရေနံဖြင့်မောင်းသလို နက်ဖြန်ခါစီးပွားရေးကို ပညာဖြင့်မောင်းလိမ့်မည်ဟု တွက်ဆကြခြင်းဖြစ်ပါလိမ့်မည်။

ဤအချိန်တွင် ရေနံကုမ္ပဏီကြီးများ၊ စစ်တပ်ကြီးများ၊ ဝေါလ်လမ်းမကုန်သည်ကြီးများနှင့် အရှေ့အလယ်ပိုင်းမှ ရေနံရာဇာကြီးများမှာ ငွေကြေးအမြောက်အမြားပုံအောပြီး ကမ္ဘာကြီး၏ ရေနံအရန်အင်အားကို တွက်ထုတ်ခန့်မှန်းနိုင်ရန် အားထုတ်လျက်ရှိကြသည်။ သို့နှင့်တိုင် ကျွန်တော်တို့ကမ္ဘာကြီးအနေနှင့် သိစရာပညာတွေ ဘယ်လောက်များများသိခဲ့ပြီးပြီကို ဘယ်သူမှန်းဆတွက်ချက်ကြည့်ဖူးပါသနည်း။ သို့မဟုတ် ကမ္ဘာကြီး၏ ပညာဆပွလိုင်းတစ်ခုလုံး ဘယ်လောက်ပြောင်းလဲနေပြီကို ဘယ်သူတွေ သိမှတ်လက်ခံပြီးပြီနည်း။ ဤသို့ မှန်းဆတွက်ချက်သိမှတ်လက်ခံရန် ဘယ်လောက်အရေးကြီးသည်ကို သိရှိနားလည်သူဆို၍ ဘယ်နယောက်လောက် ရှိနေပါပြီနည်း။

ဤမေးခွန်းများကို ဖြေဆိုနိုင်ဖို့ဆိုလျှင် ကျွန်တော်တို့အနေနှင့် လမ်းကြောင်းသစ်များစွာကို မီးထွန်းရှာဖွေကြရပါတော့မည်။ သိပြီး၊ ရှိပြီးလမ်းကြောင်းဟောင်းများကိုလည်း ပြန်လည်စိစစ်ဖို့လိုပါလိမ့်မည်။ သမ္မာကျမ်းစာ၊ ကိုရမ်ကျမ်းစာမှသည် သိပ္ပံစာအုပ်များထိ . . . ယနေ့ ကျွန်တော်တို့စုစည်းပြီး ပညာကွန်တိန်နာများထဲတွင် သဘာဝယုတ္တိနှင့် မကိုက်ညီသော ယုံကြည်မှုများ မည်မျှပါဝင်နေသည်ကို စိစစ်ဖော်ထုတ်ရပါလိမ့်မည်။ နောက်ထပ်ကွန် တိန်နာသစ်များရှာဖွေ၍ အသစ်အသစ်သောပညာများလည်းဖြည့်ဆည်းရတော့မည် ဖြစ်ပါသည်။

'သုံးလေ-ဆုံးလေ'-ဟုတ်ပါ၏လော . . .။

အရေးကြီးသည် ဟုယူဆရသော အချက်တစ်ချက်မှ စတင်ပါမည်။ 'ပညာမှာ ကျွန်တော်တို့မျက်မှောက်ပြုနေရသော စီးပွားရေး၊ လူမှုရေးပတ်ဝန်းကျင်၏ အပြောင်းအလဲအမြန်ဆုံး အစိတ်အပိုင်းတစ်ခုဖြစ်နေပြီ' ဆိုသော ကောက်ချက်ဖြစ်ပါသည်။ ဤကောက်ချက်တစ်ခုတည်းနှင့်ပင် ပညာနှင့်ရေနံကို မျဉ်းပြိုင်ဆွဲလေ့လာဖို့မဆီလျော်ကြောင်း ဆဝါးနိုင်လောက်စရာရှိသည်။

ရေနံနှင့်ပတ်သက်သော ကျွန်တော်တို့၏ တူးဖော်၊ သိုလှောင်ဖြန့်ဖြူးပုံနည်းလမ်းများကို တစ်ချက်မျှ စဉ်းစားကြည့်လိုက်ပါ။ လွန်ခဲ့သော နှစ်ပေါင်းတစ်ရာအတွင်း အခြေခံအရ ထူးထူးခြားခြားပြောင်းလဲမှုမရှိလှသည်ကို တွေ့ရပါလိမ့်မည်။ ယခင်ကလိုပင် ယခုထက်တိုင်လည်း ပိုက်လိုင်းများ၊ လှောင်ကန်များ၊ ရေနံတင်ယာဉ်များကို အသုံးပြုနေရဆဲဖြစ်သည်။ သို့နှင့်တိုင် ပညာနှင့်ပတ်သက်လျှင်မူ ဤအတိုင်းမဟုတ်လေတော့။ ကွန်ပျူတာ၊

www.foreverspace.com.mm

ဂြိုဟ်တုစလောင်း၊ ဆဲလ်ဖုန်း၊ အင်တာနက်နှင့် အခြားသော ဒစ်ဂျစ်တယ်တက္ကနိုလိုဂျီများ၊ ပို့နှုံးနေသည့် နောက်ခံအခင်းအကျင်းတွင် ကျွန်တော်တို့၏ ပညာရှာဖွေပုံ၊ ပညာသိမ်းဆည်းပုံ၊ ပညာဖြန့်ဖြူးပုံတို့မှာ အကြီးအကျယ်ပြောင်းလဲလျက်ရှိနေတော့သည်။

ဤတွင် အရေးအကြီးဆုံးမှာ ရှေးကနှင့် ဘယ်လိုမှ မတူတော့သည့် အပြောင်းအလဲများ၏ မြန်နှုန်းပင်ဖြစ်သည်။ အဆိုပါ မြန်နှုန်း၏ အောက်တွင် ရှိပြီး သိပြီး ပညာများ 'အသိုး' မြန်ကုန်သည်။ အခြေမခိုင်ဖြစ်ကုန်သည်။ ကျွန်တော်တို့၏ ပညာရှာကိရိယာများ၊ ပညာကိုထုပ်ပိုးရသော ဘာသာစကားများမှာလည်း မလုံမလောက်ဖြစ်ကုန်သည်၊ ပညာကိုဖွဲ့စည်းရသော အထူးပြုသဘောများနှင့် ယေဘုယျသဘောများမှာလည်း ဗလုံးဗထွေးတွေဖြစ်ကုန်သည်။ အစဉ်အလာအရ ကျွန်တော်တို့အားပြုခဲ့ကြရသော နှိုင်းယှဉ်ဆင်ခြင်မှုများမှာလည်း ဒိတ်အောက်ကုန်သည်။ ပညာကိုဖြန့်ဖြူးရသော အစဉ်အလာမီဒီယာများသည်ပင် ပက်ကျိသွား သွားနေရသော အနေးယာဉ်တွေဖြစ်ကုန်တော့သည်။ သို့နှင့်အမျှ ပညာရှာဖွေရေးရော၊ ပညာဖြန့်ဖြူးရေးတွင်ပါ နည်းလမ်းသစ်တွေ လိုလာရသည်။ လမ်းကြောင်းသစ်တွေပေါက်ဖို့ အရေးကြီးလာသည်။

ရေနံနှင့် ပညာကြားတွင် နောက်ထပ် အရေးကြီးသော အခြေခံခြားနားချက် တစ်ခုရှိပါသေးသည်။ ရေနံစွမ်းအင်နှင့် ပတ်သက်လျှင် များများအသုံးပြုလေ လက်ကျန်ရေနံအရန်အင်အားနည်းသွားလေဟု ဆိုနိုင်သည်။ ပညာတွင်မူ ဤသို့မဟုတ် ပညာကိုများများအသုံးပြုလေ ပို၍ပို၍များပြားသောပညာသစ်များကို တီထွင်နိုင်လေဖြစ်သည်။ ဤခြားနားချက်ကြောင့်ပင် ပင်မရေစီး ဘောဂဗေဒဘာသာရပ်တစ်ခုလုံး ခေတ်နှင့်အံချော်သွားခြင်းဖြစ်တန်ရာသည်။ အစဉ်အလာအဓိပ္ပာယ်ဖွင့် ဆို ချက်အရ ဘောဂဗေဒဆိုသည်မှာ ရှားပါးသော သယံဇာတများကို ခွဲဝေသတ်မှတ်ရေးဆိုင်ရာ သိပ္ပံပညာဖြစ်သည်။ သူတို့ပြောသော အကောင်အထည်မဲ့ရေနံ(ပညာ)ကို ဤသို့အဓိပ္ပာယ်သတ်မှတ်၍မရနိုင်တော့။ ပညာကား အနှစ်သာရအားဖြင့် ဘယ်တော့မှ မကုန်ခန်းနိုင်သော စွမ်းအင်သစ်ဖြစ်သည်။

ပညာနှင့် ဆက်စပ်နေသော ဆိုခဲ့ပါ အပြောင်းအလဲများက တကယ့်ဘဝရှိ ဓနအပေါ်ကြီးစွာသော သက်ရောက်မှုများ ဖန်တီးလိုက်သလိုရှိသည်။ ဓနကို ဘယ်လိုရှာဖွေမည်၊ ဘယ်သူတွေရလိမ့်မည်ဆိုသည်တို့မှာ ရှေးကနှင့်မတူ တစ်မူထူးကုန်သည်။ ရှေ့နေများ၊ စာရင်းစစ်အဖွဲ့များ၊ ဥပဒေပြုအဖွဲ့များအနေနှင့် အခွန်အတုတ်၊ စာရင်းအင်း၊ တစ်ကိုယ်ရေလွတ်လပ်မှု၊ ဉာဏ်ပညာပစ္စည်း စသည်တို့နှင့် ပတ်သက်သော စည်းမျဉ်းသစ်များကို အပူတပြင်းပြုစုရတော့မလိုရှိလာသည်။ ဤအပြောင်းအလဲကပင် လက်ရှိပြိုင်ဆိုင်မှုများကို ပိုမိုသည်းထန်ပြင်းထန်စေပြီး တည်ဆဲထိန်းချုပ်ရေးဥပဒေများကိုလည်း ခေတ်နောက်ကျစေတော့သည်။ ဈေးကွက်ပညာ၊ စီမံခန့်ခွဲမှုပညာနှင့် နည်းနာနိသယအားလုံးတွင် လှိုင်းထန်လေထန်သော မှောက်လှန်ပြောင်းလဲမှုများကို ဖြစ်ပေါ်စေတော့သည်။

အဆိုပါအပြောင်းအလဲများကပင် လုပ်ငန်းကဏ္ဍအသီးသီးနှင့်တကွလုပ်ငန်းနယ်ပယ်ကြီးတစ်ခုလုံးကိုပါ အစဉ်အလာအစုလိုက်အပြုံလိုက်ထုတ်လုပ်မှုနှင့် အစုလိုက်အပြုံလိုက်စားသုံးမှုများမှ ဝေးရာသို့ ဆွဲခေါ်သွားသည်။ ထို့နောက်ထပ်ဆင့်တိုးတန်ဖိုး ပိုမိုမြင့်မားသော တစ်ဦးချင်းအသုံးတည့်မှုကို ဦးတည်သော ဝန်ဆောင်မှုများနှင့် အတွေ့အကြုံသစ်များဆီသို့ ဦးတည်သွားစေသည်။ ပိုမြန်ပြီး၊ ပိုစမတ်ကျသော ဆုံးဖြတ်ချက်များ ချမှတ်နိုင်စေရန် တွန်းအားပေးလျက်ရှိသည်။

သို့နှင့်တိုင် အသစ်ပေါ်ထွက်လာသော ပညာစီးပွားရေးနှင့် ပတ်သက်သည့် ကျွန်တော်တို့၏သရုပ်ခွဲစိစစ်မှုများ လေ့လာချက်များမှာ ဓနဖန်တီးမှုပုံစံသစ်များအပေါ် ကျရောက်လျက်ရှိသော ပညာ၏အခန်းကို လုံလောက်စွာတန်ဖိုးဖြတ်နိုင်သေးဟုဆိုရမည်သာဖြစ်ပါသည်။ သည်လိုနှင့် အစဉ်အလာဘောဂဗေဒနှင့် အသစ်ဖြစ်ထွန်းလာသော အရှိတရားတို့မှာ ဝေးသထက်ဝေးလာသလိုဖြစ်နေရတော့သည်။

သံမဏိစက်ရုံများနှင့် ရှူးဖိနပ်များ

ယနေ့အမေရိကန်ပြည်ထောင်စုမှာ ကမ္ဘာ့အကြီးဆုံး ထုတ်လုပ်ရေးပါဝါကြီးတစ်ခုဖြစ်သည့်တိုင် ၎င်း၏ထုတ်လုပ်ရေးကဏ္ဍတွင် အလုပ်လုပ်နေကြသူများမှာ အလုပ်အင်အားစုတစ်ခုလုံး၏ ၂၀ ရာခိုင်နှုန်းပင် မရှိတော့ပါချေ။ အလုပ်အင်အားစု၏ ၅ဖ ရာခိုင်နှုန်းမှာ စီမံခန့်ခွဲမှုကဏ္ဍ၊ ဘဏ္ဍာရေးကဏ္ဍ၊ အရောင်းလုပ်ငန်းနှင့် ဆက်စပ်နေသောကဏ္ဍများနှင့် စာရေးစာချီ စသော ပရော်ဖက်ရှင်နယ်ကဏ္ဍတွင် အပြည့်အဝ လုပ်ကိုင်နေကြပြီဖြစ်သည်။ ပညာကဲ့သော ပရော်ဖက်ရှင်နယ်လုပ်ငန်းများတွင်ဆိုလျှင် အလွန်လျင်မြန်စွာပင် တိုးပွားလျက်ရှိနေသည်။

အတိအကျဆိုရလျှင် ယခုဖော်ပြလိုက်သော ကိန်းဂဏာန်းများသည်ပင်လျှင် တကယ့်အခြေအနေမှန်ကို ပြည့်ပြည့်ဝဝ ဖော်ပြနိုင်သေးသည်မဟုတ်ပါ။ အကြောင်းမူ အမေရိကရှိ ခေတ်အမီဆုံးသံမဏိစက်ရုံများတွင်ဖြစ်စေ၊ တောင်ကိုရီးယားရှိ လူသုံးကုန်ပစ္စည်းစက်ရုံများတွင်ဖြစ်စေ စက်ယန္တရားများကို ကိုင်တွယ်အလုပ်လုပ်နေကြသော အော်ပရေတာအားလုံးလောက်မှာ သာမန်စက်ဆရာများမဟုတ်တော့သောကြောင့် ဖြစ်ပါသည်။ သူတို့တစ်တွေ၏ အလုပ်ချိန်အများစုကို တွက်ကြည့်လိုက်လျှင် ကွန်ပျူတာမော်နီတာနှင့် မျက်နှာချင်းဆိုင်ထားရချိန်က အများစုဖြစ်နေသည်ကို တွေ့ရပါလိမ့်မည်။ လေယာဉ်ပိုင်းလော့တွေနှင့်ပင် တူနေသေးတော့သည်။ ပြောရလျှင် ထရပ်ကားဒရိုင်ဘာများသည်ပင် ကွန်ပျူတာကို ကားခေါင်းခန်းထည့် မောင်းနေကြရပြီဖြစ်သည်။ သို့သော် သူတို့တစ်တွေကို ပညာအလုပ်သမားဆိုသော အလုပ်အင်အားစုနယ်ပယ်တွင် ထည့်တွက်ထားသည်မဟုတ်ပါ။ ဤသို့ထည့်မတွက်ကြသည့်တိုင် သူတို့အလုပ်မှာ ပညာနှင့်ဆက်နွယ်နေပြီဖြစ်၍ အချိန်ပိုင်းပညာအလုပ်သမားဟု ခေါ်ရတော့မလိုပင် ဖြစ်နေပါပြီ။

ဤသို့ ပညာအဖြစ်ထည့်သွင်းရောတွက်မခံရသည်မှာ ဤမျှသာမက ကျွန်တော်တို့တစ်တွေ တန်ဖိုးတစ်စုံတစ်ရာဖန်တီးကြ

www.forevermyanmar.com.mm

သည့်အခါကိုင်း ကျွန်တော်တို့ ဆွဲယူအသုံးပြုလေ့ရှိကြသော ကျွန်တော်တို့ခေါင်းထဲမှ တစ်စုံတစ်ရာသည်ပင် ပညာဖြစ်ပါသည်။ ဤပညာကို တိုင်းတာဖို့ခက်ကောင်းခက်မည်။ ကျွန်တော်တို့ခေါင်းထဲတွင် ပညာများသို့မဟုတ် သိမြင်မှုများကိုပင် ကျွန်တော်တို့ကိုယ်တိုင်က သိကောင်းမှသိပါလိမ့်မည်။ မည်သို့ပင်ဆိုစေ ဤအရာများမှာ ထုတ်ဖော်ပြောကြားစရာမလိုဘဲ အလိုလိုသိနိုင်သည့်ပညာများသာ ဖြစ်ပါသည်။

ဥပမာ–ကျွန်တော်တို့အနေနှင့် ကျွန်တော်တို့ပတ်ဝန်းကျင်မှလူများကို ကောင်းကောင်းသိကြသည်။ ဘယ်သူ့ကိုယုံရ၏၊ မယုံရ၏ ခွဲခြားသိနိုင်သည်သာဖြစ်သည်။ အလားတူ သတင်းကောင်းဆိုလျှင် ဘယ်လိုတုံ့ပြန်ရမည်၊ သတင်းဆိုးဆိုလျှင် ဘယ်လိုတုံ့ပြန်ရမည် စသည်တို့ကိုလည်း သင့်တင့်အောင်ဆုံးဖြတ်တတ်ပါသည်။ အကယ်၍လိုအပ်လျှင် စုပေါင်းအားထုတ်မှုတစ်ခုရအောင် မည်သို့စီစဉ်ရမည်ကိုလည်း သိကြသည်သာဖြစ်ပါသည်။ ဤအချက်များက ကျွန်တော်တို့၏ခေါင်းထဲတွင် ပညာတစ်စုံတစ်ရာရှိသည်ကို ဖော်ပြလျက်ရှိပါသည်။ ကျွန်တော်တို့၏ လေ့လာမှု၊ ကျွန်တော်တို့၏ အတွေ့အကြုံ စသည်များမှ တစ်ဆင့် ခေါင်းထဲသို့ရောက်နေသော ပညာများဖြစ်ပါသည်။

အဆိုပါပညာများအနက် အချို့မှာ သာမန်အသေးအဖွဲသာ ဖြစ်ကောင်းဖြစ်လိမ့်မည်။ အချို့ကမူ အရေးကြီးသော ကြီးပမ်းအားထုတ်မှုများကို အဓိကပံ့ဖော်ပေးသော အဖိုးတန်ပညာတွေလည်း ဖြစ်ကောင်းဖြစ်လိမ့်မည်။ ခက်နေသည်မှာ အဆိုပါပညာ၏ အခန်းကို သမားရိုးကျဘောဂဗေဒပညာက လုံလောက်စွာ ထည့်သွင်းမစဉ်းစားခြင်းပင် ဖြစ်သည်။ နက်ဖြန်ခါစီးပွားရေး၏ အသည်းနှလုံးကိုထိုးဖောက်ကြည့်နိုင်ဖို့ဆိုလျှင် ပညာနှင့်ပတ်သက်သော ကျွန်တော်တို့၏ အသိအမြင်မလုံလောက်မှုကို ဖြည့်ဆည်းပေးဖို့ အထူးလိုအပ်ပါလိမ့်မည်။

အဋ္ဌမတွဂိုဒေါင်များ

မည်သူတစ်ဦးတစ်ယောက်တွင်မဆို အလုပ်နှင့်ဓနကို ဆက်စပ်ပေးသော ပညာနှင့်ပတ်သက်သည့် ကိုယ်ပိုင်အသိပညာများ ရှိသလောက် ရှိကြသည်သာဖြစ်ပါသည်။ စာရေးဆရာတွင် စာပေရေးသားမှုအတတ်ပညာရှိသည်။ သွားစိုက်ဆရာက သွားအကြောင်းကောင်းကောင်းသိသည်။ ကုန်ကုန်ပြောရလျှင် ဓာတ်ဆီဆိုင်အကူဝန်ထမ်းလေးဖြစ်စေဦး ဓာတ်ဆီထည့်သည့်ပိုက်ခေါင်း ဘယ်ပုံကိုင်ရမည်ကိုကောင်းကောင်းသိပါသည်။

သို့နှင့်တိုင် ပညာအားလုံးမှာ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်တည်း၏ ခေါင်းထဲတွင် စုပြုံနေသည်တော့မဟုတ်ပါ။ အလုပ်အဖွဲ့များ၊ ကုမ္ပဏီများ၊ လုပ်ငန်းများ၊ အင်စတီကျူးရှင်းများ၊ စီးပွားရေးများ၊ နိုင်ငံများကြားတွင် ပုံ့နှံ့တည်ရှိနေကြပါသည်။ ဤသည်ကိုပင် လူ့အဖွဲ့အစည်းတစ်ရပ်လုံးနှင့် သက်ဆိုင်သော စုပေါင်းပညာဆပ္ပလိုင်းဟု ခေါ်ကြပါသည်။ ဤပညာအားလုံးကို အခြေခံအားဖြင့် နည်းနှစ်မျိုးဖြင့် သိမ်းဆည်းသိမှီးထားလေ့ရှိကြသည်။

ပထမသိမှီးပုံမှာ လူတို့၏ခေါင်းထဲတွင် ဖြစ်သည်။ မည်သည့်လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ခေါင်းထဲတွင်မဆို မမြင်ရသော ပညာဂိုဒေါင်များ ရှိကြသည်သာဖြစ်ပါသည်။ စင်စစ် လူဦးနှောက်မှာ ပညာဂိုဒေါင်သက်သက်မျှမဟုတ်။ ပညာအလုပ်ရုံကြီးဟု ဆိုထိုက်သည်။ ဦးနှောက်လျှပ်စစ်ဓာတုလှိုင်းများဖြင့် ဂိုဒေါင်ထဲမှဒေတာများ၊ အင်ဖော်မေးရှင်းများကို လိုတိုးပိုလျှော့ လုပ်ပေးသည်။ ချိတ်ဆက်စီစဉ်ပေးသည်။ သင်္ကေတများ၊ ပုံရိပ်များ၊ မှတ်သားဉာဏ်များအဖြစ် စဉ်ဆက်မပြတ် ပြောင်းပေးလျက်ရှိသည်။ တစ်ခါတစ်ရံတွင် ဤအရာများကို စိတ်လှုပ်ရှားမှုနှင့် တွဲစပ်ပေးကာ အတွေးသစ်အမြင်သစ်များကိုလည်း ဖန်တီးပေးနိုင်သေးသည်။

အဆိုပါပညာဂိုဒေါင် သို့မဟုတ် ပညာအလုပ်ရုံထဲတွင် ဝေါလ်လမ်းမကြီးမှ ကိန်းဂဏန်းတွေလည်း ရှိချင်ရှိမည်။ ဖောက်သည်နှင့်ပတ်သက်သော အကြံဉာဏ်တွေလည်း ရှိကောင်းရှိမည်။ ဂေါက်သီးရိုက်ပညာနှင့်ပတ်သက်သော သူငယ်ချင်း၏ အကြံပေးစကားလည်း ရှိနိုင်သေးသည်။ အလားတူ မိခင်၏ပုံရိပ်၊ မကျန်းမာနေသော သားသမီးအတွက် စိုးရိမ်သောက၊ ထုတ်ကုန်အရည်အသွေးမြှင့်တင်ရေးနှင့်ဆိုင်သော ဖော်မြူလာတစ်ခု စသည်တို့လည်း နေရာယူကောင်း ယူထားလိမ့်မည်။ ဤအရာများနှင့်အတူ မနေ့ညက ကြည့်ခဲ့ရသော ဘောလုံးပွဲ၊ တီဗီကြော်ငြာသီချင်းနှင့် ရေးလက်စမှတ်တမ်းတစ်ပိုင်းတစ်စတို့လည်း ဒွေးရောယှက်တင်ဖြစ်ချင်ဖြစ်နေလိမ့်မည်။

ဤအကြောင်းအရာများမှာ သူ့ဟာနှင့်သူ တစ်သီးတခြားဖြစ်နေလျှင် ဟုတ်ဟုတ်ညားညား အဓိပ္ပာယ်ရှိကောင်းမှ ရှိပါလိမ့်မည်။ သို့နှင့်တိုင် စနစ်တကျစီစဉ်ချိတ်ဆက်လိုက်လျှင်မူ ထူးခြားသောအဓိပ္ပာယ်များ ရှိကောင်းရှိနိုင်ပါသည်။ ဤသည်မှနေ၍ အရေးကြီးသောဆုံးဖြတ်ချက်များလည်း ချလာနိုင်ပါသည်။ ဥပမာ–ကလေးနေမကောင်း၍ သောကဖိစီးနေလျှင် မှတ်တမ်းဆက်ရေးဖို့ကိစ္စ စိတ်ဝင်စားတော့မည် မဟုတ်။ ဝေါလ်လမ်းမကိန်းဂဏန်းများ (စတော့ဈေးကွက်၊ ဈေးနှုန်းများ) ကျနေလျှင်လည်း ကားအသစ်ဝယ်ဖို့ ဆိုင်းငံ့ထားပါလိမ့်မည်။ အကယ်၍ ကျွန်တော်တို့ ခန္ဓာကိုယ်ကို 'နာနိုအရွယ်' ကျုံ့ပြီး စိတ်နယ်ပယ်ထဲသို့ဝင်ကြည့်နိုင်လျှင် ဤသို့သော အချက်အလက်များ၊ စိတ်ကူးများ၊ ဆုံးဖြတ်ချက်များကို ရောထွေးလျက်သော်လည်းကောင်း၊ အစီအစဉ်တကျသော်လည်းကောင်း တွေ့နိုင်စရာ ရှိပါသည်။ ဤသည်ပင် လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့်ဆိုင်သော ပညာဆပ္ပလိုင်းဖြစ်ပါသည်။

ဒုတိယသိမှီးပုံမှာ လူဦးနှောက်၏ အပြင်ပတွင် ဖြစ်သည်။ ခေတ်အဆက်ဆက်ပညာများ၏ အစုအဝေးဟု ဆိုနိုင်သည်။ လူ့အဖွဲ့အစည်းတစ်ရပ်လုံးနှင့်ဆိုင်သော ပညာဆပ္ပလိုင်း ဖြစ်ပါသည်။

ဆက်လက်ဖော်ပြပါမည်။

ကျော်ဝင်း

စာညွှန်း– Revolutiomany Wealth(Alvim and Heidi Toffler)

www.foreverspace.com.mm

ပြက်ထမ်းလုလင်ကို အသက်သွင်းခြင်း

ကြည်မင်း

(၁)

ဂလိုဘယ်လိုက်ဇေးရှင်းခေါ် **'ပွင့်လင်းကူးယူက်ကမ္ဘာ'** ဖြစ်ပေါ်မှုကြီးဖြစ်စဉ်ကြီးတွင် နှစ်သက်စရာအချက်များစွာ ရှိသည့်အနက် အဓိကကျသည့် (သို့မဟုတ် အဓိကကျသည်ဟု ကျွန်ုတော်ထင်သည့်) အချက်မှာ ပွင့်လင်းမှု (Openess/ Transparency) ဖြစ်ပါသည်။ သတင်းအချက်အလက် စီးဆင်းမှုကြွယ်ဝမြန်ဆန်လာသောကြောင့် ရရှိလာသော အကျိုးကျေးဇူးဖြစ်သည်။ သတင်းဆက်သွယ်ရေး အလွန်ဖွံ့ဖြိုးလာခြင်းကြောင့် Strong-weak Gap ခေါ် အားကြီးအားနည်းလျှို့မြောင်းမှာ ကျဉ်းမြောင်းလာရသည်။ ခေတ်ပျက်ကာလဟု ခေါ်ဆိုရှိကြသော မင်းမဲ့စရိုက် လွှမ်းမိုးသည့် ကာလတုန်းက ထင်တိုင်းကြိုင်ခွင့်လိုင်စင်ရခဲ့သည့် ရွာလူမိုက်များ တရားဥပဒေအုပ်စိုးရေး ဝင်လာသောအခါ ငြိမ်ကုပ်သွားကြပုံမျိုးကို ကြည့်ပါ။ ထင်တိုင်းကြဲခဲ့ကြစဉ်က **ငါတို့-သူတို့ လျှို့မြောင်**ကြီးမှာ အလွန်ကြီးမားခဲ့သည်။ ရွာလယ်လမ်းမှာလည်း သူတို့၊ လယ်ယာကောင်းကောင်းမှာလည်း သူတို့ ဆိုတာမျိုးဖြစ်ခဲ့သည်။ သို့သော် အုပ်ချုပ်ရေး အသက်ဝင်လာပြီးနောက်တွင် တရားဥပဒေက ထွန်တိုက်ပစ်လိုက်သောအခါ အခွင့်ထူးခံ အလွှာတွေ ကွယ်သွားရသည်။ မတရားရယူထားခဲ့ကြသော ပိုင်ခွင့်တွေကို မူလပိုင်ရှင်တွေထံ ပြန်ပေးကြရသည်။

ဂလိုဘယ်လိုက်ဇေးရှင်းသည် (တစ်ချိန်တုန်းက ကွန်မြူနစ်ဝါဒီတွေ ကြွေးကြော်ခဲ့ကြသလို) လူတန်းစားမဲ့လောကသစ်ကြီး ဆီသို့ တကယ်ပို့ပေးနိုင်မှာလား–ဆိုတော့ ပို့ပေးနိုင်မည်မဟုတ်။ လူတန်းစားကွာခြားမှုကိုပဲ ကျဉ်းမြောင်းပေးနိုင်လိမ့်မည်ဟု အဖြေထွက်ပါလိမ့်မည်။ ဆင်းရဲသားနှင့် သူဌေးကြီးတို့ခေတ်ကို ဖျက်လုံသူနှင့် ပိုမိုဖျက်လုံသူတို့ခေတ်အဖြစ် ပြောင်းပေးနိုင်ပါမည်။ ဤအဆင့်အထိ တစ်ကမ္ဘာလုံးရောက်ရှိရန် မှာပင် အတော်ကြီးကြာဦးမည်ဖြစ်သည်။

စီမံကိန်းဖြင့် ကြံဆောင်သော နိုင်ငံတိုင်းတွင် ပန်းတိုင်အဖြစ်၊ သို့တည်းမဟုတ် ရှေ့ရေးအမြင် Vision အဖြစ် ထားတတ်ကြသည်မှာ လူလတ်တန်းအလွှာ ဖွံ့ဖြိုးလာရေး Growth of the Middle Class ဖြစ်သည်။

သူဌေးတွေကို သူဌေးအရာမှ ဆွဲချပြီး လူလတ်တန်းလွှာသို့ သွတ်သွင်းခြင်းဖြင့် လူလတ်တန်းအလွှာသည် ပြောပလောက်အောင် အင်အားကောင်းမလာနိုင်ပါ။ လူများစုဖြစ်သော အောက်လွှာ Lower class ကို မြှင့်တင်ပေးမှသာ လူလတ်တန်းအလွှာ အားကောင်းလာပါသည်။ ဤလို မြှင့်တင်ပေးရန်အတွက် တိုင်းပြည်၏ စီးပွားရေးသည် အဓိကဖြစ်၏။ စီးပွားရေးတိုးတက်လာသောအခါ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးများကို စနစ်တကျ ဆက်မြှင့်ပေးရမည်။ စီးပွားရေးမြင့်ပြီး နောက် ဆက်တွဲသုံးခုက မမြင့်လျှင် လူဆင်းရဲတို့သည် လူဆင်းရဲပဲ ဖြစ်နေကြဦးမည်။

နိုင်ငံတိုင်းမှာ အလွှာသုံးမျိုးစလုံးရှိသည်။ ချမ်းသာပြီး အင်အားကြီးသော နိုင်ငံကြီးများတွင်ပင် လူဆင်းရဲအလွှာရှိပါသည်။ ဤအချက်ကို မေ့ပစ်ချင်၍မရ။ ဒရိုင်ဘာမောင်းသော **လက်ဇေ့ပ်ကား**ပေါ်တွင် အငြိမ့်သားထိုင်လိုက်သွားသောလူချမ်းသာအလွှာရှိသကဲ့သို့ ထိုကားမျိုးတွင် ယာဉ်မောင်းဝန်

www.foreverspace.com.mm

ထမ်းအဖြစ် လုပ်ကိုင်စားသောက်ရသော လူဆင်းရဲအလွှာလည်းရှိသည်ပင်။ အရေးကြီးသည်မှာ ထိုကားမောင်းဝန်ထမ်းနှင့် သူ၏ မိသားစုတွင် အထိုက်အလျောက် ပြည့်စုံနေဖို့ဖြစ်သည်။ အိမ်ဟုခေါ်နိုင်လောက်သော နေထိုင်စရာနေရာ၊ အစားအစာဟု ခေါ်နိုင်လောက်သော အစားအသောက်၊ တယ်လီဖီးရှင်း အစရှိသော အပန်းဖြေပစ္စည်းများ၊ လိုင်းဖုန်း၊ ကြိုးမဲ့ဖုန်း အစရှိသော ဆက်သွယ်ရေးအကူပစ္စည်းများ၊ ကလေးများအတွက် ပညာကောင်းကောင်းရှာဖွေခွင့် . . . ။ ဤလို အထိုက်အလျောက်ပြည့်စုံနေသောအလွှာကို ဆင်းရဲသားအလွှာ/အောက်ဆုံးအလွှာဟု မခေါ်နိုင်တော့ပါ။ အထက်တန်းကျောင်းသားတွေကအစ ကြိုးမဲ့ဖုန်းလေးတွေ ကိုယ်စီကိုင်ကြသော ဖွံ့ဖြိုးပြီး နိုင်ငံကြီးတွေမှာတော့ ယာဉ်မောင်း၏ ဝင်ငွေကိုလိုက်ပြီး လူလတ်တန်းအောက်ဆုံးလွှာ Lower Middle Class ဟု ခေါ်ချင်ခေါ်မည်။ တချို့နိုင်ငံတွေမှာကျတော့ ဤမျှလောက် ပြည့်စုံနေလျှင် သူဌေးလေးဟုပင် သတ်မှတ်ကြမည်သာ။

(၂)

ပညာရေးတွင်မူ တစ်ချက်ယွင်းသွားခြင်းကို ၁၉၆၆ ခန့်က ကြုံရဖူး၏။ ဝေဖန်သံများ တော်တော်ထွက်လာရာ အကျယ်လောင်ဆုံးနှင့် အထိရောက်ဆုံးကို နာမည်ကျော်သတင်းစာဆရာဟောင်းကြီးတစ်ဦး၏ ဆောင်းပါးများတွင် တွေ့ပါသည်။ သူက ပုံပြင်နှစ်ပုဒ်ရေးပြခဲ့သည်။ အကြောင်းရှိ၍ ဒုတိယပုံပြင်ကို အရင်ဖော်ပြပါမည်။

အစ်ကိုကြီးကွယ်လွန်သွားသောအခါ ညီက အစ်ကိုကြီး၏ ဥစ္စာဓနများကို ဆက်ခံထိန်းသိမ်းပြီး အစ်ကိုကြီးကျန်ခဲ့သော လူမမယ်သားသမီးလေးများကို စောင့်ရှောက်သည်။ ညီမှာ စနစ်ဇယားကျသူဖြစ်ရာ နောင်တွင် ဈေးကြီးလာမည့်အရေးကို တွက်ဆပြီး ကလေးများအတွက် ဆယ်နှစ်စာ ဖိနပ်များ ဝယ်လှောင်ထားလိုက်သည်။ ကလေးများက ကြီးထွားလာကြလေရာ ဖိနပ်များက ငယ်ကျန်ရစ်သည်။ ရှိတဲ့ဖိနပ်နဲ့ တော်အောင် ဝတ်ရမယ်၊ ဖနောင့်တွေ လှီးပစ်ဟု ဆိုပါသတဲ့။

ဤပုံပြင်ပါအပြီး ရက်ပိုင်းအတွင်းမှာ ပင်မူ အမှားကို ပြန်ပြင်ပေးသော ကြေညာချက်ထွက်လာပါသည်။

ပထမပုံပြင်က ပိုကောင်းပါသည်။ ကောင်းလှသဖြင့် ကြံတိုင်းပြောပြဖြစ်လေ ရာထောင်မှလွတ်လာစ (နောင်တွင် ကျွန်တော်နှင့် ညီရင်းအစ်ကိုသဖွယ် ပေါင်းဖော်ဖြစ်သွားသော) သတင်းစာဆရာ အထောက်တော်လှအောင်ကိုလည်း ပြောပြဖြစ်သည်။ သူက "အဲဒါ ကျွန်တော့်ပုံပြင်ဗျ၊ ဒီတိုယူလုပ်ချလိုက်ပြန်ပြီ" ဟု ပြောပါသည်။ ထိုပုံပြင်မှာ–

တက္ကသိလာမှ ပညာသင်ပြီး ပြန်လာသော မင်းသားတစ်ပါးသည် ရွာတစ်ရွာအပြင်ဘက်တွင် ခေတ္တနားရင်းက စိမ်းလန်းသော မြက်ခင်းတစ်ခင်းကို မြင်သည်။ မြင်းစာအတွက် ရိတ်သွားရလျှင် ကောင်းမှာပဲဟု ကြံ၍ မြက်ရိတ်ရာ မြက်ထုံးရှစ်ထုံးရသည်။ မြက်ထုံးများကို ထမ်းပိုးနှင့် ထမ်းရာ အထမ်းရခက်နေသဖြင့် အလေးချိန်ညီမည့် ကျောက်တုံးကြီးတစ်တုံးလိုက်ရှာ၍ ထမ်းပိုးတစ်ဖက်စွန်းတွင်ထည့်ပြီး ထမ်းသည်။ ဤသည်ကို သာလာယံဇရပ်ပေါ်မှ ထိုင်ကြည့်နေသော လူတစ်ဦးက "မိတ်ဆွေ၊ ကျောက်တုံးက တန်ဖိုးတော်တော်ရှိလို့လား" ဟု မေးသည်။ မဟုတ်ပါ၊ မြက်ရှစ်ထုံးကို ထမ်းရတာ ခက်နေလို့ အလေးချိန်ညီအောင် ကျောက်တုံးနဲ့ ညှိတာပါဟု ဖြေသည်။ "သြော် မိတ်ဆွေရယ်– မြက်ထုံးရှစ်ထုံးကို တစ်ဖက်လေးထုံးစီမျှလိုက်ရင် မဖြစ်ပေဘူးလား" ဟု ပြောသောအခါ မင်းသားက သဘောပေါက်သွားပါသည်။ "ပညာရှိမိတ်ဆွေကြီးက ဘယ်သူပါလဲခင်ဗျာ" ဟု မေးသောအခါ ကျုပ်က ဒွန်းစဏ္ဍား(သူတောင်းစား) ပါဟု ဖြေသည်။ "ဟုတ်ပြီ– သင်ကား ဒွန်းစဏ္ဍား၊ ကျွန်ုပ်ကား မင်းညီမင်းသား။ ငါတို့ မင်းညီမင်းသားဟူသည် ဒွန်းစဏ္ဍားထံမှ အကြံယူရိုးမရှိ" ဟုဆိုကာ ကျောက်တုံးကြီးနှင့်တကွ မြက်ထုံးရှစ်ထုံးကိုထမ်းပြီး ထွက်သွားပါသတဲ့။

(၃)

ဤပုံပြင်ကို အကြောင်းခံပြီး လွန်ခဲ့သော ၁၅ နှစ်ခန့်က ဂျာနယ်(အမှန်တော့ မဂ္ဂဇင်း) တစ်စောင်တွင် 'မြက်ထမ်းလုလင် မြင်မိပါသလား' ဟူသော ခေါင်းစဉ်ဖြင့် ကျွန်တော် ဆောင်းပါးတွေ ရေးခဲ့ဖူးပါသည်။ ထိုကာလကို ပြန်ကြည့်လျှင် ဂလိုဘယ်လိုက်ဇေးရှင်းသည် လေသံမျှပင် ရောက်မလာသေးသည်ကို တွေ့မည်။ အင်တာနက်လည်း မရှိသေး။ ကွန်ပျူတာစာစီစာရိုက်ဆိုင်များ၏ အရေအတွက်မှာ လက်ချိုးရေလို့ရနေဆဲကာလ။

ထို ၁၅ နှစ်သည် ကမ္ဘာပေါ်တွင် အပြောင်းအလဲတွေ အလွန်များခဲ့သော ခရီးကြီးဖြစ်၏။ ပထမအဆင့်ကား ကွန်ပျူတာတွေ တွင်ကျယ်လာခြင်းမှစသည်။ ပုံနှိပ်ထုတ်ဝေရေးတွင် ကွန်ပျူတာစာစီခြင်းက မြန်မြန်ကြီး နယ်ချဲ့လာသည်။ ပြီးတော့ ဆယ်လူလာတယ်လီဖုန်း၊ CDMA တယ်လီဖုန်း(ခြင်းဖုန်း)၊ ပြီးတော့ အင်တာနက်။ ဂလိုဘယ်လိုက်ဇေးရှင်းက တစ်စတစ်စ ဝင်ရောက်လာခြင်းဖြစ်သည်။ နောက်တော့ အွန်လိုင်းစီးပွားရေးတွေ e-Government တွေ ဝင်လာသည်။ ဤ ဆင့်ကဲဖြစ်စဉ်များ၏ ယခုလောလောဆယ် နောက်ဆုံးအဆင့်မှာ CG ခေါ် Clean Government Movement ဖြစ်သည်။ CG သည် အုပ်စိုးသူနှင့် အုပ်စိုးခံတို့ကြားမှာ ကြာမြင့်စွာ တည်ရှိခဲ့သော လျှို့မြောင်းကို မြေဖို့ပေးလေသည်။ မြေမဖို့နိုင်သေးလျှင်တောင် တံတားလေးတော့ ထိုးပေးပေလိမ့်မည်။ ဤဆောင်းပါး၏ အစပိုင်းတွင် ပြောခဲ့သော Openess/Transparency အတွက် အရေးပါလှသော ခြေလှမ်းတစ်လှမ်း။ ဖနောင့်တွေ လှီးပစ်စရာမလိုအောင် ကြံဆောင်ပေးလိုက်သည့် ခြေလှမ်းတစ်လှမ်း။

ကြည်မင်း

www.foreverspace.com.mm

ချစ်သောမုံရွာ

အံ့မောင်

ဆရာဝင်းမောင် (သမိုင်း) က 'သမိုင်းထဲကမုံရွာ' စာအုပ်ကို ရေးသောအခါ မုံရွာသားဖြစ်သော ကျွန်တော့်အတွက် အတွေးမျှင် တသီတတန်းကြီး ဖြစ်လာပါသည်။

မုံရွာဆိုသည်မှာ အရှေ့နွယ်ခွေတောင်ရိုးနှင့် အနောက်ချင်းတွင်းမြစ်ကြား ရှိ လွင်ပြင်ဒေသ ဖြစ်ပါသည်။ အလွန်ကျယ်လှသည်မဟုတ်ပါ။ အရှေ့အနောက် ဆယ်မိုင်ကျော်ခန့်၊ တောင်မြောက် မိုင် ၂၀ ကျော်ခန့်သာရှိမည့် လွင်ပြင်ဖြစ်ပါသည်။ ချင်းတွင်းမြစ်၏ အနောက်ဘက်တွင် လက်ပံတောင်းတောင်၊ ဖိုဝင်တောင်၊ ကြေးစင်တောင်တို့နှင့် ပုတောင်ပုညာရှိပါသည်။ ထို့ကြောင့် မုံရွာသားတို့သည် အရှေ့မျှော်လိုက်လည်း နွယ်ခွေတောင်ရိုး၊ နွယ်ခွေတောင်ရိုးကို နေရာလိုက်၍ ကျောက္ကာတောင်၊ ဖိုးခေါင်တောင်၊ ရွှေမြင်တင်တောင်၊ ဆီးဖြူတောင်၊ ခံတက်ကန်တောင် စသဖြင့်လည်း ခေါ်ကြပါသည်။ တောင်ကုန်း ၉၉ လုံး ရှိသည်ဟု ပြောကြသည်။ အနောက်မျှော်လိုက်လည်း တောင်စဉ်နိမ့်မြင့် တသီတတန်းကြီးနှင့် အလယ်မှာ ချင်းတွင်းမြစ်ရေပြာစီးကြောင်းကြီးတို့ကို ဘယ်အခါ ဘယ်ရာသီ ဘယ်အချိန်မှာမဆို ချစ်မက်ဖွယ်၊ လွမ်းမောဖွယ် ရှုမြင်ခံစားကြည်နူးလှိုက်မောနေကြရပါသည်။

ဤမကျယ်ဝန်းလှသောနေရာကလေးမှ မုံရွာသားတို့သည် လူစဉ်လူဆက်တစ်လျှောက် လုံလဝီရိယကြီးမားစွာဖြင့် မိုးရေမအောင်လှသော သူတို့မြေများကို ဉာဏ်ရှေ့ထား၍ ကြိုးကြိုးစားစားထွန်ယက်စိုက်ပျိုးကြသည်။ ထို့ကြောင့် ဤနေရာကလေးမှ ပဲမျိုးစုံနှင့် ဂျုံ၊ ဝါ၊ စပါး၊ နှမ်း၊ မြေပဲ၊ ပြောင်း၊ ပြောင်းဖူး၊ ဆေး၊ ငရုတ်၊ ကြက်

www.foreverspace.com.mm

သွန်၊ ဟင်းပုဒ်၊ ဟင်းရွက်၊ ဆီးသီး၊ ကွမ်း၊ ပန်း စသည်မျိုးစုံကို ပဒေသာပင်ကြီးမှ ခူးဆွတ်ယူနေသည့်အလား ရရှိကြသည်။ ခရမ်းချဉ်သီးကို တစ်ပြည်လုံးသို့ ပို့ရောင်းနိုင်အောင် ရသည်။

ထို့အပြင် မုံရွာသားတို့၏လက်များသည် ပစ္စည်းကြမ်းကို ပစ္စည်းချောဖြစ်အောင် ပြုလုပ်တတ်သည်။ ဂျုံမှ ဂျုံမှုန့်လုပ်ကြသည်။ ပဲမှ ပဲခြမ်းကွဲ၊ ပဲမှုန့်လုပ်ကြသည်။ ဝါမှ ဂွမ်း၊ ချည်၊ စောင်၊ ခေါင်းအုံး၊ မွေ့ရာ၊ လုံချည် စသော အထည်မျိုးစုံလုပ်ကြသည်။ နှမ်း၊ မြေပဲ၊ နေကြာစေ့တို့မှ ဆီလုပ်ကြသည်။ ပဲမှ ကြာဆံလုပ်သည်။ မြန်မာနိုင်ငံတွင် ကြာဆံအများဆုံး၊ စောင်အများဆုံးထုတ်လုပ်သည့်နေရာမှာ မုံရွာဖြစ်သည်။ သစ်မှ ပရိဘောဂပစ္စည်းအမျိုးမျိုးလုပ်သည်။ ဝါးမှ ဝါးကပ်အမျိုးမျိုးလုပ်သည်။ သံလုပ်ငန်းအလုပ်ဌာနများမှ စက်ပစ္စည်းမျိုးစုံလုပ်သည်။ မော်တော်ယာဉ်မျိုးစုံနှင့် မော်တော်ဆိုင်ကယ်ကားများလုပ်သည်။ မော်တော်ရေယာဉ်မျိုးစုံလုပ်သည်။ ဖယောင်းတိုင်လုပ်သည်။ ကြေးမှ ကြေးဖလား၊ ကြေးခွန်း၊ ကြေးခေါင်းလောင်း၊ ကြေးမီးအိုး စသည်တို့ကို လုပ်သည်။ ကျောက္ကာမှ ကျောက္ကာပစ္စည်းခေါ် ယွန်းထည်များလုပ်သည်။ လယ်ဧင်သက္ကယ်ကျင်းမှ ပုတီး၊ ဘီးအမျိုးမျိုးလုပ်သည်။ တစ်မြို့နယ်လုံးမှ ပို့တိုင်းကြိုက်သည့် သနပ်ခါးရောင်းသည်။ လူတိုင်းစွဲမက်သည့် မုံရွာဝက်အူတောင့်များထုတ်လုပ်သည်။

ဤသို့ မုံရွာသားတို့၏ ကြိုးပမ်းအလုပ်လုပ်မှုကြောင့် မုံရွာသည် နယ်မကျယ်လှသော်လည်း ကျော်ကြားမှု ကျယ်ပြန့်လွင့်လှိုင်နေပါသည်။

ဘယ်တုန်းက စာကလေးလဲမသိ။
တောင်ပိုင်း လက်ဖက်ပြင်
လယ်စင် ဆီလောင်း။
နှမ်း မဲတီ ပခိုးဆား
ဝါးတတ်မှ ကောင်း။

(ဆန်းထွန်း၊ 'ကွမ်းတစ်ယာနှင့် လက်ဖက်တစ်ပွဲ' ပင်ရင်းစကားပြေလက်ရွေးစင်၊ ၁၉၈၄)

ဤစာကလေးမှ လယ်စင်ဆီလောင်း

ဆိုသည်မှာ မုံရွာမြို့နယ် လယ်ဧင်ရွာမှ ကြိတ်သော နှမ်းဆီကို ဆိုလိုပုံရပါသည်။ ကျန်တော့်ဇာတိ လယ်ဧင်ရွာမှ ကျန်တော်တို့အိမ်တွင်ပင် ကျန်တော် ငယ်စဉ်က နွားလှည်းဆုံများဖြင့် ဆီကြိတ်သည်ကို တွေ့ခဲ့ရပါသည်။

ဤသို့ပင် မုံရွာမှ ဂျစ်ကား လုံချည်၊ နေကြာစောင်၊ ရွှေနဂါးပဲကျက်မှုန့်၊ UTK မော်တော်ဆိုင်ကယ်ကားတို့မှာ ကျော်ကြားလှပါသည်။

စိုက်ပျိုးရေးဘက်ကလည်း မုံရွာသားတို့သည် ဂျုံ၊ ကုလားပဲ၊ ဝါအထူးအထွက်တိုး သူရဲကောင်းများအဖြစ် ရွေးချယ်ချီးမြှင့်ခံရသည်။ ဆီးပန်းသီးကို အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်ကြသည်။

ဤသို့ လယ်ယာနှင့် စက်မှုထွက်ကုန်များ အောတိုက်နေသောအခါ ယင်းတို့ကို ရောင်းဝယ်ဖောက်ကားဖြန့်ဖြူးသော လုပ်ငန်းများလည်း ထွန်းကားလာသည်။ ပွဲရုံကြီးများ၊ ကုန်သည်ကြီးများ၊ ကုန်စည်ပို့ဆောင်သော ကုန်းလမ်း၊ ရေလမ်းယာဉ်များ၊ ဈေးများ၊ ဆိုင်ကြီးများ ကြီးကျယ်စည်ကားလာသည်။ အိန္ဒိယအထိ ခရီးဆက်နိုင်သော ချင်းတွင်းတံတားကြီးများလည်း တည်ဆောက်ပြီးပြီ။

ထိုမှတစ်ဆင့် လူဦးရေပါ ပို၍ ပို၍

www.foreverspace.com.mm

တိုးတက်လာကာ ထိုလူတို့အတွက် ကျောင်းများ၊ ဆေးရုံများ၊ ရုံးများ၊ ဟိုတယ်များ၊ ရွှေဆိုင်များ စသည့် လူကိစ္စအထွေထွေဝန်ဆောင်လုပ်ငန်းများလည်း အဆင့်မြင့်တိုးတက်လာသည်။

ဤသို့ စီးပွားရေးနှင့် ရုပ်ဝတ္ထုပိုင်းတိုးတက်မှုများရှိလာသည်နှင့် တစ်ပြိုင်တည်းပင် သာသနာရေးနှင့် ယဉ်ကျေးမှုတို့ဘက်ကလည်း မုံရွာသည် နိုင်ငံ၏ ထိပ်တန်းအဆင့်သို့ ရောက်အောင် ကြီးမြင့်လာပေသည်။

သာသနာရေးဘက်က လယ်တီဆရာတော်သည် ဗုဒ္ဓဝါဒကျမ်းပြုနိုင်ငံကျော် ကမ္ဘာကျော် ဖြစ်လာသည်။ မိုးညှင်းဆရာတော်ကြီး၏ မေတ္တာဂမ္ဘီရဉာဏ်များလည်း သင်းပျံ့ထုံလိုင်နေသည်။ မုံရွာတွင် အကြီးဆုံးသော ပရိယတ္တိစာသင်တိုက်ကြီးလည်း တည်ထောင်အောင်မြင်လျက်ရှိသည်။ ကမ္ဘာ့ဗိသုကာမှူ အကြီးကျယ်ဆုံးဖြစ်သော မိုးညှင်းသမ္မဒ္ဓေစေတီတော်ကြီး၊ ဗောဓိတစ်ထောင် ရုပ်တော်မူ၊ လျောင်းတော်မူ ရုပ်ပွားတော်ကြီးများ၊ ကျောက်စာအုပ်တိုက်ဖြစ်သည့် လယ်တီကျောက်စာတိုက် စသည်တို့ကို တည်ဆောက်ကြည်ညိုခဲ့ကြပြီ။ မုံရွာတစ်ဝိုက်ရှိ ဖိုဝင်တောင်၊ အလောင်းတော်ကဿပ၊ နတ်ရဲတောင် ဘုရားကြီးတို့မှာလည်း ကြီးကျယ်လှပေသည်။

ယင်းသို့ဆောင်ရွက်နိုင်ကြအောင် ရှေ့ဆောင်စာပေ အလင်းပြပေးသော လုပ်ငန်းကြီးများကိုလည်း မုံရွေးဆရာတော်၊ ညောင်ကန်ဆရာတော် ဦးဗုဒ္ဓ၊ လှေသင်းအတွင်းဝန်မင်းကြီး ဦးချိန်၊ ကင်းဝန်မင်းကြီး၊ လယ်တီဆရာတော်တို့နှင့် လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး၊ မောင်းထောင်ဦးကျော်လှ၊ သိန်းဖေမြင့်၊ ညိုမြ၊ ဘုတလင်ချစ်လေး၊ လင်းယုန်မောင်မောင်၊ ဓမ္မာစရိယဦးဌေးလိုင် အစရှိသော စာဆိုတို့က စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြပြီ။ နောက်လူငယ်စာပေချစ်သူတို့ကလည်း ဖဝါးခြေထပ် ကြိုးစားအားထုတ်လျက်ရှိကြပြီး မြို့၏ဂုဏ်ကို ဆောင်လျက်ရှိကြသည်။

သာသနာ၊ စာပေယဉ်ကျေးမှုတို့နှင့် တစ်ပြိုက်နက် ဗုဒ္ဓအဆုံးအမကို လူတို့ထံ အရောက်ပို့ပေးသော လုပ်ငန်းကြီးကို ဓမ္မကထိက ဆရာကြီး ဦးလှသိန်း၊ သတ္တမလယ်တီဆရာတော် ဦးဝိလာသ စသည့် ရဟန်းရှင်လူပုဂ္ဂိုလ်ကျော်များက ပါရမီထူးစွာ ဆောင်ရွက်ပေးခဲ့ကြပြီ။ တေးဂီတဘက်ကလည်း ဆရာကြီး ဦးဂုမ္ဘဏ်၊ စောင်းဆရာကြီးဆရာဇုံ၊ မုံရွာ ဦးလေးခန့်၊ ဂီတစာဆို ဦးအေးမောင်၊ ရွာစားကြီးဦးမာန်ပ (အရာတော်မြို့မွေး)၊ ရွာစား စိန်ကြာပေါ်၊ စိန်မြရှင်၊ စိန်မြဆင်၊ စိန်ဘထွန်း၊ စိန်ဘညို၊ စိန်ဒေါင်းမြိုင်၊ မုံရွာမြို့တော်သိန်းအောင်၊ မိုးပုလဲစောင်းဦးဌေးမောင် စသူတို့က နိုင်ငံ့ဂုဏ်၊ ဒေသဂုဏ် ဆောင်ခဲ့ကြပြီ။ ပန်းပုပညာတွင် ဆရာမြ၏ လက်ရာများသည် နိုင်ငံကျော်ပြီး တပည့် ရှမဝ ဦးသန်း၏ အသက်ဝင်လှသော ပန်းပုလက်ရာများကိုလည်း လေးစားနှစ်သက်ကြသည်။ ပန်းချီဘက်ကလည်း ဆရာကြီး ဦးဘမိုး၊ ဦးလူတင်၊ ဦးအောင်မောင်း စသူတို့၏ ရေဆေး၊

www.forexspace.com.mm

ဆီဆေးကားများ ကျော်ကြားလှပေသည်။

ဤသည်ကျေးမှုအောင်မြင်မှုကြီးများကိုရအောင် အခြေခံမှ ပျိုးထောင်ပေးကြသော ဘုန်းတော်ကြီး ပညာသင်ကြားရေးနှင့် စာသင်ကျောင်း၊ ပညာသင်ကြားရေးတို့မှ မရေမတွက်နိုင်သော ဆရာတော်များ၊ ဆရာ၊ ဆရာမများ၏ ကျေးဇူးမှာ ကြီးလှပါသည်။ အထူးသဖြင့် မုံရွာမြို့အတွက် စစ်ပြီးခေတ်ပညာရေးကို ပန္နက်ချတည်ဆောက်ပေးခဲ့ကြသော ဆရာကြီး ဦးသာဒင်၊ ဆရာကြီး ဦးမောင်မောင်စိုးတင့်တို့၏ ဂုဏ်ကျေးဇူးကို အောက်မေ့သတိရဦးညွတ်ဖွယ် ဖြစ်ပါသည်။

ယခုအခါ မုံရွာမြို့တွင် မုံရွာတက္ကသိုလ်၊ မုံရွာစီးပွားရေးတက္ကသိုလ်၊ မုံရွာနည်းပညာတက္ကသိုလ်၊ မုံရွာကွန်ပျူတာတက္ကသိုလ်၊ မုံရွာပညာရေးကောလိပ် စသော ပညာရေးဌာနကြီးများလည်း တည်ရှိလျက် လူငယ်မျိုးဆက်သစ်တို့အား ခေတ်မီပညာရပ်များ ပို့ချပေးလျက်ရှိကြသည်။

ယခုကား မုံရွာသည် အနောက်မြောက်တိုင်း၏ မြို့တော်ဖြစ်နေပြီ။ မုံရွာ၏ ထင်ရှားမှုနှင့်ပတ်သက်၍ အာဝဇ္ဇန်းကွန့်မြူးသောစကားတစ်ခု ပြောတတ်ကြသည်။

ရန်ကုန်က အကြွား
မော်လမြိုင်က အစား
မန္တလေးက စကား
ရွှေဘိုက စပါး
စစ်ကိုင်းက ဘုရား
မုံရွာက တရား

ဤသို့သော သမ္ဘာရတို့ တည်ဆောက်မိလာအောင် ခေတ်အဆက်ဆက် နှစ်အဆက်ဆက်ကြိုးစားအားထုတ်အလုပ်လုပ်လာခဲ့ကြရပါသည်။

သုတေသနတို့အဆိုအရ လွန်ခဲ့သော နှစ်သန်း ၄၀ က ဤကမ္ဘာမြေကြီးပေါ်တွင် ရှေ့ပြေးလူ ပရိုင်းမိတ်များ ဖြစ်ပေါ်လာသည့်အရပ်မှာ မုံရွာအနောက်ဘက်ရှိ ပုံတောင်ပုံညာ ဖြစ်ပါသည်။ အစောဆုံးမတ်တတ်သွားသည့် ကမ္ဘာဦးလူသားသည် မုံရွာ အရှေ့တောင်နွယ်ခွေတောင်ရိုးပေါ်တွင် လွန်ခဲ့သော နှစ်တစ်သန်းခန့်က ဖြစ်ပေါ်နေထိုင်လာခဲ့သည်ဟု ထိုနွယ်ခွေလူသားကို ရှာဖွေတွေ့ရှိခဲ့သော ဘူမိဗေဒဆရာကြီး ဦးဘမော်က ပြောပြပါသည်။ မုံရွာမြောက်ဘက်ရှိ ညောင်ကန်ရွာတွင် တူးဖော်တွေ့ရှိရသော အရိုးစုများက မြန်မာနိုင်ငံ၏ ကြေးခေတ် (လွန်ခဲ့သော နှစ်သုံးထောင်ခန့်) ကို ညွှန်ပြပြန်သည်။

ဤသို့ ကမ္ဘာဦးကာလမှစ၍ လူသားတို့အဆက်မပြတ် အခြေစိုက်လှုပ်ရှားလာခဲ့သော မုံရွာဒေသသည် ဘူမိနက်သန်အောင်မြေ မင်္ဂလာမြေ ဖြစ်ပါပေသည်။

ဤအောင်မြေအရပ်မှ မြန်မာနိုင်ငံကို အသက်ထက်ပိုချစ်ကြသော စစ်သူကြီး မဟာဗန္ဓုလ၊ မင်းလက်ဝါးကြီး၊ မင်းလောင်းမောင်သန့်၊ ဗန္ဓကရသေ့၊ ဂဠုန်ဆရာစံ၊ မောင်းထောင်နွယ်ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ ဆရာတော်ဦးဝိစာရ၊ သခင်လေးမောင် စသည့် စသည့် တိုင်းချစ်ပြည်ချစ်ပုဂ္ဂိုလ်များ စဉ်ဆက်မပြတ် ပေါ်ထွန်းလာခဲ့ကြပြီး မိခင်မြေနှင့် ပြည်သူတို့၏ အကျိုးကို ထမ်းဆောင်သွားခဲ့ကြပြီ။

ဤရေမြေ၏အကြောင်းကို ဆရာဝင်းမောင် (သမိုင်း) က သမိုင်းတစ်စောင်တစ်ဖွဲ့ဖြစ်အောင် ရေးသားလာသောအခါ အလွန်ဝမ်းမြောက်ရပါသည်။

နေရာဒေသအသီးသီး၊ ကြီးကျယ်သောဌာနအသီးသီး၊ ပုဂ္ဂိုလ်အသီးသီး၊ အဖြစ်အပျက်ကြီးအသီးသီးတို့အကြောင်းကို မှတ်တမ်းများ ပြုစုထားသင့်ကြပါသည်။

ယင်းသို့ ပြုစုရာတွင်လည်း ဖြစ်စေချင်သည့် စိတ်ကူးယဉ်စေတနာကို အဓိကမထားဘဲ တကယ်ဖြစ်ရှိ အထောက်အထားခိုင်သည့် အချက်တို့ကိုသာ ရေးသားထုံးဖွဲ့ရေးမှာလည်း မလိုက်နာမကျင့်သုံး၍ မဖြစ်သည့်အခြေခံကျမ်းပြုမှု ဖြစ်သင့်ပါသည်။

ဆရာဝင်းမောင် (သမိုင်း) သည် ဤအခြေခံမူကြီးကို မသွေမဖည်လိုက်နာ၍ ဤသမိုင်းစာကို အားထုတ်ရေးသားထားသဖြင့် လေးစားကျေးဇူးတင် နှစ်သက်ဝမ်းသာရသည်။

သို့သော် မုံရွာအကြောင်း သူရေးရာတွင် ကိုလိုနီခေတ်ဦးအကြောင်းများမှာ အင်္ဂလိပ်လူမျိုးပညာရှင်တို့၏ မှတ်တမ်းမှတ်ရာများကို အဓိကထားအခြေပြုကိုးကားရသည့်အတွက် 'အင်္ဂလိပ်မျက်လုံးနှင့်ကြည့်၍ အင်္ဂလိပ်လက်နှင့် ရေးထားသောစာ' ဆန်နေသည်။ အခြေပြုကိုးကားစရာမြန်မာလူမျိုးတို့ရေးသော မှတ်တမ်းမှတ်ရာများကလည်း နည်းပါးလှပေသကိုး။

ထို့ကြောင့် မြန်မာလူမျိုးတို့ မှတ်တမ်းသမိုင်းများရေးဖို့ လိုပါသည်ဟု ဆိုရခြင်း ဖြစ်ပါသည်။

ဤသမိုင်းစာစုအတွက် အထူးရေးရန် မကျန်တော့ပါ။ ရင်ထဲမှ လှိုက်လှိုက်လဲ့လဲ့သာ သာဓုခေါ်လိုက်ပါသည်။

အုံ့မောင်

www.foreverspace.com.mm

နိုင်းယှဉ်မှုများ နှစ်သက်ပါသလား

မောင်မင်း

တစ်စုံတစ်ရာသော သက်ရှိသက်မဲ့အရာဝတ္ထုတစ်ခုကို ယူနစ်ဆင်ညီတဲ့ အခြားအရာဝတ္ထုတစ်ခုနဲ့ နှိုင်းယှဉ်ကြည့်မှ၊ နှိုင်းယှဉ်ကြည့်နိုင်မှ ကောင်းသလား၊ ညံ့သလား ခွဲခြားသိနိုင်တာ မြေကြီးလက်ခတ်မလွဲ ပကတိအမှန်တရားတစ်ရပ် ဖြစ်ပါတယ်။

(၁)

"လက်တွေ့ဘဝရှင်သန်လှုပ်ရှားမှုတွေထဲမှာ နှိုင်းယှဉ်ဆုံးဖြတ်ဆောင်ရွက်မှုတွေ ဘယ်အတိုင်းအတာအထိ ပါဝင်နေတယ်ဆိုတာ လေ့လာဆန်းစစ်ကြည့်ဖို့ သိပ်ကောင်းတယ်၊ စိတ်ဝင်စားစရာပါဝဲ" လို့ အာရုနဂါးနိုင်ငံ တစ်နိုင်ငံက ဝါရင့်ခေါင်းဆောင်တစ်ဦးက မှတ်ချက်ပြုထားပါတယ်။ လီကွမ်ယူးပါ။ နှိုင်းယှဉ်နိုင်စွမ်းရည်ဘယ်လောက်ပိုင်ဆိုင်ထားတယ်ဆိုတာက အခရာကျတဲ့ အချက်ဖြစ်တယ်လို့ သူက ဆိုပါတယ်။

ကျွန်တော်တို့တစ်တွေဟာ နှိုင်းယှဉ်မှုတွေလုပ်ရတာကို အင်မတန် မွေ့ပျော်တတ်လေ့ရှိပါတယ်။ မလုပ်လို့လည်း ဖြစ်မှမဖြစ်တာ။ ဒီတော့ လုပ်ပါတယ်။ ဒါပေမဲ့ စနစ်တကျ လုပ်နေတာလား၊ (ဆန်းစစ်လေ့လာနိုင်တဲ့နှိုင်းယှဉ်မှု) Analytical Comparison ဖြစ်ရဲ့လား၊ နှိုင်းယှဉ်မှုတွေပြုပြီး နောက်ခြုံငုံသုံးသပ် ဆုံးဖြတ်နိုင်စွမ်းရှိရဲ့ လား၊ နှိုင်းရအကျိုးသက်ရောက်နိုင်ခြေတွေကိုရော တွက်ချက်မှန်းဆ ပြင်ဆင်ထားတတ်ရဲ့လား စတဲ့ မေးခွန်းတွေ၊ ဘယ်အရာ၊ ဘယ်အချက်ကို အခြေပြုနှိုင်းယှဉ်နေတာလဲဆိုတဲ့ ပုစ္ဆာတွေနဲ့ ပတ်သက်လို့တော့ တင်းပြည့်ကျပ်ပြည့် အဖြေရှာမပြနိုင်သေးတာ တွေ့ရပါတယ်။ တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ကို တွေ့ရတာပါ။

(၂)

နှိုင်းယှဉ်မှုလုပ်ရာမှာလည်း ပစ္စည်းချင်းနှိုင်းယှဉ်မှုပြုတာနဲ့ လူလူချင်း နှိုင်းယှဉ်မှုပြုတာဆိုပြီး နှစ်မျိုးရှိသလို အရေအတွက်အခြေပြုနှိုင်းယှဉ်မှုနဲ့ အရည်အသွေး အခြေပြုနှိုင်းယှဉ်မှုလည်း ရှိပါတယ်။ နှိုင်းယှဉ်မှုတွေ လုပ်ရတာများလာတော့ အခြေခံ 'စံ' တွေ ချမှတ်ကျင့်သုံးလာကြတယ်။ ပြီးတော့ အဲဒီ 'စံ' တွေကို ထပ်ပြီး နှိုင်းယှဉ်ကြပြန်ရော။ နှိုင်းယှဉ်မှုတွေ လုပ်တာကောင်းပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့လူတွေက အခက်သား။ ကိုယ်တိုင်ကသာ အခြားအရာ၊ အခြားသူ၊ အခြားအဖွဲ့အစည်း၊ အခြားရင်းမြစ်တွေကို နှိုင်းယှဉ်ပြချင်တတ်လေ့ရှိကြပေမယ့် ကိုယ့်ကို အနှီအခြားခြင်းရပ်ကြောင်းရာတွေနဲ့ တစ်ပါးသူက နှိုင်းယှဉ်လာရင်တော့ သိပ်မခံချင်တတ်ဘူး။

တိုယိုတာကုမ္ပဏီထုတ် ဆလွန်းကား တစ်စီးနဲ့ ဟွန်ဒါကုမ္ပဏီထုတ် ဆလွန်းကား တစ်စီး၊ Washington Post သတင်းစာနဲ့





www.foreverspace.com.mm

The Seoul Times သတင်းစာ၊ ဗီယက်နမ်နဲ့ ကျူးဘား၊ ဘရာဇီးအသင်းနဲ့ အာဂျင်တီးနားပေါလုံးအသင်း၊ ဘရက်ပစ်ဒ်နဲ့ လီယိုနာဒို့ဒီကာပရို၊ Hondai နဲ့ Daewoo၊ မာတီနာဟင်းဂစ်နဲ့ မော်ရက်စ်မို၊ ဘရက်ဇည်က်နဲ့ တိန့်ရှောင်ပင်း၊ ရှမ်းခေါက်ဆွဲနဲ့ ရွှေတောင်ခေါက်ဆွဲ . . . စတဲ့ နိုင်းရပစ္စည်းတွေ၊ လူပုဂ္ဂိုလ်တွေ၊ လူ့အဖွဲ့အစည်းတွေကို ကျွန်တော်တို့တွေ ဘာကြောင့် နိုင်းယှဉ်နေမိရတာလဲ။ ရွေးချယ်မှုပြုနိုင်ဖို့လို့ ယေဘုယျသဘောဖြေလို့ရနိုင်ပါတယ်။ နိုင်းယှဉ်သူရဲ့ ပိုင်ဆိုင်ထားတဲ့ စီစစ်သုံးသပ်နိုင်စွမ်းပေါ်မူတည်ပြီး အဖြေအမျိုးမျိုး၊ ရွေးချယ်မှုအဖုံဖုံ ပေါ်ထွက်လာမှာပါ။ ကျွန်တော် အခိုင်အမာကြားသိရတဲ့ နိုင်းယှဉ်မှုတစ်ရပ်နဲ့ ထွက်လာတဲ့ရလဒ်တစ်ခုကို နမူနာထားသုံးသပ်ကြည့်ရအောင်။ ပစ္စည်းကိစ္စမဟုတ်။ လူကိစ္စပါ။

(၃)

အသက်အရွယ်၊ ပညာအရည်အချင်းခြားနားမှုမရှိသလောက်လို့ဆိုရမယ့် လူငယ်အမျိုးသားတစ်ဦးနဲ့ အမျိုးသမီးတစ်ဦးတို့ဟာ အဖွဲ့အစည်းတစ်ခုမှာ တစ်ရက်တည်း အတူစတင်တာဝန်ထမ်းဆောင်ကြပါတယ်။ လက်တွေ့တာဝန်ထမ်းဆောင်ရတဲ့အခါမှာတော့ သူတို့နှစ်ဦးဟာ ဌာနခွဲတစ်ခုစီမှာ တာဝန်ကျသွားတယ်။ ဌာနခွဲတစ်ခုစီဟာ အမိုးအကာတစ်ခုတည်းအောက်မှာ ရှိနေတာမဟုတ်ပါ။ ဒါကြောင့် အလုပ်ဝင်သူနှစ်ဦးဟာ ဌာနခွဲအကြီးအကဲတစ်ဦးချင်းစီရဲ့ ကွပ်ကဲမှုအောက်ကို ရောက်ရှိသွားပြန်ပါတယ်။ ဖြစ်ချင်တော့ ဌာနခွဲတစ်ခုနဲ့တစ်ခုက လုပ်ငန်းသဘာဝချင်း လုံးဝကွဲပြားနေတဲ့အတွက် သင့်တင့်တဲ့လုပ်သက် ရလာတာနဲ့အမျှ အနှိအမျိုးသားနဲ့ အမျိုးသမီးဟာ မတူညီတဲ့လုပ်ငန်းကျွမ်းကျင်မှုတွေ၊ ထပ်တူမကျတဲ့အလုပ်ခွင်အသိုင်းအဝိုင်းတွေ ကိုယ်စီထိတွေ့ပိုင်ဆိုင်လာခဲ့တယ်။ အလုပ်လုပ်သူတိုင်းအတွက် အခွင့်အလမ်းသစ်တွေဆိုတာ ရှိစမြဲပါ။ ကာလတစ်ခုမှာတော့ အနှီလူငယ်နှစ်ဦးဟာ ရေမြေရပ်ခြား ပညာတော်သင်ဆုတစ်ဆုအတွက် နိုင်းယှဉ်လျာထားခံရပါတယ်။ ဌာနခွဲအကြီးအကဲတွေဟာ ခြားနားတဲ့ တာဝန်ထမ်းဆောင်မှုနဲ့ အရည်အသွေးဆိုင်ရာ အကဲဖြတ်ချက်တွေကို ဌာနကြီးမှာရှိတဲ့ အဆုံးအဖြတ်ပေးနိုင်တဲ့ပုဂ္ဂိုလ်တွေဆီကို ဆက်တင်ပြရတယ်။ ဒီအခါမှာ ဆုံးဖြတ်ပိုင်ခွင့်ရှိသူများဟာ လူငယ်နှစ်ဦးကို နိုင်းယှဉ်မှုတွေ လုပ်ပါတော့တယ်။ နိုင်းယှဉ်မှုလုပ်ရာမှာ အရေးပါတဲ့ အခြေခံအချက်တစ်ရပ် ရှိနေခဲ့ပါတယ်။ အမျိုးသမီး အလုပ်လုပ်တဲ့ဌာနခွဲ တည်ရာနေရာမှာသာ ဆုံးဖြတ်ပိုင်ခွင့်ရှိသူများ ရုံးထိုင်လေ့ရှိတဲ့အချက်ပါ။ ဒီအချက်ဟာ ဆိုခဲ့ပါကိစ္စမှာ သော့တစ်ချက်တစ်ခုအဖြစ် ပါဝင်လာပါတယ်။

လူငယ်အမျိုးသားရဲ့ အလုပ်လုပ်မှုနဲ့ အလုပ်လုပ်ပုံဟာ အဆိုပါပုဂ္ဂိုလ်များရဲ့ အမြင်အာရုံမှာ ပုံဖော်ကြည့်လို့ မရနိုင်တာ ဧကန်ဖြစ်သွားတယ်။ နိုင်းယှဉ်ရာမှာ Keep-in touch ခေါ် သော့ချက်ကျတဲ့နေရာနှင့် ထိတွေ့မှုဖြစ်နေခြင်း ရှိမှု မရှိမှုဟာ စကားပြောသွားပါပြီ။ လက်တွေ့စာမေးပွဲစစ်တဲ့ အဆင့်အထိ နိုင်းယှဉ်စိစစ်တာမျိုး မလုပ်နိုင်တဲ့ အခြေအနေမှာ မျက်ကွယ်ရောက်လူတစ်ဦးအတွက် အခွင့်အလမ်းဆိုင်ရာ Equity မရှိဖြစ်ရသလို ရလဒ်ပိုင်းမှာလည်း အများမျှော်လင့်ထားတဲ့အတိုင်း ဖြစ်လာရတယ်။ နိုင်းယှဉ်မှု ကျင့်သုံးပုံစံတစ်ရပ်ရဲ့ သက်ရောက်မှုကြောင့် သာမှုနာမှုကိုယ်စီဖြစ်ထွန်းလာရတယ်။ အကြောင်းနဲ့အကျိုးဆက်စပ်ဖြစ်ထွန်းလာမှုတွေလည်း ခြားနားသွားခဲ့ပါတော့တယ်။

(၄)

ဘယ်အရာကို ဘယ်သို့သော ရည်ရွယ်ချက်နဲ့ ဘယ်လိုနိုင်းယှဉ်ကြည့်ရင် ကောင်းမယ်ဆိုတဲ့ ကိစ္စကို လူ့အဖွဲ့အစည်းတိုင်းက မှန်မှန်ကန်ကန် အလေးထားကျင့်ကြံလာတတ်တာနဲ့အမျှ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုတွေ ပေါ်ထွန်းလာလေ့ရှိတယ်လို့ ပညာရှင်များက ဆိုထားပါတယ်။ ယှဉ်ပြိုင်သူတွေနဲ့ နိုင်းယှဉ်ဆန်းစစ်သူတွေကြားမှာ ကွဲပြားတဲ့အမြင်တွေ ရှိနေမြဲပါ။ နိုင်းယှဉ်သူနဲ့ နိုင်းယှဉ်ခံသူတွေ ကိုယ်တိုင်မသိမမြင်နိုင်တဲ့ လိုအပ်ချက်တွေလည်း ရှိနေဦးမှာ ဖြစ်ပါတယ်။ "ခင်ဗျားတို့ အလုပ်လုပ်ပုံဟာ ဟိုလူတွေကို မမီပါဘူး"၊ "ခင်ဗျားရဲ့ ထုတ်ကုန်ဟာ ဟိုပုဂ္ဂိုလ်ရဲ့ ထုတ်ကုန်နဲ့တခြားစီ" စသည်ဖြင့် နိုင်းယှဉ်မှုတွေ ဖြစ်ထွန်းလာရင် နိုင်းယှဉ်ခံရသူတွေဟာ 'အောက်'ကိုရောက်သွားတိုင်း နိုင်းယှဉ်မှုပြုသူတွေ အပေါ် နှစ်မြို့လေ့မရှိပါဘူး။

ကျွန်တော်တို့ဝန်းကျင်မှာ ပြောလေ့ရှိတဲ့ စကားတစ်ခွန်းရှိပါတယ်။ 'အရေထူဖို့လိုတယ်' ဆိုတဲ့စကားပါ။ ဒီစကားကို ဉာဏ်ပညာနဲ့ အထပ်ထပ်ဆန်းစစ်ကြည့်တတ်ဖို့၊ နိုင်းယှဉ်မှုတွေကို လိုလားနှစ်သက်တတ်တဲ့ အလေ့အထတွေ ပိုင်ဆိုင်ဖို့ဟာ လူ့အဖွဲ့အစည်းတွေ ဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်တစ်ရပ် ဖြစ်ပါတယ်။ 'ယှနစ်'အားဖြင့် အခြေခံတူတဲ့အရာတွေအပေါ် နိုင်းယှဉ်ကြည့်တတ်ဖို့တော့ လိုအပ်မယ်လို့ ယုံကြည်ပါတယ်။

(၅)

'ယှဉ်ကြည့်လိုက်မှ သိမှာပါ' လို့ လူအတော်များများ ပြောလေ့ရှိပါတယ်။ 'ယှဉ်ကြည့်ခံနိုင်တဲ့ အနေအထားရှိသလား' လို့ မေးခွန်းထုတ်ရင် ချက်ချင်းအဖြေပေးဖို့ ဝန်လေးလေ့ရှိတဲ့ လူတွေကလည်း အတော်များများပါပဲ။ 'ရွှေ' ရဲ့ အရည်အသွေးအတွက် 'မှတ်ကျောက် ရှိဖို့လိုအပ်သလို မှတ်ကျောက်လည်း 'စ' မီပစ္စည်း ဖြစ်မှဖြစ်သင့်တာတွေဖြစ်လာတတ်ပါတယ်။ စာရေးသူ အဓိကတိုက်တွန်းလိုတဲ့အချက်ကတော့ နိုင်းယှဉ်မှုပြုလုပ်တာ ခံနိုင်ရည်ရှိတဲ့ လူ့အရင်းအမြစ်တွေ၊ နိုင်းယှဉ်မှုလုပ်ရခြင်းကို ခုမင်ပြီး ကျကျနန နိုင်းယှဉ်သုံးသပ်နိုင်စွမ်းရှိတဲ့ လူ့အရင်းအမြစ်တွေ ထွန်းကားမှ နယ်ပယ်ကဏ္ဍစုံမှာ အောင်မြင်မှုတွေ ပိုရလာမယ်ဆိုတာပါ။

နိုင်းယှဉ်မှုများကို သင်နှစ်သက်ပါသလား။ 'အထင်'တွေကို 'အမြင်'တွေအဖြစ် ပြောင်းလဲပစ်နိုင်တဲ့ လေ့လာသင်ယူမှုတ်သားကျင့်ကြံမှုတွေလုပ်ပြီးမှ နိုင်းယှဉ်မှုတွေ ဆောင်ရွက်ပါ။ နိုင်းယှဉ်မှုများကို မလိုလားတာ သေချာပါသလား။ သင် ၁၉ ရာစုထဲမှာ ကျန်ခဲ့ပြီ။

မောင်မင်း

■

www.foreverspace.com.mm

ရန်ကုန်စိန်ဈေးကွက်

ဦးလှဝင်း(လေသူရဲတစ်ဦး)

"ဖေဖေ . . . အပါ့သူငယ်ချင်းတစ်ယောက်က ဒီစိန်နားကပ်လေးကို ပြန်ရောင်းချင်လို့တဲ့"

တစ်နေ့က ကျွန်တော့်သား အပါက စိန်နားကပ်လေးတစ်ရန် ကျွန်တော့်ထံ ယူလာပြီး ပြပါတယ်။

စိန်နားကပ်လေးကို ကျွန်တော်ယူကြည့်လိုက်၏။

အလွန်လှပါသည်။

သွေးထားပုံက မြကွက် . . .။

မြန်မာ့စိန်ဈေးကွက်တွင် ဤစိန်မျိုးသွေးထားသည့် စိန်ကို မြင်တွေ့လေ့မရှိပါ။ မြန်မာ့စိန်ဈေးကွက်၌ စက်ဝိုင်းပုံသွေးထားသော စိန်များသာရှိပါသည်။

မြကွက်ဟူသည်မှာ မြန်မာဈေးကွက်၌ အလွန်မြင်တွေ့ရန် ခဲယဉ်းသော စိန်မျိုးဖြစ်၏။

"မင်း စိန်က လှလိုက်တာကွာ။ ဖြူလိုက်တာလည်း ဆွတ်ဆွတ်ဖြူပဲ။ ကျင်ရိပ်၊ ဝါရိပ်လည်း တစ်စက်မှမရှိဘူး"

"အရောင်တစ်ခုတည်း လှတာမဟုတ်ဘူး ဖေဖေရဲ့။ အပြစ်လည်း လုံးဝစင်တယ်။ ဂျီအိုင်အေ ကျောက်မျက်ဓာတ်ခွဲခန်းက စစ်ဆေးပြီး အာမခံထုတ်ထားပေးတဲ့ စာရွက်လည်း ပါလာတယ်။ ဖေဖေယုံနိုင်မှာလား။ ဖြူဆင့်က D . . .။ အပြစ်ကင်းစင်တဲ့အဆင့်က FL . . ."

အပါက ဓာတ်ခွဲခန်းမှ စစ်ဆေးချက်လက်မှတ်တစ်ခုကို ထုတ်ယူပြီး ကျွန်တော့်ကို ပြပါသည်။

သူပြောသည့်အတိုင်း အကုန်မှန်နေသည်။

ဖြူဆင့်က D . . .။

အပြစ်ကင်းစင်သည့်အဆင့်က FL . . .။

"ငါ D အဆင့် ဖြူတဲ့ စိန်ဆိုတာ ဒီတစ်ခါပဲ မြင်ဖူးသေးတယ်"

"အပါလည်း ဒီအတိုင်းပဲ။ သူ့ဖြူပုံက လှလိုက်တာနော်"

မှန်ပါသည်။

D အဆင့်အဖြူဟူသည်မှာ စိန်များ၏ အဖြူရောင်အဆင့်ဆင့်တွင် အမြင့်ဆုံးအဖြူအဆင့်ဖြစ်၏။

GIA ခေါ် အမေရိကန်ကျောက်မျက်သိပ္ပံအသင်းကြီးက အကောင်းဆုံး အဖြူအဆင့်ကို D နှင့် E ဟူ၍ နှစ်ဆင့်ခွဲထား၏။ D မှာ အဆင့်အမြင့်တွင်မှ နံပါတ် (၁) အဆင့်အဖြူ။ E မှာ အမြင့်ဆုံး အမြင့်ဆုံး အဖြူအဆင့်၌ နံပါတ် (၂) အဆင့်အဖြူ။

စကင်ဒီနေးဗီးယား စိန်ပညာရှင်များကမူ ထို D နှင့် E အဖြူအဆင့်ကို အဖြူအဆင့်တစ်ခုတည်းအဖြစ် သတ်မှတ်၏။ ရှေးခေတ်က ထိုသို့ဖြူသောစိန်၏ အရောင်ကို River ဟူ၍ ခေါ်၏။ ဗြိတိန်၏ ပညာရှင်

www.foreverspace.com.mm

များကမှ လိုအပ်ဖြူကို Finest White ဟူ၍လည်းခေါ်၏။ Blue White ဟူ၍လည်း ခေါ်၏။

"ဒီလိုစင်ပုံမျိုးကလည်း ရှားတယ်"

"FL ဆိုတဲ့အတိုင်း တကယ့် FL ဖေဖေရဲ့။ အပါ့ Gemolite (ကျောက်မျက်ကြည့်မှန်ဘီလူး) နဲ့ သေသေချာချာ စစ်ကြည့်တယ်။ မှန်ဘီလူးကို ၁၀ ဆ မဟုတ်ဘူး။ အဆ ၂၀ အထိချဲ့ပြီး စစ်ကြည့်တယ်။ ဘာအပြစ်မှ မရှိဘူး"

မှန်ပါသည်။

အပြစ်ကင်းစင်မှုဌ FL ဟူသော ဝေါဟာရ၏ အဓိပ္ပာယ်မှာ Flawless ဟူ၍ရ၏။ မြန်မာဘာသာအားဖြင့် လုံးဝအပြစ်ကင်းစင်သည်ဟူ၍ အဓိပ္ပာယ်ရ၏။

FL အဆင့် အပြစ်စင်သည့်စိန်မှာ အလွန်ရှားပါးသည်။ အရွယ်သေးများဌသာ မြင်တွေ့ရလေ့ရှိ၏။

"မင်း နားကပ်စိန်ချိန်က ဘယ်လောက်ရှိလဲ"

"၁ ကရက်နှင့် ၇၅ ပွိုင့်..."

"တစ်ဖက်ကို တစ်ရတီနီးပါး ရှိမှာပေါ့"

"ရှိလိမ့်မယ်။ ၁ ကရက်က ဒသမ၁ ရတီဆိုတော့ ၂ ကရက်နဲ့ ၇၅ ပွိုင့် အချိန်က ရတီအချိန်နှင့် တိတိကျကျဆိုရင် ၁ ရတီနဲ့ ၁၈ ဘီစွာခွဲ ရှိလိမ့်မယ်"

နားကပ်လေးမှာ အဖြူရောင်နားကပ်ဖြစ်၏။

"မင်းနားကပ်က ပလက်တီနမ်နဲ့ လုပ်ထားတာလား"

"မဟုတ်ဘူး။ ရွှေဖြူ... White Gold နဲ့ လုပ်ထားတာ"

ရယ်ရပါသည်။

မြန်မာရတနာလောကဌ ရွှေဟုဆိုလျှင် အဝါရောင်ရွှေအဖြစ်သာ သိထား၏။ ရွှေမှာ အဖြူ၊ အစိမ်း၊ အနီ စသဖြင့် အခြားအရောင်များအဖြစ် သိပ္ပံနည်းကျ အရောင်ပြောင်းပြုပြင်မှု လုပ်နိုင်သည်ကို သိသူအလွန်နည်း၏။

"လက်ရာလည်း တော်တော်ကောင်းတာပဲ"

"ကောင်းဆိုရင် ဘန်ကောက်မှာလုပ်တာ။ ရွှေဖိုးနဲ့ လက်ခပဲ မြန်မာငွေနဲ့ နှစ်သိန်းခွဲကျော် ပေးထားရတယ်တဲ့"

"ငါ ဘာလုပ်ပေးရမှာလဲ"

"ဖေဖေ ဝယ်ရင်လည်းဝယ်။ မဝယ်ချင်လည်း ဖေဖေ တခြားတစ်ယောက်ယောက်ကို ကြည့်ရောင်းပေးလိုက်ပါ"

"ပိုင်ရှင်က ဘယ်လောက်နဲ့ ပြန်ရောင်းချင်တာလဲ"

"သူ့အရင်းက ကျပ်သိန်း ၈၀ (ရှစ်ဆယ်) လောက်ကျထားတယ်။ အရင်းပြန်ရရင် တော်ပြီတဲ့။ အမြတ်ရအောင် ဖေဖေပြန်ရောင်းပေးနိုင်ရင်တော့ ပိုကောင်းတာပေါ့။ ပိုင်ရှင်က အပါနဲ့ သိပ်ခင်တဲ့သူငယ်ချင်း။ သူမိန်းမဝတ်ဖို့ဆိုပြီး ဝယ်ထားတာ။ ခု ငွေသိပ်လိုနေလို့ ရောင်းတာ"

"အေးလေ။ ငါကြိုးစားကြည့်ဦးမယ်။ မြကွက်သွေးထားတဲ့ စိန်ဆိုတော့ ဈေးကောင်းရလိမ့်မယ်လို့ ထင်တာပဲ"

ကျွန်တော် စိန်ပွဲစားလုပ်နေသော မောင်အေးဝင်းထံ ဖုန်းဆက်လိုက်၏။

"မောင်အေးဝင်း... ငါ့မှာ စိန်နားကပ်တစ်ရန် ရောင်းစရာရှိတယ်။ မင်းမှာ အော်ဒါ ရှိလား"

"ဘယ်အရွယ်လဲ"

"နှစ်ဖက်ပေါင်း စိန်ချိန် ၁ ကရက်နဲ့ ၇၅ ပွိုင့်"

"နှစ်ရတီနီးပါးပေါ့"

"ဟုတ်တယ်။ မြကွက်။ သိပ်လှတယ်"

"သိပ်လှရင်တော့ ကျွန်တော်ကိုယ်တိုင်ပဲ ဝယ်ချင်ဝယ်မယ်။ ကျွန်တော် ခုပဲ လာခဲ့မယ်"

တစ်နာရီခန့်အချိန်အတွင်းမှာပင် မောင်အေးဝင်း ကျွန်တော့်ရုံးခန်းသို့ ရောက်လာ၏။

"ရော့... ဒီစိန်နားကပ်ပဲ"

မောင်အေးဝင်းက သူ့အိတ်တွင်းမှ စိန်ကြည့်မှန်ဘီလူးလေးကိုထုတ်ပြီး နားကပ်နှစ်ဖက်လုံးကို စစ်ဆေးကြည့်လိုက်၏။

"လှလိုက်တာနော်"

www.foreverspace.com.mm

"အေး . . . သိပ်လှတယ်။ ရောင်းမယ့်ဈေးကလည်း မဆိုးဘူး"

"ဘယ်လောက်ရောင်းချင်တာတဲ့လဲ"

"ရောင်းချင်တဲ့လူရဲ့ဈေး မပြောခင် မင်းတို့ ရန်ကုန်စိန်ဈေးကွက်မှာ တိုးကြည့်ရင် ဈေးဘယ်လောက်ရနိုင်လိမ့်မယ်လို့ မင်းထင်လဲ"

မောင်အေးဝင်းက စိန်နားကပ်လေးကို နောက်တစ်ကြိမ် ထပ်၍ စနစ်တကျ စစ်ဆေးကြည့်လိုက်ပြန်၏။

"အောက်ဈေးက သိန်း ၃၀ . . . အပေါ်ဈေးက သိန်း ၄၀ . . ."

"ဘာ . . . အမြင့်ဆုံးမှ သိန်း ၄၀ပဲ ရလိမ့်မယ်"

"ဟုတ်တယ်။ စိန်ရဲ့ သွေးပုံသဏ္ဌာန်က မြကွက်ကြီး။ ဝယ်မယ့်လူက အဝိုင်းပြန်သွေးရင် ဘယ်လောက်တင်မယ်၊ အချိန်ဘယ်လောက်ကျန်မယ်ဆိုတာကိုပဲ တွက်ပြီး ဈေးပေးလိမ့်မယ်။ လက်ရှိအချိန်အတိုင်း ဈေးပေးမှာ မဟုတ်ဘူး"

"ဟာ . . . တယ်ခက်ပါလား။ မြကွက်ဆိုတာ အရိုင်းကိုသွေးတဲ့ဆီမှာ အချိန်ဘယ်လောက်အကျခံပြီး သွေးရတယ်ဆိုတာမင်း မသိဘူးလား။ အရိုင်းတုန်းက မြကွက်မသွေးဘဲ အဝိုင်းသာသွေးရင် ခုအရွယ်ထက် အများကြီးပိုကြီးတဲ့ စိန်နှစ်ပွင့် ထွက်လာမယ်။ တို့ပတ္တမြားလောကမှာ မြကွက်ကို ဘယ်သူမှ အဝိုင်းပြန်မသွေးဘူးကွ။မြကွက်ဈေးက အဝိုင်းဈေးထက် လှပုံချင်းတူရင် ပိုမြင့်တယ်"

"မှန်ပါတယ်။ ဆရာဦးလှဝင်းပြောနေတာက ကမ္ဘာ့စိန်ဈေးလောကမှာ တကယ်ရှိတဲ့ စိန်ဈေးကို ပြောနေတာ။ မြန်မာ့စိန်ဈေးကွက်မှာ ဝတ်သူတွေက အဝိုင်းပုံပဲ ကြိုက်တယ်။ လေးထောင့်ပုံ . . . အဲ . . . မြကွက်ပုံဖြစ်ရင် သိပ်စိတ်မဝင်စားဘူး။ ဈေးကောင်းပေး ဝယ်ချင်တဲ့လူလည်း သိပ်မရှိဘူး။ ဆရာရောင်းကြည့်လေ။ ဝယ်လက်သိပ်ရှားလိမ့်မယ်။ ကုန်သည်အချင်းချင်းကို သွားထိုးရောင်းရင်တော့ စောစောက ကျွန်တော်ပြောထားတဲ့ဈေးပဲ ပေးလိမ့်မယ်"

"ဖြူပုံလည်း ကြည့်ပါဦး"

"ဟုတ်ပါတယ်။ ဖြူပါတယ်။ ဖြူတာနဲ့ ပတ်သက်ပြီး ဘာမှ ပြောစရာမရှိပါဘူး။ ကျင်ရိပ်လုံးဝမပါပါဘူး"

"ဟဲ့ . . . ဒါရိုးရိုးအဖြူမဟုတ်ဘူးကွ။ Dအဆင့်ဖြူတာ။ ပိုင်ရှင်ဆီမှာ ဂျီအိုင်အေကထုတ်ပေးတဲ့ စစ်ဆေးချက်လက်မှတ်ပါရှိတယ်"

"ကျွန်တော်တို့ မြန်မာစိန်လောက မှာ စိန်ဝယ်ရင် ဖြူတယ် မဖြူဘူးဆိုတာကို ပဲ ပြောကြတယ်။ ဘယ်အဆင့်ထိ ဖြူတယ်ဆိုတာကို ဘယ်သူမှ မစဉ်းစားဘူး"

ကျွန်တော် အလွန်စိတ်ညစ်သွား၏။

မှန်ပါသည်။

စိန်ပွဲစား မောင်အေးဝင်း၏ သုံးသပ်ချက်မှာ အကုန်မှန်နေပါသည်။

ဂျီအိုင်အေ ကျောက်မျက်သိပ္ပံမှာ ယနေ့ကမ္ဘာ၌ အဆင့်အမြင့်ဆုံးအဖြစ် သတ်မှတ်ခြင်းခံထားရသော ကျောက်မျက်သိပ္ပံကျောင်းကြီးဖြစ်၏။ ထိုကျောင်းတော်ကြီး၏ စံသတ်မှတ်ချက်များအရ စိန်အဖြူရောင်ကို Dမှ Rအထိ သတ်မှတ်ထား၏။

ကျွန်တော် ဗိုလ်ချုပ်ဈေးသို့သွားပြီး

www.forevergance.com.mm

လက်တွေ့ကျင့်ဆောင်းလေ့လာချက်အရ ယနေ့မြန်မာ့စိန်ဈေးကွက်၌ ဖြူသည်ဟူသောစိန်များမှာ I နှင့် J အဆင့်ဖြူသောစိန်များသာများ၏။ ဤအဆင့်အဖြူမှာ ဖြူပုံမမှန်ပါ။ အင်္ဂလိပ်ဘာသာဖြင့် ထိုအဆင့်ဖြူသော စိန်များကို Slightly tinted white ဟုခေါ်၏။

Gနှင့် Hအဆင့်ဖြူသော စိန်များကိုလည်း ရန်ကုန်စိန်လောက၌ တစ်ခါတစ်ရံတွေ့တတ်ပါသည်။ သို့သော် ထိုအဆင့် ဖြူသောစိန်များမှာ စိန်ရောင်းသူများကို အထူးအော်ဒါပေးပြီး မှာယူပြီး ဝယ်ထားသောစိန်များဖြစ်၏။ ပိုင်ရှင်များလက်တွင် ကျောက်မျက်ဓာတ်ခဲ့ခန်းများမှ ထုတ်ပေးသည့် လက်မှတ်များ ရှိနေပါသည်။

အဲ့သြစရာကောင်းနေသည်မှာ ကျွန်တော်၏ ဗိုလ်ချုပ်ဈေး၌ လေ့လာတွေ့ရှိချက်များအရ ယနေ့ မြန်မာ့စိန်လောက၏ ပထမအဆင့် စိန်ကုန်သည်စာရင်းဝင်ကုန်သည်အချို့၏ စိန်ရောင်းဝယ်ပုံစနစ်မှာ အလွန်တိုးတက်နေပြီဖြစ်၏။

သူတို့ လူဦးရေမှာလည်း များများမရှိ။ လက်ချိုးရေတွက်၍ ရနိုင်ပါသည်။ သို့သော် သူတို့ ရောင်းဝယ်နေကြပုံစနစ်မှာ ယခင်ကနှင့် လုံးဝမတူတော့ပါ။

ငါးနှစ်ခန့်အချိန်အတွင်း ပြောင်းလဲလာသည့် ပြောင်းလဲမှု ဖြစ်ပါသည်။

မှန်ပါသည်။

ကုလားပြည်မှ ဝင်လာသည့် စိန်အညံ့များကို သူတို့မကိုင်တော့။ အချို့ကဘန်ကောက်မြို့ရှိ ဒီဗီးယား စိန်ကုမ္ပဏီကြီး၏ လက်ဝေခံကုမ္ပဏီများမှ တိုက်ရိုက်ဝယ်၏။ အချို့က အစ္စရေးနိုင်ငံရှိ စိန်ကုန်သည်များနှင့် ဆက်ထားပြီး အစ္စရေးနိုင်ငံရှိ စိန်သွေးစက်ရုံများမှ တိုက်ရိုက်ဝယ်၏။

သူတို့ ဝယ်ယူပုံစနစ်ကိုမူ ကျွန်တော့်ကို ထုတ်ဖော်ပြောပြခြင်းမရှိ၍ ကျွန်တော် ပြန်မပြောပြတတ်ပါ။

သူတို့အရောင်းအဝယ်လုပ်နေကြသည်မှာ ယခင်ကကဲ့သို့ ကုလားစိန်များ မဟုတ်သည်ကိုတော့ ကျွန်တော် အသေအချာသိ၏။

အရောင်းအဝယ်လုပ်နေကြပုံကိုလည်း ကြည့်ဦး။ ယခင်ကကဲ့သို့ မဟုတ်တော့။ အာမခံနှင့်ဖြစ်၏။ ယနေ့ ရန်ကုန်ရွှေဆိုင်ကြီးများမှ ရွှေရောင်းနေကြသည့်ပုံစံအတိုင်းဖြစ်၏။

"ကျွန်မဆီက ဝယ်သွားတဲ့စိန်ကို မကြိုက်ရင် ကြိုက်တဲ့နေ့မှာ အချိန်မရွေး လာပြန်ပေး။ ဝယ်သွားခဲ့တဲ့ အဖိုးအတိုင်း ကျွန်မ ငွေအကုန်ပြန်ပေးမယ်"

ထိုကဲ့သို့ ရဲရဲကြီး အာမခံ၍ ရောင်း၏။ တကယ်လည်း စိန်လာပြန်ပေးလျှင် ငွေပြန်ပေး၏။

ပွင့်ကောက်ဟု ရတနာလောကၠ၌ ခေါ်ကြသော အရွယ်ကြီးသည့် ၄ ရတီစုံ၊ ၅ ရတီစုံ၊ ၆ ရတီစုံ စိန်ကြီးများကို ရောင်းရာ၌လည်း ယခင်ကနှင့် မတူတော့ . . . ။

"ကျွန်မတို့ ဘန်ကောက်ကျောက်မျက်ဓာတ်ခဲ့ခန်းမှာ စစ်ထားတဲ့ စစ်ဆေးချက် အာမခံလက်မှတ်ကိုပါ တစ်ခါတည်း ထည့်ပေးလိုက်မယ်။ စိန်ရဲ့ ဖြူဆင့်က H။ အပြစ်စင်တဲ့အဆင့်က VVS တစ်။ စိန်ချိန်က ၃ ကရက်နဲ့ ၂၅ ပွိုင့်။ အချိန်မရွေး ကမ္ဘာနာမည်ကြီး ကျောက်မျက်ဓာတ်ခဲ့ခန်းတွေဆီသွားပြီး ပြန်စစ်ဆေးချင်ရင်လည်း စစ်ဆေးကြည့်လို့ရတယ်။ ကွဲလွဲချက်ရှိရင် ကျွန်မတို့ ငွေတစ်ဆ ပြန်လျော်မယ်"

ထိုသို့ အာမခံရဲရဲပေးပြီး အရောင်းအဝယ်လုပ်နေကြသည်။

မည်သည့်အော်ဒါကြီးမျိုးမဆို လက်ထဲ လက်ခံရဲတယ်။ ဝယ်ပေးနိုင်စွမ်းရှိသည်။ ကျွန်တော် အလွန်အံ့သြမိ၏။ သူတို့ ရင်းနှီးနိုင်သည့် ငွေအားကလည်း အလွန်ကြီးလှပါသည်။

ရောင်းဈေးများကတော့ အလွန်မြောက်နေပါသည်။ သို့သော် . . . ဝယ်နိုင်သူများကလည်း ဝယ်နေပါသည်။

ရှေးစိန်ကြီးစိန်ကောင်းများကိုလည်း ဤခေတ်သစ်လူငယ်စိန်ကုန်သည်တစ်စုကပင် ပြန်ဝယ်နေကြပါသည်။

"ရှေးခေတ်စိန်တွေထဲက အရွယ်လည်း ကြီးမယ်။ သန့်လည်း သန့်မယ်ဆိုရင် ကျွန်မဆီသာယူခဲ့။ ကျွန်မဈေးကောင်းပေးပြီး ဝယ်မယ်။ ကျွန်မ စစ်ဆေးကြည့်ပြီး အမြင့်ဆုံးပေးနိုင်တဲ့ ဈေးကို တစ်ခါတည်း ပြောမယ်။ တစ်ခါတည်း ငွေချေမယ်"

ဤသည်မှာ ယနေ့ ရန်ကုန်မြို့မြန်မာ့စိန်ဈေးကွက်၏ ရောင်းဝယ်နေကြပုံဖြစ်၏။

ဤဈေးကွက်ကို ဘယ်သို့ သုံးသပ်သင့်ပါသလဲ။

မိမိကိုယ်မိမိလည်း ခေတ်တစ်ခတ်၏ နောက်၌ ကျန်နေခဲ့ပြီးဖြစ်သလို ခံစားမိပါသည်။

ဦးလှဝင်း(လေသူရဲတစ်ဦး)

■